မြဂေါယာဆရာတော်

အရှင်သဒ္ဓမ္မဇောတိပါလ

# ဝိနယဓမ္မက္ခန်ကျမ်းစု

## ထေရောဝါဒကထာများ



ဓမ္မဒါန

သာသနာ့ဟိတကာရီ အရညဝါသီ

ဧကစာရီ

မြဲဂေါယာဆရာတော်ဘုရားကြီး

အရှင်သဒ္ဓမ္မဇောတိပါလ ၏

# ဝိနယဓမ္မကွန်ကျမ်းစုခေါ

(ဩဝါဒကထာများ)

ပထမ အကြိမ်

အုပ်ရေ—၁၀၀၀

၁၉၇၉-ခု၊ ဖေဖော်ဝါရီလ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၁၄၃၅)

မျက်နှာဖုံး–ပုံနှိပ်ထုတ်ဝေခွင့် (၁၉၂)


မျက်နှာဖုံးပန်းချီ - စန်းလှိုင်

အဖုံးရိုက် — ဇမ္ဗူစိုး

# ဓမ္မဒါန

ထုတ်ဝေသူ — **အရှင်ဘဒ္ဒိယ** ကင်းလွတ်ခွင့်အမှတ်(၀၄၈၂၀)
ရန်ကုန်တိုင်း၊ သာကေတမြို့၊ (၉) ရပ်ကွက်၊
နဝရတ် ၅-လမ်း၊ မဟာဂန္ဓာရုံကျောင်းတိုက်။

ပုံနှိပ်သူ — ဒေါ်ထွေးရင် (**၀၁၄၃၇**-မြဲ) ဇမ္ဗူစိုးရောင်စုံ
**ပုံနှိပ်တိုက်**၊အမှတ်-၅၂၊**လမ်း**-**၃၀**၊ **ရန်ကုန်မြို့က**
**ပုံနှိပ်သည်**။



မကွေးတိုင်း၊ ဂန့်ဂေါ မြို့နယ်၊ မင်းရွာ၊
မြဂေါယာဆရာတော်ဘုရား
**အရှင်သဒ္ဓမ္မဇောတိပါလ**
ပုံတော်

# ကြိုဆိုဧည့်ခံစကား

**နေမင်း၊ လမင်း တောင်မင်းပမာ—** မြဂေါယာ ဆရာတော် ဘုရားကြီး ဆိုတာ တချိန်က ဂန့်ဂေါနယ်ရဲ့ နေမင်းကြီး၊ ဂန့်ဂေါနယ်ရဲ့ လမင်းကြီးပမာ အလင်းရောင်ကိုဖြာစေခဲ့ပါသည်။ နယ်သူ-နယ်သား ဒကာဒကာမများဆိုရင်၊ ဆရာတော်ဘုရားကြီး၏ အလင်းရောင်အောက်မှာ ဝင်လိုက်ရဘာနဲ့ ထင်းကနဲမြင်ကြရ၊ လင်းကနဲသိကြရ ဖြစ်ပါသည်။ ဒါတွင်မက အေးမြတဲ့မေတ္တာအဟုန်ဓာတ်ကြောင့်လည်း သိမ့်ကနဲ ချမ်းမြေ့ကြရ စိမ့်ကနဲ အေးမြလောက်အောင် ကြည်နူးဘွယ်ကို ဆောင်ခဲ့ပါသည်။ ဤသို့လျှင် ဆရာတော်ဘုရားကြီးကို မှီလိုက်သူများ၊ ဆရာတော် ဘုရားကြီးထံပါး ကိုယ်တိုင် ဆည်းကပ်၍ တရားအားယူက်ခဲ့ဘူးသူများက ယခုတိုင်အောင် ပါးစပ်ဖျားတဖွဖွ ပြောကြားလျက်ရှိကြပါသေးသည်။

**ကိုယ့်ကိုယ်သို ပြည့်စုံစေမှု—** ဆရာတော်ဘုရားကြီးသည် ပရိယတ်၊ပဋိပတ် နှစ်ရပ်ပြည့်စုံစွယ်စုံ မှုံသောက် ဆိုစသောက် သောပုဂ္ဂိုလ်ကြီး တပါးပါပေ။ ငယ်စဉ်က ပင်ထက်မြက်လှသဖြင့်၊ သာမဏေဘဝတွင် "ရှင်သဒ္ဓမ္မဇောတိပါလ"ဟု ဘွဲ့မည် သခြင်းခံရသည် (သူဘော်ကောင်း တရားအလင်းရောင်ထွန်းပြောင်ရေးကို အစောင့်အရှောက် ပေးသူ)ဟု

အဓိပ္ပါယ်ရပေ၏။ ထို့နောက် မိမိဥပဇ္ဈာယ်ဆရာတော်ထံ လောကုတ္တရာ အခြေခံများသင်ယူပြီးလျှင်၊ မန္တလေး ရွှေမြို့တော်သို့ တက်၍ ပညာသင်တော်မူသည်။ ထိုမှတဖန်မုံရွာမြို့လယ်တီဆရာတော် ဘုရားကြီးထံတော်တွင်လည်း ကပ်ဝင်ခိုလှုံ၍၊ ပညာစုံအောင်သင်တော် မူသေးသည်။ ထိုမှနောက်အောက်သံသို့ စုန်ဆင်းကာ မူလမင်းကွန်းဆရာတော်ထံ၌။ ပဋိပတ်လုပ်ငန်းကို စွမ်းစွမ်းတမံ ကိုယ်တွေ့ပိုင်နိုင်အောင် ဆည်းပူးကြိုးပမ်းခဲ့ပြီးမှ၊ ဂန္ဓဂေါနယ် မင်းရွာသို့ပြန်လည်ကြွတော်မူခဲ့သည်။ (အတ္တာနမေဝ ပထမံ)ဟူသည့် အတိုင်း ဆရာတော် ဘုရား ကြီးသည်၊ ဦးစွာ ပထမ မိမိကိုယ်ကိုပြည့်စုံအောင် ဆောင်ရွက်ခြင်းပင်ဖြစ်၏၊ ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် ဂန္ဓဂေါနယ်မှာ ပရိယတ်ပဋိပတ်နှစ်ရပ်စုံလင် ဂုဏ်အင်ကြီးထွားသဖြင့် မြင့်မားလှသော တောင်မင်းကြီးပမာလည်းဖြစ်တော်မူရပါသည်။

ဆုံးမ, ဩဝါဒ ချိုမြမြ--

ဆရာတော် ဘုရားကြီးသည်၊ နှောင်းခေတ် ငယ်သား ရဟန်းကလေးများအပေါ်၊ နယ်သူနယ်သား ဒကာ ဒကာမ များ အပေါ် ကရုဏာတော် ကြီးမားလှ၏။ ရဟန်း-ရဟန်းလျှောက်၊ လူ-လူအလျှောက် ထွန်းတောက် ကြီးပွားစေလို၏။ သို့ဖြစ်၍ပင် ဆရာတော်ဘုရားကြီးထံပါးသို့သွား၍ ချဉ်းကပ်လိုပါက၊ ချဉ်းကပ်လာသူတိုင်းအား ဝိပဿနာနှင့် စပ်သော "သင့်တော်ရာ ဆုံးမ ဩဝါဒတခုခုတော့ လက်မလွှတ်တမ်း ပေးတော် မူလိုက်သည်ချည်းသာ ဖြစ်ပါ၏။ ခံယူရသူ အပေါင်းကလည်း နှစ်ထောင်းအားရခိုက်ခိုက်မြိုက်မြိုက်သိမ်းပိုက် ခံယူကြသည်သာဖြစ်

ပါ၏။ ထို့ကြောင့်ပင် ဆရာတော်ဘုရားကြီးမှာ ဩဝါဒပေးဟန် သန်နေသည့် အားသျော်စွာ ရေးသားသော ကျမ်းစားများမှာလည်း "ကျမ်းစာ"နှင့်တူသည်ထက် ဩဝါဒပေးပုံနှင့် တူသည်ကပို၍ များနေရပါသည်။ တနည်းအားဖြင့် စာချခန်းထဲတွင် စာချပေးနေသလိုလည်း ထင်ရပါ၏။

နမူနာထား ကြိုးစားရန်— မည်သို့ပင်ဖြစ်စေ၊ ထိုအချက်တို့ကား အဓိကမဟုတ်ပါချေ၊ လိုရင်းပဓါနမှာ ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ နည်းနာနိသျှတို့ကိုရရှိဘို့၊ ဆရာတော်ဘုရားကြီးကိုနမူနာထားပြီး၊ သူကြိုးစားသလိုကြိုးစား၍၊ တိုးပွားဘို့၊ စိတ်ကောင်း စေတနာကောင်း ကိန်းအောင်း၍၊ သူတော်ကောင်းများ ဖြစ်ကြဘို့ကအဓိကပါ၊ ထို့ကြောင့် ဤကျမ်းစာထဲမှာ ဆရာတော်ဘုရားကြီးရဲ့ စေတနာများ၊ ဆရာတော်ဘုရားကြီးရဲ့ဩဝါဒများ၊ ဆရာတော်ဘုရားကြီးရဲ့ပဋိပတ်အမြင်များ၊ အယူ အဆများ၊ အမှာထားချက်များကို ကိုယ်တိုင်ကြားနာနေရသလို၊ တော်တော် များများ တွေ့ရပါမည်။ ဆရာတော်ဘုရားကြီးရဲ့ကျမ်းဂန်ပိဋကတ်နှံ့စပ်ပုံကိုလည်း သူထောက်ပြထားသောကျမ်းကို ကျမ်းကားတို့ကသက်သေပြလျက်ရှိသည်ကိုတွေ့ရပါမည်။

ပရိတ်သတ် အမြင်— ဤကျမ်း၏အဦးအစပိုင်း၌ သာသနာတော်၏ မူလအရင်းအမြစ်သည် သာမဏေဖြစ်၏၊ သာမဏေသည် စစ်စစ်ဖြစ်ဘို့ အရေးကြီး၏။ စင်စစ် ဖြစ်နိုင်အောင်လည်း သရဏဂုံပေးရာ၌၊ ဆရာတပည့်နှစ်ဘက်စလုံး ပီသကြည်လင် သန့်စင်ရသော ဥဘတောသုဒ္ဓိ

ဖြစ်ရ၏။ ယင်းအတွက်ပီပီသသ ကြည်ကြည်မြမြဖြစ်ဘို့ရန် သဒ္ဒါနည်းအရ၊ "ဗျဉ္ဇနဗုဒ္ဓိ"ဆယ်ပါးခေါ် (ရွတ်ဖတ်နည်း ၁၀ ပါး) ကိုညွှန်ကြားပြသပေးထားပေသည်။ ဤဥဒ္ဓအလွန်တိကျ မှန်ကန်စေလို၍ ဆရာတော် ဘုရားကြီးက ပုဒ်တိုင်း ပုဒ်တိုင်းကို ဓာတ်ပစ္စည်းခွဲပြထားပုံ ဝိဂ္ဂိုဟ် ဆိုပြထားပုံ၊ အဋ္ဌကထာ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိတို့နှင့်ညှိပြထားပုံတို့မှာ လွန်စွာ ပိုင်နိုင် လှပေသည်။

အချို့နေရာတို့၌၊ ဥာသ်ကောက်၍ပင်ပြထားသေး၏။အချို့နေရာတို့၌မူ အဘိဓမ္မာသဘောကို ကျယ်ကျယ်ပြန့်ပြန့် နှီးနှောပြောဆို၍ပြပေသည်။ အချို့နေရာတို့၌ကား ဘာသန္တရသက္ကဋကျမ်းတို့၏ အဆိုအမိန့်နှင့်ပါ ထုတ်၍နှိုင်းယှဉ်ပြထား၏။ အချို့ဋီကာများ အချို့မြန်မာကျမ်းများ လွဲမှား တိမ်းစောင်း နေသည်ကိုလည်း ထောက်ပြတည့်မတ် သွားသေးသည်။ ဤသို့လျှင် သဒ္ဒါရေး အဘိဓမ္မာရေးတို့တွင် ဘက်စုံမြင်ကာ၊အလွန်ပိုင်နိုင်ကျွမ်းကျင်သည်ကိုတွေ့ရပေသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ ဤကျမ်းစာကို ဂရုတစိုက်စေ့စေ့စပ်စပ် လေ့လာပါလျှင်(ဆရာတော်ဘုရားကြီးလို) သုတ်၊ဝိနည်း၊အဘိဓမ္မာသုံးဖြာလုံးကျွမ်းကျင်၍အမြင်သန်လာမည်ဖြစ်ကြောင်းကောင်းကောင်းကြီးသိနိုင်ပေတော့သည်။

ပဋိပတ် အမြင်— ကျမ်းစာ၏ အလယ်ပိုင်းတွင်မူ သာမဏေစစ်စစ်ဖြစ်ခဲ့ပြီးနောက်၊တဆင့်တက်၍ရဟန်းစစ်စစ်ဖြစ်ဘို့ အရေးသည်လည်း အဓိကဖြစ်ကြောင်း စသည်ဖြင့်ဖော်ပြထား၏။ ထို့နောက်ရဟန်းစစ်စစ်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို

ဦးတည် ချီတက်ရာလမ်းတွင် ပြင်ဆင်ပြည့်စုံရမည့် အလုပ်တို့ကို အကွက်ကျကျဖေါ်ပြထား၏။ ကျမ်း၏နောက်ဆုံးပိုင်းတွင်ကား မြတ်စွာဘုရား၏ နောက်ဆုံးသတိပေးစကားဖြင့်နိဂုံးချုပ်ထားရာ သံဝေဂဖြစ်ဘွယ်ကောင်းတော့၏။ ထို့ကြောင့် ရဟန်းစစ်စစ်ဖြစ်ပြီး၍ ဂန္ထဓုရကို အထိုက်အလျောက် ဆောင်ရွက် ပြီးလျှင်၊ ဝိပဿနာဓုရအလုပ်ကိုကားမလုပ်မနေရ မုချမသွေ တာဝန်ရှိပေတော့သည့် ရဟန်း၏အဓိကအလုပ်လည်းဖြစ်၏။

ရဟန်းနှင့်ဝိပဿနာ ဝိပဿနာနှင့်ရဟန်းခွဲခြမ်း၍မရအောင် သက်ဆိုင်နေသည်ကို အတော် စောစောပိုင်းကပင် ဆရာတော်ဘုရားကြီးက မြင်ထားတော်မူ၏။ ထို့ကြောင့်ပင် ဆရာတော်ဘုရားကြီးက သူကိုယ်တိုင်၊ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ဝစုံလင်အောင် ပြင်ဆင်ပြီးလျှင်၊ ဂန္ဓဂေါနယ်တွင် အလုပ်စခန်းဝင်ကာ စတော်မူခဲ့ခြင်းဖြစ်သည်၊ အပင်ပန်း ခံတော်မူခဲ့သည်။ ထိုက်သလောက်လည်း အောင်မြင်တော်မူခဲ့၏။ ဘွဲ့တော်နှင့် လိုက်လျောအောင် သူတော်ကောင်းတရေး အလင်းရောင်ကို ထွန်းပြောင်ထိန်လင်းစေခြင်း ဖြစ်တော်မူခဲ့သည်။

**တောတွင်းချုံရှင်း၊ လမ်းမခင်း—** ဤသို့ဆောင်ရွက်ခဲ့သည်မှာဆရာတော်ဘုရားကြီးက သူနှင့် ထပ်တူအလား နှောင်းခေတ်ပုဂ္ဂိုလ်များလည်း ဤအတိုင်း သွားတတ်လာတတ်အောင်ပရိယတ်၊ ပဋိပတ် လမ်းမကြီးကို ဖေါက်လုပ်ပေးခဲ့ခြင်း ဖြစ်ပေသည်။ တော အထိုထို ရှိ အမြောင်မြောင် တောင်အထပ်ထပ် ချပ်အသွယ်သွယ် ချုံနွယ်ပိတ်ပေါင်း ရိုးချောင်း အင်း အိုင်တို့ကိုဖြတ်လျှောက်၍ ဖေါက်ရသောလမ်း

သည် မလွယ်ကူသလို ဆရာတော်ဘုရားကြီး ဖေါက်လုပ်ရသော လမ်းသည်လည်း၊ လွယ်ကူလှမည် မဟုတ်ချေ၊ ပင်ပန်း လှ ချေမည်။ သို့သော်လည်း ပင်ပန်းမှုကို ပမာမထား ဆရာတော်ဘုရားကနောက်သား နောင်လာတို့အတွက် အခက်အခဲ အမျိုးမျိုးကိုရင်ဆိုင်တာ တောကိုထွင်၍၊ ချုံကိုရှင်းပြီး လမ်းမကြီးခင်းခဲ့သည်မှာ ကျေးဇူးများလှသည်။

သတိပေး တိုက်တွန်းချက်— ထို့ကြောင့် နှောင်းခေတ်ပေါ် ရဟန်းတော်များနှင့်ဒကာ ဒကာမများသည်၊ ဆရာတော်ဘုရား၏စေတနာ၊ ဆရာတော်ဘုရား၏ ရည်ရွယ်ချက်-ဆရာတော်ဘုရားကြီး၏ လုံ့လ ဝီရိယတို့ကို လေးစားသော အားဖြင့်၎င်း၊ မိမိတို့ ကိုယ်တိုင်လည်း တိုးတက်သော ပုဂ္ဂိုလ်များ၊ အောင်မြင်သော ပုဂ္ဂိုလ်များ၊ မလွဲမသွေ ဖြစ်နိုင်ရေးအတွက်၎င်း၊ လေးလေးပင်ပင် သဘောတား၍ ဆရာတော်ဘုရား၏ ဩဝါဒများကို လိုက်နာကြရာ၏။ သဒ္ဓါ ပညာ တို့ကို ထက်မြတ်စေရာ၏။ လုံ့လဝီရိယတို့ဖြင့် သန်သန်ကြီးကြိုးစားကြရာ၏။ ဆရာတော်ဘုရားကြီး လက်ညှိုးညွှန်သည့်လမ်းမအတိုင်း မဆိုင်းမတွ ဦးလည်မသုန် ချီတက်နိုင်ကြကုန်ရာသတည်း။

ဝါခေါင်လ
၁၃၄၀ ခုနှစ်

အရှင်ဘဒ္ဒိယ
**ဆရာတော် ဘုရားကြီး၏မြေး**
မဟာဂန္ဓာရုံ ကျောင်းတိုက်။
သာကေတ ၉/ရပ်ကွက်၊ ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဗျည္ဇနဗုဒ္ဓိအကြောင်း | (က) |
| ၂ | သံထိလ-ဓနိတ ၂-ပါးပြဆိုခဏ်း | (ဒ) |
| ၃ | ဒီဃ ရဿ ၂-ပါးပြဆိုခဏ်း | ၁ |
| ၄ | ဂရု-လဟု ၂-ပါးပြဆိုခဏ်း | ၇ |
| ၅ | နိဂ္ဂဟိတ- ဝိမုတ္တ ၂ပါးပြဆိုခဏ်း | ၁၅ |
| ၆ | နိဂ္ဂဟိတန္တ- မကာရန္တ ၂ပါးပြဆိုခဏ်း | ၂၀ |
| ၇ | သရဏဂုမ် ပေးပုံ ယူပုံအစီအစဉ် | ၃၄ |
| ၈ | ပုဗ္ဗကိစ္စ ၆-ပါး | ၃၅ |
| ၉ | ရှင်ပြုခြင်းအစီအစဉ် | ၃၅ |
| ၁၀ | အက္ခရာ ၂၄-လုံး | ၄၃ |
| ၁၁ | တံခွန်လွှားခံ့ရသော အက္ခရာတို့ဓမ္မတာ | ၄၄ |
| ၁၂ | အက္ခရာ ၄-မျိုး | ၄၆ |
| ၁၃ | နိဂ္ဂဟိတန္တရွတ်ဆိုပုံ | ၄၇ |
| ၁၄ | ရှေ့ပုဒ်အသုံးအနှုန်း | ၄၈ |
| ၁၅ | နိဂ္ဂဟိတန္တ နှင့် မကာရန္တရောယှက် ရွတ်ဆိုခြင်း | ၄၉ |
| ၁၆ | ဒါးမောက်ကို ပြောင်းပြန် အရိုးတပ်သလို | ၅၁ |
| ၁၇ | ဆိုရေးရှိက ဆိုအပ်လှ | ၅၃ |
| ၁၈ | ဗြဟ္မဏဟူသည် | ၅၅ |
| ၁၉ | ကလျာဏမိတ္တ အင်္ဂါ ၇-ပါး | ၅၆ |

| | | |
|---|---|---|
| ၂၀ | ဆုမ္မသုန်သင် သူတော်ကောင်းချစ်ခင် | ၅၇ |
| ၂၁ | မှိုဝဲဆည်းကပ်သင့်သူ | ၅၈ |
| ၂၂ | သာဝိတ္တိဂါထာမျိုး | ၅၉ |
| ၂၃ | မဟာကပ္ပိနမင်း အနာထပိဏ်တို့လို | ၆၀ |
| ၂၄ | ရတနာသုံးပါး၏ဂုဏ်တော် | ၆၁ |
| ၂၅ | လောကတွင်ဘုရားသာအကြီးဆုံးအမြတ်ဆုံး | ၆၃ |
| ၂၆ | သရဏဂုံဖြူစင်နိုင်ခဲသည် | ၆၄ |
| ၂၇ | ဘုရားဂုဏ်တော်ကိုးပါး | ၆၅ |
| ၂၈ | ရှင်ရဟန်းအစင် မဖြစ်ကရှက်ဘွယ် | ၆၆ |
| ၂၉ | ခြေတလှမ်း ကုဋေတသန်းတန် | ၆၇ |
| ၃၀ | ကောင်းကင်မှာနေသော်လည်း မြေမှာကဲ့သို့ | ၆၉ |
| ၃၁ | ဘုံစဉ်ပံ အနာထပိဏ်သူဌေး | ၇၀ |
| ၃၂ | ရတနာ ၃ပါးနှင့်စပ်၍ ဖြစ်သောပီတိ | ၇၂ |
| ၃၃ | သူရားကြိုက်သောအင်္ဂါရတ်နည်း | ၇၄ |
| ၃၄ | ကရဏီယအောက်၊ ဝ,လေးထောက် | ၇၅ |
| ၃၅ | ကိစ္စကြီး ၄ပါး၏သဘောသရုပ် | ၇၆ |
| ၃၆ | ဝလေးဆောက်ကောက်ယူပုံ | ၇၇ |
| ၃၇ | “ထ” ၇လုံး ဂါထာ | ၇၈ |
| ၃၈ | ဆင်နှင့်ကျူ လူနှင့်ကိလေသာ | ၇၉ |
| ၃၉ | လာဘ်ရကြောင်း၊နိဗ္ဗာန်ရကြောင်းတခြားစီ | ၈၁ |
| ၄၀ | ရွှေငွေအပ်စပ်က ကာမဂုဏ်ငါးပါးလုံး အပ်စပ်မည် | ၈၃ |
| ၄၁ | မင်္ဂင်ရှစ်ပါးမြတ်တရား | ၈၆ |
| ၄၂ | မြတ်စွာဗုဒ္ဓသြဝါဒများ | ၉၀ |

| | | |
|---|---|---|
| ၄၃ | တရားအားထုတ်ရန်နေရာ | ၉၁ |
| ၄၄ | အခါကောင်းကို လက်မလွှတ်စေနှင့် | ၉၀ |
| ၄၅ | အပ္ပမာဒတရားနှင့်ပမာဒတရား | ၉၂ |
| ၄၆ | နိဗ္ဗာန်သို့သွား လွန်နည်းပါး | ၉၃ |
| ၄၇ | ကိလေသာမီးထိန်ထိန်ညီး | ၉၄ |
| ၄၈ | ခေါင်းတုံးတိုင်းရဟန်းမဟုတ် | ၉၄ |
| ၄၉ | အသားသာတိုး၊ ပညာမတိုး | ၉၅ |
| ၅၀ | လေးဝသစ္စာမသိရှာ သံသရာလည်ကြောင်း မှတ် | ၉၉ |
| ၅၁ | ဘုန်းတော်ခြောက်ပါး | ၁၀၄ |
| ၅၂ | ဘုန်းကြီးနှင့်ဖုံးကြီး | ၁၀၆ |
| ၅၃ | အမြိုက်တရားမြတ်ဆေ ဝါး | ၁၀၇ |
| ၅၄ | သာဝကများသနားငဲ့ညှာ | ၁၀၉ |
| ၅၅ | သေခြင်းတရား ဘုရားမကြောက် | ၁၁၄ |
| ၅၆ | ပစ္စေကဗုဒ္ဓဘုရားတို့ | ၁၃၁ |
| ၅၇ | တရားကြေးမုံပြင် | ၁၃၂ |
| ၅၈ | ဘုရားဂုဏ်တော်ကိုးပါး | ၁၃၄ |
| ၅၉ | တရားဂုဏ်တော် ၆ပါး | ၁၃၇ |
| ၆၀ | သံဃာ့ဂုဏ်တော်ကိုးပါး | ၁၄၁ |
| ၆၁ | သဒ္ဓါလေးပါးသရုပ် | ၁၄၅ |
| ၆၂ | အာဂမနိယသဒ္ဓါ | ၁၄၆ |
| ၆၃ | သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု | ၁၃၇ |
| ၆၄ | အရိယာတို့၏အာရုံ | ၁၅၀ |
| ၆၅ | ဗုဒ္ဓဘာသာဝင်များ သတိထားဘွယ် | ၁၅၁ |

# မြဂေါယာ ဆရာတော်ဘုရားကြီး

| | | |
|---|---|---|
| ၆၆ | သတ္တာဝါတံ ဓမ္မာလံ သံဃာလံတွေ | ၁၅၄ |
| ၆၇ | ရတနာလံ | ၁၅၅ |
| ၆၈ | လူ့ဘုံလောက | ၁၅၆ |
| ၆၉ | ဒုစရိုက် သုစရိုက် | ၁၅၆ |
| ၇၀ | စိတ်ကိုဆုံမခြင်းသာရ | ၁၆၀ |
| ၇၁ | စိတ်၏သဘောသဘာဝ | ၁၆၁ |
| ၇၂ | ယောက်ျားမြတ်တို့ကြုံးဝါးချက် | ၁၆၉ |
| ၇၃ | လိမ္မာယဉ်ကျေးပါ | ၁၇၀ |
| ၇၄ | ပရိယတ်ကျွမ်းကျင်သော်လည်းဆရာလို | ၁၇၈ |
| ၇၅ | အရိယာပုဂ္ဂိုလ်များ | ၁၈၃ |
| ၇၆ | အနိယတဂတိပုထုဇဉ်မှန်သမျှ | ၁၈၄ |
| ၇၇ | သာသနာ့သိုတာ | ၁၈၇ |
| ၇၈ | သူရားရှင်အားပူဇော်ပုံ | ၁၈၈ |
| ၇၉ | ဘုန်းကြီးပျံပွဲများသတိထား | ၁၉၂ |
| ၈၀ | ဘုရားရှင်ကိုယ်တော်စား | ၁၉၄ |
| ၈၁ | အငယ်ဆုံးသည်သောတာပန် | ၁၉၆ |
| ၈၂ | အကာကျာ်းတယောက် ဥာဏ်မျက်စိပေါက်လျှင် | ၁၉၉ |
| ၈၃ | ဘုရားရှင်၏နောက်ဆုံးစကား | ၂၀၀ |
| ၈၄ | တောထွက်ရဟန်းကြီးသုဘဒ္ဒပြောပုံ | ၂၀၄ |
| ၈၅ | ရဟန်းကောင်းတကျိပ်နှစ် | ၂၀၅ |
| ၈၆ | စူဠသောတာပန် | ၂၀၇ |
| ၈၇ | သောတာပန်၃မျိုး အကျယ် ၁၂မျိုး | ၂၀၇ |
| ၈၈ | အနာဂါမ်ငါးမျိုး အကျယ် ၂၄မျိုး | ၂၁၁ |

| | | |
|---|---|---|
| ၈၉ | ရဟန္တာ (၂)မျိုး | ၂၁၂ |
| ၉၀ | အရိယာ ၁၀၈ပါး | ၂၁၃ |
| ၉၁ | ခုခေတ်သာသနာ့ဝန်ထမ်းများ | ၂၁၄ |
| ၉၂ | အတ္တ ဒတ္တမထေရ် | ၂၁၇ |
| ၉၃ | ဖုတ်ထဘာသာတွေ | ၂၁၈ |
| ၉၄ | သုဘဒ် ၂ပါး | ၂၁၉ |
| ၉၅ | နိယတသရဏဂုမ် တည်သူနည်း | ၂၁၉ |
| ၉၆ | သောတာပန်ဖြစ်ရေးသာ ပဋ္ဌာန | ၂၂၀ |
| ၉၇ | ဗလိဗဒ္ဒ ကိစ္စများနေသူတွေမှာ | ၂၂၁ |
| ၉၈ | ဓာတ်တော်ဝေခန်း | ၂၂၃ |
| ၉၉ | ဒုဿစေတီတော်နှင့် စူဠာမဏိစေတီတော် | ၂၂၅ |
| ၁၀၀ | သဒ္ဓါပညာညီစေရမည် | ၂၂၆ |
| ၁၀၁ | သပ္ပတ်ခါးပန်းပွင့် လူ့ရကျိုး | ၂၂၈ |
| ၁၀၂ | တဏှာသညာ အမှားသာ | ၂၃၂ |
| ၁၀၃ | မဟာကာရုဏိတော နာထောဖြင့် | ၂၃၃ |
| ၁၀၄ | မဟာကရုဏာရှင် | ၂၃၄ |
| ၁၀၅ | အဆိုးဝါးဆုံးအဆိပ် | ၂၃၆ |
| ၁၀၆ | ကပ်ပီးရတွေ့သတိ | ၂၃၇ |
| ၁၀၇ | သမင်မိုက်လူစား | ၂၃၈ |
| ၁၀၈ | တောထွက်ရဟန်းသုဘဒ္ဒ | ၂၃၉ |
| ၁၀၉ | ယာဂုဆွမ်းကိုအဲ့လှူမခံခြင်း | ၂၄၁ |
| ၁၁၀ | ပရိယာယ်ကထာ ရှောင်ရှား | ၂၄၂ |
| ၁၁၁ | သုဘဒ်ရဟန်းကြီး၏ နောက်လိုက်များ | ၂၄၃ |
| ၁၁၂ | မြင်းမြီးဆွဲမှောင်ဆန် | ၂၄၄ |

| | | |
|---|---|---|
| ၁၁၃ | ဘုရားမရှိသောအခါ တို့ဆရာ | ၂၄၆ |
| ၁၁၄ | အရှင်မဟာကဿပ ကြွေးမြီ | ၂၄၇ |
| ၁၁၅ | သင်္ဂါယနာတင်ချိန်ရောက်ပြီ | ၂၄၈ |
| ၁၁၆ | ရဟန်းတော် ၄၉၉ ပါး ရွေးချယ်ခြင်း | ၂၄၉ |
| ၁၁၇ | သင်္ဂါယနာတင်ရာဌာန | ၂၅၀ |
| ၁၁၈ | အရှင်အာနန္ဒာ၏သောက | ၂၅၀ |
| ၁၁၉ | အရှင်မဟာကဿပအတုယူကြ | ၂၅၂ |
| ၁၂၀ | သင်္ဂါယနာတင်ရန်ပြင်ဆင်ခြင်း | ၂၅၃ |
| ၁၂၁ | အဇာတသတ်မင်း၏တာဝန် | ၂၅၄ |
| ၁၂၂ | ဝီရိယလွန်သော အရှင်အာနန္ဒာ | ၂၅၆ |
| ၁၂၃ | ရဟန္တာဖြစ်ပုံထူး | ၂၅၇ |
| ၁၂၄ | အရှင်မဟာကဿပ ကောင်းချီးပေး | ၂၅၈ |
| ၁၂၅ | ဝိနည်းသည် သာသနာတော်၏အသက် | ၂၅၉ |
| ၁၂၆ | ဝိနည်း ပိဋကတ် သင်္ဂါယနာတင်ခြင်း | ၂၆၀ |
| ၁၂၇ | သုတ္တန် ပိဋကတ် သင်္ဂါယနာတင်ခြင်း | ၂၆၂ |
| ၁၂၈ | မြေလျှင်လှုပ်ခြင်း | ၂၆၄ |
| ၁၂၉ | ခုဒ္ဒကနိကာယ် | ၂၆၅ |
| ၁၃၀ | ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် | ၂၆၅ |
| ၁၃၁ | အင်္ဂါအားဖြင့် ကိုးပါး | ၂၆၈ |
| ၁၃၂ | နိကာယ်ငါးရပ် | ၂၇၀ |
| ၁၃၃ | ပိဋကတ်သုံးပုံ | ၂၇၀ |
| ၁၃၄ | ပထမဗုဒ္ဓဝစန | ၂၇၁ |
| ၁၃၅ | မဇ္ဈိမဗုဒ္ဓဝစန | ၂၇၁ |
| ၁၃၆ | ဩဝါဒ ပါတိမောက်ခ ဂါထာ | ၂၇၄ |

| | | |
|---|---|---|
| ၁၃၇ | ရှင်မဟာမောဂ္ဂလိပုတ္တတိဿအလောင်း | ၂၇၈ |
| ၁၃၈ | တတိယသင်္ဂါယနာ | ၂၈၀ |
| ၁၃၉ | ကိုးတိုင်းကိုးဌာန သာသနာပြု | ၂၈၁ |
| ၁၄၀ | တရုတ်နဂါးနှင့် ဗုဒ္ဓသာသနာ | ၂၈၂ |
| ၁၄၁ | သီဟိုဠ်သာသနာ | ၂၈၆ |
| ၁၄၂ | သုမနသာမဏေ | ၂၈၈ |
| ၁၄၃ | နန်းတွင်းတရားပွဲ | ၂၈၉ |
| ၁၄၄ | ဓာတ်တော်ရရှိရေး ရှင်သုမနတာဝန်ပေး | ၂၉၃ |
| ၁၄၅ | ဘုရားဓာတ်တော်မှန်-မမှန် | ၂၉၄ |
| ၁၄၆ | ဓာတ်တော်နှင့်ထူပါရုံစေတီ | ၂၉၅ |
| ၁၄၇ | ဓာတ်တော်တန်ခိုးပြခြင်း | ၂၉၆ |
| ၁၄၈ | ဘုရားရှင်နှင့် သီဟိုဠ်ပြည် | ၂၉၇ |
| ၁၄၉ | သာသနာထွန်းကားခြင်း | ၂၉၈ |
| ၁၅၀ | စတုတ္ထသင်္ဂါယနာထင်ခြင်း | ၂၉၉ |
| ၁၅၁ | ဥပမာ ဥပမေယျ | ၃၀၀ |
| ၁၅၂ | အသက်နှင့်ထပ်တူ ကိုးကွယ်ကြ | ၃၀၃ |
| ၁၅၃ | ကူဋဒန္တပုဏ္ဏားနှင့် ယဇ်ပူဇော်မှု | ၃၀၄ |
| ၁၅၄ | အကောင်းဆုံးယဇ်ပူဇော်နည်း | ၃၀၆ |
| ၁၅၅ | ဒုလ္လဘအကြောင်း | ၃၀၉ |
| ၁၅၆ | စရိုက် ၆ ပါး | ၃၁၅ |
| ၁၅၇ | ကမ္မဋ္ဌာန်း (၄၀) | ၃၁၇ |
| ၁၅၈ | အသုဘ (၁၀) ပါး | ၃၁၈ |
| ၁၅၉ | အနုဿတိ (၁၀) ပါး | ၃၂၀ |

(ခ) မြဂေါယာဆရာတော်ဘုရားကြီး


| | | |
|---|---|---|
| ၁၆၀ | အပ္ပမညာ(ဝါ) ဖြဟ္မဝိဟာရတရား ၄ပါး | ၃၂၁ |
| ၁၆၁ | သညာ (၁)ပါး | ၃၂၂ |
| ၁၆၂ | စရိုက် အလျောက် ကမ္မဋ္ဌာန်း | ၃၂၃ |
| ၁၆၃ | မြဂေါယာဆရာတော်၏ထေရုပ္ပတ္တိအကျဉ်း | ၃၂၆ |

## ဗျဉ္ဇနဗုဒ္ဓိအကြောင်းပြဆိုခက်။

မြတ်စွာဘုရား၏ သာသနာတော်ကို သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားတို့ဝင်ရောက်ထမ်းဆောင်ခါ ကျင့်ကြံအားထုတ် လိုကြပါမူ၊ ထိုသာသနာတော်မြတ်ကြီး၏ တာဝန်ထမ်းမူ ပဌမမူလအစ သာမဏေရ ပဗ္ဗဇ္ဇ အဖြစ်သာလျှင် အမှန်အစဖြစ်ပါသည်။

ထိုသာသနာ့ဝန်ထမ်း အစ သာမဏေအဖြစ် ခံယူဘို့ရန် သရဏဂုံပါဠိကိုရွတ်ဆိုတတ်ဖို့သည် အရေးကြီးသောအင်္ဂါရပ်ကြီး တခုဖြစ်ပေသည်။

ထိုအင်္ဂါရပ်ကြီး ပြည့်စုံစွာရွတ်ဖတ်ဘို့ရာ "ဗျဉ္ဇနဗုဒ္ဓိ" ခေါ် "အက္ခရာပဒ သမူဋ္ဌာပက စိတ္တ ဘေဒ" အဖြစ်တို့ကို ပြတ်ပြတ်ထင်ထင် ပြီပြင်စွာရွတ်ဖတ်တတ်၊ရွတ်ဖတ်ဘို့ နားလည်သောသူ၏ အဖြစ်ကို ဆည်းပူးကြရပါမည်။ ထို့ကြောင့်—

"ဗျဉ္ဇနဗုဒ္ဓိဟူသည်"

"ဗျဉ္ဇနဘော ဗျဉ္ဇနသင်္ခါတာနံ အက္ခရာနံဇာနိတာ ဗုဒ္ဓိ+ဗျဉ္ဇနဗုဒ္ဓိဟူသော (ဝိနည်း ဝိမတိ ဝိနောဒနီဋီကာပဌ်) မိန့်ဆို အပ်သည်ကြောင့်—

ဗျည်းဟုဆိုအပ်သော အက္ခရာပဒတို့ကို ရွတ်ဆိုရာ၌ အမှန်အတိုင်းဖြစ်ပေါ်၍အသံထွက်သာသည်ကို ပြီသကျနစွာ ရွတ်ဆိုနိုင်စွမ်းရှိသော ပုဂ္ဂိုလ်၏ဉာဏ် ပြဋ္ဌာန်းသော ဝစီ ပယောဂဉာဏဟာအဖြစ်ကို ဗျဉ္ဇနဗုဒ္ဓိဟု ခေါ်ပါသည်။

တနည်း-- အတ္တ အဓိပ္ပါယ်ဟု ဆိုအပ်သော လိုအပ်သော အနက်သဘောကို ထင်ရှားပြတတ်သော အက္ခရာပုဒ်ပါဠိ တို့ကို

ရွတ်ဆို ကြောင်း စိတ္တုပ္ပါဒ်တို့လည်း ဗျဉ္ဇနဗုဒ္ဓိဟု ခေါ်ကြ သေး၏။

နိရုတ္တိသာရမဉ္ဇူသာဋီကာ၌ ဗျဉ္ဇနဗုဒ္ဓိကို ဤသို့ဆို၏။

ဗျဉ္ဇန်။ ဝိပုဗ္ဗ-အဉ္ဇဓာတု- ယုပစ္စယော၊ အဉ္ဇ ဗျတ္တိဂတိသု အဉ္ဇဝ ဓါတု-အဉ္ဇဓာတ်သည် ဗျတ္တိဂတိသုဟု ထင်ရှားခြင်းရောက်ခြင်းတို့၌ဖြစ်၏။

ဗုဒ္ဓိ။ ဗုဓဓါတု တပစ္စယော၊ ဗုဓဓါတု ပဇာနနေ၊ ဆန်းကြယ်ကွဲပြားခြားနားစွာသိခြင်း အနက်၌ဖြစ်၏။

ဗျဉ္ဇနဗုဒ္ဓိ။ လိုအပ်သောပကတိအမှန်ဖြစ်သော အနက် အဓိပ္ပါယ်ကို ထင်ရှားစွာပြတတ်သော ပုဒ်အက္ခရာတို့၏ရွတ်ဆိုမှု အမှန်ကို ကွဲပြားခြားနားဆန်းကြယ်သည်ကို သိရှိနားလည်စွာရွတ်ဆိုကြောင်း ဝစီပယောဂ-ဥဿာဟကိုခေါ်သည်။

တနည်း— ဗုဒ္ဓိသဒ္ဒါကိုအချို့ဆရာများက စိတ္တုပ္ပါဒ်ကိုးကောက်ယူ၍ ရွတ်ဆိုကြောင်း စိတ်ကိုလည်း ဗုဒ္ဓိဟု ဆိုကြကုန်၏။ "ယုတ္တဥ္စေတ္တ ၊ ဟောတဗ္ဗံ"

ထိုဗျဉ္ဇနဗုဒ္ဓိသည် အနေအတွက်အားဖြင့် ဆယ်ပါးပြားလေသည်၊ ထိုဆယ်ပါးကား—

သိထိလံ ဓနိဘဥ္စ ဒီဃရဿံ ဂရုက လဟုကဥ္စနိဂ္ဂဟိတံ၊
သမ္ဗန္ဓဝဝတ္ထိတံ ဝိမုတ္တံ ဒသဓေါဗျဉ္ဇန ဗုဒ္ဓိယာ ပဘေဒေါတိဟု (ကမ္မဝါ ဂ္ဂပရိဝါ အဋ္ဌကထာ) မိန့်ဆိုသည်၊
(သြာ စ္ဆိ ဒ္ဒသိကဂါထာ)

ဝိနည်းအရာဖြစ်၍ ရဟန်းတို့သည်အထူးပင်ဂရုစိုက်၍ လေ့လာထိုက်သော အရာဖြစ်ပေသည်။

အနက်ကား—

သိထိလံ- လျော့လျော့ ရွတ်ဆို အပ်သော အသံရှိသော ပထမက္ခရာ တတိယက္ခရာ၎င်း။ ဓနိတဉ္စ-မှာမာ တင်းတင်း ပြင်းပြင်းရွတ်ဆိုအပ်သော အသံရှိသော ဒုတိယက္ခရာ စတုတ္ထက္ခရာ၎င်း၊ ဒီဃရဿံ၊ ဒီဃာသရငါးလုံး ထိုငါးလုံးနှင့်ယှဉ်သော ဗျည်းဟူသော ဒီဃ၊ ရဿသရသုံးလုံး၊ ထိုရဿသုံးလုံးနှင့် ယှဉ်သော ဗျည်းဟူသောရဿ၎င်း။ ဂရုကာံ၊ ဒီဃငါးလုံးတို့နှင့်ယှဉ်သော ဗျည်းသံယုတ်၏ရှေ့၌ဖြစ်သော ရဿ သရသုံးလုံး၊ ထိုသုံးလုံးနှင့်ယှဉ်သော ဗျည်းဟူသော ဂရု ၎င်း၊ လဟုကဉ္စဝ၊ သံယုတ်မခံနှောင်းသော ရဿ သရသုံးလုံး၊ ထိုသုံးလုံးနှင့်ယှဉ်သော ဗျည်းဟူသော လဟု၎င်း။ နိဂ္ဂဟိတံ၊ အသုံးအစက် အပြောက် ဗိန္ဒုလုံးဟူသော နိဂ္ဂဟိတ်၎င်း၊ သမ္ဗန္ဓဝ ဝတ္ထိတံ၊ ပုဒ်နှင့်စပ်၍ ရွတ်ဆိုအပ်သော သမ္ဗန္ဓပုဒ်ဖြတ်၍ရွတ်ဆိုအပ်သော ဝဝတ္ထိတ၎င်း။ ဝိမုတ္တံ၊ ခံတွင်းကို မပိတ်ပဲလွှတ်၍ ရွတ်ဆိုအပ်သော အသံရှိသော အက္ခရာ ပုဒ်ဗျည်း၎င်း၊ ဣတိ၊ ဤသို့။ ဗျဉ္ဇနဗုဒ္ဓိသာ၊ ရဟန်းတို့ သရဏဂုဏ်နှင့်ကမ္မဝါစာတို့ကို ရွက်ဖတ်ရာ၌၊ ရွတ်ဆိုရာရွတ်ဆိုကြောင်း၏။ ပဘေဒေါ၊ အပြားသည်။ ဒသဓါ၊ ဆယ်ပါးအပြားရှိ၏။

၎င်းဗျဉ္ဇန ဗုဒ္ဓိ ဆယ်ပါး၏သဘော အဟုတ်သချပ်ကို ထုတ်နုတ်၍ပြဆိုရပါမူ။

## သိထိလ ဓနိတ နှစ်ပါး ပြဆိုချက်။

သိထိလံနာမ၊ ပဉ္စသုဝဂ္ဂေသု ပဌမတိယံ
ဓနိတံနာမ၊ တေသွေဝ ဒုတိယစတုတ္ထံ
(ကမ္မဝဂ္ဂ ပရိဝါ အဋ္ဌကထာဝိနည်း)

သိထိလံအဖုဋ္ဌ၊ ဓနိတံ ဖုဋ္ဌ။ ဟူ၍ရင်း

ဝဂ္ဂေသု ပဌမတတိယံ သိထိလံ။ ဒုတိယစတုတ္ထံ ဓနိတံ ဟူ၍ရင်း။ သဒ္ဒနီတိမိန့်ဆို၏။

**ကာရိကာပါဌ်။**

ပဉ္စဝဂ္ဂေသု ယံ ဝုတ္တံ၊ ပဌမံ တတိယံ တထာ၊
ဒသမေ ဗျဉ္ဇနံ စေဝံ၊ သိထိလန္တိ **ပကာ**သိတံ၊
**သိထိလေန ဆ**ဂါဠ္ဌေန၊ အထဒွေနေဝ သဗ္ဗဒါ၊
ငိပယောဂမုဒ္ဒနာ၊ ဝတ္တဗ္ဗက္ခရဘာဝတော။
ပဉ္စဝဂ္ဂေသု ဒုတိယံ၊ စတုတ္ထံ ဓနိတံ ဝုယံ၊
ပါဠ္ဌဝိပယောဂေန ငတ္တဗ္ဗက္ခရဘာဝတောဟုမိန့်ဆို၏။

တကာရဿ ထကာရံ အကတွာ ငဂ္ဂန္တရေ·သိထိလမေဝ ကတွာ သုဏာဉ္ဇမေတံ အာဒိ ဝဒန္တော ပိ ဒုရုတ္တံ ကရောတိ ယေဝ၊ ဌပေတွာ အနုရူပ် အာဒေသံ။

(ကမ္မဝဂ် ရိုဝါ အဋ္ဌကထာ)

**အနက်ကား။** ပဉ္စသုဝဂ္ဂေသု၊ ငါးပါးကုန်သော ကဝဂ်စဝဂ် ဋဝဂ် တဝဂ်ပဝဂ်တို့တွင်။ ပဌမ တတိယံ၊ ပဌမက္ခရာငါး တတိယက္ခရာငါး သရုပ်အားဖြင့် ဤဆယ်လုံးသောအက္ခရာသည် သိထိလံနာမ၊ ဝိပယောဂ လျော့လျော့ပေါ့ပေါ့ ရွတ်ဆိုအပ် သောကြောင့်သိထိလအက္ခရာမည်၏။

ဒုတိယ စတုတ္ထံ၊ ဒုတိယက္ခရာငါး စတုတ္ထက္ခရာငါး သရုပ်အားဖြင့်ဤဆယ်လုံးသော အက္ခရာများသည်။ ဓနိဘံနာမ၊ ဝစီပယောဂပြင်းပြင်းနှင့် တင်းတင်းရှတ်ဘတ်အပ်သော အက္ခရာမို့ ဓနိတအက္ခရာမည်ပါ၏။ (သဒ္ဒနီတိပါဠိမှာသိသာပြီ)

ပဉ္စဝဂ္ဂေသု၊ကဝဂ် စဝဂ် ဋဝဂ် တဝဂ် ပဝဂ်အားဖြင့် ငါးပါးကုန်သော ဝဂ်တို့တွင်၊ ပထမံ၊ရှေးဦးစွာ စီခြယ်သော။ ယံဗျဉ္ဇနံ၊အကြင်သရမဘက် ဗျည်းသက်သက်ငါးလုံးကိုရင်း။တထာ၊ ထိုပြဆိုပြီးသား ပထမက္ခရာငါးလုံးမှတပါး။ တတိယံ၊ သုံးလုံးမြောက်ဖြစ်သော။ ယံဗျဉ္ဇနံ၊ အကြင်သရမယှက်ဗျည်းသက်သက်ငါ့လုံးကိုရင်း၊ ဒသမာ၊ ဒသဝိမံ·ယံဗျဉ္ဇနံ၊ အကြင်ဗျည်းဆယ်လုံးကို။ ဝုတ္တံ၊ရွေးခြယ်ကောက်နုတ် ထုတ်ဆိုအပ်၏။ တေံဗျဉ္ဇနံ၊ ထိုဗျည်းဆယ်လုံးကို။ သိထိလံတိ-သိထိလံ ဣတိ၊ သိထိလအက္ခရာမျိုးဟူ၍၊ ပကာသိတံ၊ ညွှန်ပြအပ်၏၊ကသ္မာ၊ အဘယ့်ကြောင့်။ သိထိလံ ဣတိ၊ သိထိလအက္ခရာမျိုးဟူ၍။ပကာသိတံ။ ညွှန်ပြအပ်ပါသနည်း။သိထိလေန၊လျော့သော။ အဂါဋ္ဌေန၊မပြင်းသော။ အထဒ္ဓေနဝ၊ မကြမ်းတမ်း မခက်မာသဖြင့်သာလျှင်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝစီပယောဂ မုဒုနာ၊ နူးညံ့ ပျော့ပြောင်းသော ဝစီပယောဂဖြင့်။ ဝတ္တဗ္ဗက္ခရဘာဝတော။ ရွတ်ဘတ် အပ်သော အက္ခရာ၏အဖြစ်ကြောင့်။ သိထိလံ ဣတိ၊ သိထိလ အက္ခရာမျိုးဟူ၍။ ပကာသိတံ၊ညွှန်ပြအပ်ပါ၏၊ ပဉ္စဝဂ္ဂေသု၊ ငါးပါးကုန်သော ဝဂ်တို့တွင်။ ဒုတိယံ၊နှစ်လုံးမြောက်စီဖြစ်သော အက္ခရာငါးလုံးသည်ရင်း၊ စတုတ္ထံ၊လေးခုမြောက်စီဖြစ်သောအက္ခရာငါးလုံးသည်ရင်း၊ ဂါဠ္ဍဝစီပယောဂေန၊ ပြင်းထန်ခက်မာသော ဝစီပယောဂဖြင့်။ ဝတ္တဗ္ဗက္ခရ ဘာဝတော၊ ရွတ်ဘတ်အပ်သော

အက္ခရာ၏ အဖြစ်ကြောင့်။ ခနိတဝ္ယံ၊ ခနိတ အက္ခရာ မည်ပါ၏။　　(ကာရိကာ ဂါထာအနက်)

တကာရဿ၊ ဒန္တဇသိထိလ ပထမက္ခရာ တဝမ်းပူကို။ ထကာရံ အကတွာ၊ ဒန္တဇ ဒုတိယက္ခရာ ထဆင်ထူးသံ မဘာတ်ရွတ်စေကာမူ။ အနုရူပံ၊ ပါဠိအဋ္ဌကထာအား လျော်ကန်သော။ အာဒေသံ၊ကာရိ ကာရိယအပြုကို။ ထပေတွာ၊ ချန်ထား၍။ ဝဂ္ဂန္တရေ၊ ဝဂ်ဘပါး၌။ သိထိလဒ္ဓ၀၊ သိထိလ အက္ခရာသံနှင့် တူသည်ကိုသာလျှင်။ ကတွာပြု၍၊ သုဏာဝရှု ဓောတိအာဒိဝိယ၊ သုဏာဝရှု မေ ဤသို့အစရှိသည်ကိုရွတ်ဆိုခြင်းကဲ့သို့။ ဝဒန္တော်ပိ၊ ရွတ်ဘတ်သော ရဟန်း ပေါ့နှမ်းနှမ်း သည်လည်း၊ ဒုရုတ္တံ၊ မကောင်းသဖြင့် ဘတ်ရွတ်ခြင်းကို။ ကရောတိယေဝ၊ ပြု၏ပင် မည်သည်သာလျှင်တည်း။　　(ဝိမတိဝိနောဒနီ ဋီကာအနက်)။

(ကျန်အဋ္ဌကထာအနက်ကိုကား အထက်သို့ကျမှ ရေးတော့မည်)။

သိထိလ ခနိတ နှစ်ပါးပြဆိုချက်ပြီး၏။

ပြခဲ့ပြီးသော ဂါထာအရ ဒီဃသရသက်သက်ကို သုံး မတြာ ပြည့် သုံးမတြာထက်ပိုလွန်မှ ပလုတ်သံဟုပြသဖြင့် ဒီဃသရ သက်သက်ကို နှစ်မတြာခွဲ ရွတ်အံကာ ပလုတ်သံ မကျသော ကြောင့် မတြာဝက်မျှခွင့်ပြုရသဘောကျသည်။ သို့အတွက် နုတ်လျှာလေးသော ပုဂ္ဂိုလ်ဖြစ်ခဲ့က အသီးသီး အသကရဆပ် သော မတြာကာလထက် မတြာဝက်မျှပိုလွန်စေဦးတော့ ကိစ္စ မရှိပါ။ တမတြာလုံးလုံး ပိုလွန်ရ၍ မူကား ဥတ်ကမ္မဝါ ပါဠိ ဘုရားသာတို့၌ အခါခပ်သိမ်းမရွတ်ဆိုရာ။



**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ဒီဃ ရဿ-နှစ်ပါး ကိုပြဆိုခန်း။

အာ၊ ဤ၊ ဦ၊ ဧ၊ ဩ၊ — ဤသရငါးလုံးကို ဒီဃ ခေါ်ပါသည်။
အ၊ ဣ၊ ဥ၊ — ဤသရသုံးလုံးကို ရဿ ခေါ်ပါသည်။
ဤကား ကစ္စည်းကျမ်းအလို။

မောဂ္ဂလာန်ကျမ်းအလိုသော်ကား ဧ်-ရဿ၊ ဩ့်- ရဿ နှစ်လုံးပါထည့်၍သရဆယ်လုံးဆိုသည်။ ထိုသို့မင်ဆိုသော်လည်း သရစစ်မဟုတ်သည်တကြောင်း၊ သဒ္ဒနီတိ-ရူပသိဒ္ဓိတို့မှာ "ကွစိ သံယောဂတော ပုဗ္ဗာ ဧကာရော ကာရ ရဿာဝ ဝတ္တဗ္ဗာ" "ကွစိ သံယောဂတော ပုဗ္ဗာ ဧကာရောကာရ ရဿာ ဝုစ္စန္တေ"ဟု ကွစိသဒ္ဒါနှင့်တကွ အသီးသီးသုတ်တည်လျက်ပြကြ

သော်ကြောင့် အရာတိုင်းလည်း အသုံးမဝင်ကြပါ။ အခွင့်အားလျော်စွာသာ အသုံးပြုတော်မူကြပါတော့ဘုရား။

ဒီဃ သရငါးလုံး သက်သက်တို့ကို ရွတ်ဆိုခိုက် နှစ်မတြာကာလအတွင်း ပြီးဆုံးစေရမည်။ ဗျည်းနှင့်ရောယှက်သော ကာ၊ ကီ၊ ကူ၊ ကေ၊ ကော စသည်တို့ကို ရွတ်ဆိုခိုက် နှစ်မတြာခွဲကာလအတွင်း ပြီးဆုံးစေရမည်၊ တွာ၊ ကျီ ဟျူ၊ သွေ၊ ကျော၊ စသည်တို့ကို ရွတ်ဆိုခိုက်သုံး မတြာကာလ အတွင်း ပြီးဆုံး စေရမည်။

ရဿ သရသုံးလုံး သက်သက်တို့ကို ရွတ်ဆိုခိုက် တစ်မတြာကာလအတွင်း ပြီးဆုံးစေရမည်။ ဗျည်းနှင့် ရောယှက်သော က၊ကိ၊ကု စသည်တို့ကိုရွတ်ဆိုခိုက် တစ်မတြာ ခွဲကာလအတွင်း ပြီးဆုံးစေရမည်။ တွ၊ ကျိ၊ ဟျု စသည်တို့ကို ရွတ်ဆိုခိုက် နှစ်မတြာကာလအတွင်း ပြီးဆုံးစေရမည်။

တံခွန်လွှား၍ထားခိုက်၊ တံခွန်လွှား၍ ထား၍သင့် ထားထိုက်သော ဗျည်းသက်သက်တို့ကို ရွတ်ဆိုခိုက် မတြာဝက်ကာလအတွင်း ပြီးဆုံးစေရမည်။

**ပုံစံကား။**

ဗုဒ္ဓံ(မ်) သရဏံ(မ်) ဓမ္မံ(မ်) သရဏံ(မ်) သံဃံ(မ်) သရဏံ(မ်) စသည်ကိုယူ။

ဒီဃရဿ ဗျည်းသက်သက်တို့၏ မတြာကာလကို ဤဂါထာအတိုင်း သိ။

ဧကမတ္တော ဘဝေ ရဿော၊ ဒွိမတ္တော ဒီဃမုစ္စတေ
တိမတ္တောတု ပလုတော ဥေယျော၊ ဗျဥ္ဇနဥ္စဍ္ဎမတ္တကံ။

ရသော၊ ရဿသက်သက်သည်။ ဧကမတ္တော။ တစ်မတြာ ကာလအတိုင်း အရှည်ရှိသည်။ ဘဝေ ဖြစ်၏။ ဒီဃော။ ဒီဃသရသက်သက်ကို၊ ဒွိမတ္တော။ နှစ်မတြာ ကာလအတိုင်း အရှည်ရှိ၏ဟူ၍။ ဥစ္စတေ။ ဆိုအပ်၏။ တိမတ္တောတု၊ သုံးမတြာ ကာလအတိုင်းအရှည် ရှိသော ဒီဃ သရသက်သက်ကိုကား။ ပ္လုတော။ ပလုတ်သံဟူ၍၊ (ဝါ) လူးတားသံ မျိုးဟူ၍။ ဧ ယျော သိအပ်၏။ ဗျဉ္ဇနဉ္စ၊ သရမယှက် ဗျည်းသက်သက်ကိုကား အဍ္ဍမတ္တကံ၊ မတြာခွဲ ကာလ အတိုင်း အရှည်ရှိ၏ ဟူ၍ ဧယျံ၊ သိအပ်၏။

ဤဂါထာ၌ ပလုတ်သံ အရကို "ဒူရာဝှါနေစ ဂါနေစ· ရောဒနေစ ပ္လုတော မတော" ဟူသော ဂါထာဝက်ဖြင့်သိ။

**အဓိပ္ပါယ်ကား။** ။အဝေးနေသူ လူအပေါ်ကိုဟစ်အော်၍ ခေါ်သံ၊ သီချင်းသံ၊ ငိုသံတို့နှင့်တူသည်ဟု ဆိုလိုသည်။ လူးတားသံဟု ပြန်ဆိုရေးသားလိုက်ခြင်းကား ပ္လုတ သဒ္ဒါသည် ပေါ် ပေါ်လွင်လွင် ရှည်ရှည်လံလံအသံဟူသော အနက်ကိုဟောသည့် အတွက် ပ·ကို ခြေ၊ ဦး ရေး၊ အာ-လာ၊ ဝိသဇ္ဇနီသံ အပါကြံ ပြီး "လူးတား" သံဟု ပြန်ဆို လိုက်ပေသည်။ ကာရိကာ သဒ္ဒါ ငယ်ကျမ်း၌ကား "ပြူဟာ"သံဟူ၍လည်း ဆိုသေ၏။

တစ်မတြာ ကာလ အပိုင်းအခြားကို မျက်စေ့ တာမှိတ်နှင့် တဖွင့်နှင့် တူမျှသော ကာလဟု မာဂဓသဒ္ဒါကျမ်းတို့၌ အမှန်း အဆ ပမာဏထားကြကုန်၏။ သက္ကဋကျမ်း၌ကား ပုဆစ်ဒူးဝန်း ပေါ်တွင် တင်ထားသော လက်ဝါးကို မှောက်ရုံလှန်ချုံလောက် မျှကို တစ်မတြာ ကာလဟုပိုင်းခြား၍ပြ၏။ ထို့အတွက် ဗျည်း သက်သက်၏ မတြာဝက်ကာလ အပိုင်း အခြားကို မှိတ်ထား

သော မျက်စေ့တဖွင့်နှင့်ဖြစ်စေ၊ ဖွင့်ထားသော မျက်စေ့တမှိတ်နှင့်ဖြစ်စေ၊ မှောက်ထားသောလက်ဝါး တလှန်နှင့်ဖြစ်စေ၊ လှန်ထားသောလက်ဝါး တမှောက်နှင့် ဖြစ်စေ အညီအမျှ ဖြစ်စေရမည်။

ဤကား ကစ္စည်း ကျမ်းအလို ပြဆိုအပ်သော သရရှစ်လုံးအတွက် ဆုံးဖြတ်ချက်။

မောဂ္ဂလာန် သဒ္ဒနီတိ ရူပသိဒ္ဓိတို့အလို ကေ်-ရဿ၊ ဩဠ်-ရဿနှစ်လုံး ဆုံးဖြတ်ထုံးကား၊ သံယောဂတောပုဗ္ဗာ၊ သံယုဂ်၏ရှေ့၌ ဖြစ်ကုန်သော။ ကောရောကာရာ၊ ဧ အက္ခရာ၊ ဩ အက္ခရာတို့ကို။ ရဿာဝ၊ အတ်, ဣတ်, ဥတ်, ရဿ သရသုံးလုံးတို့ကို ရွတ်ဆိုပုံကဲ့သို့၊ ကွစိ၊ အချို့သော ပြယုဂ် ဥဒါဟရဏ်ပုံစံ၌။ ဝတ္တဗ္ဗာဆိုအပ်ကုန်၏။ (ဒီလို နေရာကျကျ သာဓကနှင့်အနက်ပေး)။

သာဓကပုံစံ ယုံရန်အချက် သက်သေထွက်ကား။ တွေသေယျော ဩဋ္ဌော သောတ္ထိ စသည်တို့ကိုကြည့်။ ဆရာတော်ကြီးသုံးပါး၏ နှလုံးထားအပ်သော အခိပ္ပါယ်မှာ- ဒီလိုပါ။ အတ်၊ ဣတ်၊ ဥတ် တို့၌ ရဿသုံးလုံးအတွက် တစ်မတြာစီ တံခွန်လွှားရှဲထားသော (တ်) သံယုဂ်အတွက် မတြာဝက်စီယူပြီး တစ်မတြာခွဲ ကာလအတွင်း ပြီးဆုံးအောင် အတ်၊ ဣတ်၊ ဥတ်တို့ကိုရွတ်ဆိုရသလို ဧတ်၊ ဩဠ် စသည်တို့၌လည်း (တ်)သံယုဂ်၊ (ဠ်)သံယုဂ်နောက်ရှိသည့်အတွက် ဧ၊ ဩ ဒီဃ နှစ်လုံးကိုလည်း အ၊ ဣ၊ ဥ တို့နှင့်အတူ တစ်မတြာကာလစီယူပြီး တစ်မတြာခွဲကာလအတွင်း ပြီးဆုံးခြင်းတူမျှအောင်ရွတ်ဘုတ်ရမည်ဟုပြောပြတော်မူကြပါကလား။

ဏတ်, ကိတ်, ကုတ် တို့နှင့် သေယ်၊ သောတ် စသည်တို့မှာ လဲ ဘာထူးတော့သလဲ။ သံယုဂ်နှောက်က မရှိခဲ့ပါမူ ဒေီဃ ဩဒီဃအတိုင်းပင် နှစ်မတြာကာလယူ။ ခေတ္တံ, မေတ္တံ, သေဋ္ဌော, ပေက္ခော, ဟေဿတိ, ဆေဿတိ, မေဏ္ဍက, အာနဇ္ဇ, ပူရေန္တိ, ပူရော္တိ, ကရောန္တိ, ဏရောန္တော, ပပ္ပေါန္တိ အစရှိသည်တို့၌ ဧ၊ ဩ တို့ကိုလည်း ဤနည်းတူယူ။ အကယ်၍ သံယုဂ်နောက်၌ မရှိခဲ့သည်ဖြစ်အံ့ ခေတံ, မေတံ, သေဌော, ပေခေါ, ဟေသတိ, သေတိ, မေဍက, အာနေဇ, ပူရေတိ, ပူရောတိ, ကရောတိ၊ ကရောတော ပပေါတိဟု ဒေီဃ ဩဒီဃ အတိုင်းပင်ဖြစ်ခဲ့ရာ၏။ ယခုမှာမူ သံယုဂ်နောက်က ရှိသည့်အတွက် သံယုဂ်၏ ရှေ့၌ဖြစ်ကုန်သော ဧအက္ခရာ ဩအက္ခရာတို့သည် တစ်မတြာ ကာလစီ လျော့သွားကြသည်။

**ဥပမာကား**။ လင်နှင့်မယားသားအမိအဖြစ်ဖြင့်ငြိတွယ်၍နေကြရာ သားမှာ မင်းပြစ်မင်းဒဏ်ထိ၍ အသတ်ခံရသည့် အခါ မိဘနှစ်ပါးတို့သည် အားလျော့ သွားသကဲ့သို့ ထို့အတူ သားနှင့်တူသော သံယုဂ်ဗျည်းကို တံခွန်လွှားပြီး အသတ်ခံရရာအမိနှင့်တူသောဗျည်းမှာလည်း အမြောအတင်သေချင်မတတ်ဖြစ်လုပါးနီး အဘနှင့်တူသော ဧ၊ဩ တို့လည်း တစ်မတြာ ကာလမျှ အား လျော့ပြီး သွားရပါတော့သည်။ သာဓမ္မတာ။ (ဤအရာလည်း အသိဥာဏ်ခဲရပ်တချက်)။

ကွစိသဒ္ဒါ၏ ပုံစံပြယုဂ်ကို "မံ စေ တွံ နိက္ခနံ ဝနေ" ဟူသော တေမိဇာတ် ပါဠိတော်လာ နာနာပဒပြယုဂ် "ပုတ္တော, တျာတံ, မဟာရာဇ" ဟူသော ကဋ္ဌဝါဟဏဇာတ် ပါဠိတော်

လာ နာနာပဒပြယုဂ်တို့ကို ကင်ကပ်သတ်သတ် ရှာရှာ ဖွေဖွေ ထုတ်ကြသည် ထက် ယေျ၊ ယေျုံ စသော အချောတ်ဝိဘတ် ကိုးလုံးငင်းနှင့်ဆက်သွယ်သမျှ ကေပဒပြယုဂ်၊ ဓောယျော ကတ္တိကာ ဒီပိ ကစ္စည်းသုတ်၌ ဓောယျော ဟူသော ကေပဒ ပြယုဂ် ငင်းသုတ်သုံးဖြင့် သဇ်အပ်သမျှ ကတ္တိကေယျော၊ ဝေနတေယျော စသော ကေပဒ္ဒပြယုဂ်။ ယောဂဝိဘာဂဖြင့် သတ်ထိုက်သော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိနေယျော စသော ကေပဒပြယုဂ် ဏေျာစ သုတ်ရင်းဖြင့် သက်အပ်သမျှ ဇေယျံ နေယျံ စသော ကေပဒပြယုဂ်။ စသဒ္ဒါဖြင့် သက်အပ်သော တေယျပစ္စည်း၊ ငင်းဖြင့်ပြီးသမျှ ဥာဗေယျံ, ဒိဋ္ဌေယျံ, စသော ကေပဒပုံစံပြယုဂ်၊ သြက္ကာကကုလသမ္ဘဝေါ, ဥပေါဋ္ဌာတော, ပေါက္ခရဏိ၊ အာရောဂျ ပရမံ လာဘံ, ပေါဠ်ါနုပေါင်္ခံ စသော ကေပဒပုံစံပြယုဂ်တို့ကိုထုတ်ဆောင်ရလျှင် သာချေပင် မကောင်းဘူးလား။ ကိုယ်တော့်မြတ်ဟို့၊ ပညာရှိများအထူး သတိထားကြစမ်းပါဘုရား။

ဤလို ထုတ်လိုက်လျှင် ဘာသေယျပုဒ်၌ ရှုပ်ရှုပ် ထွေးထွေး ပြန့်၍ငြင်းခုံရန် ကိစ္စမရှိလှတော့ပြီဟု ထင်ပါသည်- သူတော်စင် အသျှင်မြတ်တို့ဘုရား၊ မနုဿာအမြင်သားကြီးကို မနုဿာအာဘင် မှားပြီး ကြောင်နှုတ်ခမ်းမွေးဟုံ အနက်ပေးမှားသလိုဖြစ်ကြပါမည်နော်။ သတိပြုတော်မူကြပါ။ (ဤအရာလည်း အသိဥာဏ်ခဲရပ်လည်းတချက်)။

ဒီဃ ရဿ နှစ်ပါးကို ပြဆိုခဏ်းပြီး၏။

## ဂရု လဟု နှစ်ပါးကိုပြဆိုချက်။

ဒီဃသရငါးလုံးသက်သက်ကိုဋ်း၊ ဒီဃသရငါးလုံးနှင့် ရောယှက်သမျှဗျည်းကိုဋ်း၊ "ဂရု" အက္ခရာ ခေါ်ပါသေးသည်။ (တနည်း) တံခွန်လွှားရှိထားသော သံယုဂ်ဗျည်း တံခွန်လွှားရှိထားထိုက်သော သံယုဂ်ဗျည်း၏ရှေ့ကနေသမျှ အက္ခရာစုကိုလည်း ဂရုခေါ်ပါသည်။ သံယုဂ်ဗျည်း နောက်က မရှိဘဲလျက် ရဿ သရ သုံးလုံးသက်သက်ကိုဋ်း၊ ရဿ သရသုံးလုံးနှင့် ရောယှက်သမျှဗျည်းစုကိုဋ်း "လဟု"အက္ခရာ ခေါ်ပါသေးသည်။

**အစိပ္ပါယ်ကား။** အောက်ဘွင် ပြခဲ့ပြီးသော အာ၊ ဤ၊ ဦ၊ ဧ၊ ဩ ဒီဃသရငါးလုံးသက်သက်ကိုလည်း "ဂရု"အက္ခရာ ခေါ်လေဦး။ ၎င်းငါးလုံးနှင့်ယှဉ်တွဲပူးကပ်နေသမျှကာ၊ ကီ၊ ကူ၊ ကေ၊ ကော စသော ဗျည်းသုံးဆဲ့နှစ်လုံးတို့ကိုလည်း "ဂရု" အက္ခရာပင် ခေါ်လေဦးဟု ဆိုလိုသည်။ ဤကား ပထမပိုဒ် အစိပ္ပါယ်။

ဒုတိယပုဒ်၌ သံယုဂ်ဆိုသည့်စကားကို ဒီလိုသိ။ သံယုဇ္ဇတီတိ သံယောဂေါ၊ ယေပရံ ယုတ္တေတိ **နေတဗ္ဗော၊** သံယုဇ္ဇတိ **တ္တောတိ** သံယော**ဂေါ၊** နယေပရံယုတ္တေတိ **နေတဗ္ဗက္ခရဿ ပတိဋ္ဌော။** (ဉျာသဋီကာ)

**ပုံစံကား။** ။က္က, က္ခ, ဂ္ဂ, စ္စ, စ္ဆ, ဇ္ဇ, ဇ္ဈ, ဉ္ဉ။ ဋ္ဋ, ဋ္ဌ, ဍ္ဍ, ဍ္ဎ, ဏ္ဏ, တ္တ, တ္ထ, ဒ္ဒ, ဒ္ဓ, န္န,။ ပ္ပ, ပ္ဖ, ဗ္ဗ, ဗ္ဘ, မ္မ,။ ယျ, လ္လ, ဿ, ဿ,။ င်္က, င်္ခ, င်္ဂ, င်္ဃ,။ ဉ္စ, ဉ္ဆ, ဉ္ဇ, ဉ္ဈ, , ဏ္ဋ, ဏ္ဍ,။ န္တ, န္ထ, န္ဒ, န္ဓ, န္န,။ မ္ပ, မ္ဖ, မ္ဗ, မ္ဘ, မ္မ,။ သွ ဟူသည်တို့တည်း။

ချာသအနက်ကား။ သံယုဇ္ဇတိ၊ ယှဉ်ကပ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ယှဉ်ကပ်တတ်သော သတ္တိသဘောကြောင့်။ သံယောဂေါ။ သံယုဂ်ဗျည်းမည်၏။ နယေပရံယုတ္တေန၊ တိသုတ္တေန နယေပရံယုတ္တေဟူသော ကစ္စည်းသုတ်ဖြင့်။ နေတဗ္ဗော။ ဆောင်အပ်သမျှအထက်က ရှေ့ကရေးစီ၍ ထားရိုးပြုကြသော အာဂန္တုကအက္ခရာမျိုးကိုရ၏။ တွေ။ ဤအောက်က နောက်ကရေးစီ၍ ထားရိုးပြုကြသော အာဝေါသိကအက္ခရာ၌။ သံယုဇ္ဇတိ။ အထက်က ရှေ့က အာဂန္တုကအက္ခရာတို့က လာ၍ ယှဉ်ကပ်တတ်၏။ ဣတိ တသ္မာ။ ထိုသို့အာဂန္တုကအက္ခရာတို့၏ ယှဉ်ကပ်ရာသဘောသတ္တိမျိုးကြောင့်။ သံယောဂေါ၊ သံယုဂ်မည်သေး၏။ နယေပရံယုတ္တေတိသုတ္တေန၊ နယံပရံယုတ္တေ ဟူသောသုတ်ဖြင့်။ နေတဗ္ဗက္ခရဿ။ ဆောင်အပ်လာသောအာဂန္တုကအက္ခရာစု၏။ ပတိဋ္ဌာ၊ တည်နေမှီခိုရာအာဝေါသိက အောက်က နောက်က အက္ခရာစုကိုရ၏။ (ဥသံနက်)

အထက်ရှေ့ဘယ်ဘက်က အာဂန္တုက အက္ခရာနှင့် အောက်ညာဘက်က အာဝေါသိက အက္ခရာတို့ ယှဉ်တွဲပူးကပ် ဆင့်ထပ်၍ နေကြသည်ကို သံယုဂ်ခေါ်ဆိုသည်ဟု စွဲစွဲမြဲမြဲ မဲမဲသဲသဲမှတ်။ ထို့ကြောင့်- တတ္ထအာယ(သ္မ) တောတိ အာဒိသု ယာနိ အနန္တရိကာနိ သကာရ မကာရာဒိဗျဉ္ဇနာနိ သံယောဂေါတိ ဝုစ္စန္တိ-ဟု သဘောကျအောင် ပြောပြတော်မူခဲ့ပြီ။ (ဝိမတိဋီကာ သီဟိုဠ်ဆရာကြီးက)။

သင်္ဘောနှင့် သမ္ဗန် ကဲ့သို့တည်း။ သင်္ဘောနှင့် သမ္ဗန်သည် သင်္ဘောကပဋ္ဌာနဖြစ်သကဲ့သို့ ထို့အတူ အာဂန္တုက အက္ခရာက သံယုဂ် အရာပဋ္ဌာနဖြစ်ပေသည်။ အာဂန္တုက ပဋ္ဌာနသံယုဂ်ဗျည်း

အက္ခရာကိုရံခါ တံခွန်လွှား၍ ဗုဒ္ဓ(မ်) သရဏ(မ်)၊ ဓမ္မ(မ်) သရဏ(မ်)၊ သံဃ(မ်) သရဏ(မ်) အပဿက(မ်)၊ တိကိ(တ်) စာ သိဋ္ဌေ၊ အညေကိ(တ်) သရေအ(န်)၊ က(ဒ်)ကုဿ၊ သမ္ပူ ဟတ္တေ က(ဏ်)ဏာ၊ ကတ္တာရိကိ(တ်)၊ ချာဒီဟိမ(န်)၊ ဆဒ ါဒိဟိ တတြ(ဏ်)၊ ပတိတောဟိဿ ပောရ(ဏ်) ဟီရ(ဏ်)၊ ဘဝိဿတိ ဂမာဒိဟိ ဏီဃိ(ဏ်)၊စသည်တို့ကဲ့သို့ထားတတ်သည်။ သို့အတွက် တံခွန်လွှား၍ ထားသော သံယုတ်ဗျည်းဟု ရေးသား ဘော်ပြ လိုက်ပေသည်။

တင်္ကာရဏိကံ၊ဧဝခေ်ါ၊ သမထင်္ဂတော၊ တဿင်တံ- စသည်တို့ ကဲ့သို့ ကာဂ္ဂန္တ(င်) အက္ခရာဘလုံးကိုသာ ပိဋ္ဌာတ် ဥတ်ကမ္မဝါ ပါဠိဘာသာမှာ တံခွန်လွှား၍ အမြဲထားလေ့ရှိကြသည်။(င်) အက္ခရာမှကြွင်းကျန်သော ဝဂ္ဂန္တ၊ သဒ္ဒိသဘာဝ၊ သံယုဂ်ဗျည်း ဟူသမျှတို့ကိုလည်း (င်)အက္ခရာနည်းတူ ထားထိုက်သည်ကို သိစေ လို၍ တံခွန်လွှား၍ထားထိုက်သော သံယုဂ်ဗျည်းဟု ဒုတိယပိုဒ်၌ ရေးသားဖော်ပြလိုက်ပေသည်။

ကိုင်း သည့်ခါသံယုဂ်ခေါ် ဆိုသော စကားကိုကြည့်ရှုသူများ တို့ ခြားခြားနားနား ထင်ရှားသိသာသောက် သင့်ပြီ။ သံယုဂ် နေဘက်ရှိက ရှေ့အက္ခရာစုကို "ဂရု" ခေါ်ပုံကိုသာ ဆိုဘိုရာလို သောကြောင့် ပြဆိုလိုသော မြဂေါယာ ငါသည် ကတ္တား။

သော သံယောဂေါ ပရေ ယဿ အကာရာဒိနော၊ သော သံယောဂ ပရောနာမ-ဟူသော ဝါကျကို ဆက်ပြ ရေးသား ပြောကြားလိုက်ပါသည်။ ကြိယာ။

ယဿ အကာရာဒိနော၊ အကြင် အ အက္ခရာ အစရှိသော

ရှေ့ဘယ်ဘာဂ်က နေသမျှအက္ခရာစုကား၊ ဖရော၊ နောက်ဖြစ်သော။ သော သံယောဂေါ၊ ထိုဆိုခဲ့ပြီးသော အက္ခရာနှစ်လုံးထပ် အသတ်သံယုဂ်အက္ခရာသည်။ အတ္ထိ၊ ရံခါရှိတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ရံခါနှစ်လုံးဆပ် အသတ် သံယုတ်အက္ခရာ နောက်ကရှိတတ်သော တွက်တာကြောင့်။ သော၊ ထိုရှေ့ဘယ်ဘာဂ်ကနေသမျှ အ အက္ခရာ အစရှိသည်သည်၊ သံယောဂ ပရောနာမ၊ သံယုဂ်နောက်ရှိသော အက္ခရာမည်ပါ၏၊

အသတ်သံယုဂ် အက္ခရာနောက်ရှိခိုက်ကိုသာ ရှေ့ဘယ်ဘာဂ်ကအက္ခရာစုကို "ဂရု"ကောက်။ အသတ်သံယုဂ် နောက်က မရှိခိုက်ကိုမူ "လဟု"ယူ ကွဲသူပညာရှိ လူကဝိ။ ပုံစံကို သိလိုလျှင် တဘာဂ်က ပြဆိုခဲ့ပြီးသော သဒ္ဒိသဘာဝ, အသဒိသဘာဝ, ဝဂ္ဂန္တ, သံယုဂ်ရှေ့က အ, ဣ, ဥ, ရဿသုံးလုံးနှင့်တကွ ပရာသယဗျည်း သုံးဆဲ့နှစ်လုံးတို့ကို ယထာလာဘ ယထာသမ္ဘဝံ သင့်လျော်ကန်အောင် ကြံစည်စဉ်းစား၍ မမှားအောင်ထည့်ပြီးလျှင် ဉာဏ်ကြီးအောင် ကြံကြလေ။

အာ, ဤ, ဦ, ဧ, ဩ။ ကာ, ကီ, ကူ, ကေ, ကော စသည်တို့ကား၊ ဒီဃ ဂရုနှစ်မည်ရ။

အ, ဣ, ဥ၊ က, ကိ, ကု စသည်တို့ကား ရဿ လဟုနှစ်မည်ရ။

အက်, ဣစ်, ဥက်, ဧက်, ဩင်္၊ ကက်, ကိတ်, ကုတ်, ကေတ်, ကောက် စသည်တို့ကား ရဿ ဂရုနှစ်မည်ရ။

ဤသို့ခွဲးကောက် သာကေအထောက်ကား-

၁၊ ဒီဃော ဂရု၊

၂။ သံယောဂပုဗ္ဗရောစ၊

၃။ အသရဗျဥ္ဇနတော ပုဗ္ဗရဿောစ။

၄။ ရဿော လဟု။

၅။ အသံယော ဂပွရောစ။

၆။ ကွစိ သံယောဂပုဗ္ဗာ ကောရောကာရာ ရဿာဝစတ္တဗ္ဗာ ဟူသော သဒ္ဒနီတိသုတ်။ ။

ဒီဃန္တိ-ဒီဃေနကာလေန ဝတ္တဗ္ဗံအာကာရာဒိ။ ရဿန္တိ-တတော ဥပဍ္ဎကာလေန ဝတ္တဗ္ဗံ အကာရာဒိ။ ဂရုကန္တိ-ဒီဃမေဝ။ ယံ ဝါ အာယ(သ္မိ) တော (ဗု)ဒ္ဓ ရက္ခိ(တ)တ္ထေ (ရ)ဿ (ယ)ဿ (န)ကွမတီတိဝေ သံယောဂပဒံ ကတ္ဝာခုစ္စတိ။ (ပရိဝါအဋ္ဌကထာ)။ အဋ္ဌကထာ အနက်ကို အထက်သို့ ရောက်မှ ရေးတော့မည်။

၁။ ဒီဃော- အာ, ဤ, ဦ, ေ, ဩ သက်သက်၊ ကာ, ကီ, ကူ, ကေ, ကော စသည်ဖြင့် ဗျည်းနှင့် ရောယှက်သမျှ ဒီဃ အက္ခရာသည်၊ ဂရု၊ ဂရုအက္ခရာ မည်သည်။ ဟောတိ၊ ဖြစ်၏။

၂။ သံယောဂပွရောစ၊ သံယုဂ်နောက်ကရှိသမျှ ရဿသရ သက်သက် ဗျည်းနှင့်ရောယှက်သမျှ ရဿသရစုသည်လည်း။ ဂရု ဂရုအက္ခရာမည်ပါသေးသည်။ ဟောတိ ဖြစ်၏။

၃။ အသ သရဗျဥ္ဇနတော သရကင်းသော ဗျည်း တံခွန်လွှား ၍ထားသော ဗျည်းမှ။ ပုဗ္ဗရဿောစ၊ ရှေ့ဖြစ်သော ရဿသရ သုံးလုံးသက်သက် ဗျည်းနှင့်ရောယှက်သမျှရဿသရစုသည်လည်း။ ဂရု၊ ဂရုအက္ခရာမည်ပါသေးသည်။ ဟောတိ၊ ဖြစ်၏။

၄။ ရဿော၊ ရဿ သရသုံးလုံးသက်သက် ဗျည်းနှင့်ရော ယှက်သမျှ ရဿအက္ခရာစုသည်၊ လဟု၊ လဟုအက္ခရာမည်သည်။ ဟောတိ၊ ဖြစ်၏။

၅။ အသံယောဂပ္ပရောစ၊ သံယုဂ်နောက်က မရှိသမျှ ရဿ သရသက်သက် ဗျည်းနှင့် ရောယှက်သမျှ ရဿအက္ခရာစုသည်လည်း၊ လဟု၊ လဟုအက္ခရာ မည်ပါသေးသည်။ ဟောတိ၊ ဖြစ်၏။

ဒုတိယသုတ်အရနှင့် တတိယသုတ်အရ, စတုတ္ထ သုတ်အရနှင့် ပဉ္စမသုတ်အရကို အဓိပ္ပါယ်တူ ဝေဝုစ် ပရိယာယ်စကား လှယ်ယူရမည်။ ဆဋ္ဌမသုတ်အနက်ကိုကား အောက်နားတွင်ရေးခဲ့ပြီ။

ဒီဃ+ရဿတစုံ ဂရု+လဟုဘစုံ ပြန်လှန်ပုံအထောက်ကား-

ဣဝာရေသု ပန ဒီဃံရဿာ ဒီသုဆသု ဗျဉ္ဇ နေသု ဒီဃဋ္ဌာနေ ဒီဃမေဝ။ ရဿဋ္ဌာနေစ ရဿမေဝ ါတိ။ ဧဝံ ယထာဋ္ဌာနေ တံ တဒေဝအက္ခရံ ဘာသန္တေန အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ။ သ စေ ပန ဧဝံ အကတွာ ဒီဃေ ဝတ္တဗ္ဗေ ရဿံ၊ ရဿေ ဝတ္တဗ္ဗေ ဒီဃံ ဝဒတိ သဝမ္မန္တေဂါ ပန ဝဝတ္ထိတံ၊ ဝငတ္တိတော ဝါ ဝတ္တဗ္ဗေ သမ္မန္နံ ဝဒတိ။ ဧဝံ ဝုတ္တေပိ ကမ္မဝါစာ နကုပ္ပတိ။ ဣမာနိ ဟိဆ ဗျဉ္ဇ နာနိ ကမ္မံ န ကောပေတီတိ။ (မရိဝါ အဋ္ဌကထာ)

"သမ္မန္န+ ဝဝတ္ထိတ နှစ်ပါးကို ဆသရပဝဏ္ဏိနှင့်အညီ ထည့် ထိုက်သည်။"

ဒီဃေ ဝတ္တဗ္ဗေ ရဿန္တိ အာဒိသု ဘိက္ခုုနန္တိ ဝတ္တဗ္ဗေဘိက္ခုုနန္တိ ဝါ၊ ဗဟူ့သုတိ ဝတ္တဗ္ဗေ ဗဟုသုတိ ဝါ၊ နက္ခမတီတိ ဝတ္တဗ္ဗေ န ခမတီတိ ဝါ၊ ဥပသမ္ပဒါ ပေက္ခောတိ ဝတ္တဗ္ဗေ ဥပသမ္ပဒါပေခေါတိ ဝါ။ ဧဝံ အနုရူပဋ္ဌာနေသုဝေ ဒီဃံရဿာဒိ ရဿဒီဃာဒိ-ဝသေန ပရိဝတ္တေတုံ ဝဋ္ဋတိ။

(န ပန နာဂေါတိ ဝတ္တဗ္ဗေ နဂေါတိ ဝါ၊ သံဃောတိ ဝတ္တဗ္ဗေ သဃာတိဝါ၊)

န ပန နာဂေါတိ ဝတ္တဗ္ဗေ နဂေါတိ ဝါ၊ သံဃောတိ ဝတ္တဗ္ဗေ သဃောတိ ဝါ၊ တိသောတိ ဝတ္တဗ္ဗေ တိသောတိ ဝါ၊ ယာစတီတိ ဝတ္တဗ္ဗေ ယာစန္တီတိ ဝါ။ ဧဝံ အနနုရူပဌာနေသု ဝတ္တုံ။

(ဝိခတိ ဝိနေ့ာဒနီ ဋီကာပါဠိ)

ဝိမတိ ဋီကာသျှင်သည် ဒီဃ+ရဿ၊ ဂရု+လဟု ပြန်လှန်၍ မရွတ်ဘတ်အပ်သောအရာတွင် သံဃောတိ ဝတ္တဗ္ဗေ သဃောတိ ဝါဟူသော ပုံစံပြယုဂ်ကို ထုတ်ဘော်၍ပြလိုက်ခြင်းသည် ရှင်းရှင်းကြီး အပြစ်လွတ်အောင် စကားရှောင်နိုင်ပုံ ရှိပါမည်လား။ တပည့်တော်၏ သဘောအရမှာ "သင်္ဃ" ဒေါသ ရှောင်ရှောင် စကားရှောင်ခက်လိမ့်မည်ဟု သက်ဝင်ကြံစည်မိပါသည်။ ဂဏ္ဌိ ဉာဏ်အကြံထုတ်ပြီး သုံးသပ်၍ ပြလိုက်ရဦးမှာပါ။

သံဃောကို သဃောဟု ရွတ်ဘတ်က သံယုဇ္ဇ ဟနဓာတ်ကို ဃရေးပြီး ရပစ္စည်းကိုလည်း ချေ၍ပြီးသော နိစ္စဂရုဒီဃပုဒ်ကြီးမို့ လဟုရဿပြန်လှန်ကျသောကြောင့် ဒုရုစ္စာရဏဒုက္ကဋ်အာပတ်သင့်ချိသာ။ ကံမှုကား မပျက်ပါ။

ဤလိုသဲ စကားတစွန်းထွက်ရန် ရှိသေးသည်။ သံဃောကို သဃောဟုဘတ်ရွတ်ခြင်းသည် နိစ္စဂရုဒီဃ အက္ခရာကို လဟုရဿပြန်ရုံမျှသာကျသောကြောင့် ဒုရုစ္စာရဏ ဒုက္ကဋ်အာပတ်မှ မလွတ်ရုံမျှမကသေး သေးသေးတင်ဟူသမျှ နိဂ္ဂဟီတန္တလည်း ရသော

ကြောင့် နိဂ္ဂဟီတန္တကို ဝိမုတ္တ ပြန်လှန်ရာ ကျသည့်အတွက် ကံ ပျက်ဘိုရှိသည်။ ဤလိုလည်း စကားတစ္စန်း ထွက်ရန်ရှိသည်။)

ဤစကားနှစ်စွန်းတွင် ဘယ်အစွန်းက သေးပါမည်လဲ ကိုယ်တော်မြတ်တို့၊ တပည့်တော်သဘောအရမှာ ရှေ့စကားစွန်းသည် ဆန်းကျမ်းနှင့်သာ ဆိုင်သော အရာဖြစ်၍မို့ လဟုက ဖြစ်သည်။ နောက်စကားစွန်းကား ဥတ်ကမ္မဝါ ဝိနည်းပါဠိတော်အဋ္ဌကထာ ဋီကာတို့နှင့်ဆိုင်သောအရာဖြစ်သောကြောင့် ဂရုကဖြစ်ပေသည် ဟု သဘောရပါသည်။ သို့အတွက်-

ဂရုက လဟုကေသု ဂရုကေ ဌာတဗ္ဗံ တော် ဝိနယ လက္ခဏံ- ဟူသော ပရိဘာသာ၊ ဂရုက လဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ အယံတတ္ထ သာမိစိ- ဟူသော ရစနာတို့နှင့် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယကုက္ကုစ္စ ဖြစ်တော်မူကြပါက နောက်ပါဒဘာဂ်သို့ သာလိုက်တော်မူကြပါ။ ဝိနည်းမိုရ် ကိုယ်တော်မြတ်တို့ဘုရား။

ယာစတိ, ယာစန္တိတို့လည်းနည်းတူ။ သေးသေးတင် ဟူသမျှကို ဆန်းးအလိုသို့လိုက်၍ ဂရု+လဟု၊ ဒီဃ+ရဿအတွင်းသို့ထည့်သွင်းပြောကြားကြခြင်းကို အလျင်းပင် သဘောမရ။ သက်ရဒေါသတင်လိုပါသည်။

ဤတွင် ဂရု+လဟု နှစ်ပါးကိုပြဆိုခဏ်းပြီး၏။

## နိဂ္ဂဟိတ, ဝိမုတ္တ နှစ်ပါး ကိုပြဆိုချက်။

လေချွန်သလို မြွေတွန်သလို ခံတွင်းဝ ကရိုဏ်း မဟာလွန်း မစေ့လွန်း မဖွင့်လွန်း မပိတ်လွန်းထား၍ နှာဝဖျားသို့ လေသွားအောင်ရွတ်ဆိုရသော သေးသေးတင် ဟူသမျှကို "နိဂ္ဂဟိတအက္ခရာ"ခေါ်ပါသည်။

ပုံစံကား။ ။အံ, ဣံ, ဥံ။ ကံ, ကိံ, ကုံ စသည်တည်း။ မိမိတို့အသီးသီး သကသက ရအပ်သော ဌာန်ကရိုဏ်း နှစ်ပါးကို ပွင့်ပွင့်ထား၍ ရွတ်ဆိုအပ်သော အာ အစရှိသော ခုနစ်လုံးသော သရတို့ကို နိတတ္တနည်းအားဖြင့်- "ဝိမုတ္တအက္ခရာ" ခေါ်ပါသည်။

ပုံစံကား။ ။အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ။ ကာ, ကိ, ကီ, ကု, ကူ, ကေ, ကော စသည်တည်း။ နေယျတ္ထ နည်း အားဖြင့်ကား- အ, က, ခ စသည်တို့ကိုလည်းယူ။

အဓိပ္ပါယ်ကား။ အံ,ဣံ,ဥံ။ ကံ,ကိံ,ကုံ စသည်ကိုရွတ်ဘတ်တော်မူကြသည့်အခါ စည်းချိန်ခွင်ဖြင့် ရွေကို စက်သည့်ကာလ တဘာဂ်ဘာဂ်သို့လျှာမထွက်ရအောင်ပုံပြင်သလို ခံတွင်းဝကိုမဟာလွန်းမစေ့လွန်း မဖွင့်လွန်း မပိတ်လွန်းထား၍ နှာဝဖျားသို့ လေသွားသဖြင့် နှာနုသားကို လေတိုးအောင် ရွတ်ဘတ်တော်မူကြပါဘုရားဟု လျှောက်ထားတောင်းပန်လိုပါသည်။

သဒ္ဒါလည်းမတတ်ပရမတ်လည်းမကျေ လူ့ရှေ့ကနေ၍ မှန်လျှင်မှန် ဟုတ်လျှင်ဟုတ်ကရော မဟုတ်လျှင်လျှာကိုထုတ်လို့ပြတတ်သည်ဟု စည်းချိန်နှင့်ကို ပုစ္ဆာလုပ်သော အသျှင်ဥတ္တမကျော်ကိုယ်တော်မြတ်၏ ပဟေဠိစကားနှင့် တသားတည်းအတူမှတ်ယူတော်မူကြပါ။ အကယ်၍မဟုတ်လျှင် လျှာကို ထုတ်၍ပြပါလိမ့်မယ်နော် ကိုယ်တော်တို့။

အဝိဝဋ္ဋေန မုဒေန ဟူသောကရိုဏ်းပြ အဋ္ဌကထာပါဌ်၌ (န) ၏ကာရိယ (အ) အက္ခရာကို "အနုဒကာ ကညာ" ၌ (နှ) ၏ ကာရိယ (အန) သဒ္ဒါကဲ့သို့ (အပ္ပက) အနက်ဟော ခြင်း အတူ အဓိပ္ပါယ်ယူရမည်ဟု အစဉ်အလာ ပြောရိုးဆိုရိုးပြုကြသည်ကို ပျဉ်းမငှက်နှုသောပုဂ္ဂိုလ်စား ကျေးတောသား တောင်တောသားတို့က တဘာဂ်သတ်ပဋိသေဓစကားမှတ်၍ ကြပ်ကြပ်ကြီး ပိတ်၍ ငှတ်ဘုတ် ကြသည်များကိုလည်း ကြားဘူးမြင်ဘူး ရပေသည်။ သို့အတွက် နှစ်ဘာဂ်ညှပ်စကား ဟားမြစ်ဘို့ရန် "နေဝသညာနာသညာယတန်" ပုံစံပြယုဂ်ကို တဘန် ထုတ်ပြလိုပါသေးသည်။ ပညာရှိပုဂ္ဂိုလ်များလည်း တတ်ပြီးသားတွင် ထပ်လို့မြဲ၊ မှတ်ပြီးသားတွင် ထပ်၍စွဲအောင် အားခဲထော်မူကြပါဘုရား။

**အဓိပ္ပါယ်ကား**။ နေဝသညာနာသညာယတန အရူပဘုံ၌ သညကွန့်တည်းဟူသော နာမ်တရားသည် ရုန့်ရင်းသောသညာသည်သာလျှင်မရှိ၊ သိမ်မွေ့သောသညာကား မရှိသည် မဟုတ်သကဲ့သို့ထို့အတူ ခံတွင်းဝကို များများကြီးကား မဖွင့်မဟရ၊ စဉ်းငယ်ကလေးမူကား ဖွင့်ဟရပါသည်။ ဥပမာကား- များများကြီးကားမရှိ၊ နဲနဲကလေးမူကား ရှိပါ၏ဟု ခွင့်ပြု ပြောဆိုသကဲ့သို့ပါတည်း ။ လောကီ သက္ကရ သဒ္ဒါကျမ်းရင်း၌ကား မြွေပါ

တွန်မြည်သံ ဟန်ပန်ကဲ့သို့ဟု ဥပမာပြသည်။ ၎င်းအသံမှုကား လေချွန်သံ ဟန်ပန်နှင့်အတူပင်။ သို့အတွက် တပည့်တော်သည် လည်း လေချွန်သလို မြွေတွန်သလိုဟု ပြဆို လိုက်ပေသည်။ အကျယ်သိလိုလျှင် "နိဂ္ဂဟ ပယတ်" အဋ္ဌကထာပါဠိနှင့်ရောစပ် ၍ကြည့်ကြလေ၊ ကိုယ့်မိတ်ဆွေတို့။

အထူးသတိပြုတော်မူကြရန် အချက်ကား- အံ, ဏ္ဍ, ဥံ တို့ကို ဘတ်ရွတ်ဘော်မူကြသောအခါ သေးသေးတင်အတွက် ရအပ် သော နိဂ္ဂဟ ပယတ်နှင့် ထိုနိဂ္ဂဟိတ်၏ မှီခိုရာ ရှေ့သရသုံးလုံးတို့၏ အသီးသီးရအပ်သော "ပယတ်,ကရိုဏ်း,ဌာန်" တို့ကို ရောစပ်၍ သာ ဘတ်ရွတ်တော်မူကြပါဘုရား။ ကံ, ကိံ, ကုံ စသည်ကို ရွတ်ဆိုခိုက်၌လည်း ဤနည်းတူ။

ရှေ့က သိသိအသံထွက်ကြသော က-အစ ဋ္ဌ-အဆုံး သုံးဆဲ့ နှစ်လုံးသော ဗျည်းတို့ကိုကား သိထိလ, ဓနိတမျှ လောက်ကိုသာ သဘိမူကြပါ။အောက်၌လည်း မှာထား ပြောပြခဲ့ပြီးပြီ။ အထက် နားကျမှ အကုန်အစင်ပြောပြပါဦးမည်။ ပရာသယဗျည်း, ပုဗ္ဗာ သယဗျည်းတို့ကို ဟောဒီလို (ယ-ပက်လက်)နှင့်မှန်မှန်ရေး။

က-အစ ဋ္ဌအဆုံး သုံးဆဲ့နှစ်လုံးတို့ကို ပရာသယဗျည်းခေါ် ဆို။ သေးသေးတင် တလုံးတည်းကို ပုဗ္ဗာသယဗျည်း ခေါ်ဆို။ ပရာသယဗျည်း သုံးဆဲ့နှစ်လုံးတို့ကား သရရှစ်လုံးကို မှီခိုနိုင်ကြ သည်။ ပုဗ္ဗာသယဗျည်း တလုံးတည်းကား ရဿသရသုံးလုံးကို သာ မှီခိုနိုင်သည်။ ပရာသယဗျည်း ခေါ်ဆိုရကြောင်းကား- နောက်ဖြစ်သောသရ မှီခိုတည်နေရာရှိသောကြောင့် ပရာသယ

F.3

ဗျည်းခေါ်သည်။ နောက်၌ဖြစ်သောသရမှီခိုရာရှိသည်ကိုဆိုသဖြင့် ဗျည်းကရှေ့ကျနေပြီမှတ်ပါ။ မယုံလျှင် လူငယ်သိ ခွဲလို့ကြည့်။ စင်စစ်မှုချမှာ ရွက်ဘတ်စဉ်အခါ ဗျည်းသံ အရိပ်နိမိတ်က ရှေ့သီသီကျ၊ သရသံအရိပ်နိမိတ်က နောက်သီသီကျသည်ကိုရည်၍ ပရာသယဗျည်း ခေါ်သည်ဟု မှတ်ပါ။ မယုံလျှင် ရွတ်ဆိုလို့စမ်း။

ပုဗ္ဗာသယ ဗျည်းတလုံးကိုကည်း ဤနည်းအတူ ပြန်လှန်၍ကြည့်။ ဘံ, ကိံ, ကုံ- စသည်တို့ကဲ့သို့ သရကလုံးတည်းကို ဗျည်းနှစ်လုံးမှီနေခိုက် ဤနည်းအတူ ရှေ့နောက် ခွဲ၍သိ။ သို့ဖြစ်သည့်အတွက် အထက်က ဇယားအင်းကွက်သို့ ရောက်သောအခါ ပရာသယဗျည်းသုံးဆဲ့နှစ်လုံးတို့သည် သရရှစ်လုံးတို့ကိုအသီးသီး မှီနေခိုက် ၎င်းဗျည်းတို့၏ "ပယတ်, ကရိုဏ်း, ဌာန်" တို့ကို အရင်ပြပြီးမှ သရတို့၏ ပယတ် ကရိုဏ်း ဌာန်တို့ကို နောက်ပြဆိုမည်။ အံ, ဣံ, ဥံတို့ကဲ့သို့နေခိုက် သရ၏ပယတ် ကရိုဏ်း ဌာန်တို့ကိုအရင်ပြပြီးမှ သေးသေးတင်၏ ပယတ် ကရိုဏ်း ဌာန်တို့ကို နောက်ပြဆိုမည်၊ ကံ, ကိံ, ကုံ တို့ကဲ့သို့ ကမ္ဘဝါစာမှာ ရှိနေခိုက်(က်) ဗျည်းစသည်တို့၏ သိထိလ ဓနိတမျှကိုသာ အရင်ပြလျက် အံ, ဣံ, ဥံ တို့နည်းတူ အစဉ်အတိုင်းသော သရဗျည်းတို့၏ ပယတ် ကရိုဏ်း ဌာန်တို့ကို နောက်ပြဆိုလိမ့်မည်ဟု ယခုကသဘောကျလောက်ရန် ကြံစည်မှတ်သားသင့်ကြရာ၏။

ပရာသယဗျည်း ပုဗ္ဗာသယဗျည်းရွေးနည်းသည် က, ကာ,၊ ကိ, ကီ,၊ ကုကူ,၊ ကေ, ကော၊ အံ, ဣံ, ဥံ၊ ကံ, ကိံ, ကုံ တို့ကဲ့သို့ ပေဘုတ်အုပ်တို့၌ ရေးနှိပ်၍ထားစဉ် မျက်မြင်သဒ္ဒါတို့ကိုရည်

၍ ဆိုလိုသည်မဟုတ်။ ဤလို နေခိုက်ကား- အတွင်း+အပြင်၊ အထက်+အောက်၊ ရှေ့+နောက်အားဖြင့် နေပုံများပြားသည်။ ရွတ်ဆိုသောအခါ ပရာသယဗျည်း ပုဗ္ဗာသယဗျည်း အလျှောက် ရှေ့နောက်အသံထွက် သီသီသူးလီပုံကိုသာ ပဌာနမှတ်၍ ဆိုလိုသည်။ အသံဟူသည်လည်း ဝစီဝိညတ္တိဝိပ္ဖါရ သဒ္ဒနဝကရုပ်ကလာပ်ပင်လျှင်တည်း။ ထို့အတွက် ရွတ်ဆိုခိုက် အသံကိုသာ သဒ္ဒါအစစ် ကောက်ယူတော်မူကြပါဘုရား။

ဝိမုတ္တိအရာ-အာ,ဣ,ဤ,ဥ,ဦ,ဧ,ဩ။ကာ,ကိ,ကီ,ကု,ကူ,ကေ,ကော-စသည်တို့ကို ရွက်ဘတ်တော် မူကြသည့်အခါ မိမိတို့အသီးသီး သကသက ရအပ်သော ဌာန် ကရိုဏ်း နှစ်ပါးကို ပွင့်ပွင့်ထား၍ရွတ်ဘတ်တော်မူကြပါ။ ထို့ကြောင့်ပရိဝါအဋ္ဌကထာ၌-

ဝိမုတ္တန္တိ-ယံ ကရဏာနိ အနိဂ္ဂဟိတွာ ဝိသဇ္ဇေတွာ· ဝိဝဋေန မုခေန အနုနာသိကန္တံ အကတွာ ဝုစ္စတိ-ဟု ပြောပြတော်မူသည်။

ဤအရာ၌ နိဂ္ဂဟိတ်ရအပ်သော နိဂ္ဂဟ,အဝိသဇ္ဇပယတ်, အဝိဝဋမုခကရိုဏ်း- နာသိကဌာန်တို့မှ အပြန်အလှန်ထား၍ ဗျတိရေကနည်းအားဖြင့် အာ-အစရှိသော ခုနစ်လုံးသော သရဆုံးသမျှကို နိတတ္တ။ အ, က, ခ- စသည်ကဲ့သို့ အသရ ဆုံးသမျှကို နေယျတ္တအားဖြင့်ပြလို၍ ဤလို ပါဠိအနေအထား စာသွားမျိုးများကို အရှင်ဗုဒ္ဓဃောသ ရေးသားဖေါ်ပြတော် မူပေသည်။ အယူအဆနက်နဲခက်ခဲလှသော အရာဌာန တခုကြီးပေတည်း။

သမည့ပုဂ္ဂိုလ်စားကို နှုတ်သားလိုက်ပါဘိ။ .ပေလေးပင် ရှင်လေးပါးတွင် အပါအဝင် တောင်တွင်းကြီးမြို့ အကျော် ခင်ကြီးပျော်

တို့သော်မှ (နှုတ်ခမ်းတို့၏ ပိတ်ခြင်းသည် "သံဝုတ"မည်၏။ နှုတ်ခမ်းတို့၏ဖွင့်ခြင်းသည် "ဝိဝဋ"မည်၏။ နှုတ်ခမ်းတို့၏ ထိခြင်းသည် "ဖုဋ္ဌ"မည်၏။ နှုတ်ခမ်းတို့၏ စဉ်းငယ်ထိခြင်းသည် "ဤသံဖုဋ္ဌ"မည်၏ဟု ပုဒ်စစ်ကျမ်းမှာ နှုတ်ခမ်း တခုတည်းတွင် ပယတ်လေးပါးလုံးစုပုံလျက် ယခုသက်တိုင် တပည့်သားစဉ်ဆက်မှားယွင်းလျက် ရှိသေးသည်ကိုသာ စဉ်းစားဆင်ခြင်တော် မူကြပါတော့ ပညာရင် အရှင်မြတ်တို့ဘုရား။

ဤနေရာ၌ဒွာနတခု၌ ဥဘတ်နုစား ဥဘတ်လတ်စားတို့ အမှတ်သားလွယ်ဘို့ရန် ဋီကာဥဘတ် အကြံ့ထုတ်ပြီး "ဝိမုတ္တန္တိ- သကသကဋ္ဌာနက္ကရဏာနိ ဝိဝရိတွာ ဥစ္စာရိတော အာကာရဒိသံယုတ္တာကွရော နိတတ္တနယေန ဝုတ္တိ၊ နေယျတ္ထ နယေန ပနအကာရသံယုတ္တာကွရော ပိ လဗ္ဘတိ"ဟု ဂဏ္ဌိပုဒ်လုပ်ရလျှင်တော် လိမ့်မည်ဟု မှတ်ထင်နိုင်ကြပါ၏လား ဝိနည်းမိုရ်ကိုယ်တော်မြတ်များတို့။

## အနက်မြန်မာပြန်ကို ဒီလိုမှတ်။

ဝိမုတ္တန္တိ ဧတ္ထ၊ ဝိမုတ္တံ ဟူသော ဗျဉ္စနပုဒ်အရာ၌။ ဥစ္စာရဏာနယော၊ ရွတ်ဆိုပုံနည်းလမ်းကို။ ဧဝံ၊ ဤသို့ ပြဆိုလတ္တံ့သော စည်းကမ်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သက သကဋ္ဌာနက္ကရဏာနိ၊ သက သက ရအပ်သော မိမိ မိမိတို့၏ဌာန် ကရိုဏ်းတို့ကို။ ဝိဝရိတွာ၊ ပွင့်ပွင့်လွှင်လွှင် ပြုကုန်၍။ ဥစ္စာရိတော၊ ရွတ်ဆိုအပ်ရွတ်ဆိုသင့်သော။ အာကာရဒိသံယုတ္တာကွရော၊ အာအကွရာအစရှိသော သရသက်သက် အာအကွရာနှင့် ရောယှက်သော ကာ

စသော အက္ခရာလို။ နီတတ္ထနယေန၊ တိုက်ရိုက်ညွှန်ပြ နီတတ္ထ နည်းဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန နီတတ္ထနည်းမှတပါး နေယျတ္ထ နည်းကို ပြဆိုပါဦးအံ့။ နေယျတ္ထ နယေန၊ ဆောင်လို့ သိရ နေယျတ္ထနည်းအားဖြင့်။ အကာရသံယုတ္တက္ခရာပိ၊ အ အက္ခရာ သက်သက် အ အက္ခရာနှင့်ယှဉ်သမျှ က,ခ အစရှိသော အက္ခရာ မျိုးကိုလည်း။ လဗ္ဘတိ၊ ရအပ် ယူအပ်ပါသေး၏။

အသီးသီး သက သက ပြုပြင်ရမည့်အချက်ကား။

အာ,ေ,ဩ တို့မှာ လည်ချောင်းဝ နှင့် လျှာခင်သက ဌာန်ကရိုဏ်းကို ပွင့်ပွင့်လွင်လွင်ပြုပြင်။

ဣ, ဤ တို့မှာ အာစောက် အာရင်း ဌာန်နှင့် လျှာလယ် ကရိုဏ်းတို့ ပွင့်ပွင့်လွင်လွင်ပြုပြင်။

ဥ,ဦ- တို့မှာ အထက်အောက်နှုတ်ခမ်းသားနှစ်ပါး သက ဌာန်ကရိုဏ်းကို ပွင့်ပွင့်လွင်လွင်ပြုပြင်။

ဗျည်းနှင့်တွဲစဉ်အခါမှာ အောက်ပယတ်ရောစပ်ပုံ နည်း လမ်းတွင် ညွှန်ပြခဲ့သည့် နည်းလမ်း အတိုင်း သိသာ လောက်ကြပြီ။

အ သရသက်သက်သည် သံဝုဋ္ဌပယတ် ဖြစ်သော်လည်း လည် ချောင်းဝနှင့် လျှာခင် သက ဌာန်ကရိုဏ်းကို ပိတ်ချုပ်သော အခြင်းအရာထင်အောင် ပြုပြင်ရသည့်အတွက် "ဝိဝဋ္ဋနမုခေန" ဟူသော အဋ္ဌကထာဖြင့် ဘာမှမဆိုင်။ လည်ချောင်း တခြား ခံတွင်းဝတခြား အကွဲအပြားကြီး ဖြစ်ကြပြီးမို့ အားနာရန်ကိစ္စ မရှိ။ သို့ဖြစ်ဘိ၍ အ သရကိုလည်း နေယျတ္ထ နည်းအားဖြင့်

မငြောက်မရှိ မဘွန့်မတို ဝိမုတ္တခေါ်ဆို။ ဘာ့ကြောင့်ခေါ်ဆို သော်- အံကိုအဟုရွတ်လျှင် ဝိမုတ္တဖြစ်၍ စင်စင်ကေန် ကံပျက် စေရဲ့။

အ သရနှင့်တွဲသမျှ က,ခ စသည်တို့ကိုလည်း ပယတ် ရောစပ် ပုံ နည်းလမ်းတွင် ညွှန်ပြခဲ့သည့်အတိုင်းသိ။ ပုဒ်စစ်ကျမ်း ညွှန်ပြ ရာ နှုတ်ခမ်းသားနှစ်ခု ပိတ်ဆို့မှုကို "သံဝုဲကပယတ်" မှတ်ယူ သောသူသို့မှာ အသက်ခန္ဓာ သာသနာတော် တခုလုံး ကုန်ဆုံး သည်တိုင်အောင် အအက္ခရာ တခုလုံးကိုပင် နှုတ်ခမ်းကိုပိတ်ဆို့ ပြီးလျှင် ပြီပြင်အောင်ရွတ်ဆိုလို့ စမ်းကြလေဦးဘော့၊ လော်င်း တမ်းတောင်တိုးဝံ့ရဲပါ၏- ဘယ်တော့မှ မပြီစေဘူး၊ တပည့် တော်သာ ဒီလိုယူဆသည် မဟုတ်ပါသေး-

"ကဏ္ဍေ သံဝရိတ္တွာ ဥစ္စာရိတော အကာရောသံဝုတောန့ာမ" ဟူ နိရုတ္တိ ဒီပနီ ဆရာတော်ဘုရား မှာထား ပြောပြ သော စကားကိုလည်း စဉ်းစား ဆင်ခြင်တော် မူကြ ပါဦး။ ဤ ဒီပနီ ဆရာတော် ဘုရားကြီးသည် ပရိယတ် ပဋိပတ် အရာတွင် အလွန်ဉာဏ်စူးသော ပုဂ္ဂိုလ်မြတ်ကြီး တဦးပါပေတည်း၊ အဲဒီလို ဉာဏ်စူးသည့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေအား မိမိ အရပ်ကပင် နေငြားသော်လည်း ကာယ ဝစီ မနော၁ချီ၍ အလီလီ ကန်တော့ လိုက်ပါ၏ဘုရား။ ဒီမျှသာမကပါသေး။ အောက်တွင် ဖော်ပြ ခဲ့ပြီးသော ရူပသိဒ္ဓိစာကိုယ် ဋီကာသဒ္ဒနီတိ ဆရာကြီးများလည်း ပါကြသေး၏။

ဝိမုတ္တလက္ခဏာကို သေသေချာချာပြလိုက်ပါဦးအံ့။
ဝိဝိဓေကိသယာ ဘာဝေ၊ ဘူတတ္တိဿရိယာစ္စယေ၊
ဝိယောဂေကလဟေပါတုံ၊ဘာဝေဘာသေစကုစ္ဆနေ၊ ။

ဒုရာနုဘိမုခတော သုံ၊ မောဟာ နဝဋ္ဌိတိသုစ။
ပမာဒ ဒက္ခတာ ခေဒေ၊ သဟတ္တာ ဒွေဒါ ဝိဒိဿတိ။ ။

ဟူသော မာဂဓအဘိဓာန်စာကိုယ်။

အတိသယော အတြ အဓိမတ္တံ။ ဟူသော အဘိဓာန်ဋီကာ။

ဝိမုတ္တိ ဝိသိဋ္ဌောတျာ ဒီသု အတိသယေ။ ဟူ သော အဘိဓာနပ္ပဒီပိကာသူစိဋီကာ တို့အရ- ဝိ, ပုဗ္ဗ မုစဓာတ်၊ တ, ပစ္စည်း၊ စ,ကိုချေ၊ တ,ကိုလည်း သဒ္ဒိသဒ္ဒေးရေး၍ ရုပ်ပြီးသော ဝိမုတ္တကိုတ်ပုဒ်၌ ဝိ-ဟူသော ဓာတွတ္ထ ဝိသေသက ဥပသာရက လွန်ကဲခြင်း ပရိယာယ်အနက်ပြ အဓိမတ္တ အတိသယတ္တကို ဟောပြောသည်တရပ်။

မုစော မောက္ခေဟူသောဓာတ်ကျမ်းအရ မုစဓာတ်က လွတ်ခြင်းအနက်ကို ဟောပြောသည် တရပ်ကို ပေါင်းစပ်လျှင် နိဂ္ဂဟီတန္တအခြင်းအရာမှ ကဲလွန်၍ "အာ, ကာ" စသော အသံအဖြစ်သို့ရောက်ခြင်းကို နိတတ္ထ၊ "အ, က," စသော အသံအဖြစ်သို့ ရောက်ခြင်းကို နေယျတ္ထနည်းအားဖြင့် ညွှန်ပြကြသည်ကိုသိ။ ဝိဂ္ဂဟတ္ထခင်းကျင်း၍ ထင်လင်းစွာ ပြလိုက်ရဦးတော့။

ဝိ· အဓိမတ္တံ မုစ္စတီတိ ဝိမုတ္တော။ ။ယော၊ အကြင် အ,အာ၊ က, ကာ စသော အက္ခရာသည်။ ဝိ-အဓိမတ္တံ၊ နိဂ္ဂဟိတ်သံမှအလွန်အကဲ။ မုစ္စတိ၊ လွတ်တတ်၏။ ဣတိ သသ္မာ၊ ထိုသို့သော အနက်သဘောကြောင့်။ သော၊ ထို အ,အာ က,ကာ စသောအက္ခရာသံသည်။ ဝိမုတ္တော၊ ဝိမုတ္တက္ခရာမည်၏။

ဝိမုတ္တောဟူသောနိဂ္ဂဟုပုဒ်ဖြင့် ဝစနကိုပြသည်။ ဝိ-အဓိမတ္တံ မုစ္စတိဟူသော ဝါကျဖြင့် ဝစနတ္ထကို ပြသည်။ နိဂ္ဂဟိတ်သံမှ အလွန်အကဲ လွတ်တတ်သော ကြိယာသကတ် ဗျုပ္ပတ္တိနိမိတ် ပဝတ္တိနိမိတ်ဖြင့် ဝစနတေတုကိုပြသည်၊ ဣတိသဒ္ဒါဖြင့် ဝစန ဟေတုဇောတကကိုပြသည်။ အ,အာ က,ကာစသော ဝိမုတ္တက္ခရာ ဒြပ်ဖြင့် ဝစနီယကိုပြသည်။ ဒီဃ ရဿ၊ ဂရုလဟု သိထိလ ဓနိတစသော ဝေဝုစ်ပရိယာယ် အမည်နာမယ်ဘပါးဖြင့် ဝစနီယတ္ထကိုပြသည်မှတ်။ တံ ဝိမုတ္တံဟု ဒုတိယာဧကဝစန အံဝိဘတ်ကျန္တချပါ။ ကတ္တုသာဓန ကိတ်ဝိဂ္ဂိုဟ်။ ဝိ ပုဗ္ဗ၊ မုစ ဓာတ်၊ တ-ပစ္စည်း၊ ဒုတိယာ အံ ဝိဘတ္တိက ဝစနန္တ၊ ကမ္မကာရက၊ ပုမလိင် ကြံ။

ဝိပုဗ္ဗ မုစဓာတ်၏ အရကား နိဂ္ဂဟိတ်သံမှ ကဲလွန်လျက် အ,အာ က,ကာ စသောအသံအဖြစ်သို့ ရောက်ခြင်း ကြိယာ သကတ်ကို ဗျုတိရေကနည်းအားဖြင့်ရ၏။ တ- ပစ္စည်း၏ အရကား ထို လွတ်ခြင်းကြိယာ အသံသကတ်၏တည်ရာ အ,အာ က,ကာ စသော ဝိမုတ္တက္ခရာ ဒြပ်ကိုရ၏။ ဒုတိယ ဝိဘတ်၏ အရကား သည်,ဖြင့်စသော ကတ္တားအနက်၊ ကရိုဏ်းအနက်မှတပါး ကို ဟူသော ကံအနက်၌သာ။

ဤအရာ၌ အံဝိဘတ်သက်သည်ဟု ခွဲခြား ဝေဘန်ခြင်းကို အရင်းထား၍ ဝိမုတ္တက္ခရာပေါင်းမည်မျှဟု ခွဲခြားဝေဘန်ခြင်းကို လည်းရ၏။ ကေဝုစ်သချာ၏အရကား အစိပ်အစိပ် တလုံးတလုံး စိသော ဝိမုတ္တက္ခရာကိုပင်ရ၏။ ကမ္မကာရ၏အရကား လွတ်ခြင်း ကြိယာဖြင့် ရောက်အပ်သော ကြိယာ ပါပုနသတ္တိ၏တည်ရာ

ဝိမုတ္တဗျဥ္စန ဗုဒ္ဓ သဒ္ဒါဖြဒ်ကို ဌာနျူပစာရနည်းအားဖြင့် ရ၏။ ဤကား အဋ္ဌကထာ၌ "ဥပလက္ခေတဗ္ဗာ" ဟူသော ကြိယာကို ငဲ့၍ သဒ္ဒါကိုကောက်ယူသည်။

တနည်း။ ရှုတ်ဆိုခြင်းကြိယာဖြင့် ရောက်အပ်သော ကြိယာ ပါပုဏနသတ္တိ၏တည်ရာ အ,အာ က,ကာ စသော ဝိမုတ္တကွဲရာ ဖြဒ်ကို ဌာနျူပစာရနည်းအားဖြင့်ရ၏။ ဤကား မိမိပုဒ်ရင်း သက်သက်သဘောကိုငဲ့လျက် အနက်ကိုကောက်သည်၊ ပုမလိင်၏ အရကား ဝိမုတ္တလက္ခဏာနှင့်ညီစွာ သန့်ရှင်း ပြီပြင်လွှင်လွှင် ဘတ် ရှုတ်ခြင်းကြိယာ ဝိသဒ္ဒါကာရ အခြင်းအရာကိုရ၏။

အချို့သောပေစာ အဘိဓာန် ဋီကာတို့၌ အတိသယောတြ အဝိမတ္တံဟု တဝမ်းပူနှစ်ဆင့် သဒ္ဒိသဘာဝနှင့်ရှိသည်။ ဤအလိုသော် အဝိမတ္တံ၊ နိဂ္ဂဟိတ်သံမှလွန်ကာမျှ။ မုစ္စတိ၊ လွတ်တတ်၏။ ဒီလိုအနက်ပေး။ ဤအနက်လည်း လျော်ကန်သည်။ သို့အတွက် ပါးစပ်ပေါက်ကို တမတ်ပြား ငါးမူးပြားလောက် ဟာဟာဖွင့် ဟ၍ အသံကိုသာဖြတ်လျက် နိဂ္ဂဟီတန္တ ဘတ်ရှုတ်ကြသောပုဂ္ဂိုလ်များကို လားလားမျှ သဘောမကျနိုင်ပါ။ အ,အာ က,ကာ စသောအသံအဖြစ်သို့ လုံးလုံးကြီး မရောက်သော်လည်း နာသိကဌာန် မပါဝင်သည့်အတွက် လွတ်ကာမျှ ဘာဂ်သို့ သက်ဓော့သည်ဟုထင်ပေသည်။

သံယောကို သယော စသည်ဖြင့် ဘတ်ရှုတ်ကြသော ပုဂ္ဂိုလ်များလည်း ဥတ်ကမ္မဝါအရာတို့၌ ဧင်စစ်ကေန် မသင့်သည်မှန်ပါ၏။ ထိုမှတပါး ဂါထာစုဏ္ဏိယအရာတို့၌ကား ဆန္ဒာနုရက္ခဏ,

နိဂ္ဂဟီတာဂမ ဟူ၍ရင်း၊ ဂရုဂါရဝဋ္ဌာန, ဗဟုဝစန ဟူ၍ရင်း၊ ဝစနဝိပ္ပလ္လာသ ဟူ၍ရင်းယူမှု ဘယ်သူမှမပြောဆိုနိုင်ရာ။

နိဂ္ဂဟီတ, ဝိမုတ္တနှစ်ပါးကို ဗျတိရေကနည်းအားဖြင့် ပြန်လှန်ပုံဥဒရုဏ်ပြယုဂ်ကား-

သုဏာတု မေ တိ ဝိဝဋ္ဋေန မုခေန ဝတ္တဗ္ဗေ ပန သုဏန္တု မေတိဝါ၊ သော ဥတ္တိတိ ဝတ္တဗ္ဗေ သောံ ဥတ္တိတိဝါ အဝိဝဋ္ဋေန မုခေန အနုနာသိကန္တံ ကထာဝစနံ ဝိမုတ္တဿ နိဂ္ဂဟီတဝစနံ နာမ။ ပတ္တကလ္လန္တိ အဝိဝဋ္ဋေန မုခေန အနုနာသိကန္တံ ကတွာ ဝတ္တဗ္ဗေ ပတ္တကလ္လာတိ ဝိဝဋ္ဋေန မုခေန အနုနာသိကန္တံ အကတွာ ဝစနံ နိဂ္ဂဟီတဿ ဝိမုတ္တဝစနံနာမ။ (ပရိဝါ အဋ္ဌကထာ)။

ဤအဋ္ဌကထာ၌ အာ အက္ခရာတလုံးကိုသာ ဝိမုတ္တအရာ ပုံစံပြယုဂ်ထုတ်ပြခြင်းကို ဥပလက္ခဏာနိဒဿနနည်းဟု မှတ်ယူတော်မူကြပါကုန်၊ ပါရိသေသ နည်းအားဖြင့် အကြွင်းကိုသိမ်းရုံးသော် ဥတ်ကမ္မဝါအရာ ဝဂ္ဂန္တငါးလုံး, သရဏဂုဏ်အရာ(မ်) ကာရန္တ တလုံးကိုချန်၍ နိဂ္ဂဟိတ်မှ ကြွင်းကျန်သမျှ အ, အာ က,ကာ စသော အက္ခရာ အကုန်လုံးကိုယူ။

ဥတ်ကမ္မဝါအရာ ဝဂ္ဂန္တငါးလုံးကိုကား "သုဏန္တုမေတိဝါ" ဟူသော အဋ္ဌကထာကိုထောက်၍ရင်း နိဂ္ဂဟိတနှင့် ဝဂ္ဂန္တတို့သည် ကာရိ ကာရိယ ဝဝတ္ထိတ သမ္မန္ဓမျှသာ ထူးသည်၏ အဖြစ်ကြောင့်ရင်း ဝိမတိဋီကာ သီဟိုဠ်ဆရာကြီးက ဝဝတ္ထိဘ သမ္ဗန္ဓ နှစ်ပါးတို့သည် ခပ်သိမ်းသော အခြင်းအရာ အပြားအားဖြင့် သိအပ်သည်ဟု ဆိုသောကြောင့်ရင်း၊ သီဟိုဠ် ရဟန်းတော်များသည် အဋ္ဌကထာ ဝိမတိဋီကာတို့ နည်းနာအတိုင်းမှတ်၍ ရွတ်ဘတ်

ဘော်မူကြသောကြောင့်ငှင်း နိဂ္ဂဟီဘန္တထဲသို့ ထည့်သွင်း ဘတ်ရှဘ်တော်မူကြရန် အလွန်သင့်သည်။

**ဝိမတိဠ္ဌိကာ ပြောပြပုံကား။**

သမ္မန္ဓော ပန ဝဝတ္တာနဥ္စ သဒ္ဒသာပိ ဝဠ္ဌတိတိ ဂ ဟောတဗ္ဗံ။ သုဏံတု မေ တိဝါဟု နိဂ္ဂဟီ ဘန္တနှင့်ရေးသော အဋ္ဌကထာပါဠ်၊ သုဏန္တု မေတိဝါဟု ဝဂ္ဂန္တနှင့်ရေးသားသော အဋ္ဌကထာပါဠ် တို့ကိုလည်း စေ့စေ့စပ်စပ် ကြည့်ရှုတော်မူကြပါ။ ဘယ်ဟာကမှ မှားသည်ဟုမဆိုနိုင်။ ဤအယူအတိုင်း နှစ်သက်၍ မပျက်ခြင်းတူခဲ့မပါမူ ဝဂ္ဂန္တငါးလုံး တည်းဟူသော သမ္မန္ဓ ကာရိယ အက္ခရာဘ်ိုကို ရှွတ်ဆိုတော် မူကြသည့်အခါတွင် နိဂ္ဂဟီတန္တ ဝဝတ္တိတကာရီအဖြစ်သို့ ပြောင်းလဲ၍ ရှွတ်ဘတ်တော် မူကြပါလျှင် အလွန်ပင် လွယ်လှပေသည်။

အဘယ့်ကြောင့်ဆိုသော် ဝဂ္ဂန္တအက္ခရာ အားလျော်စွာ မတြာဝက်ကာလကို သတိပြုနိုင်ကြဘို့ရန် အလွန်ခဲယဉ်းသည့် အတွက်ကြောင့် ပါတည်း။ မြန်မာလူမျိုးတို့သည် အရိုးစဉ်လာ မြန်မာဘာသာ သင်ပုန်းကြီးစာကို သင်အံစဉ်အခါကစ၍ ငှင်း အက္ခရာသံများကို ဖျောက်ဖျက် ပြစ်လိုက်ကြသည့်အတွက် လုံးချင်းကောက်ရှွတ်အံသော်မှ ပြီပြင်ရန်အလွန်ခဲယဉ်းလှလေပြီ။

သီဟိုဠ်အင်္ဂလိပ် ဟိန္ဒူ ဗြာဟ္မဏများသာ ဌာန်ကွဲပြားအောင် ရှွတ်အံ သုံးစွဲလေ့ ပြုနိုင်ကြပေတော့သည်။ သို့အတွက် အထက် ဇယားကွက်သို့ ရောက်သောအခါ ဝဂ္ဂန္တ ငါးလုံး အဝင်အပါ အက္ခရာစုကို နိဂ္ဂဟီတန္တဟု အမှတ်သင်္ကေတ ပြုထားပါအံ့။

နိဂ္ဂဟီတ ဝိမုတ္တနှစ်ပါးကို ပြဆိုခဲ့ပြီး၏။

သမ္ဗန္ဓ ဝဝတ္ထိတ ဗျဉ္ဇန ဗုဒ္ဓိနှစ်ပါးတို့မှာ ခဲရပ်မရှိသည့်အတွက် ကွက်၍ ချန်ခဲ့တော့မည် ကိုယ်တော်တို့·

နိဂ္ဂဟီတန္တ(မ်) ကာရန္တနှစ်ပါးကို ဆက်၍ ပြလိုက်ပါဦးအံ့။

၁။ ဣမာနိ စ ပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိ ဧဝံ ဧကသမ္ဗန္ဓာနိ အနုနာသိကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ။ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ။

(မဟာဝါ အဋ္ဌကထာ)။

၂။ အနုနာသိကန္တံ ကတွာ ဒါနကလေ အန္တရာ ဝိစ္ဆေဒေါ န ကာတဗ္ဗောတိ အာဟ ဧကသမ္ဗန္ဓာနီတိ။

(ဝိမတိ ဝိနောဒနီဋီကာ)

၃။ အနုနာသိကန္တံ ကတွာ ဧကသမ္ဗန္ဓံ ကတွာ ဒါနကာလေ အန္တရာ အဋ္ဌတွာ ဝတ္တဗ္ဗံ။ ဝိစ္ဆိန္ဒိတွာ ဒါနေပိ ယထာဝုတ္တဋ္ဌာနေ ဧဝ ဝိစ္ဆေဒေါ၊ အညတြ န ဝဋ္ဋတီတိ လိခိတံ။

(ဝဇိရဗုဒ္ဓိ ဋီကာ)။

၄။ အနုနာသိကန္တံ ကတွာ ဒါနကာလေ အန္တရာ ဝိစ္ဆေဒံ အကတွာ ဒါတဗ္ဗာနီတိ ဒဿေတုံ ဧကသမ္ဗန္ဓာနီတိ ဝုတ္တံ။ ဝိစ္ဆိန္ဒိတွာတိ (မ်) ကာရန္တံ ကတွာ ဒါနသမယေ ဝိစ္ဆေဒံ ကတွာ။

(တေရသကဏ် ဋီကာ)

၅။ ဧကသမ္ဗန္ဓာနီတိ ဧကတော သမ္ဗန္ဓာနိ။ အနုနာသိကန္တံ ကတွာ ဒါနကာလေ ဗုဒ္ဓံဣတိ သရဏံဣတိ ပဒ္ဒါနဥ္စ သရဏံ

ဉတ္တိ ဂစ္ဆာမိဉတ္တိ ပဒါနဥ္စအန္တရာ ဝိစ္ဆေဒမ ကတွာကေသမွန္ဓ မေဝ ကတွာ ဒါတဗ္ဗာနီတိ ဝုတ္တံ ဟောတိ။

ကသ္မာ-တိဏ္ဏံ ပဒါနမန္တရာ ဗျဝဓာနဿ နိဿရဿ(မ်) ကာရဿ အဘာဝတော။

(ယောဇနာပါဌ်)။

ထိုကျမ်းဆရာကြီး ငါးဦးပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ သဘော အရ ပိဏ္ဍတ္ထ အဓိပ္ပါယ် ကောက်သော် တစပ်တည်း စပ်အောင် ရွတ်ဆိုခြင်းတို့ကိုပြု၍ သရဏဂုံတို့ကို ပေးအပ်ကုန်၏ ဟူသည် ကား တပေါင်းတည်းရောစပ်အောင် ရွတ်ဆိုခြင်းတို့ကိုပြုကုန်၍ သရဏဂုံတို့ကို ပေးရခြင်းတို့ကိုပင် ဆိုလိုပါသည်။ နှာခေါင်းသံ အားလျော်စွာ နာသိကဋ္ဌာန်၌အသံဆုံးသည်ကိုပြု၍ သရဂုံပေး သောအခါ၌ဗုဒ္ဓံဟူသော သရဏံ ဟူသော နှစ်ပုဒ်တို့၏ ၎င်းသရဏံ ဟူသောဂစ္ဆာမိ ဟူသော နှစ်ပုဒ် တို့၏ ၎င်းစပ်ကြား၌ဖြတ်ခြား-ရပ်နားခြင်းကိုမပြုမလုပ်မူ၍ တစပ်တည်းစပ်အောင် ရွတ်ဆိုခြင်း ကိုသာလျှင်ပြုလုပ်၍ သရဏဂုံတို့ကိုပေးအပ်ကုန်၏။ ဤသို့သော အဓိပ္ပါယ်ကို ပြောဆိုလိုသည် ဖြစ်ပါ၏။ အဘယ့်ကြောင့်နည်း ဟူမူ-သုံးပါးကုန်သော ဝိဘတ်ျန္တပုဒ်တို့၏စပ်ကြား၌ ခြားသော နေရာတစုံတခုသောအက္ခရာ၏ မရှိသည်၏အဖြစ်ကြောင့်ပါ။

ဖြတ်ရမည်ဟူသည်ကား- ဖြတ်ခြား ရပ်နားခြင်းကို ပြုလုပ်၍ သရဏဂုဏ်ပေးသောအခါ၌ သုံးပါးကုန်သောပုဒ်ကို၏စပ်ကြား၌ တစပ်တည်း စပ်အောင် ရွတ်ဆိုခြင်းကို မပြုလုပ်မူ၍ ဖြတ်ခြား ရပ်နားခြင်းကိုသာလျှင် ပြုလုပ်၍ သရဏဂုံတို့ကို ပေးအပ်ကုန် ၏၊ ဤသို့သောအဓိပ္ပါယ်သဘောကို ပြောဆိုလိုသည် ဖြစ်ပါ၏။

အဘယ့်ကြောင့်နည်းဟူမူ- သုံးပါးကုန်သော ပုဒ်တို့၏စပ်ကြား၌ ခြားသောနေရာ သရကင်းသော (မ်) အက္ခရာ၏ ရှိနေသည်၏ အဖြစ်ကြောင့်ပါ။

## ယောဇနာဆရာ အဓိပ္ပါယ်ပြောပြပုံ။

ယောဇနာပါဌ်ကိုလွှတ်၍ တထပ်တဖန်အာဝယဝတ္ထုအဓိပ္ပါယ် ပြန်ဆိုလိုက်ပါဦးအံ့။ ဗုဒ္ဓံဟူသော ဝိဘတျန္တပုဒ်တွင် အတွင်းဝင်သော ခံ ဟူသောအက္ခရာသံ၌ (ခ)အောက်မြိုက် အက္ခရာသည် ဖုဋ္ဌပယတ်လျှာဖျားကရိုဏ်း၊ သွားဖျားဌာန်၌ အသံဖြစ်သည်။ အ သရကား သံဝုတပယတ် သကဏ္ဌာနကရိုဏ်း လည်ချောင်းဝနှင့် လျှာခင်ဌာန်တွင် အသံဖြစ်သည်။ သေးသေးတင် ဗိန္ဒု ပျောက် အပေါက်အငေါ်ကလေးကား နိဂ္ဂဟ အဝိဿဇ္ဇပယတ် အဝိဝဋ္ဋမုခကရိုဏ်း နှာခေါင်းဌာန်မှာ အသံဖြစ်သည်။ သုံးပါးလုံး ရောစပ်လျှင် (ခံ)အောက်မြိုက်သံက ရှေ့သီသီ၊ အသရသံက အလယ်သီသီ၊ နိဂ္ဂဟိတ်သံက နောက်သီသီ မရှေးမနှောင်း တပေါင်းတည်းကဲ့သို့နှစ်မတြာကာလအတွင်းဖြစ်ပေါ်လာကြသည်။

ဤနေရာစပ်ကြား၌ ခပ်ကြာကြာ မရပ်နားဘဲ သဏံဂုမ်ပုဒ်ကိုဆက်စပ်၍ တဘန်ရွတ်ဆိုပြန်သော် သရဏံဟူသော ဝိဘတျန္တပုဒ်တွင် အတွင်းဝင်သော ဏံဟူသော အက္ခရာသံ၌ (ဏ်)အက္ခရာသည် ဖုဋ္ဌပယတ်လျှာဖျား၏အနီးအပါး ကရိုဏ်း အာထိပ်အာဖျားဌာန်တွင်အသံဖြစ်သည်။ အံ ဟူသော အက္ခရာသံကိုအောက်က နည်းတူယူ။ သုံးပါးလုံးရောစပ်လျှင် (ဏ်)ကြီးသံက ရှေ့သီသီ

အသရသံက အလယ်သီသီ နိဂ္ဂဟိတ်သံက နောက်သီသီ မရှေး မနှောင်းတပေါင်းတည်းကဲ့သို့ နှစ်မတြာကာလအတွင်း ဖြစ်ပေါ်လာကြသည်။ ဤနေရာစပ်ကြား၌လည်း ကြားကြာမရပ်နားဘဲ ဂဏ္ဍာမိဟူသောပုဒ်ကို ဆက်စပ်၍ တဘန်ရွတ်ဆိုရပြန်သည်။ ဗ်လို ဆက်စပ်လျက် မရပ်မနား ရွတ်သွားရခြင်း၏ အကြောင်းကား နှာခေါင်းဌာန်၌ အသံဖြစ်သော သေးသေးတင် နိဂ္ဂဟိတ်ဆုံး သမ္ဗအက္ခရာတို့၏ ပဝေဏီစဉ်အလာ ဓမ္မတာပါတည်း။

ထိုစကားကို ထင်ရှားသိသာရန် ထပ်မံ၍ပြောပြလိုက်ပါဦးအံ့။ (မံ)ဟူသော အက္ခရာသံကိုရွတ်ဆိုခိုက် အက္ခရာသုံးလုံးတွင် နိဂ္ဂဟိတ်အက္ခရာသံက နောက်ဆုံးကျသည်။ (ဏံ)ဟူသောအက္ခရာသံကိုရွတ်ဆိုခိုက်လည်း ဤနည်းတူ။ ဒီလို ဆုံးသောကြောင့် ခံတွင်းဝကို မဟာလွန်း မစေ့လွန်းထား၍ နှာဖျားသို့လေသွားအောင် လေချွန်သ ပို မြွေတွန်သလို ရွတ်ဆိုလိုက်ရာ နှစ်မတြာ ကာလနှင့်ညီမျှလျှင်ညီမျှခြင်း ရှေ့ကိုဆက်ကာ ခပ်ကြားကြာ မရပ်နား မဖြတ်ခြားဘဲ ရွတ်ဆိုရမည်ဟု အဋ္ဌကထာဆရာကြီးနှင့် တက္ကဝိမတိဋီကာ ဝဇီရဗုဒ္ဓိဋီကာ တေရသကဏ္ဍဋီကာ ယောဇနာ ဆရာကြီးများက မှာထား ပြောပြတော်မူခဲ့ကြပေသည်။ ပရိယတ္တိ ဝိသာရဒ လင်္ကာပေသလသိက္ခာကာမ ဝိနယဓရပုဂ္ဂိုလ်ကိုယ်တော်အသျှင်မြတ်တို့ဘုရား။

မမ္ဘံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ တို့ကိုလည်း ဤနည်းတူ မှန်မှန်ကြံစည်ယူဆဘော်ကြပါစေသား၊

ဒီအရာလည်း အသိဉာဏ်အဘတ်အရွတ် ခံရပ်တချက်။

(မ်) ကာရန္တပေးခိုက် ဗုဒ္ဓံ ဟူသောပုဒ်တွင် အတွင်းဝင်သော (ဓမ်)ဟူသော အက္ခရာသံ၌ (မ်)အောက်ခြိုက်ဗျည်းအသရတို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်းသိ၊ (မ်)အက္ခရာသည် ဖုဋ္ဌပယတ် သက ဌာန်ကရိုဏ်း အထက်အောက် နှုတ်ခမ်းသား ဌာန်မှာ အသံဖြစ်သည့်အတွက် (ဓမ်)ဟူသော အသံပြီလျှင်ပြီခြင်း နှစ်မတြာကာလ အတွင်း အထက်အောက် နှုတ်ခမ်းသား နှစ်ပါးကို ထိလိုက်စေ့ လိုက်ရသောကြောင့် (ဓမ် ဟူသော အသံပြတ်သွား ပြီး သည့် နောက် သရဏံဟူသောပုဒ်ကိုဆက်စပ်၍ တဘန်ရွတ်ဆိုပြန်သော် သရဏံ ဟူသော ပုဒ်တွင် အတွင်းဝင်သော (ဏမ်) ဟူသော အက္ခရာသံ၌ ဗျည်း အသရတို့ကို ပြဆို ခဲ့ပြီးသည့် အတိုင်းပင်၊ (မ်) အက္ခရာသည် ဖုဋ္ဌ ပယတ်ဖြစ်သည်အတွက် (ဏမ်)ဟူသော အသံပြီလျှင်ပြီခြင်း နှစ်မတြာကာလအတွင်း အထက် အောက် နှုတ်ခမ်းသားနှစ်ပါးကို ထိလိုက် စေ့ လိုက်ရသောကြောင့်(ဏမ်) ဟူသောအသံ အတန်ငယ် ပြတ်သွားပြီးသည့်နောက် ဂစ္ဆာမိ ဟူသောပုဒ်ကို ဆက်စပ်၍ တဘန် ရွတ်ဆိုရပြန်သည်။ ဒီလို မ်) အက္ခရာကို ရွတ်ဆို၍ပြီးဆုံးတိုင်း ပြီးဆုံးတိုင်းကို အသံပြတ်၍ သွားသောကြောင့် ဖြတ်ခြားသလို ရပ်နားသလိုနေသည်။အဲဒီလို အခိုက်ကိုရည်၍—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိဝါကတွာ ဒါတဗ္ဗာနိဟု မဟာဝါ အဋ္ဌကထာဆရာကြီးနှင့်တကွ ဝိမတိဝိနောဒနိဋီကာ ဝဇိရဗုဒ္ဓိဋီကာတေရသကဏ္ဍဋီကာ ယောဇနာ ဆရာကြီးများ မှာထား ပြောပြတော် မူခဲ့ကြပေသည်၊ ပရိယတ္တိဝိသာရဒ လင်္ဂါပေသလ သိက္ခာကာမ ဝိနယဓရပုဂ္ဂိုလ်ကိုယ်တော်အသျှင်မြတ်တို့ဘုရား။

မွမ် သရဏာမ် ဂစ္ဆာမိ၊ သံဃမ် သရဏာမ် ဂစ္ဆာမိ တို့ကိုလည်း ဤနည်းတူ မှန်မှန် ကြံစည် ယူဆတတ်ကြပါစေသား။ ဤနေရာ၌လည်း အသိဉာဏ် အဘတ်အရွတ်ခဲရပ်ကြီးတချက်။

ဤကဲ့သို့ ပြိုပြိုပြင်ပြင် ရွတ်ဆို၍ပေးတဘ်ယူတတ်က ဒုတိယမ္ပိ တတိယမ္ပိ မထပ်သော်လဲ နိဂ္ဂဟိတန္တသုံး ဝါကျသက်သက်ဖြင့်ရင်း၊ မကာရန္တသုံး ဝါကျ သက်သက်ဖြင့်ရင်း သရဏဂုမ်ကိစ္စပြီးစီး၍ ဆယ်ပါးသီလတည်းဟူသော သာမဏေရပဗ္ဗဇ္ဇိတသီလလိင်ဆယ်ပါး ဒဏ်ဆယ်ပါးသေခိယခုနစ်ဆဲ့ငါးပါး စုဒ္ဒသခန္ဓကဝတ်များလည်း အလကား အလိုအလျောက်ရတာနာခုနစ်ပါးဖြင့်ပြီးသောပဒေသာပင်ကြီး ပေါက်သကဲ့သို့ခံယူဆောက်တည်သော ပုဂ္ဂိုလ်၏ဆိပ်ထက်နှလုံးတွင်းဝယ် တွယ်မှိကာ ပေါက်ရောက်လာပါတော့သည် မယုံလျှင်—

"ပဗ္ဗဇ္ဇာ ဟိ သရဏဂမနေနဟဝ သိဒ္ဓါ၊ သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာ ပဒပရိပူရဏတ္ထံ ဇာနိတဗ္ဗာနိ" ဟူသော မဟာဝါ အဋ္ဌကထာကိုထောက်ပါ။

သည်မျှသာမကသေး၊ ဥတ္တိစတုတ္ထ ကမ္မဝါစာကို မပညတ်မီ ဟို-ရှေးကြီးတုန်းက သရဏဂုမ်သုံးပါး သုံးဝါကျကိုသာ ပြိုပြင်စွာ ပေးတတ် ယူတတ်ကာမျှနှင့် နှစ်ရာ့ နှစ်ဆဲ့ ခုနစ်ပါးသော ရဟန်းကျင့်ဝတ်တရား ဝါရိတ္တ သိက္ခာပုဒ်တော်များ, ကုဋေကိုးထောင့် တရာ့ ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင် (၉၁၈၀၅၀၃၆၀၀၀)အားဖြင့် အပိုင်းအခြားရှိသော ရဟန်းတို့၏ ကျင့်ဝတ်တရား စာရိတ္တသိက္ခာပုဒ်ခဘော်များလည်း အလကား အလိုအလျောက် ရဟန်းလုပ်လို၍ သရဏဂုမ် ခံယူဆောက်

တည်သော ပုဂ္ဂိုလ်တို့၏ ထိပ်ထက် နှလုံးတွင်းဝယ် တွယ်မှီကာ ပေါက်ရောက်လာပါတော့သည်၊ သာ ဓမ္မတာ။

ဥပမာကား- ပြည်တန်သောပတ္တမြားတို့မည်သည် ဘယ်ဝတ္တု ကိုမဟူ ဝယ်ယူလိုက မရမရှိသကဲ့သို့ပါပေတည်း။ အဲဒီလိုအမျိုး မွန်သော အဘိုးတန်ရတနာစစ် ဖြစ်သည့် အတွက် ကြောင့် သာ သုံးကြိမ်သုံးခါ ဒုတိယမို့ တတိယမ္ပိထပ်၍ အထပ်ထပ် ဆောက်တည် ခံရှိ ပေးရိုးယူရိုးပြုကြသည်ဟူ၍သာ သမ္မာအယူ ပြုစင်တော်မူကြပါ- သာသနာ့ဂိုဏ်းဝင် အသျှင်မြတ်တို့ဘုရား။

မဟာဝါပါဠိတော်မှာ ဒုတိယမ္ပိတတိယမ္ပိထပ်၍ရေးထားရ ခြင်းကားဂရုကနည်းပေတည်း။ သမ္မာဝါဒဖြစ်စေရန်သာ ညွှန် ပြလိုက်ပါသည်။ အကြိမ်အရာ အကြိမ်အခေါင်ပင်ရွတ်သော်လဲ တတ်နိုင်လျှင် သင့်မြတ်သည်သာ။

နိဂ္ဂဟိတန္တ မ်ကာရန္တနှစ်ပါးကို ပြဆိုခဏ်းပြီး၏။

## သရဏဂုမ် ပေးပုံယူပုံ အစီရင်ကိုပြဆိုခဏ်း။

သရဏဂုမ် ပေးပုံယူပုံ အစီအရင်ကို သွန်သင်မှာထား၍ ညွှန် ကြားတော်မူလိုသော ကိုယ်တော်အသျှင်မြတ်ဘုရားသည်—

ပထမံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ ဘိက္ခူနံ

ပါဒေ ဝန္ဒာပေတွာ ဥက္ကုဋိကံ နိသီဒါပေယျ။ အဉ္ဇလိံ ပဂ္ဂဏှာ ပေတွာ ဧဝံ ဝဒေဟီတိ ဝတ္တဗ္ဗော။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ တီဟိ သရဏဂမနေဟိ သာမဏေရပဗ္ဗဇ္ဇံ။
ဟူသော သာမုက္ကံသိက ဒေသနာတော်ကို ဟောကြားတော်မူခဲ့ ပေသည်။

ပဗ္ဗဇ္ဇကိစ္စ ၆-ပါး— ဆံပင် မုတ်ဆိတ် ကြင်စွယ်တို့ကိုပယ်ရိတ် စေခြင်း (၁)။ သင်္ကန်းတို့ကို ဝတ်ရုံစေ ရခြင်း (၂)။ လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ပတ်စမွယ်ဘင် စေရခြင်း (၃)။ ရဟန်းတို့၏ ခြေတော်စုံတို့ကို ရှိခိုးစေရခြင်း (၄)။ ဆောင့်ကြောင့်ထိုင်နေစေရခြင်း (၅)။ လက်အုပ်ချီစေ ရခြင်း (၆)တို့ကား သရဏဂုံမပေးမီ ပြုလုပ်စေရသော ပဗ္ဗဇ္ဇကိစ္စ ခြောက်ပါးတို့ သာတည်း။

ရှင်ပြုခြင်း အစီအရင်— ရှင်ပြုခြင်းအစီအရင်ကား သုံးပါးသာ လျှင်တည်း။ ထို့ကြောင့် တေရသကဏ္ဍ ဋီကာ၌- "ကေသစ္ဆေဒနံ၊ ကာသာယစ္ဆာဒနံ၊ သရဏဒါနန္တိ ဟိ ဣမာနိ တီဏိ ကရောန္တော ပဗ္ဗာဇေတီတိ ဝုစ္စတိ"ဟု လာရှိ ပေသည်။ ထိုသုံးပါးတို့တွင်လည်း ရဟန်းမှသာ ပြုကောင်းသော အရာဖြစ်၍ စင်စစ်မှုချရှင်ပြုခြင်းအစစ်ကား သရဏဂုံ သုံးပါး ကို ဌာနကရိုဏ်း ပယတ်တို့ဖြင့် ညီညွတ်ပြီပြင်စွာ ပေးခြင်းယူခြင်း ဥဘတော သုဒ္ဓိအင်္ဂါ သာတည်း။ ထို့ကြောင့် တေရသကဏ္ဍ ဋီကာ၌-

ဧတေသု ဧကံ ဒွေ ဝါပိ ကရောန္တော တထာ ဝေါဟရိ ယတိယေဝ၊ ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတီတိ သရဏဒါနံ သန္ဓာယ ဝုတ္တံဟု ညွှန်ပြတော်မူပေသည်။ သို့အတွက် သရဏဂုမ် ပေးပုံယူပုံ ဥဘတော သုဒ္ဓိအင်္ဂါကိုသာ လိုရင်းကြီး ထား၍ ညွှန်ကြားတော်မူလိုသော အသျှင်မဟာကဿပ အစရှိသော သင်္ဂါယနာတင် ရဟန္တာ အဋ္ဌကထာ ဆရာမြတ်တို့သည်-

၁။ အထဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိ အာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ၊ ယထာဝုတ္တ ပဋိပါဋိယာ။ သစေ ဟိ ဧကပဒမ္ပိ ဧကက္ခရမ္ပိ ဥပ္ပဋိပါဋိယာ ဒေတိ၊ အဒိန္နာနိ ဟောန္တိ သရဏာနိ၊ ဣမဋ္ဌ ပန သရဏဂမနုပသမ္ပဒံ ပဋိက္ခိပိတွာ အနုညာတဥပသမ္ပဒါ ကေဝလာ သုဒ္ဓိယာ ဝဋ္ဋတိ။

၂။ သာမဏေရပဗ္ဗဇ္ဇာ ပန ဣမာနိ တီဏိ သရဏာနိ ဗုကာရ မကာရာဒီနံ ဗျဉ္ဇနာနံ ဌာန ကရဏသမ္ပဒံ အ ဟာပေန္တေနေဝ အာစရိယေနပိ အန္တေဝါသိကေနပိ ဝတ္တဗ္ဗာနိ။ သစေ အာစရိယော ဝဏ္ဏံ သက္ကောတိ၊ အန္တေဝါသိကော ဝါ သက္ကောတိ၊ အာစရိယော န သက္ကောတိ၊ ဥဘောပိ ဝါ န သက္ကောန္တိ၊ န ဝဋ္ဋတိ၊ သစေ ပန ဥဘောပိ သက္ကောန္တိ ဝဋ္ဋတိ။

(မဟာဝါ အဋ္ဌကထာ)

၃။ ဧကပဒမ္ပိတိ တီသု ဝါကျပဒေသု ဧကံ ဝါကျပဒမ္ပိ၊ နဝသု ဝါ ဝိဘတျန္တပဒေသု ဧကပဒမ္ပိ၊ ဧကက္ခရမ္ပိတိ ဧတေသုယေဝ ဧကက္ခရမ္ပိ၊ ကေဝလာ သုဒ္ဓိယာတိ ကေဝလ ကမ္မဝါစာစရိယဿ ဌာနကရဏ သမ္ပတ္တိယာ သုဒ္ဓိနေန။ ဥဘတော

သုဒ္ဓိယာဝါတိ ဥဘယေသံ သရဏာဒါနာစရိယ သာမဏေရာနံ သုဗ္ဗနေနစေ ဌာနကရဏာသမ္ပဒန္တိ ဥရအာဒိဌာနာနဥ္စ၊ သံဝုဋ္ဌာဒိ ကရဏာနဥ္စသမ္ပဒံ၊ ဝတ္တာန္တိ ဌာနကရဏာသမ္ပဒံ ဝတ္တုံ။ န သက္ကော တီတိ ဝတ္တုံ န သက္ကောတီတိ ယောဇနာ။

မဟာဝါ အဋ္ဌကထာ ဝါကျကို အချက်ကျကျ မြန်မာပြန်သော်—

၁၊ အထ၊ ထို ဖေံဝဒေဟိဟူသော ပါဠိတော်နည်း, ယ မဟံ ဝဒါမိ တံ ဝဒေဟိ ဟူသော အဋ္ဌကထာနည်းကို ဆိုပြီးသည်၏ အခြားမဲ့၌။ အသာ ထိုသာမဏေလောင်းအား။(ဒါတဗ္ဗာနီဠိ သမ္ပဒါန်စပ်)၊ ဥပဇ္ဈာယေနဝါ၊ အပြစ်ကြီးအပြစ်ငယ် အသွယ် သွယ်ကို သေ့ဖယ် ရှောင်ကြဉ်စေဘို့ရန် သွန်သင်ဆုံးမ ဩဝါဒ ပေးတတ်သော ဥပဇ္ဈာယ်ဆရာကြီးသည်လည်းကောင်း၊ အာစရိ ယေနဝါ ဥပဇ္ဈာယ် ဆရာကြီးက ညွှန်ကြားသော လက် ထောက်အောက်ခံဆရာတဦးဦးသည်လည်းကောင်း။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိ အာဒိနာ နယေန၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဤသို့ အစရှိ သော နိဂ္ဂဟီတပေးပုံ ပါဠိတော်နည်းဖြင့် (ဤ၌ အာဒိဝန်ကို ဓမ္မံ သရဏံဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ နှစ်ဝါကျကို မှချယူ၊ အနုလောမ အနွယနည်းအားဖြင့်ကား (မ်)ကာရန္တ သုံးဝါကျ ဒုတိယမ္ပိ တတိယမ္ပိ ခြောက်ဝါကျတို့ကိုလည်း ယူလေဦး။ပဋိလောမ ဗျတိရေကနည်းအားဖြင့်ကာ ပါဠိဘော်အဋ္ဌကထာအား၊ မလျော် သမျှ ဆန့်ကျင်ဘက်ပဋိမက္ခနည်းတို့ကို အားလုံးကြီး အပြီးပယ် လိုက်ပါ) သရဏာနိ၊ သရဏဂုမ်သုံးပါးတို့ကို။ ယထာဝုတ္တ ပဋိပဋိ ယာ၊ အကြောင်အကြောင် ဆိုအပ် ဆိုသင့်သော အစဉ်အားဖြင့်။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။

ဥပ္ပဋိပါဋိယာ အသျှင်မဟာကဿပအစရှိသောရဟန္တာပုဂ္ဂိုလ်မြတ်တို့ ရွတ်ရိုးရွတ်စဉ် မဟုတ်သောအားဖြင့်။ န ဒါတဗ္ဗာနိ၊ မပေးအပ်ကုန်။ ဟိ·သစ္စံ၊ ထိုစကားသည် မမှားကောန်စင်စစ်မှန်ပါ၏။ ဝါ၊ သေရ ါစေတော၊ သစေ၊ အကယ်၍တည်း။ ကေပဒမ္ပိ တပုဒ်တည်းကိုလည်းကောင်း။ ကေက္ခရမ္ပိ·အက္ခရာတလုံးတည်းကိုလည်းကောင်း။ ဥပ္ပဋိပါဋိယာ၊ ရဟန္တာအသျှင်မြတ်တို့ ရွတ်ရိုး·ရွတ်စဉ်မဟုတ်သောအားဖြင့်။ ဒေတိ၊ ပေးမိခဲ့အံ့။ ဝါ၊ တနည်းတခြား လွဲ၍သွားပုံကား။ ဗုဒ္ဓံ သရဏံ ယောဝ၊ ဗုဒ္ဓံ သရဏံ နှစ်ပုဒ်ကိုသာလျှင်။ တိက္ခတ္တုံ၊ သုံးကြိမ်သုံးခါ။ ဒတွာ၊ ပေးပြီး၍။ ပုန၊ နောက်ထပ်တဖန်။ ဣတရေသု၊ ဤမှတပါးကုန်သော ပုဒ်အများတို့၌ ငါ။ ကေကေံ၊ တပုဒ်စီတပုဒ်စီကို။ တိက္ခတ္တုံ၊ သုံးကြိမ်သုံးခါပေ။ ဒေတိ၊ ပေးမိခဲ့ငြားအံ့။ သရဏာနိ၊ သရဏဂုံ သုံးပါးတို့ကို။ အဒိန္နာနိ၊ မပေးအပ်သည် မည်ကုန်သည်။ ဟောန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ပန၊ ကေတောသုဒ္ဓိ ဥဘတောသုဒ္ဓိ နှစ်ပါးကို ခွဲခြား၍ ပြလိုက်ပါဦးအံ့။ ဣမဋ္ဌ· ဣမံ ဧဝ သရဏဂမနုပ သမ္ပဒံ၊ ဤသရဏဂုံသုံးပါးဖြင့် ပဉ္စင်းခံခြင်းကို သာလျှင်။ ပဋိက္ခိပိတွာ၊ ပယ်တော်မူ၍။ အနုညာတဉပသမ္ပဒါ၊ ခွင့်ပြုတော်မူအပ်သော ဉတ္တိစတုတ္ထကံဖြင့် ပဉ္စင်းခံခြင်းသည်။ ကေသောသုဒ္ဓိယာ၊ ကမ္မဝါစာ ဆရာ တဦးတည်းပင် ဥတ်ကမ္မဝါ အပြစ်ကိုကြဉ်၍ စင်ကြယ်စွာ ရွတ်ဖတ်ခြင်းဖြင့်။ ဝဋ္ဋတိ၊ သင့်မြတ်၏။

၂။ ပန၊ ကေတောသုဒ္ဓိနည်းကို ပြဆိုပြီးသည်မှ ဥဘတောသုဒ္ဓိနည်းကိုလည်း ပြဆိုလိုက်ပါဦးအံ့။ သာမဏေရပဗ္ဗဇ္ဇာ၊ ရှင်သာမဏေစင်ဖြစ်ခြင်းသည်။ ဥဘတောသုဒ္ဓိယာဝ၊ ဆရာတပည့်

နှစ်ပါးစုံ သရဏဂုံ ပြီပြင်စင်ကြယ်ခြင်းဖြင့်သာလျှင် ဝဋ္ဋတိ သင့်မြတ်ပါ၏။ ကေတော သုဒ္ဓိယာတဦးဦးက သရဏဂုံ ပြီပြင်စင်ကြယ်ရုံမျှဖြင့်။ နော ဝဋ္ဋတိ၊ မသင့်မြတ်ပါ။ တသ္မာ၊ထိုသို့ ဥတ္တိစတုတ္ထဥပသမ္ပဒကံက ကေတောသုဒ္ဓိအမှန် သရဏဒါန သာမဏေ ရပဗ္ဗဇ္ဇကံကာဥဘတောသုဒ္ဓိအမှန်ဖြစ်သည့်အတွက်ကြောင့်။ ဥပသမ္ပဒါယ- ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့်။ ပဉ္စင်းခံသောအခါ၌။ အစရိယော၊ ဥတ်ကမ္မဝါဆရာသည်၊ဥတ္တိဒေါသဉ္စ၊ ဥတ်၏ အပြစ်ကိုသာလျှင် လည်းကောင်း၊ ကမ္မဝါစာဒေါသဉ္စ၊ ကမ္မဝါစာ၏ အပြစ်ကိုလည်းကောင်း။ ဝဇ္ဇေတွာ၊ ဖဲ့ကြဉ်၍။ ကမ္မံ၊ ဥပသမ္ပဒကံကို၊ သစေ ကရောတိ၊အကယ်၍လည်း ပြုလုပ်နိုင်သည်ဖြစ်ခဲ့ငြားအံ့။ ကမ္မံ၊ ဥပသမ္ပဒကံသည်။ သုကတံ ကောင်းစွာပြုအပ်သည် မည်တော့သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ သုကတံ ဟောတိ၊ ရဟန်းကောင်း ရဟန်းစစ် ထင်ရှား ဖြစ်ပေတော့၏။

၃။ ပန၊ သာမဏေရပဗ္ဗဇ္ဇကံသည်ဥဘတောသုဒ္ဓိမှန်ကြောင်းကို ကောင်းကောင်းကြီးဖော်ပြလိုက်ပါဦးအံ့။ ပဗ္ဗဇ္ဇာယ၊ သရဏဂုံသုံးပါးကိုရွတ်၍ ပဗ္ဗဇ္ဇကံကို ဆောင်သောအခါ၌။ ဣမာနိ တီဏိ သရဏာနိ၊ ဤ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိဟူသော သရဏဂုံ သုံးပါးတို့ကို။ ဗုဏ္ဏာရကောရာဒီနံ၊ ဗုအက္ခရာ ဓအက္ခရာ အစရှိကုန်သော။ ဗျဉ္စနာနံ၊ အက္ခရာတို့၏။ ဌာနကရဏသမ္ပဒံ၊ ဌာန်ကရိုဏ်းတို့နှင့် ပြည့်စုံခြင်းကို။ အဟာပေန္တေနေဝ၊ မယုတ်စေဘဲဖြင့်သာလျှင်။ အာစရိယေနပိ၊ သရဏဂုံပေး ဆရာသည်လည်းကောင်း၊ အန္တေဝါသိကေနပိ၊သရဏဂုံယူသည့် အတွင်းနေ တပည့်လောင်း သာမဏေ

ကောင်းသည်လည်းကောင်း။ ဥဘောတိ၊ နှစ်ပါးကုန်သော ဆရာတပည့်တို့သည်။ ဝတ္တဗ္ဗာနိ၊ ပြုပြင်စွာ ရွတ်ဆိုအပ်ကုန်၏။ သစေ၊ အာကယ်တကတဲ မငယ်မလွှဲ။ အာစရိယော၊ သရဏဂုဏ်ပေးသော ဆရာက။ ဝတ္တံ၊ ပြုပြင်စွာ ရွတ်ဆိုခြင်းငှာ။ သက္ကောတိစွမ်းနိုင်ပါစေဦးတော့။ အန္တေဝါသိကော၊ သရဏဂုဏ်ယူသည့်အနီးနေ တပည့်က။ ဝတ္တံ၊ ပြုပြင်စွာရွတ်ဆိုခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်ခဲ့ငြားအံ့။ နဝဋ္ဋတိ မသင့်မြတ်။ ဝါ၊ တနဲတဖုံ ဘက်မစုံပုံကား။ အန္တေဝါသိကော၊ သရဏဂုဏ်ယူသည့် အနီးနေ တပည့်ကောင်း သာမဏေလောင်းက။ သက္ကောတိ၊ ပြုပြင်စွာရွတ်ဆိုခြင်းငှာ စွမ်းနိုင်ကောမူ။ အာစရိယော၊ သရဏဂုဏ်ပေးပုဂ္ဂိုလ်ကြီးက။ န သက္ကောတိ၊ ပြုပြင်စွာရွတ်ဆိုခြင်းငှာ မစွမ်းနိုင်ခဲ့ပါမူ၊ နဝဋ္ဋတိ၊ မသင့်မြတ်မလျော်ကာ မဘော်တန်ပါသေး။ ဝါ၊ နှစ်ပါးစုံပျက်၍ အရှက်ကွဲရုံမျှမက သာသနာဖျက်ကြပုံကို ပြဆိုလိုက်ပါဦးအံ့။ ဥဘောပိ၊ သောကောရောကော ဆရာတပည့် နှစ်ဦးနှစ်ဝဂေါဂဏ်တို့သည်လည်း။ န သက္ကောန္တိ၊ ပြုပြင်စွာ ရွတ်ဆိုခြင်းငှာ မစွမ်းနိုင်ကုန်ငြားအံ့။ နဝဋ္ဋတိ၊ သာ၍ပင် မသင့်မြတ်။

ပန၊ နှစ်ပါးစုံကောင်းကောင်းအရိယာလောင်းတို့ ပေးပုံယူပုံကိုစုံလင်စွာပြဆိုလိုတ်ပါဦးအံ့။ သစေ၊ စင်စစ်ကေန် အမှန်မလွဲတကယ်။ ဥဘောပိ၊ ဆရာတပည့်နှစ်ဦး ပုဂ္ဂိုလ်ထူးတို့သည်မူကား။ ဝတ္တံ၊ ပြုပြင်စွာရွတ်ဆိုခြင်းငှာ။ သက္ကောန္တိ၊ တတ်စွမ်းနိုင်ကြပေကုန်၏ ဝဋ္ဋတိ၊ သင့်မြတ်လျော်တန် တော်တန်လှပါပေ၏။

(ဤကား အဋ္ဌကထာဆရာ နှစ်သက်အောင် အချက်ကျကျ မြန်မာပြန်ဆိုပုံ)။

မဟာဝါအဋ္ဌကထာကြီး၌ "ဗုကာရကောရာဒီနံဗျဉ္စနာနံဌာနကရဏာဒိသမ္ပဒံ အဟာပေန္တေနေဝ" ဟူသော အမှာစကားကို အက္ခရာဟာပနဖြစ်မည်ကိုစိုး၍သာ မှာထားတော်မူပေသည်။ စိုးရိမ်တော်မူသည့်အချက်ကား ဗုဒ်ကို ဥဟုဋ္ဌင်း ဗဒ်ဟုဋ္ဌင်း ဘုတ်ရွှတ်ကြမည်ကိုမရွတ်စေလိုပါ။ ခံကို အံဟုဋ္ဌင်း ခ ဟုဋ္ဌင်း, ဏံကို အံဟုဋ္ဌင်း ဏဟုဋ္ဌင်း ဤသို့စသည်ဖြင့် ဘတ်ရွတ် ကြလိမ့်မည်ကိုသာ စိုးရိမ်ရင်းဖြစ်ပေသည်၊ မံ့ ဏံ ဟုစသည်တို့ကဲ့သို့အက္ခရာသုံးလုံးဆိုင် ပြိုင်ယှဉ်လျက်နေကြရာ ခ်ဗျည်း ဏ်ဗျည်း ံဗျည်းတို့၏ အသက်ကား အသရပေတည်း။ ပဌာန အပဌာန စိစစ်ရွေးချယ်သော် ပညာဝန်တော်ဒဂ်ရ ပဋိသမ္ဘိဒါ ပတ္တရဟန္တာအသျှင်ကစ္စည်းထေရ်မှစ၍ ရူပသိဒ္ဓိ သဒ္ဒနီတိစသော သဒ္ဒါကျမ်းအစောင်စောင်တို့၌ "ပုဗ္ဗမဓော႒ိတမသညံသရေန ဝိယောဇယေ၊ နယေပရံ ယုတ္တေ၊ အံဣတိ နိဂ္ဂဟီတံ၊ ဧဝံ ဝုတ္တေ၊ တံ သာဓူတိ

ကရဏံ နိဂ္ဂဟေတွာန၊ မုခေနာ·ဝိဝဋေန ယံ။
ဝုစ္စတေ နိဂ္ဂဟီတန္တိ၊ ဝုတ္တံ ဗိန္ဒု သရာနုဂံ။

အံ ဣံ ဥမိတိ ယံ သရတော ပရံသုယျတိ၊ တံ နိဂ္ဂဟီတံ" ဟုနိဂ္ဂဟိတ်တည်းဟူသော ပုဗ္ဗာသယဗျည်းကို ရဿ သရသုံးလုံးနှင့် ယှဉ်တွဲလျက် အမြဲပြတော်မူကြသည့်အတွက် နိစ္စဝက္ခဏက္ခရ သန္ဓိမျိုးဟူ၍ ရိုးစွပ်ခေါ်ဝေါ် ထိုက်ပေသည်။

ဖုဗ္ဗမဓော, နယေပရံတို့မှ အပြင်ကျသော အက္ခရာထူးပေတည်း၊' သို့အတွက် ခံ ဏံ စသည်တို့ကဲ့သို့ ဗျည်းနှစ်လုံးရှေ့နောက်

ရဿသရကိုမှီနေခိုက် နိဂ္ဂဟိတ်တည်းဟူသော ပုဗ္ဗသယဗျည်းက ပဋ္ဌာနအစစ်ဖြစ်ပေသည်။ ဧဝံ ၌ ဝိ)၊ ကံ၌(က) စသော ပရာသယဗျည်းတို့ကို ဥဒသ် သံပျင်စသောသဒ္ဒါဋီကာကျမ်း နိသျှန်မြောင်အစောင်စောင်တို့မှာ ဒီနေရာခွဲကပ်၍ မပြကြငြားတပါးသောအရာဌာနတို့၌ ပရာသယဗျည်း ဟူသမျှတို့ကို ခွဲကြကပ်ကြသော အရာများကို ထောက်ထား၍ (မ် ဏ်) စသော ပရာသယဗျည်းတို့ကို အပဋ္ဌာနယူရမည်။

ပုဗ္ဗမစော, နယေပရံ အစိအရင်တို့၏ဆန့်ကျင်ဘက်ပဋိပက္ခလည်းမဟုတ်ပေ။ အသရမှုစသည်ဖြင့် ရဿ သုံးလုံးအလျောက် အပါဒါန်ကန်နိုင်သည်။ အဲဒီလိုပုဗ္ဗသယဗျည်းက ပဋ္ဌာနအစစ်ဖြစ်သောကြောင့် အဋ္ဌကထာဋီကာ ယောဇနာ အရပ်ရပ်တို့၌ နိဂ္ဂဟိတ်တည်းဟူသော ပုဗ္ဗသယဗျည်း၏ ဌာန်ကရိုဏ်း ပယတ်ကိုသာမှတ်၍ ဥတ်ကမ္မဝါစာ သရဏဂုမ်အရာတို့၌ ပဋ္ဌာနနည်း ဥပလက္ခဏနည်းနိဒဿနနည်းတို့ဖြင့် အသီးသီးသကသကလဒ္ဓောပဒေသ အတ္တနောမတိရရှိကြံမိ၍ ဥာဏ်ရှိတော်မူကြသည့်အတိုင်း ရေးသား ပေါ်ပြမှာထား.တော်မူခဲ့ကြပေသတည်း။

သို့အတွက်- ပုဗ္ဗသယ ပရာသယဗျည်းတို့၏ အသက်ဇီဝိတရဿသရတို့၏ ပယတ် ကရိုဏ်း ဌာန်၊ နိဂ္ဂဟိတ်၏ ပယတ်ကရိုဏ်း ဌာန်တို့ကိုသာ မှန်မမှန်ပြုပြင်အားထုတ်လျက် (မ် ဗျည်း ဏ် ဗျည်း) တည်းဟူသော ပရာသယ ဗျည်းတို့ကိုကား၊ ဓနိတသိထိလလောက်မျှကိုသာ မှတ်၍ ဘတ်ရွတ်တော် မူလိုက်ကြပါက အသရအသက် ဆက်တွယ်၍ မှီနေကြသည့်အတွက် သဘာဝနိရုတ္တိလက္ခဏာအားလျော်စွာ (မ်ဗျည်း၊ ဏ်ဗျည်း)တို့၏ ဌာန်ကရိုဏ်းတို့လည်း ပြုပြင်ပြီးဖြစ်ပေါ်လာပါလိမ့်မည့် အကြောင်း

ကို အဘိယာစနကထာ မေတ္တာတော် စာစောင်းဖြင့် တောင်းပန်ရေးသား မှာထားလိုက်ပါသည်။ ဝိနယပါရဂူ သဒ္ဒညူ အပေါင်းအသျှင်ကောင်းတို့ဘုရား။

(နော အတ္တနော မဘိမတ္တ မေဝ၊ နိရုတ္တိဒီပနီယမ္ပိ ဘေန ယုတ္တာနိ သဗ္ဗဗျဉ္ဇနာနိ နိဂ္ဂဟီတန္တာနိနာမာတိ ဝုတ္တာနိယေဝ)။

**ကိုးပုဒ် သုံးဝါကျ**

ယောဇနာဆရာ ဖွင့်ပြသည့်တီသုဝါကျ ပဒေသုဟူသော စကားအရကို ရေးသားဖေါ်ပြလိုက်ပါဦးအံ့။ စကားတခွန်းကို ပုဒ် ခေါ်ပါသည်။ စကားတရပ်ကို ဝါကျခေါ်ပါသည်။ ဗုဒ္ဓံတခွန်း သရဏံတခွန်း ဂစ္ဆာမိတခွန်း၊ ၎င်းသုံးခွန်းကိုပေါင်းလျှင် စကားတရပ် တစ်ဝါကျဖြစ်သည်။ ဓမ္မံတခွန်း သရဏံတခွန်း ဂစ္ဆာမိတခွန်း၊ ၎င်းသုံးခွန်းကို ပေါင်းလျှင် စကားတရပ် တစ်ဝါကျ ဖြစ်သည်။ သံဃံတခွန်း သရဏံတခွန်း ဂစ္ဆာမိတခွန်း၊ ၎င်းသုံးခွန်းကိုပေါင်းလျှင် စကားတရပ် တစ်ဝါကျဖြစ်သည်။ အကုန်လုံး သိမ်းရုံး၍ နိဂုံးချုပ်သော် ကိုးပုဒ် သုံးဝါကျရှိသည်။

**အက္ခရာ ၂၄လုံး**

စတုပိသတက္ခရေသုအရ အက္ခရာ နှစ်ဆဲလေးလုံး ကောက်ယူပုံကား- အဋ္ဌကထာနည်း ဆန်းနည်းသို့လိုက်၍ ဗုဒ်တလုံး ဓံတလုံး သဘလုံး ရတလုံး ဏံတလုံး ဂစ်တလုံး ဆာတလုံး မိတလုံးအားဖြင့် တစ်ဝါကျလျှင်ရှစ်လုံး၊ သုံးရှစ်လီ နှစ်ဆဲ့လေးလုံး ဟု ကောက်ယူသည်။ အသံထွက်ပုံနှင့်ကား ကိုက်ညီပေ၏။ အသံထွက်ဘို့ ပြုပြင်ရန်မှာ အလွန်ခက်နေသေးသည်။ သို့အတွက် အသံထွက်ဘို့ ပြုပြင်လွယ်

ရန် သဒ္ဒါကျမ်းဂန်နည်းသို့လိုက်၍ ကလေးသိ ပြဆိုညွှန်ကြား ရေးသားလိုက်ပါဦးအံ့။

ဗ်+ဥ+ဒ်၊ မ်+အ+ံ၊ သ်+အ၊ ရ်+အ၊ ဏ်+အ+ံ၊
ဂ်+အ+စ်၊ ဆ်+အာ၊ မ်+ိ။ (၂၀)

ဓ်+အ+ံ၊ မ်+အ+ံ၊ သ်+အ၊ ရ်+အ၊ ဏ်+အ+ံ၊
ဂ်+အ+စ်၊ ဆ်+အာ+၊ မ်+ိ။ (၂၀)

သ်+အ+ံ၊ ဃ်+အ+ံ၊ သ်+အ၊ ရ်+အ၊ ဏ်+အ+ံ၊
ဂ်+အ+စ်၊ ဆ်+အာ၊ မ်+ိ။ (၂၁)

အက္ခရာလုံးရေပေါင်း ခြောက်ဆယ်တိတိ ရရှိသည်။

**တံခွန်လွှား ခံရသော အက္ခရာတို့၏ မှတာ—** ၎င်းအက္ခရာပေါင်းလုံးရေ ခြောက်ဆယ်တိတိ ရရှိသည့် အနက်က ဘယ်အက္ခရာ၏ ဌာန် ကရိုဏ်း ပယတ်ကိုမှ အသံထွက် မလွတ်ကင်းရအောင် ပြီပြင်စွာရွတ်ဆိုခြင်းငှာ စွမ်းနိုင်စေရမည်ဟု မှာထားပြောပြတော်မူကြပေသည်။ ပြုပြင်ရပုံ အမူအရာမှာ ရှေးရိုးပဝေဏီ အစဉ်အလာအားဖြင့် ဗုဒ်၌ အသတ်တံခွန်လွှား ခံရသော ဒ် ဗျည်းအက္ခရာ၊ ဂစ်၌ အသတ် တံခွန်လွှားခံရသော စ် ဗျည်းအက္ခရာ တို့ကိုသာ ချန်ရမည်။ ၎င်းအက္ခရာ မျိုးတို့မှာ ဗုဒ်ကို ဗု, ဂစ်ကို ဂ,ဟု သံယုဂ်ကင်းသံ ကျရောက်မည်ကိုသာစိုးရိမ်ရသည်။ ဒ် ဗျည်း စ် ဗျည်းသံ မထင်ရှားသော်လည်း အပြစ်ဒေါသအားမကြီးလှ၊ အက္ခရာဟာပနအဖြစ်မဟုတ်။ ဘာ့ကြောင့်လဲဆိုသော် အသတ်တံခွန်လွှားခံရသော အက္ခရာ တို့၏မှတာပေ။

**ဥပမာကား။** အသတ်အပုတ်အရိုက်အနှက် ခံရသော သူတို့အား မေးထူးခေါ်ကြား မရသကဲ့သို့ပါတည်း။ ဓမ်၌ အသတ်တံခွန်အလွှားခံရသော မ် ဗျည်းကိုမူကား၊ မ် ကာရန္တအက္ခရာနှင့်အတူ မှတ်ယူဘဘ်ရွတ်သင့်ပေသည်။ အဘယ့်ကြောင့် ဝဂ္ဂန္တမျိုး အဝင်အပါ ဓမ်၌ မ် ဗျည်းအက္ခရာ မ် ကာရန္တ အက္ခရာတို့ကား မတြာဝက်မျှအသံအနဲငယ် ထွက်နိုင်ပေသနည်း။ အသတ်အပုတ်အရိုက်အနှက် ခံရခြင်းပင် တူသော်လည်း သက်သာရာ ရသည့်အတွက် မေးထူးခေါ်ကြား အနည်းငယ် ရသကဲ့သို့ပါတည်း။ အဘယ့်ကြောင့် သက်သာရာရနိုင်ပါသနည်း။ အဋ္ဌကထာဆရာကြီးများက ၎င်းဗျည်းအက္ခရာမျိုးကို သဒ္ဒါဂုမ်အရာမှာ အထူးအာဏာရ ခွင့်ပြုတော်မူကြသောကြောင့်ပါတည်း။

သို့အတွက် သဒ္ဒါဂုမ်အရာ၌ ဝဂ္ဂန္တမျိုး အဝင်အပါ ဗျည်းအက္ခရာတို့ကို မ်ကာရန္တတွင်းသို့ ထည့်သွင်းသင့်သည်။ ဥတ်ကမ္မဝါစာ အရာ၌ကား မ်ကာရန္တကဲ့သို့ ဝဂ္ဂန္တမျိုး အဝင်အပါ ဗျည်းအက္ခရာတို့ကိုနိဂ္ဂဟိတန္တထဲသို့ ထည့်သွင်းရေတွက် ဘတ်ရွတ်ကြရမည်။ ဝိမုတ္တအက္ခရာ မခေါ်ဆိုသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် နိဂ္ဂဟိတန္တနှင့် မ်ကာရန္တတို့သည် ကာရီ ကာရိယမျှသာ ထူးကြသောကြောင့်ပါ။ ဝဝတ္တိတ သမ္ဗန္ဓ နှစ် မျိုး တို့ တွင် မ်ကာရန္တကို ဝဝတ္တိဘထဲသို့ ထည့်သွင်းသင့်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် "မဒါသရေ"ဟူသော ကစ္စည်းသုတ်အပြ မ္ ဒါဟူသော ယောဂဝိဘာဂဖြင့် သ ဗျည်း ဂ ဗျည်း နိမိတ်နှောင်းရာ နိဂ္ဂဟိတ်ကာရီ အက္ခရာက မ်ကာရန္တကာရိယအက္ခရာရေးပြီး တသီးတခြားအသတ်တံခွန်လွှားကလေးပြလျက် အထူးအာဏာရအက္ခရာဟု အဋ္ဌကထာ ဆရာကြီးများက ဝိစ္ဆိန္ဒိတ္ဆာ

ကြိုယာဖြင့် သေသသချာချာ မှာထား ပြောပြတော်မူခဲ့ကြသော ကြောင့်ပါ။

**အက္ခရာ ၄မျိုး—** ဥတ်ကမ္မဝါစာ ဌာနတို့၌— သံယုဂ်သက်သက်အက္ခရာမျိုး (၁) ဝဂ္ဂန္တမျိုး အဝင်အပါ သံယုဂ်ဗျည်း အက္ခရာမျိုး (၂)၊ ဝဂ္ဂန္တစစ်သံယုဂ်ဗျည်း အက္ခရာမျိုး (၃)။ နိဂ္ဂဟီတန္တသံယုဂ် ဗျည်းအက္ခရာ (၄) ဟူ၍ လေးမျိုးလေးစား ခွဲခြား သင့်သည်။ ထိုလေးပါးတို့တွင် သေးသေးတင် ကာရီအက္ခရာနှင့် ငှသမျှ ကံ, ခံ စသော သံယုဂ်ဗျည်းမျိုးကို စတုတ္ထ အစားဟုခေါ်ဆို။ (၄)။

ဝဂ္ဂန္တဝါ ဝဂ္ဂသတ်အပြဖြင့် င်, ဉ်, ဏ်, န်, မ်, လ် ရေးသမျှသံယုဂ်ဗျည်းမျိုးကို တတိယအစားဟုခေါ်ဆို၊ (၃)။ ရင်းသတ်ဖြင့်မရေးဘဲ ပင်ကိုယ်ပုဒ်ရင်းက သဒ္ဒိသာ သဒ္ဒိသ အားလျော်စွာ င်, ဉ်, ဏ်, န်, မ်, လ် ဤခြောက်လုံးမှ လွတ်သမျှ သဒ္ဒိသာ 'သဒ္ဒိသ သံယုဂ်ဗျည်း' ဟူသမျှကို ပထမအစား ခေါ်ဆို။ (၁)။

ဤပထမအစား သံယုဂ်ဗျည်းသက်သက် အက္ခရာမျိုး တပါးကိုသာ ချင်းချန်၍ ကျန်သမျှ ဒုတိယအစားတို့ကိုကား အလျော်အားဖြင့် နိဂ္ဂဟီတ စတုတ္ထ အစားထဲသို့ ထည့်သွင်းသင့်သည်။ သို့အတွက် အထက်ဗေယျာအင်းကုက်သို့ရောက်သောအခါ နိဂ္ဂဟီတန္တမျိုးဟု လတ်ညီးထိုးညွှန်ပြပါလိမ့်မည်ကို သတိပြုထားတော်မူကြပါဘုရား။

နိဂ္ဂဟီတန္တ မ်ကာရန္တ နှစ်ပါးတို့သည် သရဏဂုမ်အရာမှာ အထူးအခြား အဋ္ဌကထာဆရာကြီးများက မ်ကာရန္တကို ခွင့်ပြု

တော်မူကြသောကြောင့်သာ အဋ္ဌကထာနည်းသို့လိုက်၍ ပေးရိုး ယူရိုး ပြုလုပ်ရပေသည်။ ခွင့်ပြုတော်မူခြင်း၏ အကြောင်းရင်းကား ခံတွင်း၁ကို မဟာလွန်း မစေ့လွန်းထား၍ နှာဖျားသို့လေ သွားအောင် ဘတ်ရွတ်ရသော နိဂ္ဂဟ အဝိသဇ္ဇ ပယာတ် အဝိဝဋ္ဋ မုခကရိုဏ်း နာသိကဌာန်မှာ အသံဖြစ်သော နိဂ္ဂဟီတန္တ သေးသေးတင်သုံးသမျှ အက္ခရာမျိုးအချိုးအစားကို နားမလည်သူတို့က အ ကကြ်အောက် နှုတ်ခမ်းသားနှစ်ပါးတည်းဟူသော သက ဌာနကရိုဏ်း ဖုဋ္ဌ ပယတ်တို့ဖြင့် လုံ့ဆော်စေ့စပ်လျက် ပါးစပ်ကို ပိတ်၍ ဘတ်ရွတ် ပေးယူသူတို့အား သနားကရုဏာမေတ္တာတော်ရှေ့ရှုလျက် လဲရာမှာရောထိုင်လိုက်ကြဘို့ရန် သွန်သင်ခဲ့သည့် နည်းထူးပါပေတကား။ တပည့်တော်တို့မှာ နိဂ္ဂဟီတန္တကပင် သာ၍ လွယ်သေးသည်ဟု ထင်မိပါသည်ဘုရား။ နူရာဝဲစွဲ, လဲရာ မြင်းကန် သဏ္ဌာန်ပုံတူဟူသော ပေါရာဏကထာ စကားအရနှင့် အလား ထပ်တူကျပါမည်နော် သတိထားတော်မူကြပါ။

နိဂ္ဂဟီတန္တရွတ်ဆိုပုံ= ဘတ်ရွတ်ပေးပုံအထူးကိုထပ်မံ၍ ပြောပြလိုက်ပါဦးအံ့။ နိဂ္ဂဟီတန္တ ပေးယူကြသည့်အခိုက် ခံတွင်းဝကို မဟာလွန်း မစေ့လွန်း မဖွင့်လွန်း မပိတ်လွန်းထား၍ နှာဖျားသို့ လေများများသွားသဖြင့် နာသိကဌာန်မှာ အသံဖြစ်အောင် ဘတ်ရွတ် ပေးယူကြပါလေ။

အဲ့သည်လိုခံတွင်းဝကို မဟာလွန်း မစေ့လွန်းထားလျက် မြွေတွန်သလို ဘတ်ရွတ်ပေးကြသည့်အခါ ရှေ့ပုဒ်နှင့် ဆက်ကာ ဆက်ကာ အသံနေအသံထား မပြတ်ခြား မရပ်နားဘဲ သွားသော

အမူအရာကိုပင် အဌကထာဆရာများက "ဝေဝံ ဧကေန္တ သမ္ဗန္ဓာနိ" ဟု အမိန့်တော်ရှိကြပေသည်။

အဲသည်လို နှုတ်ခမ်းသားချင်း ထိအောင်ထားလျက် ဘတ်ရွတ်ပေးယူကြသည့်အခါ မိမိပုဒ်အဆုံးရှေ့၏အစကြားမှာ အသံနေအသံထား ပြတ်ခြား ရပ်နားသလိုနေသော အမူအရာကိုပင် အဌကထာဆရာများက "ဝေဝံဝိစ္ဆိန္ဒိတ္တာ"ဟု သေသေချာချာ ညွှန်ပြလျက် မှာထား ပြောကြတော်မူခဲ့ကြပေသည်။

ဤကား သင်္ဂါယနာတင် အသျှင်မဟာကဿပ အသျှင်ဥပါလိ, အသျှင်အာနန္ဒာစသော ရဟန္တာ အသျှင်မြတ်တို့က တပ်တပ်ခွခွ တစ်နှစ်အာကျ လက်ညှိုးထိုး ညွှန်ပြခဲ့ကြသော ယထာဘူတ နေရာအကျဆုံး ဖြတ်ထုံးအမိပ္ပါယ်။

စည်ကြီးငှဲလျက် ဗိုက်ကိုတီး၊ ချိန်စည်းရှိလျက် လက်မှန်းဆဆိုသကဲ့သို့ အမှန်းအဆတွေနှင့် ယမ်းလို့များ မချလိုက်ကြပါနှင့်နော်၊ အကဏ်းဘဝမှ မကျွတ်မလွတ်နိုင်တဲ့ ဖြစ်နေကြပါမယ်။

**ရှေ့ပုဒ်အသုံးအနှုန်း:-** ရှေ့ပုဒ်ဟု ခေါ်ဆိုသုံးစွဲသော စကားကိုလည်း မဂ္ဂင်မနည်း ရက္ခရင္ဇနည်းတို့ကို သိကြပြီး မဟုတ်ပါလား။ ရှေ့ပုဒ်ဖြင့် မှတ်၍ရေးသား ပြောဆိုအပ်သည့်စကားကိုလည်း အစဉ်အလာအားဖြင့် ဆက်ကာဆက်ကာ ဘတ်ရွတ် ပေးယူကြသောအရာကိုသာ ရည်သန်၍ ညွှန်ပြလိုက်ပေသည်။ မိမိပုဒ်အဆုံးတွင် ပြီပြင်သည်သာ ပဌာနလိုရင်းကြီး။ အကယ်၍တည်း တံတွေးသီး၍ချောင်းဆိုးပြီး တအောင့်တလျှားကြီးကြီး ရပ်နားပြီးမှ ရှေ့ပုဒ်ကို ဆက်ကာဆက်ကာ ဘတ်ရွတ်၍ ပေးယူသူများကို မအပ်ဟုမဆိုလိုပါ။

ထုတ်နှုတ်ရုပ်သိမ်း ဟိမ်းရှောင်လို့ ကြို့ဝင်တင်စီး ဆီးကာဖာထေး အသေးအငင် အပြင်အပတ်အသွယ်သွယ် အပြားပြား စကားအရာ လီမ္မာကျေပြွန်မှ ပညာဝန်ဓါဆိုထိုက်ပေသည်။ (ပေါရာဏကထာ စကားပုံ)။

**နိဂ္ဂဟိတန္တနှင့် မ်ကရန္တ ရောယှက် ရွတ်ဆိုခြင်း—**

၀၆၊ ဝိညတ္တိယံ ဝါစာယံ ကိုလည်းထောက်။ နိဂ္ဂဟိတန္တ မ်ကာရန္တ နှစ်ပါးတို့သည် ဌာန် ကရိုဏ်း ပယတ် သုံးပါးလုံးကွဲပြားကြသည်ချည်း။ ခံတွင်းဝနှင့် နှုတ်ခမ်းသားတို့ကိုလည်း ကွဲခြားအောင်ကြံ့ချိသိ။ အသံထွက် အမူအရာမှာလည်း အနည်းငယ်မျှသာထူးသည်။ သို့အတွက် အကယ်၍ ချော်ချွတ်ခဲ့က ပဗ္ဗဇ္ဇကံ မပျက်ကြောင်း ကမ္မဝါစာအရာမှာလည်း၊ ၎င်းနည်းတူညွှန်ပြတော်မူလိုသော ဝဇီရဗုဒ္ဓိဋီကာ ဆရာတော်ဘုရားကြီးသည်--

အနုနာသိကန္တေ ဒိယျမာနေ ခလိတ္ဝာ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီတိ မ်ကာရေနမိဿိဘူတေ ခေတ္တေ ဩတိဏ္ဏတ္တာ ဝဋ္ဋတီတိ ဥပတိဿထေရော။ မိဿံ ကတွာ ဝတ္တုံ ဝဋ္ဋတိ။ ဝစနကာလေ ပန အနုနာသိကဌာနေ ဝိသဇ္ဇိတံ အကတွာ ဝတ္တဗ္ဗန္တိ ဓမ္မသိရိတ္ထေရော။ ဧဝံ ကမ္မဝါစာယမ္ပိတိ ဝုတ္တံ။ ဟူသောအာစရိယဝါဒကို ဖေါ်ပြတော်မူပေသည်။

နိဂ္ဂဟိတန္တ မ်ကာရန္တနှစ်ပါးတွင်ရှိသော ဆိုလိုပါသည်နေ၁်၊ ပြင်ဘာဂ်တပါးတလွဲတခြားကြီးကိုမဆိုလိုပါ။ ဝိစ္ဆေဒံ အကတွာဖြင့် နိဂ္ဂဟိတန္တမှန်သမျှ အပိတ်သက်သက် မဟုတ်ကြောင်းကို

ကောင်းကောင်းကြီး ထင်ရှားအောင် ဖေါ်ပြလိုက်ပေသည်။ "ဝေံ ကမ္မဝါစာယမ္ပိ"ဖြင့်ကား ဥတ်ကမ္မဝါစာ ဟူသမျှ၌လည်း နိဂ္ဂဟိတန္တမှန်သမျှကို ဘယ်တော့မှ ပိုဘ်ဖြတ်၍ မရွတ်ဘတ်ခေလသင့်။ ဝဂ္ဂန္တမျိုးတို့နှင့် ရောယှက်ခဲ့မူ အပ်သည်ပင်ယူလိုသတတ်၊ ဝါ၊ သဘဲ။

အဲဒီလို သင်္ဂါယနာတင်အသျှင်မဟာကဿပ အသျှင်ဥပါလိ အသျှင်အာနန္ဒာစသော ပဥ္စသတ္တိယျပါဗဏ္ဏ ဆဌသင်္ဂိတ တေဝိဇ္ဇဂုဏ် ပိဋကတ်သုံးပုံကို နှုတ်ငုံရှုရှု ဆောင်တော်မူနိုင်ကြပေသော တိပိဋကဓရဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူကြပါသော ဗုဒ္ဓမဘာသည့်၊ အဋ္ဌကထာဆရာ၊ ရင်းဆရာတို့၏ တပည့်အရာ တည်သော ဋီကာသုံးကျမ်းဆရာ၊ ယောဇနာဆရာ အသျှင်ဥပတိဿ အသျှင်ဓမ္မသိရီထေရ်တို့မှစ၍ ငါတို့ လက်ထက်ထိ အာစရိယ ပရမ္ပရ သိဿာနုသိဿ အဆင့်ဆင့်အဆက်ဆက်တို့သည် ငွေပေးရွှေပေး လို့ရမည်များကိုမဆိုထားလိုက်ပါဘိ၊ စိန်ငွေ းမြပေး ပတ္တမြားပေးသည်တောင်မှ မရနိုင်ချသော ရတနာစစ် အနှစ်ကြီးသုံးပါး မပျက်ပြားစေခြင်ငှာ ကြိုးကြိုးစားစားသင်ကြားပို့ချရေးသားတော်မူကြသည်များကိုမှ မသိမမြင် မသင်မကြား "စားရတာ ဟောတိ သောက်ရတာ ဟောတိ", "အိပ်ရုံရဟန်း စားလိုမှန်း ပုဆွန်းလုပ်ပါဘိ" ဆိုကြသည့်အလား ယုံဝါကံဝါ ဟုတ်ဟုတ်ငြားငြား ပြဟုပ်ဟုပ်စာစား အံ့စသော နိဂ္ဂဟိတန္တ ဗျည်းအက္ခရာများကို ပိတ်သည်ဘက်ပိတ်ပြီး အပိတ်ကြီး သက်သက်မ်ကာရန္တ ဗျည်းသက်သက် အက္ခရာများကိုတော့ ပါးဘပ်ဖျားကို တမတ်ပြားငါးမူးပြားဖွင့်ပြီးအဖွင့်ကြီး သက်သက်ဟူ၍နိဂ္ဂဟိတန္တ မ်ကာရန္တများကို သရဏဂုမ်ပေးကြယူကြသူ တနည်းတခြား လွဲ

ကြသူကား ပါးစပ်ဖျားကို တမတ်ပြား ငါးမူးပြားဖွင့်ပြီး ဖြတ်ဖြတ်နှစ်ပါးကိုသာ အထူးအခြားမှတ်၍ သရဏဂုမ်ပေးကြသူ ယူကြသူ၊ ဉတ်ကမ္မဝါစာအရာ ဌာန်၌လည်း အံစသော နိဂ္ဂဟီတန္တအက္ခရာများကို ပိတ်သည့်သက် ပိတ်ပြီး အပိုတ်ကြီး သက်သက်၊ ဝဂ္ဂန္တငါးမျိုး အဝင် အပါ ဝဂ္ဂန္တငါးမျိုးစစ်အက္ခရာများကို ဝိမုတ္တထင်မှတ်၍ ပါးစပ်ဖျား နူတ်ခမ်းသားတို့ကိုတမတ်ပြား ငါးမူးပြား ဖွင့်ဟ၍ ဘတ်ရွတ်ကြသူ ကမ္မဝါစာ ဆရာများတို့သည် မိမိကိုယ်ကိုအကယ်သားပြီး ဆရာတပည့် အဆက်ဆက်အထက်ဆော အောက်ပါ စိကာစဉ်ကာ သေသေချာချာ သတိထား၍ စဉ်းစားတော် မူလိုက်ကြစမ်းပါတော့ဘုရား။

ငါးမောက်ကို ပြောင်းလဲ့ အရိုးတပ်သလို —

အဲဒီလို ပုဂ္ဂိုလ်စား တို့ သည် ဒါး မောက်ကိုပြောင် ပြန်အရိုတပ် မှား သကဲ့သို့ရင်း ကကျပ်တမူး(ဒိ၊ဝူး)ကို ဟောဒီလို ဂဏန်းလုံးနှင့် ရေးထားသည်ကို (ဒိဒူ)ဟု ဘတ်သော လူစားနှင့်ရင်း, စပါး ဆန်တတင်း ( ၁်း )ကို ဟောဒီလို, ပိတ်တတောင်(၁် )ကို ဟောဒီလို တစ်ဂဏန်းတွင် ကင်းစီးလျက်ရေးထားသည်များကို မသင်ကြား မမှတ်သားဘူး၍ စပါး ဆန်တတောင် ပိတ်ဘတင်းဟု ဘတ်ရွတ်ခြင်း ကဲ့သို့ရင်း, ပညာရှိဆေးဆရာကြီးများက (က)အောက်ဝယ် (န)ငယ်ခိုပြီး ကနခို (ကွ) ဟောဒီလို ရေးသားပြီး အောက်နားက (ဝဿဝဆော)ဟု ရေးသား ပြောပြသည်ကိုမှ မယူဆတတ်ဘဲနှင့် အရပ်ထဲ၌ လည်ကာ ဝါ လျက်ဆေးဆရာလုပ်သော ပုဂ္ဂိုလ်စားနှင့်ရင်း၊ အလားတပ်ဘူကျနေကြပြီဟု ထင်ပေသည်။

ပြင်လျှင် ပြင်ကြပါနော်၊ မပြင်လျှင် သာသနာဘာဂ်သား မမှတ်ထင်နိုင်သည့်ပြင် သာသနာဖျက်များဟုသာ စာရင်းတင်ရ ပါလိမ့်မည်။ အကယ်တကာတဲ့ အဆက်ဆက်လွဲလိုက်က ဘယ်လက် ထက် ဘယ်အခါတွင်မှ သုတ်သင်လို့ရနိုင်တော့မှာ မဟုတ်ပါဘူး ဗျာ။ အမှိုက်ကစ၍ ပြာဿဒ်မီးလောင်သည်ဆိုသောစကားဟာ ဟောဒီလို နေရာမျိုးပါဘုရား။ (ကိုယ့်ဟင်း ကိုယ်ချို၊ ကိုယ့် မယား ကိုယ်ချော၊ ကိုယ့်ဆရာ ကိုယ်ပြော) ဆိုသော စကား ကဲ့သို့ သဒ္ဒါတတ်သော ဘာတဟ်မသာဖြင့် လူပြောသူပြော ကြားရဘူး၏။ ထူးထူးထွေထွေ ဘယ်နေရာကမှမကြားရ မာန် မာန တငင်းငင်းနှင့် ပရိသတ်ခင်းကျင်းလျက် နှုန်းအသင်းအပင်း ဖွဲ့ပြီး နှုန်းမကင်းကြီးကား လုပ်လို့နေပေ၏။ ဆိုဥ သောပတ် ပျားသကာအရသာမှာ ဘယ်ဟာမှ မပါမပြည့်၊ ဝါကျ ဝါကျ ဟု အထပ်ထပ်ပြောဆိုသော စကားကိုမှာ အခါခါ ကြားရဘူး ပါ၏။ ပန်းချီပြင်က ကျက်ဝါကျရှာကို ရောက်ဘူး မြင်ဘူးလေ ငြား၊ အဲ့လည်းမသိ၊ အဋ္ဌကထာဋီကာ ယောဇနာဂဏ္ဌိဆန်းကျမ်း လက်သန်း အဋ္ဌကထာတို့ကိုမှာ သင်ကြား လေ့လာဘူးဟန် မရှိ၊ အဋ္ဌကထာဋီကာ ယောဇနာဂဏ္ဌိတို့မှ ဝါကျသွား ဝါကျ လာကျမ်းရိုးကိုမှာ မသိရိုးမှန်ပါ၏။

တပါးသောတိုင်းနိုင်ငံမှ တက္ကသိုလ် ပြည်ပြန် မင်းသားတို့ ကာ ဒါး လေးစသော အဝဝအရပ်ရပ်အဌာရသ အတတ်တို့ကို ကမ်းခတ်အောင်တတ်သည်များကို ကြားရဘူးပါသည်။ ဒို့တိုင်း ပြည်က မင်းသားများမှာ အိမ်က ပါသွားသော မီးခတ်အိတ် တောင်မှ ကျပျောက်ခဲ့သေးသည်ဆိုသည့် စကားပုံပြင်နှင့်လည်း တူဆင်ဆင် ရှိလိုက်ပါဘိတော့ကရို့--။

ကိုယ့်မြင်းကိုယ်စီး အထီးမှန်း အမမှန်းမသိ ဘာကိစ္စရှိသလဲ ဆိုသော့စကားကဲ့သို့ ဘုရားစကားကိုမှ နားမထောင် မောစ်မင်း စကားကိုမှာ ဘာနားထောင်တော့မလဲ ဟူသော နှလုံးထားနှင့် သာ စိတ်ထင်ရာ စိုင်းကြတော့သည်။ ဘယ်တိုင်း ဘယ်ပြည်သို့ ရောက်လေမည်ကိုမှာ သေသေချာချာမသိကြပါသေး။ ငယ်ရွယ် စဉ် ဟိုရှေးကလေးကတော့ ပေါ်လာလျှင် ဝိဇ္ဇာကုဋ္ဌ သို့မဟုတ်က ရောရှင ဟူ၍ကား ကြားဘူးနား ဝ ရှိဘူးပါ၏ဘုရား။

ဆိုရေးရှိက ဆိုအပ်လှ— မစဉ်းစားမဆင်ခြင် မမြင်ဘူးမကြား ဘူး မတွေ့ဘူးသူတို့က မြဂေါယာ ဆရာ ဒီနေရာဝယ် တယ်ရေးလိုက်ပါကလားဟု ပြောမှားဆို မှားရှိကြပေလိမ့်မည်။ မဆိုသင့်လား ဆိုသင့်လားကိုသာ အရာ အားလျော်စွာ စဉ်းစားဆင်ခြင် သိမြင်တော်မူကြပါ။ သာ သနာတော်အရေးအရာ ဒုလ္လဘရတနာတို့၌ လိမ္မာကျွမ်းကျင် သိ မြင်တွေးချင့် အသင့်အတင့် နှလုံးသွင်းအရင်းခံ သန်မာသော သူတော်စင်တို့မှသာလျှင် ဆင်ခြင်ထောက်ခြင့်၍ ဆိုသင့်ပေစွ၊ ဆိုသင့်ပေစွဟု သာဓုအနုမောဒနာ ခေါ်နိုင်ကြမည့်အရာဖြစ်ပါ သည်။ လဇ္ဇီပေသလ သိက္ခာကာမ သာသနာ့ပါလ သဒ္ဓါသနာ နုရက္ခိတ ပရိယတ္တိဝိသာရဒ ပဋိပတ္တိ ဓမ္မအဲနိက္ခိတ္တာ ဝိနယပါရဂူ သဒ္ဒညူပေါင်း ဝိနည်းမိုရ် အသျှင်ကောင်းတို့ဘုရား။

ကမ္ဘဝါစာစရိယ ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ဆရာ တော်ဘုရားကြီးထံမှ နာခံမှတ်သားရသော ဆုတောင်းစာများကို လည်း အထပ်ထပ် အဖန်ဖန် ရွတ်အံကာ ပတ္ထနာပြုဆဲ ဖြစ် ပါသည်။

နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗေ, ပဂ္ဂဏှေယျေစ ပဂ္ဂဟံ၊
သုသုခေနေဝ ဇောတေယျံ, သမ္မာသမ္ဗုဒ္ဓသာသနံ။

နိဂ္ဂဟေတဗ္ဗေ၊ နှိပ်သင့်နှိပ်ထိုက် ကုန်သော အဓမ္မ ဝါဒီ အလဇ္ဇီပုဂ္ဂိုလ်သူယုတ်တို့ကို။ နိဂ္ဂယှ၊ ကရုဏာသက် ကျင့်မှုပျက်မှ ပယ်ဖျက်နှိမ်နင်း၍။ ပဂ္ဂဏှေယျေစ၊ ချီးမြှောက်သင့်ချီးမြှောက် ထိုက်ကုန်သော ဓမ္မဝါဒီ လဇ္ဇီသူမွန် သီလဝန် ဂုဏဝန် ပညာဝန် ပုဂ္ဂိုလ်တို့ကိုလည်း။ ပဂ္ဂဟံ ပဂ္ဂဟံ့ဧ္ဆော၊ ပစ္စယ+ဓမ္မ အနုဂ္ဂဟ နှစ်ပါးဖြင့် မြှောက်စားချီးမြှင့်လျက်။ သုသုခေနေဝ၊ ဘေးရန်မမူ ဒဏ်မပူဘဲ လွယ်ကူချမ်းသာ သဖြင့်သာလျှင်။ သမ္မာသမ္ဗုဒ္ဓ သာသနံ၊ ရှင်တော်ဘုရား ဟောမြွက်ထားသော သုံးပါး ပြား လတ် သာသနာတော်မြတ်ကို။ ဇောတေယျံ၊ ထောင်သောင်းနေ ရောင် ထွန်းတောက်လောင်သို့ ပြောင်တဝင်းဝင်း မိုက်မှောင် ကင်းအောင် ထွန်းလင်းတောက်ပ စေနိုင်ရပါလို၏ဘုရား။

အနာပတ္တိအတ္ထပုရေက္ခာရဿ ဓမ္မပုရေက္ခာရဿ အနုံသာသနီ ပုရေက္ခာရဿဟူသော ဩမသဝါဒသိက္ခာပုဒ် ပါဠိတော်စကား ဘုရားဟော (၁)။

အကက္ကသံ ဝိညာပနိံ၊ ဂိရာသစ္စံ ဥဒီရယေ။
ယာယ နာဘိသဇေကိဉ္စိ၊ တမဟံဗြူမိ ဗြာဟ္မဏံ။ ။

ဟူသောဓမ္မပဒပါဠိတော်စကား ဘုရားဟော (၂)။

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံကတ္တာ၊ နောစဋ္ဌာနေ နိယောဇိတာ။ ။

ဟူသော သဉ္ဇုတ္တရ ကလျာဏ မိတ္တသုတ် ပါဠိတော်စကား ဘုရားဟော (၃)။

> ဩဝါဒေယျာနုသာသေယျ၊ အသဗ္ဘာစ နိဝါရယေ။
> သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ
> အပ္ပိယော။

ဟူသောအဿဇိပုနဗ္ဗသုကဝတ္ထု ဓမ္မပဒ ပါဠိတော်စကား ဘုရားဟော(၄)။

> နိဓိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
> နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
> တာဒိသံ ဘဇမာနဿ၊သေယျော ဟောတိ န ပါပိယော။

ဟူသောရာဓဝတ္ထု ဓမ္မပဒပါဠိတော်စကား ဘုရားဟော (၅) များကိုသာ စဉ်းစားဆင်ခြင် ဥာဏ်သဘော သက်ဝင်အောင် နှလုံးပြု၍ ကြည့်ရှုတော်မူကြပါ။

လိုရင်းကြီးအကျဉ်းချုပ်လျက် နိဂုံးစကား အုပ်လိုက်ပြန်တော့ "သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" ဟူသောအာဏာတော် ပဝါရဏာကံက ဘိတ်မံ့လျက် မဟုတ်ကြ ဘူးလား။ ဝတ်ကျေရုံမျှသာ ဆိုကြတော့သလား။ ပလီဉာဏ်နှင့် ဖီဆန်ကြပြီးပြီလား။ ဂါထာတော်တွေ အဘိုးတန်လှသည်၊ အနက်မြန်မာပြန် ဆိုလိုက်ရဦးမှာပါ။

ဗြဟ္မဏဟူသည်— ၁။ ယာယဂိရာယ အကြောင်းပြောဆိုအပ်သောစကားသံဖြင့်။ ကိဉ္စိ၊ တစုံတယောက်သောသူကို။ နာဘိသဇေ၊ အာရမ္မဏိကတရားရှေ့ထား၍ ဒေါသ

အားဖြင့် မကပ်ငြိငြားအံ့။ (ဤကား နပတိသေဝသဇ္ဇဓာတ် သဍ္ဍဓာတ် သင်္ဂဏ္ဌ)။ ဝါ၊ နာဘိသဇေ၊ မေတ္တာရှေ့သွား သတ္တဝါ အများတို့၌ သနားခြင်း ကရုဏာ စေတသိက် ဖြစ်ခဲ့ငြားအံ့။ (ဤကား နပဒုဿရဏ သဇ္ဇဓာတ် သဍ္ဍ နဋ္ဌ)။ အကဏ္ဍကသံ၊ မကြွမ်း ကြုတ်ထသော၊ ဝိညာပိနီ၊ အနက် သဘောကိုသာ ပြောပြ သိစေတတ်သော၊ တံ ကထံ၊ ထိုစကားကို။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဝါ၊ ယောနယ်မှပုဂ္ဂိုလ် မြဂေါယာ ဆရာ ခေါ် ဆိုသူသည်၊ ဥဒိရယေ၊ မြွက်ဆိုပြောကြားငြား ရေးသားလိုက် ပေ၏။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြဟ္မဏံ၊ မကောင်းမှုမှအပ ပြု ဘို့ရန် သွန်သင် ပေဘတ်သောကြောင့် ဗြဟ္မဏမျိုးဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်၊ ဗြူမိ၊ ဆုံးမဟောယား ပြောကြား တော်မူခဲ့၏။ (ဒီလိုအရာဌာနအားလျော်စွာ အနက်မြန်မာ ပြန် ဆိုသင့်သည်)။

ကလျာဏမိတ္တ
အင်္ဂါ ၇-ပါး:—

၂။ ဘိက္ခဝေ၊ သံသရာဘေးလေးသော ဝန်ကို အလွန်မှုတတ် ချစ်သားမြတ်တို့။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ပိယော၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို လွန်စွာလိုလား သည်ဖြစ်၍ ချစ်အပ်သော ပိယဂုဏ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်ပေ၏၊ ဂရုစ၊ အရိုအသေ အလေးအမြတ် ပြုအပ် ပြုသင့် ပြုထိုက်သော ဂရုဂုဏ်ရှိသည်လည်း။ ဟောတိ ဖြစ်ပေ၏။ ဘာဝနီ ယောစ၊ ချီးမွမ်းအပ် ချီးမွမ်းသင့် ချီးမွမ်းထိုက်သော ထော မနိယ ဘာဝနီယဂုဏ်ရှိသည်လည်း ဟောတိ ဖြစ်ပေ၏။ ဝတ္တာစ၊ မိမိသူတပါး ထူးခြားမင့် ကဲ့ရဲ့ပြစ်တင် ဆိုဆုံးမချင်တတ်သော ဝတ္တာဂုဏ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်ပေ၏။ ဝစနက္ခမောစ·

မသိ၍ သူတပါးတို့ လျှောက်လာသော အမေးပုစ္ဆာပြဿနာကို ဖြေကြားပြောဆိုခြင်းငှာ ခံ့သည်လည်း။ ဟောတိ၊ ဖြစ်ပေ၏။ ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ ရုပ်နာမ်ခန္ဓာ အာယတနဓာတ်နှင့် စပ်သည့် နက်နဲသောတရားစကားကို ဟောကြားတတ် ဟောကြားနိုင်သော ဂမ္ဘီရကထံကတ္တာ- အဘိဓမ္မာဂုဏ်နှင့်ပြည့်စုံလုံလောက်သည်လည်း၊ ဟောတိ၊ ဖြစ်ပေ၏။ အဌာနေ နော စ နိယောဇိတာ၊ အပြစ်မလွတ် မလျှောက်ပတ်သော အရာဌာန၌ မတိုက်တွန်း မယှဉ်စေတတ်သော သူတော်ကောင်းသဘော တည်းဟူသော အဌာနနေဝစ နိယောဇိတာဂုဏ်နှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်ပေ၏။

ဘိက္ခဝေ၊ လက်သပ်ပန္နာ ဘယ်ဟာမင့် ကီလေသာ ကိုသာ လျှင် လွန်စွာချီးပဲ့တတ်သော ငါ၏ချစ်သား ရဟန်းများတို့။ ယမိုပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ တောနိဌာနာနိ၊ ထိုဆိုခဲ့ပြီးသား ကလျာဏမိတ္တအကြောင်း အင်္ဂါခုနစ်ပါးတို့သည်။ သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်သည် သာလျှင်တည်း။

ဆုမ္မသွန်သင် သူတော်ကောင်းချစ်ခင်—

၃။ သြဝဒေယျ၊ အမှုရောက်သော အခါ ဆုံးမရာ၏။ အနုသာသေယျ၊ အမှုမရောက်မီကတားမြစ်ရာ၏။ ဝါ၊ သြဝဒေယျမျက်မှောက်ဆုံးမရာ၏။ အနုသာသေယျ၊ မျက်ကွယ် ဆုံးမရာ၏၊ ဝါ၊ သြဝဒေယျ၊ သုံးကြိမ်သုံးခါ ဆုံးမရာ၏၊ အနုသာ သေယျ၊ အဖန်တလဲလဲဆုံးမ ရာ၏။ အသဒ္ဓာဝ၊ မကောင်းသောအမှု အရာမှလည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ ဝါ၊ တားမြစ်ကြပါလေ

မင်း။ သော၊ ထိုဆုံးမတားမြစ်သောသူကို။ သတံ ဟိ သတံ ဝေ၊ သူတော်ကောင်းတို့သည် သာလျှင်။ ပိယော၊ ချစ်မြတ်နိုးသည်။ ဟောတိ၊ ဖြစ်တတ်ချေ၏။

မို့ဝဲဆည်းကပ်သင့်သူ— ၄။ ဝဇ္ဇဒဿိနံ၊ အပြစ်ကို ပေါ်ပြပေ တတ်သော။ နိဂ္ဂယှဝါဒိံ။ နှိပ်စက်သလိုဆိုပေတတ်သော။ မေဓာဝိံ၊ ပစ္စုပ္ပန်တမလွန် လောကီလောကုတ် မြတ်ထုပ်ဥစ္စာသံသရာရေး စားကိုရှုမြော် နှိုးဆော်သွန်သင် ပဲ့ပြင်ဆုံးမ ဩဝါဒကို နေ့ညမလတ်ပြောဟောတတ်သောပညာစွမ်းရှိ လူပဏ္ဍိတ်ကို။ နိဓိနံ၊ မြေ၌မြှုပ်ထားသော ရွှေအိုးကို။ ပဝတ္တာရံဣဝ၊ ပြောကြားလာပေသောသူကဲ့သို့။ ယံပဿေ၊ အကြင်ရှုထိုက်၏၊ တေန ဒဿနာရဏဟေန၊ ထိုသို့ရှုထိုက်ခြင်းကြောင့်။ တာဒိသံ၊ ထိုသို့အပြစ်ကိုပြလျက် နှိပ်စက်သလို ဆိုမြည်တတ်သောသဘောရှိသော။ ပဏ္ဍိတံ၊ ပညာရှိသူခမိန်ကို။ ဘဇေ၊ ဆည်းကပ်ရိုသေမို့ဝဲလေလော့။ တာဒိသံ၊ ထိုသို့ သဘောရှိသော ပညာရှိသူခမိန်ကို။ ဘဇမာနဿ၊ ဆည်းကပ်မို့ဝဲ အမြဲပေါင်းဘက်သော ပုဂ္ဂိုလ်အား။ သေယျော၊ မြတ်ထက် မြတ်သည်။ ဟောတိ၊ ဖြစ်တတ်ပေ၏။ ပါပိယော၊ ယုတ်သည့်အောက်ယုတ် မြုပ်သည့်အောက် မြုပ်သည်။ န ဟောတိ၊ မဖြစ်တတ်ချေ၊

သရဏဂုမ် ပေးပုံယူပုံ အစီရင်ပြဆိုခဏ်းပြီး၏။

## သရဏဂုံကျေးဇူးအချက်ကို အမြွက်မျှပြဆိုခန်း

သာဝိတ္တိဂါထာမျိုး— သရဏဂုံသုံးပါးကို ပြဆိုရာ သုံးဝါကျ ကိုးပုဒ်အသံထွက်အက္ခရာပေါင်း နှစ်ဆဲလေး၊ အခိတ်အက္ခရာ လုံးရေ ခြောက်ဆယ်တိတိရှိသည်။ ဘုရား သရဏဂုံက တစ်ဝါကျ၊ တရား သရဏဂုံက တစ်ဝါကျ။ သံဃာ သရဏဂုံက တစ်ဝါကျ။ တစ်ဝါကျလျှင် သုံးပုဒ်စီ။ အပေါင်းအက္ခရာ ရှစ်။ အစိတ်အက္ခရာလုံးရေ နှစ်ဆယ်စီ ညီညီ ညာညာရှိကြသည့်အတွက် သုံးပါဒလုံးပဆုံးညီတိ “သာဝိတ္တိ” ဟု ဆရာတော်ကြီးများပြောရိုးဆိုစဉ် ပြုလုပ်ကြသည်များကိုလည်း ကြားရနာရဘူးပါ၏။

အခိပ္ပါယ်ကား။ ဆန်းကျမ်းလာ သာဝတ္တိဂါထာမျိုးဟု ဆိုလိုပါသည်။ ဤအလိုသော်· ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို ပထမပါဒ, ဓမ္မံ သရဏံ ဂစ္ဆာမိကို ဒုတိယပါဒ, သံဃံ သရဏံ ဂစ္ဆာမိကို တတိယပါဒ သုံးပါဒလုံး ပေါင်းသော် တဂါထာဟု ဆိုလိုပါသည်။ ထို့အတွက် စုဏ္ဏိယ သက်သက်ပါသော ဂါထာဟူ၍လည်းခေါ်ဆိုရပါသေးသည်။ ထို သာဝတ္တိကျမ်းကား ဆန်းကျမ်းဟူသမျှတို့၏ အဦးအစ ပဌာနကြီးပေတည်း၊ ထို့ကြောင့် “သာဝိတ္တိဆန္ဒသော မုခံ” ဟုကစ္စည်းကျမ်းတွင်ညွှန်ပြလျက်ရှိပေသည်။ ထိုသုံးပါဒကို သာမညပုဂ္ဂိုလ်တို့ ထုတ်ဆို ရေးသားကြသည်မဟုတ်ပါ။ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြပြီး ပွင့်တော်မူကြလတ္တံ့သော သုံးလောကအထွဋ် သဗ္ဗညု ရှင်တော်ဘုရားတို့နှင့်တကွ ယခုပွင့်တုန်းဖြစ်သော ငါတို့ ဆရာမြတ်စွာ သုံးလူ့

သဗ္ဗညုကိုယ်တော်ဘုရားတို့ ဟောကြားရိုးစဉ်လာ သာမုက္ကံသိက ဒေသနာဂါထာတော်မြတ်ကြီး အစစ်ဖြစ်ပေသတည်း။

ပထမ ပါဒဖြင့် ဂင်္ဂါဝါလုသဲစုမက ပွင့်တော်မူကြပြီး အရှင်မြတ်ကြီးတွေနှင့်တကွ ကိုယ်တော်မြတ်ဘုရားကို ညွှန်ကြားဟောပြတော်မူသည်။

ဒုတိယပါဒဖြင့် ရှေးရှေးဘုရားတို့ ဟောကြားရိုး စဉ်လာ လောကုတ္တရာတရား ကိုးပါးနှင့်တကွ ကိုယ်တော်အရှင် ဟောသော လောကုတ္တရာတရားကိုးပါးကို ညွှန်ကြား ဟောပြတော်မူသည်။

တတိယပါဒဖြင့် ရှေးဘုရားတို့၏ တပည့်သား သာဝကနှင့်တကွ ကိုယ်တော်မြတ်၏ တပည့်သား သံဃာ အရိယာ အရှင်မြတ်တွေကို ညွှန်ကြားဟောပြတော်မူသည်။

ပထမပါဒကို ရွတ်ဆိုခိုက် ဘုရားဟူသမျှတို့၏ ဂုဏ်ကို အာရုံစိတ်စိုက် ညွတ်လိုက်ကြရမည်။

ဒုတိယပါဒကို ရွတ်ဆိုခိုက် လောကုတ္တရာတရား ကိုးပါးတို့၏ဂုဏ်ကို အာရုံစိတ်စိုက်ညွတ်လိုက်ကြရမည်။

တတိယပါဒကို ရွတ်ခိုက် ပရမတ္ထအရိယာ သံဃာတော်တို့၏ဂုဏ်ကို အာရုံစိတ်စိုက်ညွတ်လိုက်ကြရမည်။

မဟာတပ္ပိနမင်း အနာထပိဏ်တို့လို–

ဘုရားဟူသော မြန်မာသံ, ဗုဒ္ဓဟူသော ပါဠိသံ၊ တရားဟူသောမြန်မာသံ, ဓမ္မဟူသော ပါဠိသံ,သံဃာဟူသော မြန်မာသံ၊ သံဃာဟူသောပါဠိသံတို့ကိုကြားက မဟာကပ္ပိနမင်း၊ အနာထပိဏ် သူဌေးကြီးများတို့ကဲ့သို့ အားရဝမ်းသာ၊

သာယာရွှင်လန်း ဆီထိဂွမ်းကဲ့သို့ ဝမ်းမြောက်နှစ်သက် ပီတိစေ တသိက်ကိုတလှစ်လှစ်ဖြစ်စေကြရမည်။ အဲဒီလို့ရတနာသုံးပါးတို့ ၏ အသံကိုတကြိမ်တဖန် ကြားကာမျှမတ္တဖြင့် မအိပ်တတ် မနေ တတ် ဆည်းကပ်ကိုးကွယ်ချင်သည့် စေတနာသဒ္ဓါတရားကိုဖြစ် ပွားစေကြရမည်။

ဤကဲ့သို့အနက်ပါဠိ ပဋိဝေဓ ဒေသနာဉာဏ်တို့၏ အရာသာ ဖြစ်သောကြောင့် ပြီပြင်စွာ ရှာ်ဆိုနိုင်ခဲ့ကြကာ၊ စင်စစ်မှုချမှာ ပစ္စိမဘဝိက ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာအရှင်မြတ်တို့၏ အရာသာ ဖြစ်ခပသည်၊ ထို့ကြောင့်မဘုဒ်ပါလော-

> ကောကာသို့ အက္ခရေ စေတ္တ ဓမ္မတ္တ ပဋိဝေဓ ဒေသနာ
> ဉာဏ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

ဟု နေတ္တိ အဋ္ဌကထာချုပ်က စီရင် ပြောပြလိုက်ပါဘိတကား။

**ရတနာ ၃-ပါး၏ ဂုဏ်တော်—**

ရဘနာစစ်သုံးပါးတို့၏ဂုဏ်ကို ယုံကြည် နိုင်ကြဘို့ရန် တဖန် ဖေါ်ပြလိုက်ပါဦး အံ့။ သုတ္တန်ပါတ် ကျမ်းမြတ် အထွက် ရတနသုတ်ပါဠိတော် သစ္စာတော်ခဏ်းတွင် ဤလူ့ပြည်ဘုံရှင်၊ နဂါးပြည် ဂဠုန်ပြည်ဘုံရှင်း နတ်ပြည် ဗြဟ္မပြည် တို့ဘုံရှင်း အလုံးစုံ ကုန်သောစိတ်ဖြင့် နှစ်သက်အပ်သော အမွန်အမြတ် ဖြစ်သော အကြင် ရွှေ ငွေ ပုလဲ ပတ္တမြား ကျောက်မျက် ရှဲ ဝဇီရ စိန်ကျောက် သန္တာကျောက်အားဖြင့် လောကီရတနာ ခုနစ်ပါး၊ ပုလဲပတ္တမြား။ ဖကျောက်မျက်ရှဲ ခရုသင်း ကျောက်သလင်း သန္တာ ကျောက်ရွှေငွေပတ္တမြားနီ ပတ္တမြားပြောက်အားဖြင့်လောကီရတ

နာဆယ်ပါးသည် ထင်ရှားရှိ၏။ ထိုဆိုခဲ့ပြီးသော ရတနာခုနစ်ပါး ဆယ်ပါ၊ လောကီ ရတနာများသည် ရှေးဘုရားကဲ့သို့ လာခြင်း ကောင်းတော်မူသော ငါဘုရားတဆူနှင့် တူမျှသော လောကီ ရတနာမည်သည် မရှိသည်သာလျှင် ဖြစ်ပါ၏။ ထိုငါဘုရား၏ လောကုတ္တရာ ရတနာစစ်အဖြစ်သည်သာလျှင် လွန်စွာမြတ်လှပါ ၏။ ရှေးဘုရားတို့ ဟောကြားခြင်းကဲ့သို့ ကောင်းစွာဟောကြား တော်မူအပ်ခဲ့သော လောကုတ္တရာတရား ကိုးပါးနှင့် တူမျှသော လောကီရတနာ မည်သည် မရှိသည်သာလျှင် ဖြစ်ပါ၏၊ လော ကုတ္တရာ တရားကိုးပါး၏ ဤရတနာစစ် အဖြစ်သည်သာလျှင် လွန်စွာမြတ်လှပါ၏။ ရှေးဘုရားတို့၏သာဝကတို့ကဲ့သို့ လာခြင်း ကောင်းသော ငါဘုရား၏ တပည့်သား သံဃာ အရိယာတွေနှင့် တူမျှသောလောကီရတနာမည်သည် မရှိသည်သာလျှင် ဖြစ်ပါ၏။ အရိယာသံဃာ၏ ဤရတနာစစ် အဖြစ်သည်သာလျှင် လွန်စွာ မြတ်လှပါ၏။

ဤသို့ မှန်ကန်သော တရားစကားကို ငါဘုရားဟောကြား တော် မူရခြင်းကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအများတို့အား ကောင်းသောစီးပွားချမ်းသာမင်္ဂလာသည်၊ ဝါ၊ ဘေးရန်ကင်း ကွာရောဂါခပ်သိမ်း ကင်းငြိမ်းခြင်းသည် နေ့ရှေ့ ညဉ့်ပါ အခါ ခပ်သိမ်းဖြစ်ကြပါစေသတည်း- ဟု အဓိပ္ပါယ်မြန်မာပြန်ရသော ယံကိဉ္စိဝိတ္တံ စသော ဂါထာတော်ကြီးများကို သင်ကြားပို့ချ ရွတ်အံ သရဇ္ဈာယ်ကြလျက်ပင် မဟုတ်ကြဘူးလား။

သို့ကလောက် မြတ်သော လောကုတ္တရာ တရားစစ်ကြီးတို့၏ ဂုဏ်တော်တွေဟာ အောက်နားတွင်ဖော်ပြခဲ့သော သုံးပါဒ တဂါ

ထာထဲမှာစုနေကြပြီး ဒီလိုမြတ်သည့် ဂါထာဟာ ပိဋကတ် သုံးပုံမှာရှာလို့ ရပါမည်လား။ စဉ်းစဉ်းစားစား ရှာဖွေတော်မူလိုက်ကြစမ်းပါဘုရား။

**လောကတွင် ဘုရားသာ အကြီးဆုံး၊ အမြတ်ဆုံး—**

သည်လောက်မျှနှင့် မယုံကြည်တတ် မကျေနပ်ကြ သေးလျှင် "ဧကောဝ လောကေ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ၊ သွာဟံ ဗြဟ္မဏဇေဋ္ဌော သေဋ္ဌော လောကဿ"ဟု ဝေရဉ္ဇပုဏ္ဏားအားကိုယ်တော်တိုင် ပြောကြားသော မုက္ခံသိက မဟာဝိဘင်္ဂပါဠိ ထင်ရှားပင်ရှိ ဝေသေး၏။ အနက်ကား-

ဗြဟ္မဏ၊ ဝေရဉ္ဇဟု နာမတွင်ကြား မောင်ပုဏ္ဏား။ ဧကောဝ၊ အဖော်မပါ ငါဘုရားတဦးတည်းသာလျှင်။ လောကေ၊ သတ္တလောကကြီးထဲ၌။ အနုတ္တရံ၊ မိမိထက်လွန်မြတ်သောတရားတပါးမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ မျက်မှောက်ထင်ထင် မြင်အပ် သိအပ် ရအပ်ပြီးပြီ။ သွာဟံ-သော အဟံ၊ ထိုငါဘုရားသည်။ လောကဿ+လူ နတ်ဗြဟ္မာ သတ္တဝါကြီးတွေထက်။ ဇေဋ္ဌော၊ အတုမရှိအောင် အလွန်အကျူး အထူးမြတ်သည်။ သေဋ္ဌော အတုမမှီအောင် အလွန်အကျူး၊ အထူးမြတ်သည်။ ဝါ၊ အင်မတန် အပုံကြီးမြတ်သည်။ အဓိပ္ပာယ်၊ ဖြစ်ပြီးပြီ။

ဤကား အရဟန္တာ အားလျော်စွာ ဥက္ကဋ္ဌနည်းသို့ လိုက် အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ် နိဗ္ဗာန်ကို အရကောက်ယူပုံ။

အစိပ္ပါယ်ကား။ လောကသုံးပါး၌ အမြတ်ဆုံးတရားဟူသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် နိဗ္ဗာန်တရားတို့သာလျှင်တည်း။ ထိုအမြတ်ဆုံး တရားတွေကို မျက်မှောက်ထင်ထင် မြင်အပ်သိအပ်ပြီးသောကြောင့် ငါဘုရား တဆူတည်းသာလျှင် လူနတ် ဗြဟ္မာသတ္တဝါကြီးတွေထက် အလွန်အကျူး အထူးကြီးမြတ်သည်၊ ဝါ အင်မတန် အလွန်ကြီးမြတ်သည် ဖြစ်ကြီးဖြစ်ပြီးပြီဟုဆိုလိုသည်။ အရဟတ္တမဂ်ဉာဏ် နိဗ္ဗာန်ကို အမြတ်ဆုံး ဆိုသဖြင့် ရဟန္တာ ပုဂ္ဂိုလ်များလည်း အမြတ်ဆုံး ဖြစ်သွားပြီ။ အရဟတ္တမဂ်ဉာဏ်ကသာ နိဗ္ဗာန်ကို အာရုံပြုနိုင်သည် မဟုတ်ပါ။ အောက်မဂ် အောက်ဖိုလ် ဉာဏ်များလည်း အမြတ်ဆုံး နိဗ္ဗာန်တရားကိုမျက်မှောက်ထင်ထင်မြင်နိုင်ကြသည့်အတွက် အောက်မဂ် အောက်ဖိုလ်ကိုရကြသည့် သေက္ခပုဂ္ဂိုလ်ခေါ်ဆိုရသော ပရမတ္ထသံဃာအရိယာများလည်း အမြတ်ထဲတွင် ပါဝင်လို့ သွားကြပြီ။ အားလုံးကုန်စကားသိမ်းချုံးလိုက်တော့ ရတနာသုံးပါးလုံးအမြတ်ဆုံးမကျပါသေးလား။ အဲဒီလိုစကားကျတော့ "ယံကိဉ္စိဝိတ္တံ" စသော ဂါထာတော်များနှင့်လည်း တသားတည်း ညီရောပါ။ ကိုင်း-- မယုံကြည် မကျေနပ်ကြသေးဘူးလား "မသိလျှင် သူ့ပုံ၊ မယုံလျှင် ရန်သူ" ဖြစ်တတ်ကြပါသတဲ့ဘုရား။

**သရဏဂုံ ဖြူစင်နိုင်ခဲ့သည်—** ခုကာလ ဗုဒ္ဓသာသာဝင် ရဟန်းရှင်လူတို့သည် သရဏဂုံ ဖြူစင် နိုင်ခဲလှသည်။ တပည့်တော် ကြားဘူးမြင်ဘူးသည်ကား နဲနဲပါးပါးသာရှိပေသည်၊ ဝေရဉ္စပုဏ္ဏားလို ရတနာသုံးပါးစိတ်ထက် ဝါကြီးလျက်နေကြပါမည်နော်။ သတိထားတော်မူကြပါ။

ယခုကာလ ဟိုမှီသည့်မြို့ အချို့သောပုဂ္ဂိုလ်စားတို့တွင်ကျောင်း
ထိုင်ကန့်ထိုင်ကလေးများဖြစ်သွားပြီး ပစ္စည်းသေးပါး ပေါများ
မှုဖြင့် ရဟန်းကိစ္စချောမောပြီးသည်နောက် စိတ်နှလုံးသွင်းအထက်
ရောက်တတ်ချေသည်။ ရေတွင်းတူး ရေကန်ဆည် စေတီတည်
ဇရပ်ဆောက် စသည်တို့ကို ရဟန်းကိစ္စဟုမဆိုလို။ သည့်နောက်
ကလေးမျှ သဒ္ဒါတရားကို ဘုရားက အလိုတော်မရှိ၊ မယုံလျှင်
မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်ကို ထုတ်ဖေါ်လို့ကြည့်။ "မသိ
လျှင်မေး၊ မစင်လျှင်ဆေး" ရှေးသူတော်ကောင်းတို့စကားတည်း။
ထင်ရှားအောင် ရေးလိုက်ရဦးမှာပါ။

ဘုရားဂုဏ်တော် ကိုးပါး — ခေါ်ပနာ၊ စင်စစ်ကေန်အမှန်မလွဲ
အလွန်အကဲ၊ တံ ဘဂဝန္တံ-
ဂေါတမံ+တဿ ဘောဘော ဂေါတမဿ၊ ထိုအရှင် ဂေါတမ
၏။ ကလျာဏော၊ သတင်းကောင်းအစစ် ဖြစ်ပေသော။ ကိတ္တိ
သဒ္ဒေါ၊ ချီးမွမ်းအံ့ဩ ကျော်ဇောသံ ဂုဏ်တော်သည်။ ဧဝံ၊
ဤဆိုလတံ့သောနည်းဖြင့်။ အဗ္ဘုဂ္ဂတော၊ မဆန့်ဘဝဂ် ပြန့်နှံ့
လျက်တက်၏။ ကိံ အဗ္ဘုဂ္ဂတော၊ အဘယ်သို့မဆန့် ဘဝဂ်ပြန့်
နှံ့လျက်တက်ပါသနည်း။

"ဣတိပိ သော ဘဂဝါ၊ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ
သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ
သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။ ဣတိပိ သော ဘဂဝါ
အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လော
ကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ

ဗုဒ္ဓေ ဘဂဝါ”ဟူ၍။ အဗ္ဗုဂ္ဂတော၊ မဆန့်ဘဝင် ပြန့်နှံ့လျက် တက်၏။ သဒ္ဒပဒတ္ထကနည်းပြန်ဆိုပုံ။ တရားတော်ဂုဏ်, သံဃာတော်ဂုဏ် **ကျော်ဇော**ပုံကိုလည်း ဤနည်းအတိုင်းပင် သိ။

**အဓိပ္ပါယ်ကား။** ဘုရားဂုဏ်တော် **တရား**ဂုဏ်တော် ပရမတ္ထအရိယာ သံဃာတော်တို့၏ ဂုဏ်တော်များကို **အ**ထက်ကိုဘဝဂ် အောက်ကိုအဝီစိ **ထုတ်ချင်းခတ်ထိ** လူနတ်ဗြဟ္မာ **သ**တ္တဝါတို့၏ **နား**မှာကြားသိလို့ **ကုန်**ကြပြီ ဆိုလိုသည်။ တခြား ပုဂ္ဂိုလ်ကိုမဆိုထားဘိ၊ အဝီစိ **လောဟကုမ္ဘီ**က ဒေဝဒတ် အဇာတ**သတ်**တို့တောင်မှ ကြားသိ၍ သွား၍ကြလေပြီ။ **အကျယ်ကို သိ**လိုလျှင် တပည့်တော်စီရင်သည့် ရတနတ္တယဂုဏပကာသနီကျမ်းမှာ **ရိုက်**နှိပ်ကာ ကြည့်ရှုတော်မူကြပါ။

ကြားသိကာမတ္တာသာမညမဟုတ်ပါသေး၊ ဝိသာခါ အနာထ**ပိဏ်**စသောလူပညာရှိ **အဘိ**ဓမ္မာ**သံ**ဃာ **ယမမင်း** သိကြား**မင်း စသည်တို့ကဲ့သို့** စကြာဝဠာ ကုဋေတသိန်းတွင်းရှိ န**တ်အရိယာ အဘိဓမ္မာသံ**ဃာ သဟမ္ပတိဗြဟ္မာ**မင်း** သနင်္ကုမာရ ဗြဟ္မာ**မင်း စသည်တို့ကဲ့သို့** စကြာဝဠာကုဋေတသိန်းတွင်းရှိ ဗြဟ္မာအရိယာ **အဘိဓမ္မာ** သံဃာတို့**၏** ရင်တွင်းနှလုံးတွင်းမှာ အချင်းခပ်သိ**မ်း ရတနာ**သုံးပါး ကိန်းဝပ်လျက် မလွတ်ရက် **မစွန့်**ရက်ဘဲ **အမြဲ သရဏ**ဂုဏ် **တည်**ကြပြီးပြီတဲ့။

ရှင်ရဟန်း**အစစ်**
**မ**ဖြစ်က ရှက်ဘွယ်—

**ကိုင်း၊** ဘယ့်နှယ်လဲ ကိုယ်**တော်**မြတ်တို့ ဝိနည်း ပိဋကတ်**တော်** အလိုမှာတော့ နတ်ဗြဟ္မာ**တွေ**ကို တိရစ္ဆာ**န် အရာမှာ ထား**လျက်ဘု**ရား**က**ဟော**တော်မူပါ**သည်။** တပည့်တော်တို့ ကိုယ်

တော်တို့လို လူဇာတ် များကိုတော့ အမြတ်အရာမှာ ထားပြီး ပစ္စည်းလေးပါးတည်းဟူသော ရိက္ခာတော်များကိုလည်း ထောက် မသနားတော်မူသည့်အတွက် စားရက်သောက်ရက်ပင် ဖြစ်နေကြ ပေသည်။ သို့ပါလျက်ကို မဂ်ဖိုလ်ကိုအရင်ရှ၍ သရဏဂုဏ် အမြဲ အစွဲ တည်နေတာကတော့ တိရစ္ဆာန်တွေ၊ လူတွေက မဂ်ဖိုလ်ကို ရမည်မှာပေးစွာ၊ ပြီးပြင်အောင်မှ မပေး မယူအတတ် ခဲ့ကြသည့် အတွက် ရှင်စစ်အဖြစ်,ဥတ်ကမ္မဝါစာကို ပြီးပြင်စွာ မရွတ်ဆိုတတ် ကြသည့်အတွက် ရဟန်းစစ်အဖြစ် ပဗ္ဗဇ္ဇာ ဒုလ္လဘမတ္တကိုမျှ မရ ဘဲများဖြစ်နေခဲ့ကြပါမူ ဘယ်လောက်တောင် အရှက်ကြီးများ ရဘွယ်ကောင်းလိမ့်မည်များကို စဉ်းစားဆင်ခြင် သိမြင်တွေးဆ လျက်ကြည့်ရှုတော်မူလိုက်ကြစမ်းပါလား။ ရှင်ဒေဝဒတ် အဇာ တသတ်တို့အောက်များ ကျသွားကြပါမည်နော်။ အထူးသတိ ပြုတော်မူကြပါ။ သုပ္ပဗုဒ္ဓမင်းကြီးကဖြင့် အောက် ကျသယောင် ယောင်ဘဲ။ ကောကာလိက ကဋ္ဌမောရကတိဿက သမုဒ္ဒဒတ္တတို့ လဲ ၎င်းနည်းတူ။ နာဠာဂိရိဆင်ကမှ ဟန်ကျကျရှိသွားသေးရဲ့။ လောကုတ္တရာအကျိုးစီးပွားများတာမတော့ လေးသမား အခေ အပါးတွေ့ကပါတဲ့။ ရှေ့ကိုတိုး၍တမျိုးရေးလိုက်ရဦးမှာပါ။

**ခြေတလှမ်း၊ ကုဋေ တသန်းတန်—** သရဏဂုဏ်သုံးပါး၏ အကျိုးစီးပွားများ ကို ကြားလျှင်ကြားခြင်း မဟာ ကပ္ပိန မင်း အနာထပိဏ် သူဌေးကြီး များတို့ အလားကဲ့သို့ အားရဝမ်းသာ သဒ္ဓါပညာ ရှေ့ထားလျက် သွားရောက်နိုင်ခဲ့ပါမူ သွားသောသူ၏ ခြေဘဝါး တလှမ်းကို အကြမ်းဖျင်း တွက်ပြလိုက်သော် ကကြိုးတန်ဆာ ဒွါဒရာတို့ဖြင့်

ဘော်များကို ကြားသိလျက်ကုန်ကြပြီ။ မယုံကြည်တတ် မကျေနပ်ခဲ့လျှင် အနာသပိဏ် သူဌေးကြီး၏ အသက်ပြည်းစိမ်နှင့်တကွသောတာပတ္တိမဂ်ဖိုလ်ဉာဏ် ဇေတဝန်ကျောင်းကောင်းမှုကုသိုလ်ကံတွေကို ကြံစည်ကြည့်ရှုတော် မူလိုက်ကြစမ်းပါဘုရား။

ဒီလိုပီတိမျိုးနှင့်များမဟုတ်ဘဲ ယီးတီယားတား သွားခဲ့လျှင် မြေဘုတ်ဘီလူးစားလို့ သေခဲ့ရာ၏။ အနာထပိဏ်သူဌေးလို့ဂုဏ်ကိုမဆိုထားဘဲ အသျှင်သာရိပုတ္တရာ သမ္မာပတ် ဝင်စားစဉ်အခါ နန္ဒဘီလူးယုတ်က တင်းပုတ်ဖြင့်ချသည့် ဝတ္ထုများကို ကြားဘူးတွေ့ဘူးကြ၏ မဟုတ်ပါလား။

မဟာကပ္ပိန္န မင်းကြီးသည် အမတ်ရင်း တထောင်နှင့်တကွ ရထားစီးလျက် အသီးသီးသွားကြရာ ဂင်္ဂါမြစ်သုံးတန်ကို ခုန်ကျော်ပြီး ဘုရား ရှေ့တော်မှောက်သို့ ရောက်ကြ သည့် အခါ ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာတွေ ဖြစ်ကြသည်များကိုစဉ်းစားတော်မူလိုက်ကြစမ်းပါဘုရား။ အကျယ်ကိုသိလိုလျှင် ထိုထို ပါဠိကထာတော်တွေမှာကြည့် ၍ သိငါသိ တိုတိုကိုအဆိုရှိက ကြည့်လိုက်ကြပါနော်။ဓဇဂ္ဂသုတ် အတ္ထုပ္ပတ္တိနိဒါန်းတွင် ရဟန္တာ အသျှင်မြတ်များရွတ်ထားတော် မူခဲ့သောဂါထာကို မြန်မာပြန်လောင်းစွက်လျက် သက်သေခံ ပြလိုက်ပါမည်။

ကောင်းကင်မှာ နေသော် လည်း မြေမှာကဲ့သို့—

အကြင် ရတနာသုံးပါးတို့၏ ဂုဏ်
ဘော်ကို ဉာဏ်ဖြင့်ကြံ၍ အဖန်ဖန်
အောက်မေ့ ကာ မျှ ဖြင့် လည်း၊

ကောင်းကင်၌ နေကုန်သော်လည်း သတ္တဝါတို့သည် မြေ၌တည်နေကြကုန်သကဲ့သို့ ခပ်သိမ်းသော အခြင်းအရာ အပြားအားဖြင့်

ထောက်တည်မှုခိုရာကို ရကြကုန်သေး၏ ရှင့်။ ဘီလူးခိုးသူအစ ရှိသည်တို့ကြောင့်ဖြစ်သော ပင်သိမ်းသော ဥပဒ္ဒဝေါ တည်းဟူ သောကွန်ယက်မှ လွတ်ကုန်သော သူတို့ကို ဂဏန်းချ၍ ပြနိုင်ဖို့ ရန် အပိုင်းအခြားသည် မရှိနိုင်တော့သည် သာလျှင်တည်း ဟု အဓိပ္ပါယ် မြန်မာပြန်ရပါသော—

ယဿာနုဿရနေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌမဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။ ။

သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခာ စောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။ ။

ဟူသော ဂါထာသဘောကို မပြောခင်က သိရှိကြပြီ မဟုတ်ပါ လော။

မဟာကပ္ပိနမင်း အနာထပိဏ်သူဌေးကြီး စသော သူတို့၏ ဖြစ်ပုံကို အကုန်အစင်ကြည့်ပြီး ချီးမွမ်းဖွဲ့စီလိုက်သည့် ဂါထာ တော်ကြီး ပါပေတကား။

**ဘုံစဉ်စံ အနာထပိဏ်သူဌေး—**

အနာထပိဏ် သူဌေးကြီး သည် ဘုံစဉ်စံ သတ္တကွတ္တာ ပရမါဥဒ္ဓံသောတ အက္ကနိဋ္ဌဂါမိ ပရိနိဗ္ဗာယီပုဂ္ဂိုလ်မျိုး မှန်သော် လည်း လွန်မြောက်နိုင်ခဲ့သော မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးနှင့်တကွ ဖရို ဖရဲပြိုကွဲပျက်စီး၍ စောက်ထိုးကြီးကျတတ်သောဝိနိပါတန အပါ ယဂမနီယ အမှုကြီးအပြီးငြိမ်းအေးသည့်ပြင် မိမိနှလုံးတွင် အစဉ် ကိန်းဝပ်လျက်နေဘိသကဲ့သို့ ကြည့်ရှုတိုင်းကို မဆိုင်းလျှင်စွာမြင်

နိုင်ပါသော သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်အသန်တခေတ်မြတ်ကြီး သုဒ္ဓါဝါသအကနိဋ္ဌဗြဟ္မာဘုံသို့သာ တဆန်တည်းဆန်တက်လျက်အထက်ဆထက်ဘုံဘဝကို ရလွယ်နိုင်ခြင်း နိယတဂတိကသဘောကြီး အကနိဋ္ဌဗြဟ္မာဘုံသို့အရောက်တွင် အရဟတ္တမဂ်ကိုလိုချင်တောင့်တလျက် သခ်ါရတင်၍ ဆင်ခြင်သုံးသပ်လိုက်က ရလွယ်ခြင်း၊ သမ္ဗောဓိ ပရာယနဂုဏ်ထူးကြီးများလည်း အပြီးပါလျက် သွားရပုံများကို စုံစုံလင်လင် ဆင်ခြင် စဉ်းစားတော်မူလိုက်ကြစမ်းပါ ကိုယ်တော်မြတ်တို့ဘုရား။

ပုထုဇဉ် လူနတ်ဗြဟ္မာရဟန်းသံဃာဟူသမျှကို ထိုမှပြန်၍ အစုံကြည့်။ သိသာထင်ရှားကွဲကွဲပြားပြား ရှိလောက် ကောင်းတန်ပါပြီနော်။ ပါဠိတော်ကို ကြည့်လိုတော်မူကြသေးသလား။ ရေးသားညွှန်ပြရဦးမှာပေါ့၊ ကြည့်ဘုရား။

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။ အဝိနိပါတဓမ္မော နိယတဓမ္မော၊ နိယတဂတိကော၊ သမ္ဗောဓိပရာယနော။ ဤတိဝုတ်ပါဠိတော်လာ ဘုရားဟော ဒေသနာတော်။

မဟာကပ္ပိန္နမင်းစသော ရဟန္တာအသျှင်မြတ်တွေမှာ ဆိုဘွယ်ရာမရှိ၊ သံသရာလောကကြီးကိုပင်လွန်မြောက်၍ မဟာပရိနိဗ္ဗာနခေတ်သို့ကပ်ရောက်တော်မူကြပါပေပြီ။ မယုံကြည်လျှင် "သဗ္ဗဘဝေ ပရိညာယ၊ ပရိနိဗ္ဗန္တိ အနာသဝါ" ပါဠိတော်ဒေသနာကို သေသေချာချာ ကြည့်ရှုဆင်ခြင်ပြီး သိမြင်တော် မူကြပါ။ အရိယာလောင်း သူတော်ကောင်းတို့ဘုရား။

ရတနာ ၃-ပါးနှင့် စပ်၍ ဖြစ်သောပီတိ–

မဟာကပ္ပိန်မင်း အနောထပိဏ်သူဌေးကြီး စသူတို့ ရအပ်သော လောကီပီတိကို အဘိုးဖြတ်ဆိုလို့ စမ်းတော်မူလိုကြလျှင် ဟောသည့်ဒေသနာဓမ္မဖြင့် တွက်ဆ၍ သိမြင်တော်မူကြပါ။

ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနပိ ဇမ္ဗုဒီပဿ။
ဓမ္မောတိ ကိတ္တယန္တဿ၊ (နောက်ကို နည်းတူယူ)
သံဃောတိ ကိတ္တယန္တဿ၊ ရှင်း

ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဘုရား ဘုရားဟူ၍၊ ကိတ္တယန္တဿ၊ ကျေးကျော်ရွတ်ဆို ယောင်မေး ပြည်တမ်းမိသော ပုဂ္ဂိုလ်၏၊ ကာယေ၊ နာမကာယ ရူပကာယခန္ဓာကိုယ်၌။ ယာ ပီတိ၊ အကြင်နှစ်သက်ခြင်း ပီတိသည်၊ ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ဟိ၊ အကျိုးကိုလက်ညှိုးထိုး ညွှန်ပြဦးအံ့။ သာ ပီတိ၊ ထိုနှစ်သက်ခြင်းပီတိသည်။ ဇမ္ဗုဒီပဿ ဇမ္ဗူဒိပ်ကျွန်း တသောင်း ညွှန်းသည့်ကျွန်းကြီး မြေအပြင်ကို၊ ကသိဏေနပိ၊ အလုံးစုံ အကုန်ပြန့်အောင် အာဏာတော် နှံ့နိုင်သော သိရိဓမ္မာသောက စသော ကောရာဇ်မင်းတို့၏ ပြည်းစိမ်ချမ်းသာ ရဘာနာတွေ ထက် လည်း၊ ဝရမေဝ၊ မုက်ဧကတမိုတ်တွင် ကုဋေတသိန်းမကအောင် မြတ်လှတော့သည်သာလျှင်တည်း။

ကောဿထောင်သည်ဟု ထင်လျှင် ဟိ-က အလျှင်စ၍ကောက်၊ ရှေ့နောက် အကြောင်းဒေကျ်းနှစ်ပါး ကွဲပြားရန် အလယ်နား

တွင်ဘားလျက်အနက်သမ္ဗန် လိုက်ပေသည်။ နောက်နှစ်ဂါထာကို လည်း သိသာလောက်ပေပြီ။

အရိယာမဂ်နှင့်ယှဉ်သော လောကုတ္တရာပီတိတို့မှာ ဆိုဘွယ် ရာမရှိဖြစ်ပါတော့သည်ဘုရား။ အပေယာ သုခံ အပေယာ သုခံဟု အဘန်ဘန် အထပ်ထပ် ဥဒါန်းကျူးအပ်သည့်အရာတွင် ပေယာ တော်မူသော ဓမ္မဒေသနာ ဒီဂါထာဖြင့် ချင့်ရှိသိ။

ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။ ။

ဓမ္မပီတိ၊ လောကုတ္တရာ တရားမြိုက်ကို တကျိုက်တပေါက် သောက်ရသော သူသည်။ သုခံသေတိ၊ ချမ်းသာစွာ နေရ၏။ ပဏ္ဍိတော၊ လောကုတ္တရာတရားသဘောသွားကို မနောထားစိတ် အစဉ်တွင် ထင်ထင်ရှားရှားမြင်နိုင်ကြောင်းဘိ ပညာရှိသည်၊ အရိယပ္ပ ဝေဒိတေ၊ အရိယာတို့သိအပ်သော။ ဓမ္မေ၊ ဗောဓိပက္ခိယ ဓမ္မ ရတနာ မြိုက်ရသာ၌။ ဝိပ္ပသန္နေန၊ အထူးသဖြင့် ကြည်လင်စွာ ယာသော။ စေတသာ၊ စိတ်နှလုံးဖြင့်။ (တနည်း) ဝိပ္ပသန္နေန စေ တသာ ဝိပ္ပသန္န စေတော ဟုတွာ၊ အထူးသဖြင့် ကြည်လင်စွာ သော စိတ်နှလုံးရှိသည်ဖြစ်၍။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ် သိမ်း။ ရမတိ၊ တပြုံးပြုံး ပျော်မွေ့လျော်၏။

ဉပမာအားဖြင့် အနှမ်းကြီး စိတ်ကောင်း ရောက်တော့ နောက် ရောခုပါသေသေချာချာ တွေးကြည့်ပြီးပြုံးမိရယ်မိတချိချိရှိသကဲ့ သို့ပါပေတည်း။

**အပြင်မမှားဘို့သတိပြုပါ—** ကိုင်း ဘယ့်နှယ်ရှိကြလဲ ကိုယ်တော်တို့၊ "ထီးဘွား နန်းဘွား သူတပါးသမီးသား ယဉ်ယဉ်ကျေးကျေးတွေကို မြင်ရတော့ အိမ်တွင်ရှိသည့် မိမြိမ်းတုတ်ကို တင်းပုတ်ဖြင့်သာ ချလိုက်ချင်ပါရော့" ဆိုသလို ကိုယ့်ဟာကိုယ် နေရကျသေး၏ဟု ထင်နိုင်ကြသေးရဲ့လား။ မြင်နိုင်ကြပါဦးမည်လား။ အထင်အမြင် မှားလဲလွဲကြပါမည်နော်၊ ဆရာကောင်း လိုလှချည့်။

"မြိမ်းတုတ်ကိုလှစေချင် ပန်းပဲ ဖိုမှာပြင်၊ ပန်းပဲဖိုက တူဖြင့်ရိုက် မြိမ်းတုတ်မျက်ဖြူဆိုက်" ဆိုသလိုအဂ္ဂယတ်ဖိုများဖြင့် အပြင်မှားကြပါဦးမည်ဘုရား၊ ဒီလိုများ နေပြန်မှဖြင့် "ထန်းရေကိုရှောင်ရန်ဘို့ သေရည်နှင့်ဖြတ်" 'သေရည်ကိုရှောင်ရန်ဘို့ အရက်နှင့်ဖြတ်" "အရက်ကိုရှောင်ရန်ဘို့ ဘိန်းရှူလို့ဖြတ်" သလို မပြတ်သည့်ပြင် အားလုံးကျန်ကြိုက်လတ်သဖြင့် "ထပ်လားသွားချေး၊ တိုးလို့များသေး" ကြပါဦးမည်နော်၊

စစ်ကိုင်းတောင်ရိုးတလျှောက် အောက်မော်လမြိုင်ရန်ကုန်ဆီများမှာ ဒီလိုဖိုလ်ဝင်စားသည့်ပုဂ္ဂိုလ်တွေ တယ်ပေါ။ အဲဒီ ပုဂ္ဂိုလ်များဟာ "ကြံပင်ကိုဝယ်လို့စုပ်ပါဟု မှာလျက်သားကို ပိန်းဥကိုဝယ်စားသည့်လူနှင့်အတူတူပေ" ဆိုသည်မ၏ လက်သုတ်ပုဆိုးလို တိုး၍သာညစ်တော့မည်။

**ဘုရားကြိုက်သော အဂ္ဂရတ်နည်း—** ဤနေရာစကားစပ်တွင် ဘုရားဘာဂ်က အဂ္ဂရတ်နည်းကိုတတ်သလောက် ရေးပြီး နည်းပေးလိုက်ရဦးမှာပါ။ နိဒါန်းကပြခဲ့သော ဣတိ သီလံ, ဣတိ သမာဓိ, ဣတိ ပညာ

စသော ဒေသနာတော်အရ စတုပါရိသုဒ္ဓိသီလကိုမူ “လုံ” ဟုယူ၊ သမာဓိကိုတော့ “သတ္တုခဲ”၊ အနုပဿနာဉာဏ် မဂ်ဉာဏ် တို့ကိုမူ “သံပြာ, ပြဒါးပြာ, ခတ်သုံး” စသည်ယူကြပါ။

ကရဏီယအောက် ၀ လေးထောက် ပုဂံရှင်ကြီးထီးနှင့် ပျောက်ကို ကောက်ယူပုံ—

ကရဏီယအောက်— သန္တံ၊ ငြိမ်သက်လှစွာသော။ ၀ါ၊ သန္တိ လက္ခဏာသက်သက် ဖြစ်တော်မူသော။ ယံ ပဒံ၊ အကြင်နိဗ္ဗာန်တရားမြတ်သည်။ အတ္ထိ၊ ပရမတ္ထ သဘော အားဖြင့် ထင်ရှားရှိပါ၏။ တံ ပဒံ၊ ထိုအသခ်တခေတ် နိဗ္ဗာန် တရားတော်မြတ်ကို။ အဘိသမေစ္စ၊ ဘာဝနာဒယ-မဟာကုသိုလ် ကံ အနုလုံ ဂေါတြဘူ ဝေါဒါန်ဉာဏ်တို့ဖြင့် လျှော်လျှော် ကန်ကန် သက်ဝင်၍၊ ၀ါ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်ဟုတ်ဟုတ် မှန်မှန်သက်ဝင်၍၊ အတ္ထကုသလေန၊ လောကုတ္တရာအကျိုးစီးပွား ၌ လိမ္မာလိုလားသော အာစာရကုလပုတ္တ အမျိုးကောင်းသား ရဟန်းများသည်။ ကရဏီယံ၊ ပြုအပ် ပြုသင့် ပြုကျင့်ပါလေ။

ဤဒေသနာစကားဖြင့် ကရဏီယဖြင့် ဆွမ်းစား အံ့သွား ဗထက်ခြိုက်လိုက်ကပေါ့ ဟူသော အနေအစားမျိုးကို ပယ်ရှား တား မြစ်တော်မူပေသည်။ ကြွင်းကျန်သော သမဏစရိတဗ္ဗတရား တို့ကား ထင်ရှား သိသာလောက်သင့်ပြီ။ အံ့သွား မျှ တောင် ဗထက်ခြိုက်လိုက်ရွှမက ကျိုးလို့ တောင်မကုန်ကြသေးဘူးလား။ ဗလုသုက္က ပလိဗောဓ နိဝရဏအမှုကြီးတွေပါတကား။ သေသေ ချာချာ ဂဃဏနစဉ်းစား၊ အရင်းအဖျားသတ် မစဉ်းစားမိမှုဖြင့်

အယှဉ်းအမှားတွေငြိကုန်ကြလိမ့်မည်။ ကောင်းစေတို့ပြောလိုက်ပါသည်။ အလေ့ာင်းတွေမို့ သဘောပိုက်သ ကြည်။ အခေသာင်းတွေတသိုက်ကတော့ မနေဘဲ့နာမည်။

## ကိစ္စကြီးလေးပါးတို့၏ သဘောသရုပ်

* ဘာဝေတဗ္ဗကိစ္စ—လောကီမဂ္ဂင်တရားရှစ်ပါးကို မရပ်မနား မီးပွတ်တိုက်သော ယောကျ်ားကဲ့သို့ ပွား များ အားထုတ်ရခြင်းအမှု (၁)။

* ပရိညာတဗ္ဗကိစ္စ—ရုပ်နာမ်နှစ်ပါးကို ဒုက္ခာနုပဿနာ ဉာဏ် ဖြင့် သန်သန်မြင်ရခြင်းအမှု (၂)။

* ပဟာနကိစ္စ—မြင်သည့်နေ့မှစ၍ တနေ့တခြား ခေါင်း ပါး ခမ်းခြောက်ပျောက်ကွယ် ကုန် ဆုံး လျက် အကုန်လုံး ငြိမ်းခြင်းအမှု (၃)။

* သစ္ဆိကာတဗ္ဗကိစ္စ—မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက် မှောက်ထင်ထင်မြင်ရခြင်းအမှု (၄)။

## ဒိနက်ရပိုစ်သွားတော့ အကျိုးစီးပွားများပုံအညွှန်း

သီလ သမာဓိ ပညာစ၊ ယဿ ေတေ သုဘာဝိတာ။
အတိက္ကမ္မ မာရဓေယျံ၊ အာဒိစ္စောဝ ဝိရောစတိ။

ဘိက္ခဝေ၊လောကုတ္တရာဝိဇ္ဇာဉာဏ်ဖြင့်နိဗ္ဗာန်ကိုလိုလားပေါက် ရောက်သူ ရဟန်းရှင်လူတို့။ ယဿ၊ မည်သူမည်ဝါမဆို အကြင်

ပုဂ္ဂိုလ်သည်။ သီလဥ္စ၊ အဓိသီလသိက္ခာခေါ်သည့် သီလမဂ္ဂင် သုံးပါးကိုသည်းကောင်း။ သမာဓိဥ္စ၊ အဓိစိတ္တသိက္ခာခေါ်သည့် သမာဓိမဂ္ဂင်သုံးပါးကိုလည်းကောင်း။ ပညာစ၊ အဓိပညာသိက္ခာ ခေါ်သည့် ပညာမဂ္ဂင် နှစ်ပါးကိုလည်းကောင်း။ တေ၊ ဤသုံးပါးသော သိက္ခာမဂ္ဂင်တရားတို့ကို။ သုဘာဝိတာ၊ ဆုံးခန်းတိုင် မြောက် အရဟတ္တမဂ် ရှေ့ထီးသို့အပြီးတိုင် ပေါက်ရောက်အောင် မထောက်မနား ပွားများအပ်ကုန်၏။ သော၊ ထိုသို့ ပွားများ အားထုတ်နိုင်သော ပုဂ္ဂိုလ်သည်။ မာရမေယျံ၊ မန်မင်း၏နိုင်ငံ တည်းဟူသော သံသရာလောကဓာတ်ကြီးကို။ အတိက္ကမ္မ၊ လွန် ကာပေါက်ရောက် အထမြောက်၍။ အာဒိစ္စောဝ၊ ဆီးနှင်းမှုတိမ် သူရိန်မီးခိုးညစ်မျိုးငါးအင် ကင်းစင်တောက်ပ တင့်တယ်လှသော ဒိနကရတနက်နွေ နေမင်းကြီးကဲ့သို့။ ဝိရောစတိ၊ ပြောင်တဝင်း ဝင်း မှော်ပချည်းအောင် ထွန်းလင်းတောက်ပ တင့်တယ်၏။ (ဣတိဝုတ်ပါဠိတော်လာ ဘုရားဟောဒေသနာ ဂါထာတော်)။

**ဝလေးထောက် ကောက်ယူပုံ—**

ဝလေးထောက်ကောက်ယူပုံကား- မဂ်ကိစ္စ တဆဲ့ ခြောက်ချက်ရှိရာ တပြိုင်နက် ကိစ္စတပ် ခြင်းဟူသည့် ပထမမဂ်ခဏ၌ သစ္စာလေးပါး လုံးကို ဝ တလုံးသာယူ။ ဒုတိယ, တတိယ, စတုတ္ထမဂ် ခဏတို့၌ လည်း နည်းတူ။ အရဟတ္တမဂ် ထီးဖြူကြီးကို မရသေးသမျှကာလ ပတ်လုံး ဝ-လေးသောက် အထမမြောက်သဖြင့် ရဟန်းကိစ္စ သမဏစရိတဗ္ဗတရားများကို အားလျော့လက်လွှတ်၍ မနေအပ်။ ပြုကျင့်အပ်သေးသည့် အတွက် "ကရဏီယအောက် ဝ-လေး ထောက်" ဟု လောကုတ္တရာ အလျောက် ကောက်ယူကြရမည်။

ပညာရင်ကြီး ထီးနှင့်ပျောက် ဟူ၍လည်း ဆိုသင့်၏။ ဝ-လေး ထောက် အထမြောက်ပြီးခေတ်လုံးကြီး အပြီးသို့ရောက်ချင်ကြ လျှင် ပြလတံ့သောဂါထာအရ "ထ- ခုနစ်လုံး"နှင့် ညီအောင် အားထုတ်ကြရမည် ပုဂ္ဂိုလ်ကြီးတို့။

## "ထ" ၇-လုံးဂါထာ

၁။ အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဒုဂ္ဂါဥဒ္ဓရ (ထ)တ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။

၂။ အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ၊
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

၁။ အပ္ပမာဒရတာ၊ မမေ့မလျော့ မပေါ့မတန် ဘာဝနာ မယဉ်ာဏ်၌ အလွန်မွေ့လျော်ကုန်သည်။ ဟောထ၊ ဖြစ်ကြကုန် လော။ သစိတ္တံ၊ မိမိစိတ်ဆိုး စိတ်မိုက်ကလေးကို။ အနုရက္ခထ၊ အစဉ်တစိုက် စောင့်ရှောက်လိုက်ကြကုန်လော။ ကိုမိဝ၊ မမာ တန္တို နှိုင်းပြုစရာ ဥပမာဘာလိုလဲဟူမူကား။ ပင်္ကေ၊ ညွှန်၌၊ သန္နော၊ကျွံနစ်သော။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ ဒုဂ္ဂါ၊ လွန်ရန်ခက်ခဲ ညွှ အိုင်ထဲမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရတိဣဝ၊ ယိမ်းနွဲ့ယိုင်လူပ် ဆွဲချီနှုတ်သကဲ့သို့၊ ဧဝံ တထာ၊ ဤဆင်အိုကြီး ဥပမာတူလှစွာ၊ တုမေ့၊ သင်ချစ်သားတို့သည်။ ဒုဂ္ဂါ၊ လွန်ရန် ခက်ခဲ ကိလေသာ တည်းဟူသော ညွှ အိုင်ထဲမှ။ အတ္တာနံ၊ နာမ် ရုပ်ခေါ်ဆို မိမိကိုယ်ကို။ ဥဒ္ဓရထ၊ အားကုန်နွဲ့လျက် တသဲသဲ နှုတ်လိုက်ကြပါကုန်လော။

၂။ ဗုဒ္ဓသာသနေ၊ သိက္ခာသုံးပါး ထွန်းကားဖြစ်ပေါ် ငါဘုရား သာသနာတော်၌။ တုမှေ၊ သင် ချစ်သားတို့သည်။ အာချမ္ဘထ၊ မဂ္ဂသစ္စာတရားကို ပွားများ အားထုတ်ကြလေကုန်။ နိက္ခမထ၊ သံသရာဝဲ ဩဃထဲမှ ခွာရှဲ ရှောင်ထွက် ကြလေကုန်။ ယုဉ္ဇထ၊ ကိလေသာမာန် ကိုယ်တွင်းရန်ကို တွန်းလှန်လိုက်လျက်၊ တိုက်ဖျက်ကြလေကုန်။ ကိမိဝ၊ ဥာဏ်ဖြင့်တွေးချင့် အသင့်မှတ်စရာ ဥပမာဘာကိုလဲဟူမူကား။ ကုဉ္ဇရော၊ ကြီးကြာသံမြည်တတ်သော ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ကျူရုံတောကို။ မုနာတိဣဝ၊ မှုန်မှုန် ညက်ညက် နင်းဖျက် ချိုးဖဲ့ သကဲ့သို့။ ဧဝံတထာ၊ ဤဆင်ပြောင်ကြီး ဥပမာတူစွာ။ မစ္စုနော၊ မစ္စုမာရ်တည်းဟူသော သေမင်း၏။ ဝါ၊ ဘင်တရား တည်းဟူသော သေမင်း၏။ သေနံ၊တထောင့်ငါးရာ ကိလေသာ တည်းဟူသော စစ်သည်အပေါင်းကို။ တုမှေ၊ သင်ချစ်သားတို့သည်။ မုနာထ၊ မှုန်မှုန်ညက်ညက် နင်းချေဖျက်လိုက်ကြပါကုန်လော။

(ဓမ္မပဒပါဠိ)

ဆင်နှင့်ကျူ၊လူနှင့်ကိလေသာ— ဥပမာ ဥပမေယျ ယှဉ်ယူလိုက်တော့ ဆင်နှင့်ကျူ လူနှင့်ကိလေသာဆိုပါကလား ကိုယ်တော်မြတ်တို့ဘုရား။ ဆင်နှင့်ကျူမှာတော့ တတ်နိုင်စရာ ရှိပါ၏။ လူနှင့် ကိလေသာကဖြင့် ပြောင်းပြန်ကြီးသာ အနင်းများရော့ ထင်ပါကလားကရို့ ကိုယ်တော်မြတ်တို့။ ကျားနှင့်ခွေးလိုပေါ့လေ။ ရေရှည်သွေးခါတော့ ခွေးသေပါလိမ့်မယ်၊ အစွယ်ချင်း အဆိပ်ချင်းမှ မတူပါကဘဲ။ ဘာပြုလို့ မို့ ကြောက်ရမည်လဲ။ ခဲသာခဲ မဲသာမဲ စွဲသည်ထက်စွဲ

ဆောင်သာ ဂေါတမရှင်တော်ပွဲမှာ နွှဲလို့သာနွှတ်လိုက်နှင်းလိုက်ကြပါ။ လဲ၍ဒသ နတ်ပြည်ရောက်ခါ ပေါက်ပါလိမ့်မည်ဘုရား။ မြတ်စွာဘုရားအားပေးတော်မူသော ဒေသနာကို သေသေချာချာကြည့်။

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။ (ပဥ္စကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်)

ဘိက္ခဝေ၊ ဒုက္ခထင်မြင် သုခမင်၍ အတွင်မနား မီးပွတ်ယောကျ်ားကဲ့သို့ မဂ္ဂင်တရားရှစ်ပါးကို အားထုတ်ကြကုန်သော ငါ၏ချစ်သား ရဟန်းများတို့။ တဿ၊ ထို တရားမပေါက် ဝ-လေးထောက်ကို အထမမြောက်မီ ဤလူ့ပြည်မှသေ၍ အထက်နတ်ပြည်မှာ ဖြစ်ရသော သူအား။ တတ္ထ၊ ထိုရောက်ရာဌာန နတ်ဘဝ၌၊ သုခိနော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမြေပြည့်စုံလှသည်ဖြစ်၍။ ဓမ္မပဒါနိ၊ လူ့ပြည်တုန်းက အားထုတ်ခဲ့ရသော တရားအစု ပေါက်လုလုတို့သည်။ ပ္လဝန္တိ၊ အိပ်သောယောကျ်ား နိုးသည့်လားသို့ တဘွားဘွား ပေါ်၍ လာကုန်၏။ သတုပ္ပါဒေါ၊ ဩော်- ငါသည်နတ်ပြည်သို့ ရောက်ပါပြီတကားဟု သတိရမှုသည်။ ဒန္ဓော၊ နှေးသော်လဲ နှေးခဲ့ရာ၏။ အထခေါ၊ ငင်စစ်ကေနဲ အမှန်သော်ကား။ သော သတ္တော၊ ထိုသူသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပြန့်ပြူးတရားထူးကို ရှင်မြူးဝမ်းသာ ရနိုင်ပါသော အဘို့ရှိသည်။ ဟောတိ၊ ထင်ရှားဖြစ်၏။ (တယ်ကောင်းတယ်၊ ဝတ္တုအားမြင့်ကား——)

လာဘ်ရကြောင်း၊ နိဗ္ဗာန်ရကြောင်း တလမ်းစီ— ကဿပ ဘုရားရှင် သာသနာ ကုန်လုနီးသောအခါအသျှင်ဒဗ္ဗအလောင်း ရဟန်းတော်း များလိုသာ အား ထုတ်ပြင်ဆင်တော်မူကြပါ၊ ခေါတ်လုံးမပေါက်ခင် ရွှေဖြစ် ငွေဖြစ်နှင့်တကွ ဆေးဝါးကုသ၍ အခေါ်အချ ပယောဂ နိုင်ချင်သလိုသာ စောစောက မလုပ်ကြပါနှင့်ဘုရား။ ခေါတ်လုံး ပျက်ပြားတတ်ပါသည်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ပေါ်တွင် ဒုက္ကရစရိယာခြောက်နှစ်လုံးလုံးဆုံ အောင် သဗ္ဗညုတဉာဏ်တော် တည်းဟူသောမနောမဟိဒ္ဓိ ပတ္တမြားရှင်ကြီးကို လက်တွေ့နည်း ပွဲတွေ့အကျော် မှာတော်မူခဲ့သော ဂါထာများကိုကြားဘူး တွေ့ဘူးကြလျက်ပင် မဟုတ်ပါလား။ ပစ္စည်းလေးပါး ပေါများ ရှိနှင့်ပင် တင်းတိမ်အားရကြတော့ မည်လော။ စောစောက ပြင်ဘိုကောင်းသည်။ အကြံနှောင်းခဲ့လျှင် အကောင်းတွေနဲ့ လုံတတ်ပါသတဲ့။ အချို့ကတော့ နောက်(နွား) ချေးချပ်နှင့် သလဲလို့မှ မပြောဆိုကြသေး၏။ ဘုရားဟောပါဠိကို ဖုံးဖုံးဖိဖိ ကြည့်တော်မူကြလျှင်—

အညာဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာန ဂါမိနီ။
ဧဝ မေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။ ။

ဘိက္ခဝေ ပစ္စည်းပန္နာ ဘယ်ဟာမငဲ့ ကိလေသာ ကိုသာလျှင် လွန်စွာချိုးပဲ့လေ့ရှိသော ငါ၏ချစ်သားရဟန်းများတို့။ လာဘူ

ပနိသာ၊ လာဘ်ရကြောင်းဖြစ်သော ကုလဒူသန အနေသန စသောအကျင့်ယုတ်သည်။ အညာဟိ ငုတ်ဘိုမြုပ်လမ်း တခြား တပါးသာတည်း။ နိဗ္ဗာနဂါမိနီ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းခေါ်အပ် မဂ္ဂင်တရားမြတ်သည်။ အညာ အခြားတပါး အထက်သွားသယ်သက် တရားမြတ်ကြီး ပါပေတည်း။ ဧဝံ အဲဒီလို။ တံ ဒွယံ၊ ဤအကျင့်ယုတ် အကျင့်ကောင်း နှစ်ပါး အပေါင်းကို။ အညာယ၊ ကောင်းကောင်းကြီးသိမြင်ကြပြီး၍။ ဗုဒ္ဓဿ၊ ငါဘုရား၏။ သာဝကော၊ တပည့်တော် ဖြစ်သော။ ဘိက္ခု၊ ရဟန်းကောင်း ရဟန်းမြတ် ကျမ်းဂန်တတ် ပုဂ္ဂိုလ်သည်။ သက္ကာရံ၊ လာဘ်သပ္ပနာ ပူဇော်သကာ မရိက္ခုရာကို။ နာဘိနန္ဒေယျ၊ အလွန်အကျူး အတူ မနှစ်သက်ရာ။ ဝိဝေကံ၊ တကိုယ်တည်းနေခြင်းဟူသော ကာယဝိဝေက, သမာပတ်ရှစ်ပါး တည်းဟူသော စိတ္တဝိဝေက, နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေကကို၊ အနုဗြူဟယေ၊ ပွားများ အားထုတ်ရမည်။ (နာဘိနန္ဒေယျ ဟုလည်း ပါဠိရှိတတ်သည်။ အနက်တူပင်)

**အဓိပ္ပါယ်ကား။** အလွန်ကြီးသော မနှစ်သက်ရာ၊ ဓမ္မိယာ လဒ္ဓတရားသဖြင့် ရအပ်သော ကပ္ပိယ ပစ္စည်းမှန်က ဆေးဖော်ဝါးဘက်ရ အနည်းငယ်မျှမူကား ထားရ ပါသေး၏။ ရာ, ထောင်,သိန်း,သန်း တိုးလမ်းပွားလမ်းတို့ဖြင့်ကား ရဟန်း မှန်သမျှ မထားရ။ ကျောင်းအသုံးအဆောင်ဖြစ်ခဲ့က ကိစ္စမရှိ။ ပလိဗောဓဖြစ်မည်ကိုသာစိုးရာ၏ဟုဆို လိုပါသည်။ ယုံလျှင် ဂါမဏိ သံယုတ်ပါဠိတော်ကို ရှုမြော် မိမိကြည့်တော် မူကြစမ်းပါလား။

"ယဿ ခေါ ဂါမဏိ ဇာတရူပရဇတံ ကပ္ပတိ၊ ပဉ္စပိ တဿ ကာမဂုဏာ ကပ္ပန္တိ။ ဧကံသေန ခေါ ဂါမဏိ ဓာရေယျာသိ အသမဏဓမ္မော အသက္ယပုတ္တိယဓမ္မော တိ။"

ရွှေငွေအပ်ပေါက ကာမဂုဏ် ငါးပါးလုံး အပ်စပ်မည်—

ဂါမဏိ၊ ဂါမဏိအမည်ရှိသော ရွာသူကြီး၊ ယဿ၊ အကြင် လူအား။ ဇာတရူပရဇတံ၊ ရွှေ ငွေသည်။ ကပ္ပတိ၊ ကိုင်အပ်ခံအပ် သာယာအပ်၏။ တဿ၊ ထိုရွှေ ငွေအပ်စပ်သူလူအား။ ပဉ္စပိကာမဂုဏာ၊ ကာမဂုဏ်ငါးပါး တို့ သည်လည်း။ ကပ္ပန္တိ၊ ကိုင်အပ် ခံအပ် သာယာအပ်ကုန်၏၊ ဂါမဏိ၊ ဂါမဏိ အမည်ရှိသောရွာသူကြီး။ တဿ၊ ထိုရဟန်း၏၊ သော၊ ထို ရွှေငွေရောင်းဝယ်လယ်ပေါ်ယ်ပေါင်အိမ်သောင်ခမ်းနားအတိုး အပွားချသားခြင်းစသောအမှုကိုဖြစ်ပျက်သမျှကို။ ဧကံသေန ခေါ၊ စင်စစ်အားဖြင့် သာလျှင်။ တွံ၊ သင်ဂါမဏိသည်။ အသမဏ ဓမ္မောတိ၊ ရဟန်းစစ်တို့၏ အကျင့်မျိုး မဟုတ်ဟူ၍။ အသက္ယ ပုတ္တိယဓမ္မောတိ၊ သာကီဝင်မင်းသား ငါဘုရား တပည့် သားစစ်တို့၏ အကျင့်မျိုးမဟုတ်ဟူ၍။ ဓာရေယျာသိ၊ အသက်ထက်ဆုံး စွဲသုံး မှတ်သားသားပါလေလော။

ဒုတိယသင်္ဂါယနာတွင် ရဟန္တာအသျှင်မြတ်တို့သည် ဂါမဏိ သုတ် သံယုတ်ပါဠိတော်ကိုထုတ်ဖော်၍ သာသနာတော်ကိုသုတ် သင်ကြရဘူးလေပြီ။ ယခုအခါလည်း လာကြချင့်သေးရဲ့။ လုပ် ရပ်လမ်းမှန်ကြောင်းကို သက်သေခံပြသော သာဓက ဂါထာ သာမုက္ကံသိက ဓမ္မဒေသနာ ပါဠိတော်စကား ဒီလိုတဲ့—

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။ ။

ဧသောဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတံ ဟိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။

ဧတံ ဟိ တုမှေ ပဋိပန္နာ၊ ဒုက္ခဿန္တံ ကရိဿထ။
အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လ သန္တနံ။

တုမှေ ဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

၁။ မဂ္ဂါနံ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးလမ်း၊ အပေါင်းတို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည်။ သေဋ္ဌော၊ အမြတ်ဆုံး အကောင်းဆုံးပေတည်း။ သစ္စာနံ၊ သဘောကို သစ္စာ ပရမတ္ထ သစ္စာတရားအပေါင်းတို့တွင်။ စတုရော ပဒါ၊ လေးပုဒ်သာ ရှိသော အရိယသစ္စာတရားတို့သည်။ သေဋ္ဌော၊ အမြတ်ဆုံး အမှန်ဆုံးပေတည်း။ ဓမ္မာနံ၊ လောကီ လောကုတ္တရာ တရားအပေါင်းတို့တွင်။ ဝိရာဂေါ၊ ရာဂကင်းရာဖြစ်သော နိဗ္ဗာန်တရားကြီးသည်။ သေဋ္ဌော၊ အမြတ်ဆုံးအကောင်းဆုံး ကြီးပေတည်း။ ဒွိပဒါနံ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင်။ စက္ခုမာ၊ သမန္တစက္ခု သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ငါဘုရားသခင်သည်။ သေဋ္ဌော၊ အမြတ်ဆုံး အမြင့်ဆုံး အသိဆုံးကြီးပါပေတည်း။

၂။ ဒဿနဿ၊ လောကီလောကုတ္တရာ ဉာဏ်အမြင်၏ ဝိသုဒ္ဓိယာ၊ အထူးသဖြင့် စင်ကြယ်ခြင်းငှာ။ ဧသောဝ မဂ္ဂေါ၊

ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော ရှစ်ပေလမ်းခရီးကြီး သည်သာ လျှင်၊ အတ္တိ ရှိ၏။ အညော၊ တပါးသော လမ်းခရီးသည်။ နတ္ထိ၊ မရှိတော့ပြီ။ တော် ဟိ-တော်ဝေ၊ ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော ရှစ်ပေလမ်းခရီးသို့သာလျှင်။ တုမှေ၊ သံသရာစခန်းဝယ် လမ်းမှားရ၍ နေကြကုန်သော သင် ချစ်သားတို့သည်၊ ပဋိပဇ္ဇထ၊ တဖြေးဖြေး တတွတတွ သွားကြကုန်လော့။ တော်၊ ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော ရှစ်ပေလမ်းခရီးသည်၊ မာရသေနံ၊ ကိလေသမာရ် ကိုယ်တွင်းရန်ကို။ ပမောဟနံ၊ မိန်းမော တွေဝေ ရှာဖွေ၍ မရရာလမ်းခရီးမပါတည်း။

၃။ တုမှေ၊ သံသရာစခန်းဝယ်မောပန်းတာရှည်မျက်စိလည်၍ သိုဤမသိ သွားမိသွားရာ လမ်းမှားကာနေကြကုန်သော ရဟန်းရှင်လူ အပေါင်းတို့သည်။ တော် ဟိ တော်ဝေ၊ ဤအရိယာမဂ် တည်းဟူသော ရှစ်ပေလမ်းခရီးသို့ သာလျှင်။ ပဋိပန္နာ၊ ပုဂံနှင့် ညောင်ဦးအကြားဝယ် အကျို တွေ အကကာတွေ လမ်းသွား သလို တဖြေးဖြေး တတွတတွ သွားကြကုန်သည်ရှိသော်။ ဒုက္ခဿ၊ လှုပ်လှုပ်ရွရွမြင်ရသမျှ သင်္ခတမှု ဒုက္ခစု၏၊ အန္တံ၊ ဆုံးရာကောန် ဘင်စစ်မှန်သော သင်္ခတတရားမြတ် နိဗ္ဗာန်ခေတ်သို့။ ကရိဿထ၊ ကပ်ရောက်ခြင်းကို ထင်လင်းကောန် မျက်မှောက် ပြုကြရကုန်သည် မှန်ပါလိမ့်မည်။ ဝါ၊ ကရိဿထ၊ ကရိတ္ထ၊ ကောဏ္ဍည စသော အရိယာသားတော်စစ်တွေမှာ မျက်မှောက်ထင်တင် မြင်ခြင်းအမှု ကို ပြုကြရကုန်ပြီးပြီ။

(ကရိဿထ၌ ဿထဝိဘတ် အာချာတ်ကြိယာကို သည်ဘဝ သည် သာသနာမှာ မဂ်ဖိုလ်နိဗ္ဗာန်ကို မရမည့်ပုဂ္ဂိုလ်တို့ကို ရည်

သန်၍ “သော စေ တံ ယာန် အလဘိဿာ, အဂစ္ဆိဿာ” ကဲ့သို့ ကာလာတိ ပတ္တိဝိဘတ်ကြံ၊ ရလတံ့ ပုဂ္ဂိုလ်တို့ကိုရည်သန်၍ ဘဝိဿန္တိ ဝိဘတ်ကြံ သင့်ကြောင်းကို ပညာသတိ ရှိကြပါစေ)။

သလ္လသန္ဓန်၊ ရာဂစသော ငြောင့်ဟသင်းကို၊ ဖြေရှင်း ထုတ်နှုတ်ရာဖြစ်သော နိဗ္ဗာန်တရားကို။ အညာယ၊ ကိုယ်စီကိုယ်ငှ သိကြဘို့အလို့ငှါ၊ မဂ္ဂေါ၊အရိယာမဂ်တည်းဟူသောရှစ်ပေလမ်းခရီးကို။ ဝေါ၊ သင် ချစ်သားတို့အား။ မယာ၊ သင်တို့ဆရာငါဘုရားသည်။ အက္ခာတော၊ ဟောကြားပြသ ဆုံးမတော်မူအပ်ပြီးပြီ။

၄။ တုမှေဟိ၊ သံသရာစခန်းဝယ် မောပန်းတာရှည် မျက်စိလည်၍ ထိုကျွမသိ ရောက်မိရောက်ရာ ဒိဋ္ဌနာသေရေး ဒုက္ခဘေးတို့နှင့် ထွေးလားလုံးလား လမ်းမှားကာ နေကြကုန်သူ ရှင်လူရဟန်း မောင်သူကား တို့သည်။ အာတပ္ပံ၊ လုံ့လ ကြိုးကုတ်အားထုတ်ခြင်းအမှုကို။ ကိစ္စံ၊ ပြုအပ် ပြုသင့် ပြုထိုက်လှပေပြီ။ ဝေါ၊ ပြုလုပ်ကြပါတော့။ တထာဂတာ၊ ရှေးရှေးယခေါင် နောင်တော်ဘုရားတို့နှင့်တကွ ဂဂ်ါဝါလု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်အဆူဆူတို့သည်။ အက္ခာတာရော၊ ဟောကြားတော်မူကြပါကုန်၏။ ပဋိပန္နာ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော အကျင့်လမ်းစဉ်ကို တသွင်သွင်တည်း လိုက်ပြီး သွားကြ ကျင့်ကြကုန်သော။ ဈာယိနော၊ လက္ခဏာရေးသုံးတန် အနုပဿနာဉာဏ်ကို သန်သန်ထင်ထင် မြင်နိုင်ရှုနိုင်ကုန်သော သူတို့သည်။ မာရဗန္ဓနာ၊ ကိလေသာမာရ် ကိုယ်တွင်းရန်သည် အမှန်မလွဲ အမြဲဖွဲ့ချီရာ သံယောဇဉ်ကြိုးဆယ်ဖြာမှ။ ပမေက္ခန္တိ၊ လွတ်ကြရ

ပါကုန်၏။ ဝါ၊ ပမောက္ခံသု၊ ရှေးကလဲလွတ်ကြရပါကုန်ဘူး ပြီ။ ဝါ၊ တခါရောက်က တခေါက်မပြန် ခေတ်နိဗ္ဗာန်ဝယ် ပျော်စံ့ရှင်ပ လွန်မြေလျက် လွတ်ကြကုန်ဘူးပြီတကား။

မဂ္ဂင်ရှစ်ပါး မြတ်တရား— မဂ္ဂင်ရှစ်ပါး အစိတ် သရုပ်ကို အင်္ဂုတ္တရပါဠိတော်လာဒေသနာ စကားဖြင့် ခွဲခြား၍သိ။ "အဋ္ဌိမေ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ အပရာပါရံ ဂမနာယ သံဝတ္တန္တိ၊" ကတမေ အဋ္ဌ--- သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊ ဣမေ ခေါ ဘိက္ခဝေ အဋ္ဌဓမ္မာ ဘာဝိတာ ဗဟုလီကတာ အပရာပါရံ ဂမနာယ သံဝတ္တန္တိ။"

ဘိက္ခဝေ၊ သံသရာဘေးလေးသောဝန်ကို အလွန်ကြောက်လတ် နိဗ္ဗာန်ခေတ်ကို အလွတ်လိုချင် ဖေါင်မဂ္ဂင်ကို အတွင် လှော်ငြား ငါ၏ချစ်သားရဟန်းများတို့၊ အဋ္ဌ၊ အစိတ်အားဖြင့် ရှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤမဂ္ဂင်တရားတို့ကို။ ဘာဝိတာ၊ ပွားများအားထုတ်အပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာခြင်းအမှုကို ပြုအပ်ကုန်သည်ရှိသော်။ အပရာ၊ ခန္ဓာ အာယတနခေတ်တို့၏ မပြတ်ဖြစ်ရာ သံသရာ တည်းဟူသော ဤမှာဘာဂ်ကမ်းမှ၊ ပါရံ၊ ခန္ဓာအာယတနခေတ် တို့၏ချုပ်ရာ အသင်္ခတခေတ်ခေါ်ဆို နိဗ္ဗာန်တည်းဟူသော ထို မှာဘာဂ်ကမ်းသို့။ ဂမနာယ၊ ကူးသန်းထုတ်ခြောက် ရောက် လှယ်ကြဘို့အလို့ငှာ၊ သံဝတ္တန္တိ၊ ကောင်းကောင်းကြီးဖြစ်တတ်

ကုန်၏။ အဋ္ဌ၊ အစိတ်အားဖြင့် ရှစ်ပါးတို့ဟူကုန်သည်။ ကတမေ အဘာယ်တို့ပါနည်း မြတ်စွာဘုရား။

၁။ သမ္မာဒိဋ္ဌိ၊ မဖေါက်မပြန် ဟုတ်မှန်စွာ ရုပ်နာမ်နိဗ္ဗာန်ကို မြင်နိုင်ခြင်း ပညာစေ့ စေတသိက်လည်းတပါး။

၂။ သမ္မာသင်္ကပ္ပေါ၊ မဖေါက်မပြန် ရုပ်နာမ်နိဗ္ဗာန်ကို မြင်နိုင်ဘို့ရန် ကောင်းစွာ ကြံစည်ခြင်း ဝိတက်စေတသိက် လည်း တပါး။

၃။ သမ္မာဝါစာ၊ မဖေါက်မပြန်ရုပ်နာမ်နိဗ္ဗာန်ကို မြင်နိုင် ဘို့ရန် ဝစီဒုစရိုက်လေးပါးမှ ကောင်းစွာ ရှောင်ကြဉ် ပြောဆိုရခြင်း သမ္မာဝါစာ ဝိရတိ စေတသိက်လည်း တပါး။

၄။ သမ္မာကမ္မန္တော၊ မဖေါက်မပြန် ရုပ်နာမ်နိဗ္ဗာန်ကို မြင် နိုင်ဘို့ရန် ကာယဒုစရိုက်သုံးပါးမှရှောင်ကြဉ်၍ကောင်း စွာပြုလုပ်ရခြင်း။ သမ္မာကမ္မန္တ ဝိရတိစေတသိက်လည်း တပါး။

၅။ သမ္မာအာဇီဝေါ၊ မဖေါက်မပြန် ရုပ်နာမ် နိဗ္ဗာန်ကို မြင်နိုင်ဘို့ရန် ကုလဒူသန အနေသနစသည်တို့ကြောင့် ရသော ပစ္စည်းလေးပါးကို စားသုံးခြင်း မိစ္ဆာဇီဝ အဖြစ်မှရှောင်ကြဉ်၍ ကောင်းစွာအသက်မွေးမှုရခြင်း၊ ဝါ၊ ကာယ ဒုစရိုက် သုံးပါး ဝစီဒုစရိုက် လေးပါး ဤခုနစ်ပါးကြောင့်ရသော ပစ္စည်းများကိုစားသုံးခြင်း မိစ္ဆာဇီဝအဖြစ်မှ ရှောင်ကြဉ်၍ စင်ကြယ်စွာအသက်

မွေးမြူရခြင်း သမ္မာအာဇီဝ ဝိရတိ စေတသိက်လည်း တပါး။

၆။ သမ္မာဝါယာမော၊ မဖေါက်မပြန် ရုပ်နာမ် နိဗ္ဗာန်ကို မြင်နိုင်ရန် ဝိပဿနာအသိဉာဏ်ချာန်သမာပတ်တရားတို့ကို ကောင်းစွာအားထုတ်ရခြင်း ဝီရိယ စေတသိက်လည်း တပါး။

၇။ သမ္မာသတိ၊ မဖေါက်မပြန် ရုပ်နာမ် နိဗ္ဗာန်ကို မြင်နိုင်ဘို့ရန် ဝိပဿနာအခြေခံ အဘိညာဉ်ချာန်သမာပတ်တရားတို့ကို ကောင်းစွာဝင်စား အောက်မေ့ရခြင်း သတိစေတသိက်လည်း တပါး။

၈။ သမ္မာသမာဓိ၊ မဖေါက်မပြန် ရုပ်နာမ်နိဗ္ဗာန်ကို မြင်နိုင်ဘို့ရန် ဝိပဿနာ အခြေခံ အဘိညာဉ်ချာန်သမာပတ်တရားတို့ကို ဝသီဘော်ငါးပါးတို့ဖြင့် ကောင်းစွာထားနိုင်ရခြင်း ဧကဂ္ဂတာ စေတသိက်လည်း တပါး။

နောက် သမာဓိမဂ္ဂင်အဝင်အပါ အင်္ဂါသုံးပါးကိုကား ပရိယတ်ဘာဂ်သို့လိုက်လျက် အနက်ရေးသားလိုက်သည်။ စင်စစ်အားဖြင့် ဥဂ္ဂဟ ပဋိဘာဂ တဒင် ဝီရိယ သတိ သမာဓိမျိုးတို့ဖြင့်လည်း မြင်နိုင်ဘို့ရန် အခြေခံဖြစ်ပါ၏ တဲ့။ သို့မဟုတ် ဝိပဿနာဉာဏ်တွင်းသို့ ထည့်သွင်းအားထုတ်လိုက်လျှင်လည်း မြင်နိုင် တတ်ပါသေး၏။ နည်းပေးဆရာသာ ပဌာန။

ဘိက္ခဝေ သံသရာဘေး လေးသောဝန်ကို အလွန်ကြောက်လတ်· နိဗ္ဗာန်ခတ်ကို အလွတ်လိုချင် ဘောင်မဂ္ဂင်ကို တွင်တွင်

လှော်သွား ငါ၏ချစ်သား ရဟန်းများတို့။ ခေါ၊ စင်စစ်ကေန် အမှန်မလွဲ အလွန်အကဲ။ ဤမေ အဋ္ဌမမွာ၊ အစဉ်အားဖြင့် ရှစ်ပါး ကုန်သော ဤမဂ္ဂင်တရားတို့ကို။ ဘာဝိတာ၊ မရပ်မနား မီးပွတ် သောယောကျ်ားကဲ့သို့ ပွားများ အားထုတ် အပ်ကုန်သည်ဖြစ်ခဲ့ သော်။ ဗဟုလီကတာ၊ ဆိုးရေစွန်းသော သက်န်းကဲ့သို့ ခုနစ်ရက် ကစ၍ သုံးလ ငါးလ ခုနစ်နှစ်အတွင်း မပျင်းမရိ အကြိမ်များ စွာကြည့်ရှုလေ့လာ လိုက်သည်ရှိသော်။ အပါရာ၊ ခန္ဓာ အာယ တနဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာတည်းဟူသောဤမှာဘာဂ် ကမ်းမှ။ ပါရံ၊ ခန္ဓာရုပ်နာမ် ချုပ်ငြိမ်းမှုန်သော နိဗ္ဗာန် ခေါ်ဆို ထိုမှာဘာဂ်စောတ်နန်းသို့။ ဂမနာယ၊ မြန်မြန်ထုတ်ခြောက် ပေါက် ရောက်လွယ်ကြဘို့အကျိုးငှာ။ သံဝတ္တန္တိ၊ ကောင်း၊ ကောင်းကြီး ဖြစ်ပေါ်လာနိုင်တတ်ပါကုန်၏။

"မသိလျှင်သူပုံ မယုံလျှင်ရန်သူစင်"ဖြစ်မည့်အလား ကိုသာ လျှင်စဉ်းစားဥာဏ် သတိရှိစေချင်ပါတော့သည်။ လဇ္ဇီအဓပေါင်း သူတော်ကောင်းတို့ဘုရား။

## မြတ်စွာဗုဒ္ဓ ဩဝါဒများ။

၁။ ဧတာနိ ရုက္ခမူလာနိ၊ ဧတာနိ သုညာဂါရာနိ၊ ဈာယိတ္ထ
မာပမာဒတ္ထ။ ပစ္ဆာ ဝိပ္ပဋိသာရိနော မာ အဟုဝတ္ထ။
၂။ ခဏော ဝေ မာ ဥပစ္စဂါ၊ ခဏာတီတာ ဟိ သောစန္တိ၊
နိရယမှိ သမပ္ပိတာ။

၃။ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ မတာ ယထာ။

၄။ ကိန္နုဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ၊

၅။ အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပော သဂ္ဂါယ ဂစ္ဆတိ။

၆။ န မုဏ္ဍကေန သမဏော၊ အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာ လောဘသမာပန္နော၊ သမဏော ကိံ ဘဝိဿတိ။

**တရားအားထုတ်ရန် နေရာ—**

၁။ ဧတာနိ ရုက္ခမူလာနိ၊ ဤသစ်ပင်ရင်းတို့သို့ ကပ်ရောက်သည် ဖြစ်၍၎င်း။ ဧတာနိ သုညာဂါရာနိ၊ ဤဆိတ်ငြိမ်ရာတောအရပ်တို့သို့ ကပ်ရောက်ကုန်သည်ဖြစ်၍၎င်း၊ ဈာယထ၊ မကောင်းမှုအကုသိုလ်တွေကို ဖုတ်ကြည်းသတ်မြိုက် မီးတိုက်ကြသကုန်။ မာပမာဒတ္ထ၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြပါကုန်လင့်၊ ဧဝံသတိ ဤသို့ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ နေချင်ကြကုန်သည်ရှိသော်၊ ပစ္ဆာ၊ သေခါနီးမှ နောက်ကာလ၌။ ဝါ၊ သေပြီးသည်မှ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော အမယ်သူပါ တစာစာနှင့် နှလုံးမသာခြင်းသည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြပါစေကုန်လင့်။

**အခါကောင်းကို လက်မလွှတ်စေနှင့်—**

၂။ ဝေ ကေဋ္ဌန၊ **စင်စစ်ကေန်အမှန်** မလွဲသဖြင့်၊ ခဏော၊ မဂ်ဖိုလ်ရခွင့် ယခုလိုသင့်လျော်သော ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးကို။ မာ ဥပစ္စဂါ၊ လွန်၍မသွားကြပါစေကုန်လင့်။ ဟိ၊ လွန်၍သွားက အပြစ်ကိုဖေါ်ပြလိုက်ပါဦးအံ့။ ခဏာတီတာ၊ ခဏကို

လွန်ကုန်သော သူတို့သည်။ နိရယမှ၊ ငရဲကြီးရှစ်ထပ် ငရဲငယ် အရပ်ရပ်၌၊ သမ္ပတ္တာ၊ တုံ့တုံ့ခေါက်ခေါက် ကျရောက်ရကုန် သည်ဖြစ်၍။ သောစန္တိ၊ စိုးရိမ်ပူဆွေး ငိုကြွေးရသတ်ပါကုန်၏။

အဲဒီလိုခက္ခဏ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရလိုက်ကြပါမှ ဒုလ္လဘ ငါ့ပါးစစ်ကိုရသည်ဟု ဆိုနိုင်ပုံစကားကို စဉ်းစားတော်မူကြ ပါဘုရား။

**အပ္ပမာဒတရားနှင့် ပမာဒတရား—**

၃။ အပ္ပမာဒေါ၊ ဘာဝနာ တရားကို အားထုတ်မှု၌မမေ့မလျော့မပေါ့မဖျင်း အပျင်းအားမကြီးသောသူသည်။ အမတံ ပဒံ၊ သေခြင်း ကင်းပ နိဗ္ဗာနကို ရလွယ်ခြင်း၏ အကြောင်းရင်း ကြီးသည်။ ဟောတိ၊ ဖြစ်နိုင်ပါ၏။ ပမာဒေါ၊ ဝဋ္ဋ သစ္စာကို အားထုတ်မှု၌မေ့လျော့ပေါ့ဖျင်း အပျင်း အားကြီးသောသူမှာ မူကား၊ မစ္စုနော၊ မရှိ ဆုံး၍ ဒုက္ခပူပန် အဖန်ဖန်ပြန်၍ သေရ ခြင်း၏၊ ပဒံ၊ အကြောင်းမူလ ပဌာနကြီး အစစ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ယေ၊ အကြင်သူတို့သည်၊ အပ္ပမတ္တာ မမေ့မလျော့ မပေါ့မဖျင်း အပျင်းအား မကြီးကုန်၊ တေ၊ ထိုသူတို့သည်၊ န မီယန္တိ၊ သေသည်မမည်ကုန်။ ဝါ၊ မသေရကုန်၊ ။ မသေ ရာ နိဗ္ဗာန်သို့ကပ်ရောက်ရကုန်၏။ ယေ၊ အကြင် သူတို့သည်၊ ပမတ္တာ၊ မေ့လျော့ပေါ့ဖျင်း အပျင်းအားကြီးကုန်၏၊ တေ၊ ထိုသူတို့သည်၊ မတာယထာ၊ အသေကောင် အလောင်းကောင် ကြီးတွေနှင့်သာ တူပါကုန်၏။

အခိပ္ပါယ်ကိုမှာကျယ်မည်စိုး၍ မထည့်အားပါ၊ အကျယ်ကို

အလိုရှိသူ ကဝိ သူတော်စင်တို့သည် တပည့်တော် စီရင်သည့် “အမတဒွာရပကာသနီ”ကျမ်းကြီးမှာ ရိုက်နှိပ်ခါ ကြည့်ရှုတော်မူကြပါကုန်ဘုရား။

နိဗ္ဗာန်သို့သွား၊ လွန်နည်းပါး—

၄။ အယံ သော ကော၊ ဤသတ္တလောက ကြီးသည်။ အန္ဓိဘူတော၊ ပညာစက္ခု မစုံမလင် မမြင်လမ်းပန်း အကန်း တွေချည်းသာဖြစ်ပါ၏။ တနုကော၊ အနည်းငယ်မျှသော သူသည်။ ဝိပဿတိ၊ အနိစ္စအစရှိသော အနုပဿနာ တရားစဉ်ကို တလှစ်လှစ်မြင်နိုင်၏။ သော၊ ထိုသူသည်၊ အပ္ပေါ၊ နဲနဲကလေး မျှသာတည်း။ ကိမိဝ၊ လောကီပုံပြင် စံတင်စရာဥပမာန ဘယ်ဟာနှင့်တူမျှပါသနည်းမူကား။ ဇာလမုတ္တော၊ မုဆိုးလက်နက် ဖိုက်ကွန်ယက်မှ လွတ်ထွက်နိုင်သော။ သကုဏော၊ တောင်ပံရှိငြား ကောင်းကင်ဖျားသို့ ပျံသွား တတ်သော ငှက် သတ္တဝါသည်။ အပ္ပေါက္ကဝ၊ နဲပါးလှသကဲ့သို့။ ဧဝံ တထာ၊ ဤဥပမာနနှင့် တူမျှစွာ။ ဇာလမုတ္တော၊ မရဏကွန်ယက်သေမင်းလက်မှလွတ်ထွက်ရ၍။ သဂ္ဂါယ အလွန်မြတ်သော မဟာပရိနိဗ္ဗာန ခေတ်နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ စံလွန်ပျံသွားနိုင်သော ပုဂ္ဂိုလ်စားသည်။ အပ္ပေါ၊ နဲပါး လှပါ၏။

အဓိပ္ပါယ်အကျဉ်းကား ဘုရားလောင်းငုံးမင်း ငုံးသင်းတို့လို ကျင့်တော်မူကြပါ။ ဒေဝဒတ်လောင်း ငုံးမင်းငုံးဖျင်း တွေလို ကျင့်တော်မမူကြပါနှင့်ဘုရား။

**ကိလေသာမီး ထိမ်ထိမ်ညီး—**

၅။ နိစ္စံ၊ အမြဲမပြတ် အထပ်ထပ်။ ပဇ္ဇလိတေ၊ ကိလေသာမီး ညီးညီး ပြောင်ပြောင် တောက် လောင်ခြင်း ရှိသည်။ သတိ၊ဖြစ်ပါလျက်။ ကိန္နု၊ အဘယ့်ကြောင့်။ ဟာသော၊စား လားသောက်လား တဟားဟားနှင့် အားရဝမ်းသာ ဝါဝါ ကြွားကြွားနှလုံးထားလျက် ပြုံးအားရယ်အား အမူအရာ များသည်။ ဘဂတိ၊ ဖြစ်နိုင်ပါဘိသနည်း။ ကိံ၊ အဘယ်တွက်တာ ကြောင့်။အာနန္ဒော၊ အလွန်ဝမ်းမြောက် သဘော ပေါက်နိုင် ခြင်းသည်။ ဘဝတိ၊ ဖြစ်အားပါဘိသနည်း။ အန္ဓကာရေန၊ အဝိဇ္ဇာမိုက်မှောင် တိမ်တောင်ကြီးသည်။ ဩနဒ္ဓါ၊ ပိတ်ဆီးဖုံး ကာအုပ်ကုန်သော။ တုမှေ။ သင်ရဟန်းဖျင်းရဟန်းပျင်း မောင် ပဥ္စင်းတို့သည်။ ပဒီပံ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တည်းဟူသော ဆီမီးကို။ ကိံ၊အဘယ့်ကြောင့်။ ဝါ၊ ဘာလို့မို့။ န ဂဝေသထ၊ မရှာ မှီးဘဲနေကြပါကုန်သလဲ။

သို့ပို့လို့ ကိုယ်တော်မြတ်ဘုရား အဆိုအမြည် အပြစ်တင်ခံရ ပါလိမ့်မည်ဘုရားဟု တတိုတို့သတိပေးလျက်သွားဘဲကရို့။ ကိုယ် တော်တို့။ ဝပည့်တော်မှာ ဂိလာနပုဂ္ဂိုလ်ထား၍ ဘုရားတံ ခွင့် ပန်ပြီး ဆေးစားလို့ နေရပါသော.သည် ဘုရား။ ဒူလာပါဒရက် သက်သာသည့်အခါကိုသာ ရှံဖန်ရံခါကြွားညွှပ်လျက် ရေးသား အပ်သည့် ပရိယတ္တိအရာ သတိပေးစာပါဘုရား။

**ခေါင်းတုံးတိုင်း ရဟန်းမဟုတ်—**

၆။ မုဏ္ဍကေန၊ ကေသာဘတ်ထုံး ရောင်တလုံး ကို အဆုံးခံကာ ဦးပြည်းရိတ်ခါမျှဖြင့်။ သမဏော၊ သမဏအစစ် ရဟန်းဖြစ်သည်။ န၊ မဟုတ်လှပေသေး။ အဗ္ဗတော၊သီလဖြည့်ခွင့် ဓုတင်အကျင့်မှ

ကင်းသော။ အလိက်၊ မမှန်မှုသား ချတ်ယွင်းသော စကားကို။ ဘဏံ ဘဏန္တော၊အဘက်ဘက်အတန်တန် ပြောဆိုသော။ဣစ္ဆာ လောဘသမာပန္နော၊အလိုရမက် ချိုချိုမြွက်၍ မျက်ကွယ်တခြား သူခိုးလား;သို့ ပြောကြားတတ်သော အမူအရာနှင့် ပြည့်စုံသော လူချိုစိတ်ကောက်ပုဂ္ဂိုလ်စားသည်။ သမဏော၊ ရဟန်းစစ်သည်။ ကိံ ကရိဿတိ၊ အဘယ်နံရောအခါမှ ဖြစ်နိုင် လိမ့်မည်နည်း။

ရှေကိုတထောက် ကောက်ရေးလိုက် ဉုးမည်နော်၊ သေသေ ချာချာ တဖြေးဖြေးသတိထားတော်မူကြပါ။

## “ အသားသာတိုး၊ပညာမတိုး ”

အပ္ပဿုတောယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

အပ္ပသုတော၊ အကြားအမြင် နဲပါးသော။ အယံပုရိသော၊ ဤယောကျ်ားသည်။ ဗလိဗဒ္ဒေါဝ၊ နွားလားနွားမိုက်ကြီးကဲ့သို့။ ဇီရတိ၊ ဆွေးမြေ့အိုမင်း ယိုလွင်းပျက်စီးကြီးပွားလာ၏။ တဿ၊ ထိုယောကျ်ားအား။ ပညာ၊လောကီလောကုတ္တရာ ပညာ အဆင် အခြင် အသိအမြင် အလိမ္မာ တရားသည်ကား။ န ဝဍ္ဎတိ၊ မတိုးပွား။

လာဠုဒါယီ မထေရ်ကြီးကို အကြောင်းပြု၍ ဟောတော်မူ သော ဂါထာဒေသနာ၊ အဘယ်ဝတ္ထုကြောင့် ဟောတော်မူ ပါသနည်းဟုမေးခဲ့သော်—

"အပ်ရာ ပေါက်ဆိန်၊ နက်တိမ်တင်းလျှော့၊ အပေါ့
အလေး၊ စစ်ဆေးမဆို၊ မင်းဒဏ်ချက်ကို၊ ထွက်ဝင်
ဘိလူး၊ မဆိုင်ဘူးတည့်"။

ဆိုသည့်စကားကဲ့သို့ မင်္ဂလာအရာ၌ အမင်္ဂလာတရား၊ အမင်္ဂလာ အရာ၌ မင်္ဂလာတရားကို တလွဲတခြား ဟောကြားတတ်တာ ကြောင့် အရာဌာနအားလျော်စွာ မသိတတ်ခြင်းကို အကြောင်း ရင်းပြု၍ ဟောတော်မူရပါသည်။ ထိုပုဂ္ဂိုလ်တပါးတည်း ဘုရား ရှိစဉ်လက်ထက်ကဘယ်မင်္ဂဘယ်ဖိုလ်ကိုမှ ရသည်ဟူ၍ကြားမကြား ရ။ သိက္ခာပုဒ်ကိုအထပ်ထပ်ပညတ်ရသောအရာ၌မူကား အတော် ထင်ရှားကျော်စောပါပေ၏။ အဲဒီလို ကြုံကြရ လိမ့်မည် များကို သနားကရုဏာ မေတ္တာ ရှေ့ရှုအာရုံပြု၍ ဟတ္ထိပါလ ကိုးခန်း ပျို့၌—

"သကျုရုပ်၊ ကြုံကြုံသမျှ၊ တောင့်ဘရာရာ၊ ဟတ်ကောင်း စွာသား၊ ဝိဇ္ဇာသံပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော် ပါးလှုပ်မူ၊ အကြွင်းသူအား၊ စကားခြေတင်၊ သဘင် မပြဲ၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာ လန့်ထိတ်၊ အသံဆိတ်၏။ တိတ်တိတ်မနေ၊ ဆိုပါခြေ လည်း၊ မခပြေမပြစ်၊ အထစ်ထစ်လျှင်၊ ကျစ်လစ်မရှိ၊ အငိုငြိုတည်း။ ဟုတ်လိနိုးနိုး၊ ဆင်ကဏ်းတိုးသို့၊ အကျိုး အကြောင်း၊ ကောင်းကောင်းမမှန်၊ သမ္မန်ပါငြွေလှော်ကက်၊ ရှေ့နောက်မညီ၊ အစီအရင်၊ အစဉ်မသင့်၊ တဖျင့်တပါး၊ ရယ်ဖွယ်များခဲ့။ ဘိုးဘွားမိဘ၊ သူကြီးမ၍၊ မလှမ္မည်း၊ မစိုးမရိမ်၊ နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်

ထက်၊ နေလင့်ကစား၊ ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ၊ ပမာကျလိမ့်။ အင်္ဂပဥ္စင်၊ သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နှံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း၊ လူ့ပေါက်ပန်းဟု၊ သွန်းမှန်းသိထွေ၊ ကဲ့ရဲ့လေအံ့။ လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး၊ မကျင့်သီးသော်၊ ချီးနှီးဥစ္စာ၊ လိုခါမရ၊ ကြောင့်ကြစိုးရိမ်၊ ဘန်ကြိမ်များစွာ၊ အိုသောခါလည်း၊ မဟာဒုက္ခ၊ တွင်းဆုံးကြသည်၊ နောင်တ နှလုံးမငြိမ်တည်း။ ဟု—ပညာမဲ့သူတို့ကို ကဲ့ရဲ့ရှုံ့ချ ပေ်ဆိုရေးသားတားကြပေသည်။ ပညာရှိများကို ချီးမွမ်း စပ်ဆိုပုံကား—

ပထမရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြင်္သေ့ရောင်သို၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်။ ဆိုသင့်ဆိုထိုက်၊ ဆိုလိုက်ဆိုလျော၊ ဆိုပြောဟောလည်း၊ သဘောသိသိ၊ ဆိုရိုးမိလျက်၊ တိတိမြေပြင်၊ သိန္ဓောနှင်သို့၊ ရလျှင်ပုံထုံး၊ နှလုံးနှင့်နှုတ်၊ တံသုတ်ငင်နည်း၊ တကြံတည်းလျှင်၊ လိပ်လည်းမဲ့လျှင်း၊ မျှော်စာင်းနောက်ရှေ့၊ စေ့မြေ့သမ္မန်၊ ဟုတ်မှန်ကျိုးကြောင်း၊ ကောင်းသားစီလျှင်၊ စဉ်သားသဒ္ဒါ၊ သာသည်စကား၊ နာဘွယ်များ၏။ ရည်သွားယုတ်နိမ့်၊ အားတိုင်းနှိမ့်လည်း၊ မနိမ့်ကိုယ်ပင်၊ ကျေးဇူးအင်ကြောင့်၊ ညွှတ်တွင်စွန့်ပစ်၊ မဏိစင်သို့၊ မညစ်မညူး၊ ဥဏ်ရောင်မြူးအံ့။ အတူးပြင်လျှာ၊ မလှပါလည်း၊ ရသာချိုမြ၊ ပနသသို့၊ တကွရောမြွမ်း၊

အချင်းစမ်းက၊ ချီးမွန်းမြှောက်စား၊ သူသနား၏။ ရုပ်အားလျှောက်ပတ်၊ ဂုဏ်ညီညွတ်မှု၊ ဆင်းမြတ်နန့်ကျော်၊ ပန်းနှင့်လျော်ဟု၊ ပေါင်းဖော်ကြချင်၊ ကျွမ်းဝင်ကြလို၊ ကြည်ညိုကြလင့်၊ ဘုန်းပန်းပွင့်လျက်၊ ချီးမြှင့်လက်ဝါး ဦးထိပ်ထား၏။ ခဇေးမင်းထံ၊ မှူခံပစ်မြေ၊ ကြည်းရေကုန်းသွယ်၊ ကြေးဆယ်မြို့ချ၊ လုပ်ထလယ်ယာ၊ ဥစ္စာပြုစု၊ သားပုမြေးကင်း၊ ဖြည့်တင်းသိမ်းမွေး၊ အိမ်ထောင်ရေးလည်း၊ စဉ်ရှေးဥပဒေ၊ အထွေထွေလျှင်၊ ကြွက်သေဖြင့်သာ၊ ရင်းစကာလျက်၊ မကြာတင်းလင်း၊ လေးလတွင်းဝယ်၊ နှစ်သိန်းကြွယ်သို့၊ နည်းသွယ်ပိုက်ထား၊ ကြံစိတ်ဖျားသော်၊ စီးပွားချမ်းသာ၊ ကြီးကျယ်ရာသည်။ ထိုကာမစိုးမရိမ်တည်း။ ဟု စပ်ဆိုရေးသားထားကြကုန်၏။

"လှည့်လည်ခိုးဆောင်၊ ထို့နောင်ဖျက်ဆီး၊ ချီးမြှောက်တဖျား၊ သူလှည့်စား၊ ငါးယောက် ခိုးသူကြီး"—ဟု စပ်ဆိုရေးသားထားကြသော စတုတ္ထ ပါရာဇိကဏ် ပါဠိတော်မှာလာသောကမ္ဘာ့ဘန်ဆာ လူဝါကြီးငါးဦးတို့အား ဟောကြားတော်မူသော သာမုက္ကံသိကဓမ္မဒေသနာ ဂါထာတော်များလည်း ထင်ရှားပင်ရှိပါသေး၏။ မယုံလျှင် ဖုံးဖိဖိနှင့် ပြုံးစိစိ ကြည့်လိုကြက ဟောဒီမှာပါဘုရား—

အညာထာ သန္တံ အတ္တာနံ၊ အညာထာ ယော ပဝေဒယေ။
နိကိစ္စကိတဝဿေဝ၊ ဘုတ္တံ ထေယျေန တဿ တံ။

ကာသာဝ ကဏ္ဍာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရိယံ တေ ဥပပဇ္ဇရေ။

သေယျော အယော ဂုဠော၊ ဘုတ္တော တတ္တော အဂ္ဂိ
သိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။ ။

အနက်ကိုကား ဒီဂါထာနှင့်ညီညာမည့် ပုဂ္ဂိုလ်စွားတို့ ရှက်အားကြီးမည်စိုး၍ မရေးသား ပါရစေနှင့်တော့ ကိုယ်တော်မြတ်တို့ဘုရား။

ပထမခိုးသူ စရတိ၊ ဒုတိယခိုးသူ ဟရတိ၊ တတိယခိုးသူ အနုဒ္ဓံသေတိ၊ စတုတ္ထခိုးသူမှာ သံဂဏှာတိ၊ ပဉ္စမခိုးသူကိုတော့ ဥလ္လပတီပါတဲ့ဘုရား။

လေးဝသစ္စာ၊ မသိရှာ
သံသရာ လည်ကြောင်းမှတ်—

စတုန္နံ ဘိက္ခဝေ အရိယာသစ္စာနံ
အနနုဗောဓာ အပ္ပဋိဝေဓာ
ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ၊

သံသရိတံ မမဉ္စေဝ တုမှာကဉ္စ၊ ကတမေသံ စတုန္နံ။ ဒုက္ခဿ ဘိက္ခဝေ အရိယ သစ္စဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

ဒုက္ခသမုဒယဿ။ အရိယသစ္စဿ၊ ဒုက္ခနိရောဓဿ အရိယသစ္စဿ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါယ အရိယသစ္စဿ။ အနနုဗောဓာ အပ္ပဋိဝေဓာဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

တယိဒံ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ။ ဒုက္ခသမုဒယံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ။ ဒုက္ခနိရောဓံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ။ ဥစ္ဆိန္နာ ဘဝတဏှာ ခီဏာ ဘဝနေတ္တိ နတ္ထိ၊ ဒါနိ ပုနဗ္ဘဝေါတိ။ (စုဏ္ဏိယဓမ္မဒေသနာ)။

၁။ စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
သံသိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတိသု။

၂။ တာနိ ဧတာနိ ဒိဋ္ဌာနိ၊ ဘဝနေတ္တိ သမူဟတာ။
ဥစ္ဆိန္နမူလံ ဒုက္ခဿ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။ ။

ဘိက္ခဝေ၊ သံသရာဘေးတချမ်း ကျောက်ခမန်းကို ထောက်လှမ်းမြော်ရှု အကြောင်းပြု၍ ဘိက္ခုတွင်ခေါ် ငါ့သားတော်တို့။ စတုန္နံ၊ သရုပ်သဘောအားဖြင့် လေးပါးပြားကုန်သော။ အရိယသစ္စာနံ၊ အလွန်မြတ် အလွန်မှန်ကန်သော။ အရိယသစ္စာတရားတို့ကို။ အနနုဗောဓာ၊ ဘာဝနာမယ မဟာကုသိုလ်ကံ အနုလုံ ဂေါတြဘူ ဝေါဒါန်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ မသိကြခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်လျားလှစွာသော။ ဣဒံ အဒ္ဓါနံ၊ ဟောဒီအဋ္ဌန်သံသရာ ကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း၊ ဝေါ၊ ကိုယ်တိုင်၎င်း၊ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်၎င်း။ သန္ဓာဝိတံ၊ ထိုဤဘဝ အကြီးက အငယ် အငယ်ကအကြီး မြတ်ကြီးမှုယုတ် နှစ်မြုပ်မျောပါး ရဟတ်ခြားကဲ့သို့ ပြေးသွားပတ်ပတ် မရပ်မတည် ကျင်လည် ကြလှလေပြီ။ သံသရိတံ၊ ခန္ဓာအာယတနဓာတ်တို့ဖြင့် မရပ်မနား ဥပါဒ်ဋ္ဌီဘင် အစဉ်စပ်သော အားဖြင့် ပြေးသွား ကျင်လည် ကြရလှလေပြီ။ စတုန္နံ၊ သရုပ်သဘောအားဖြင့် လေးပါးတို့ဟူသည် ကတမေသံ အဘယ်တို့ပါနည်း ဟူမူကား—

ဘိက္ခဝေ၊ သံသရာဘေးဘျမ်း ကြောက်ခမန်းကို ဆောက်လှမ်းမြော်ရှုအကြောင်းပြု၍ ဘိက္ခုတွင်ခေါ် ငါဘုရားသားတော်တို့

ဒုက္ခဿ၊ လှုပ်လှုပ်ရှရှ နှုပ်နှုပ်ပှသဖြင့် ဒုက္ခအစစ်သာဖြစ်ပါသော။ အရိယသစ္စဿ၊ အလှန်မြတ် အလှန် မှန်သော ဓမ္မကွန်တရား အစုကို။ (လ)။ ဒုက္ခသမုဒယဿ၊ ရုပ်နာမ်ဓမ္မ ဒုက္ခ ဖြစ်ကြောင်း အမြစ်ပေါင်းဟု ကောင်းကောင်းကြီးသမုတ်အပ်သော။ အရိယသစ္စဿ၊ လောဘတဏှာ ကိလေသာ တည်းဟူသော အရိယာသစ္စာတရားကို။ ဒုက္ခနိရောဓဿ၊ လှုပ်လှုပ်ရှရှ နှုပ်နှုပ်ပှသော ဒုက္ခအစု၏ ချုပ်မှုချုပ်ရာမှန်လှုပါသော၊ အရိယသစ္စဿ၊ အလှန်မြတ်အလှန်မှန် နိဗ္ဗာန် တည်းဟူသော နိရောဓသစ္စာ အရိယာတရားသဘောကြီးကို။ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါယ၊ ဒုက္ခ၏ ချုပ်ရာမှန်သည့် နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကောင်း အစစ်ဖြစ်ပေသော။ အရိယသစ္စဿ၊ နိဗ္ဗာန်သွားလမ်း မဂ္ဂင်ရှစ်ပါး မဂ်တရားတည်းဟူသောခရီးမြမ်းကို။ (လ)။ ဘိက္ခဝေ၊ ကိလေသာကို ပယ်ခွာစွန့်လွှတ် မဂ်ဖြင့်သတ်၍ အမြတ်နိဗ္ဗာန်ရောက် အားသန်သည့် သွားမှန်ဘိက္ခု မောင်ရာဟုတို့။ ဒုက္ခံ၊ လှုပ်လှုပ်ရှရှ နှုပ်နှုပ်ပှသဖြင့် ဒုက္ခအစစ်သာဖြစ်ပါသော၊ တသိဒံ-တံ ဣဒံ၊ အရိယသစ္စံ၊ ထိုအရိယသစ္စာတရားကို။ အနုဗုဒ္ဓံ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏ အတုသို့ လိုက်၍ သိသင့် သိထိုက်လှသေပြီ။ ဝါ။ ဘာဝနာမယ မဟာကုသိုလ်ကံ အနုလုံ ဂေါတြဘူ ဝေါဒါန်ဉာဏ်တို့ဖြင့် လျော်ကန်ကန် သိသင့်လှလေပြီ။ ဝါ၊ သိအောင်သာ အားထုတ်ကြပါတော့။ (လ)။ ဘာတဏှာ၊ဘဝများစွာကို တပ်မက်သော လောဘတဏှာ ကိလေသာတရားကို။ မယာ၊ငါဘုရားသည်။ ဥစ္ဆိန္နာ၊ အမြစ်အရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီ ပြီ။ ဘဝနေတ္တိ၊ ဘဝများစွာ သံသရာသို့ ပို့ဆောင်တတ်သော သံယောဇဉ်ကြိုးတွေသည်။ ခီဏာ ကုန်

ခဲ့ပေပြီ။ ဒါနိ-ဣဒါနိ၊ ယခုဘုရားဖြစ်တော်မူသောအခါ၌။ ဝါ၊ မှ။ ပုနဗ္ဗဝေါ၊ တဘန်ဘဝသစ်၌ ဖြစ်ပြန်မှုသည်။ နတ္ထိ၊ မရှိ တော့ပြီ။ ဝါ၊ ပရိနိဗ္ဗာန်စံလွန်ပြီး နိဗ္ဗာန် ချမ်းသာကြီးကိုသာ ထိထိမိမိအပြီးခံစားပါတော့မည်။ ဣတိ၊ အဲဒီလို တရား စကား ကို။ ဘဂဝါ၊ ကိုယ်တော်မြတ် ဘုရားကြီးသည်။ အဝေါစ၊ ဖြဲပ္ပာကရဝိတ် ကျူးရင့်ဘိတ်သို့ ကြည်စိတ်ရွှင်မော ဟောပြ တော်မူခဲ့ပါပေ၏။

ဘယ်လောက်များ တရားဟော အရာမှာ လိမ္မာတော် မူတယ်ဆိုတာကို သေသေချာချာတွေးပြီး နည်းယူတော် မူကြပါ။ ရှေးဦးစွာ အစနားကတော့ ကိုယ်တော်မြတ် ဘုရားကြီးပါတဲ့ပြီး ပရိနိဗ္ဗာန်စံယူတဲ့ပွဲကျမှ ခွဲပြတော်မူ သည်။ ကဲ့ရလေခြင်းကိုယ်တော်မြတ်တို့။ အသန်တခေတ် ထဲမှာ တွေ့ရပါဦးမည်လား။

အဲ့ဒီလိုစကားမျိုးဟာ ဟုတ်လဲ့ဟုတ် မှန်လဲမှန် သူတပါး လဲနားခံသာ ကိုယ်တော်မှာလဲအကျိုးရှိသော ပညာရှိ စကား သုဂတဂုဏ်ကြီးပါတဲ့ဘုရား။

စကားခြောက်ခွန်း လူ၌ ထွန်းလည်း လေးခွန်းကိုပယ် နှစ်ခွန်းမှာသာ တည်တော်မူပါသတဲ့။ (မှတ်သားရန်)။ ဟုတ်လဲဟုတ် မှန်လဲမှန် သူတပါး နားမခံသာသော်လဲ ကိုယ်မှာအကျိုးရှိက ပြောဟောတော် မူပါသေးသတဲ့။ (ဒုင်းလဲ သုဂတပင်)။

၁။ စတုန္နံ၊သရုပ်သဘောအားဖြင့် လေးပါး ပြားကုန်သော။ အရိယသစ္စာနံ၊ အလွန်မြတ် အလွန်မှန်ကုန်သော အရိယသစ္စာ

တရားတို့ကို။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ အဒဿနာ၊ မမြင်မသိကြခြင်းကြောင့်။ ဒီဃံ၊ "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗကောဋိ နပညာယတိ" "ပြဘိအလား ငါဘုရား၏ သဗ္ဗညုတဉာဏ်တော်ကွန်ရက်ကို ဖြန့်ညို၍ ရှုကြည့် သော်မှ တခုသောအစဝအမြိတ်ကို မသိရသဖြင့် အစမထင် မမြင်နိုင်ရာ ရှည်လျားကြီးစွာသော။အဒ္ဓါနံ၊ အစွန့်သံသရာ ကာလပတ်လုံး မဆုံးမချင်း။ ဝါ၊ အစွန့်သံသရာကာလတိုင်တိုင်။ မဆုံးနိုင်ဘဲ။ တာသုတာသွေ့ဝ ဇာတိသု၊ ထိုထိုဘဝ ကလလ ရေကြည်တို့၌ သာလျှင်။ သံသိတံ၊ နှစ်မြုပ်မျောပါး ပြေးသွား ကျင်လည်ရ လေပြီ။

အကျဉ်းသခေ်ပ ပိဏ္ဍတ္ထအဓိပ္ပါယ်ကို သိလွယ်ရုံကား ယင်းသို့ ဖြစ်၍ သစ္စာလေးပါးမြတ်တရားတို့ကို နှစ်ပါးသော ဉာဏ်တို့ဖြင့် ဝေဘန်ခွဲခြမ်းသိစွမ်းနိုင်ကြရအောင် မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါး တို့ကို ကြိုးစားအားထုတ် ပြုလုပ်ကျင့်ကြံကြရမည်ဟု ဆိုလိုပါ သည်။ ဤကား ဘုရားရှင်၏အလိုတော်သဘောကျ ဗျဂ်ျတ္ထနယ အဓိပ္ပါယ် သိလွယ်ရုံပါဘုရား။

တာနိ ဧတာနိ၊ ထိုထိုဤဤ မဂ်၌ တည်ကုန်သော သစ္စာ လေးပါးတရားတို့ကို။ ဒိဋ္ဌာနိ၊ သိမြင် အပ်ကုန်သည် ရှိသော်။ ဝါ၊ ဒိဋ္ဌဉာဏ်မြင် ထင်ထင် လင်းလင်းကြီး အပြီးတိုင် သိမြင် နိုင်ကုန်သည်ရှိသော်။ ဘဝနေတ္တိ၊ ဘဝများစွာ သံသရာသို့ ပို့ ဆောင်တတ်သော သံယောဇဉ်ကြိုး အမျိုးမျိုးသည်။ သမူဟတာ၊ ကောင်းစွာပြတ်သွားပါပြီ။ (နိဗ္ဗာပါရ)။ ဝါ၊ ကို။ သမူဟတာ။ ကောင်းစွာမဂ်ဖြင့် ဖြတ်အပ် ပြီးပြီ။ (သဗ္ဗာပါရ)။ ဒုက္ခဿ၊

လှုပ်လှုပ်ရှရှ နှုပ်နှုပ်ပွသော ရုပ်နာမ်ဓမ္မ ဒုက္ခအစု၏။ မူလ၊ အမြစ်မူလ သမုဒယသစ္စာကို။ ဝါ၊ အမြစ်မူလ ပဋ္ဌာနအစစ် ဖြစ်ပါသော သမုဒယသစ္စာကို။ ဥစ္ဆိန္န၊ အကြွင်းမဲ့ မဂ်ဖြင့် ဖြတ်အပ်ပြီးပြီ။ ဝါ၊ သည်။ ဥစ္ဆိန္န၊ မကြွင်းမကျန် ပြတ်သွားပါပြီ။ ဒါနိ ဣဒါနိ၊ ယခုလိုပြတ်သွားပြီးသည်မှ နောက်ဘဝ၌။ ဝါ၊ ယခုလိုပြတ်သွားပြီး၍ စုတိ၏ ဘင်မှနောက်ကာလ၌။ ပုနဗ္ဘဝေါ၊ တဘန်ပဋိသန္ဓေစိတ်ဥပါဒ် ဖြစ်ပေါ်လာမှုကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဝါ၊ သံသရာဆုံး၍ နိဂုံးခပတ် အပြီးသတ်တော့ပြီ။ ဝါ၊ ပရိနိဗ္ဗာန်စံလှမ်းပြီး နိဗ္ဗာန် ချမ်းသာကြီးကိုသာ ထိထိမိမိ အပြီးတိုင် ခံစားစံစားရပါတော့သည်။ ဝါ၊ ၏။ ဣတိ၊ အဲဒီလို ဂါထာအားဖြင့်။ ဘဂဝါ၊ "ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ" တည်းဟူသော ဘုန်းတော်ကြီး ဘုရားသည်။ အဝေါစ၊ ဗြဟ္မာကရဝိက် ကျူးရင့်ဖိတ်သို့ ကြည်စင်တ်ပျှင်မော ဟော ပြတော်မူခဲ့ပါ၏။

## ဘုန်းတော်ခြောက်ပါးသဘောကို ပြဆိုပါဦးအံ့

၁။ လွန်စွာစိတ်တော်ကို အစိုးရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ခပ်သိမ်းသော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို လောကီ လောကုတ္တရာ ကျေးဇူးကျော်တို့ဖြင့် လွှမ်းမိုးတော် မူနိုင်ခြင်း အစွမ်းသတ္တိကို "ဣဿရိယ" ဘုန်းတော်ဟု ခေါ်ပါသည်။

၂။ လောကုတ္တရာတရားကိုးပါးကို ဆောင်တော်မူနိုင်သော အစွမ်းသတ္တိတော်ကို "ဓမ္မ" ဘုန်းတော်ဟု ခေါ်ပါသည်

၃။ အထက်ကိုဘဝဂ် အောက်ကိုအဝီစိထုတ်ချင်းထိအောင် သိကျော် ဇောတော် မူသော ကျေးဇူး ဂုဏ်တော်ကို "ယသ" ဘုန်းတော်ဟုခေါ်ပါသည်။

၄။ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ တော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် တရာ့ ရှစ်ကွက် စက်လက္ခဏာ အစုံတော်နှင့်တကွ ရောင်ခြည် တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်တော်မူသော ရူပ ကာယ သမ္ပတ္တိဂုဏ်တော်ကို "သိရီ"ဘုန်းတော်ဟုခေါ် ပါသည်။

၅။ "တိဏ္ဏော တာရေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ"ကြုံးဝါးသံ စကားနှင့်တသားတည်းညီစွာ မိမိအကျိုးစီးပွား သူတပါးအကျိုးစီးပွားတို့ကို အလို ရှိတိုင်း တောင့်တတိုင်းပြီးစေနိုင်သော ဂုဏ်တော်ကို "ကာမ"ဘုန်းတော်ဟု ခေါ်ပါသည်။

၆။ ဝိရိယပါရမီတော်ကြောင့် ဖြစ်ပေါ်လာသော အရိယ မဂ်နှင့်ယှဉ်သော သမ္မာဝါယာမ မဂ္ဂင်ခေါ်သည့် ဝိရိယ စေတသိက် တော်ကို "ပယတ္တ" ဘုန်းတော်ဟု ခေါ် ပါသည်။

ရင်းဘုန်းတော်ခြောက်ပါးကို "ဘဂ" ဟုခေါ်ပါသည်။ ထို ဘုန်းတော်ခြောက်ပါး ထင်ရှားရှိတော်မူသောကြောင့် တပည့် တော်တို့ ကိုယ်ဘော်တို့၏ ကျေးဇူးတော်ရင်ထိပ်ခေါင်တင် မြတ်

စွာဘုရားကြီးကို "ယထာဝုတ္တော ဆဗ္ဗိဓော ဂုဏော ဘဂေါ အသာ အတ္ထိ"ဟူသောတာဒ္ဒိတ်ဝါကျ ဝစနတ္ထအရ ဘဂဝါခေါ် ပါသည်။ ထိုဘဂဝါဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်စစ် တွေဖြစ်ကြပေကုန်သော သေက္ခ အသေက္ခ ပုဂ္ဂိုလ်များကိုလည်း "ဘဂဝတော အပစ္စံ"ဟု ဝစနတ္ထကြံပြီးဘုန်းကြီးဟူ၍ပင်ခေါ် ဆိုရပါသည်။ တမည့်တော် ကိုယ်တော်တို့လဲ ထိုအထဲတွင်ပါဝင် လျက်ဖြစ်နေကြပေပြီ။သို့အတွက်"သခင်ဘုန်းကြီး ကျွန်ဒ့ါးပြီး" ဆိုသကဲ့သို့ အကိုကြီးများ၏ နည်းလမ်းအတိုင်း ဒါးပြီးအောင် လုပ်ကြပါစို့နော် ကိုယ်တော်တို့။

ဘုန်းကြီးနှင့်ဖုံးကြီး— ယခုအခါ ဘုန်းကြီးဟူသော ဝေါ ဟာရသည် သာမည မဟုတ်ပါပေ တကား။ သားကလေးကိုချစ်အားကြီး၍"ဂေါတမ"ဟုအမည် ပေးမှားသည့်အတွက် ဝမ်းလား ပုံ့ မြန်မြန်သေသလို ဖြစ်နေကြ ပါမည်ကိုယ်တော်တို့။ စင်စစ်မှုချမှာ အသေက္ခ ပုဂ္ဂိုလ်များကို ရှေ့သွားပြု၍ အရိယာပုဂ္ဂိုလ်များတို့သာ သားတော်စစ် ဘုန်း ကြီးစစ် သမဏစစ် ဘိက္ခုစစ် ဒါယဇ္ဇစစ်တွေ ဖြစ်တော်မူကြပေ သတည်း။ ပုထုဇဉ် သံဃာဟူသမျှတို့မှာ "ကံကောင်းလှမှ ဖါး လောင်း ဖါးစစ်ဖြစ်ကြရမည်ဆိုသည့်စကားကဲ့သို့ အကြံကောင်း ဉာဏ်ကောင်းလှမှ သားတော်စစ် ဖြစ်ကြရချေမည်များကို စဉ်း စားသဘိရှိတော်မူကြပါ အရှင်မြတ်တို့ဘုရား။

သေက္ခ ဒါယဇ္ဇ သားတော် အစစ်ပင် မဖြစ်ခဲ့ငြားသော်လဲ့ သောဘာပတ္တိ မဂ္ဂပဋိပန္န စူဠသောတာပန် ကလျာဏ ပုထုဇဉ်

ထဲတွင်ပါဝင်လျှင်တော်သင့်စရာ ရှိပါသေး၏။ သည့်အောက်ကျ၍ ဣဏပရိဘောဂ ထေယျပရိဘောဂ အဒါယဇ္ဇ ဖြစ်ခဲ့မှုဖြင့် "ယဒ္ဓေ ဘုဒ္ဓေယျ ဒုဿီလော"အရ လောကြရှာတော့မည်။ ဒိုလိုပုဂ္ဂိုလ်များကိုကား မြတ်စွာဘုရားကြီး၏ ပစ္စည်းလေးပါးကို သုံးစားပြီး အသက်အရွယ်ကြီးသည့်အတွက် ဘုန်းကြီးဟူ၍သာ ခေါ်ဆိုစရာသင့်ပေသည်။ နိုကစ္စဟူသော ပါဠိ၏အနက်သဘောကိုထောက်ပြီး ဖုံးကြီးဟူ၍ ရေးသားပင့်လျှောက်ရန်သင့်သေး၏။ ဘုတ္တံ ဓထယျေန ပါဠိဘော်ခမ္မ၌ ထေယျ သဒ္ဒါ၏ အနက်သဘောကိုထောက်ပြီး ဖုံးကျီးဟူ၍လည်း ရေးသားခေါ်ဆိုရန် တော်တန်စရာရှိသေး၏။

သို့အတွက် ကဏှာကျွ ၎င်းအတိုအတွင်းတွင်သက်ဝင်မပါစေဘဲ အဒေသက္ခ သေက္ခခေါ်ဆို အရိယာပုဂ္ဂိုလ် အကိုကြီးတို့နည်းအတိုင်း တပည့်တော် ကိုယ်တော်မြတ်တို့လဲ အရဟတ္တမဂ်တည်းဟူသော ဒါးသံလျက်ကိစ္စ ပြီးစီးကြရအောင်—

သမ္မာဝါယာမော၊ ကိစ္စကြီးလေးပါးကို မနေမနား မခြားမချပ် မီးပွတ်သောယောကျ်ားအသွင် သမ္မာဝါယာမ မဂ္ဂင်ခေါ်သည့် ပယတ္တရွှေဘုန်းကို လုံးလုံးကြီး အားထုတ်ခြင်း အမှုကို။ ကရဏီယော၊ ပြုအပ်၏၊ ပြုသင့်၏၊ ပြုထိုက်၏၊ ပြုကောင်း၏၊ ပြုရမည်၊ ပြုကြပါလေ ကိုယ့်မိတ်ဆွေတို့၊

အမြိုက်တရား မြတ်ဆေးဝါး– ရွှေဘုန်းတော်ရှင် ဘခမည်းတော်သခင်လက်နှ ၎် စကြာရှင် မြတ်စွာဘုရားကြီးက ဆေးတိုက်တရား ဟောကြားလျက်

ထားတော်မူခဲ့ပေသည်များကို စဉ်းစားသတိ ရရှိတော်မူကြကုန်၏ မဟုတ်ပါတုံလော၊ ဟောဒီမှာဘုရား။

ယေ ကေစိ သြသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ။
ဓမ္မောသဓသမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။ ။

ဘိက္ခဝေါ၊ ကိလေသာမာရ် သူပုန်ရန်ကို တွန်းလှန်ဖြိုဖျက် မဂ်ဇက်နက်ဖြင့် သတ်ဖျက်လိုသူ ရှင်လူရဟန်း အပေါင်းတို့။ လောကေ၊ လောကကြီးထဲ၌။ ယေကေစိ ခပ်သိမ်းကုန်သော၊ ဝိဝိဓာ ဗဟူ၊ အထူးထူးအပြားပြား များစွာကုန်သော။ သြသဓာ၊ ငရုပ် ပိတ်ချင်း လေးညှင်း ဇာဒိပ္ဖိုလ် နွယ်ချို သိန္ဓော ထိုထိုသို့ သောဆေးတို့သည်။ ဝိဇ္ဇန္တိ၊ အမြင်အားဖြင့် ထင်ရှားရှိကြကုန်၏။ ဓမ္မောသဓသမံ၊ ငါဘုရားသည် ပေးသနားတော်မူအပ်သော လောကုတ္တရာတရားမြတ် အမြိုက်ဓာတ်နှင့် တူသော ဆေးသည်။ နတ္ထိ၊ မရှိသည် ကေန်မှန်ပါ၏။ တုမှေ၊ သင်ချစ်သား ချစ်သမီးတို့သည်။ ဧတံ၊ ထိုငါဘုရားပေးသနားတော်မူအပ်သော လောကုတ္တရာတရားမြတ်အမြိုက်ဓာတ်ကြီးကို။ ပိဝထ၊ အားပါးရရ ဝဝကြီးချိုးလိုက် သောက်လိုက်ကြပါကုန်လော။

(တယ်ကောင်းတယ်ဗျာ)။

သာဓု သာဓု သာဓု

လောကုတ္တရာ ဝိဇ္ဇာလမ်းကို ပြဆိုခဏ်းပြီး၏။

သာဝကများ သနားငဲ့ညာ— "ပရိနိဗ္ဗာတု ဘဂဝါ ဘန္တေ ပရိနိဗ္ဗာတု သုဂတော၊ ပရိနိဗ္ဗာနကာလော ဒါနိ ဘန္တေ ဘဂဝတော ဘာသိတာ ခေါ ပနေသာ ဘန္တေ ဘဂဝတာ ဝါစာ- စသော စကားဖြင့်မာရ်နတ်သားက ပရိနိဗ္ဗာန်စံဝင်ရန် တောင်းပန်သည်ကို ရဟန်း ယောကျ်ား ရဟန်းမိန်းမ သီတင်းသည်ယောကျ်ား သီတင်းသည်မိန်းမတို့အား သနားတော်မူသည့်အတွက် ငဲ့ကွက်ညာလျက်—

"န တာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ ဗဟုဿုတာ ဓမ္မဓရာ ဓမ္မာနုဓမ္မပဋိပန္နာ သာမိစိပ္ပဋိပန္နာ အနုဓမ္မစာရိနော သကံ အာစရိယကံ ဥဂ္ဂဟေတွာ အာစိက္ခိဿန္တိ ဒေသေဿန္တိ ပညပေဿန္တိ ပဋ္ဌပေဿန္တိ ဝိဝရိဿန္တိ ဝိဘဇိဿန္တိ ဥတ္တာနီ ကရိဿန္တိ ဥပ္ပန္နံ ပရပ္ပဝါဒံ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ သပ္ပာဋိဟာရိယံ ဓမ္မံ ဒေသေဿန္တိ- အစရှိသောစကားဖြင့်အကြိမ်ကြိမ်ပယ်ရှားတော်မူပြီးမှ-

"အပ္ပေါဿုက္ကော တွံ ပါပိမ ဟောဟိ။ န စိရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ။ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတီတိ၊ အထခေါ ဘဂဝါ စာပါလေ စေတိယေ သတော သမ္ပဇာနော အာယုသင်္ခါရံ ဩဿဇိ၊ ဩဿဋ္ဌေ စ ဘဂဝတာ အာယုသင်္ခါရေ မဟာဘူမိစာလော အဟောသိ၊ ဘိံသနကော သလောမဟံသော ဒေဝဒုန္ဒုဘိယော စ ဖလိံသု"-စသော ဒေသနာစကားတော်ဖြင့် ပရိနိဗ္ဗာန်

စံဝင်ရန် ဝန်ခံတော်မူသည် များကို ကြားနာသင်အံ့ ကြံစည်ကြည့်ရှုဘူးကြ၏ မဟုတ်ပါလား ကိုယ်တော်မြတ်တို့ဘုရား။

ယူဇနာပေါင်း တသိန်းလေးသောင်း အထုရှိသော အဝိဇ္ဇာ ဏက ပဟာပဿမိဤမြေကြီးသော်မှ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါလည်ပြီး လက်ခုပ်လက်ဝါးတီးလျက် ငိုသလိုပြုံကဲ့မတတ် ၎ တည်နိုင် ယိမ်းယိုင်ရပါသေး၏။ "အစ္ဆရိယံဝတ ဘော၊ အဗ္ဘုတံ ဂတ ဘော" ပါဠိပြော။

ဘန္တေ၊ သုံးလူ့ ထွတ်ထား မြတ်စွာဘုရား၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးရှင် မြတ်သခင်သည်။ ပရိနိဗ္ဗာတု၊ ပရိနိဗ္ဗာန် ဝင်စံပါတော့ဘုရား။ သုဂတော၊ ကောင်းသောစကားကို ဟော ကြားတော်မူတတ်သော မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာတု၊ ပရိ နိဗ္ဗာန်စံဝင်တော်မူပါတော့ဘုရား။ ဒါနိ ဣဒါနိ၊ ယခုလိုအခါ၌ ကား။ ဘဂဝတော၊ သုံးလူ့ ထွတ်တား မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနကာလော၊ ပရိနိဗ္ဗာန်ပြုအံ့သောအခါပါတည်း။ ဘန္တေ၊ ဘုန်းတော်ခြောက်ပါးရှင် မြတ်သခင်ဘုရား၊ ဘဂဝတာ၊ မြတ် စွာဘုရားသည်။ ဓေါပန၊ စင်စစ်ကေန် အဘန်တန်။ သော ဝါစာ၊ ဤသို့သော စကားကို။ မေ၊ အကျွန်ုပ် မာန်နတ်သားအား။ ဘာသိတာ၊ ပြောကြားတော် မူဘူးပါပြီ။ ကိံ ဘာသိတာ၊ အဘယ်သို့ပြောကြားတော် မူဘူးပါသနည်းဟူမူကား။ ပါပိမ၊ မကောင်းယုတ်မာ ဆိုးသိစွာသော မိစ္ဆာအနှုပ် ဟယ်- မာန်နတ် ယုတ်။ ယာဝ၊ အကြင် မျှလောက်သော ကာလပတ်လုံး။ မေ၊ ငါဘုရား၏။ သာဝကာ၊ တပည့် သားတော် ဖြစ်ကြကုန် သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိယတ္တာ၊ အထူးထူးသော

အရာတို့၌ လိမ္မာကုန်သည်။ နဘဝိဿန္တိ၊ မဖြစ်ကြကုန်သေး။
ဝိနီတာ၊ ကိုယ်နှုတ်နှလုံးသုံးပါးကိုဆုံးမနိုင်ကုန်သည်၊ န ဘဝိဿန္တိ၊
မဖြစ်ကြကုန်သေး။ ဝိသာရဒါ၊ ရဲရင့်ကြကုန်သည်။ န ဘဝိဿန္တိ၊
မဖြစ်ကြကုန်သေး။ ဗဟုဿုတာ၊ များစွာ သင်ခြင်း နာခြင်းရှိ
ကုန်သည်။ ဝါ၊ အကြား အမြင်များကုန်သည်။ န ဘဝိဿန္တိ၊
မဖြစ်ကြကုန်သေး၊ ဓမ္မဓရာ၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်ကုန်
သည်။ န ဘဝိဿန္တိ၊ မဖြစ်ကြကုန်သေး၊ ဓမ္မာနုဓမ္မပဋိပန္နာ၊
လောကုတ္တရာတရားကိုးပါး အားလျော်သော ဝိပဿနာအကျင့်
မြတ်ကို ကျင့်တတ်ကုန်သည်။ န ဘဝိဿန္တိ၊ မဖြစ်ကြ ကုန်သေး။
သာမိစိပ္ပဋိပန္နာ၊ အရိုအသေ ကျင့်ကြကုန်သည်၊ န ဘဝိဿန္တိ၊
မဖြစ်ကြကုန်သေး။ အနုဓမ္မစာရိနော၊ လျောက်ပတ် သင့်တင့်
သောအကျင့်ကို ကျင့်လေ့ရှိကုန်ကြသည်။ န ဘဝိဿန္တိ၊မဖြစ်
ကြကုန်သေး၊ သကံ အာစရိယကံ၊ မိမိဆရာ၏ ဥစ္စာဖြစ်သော
တရားကို၊ ဥဂ္ဂဟေတွာ၊ သင်မှတ်၍။ န အာစိက္ခိဿန္တိ၊ မပြော
ကြားတတ်ကုန်သေး။ န ဒေသေဿန္တိ၊ မဟောနိုင်ကြကုန်သေး။
န ပညပေဿန္တိ၊ အပြားအားဖြင့် မသိစေနိုင် ကြကုန်သေး။
န ပဋ္ဌပေဿန္တိ၊ အပြား အားဖြင့် မဖြစ်စေနိုင် ကြကုန်သေး။
ဝါ၊ အပြားအားဖြင့် မရွတ်ဆိုနိုင်ကြကုန်သေး။ န ဝိဝရိဿန္တိ၊
မဖွင့်နိုင်ကြကုန်သေး။ န ဝိဘဇိဿန္တိ၊ မခွဲဝေ နိုင်ကြကုန်သေး။
ဥတ္တာနီံ၊ ပေါ်ပေါ်လွင်လွင်ထင်သည်လို။ န ကရိဿန္တိ၊ မပြု
နိုင်ကြကုန်သေး။ ဥပ္ပန္နံ၊ ဖြစ်ထွန်းပေါ်ပေါက်လာသော၊ ပရပ္ပ
ဝါဒံ၊ ဖေါက်ပြန်ယွင်းမှားသော မိစ္ဆာဒိဋ္ဌိအယူကို။ ဓမ္မေန၊
ဟုတ်မှန်သော အကြောင်းနှင့်။ သဟ၊ တကွ။ သုနိဂ္ဂဟိတံ၊
သုနိဂ္ဂဟိတေန၊ ကောင်းစွာ နှိပ်ခြင်းဖြင့်။ နိဂ္ဂဟေတွာ၊ နှိပ်၍။

သပ္ပါဋိဟာရိယံ၊ အကျိုးစီးပွားနှင့်စပ်သော။ ဓမ္မံ၊ တရားစကား။ ကို။ နှ ဒေ သေဿန္တိ၊ မဟောနိုင်ကြကုန်သေး။ တာဝ၊ ထိုမျှ လောက်သောကာလပတ်လုံး။ အဟံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော ငါဘုရားသည်။ နပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန် မစံဝင်သေးလတံ့။ ဣတိ၊ အဲ့ဒီလို၊ ဘာသိတာ၊ ပြောဆိုဘူးပါပြီ။

အမိပွါယ်အကျဉ်းကား-နှ ပဋိသေဓနှင့်စပ်သမျှကား အတိုင်း ဖြစ်ခဲ့ကြက မစ္ဆုပ္ပန် တမလွန် လောကီ လောကုတ္တရာအရာဌာန တို့၌ နှ-ကြမှာချည့်ပါတဲ့ဘုရာ။ နငယ်မို့သာ တော်တော်ရှိ တော့သနော် ကိုယ်တော်တို့။ ကကြီးများဖြစ်ခဲ့လျှင် ဒီထက်ပင် ခက်စရာရှိသေး၏။ တနည်း “သေး သေး” ဟူသော မြန်မာပြန် အတိုင်း ဖြစ်ခဲ့ကြလျှင်လည်း၊ အစစအရာရာမှာ သေးသိမ်ကြရ မည်သာ မှတ်တော်မူကြပါ။ တနည်း“လတံ့ လတံ့”ဟူသော အနာဂတ် မြန်မာပြန်အတိုင်း ဖြစ်ခဲ့ကြသည် မှန်ကလဲ အစစ အရာရာမှာ အလည်အလတ်တွင် တံ့ရပ်နိုင်ရုံမျှသာ ရှိကြ ရပါ သည်။ မစကာလျှင် ဒါကမှ တော်တန်စရာ ရှိသေး၏။ အနက် ကို ရွေးစစ်လျှင် မှက်ခြင် ဖြစ်သွားပြီ။ ငရဲလားရသော ထက် တော်ကြွေးအံ့လဲမသိ။

နှ ပဋိသေဓ အနာဂတ်ဝိဘတ်တို့ကို သိမ်းရပ် နိုင်အောင် ပြု လုပ်ကျင့်ကြံတော်မူကြပါ။ ဘုရားပရိနိဗ္ဗာန်စံလွန်တော် မူခါနီး ဟို- ရှေးကြီးကတော့ ဝိယတ္တာ ဟောန္တိ စသည် ဖြစ်ကြကုန်ပြီး ပြီ။ သို့အတွက် ဘုရားပရိနိဗ္ဗာန်စံဝင်ရန် ဝန်ခံတော် မူလိုက်

ပါသထဲ့။ ဝန်ခံကြောင်းကိုသိလိုလျှင် သေသေချာချာ ဆင်ခြင်တော်မူလိုက်ကြပါဘုရား။
၁။ ပါဠိမ၊ ယုတ်မာညစ်နွမ်း ဟယ်- မာန်နတ်ကမ်း။ တွံ၊ သင်မာရ်နတ်သည်။ အပ္ပေါသုက္ကော၊ ကြောင့်ကြမဲ့။ ဟောတိ၊ ဖြစ်ပါလော။ န စိရံ၊ မကြာမြင့်ခင်။ တထာဂတဿ၊ ငါဘုရားသခင်၏။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန် စံဝင်ခြင်းသည်။ ဘဝိဿတိ၊ အလိုလိုဖြစ်ပါလိမ့်မည်။ဣတော၊ ဤတပို့တွဲလမှ။ တိဏ္ဏံ မာသာနံ၊ သုံးလတို့၏။ အစ္စယေန၊ လွန်တော်မူပါသဖြင့်။ တထာဂတော၊ ငါဘုရားသခင်သည်။ ပရိနိဗ္ဗာယိဿတိ၊ ပရိနိဗ္ဗာန်ပြုပေအံ့။ ဣတိ၊ ဤသို့။ အာယုသင်္ခါရ လွှတ်ခြင်းနှင့် စပ်လျဉ်းသောစကားကို။ အဝေါစ၊ မာန်နတ်သားအားပြောကြားတော်မူလိုက်၏။ အထခေါ၊ ထိုသို့ ပြောကြားတော်မူသောစကားအဆုံး၌၊ ဝါ၊ ဆုံးလျှင်ဆုံးခြင်း။ ဘဂဝါ၊ ဘုန်းတော်ခြောက်တန် ဂုဏ်မေါင်းလျှံသော သယမ္ဘူ ကိုယ်တော်မြတ်ဘုရားကြီးသည်။ စာပါလေ စေတိယေ၊ စာပါလအမည်ရှိသော စေတီ၌။ သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ သမ္ပဇညဉာဏ်တော် တည်းဟူသော ပညာအမြော်အမြင် အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ အာယုသင်္ခါရံ၊ အသက်ခန္ဓာကိုယ်ကိုပြုပြင်မှု အစီအရင်ကို။ ဝါ၊ အသက်ခန္ဓာကိုယ်ကုန်ဆုံးမှုအစီအရင်ကို။ ဩဿဇ္ဇိ၊ စွန့်လွှတ်တော်မူဘိ၏။ ဘဂဝတာ၊ ဘုန်းတော် ခြောက်ပါးရှင် မြတ်သခင်သည်။ အာယုသင်္ခါရေ၊ အာယုသင်္ခါရကို။ ဩဿဋ္ဌေစ၊ စွန့် လွှတ်တော် မူသည်ရှိသော်။ ဘိံ သနကော၊ ကြောက်မက်ဘွယ်ကိုဖြစ်စေတတ်သော။သလောမဟံသော၊ ကြက်သီးမွေးညှင်း ထ

ခြင်းကိုဖြစ်စေတတ်သော။ မဟာဘူမိစာလော၊ ယူဇနာပေါင်း နှင်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးတုံဟီး မြည်လျက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ လှုပ်ခြင်း သည်။ အဟောသိ၊ဖြစ်ရသည်သာ ဓမ္မတာ။ ဒေဝဒုန္ဒုရဘိယော စ၊နတ်၏ စည်တော်တို့သည်လည်း၊ ဖလိ သု၊ ကွဲကုန်ပြီ။

ကိုင်း၊ ဘယ့်နှယ်လဲ ကိုယ်တော်မြတ်တို့။ ကမ္ဘာပျက်လေ ခတ်တော့ မြင့်မိုရ်တောင်ကြီးညွတ်သလို မဟာပရိနိဗ္ဗာနခေတ် သို့ ညွတ်တော်မူခဲ့လေပြီ။ အာယုသင်္ခါရ လွှတ်၏ ဟူသည်ကား အသက်ခန္ဓာကို ပြုပြင်မှုဟု ဆိုလိုပါသည်။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာကိုယ်တော်မြတ်တို့ အစဉ်အလာမှာ ပရိနိဗ္ဗာန်စံဝင်၍ အသက်ခန္ဓာကို ငြိမ်းငြိမ်းအေးအေး ပြုပြင်လေ့ရှိကြပါသည်။ ဘယ်ကသာ၍အေးကြလိမ့်မည်ဟု စိတ်ထင်ကြပါသနည်း။ ဗုဒ္ဓ ဘာသာဝင် လူရှင်တို့ စဉ်းစားခဏ်း ထုတ်လိုက် ကြစမ်းပါ။ အဟုတ်အဟတ်ရိပ်မိသည့်ပုဂ္ဂိုလ်ကို အမြတ်ဆိုသင့်ပေသည်။

**သေခြင်းတရား ဘုရားမကြောက်—** သေခြင်းတရားကို သတ္တဝါ အများတို့ ကြောက်သလို မြတ်စွာ ဘုရားကိုလဲ ကြောက်လိမ့်မည်ဟု အထင်မမှားကြနှင့် နော်။ မိစ္ဆာဒိဋ္ဌိဖြစ်သွားကြပါမည်။မကြောက်သည့်ပြင် သာ၍ ပင် ဝမ်းမြောက် စိတ်ရွှင်ပါသေးသတဲ့။ ထို့ကြောင့် ဥဒါန်း ဂါထာကို သာသာယာယာ ကျူးတော်မူလိုက်သေးရဲ့။

တုလမတုလဥ္စ သမ္ဘဝံ၊ ဘဝသင်္ခါရမဝဿဇိ မုနိ။
အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိကဝစမိဝတ္တသမ္ဘဝန္တိ။

သမ္ဘဝံ၊ ဘဝသစ်၌ ဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်သော။ ဘဝသင်္ခါရံ၊ ဘဝကို ပြုပြင် တတ်သော။ တုလဉ္စ၊ အောက်အောက်သော ကံကိုရင်း။ အတုလဉ္စ၊ အထက်အထက်သော ကံကိုရင်း။ အဇ္ဈတ္တရတော၊ မိမိ၏အတွင်းသန္တာန်၌ မွေ့လျော်သည်ဖြစ်၍။ သမာဟိတော၊တည်ကြည်သောစိတ်ရှိတော်မူသော။ မုနိ၊ မြတ်စွာဘုရားသည်။ အဝဿဇိ၊ စွန့်လွှတ်၍ပြီးပြီ။ အတ္တသမ္ဘဝံ၊ မိမိသန္တာန်၌ဖြစ်သော ကိလေသာ အပေါင်းကိုလည်း။ (မဟာယောဓော၊ သူရဲကောင်းကြီးသည်)။ (သင်္ဂါမေ၊ စစ်မြေပြင်၌)။ ကဝစံ၊ ချပ်ဝတ်တန်ဆာ မိန့်ညိုတာကို။ အဘိန္ဒိဣဝ၊ ဖျက်ဆီး သကဲ့သို့။ အဘိန္ဒိ။ ဖျက်ဆီး၍ပြီးပြီ။ ဣတိ၊ ဤသို့။ (ဥဒါနံ၊ သာယာရွှင်လန်း ဥဒါန်းစကားကို။ ဥဒါနေသိ။ မြွက်ကြားကျူးရင့်တော်မူ၏။)

**အဓိပ္ပါယ်ကား**— ကံ ကိလေသာနှစ်ပါးကိုစွန့်၍ပြီးပြီ၊ ခန္ဓာကိုယ်လည်း စွန့်ရ ပေတော့မည်ဟု ဆိုလိုပါသည်။ ဥပမာကား မဟာသေနာပတိ ရှိဖြစ်စဉ်အခါ တာသော မင်းတို့၏အပူဇော်ကိုခံယူပြီး ဥပကာရမှုကိုလည်း စွန့်ခဲ့၍ ဝိဒေဟ တိုင်းပြည်သို့ ပြန်လျက် အေးချမ်းသာယာစွာ နေရသကဲ့သို့တည်း။ နေရာကျအောင် ဥပမာ ဥပမေယျစပ်ဟပ်၍ယူဘတ်ကြပါစေသား။

(အဲဒီလို **အဆုံး**စွန်စကားတော်လဲတရပ်)။

စကားရှည်သည်၊ ကျမ်းလေးသည်ဟု အပြစ်တင်ရန်များကို တောင်းပန် လိုက်ပါ၏ဘုရား။ တပည့်တော်အား သနားသမှု ကရုဏာရှေ့ရှုလျက် ခွင့်ပြုတော်မူကြပါ၊ အရှင်မြတ်တို့အားလဲ သနားဝမ်းနဲဖြစ်နေသည့်အတွက် ဆက်၍တဖန် ရေးသားလိုက် ပြန်အံ့။

## မဟာပရိနိဗ္ဗာနသုတ်မှ ကောက်နုတ်ချက်။

တသ္မာတိဟ ဘိက္ခဝေ ယေ တေ မယာ ဓမ္မာ အဘိညာ ဒေသိတာ၊ တေ ဝေါ သာဓုကံ ဥဂ္ဂဟေတွာ အာသေဝိတဗ္ဗာ ဘာဝိတဗ္ဗာ ဗဟုလီကာတဗ္ဗာ။ ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ၊ တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ ကတမေ စ တေ ဘိက္ခဝေ ဓမ္မာ မယာ အဘိညာ ဒေသိတာ၊ ယေ ဝေါ သာဓုကံ ဥဂ္ဂဟေတွာ အာသေဝိတဗ္ဗာ ဘာဝိတဗ္ဗာ ဗဟုလီကာတဗ္ဗာ ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အဿစိရဋ္ဌိတိကံ၊ တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ သေယျထိဒံ- စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ သတ္တဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

ဣမေ ခေါ ဘိက္ခဝေ ဓမ္မာ မယာ အဘိညာ ဒေသိတာ၊ တေ ဝေါ သာဓုကံ ဥဂ္ဂဟေတွာ အာသေဝိတဗ္ဗာ ဘာဝိတဗ္ဗာ ဗဟုလီကာတဗ္ဗာ။ ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ။ တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနန္တိ။

အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ၊ ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ၊ န စိရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ။ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတီတိ။ ဣဒမဝေါစ ဘဂဝါ ဣဒံ ဝတွာန သုဂတော အထာပရံ ဧတဒဝေါစ သတ္ထာ—

၁။ ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော။ ။

၂။ အပ္ပမတ္တာ သတီမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ၊
သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တ မနုရက္ခထ၊ ။

၃။ ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတီတိ။ ။

နဲနဲတော့ရှည်ပေသနော်ကိုယ်တော်တို့။ သို့ပင် ရှည်သော်လဲ "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" ဟူသော ဒုလ္လဘရတနာကို ထောက်

ဆင်ယင်အပ်ကုန်သော ဆင်အသိန်း, ကကြိုးတန်ဆာ ဒွာဒရာတို့ဖြင့် ဆင်ယင်အပ်ကုန်သော မြင်းအသိန်း, ကကြိုးတန်ဆာ ဒွာဒရာတို့ဖြင့် ဆင်ယင်အပ်ကုန်သော အသဿတိုရ် မြင်းကသော ရထားအသိန်း, ပုလဲပတ္တမြားကို လည်မှာဆွဲလျက် ပုတီးနားဍောင်း ဝတ်ဆင်အပ်ကုန်သော သတိုးသမီးကညာ အသိန်း, ထိုသိန်းလေးသိန်း လောကီရတနာများတို့သည် လေးကုဋ္ဋရာ ရတနာစစ်သုံးပါးကို ကိုးကွယ်ဆည်းကပ် ခံယူ ဆောက်တည်အံ့ဟု နှလုံးထား၍ သွားသောသူ၏ ခြေတဝေါ်တလှမ်းကို နှစ်ရာ့ငါးဆဲ့ ခြောက်စိပ် စိပ်လျက် ရေတွက်သော်လည်း တစိပ်သောမျှ အဘိုး မထိုက်ကြကုန်။ ကလေးများ ကစားကြသည့် သင်ရုပ် မြင်းရုပ် ယမင်းရုပ်ပုံဘားတို့အလား အမှိုက်သရိုက်တွေနှင့်မခြား အဘိုးနဲပါးလျက် သွားရ ကုန်တော့သည် သာ ဟု မြန်မာပြန် အဓိပ္ပါယ်ရသော

သတံ ဟတ္တိ သတံ အဿာ၊ သတံ အဿတရီရထာ။

သတံ ကညာ သဟဿာနိ၊ အာမုက္က မဏိကုဏ္ဍလာ။

ဧကဿ ပဒဝိတိဟာရဿ၊ ကလံ နဂ္ဃတိ သောဠသိံ။ ။

ဟူသော ဤဂါထာကိုပင် သင်အံလေ့ကျက် ဆောင်ရွက် မှတ်သား ယုံကြည်တော်မူကြပါလား။ ဒေဝတာ့ ဘာသိတစကားရယ်လို့ ပေါ့ပေါ့စားစား မမှတ်ထင်ကြနဲ့နော်။ ဘုရားနှင့်တကွ၊ သင်္ဂါယနာတင် အသျှင်တို့ ပြဋ္ဌာန်းချက် အတည်ပြုပြီး သားပါ။ အဲဒီလို သမ္မာဒေဝမျိုး သုဿန်စောင့် ဘီလူးတွေက တောင်မှ ဘုရားရဟန္တာတို့၏အလိုတော်ကျ ဂုဏ်တော်ကျေးဇူး

ဆ၍ သည်းညည်းသာခံတော်မူကြပါရော့ဘုရား။ တပည့်တော်၏နှလုံးထားမှာ သေရာညောင်စောင်း၏ ခေါင်းရင်းက နေ၍ ဘတ်ရွတ်စေဘို့ရန် အလွန်ကောင်းသည်ဟု အောက်မေ့ပါသည်ဘုရား။ တရားထူကိုရသူဘို့မှန်က ကိစ္စမရှိပါ။

ဘိက္ခဝေ၊ သံသရာစခန်း ကန္တာလမ်းဝယ် ပင်ပန်းကြီးစွာ အိုနာသေရေး ဒုက္ခဘေးတို့ဖြင့် တပြေးပြေး ဆွေးမြေ့လျက် တရွေ့ရွေ့သေကြရကုန်သော ငါ၏ချစ်သား ရဟန်းများတို့။ ယသ္မာ၊ အကြင့်ကြောင့်။ မယာ၊ သင်တို့ဆရာငါဘုရားသည်။ မမ္မာ၊ သုံးဆဲ့ခုနစ်ပါးကုန်သော ဗောဓိပက္ခိယ မမ္မရတနာ မြိုက်ရသာတို့ကို။ ဒေသိတာ၊ ဟောကြားဖေါ်ပြ ဆုံးမတော်မူအပ်ကုန်ပြီးပြီ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤငါဘုရား တည်ထောင်၍ထားအပ်သော သိက္ခာသုံးပါး တည်းဟူသော သာသနာတော်၌။ ယေ တေ ဓမ္မာ၊ အကြင်သုံးဆဲ့ခုနစ်ပါးကုန်သော ဗောဓိပက္ခိယ ဓမ္မရတနာ မြိုက်တရားတို့ကို။ ဝေါ-တုမှေဟ၊ သင်ချစ်သားတို့သည်။ သာဓုကံ၊ ကောင်းတောင်း မှန်မှန်မြဲမြံစွာ ဥဂ္ဂဟေတွာ သင်မှတ်၍။ အာသေဝိတဗ္ဗာ၊ အဖန်တလဲလဲ မှီဝဲအပ်ကုန်၏၊ ဘာဝေတဗ္ဗာ၊ ပွားများ အားထုတ်အပ်ကုန်၏။ ဗဟုလီကာတဗ္ဗာ၊ အကြိမ်များစွာလေ့လာခြင်းအမှုကို ပြုလုပ်အပ်ကုန်၏။ ဧဝံ ကရိယမာနေ၊ ဤသို့ အဖန်တလဲလဲ မှီဝဲထုံအပ်ပွားများအားထုတ်အပ် အကြိမ်များစွာလေ့လာခြင်း အမှုကိုပြုအပ်သည်ရှိသော်။ ဣဒံ၊ ဗြဟ္မစရိယံ၊ ဤသိက္ခာသုံးပါးဖြင့်ရေတွက်ရာ ငါဘုရားသာသနာတော်သည်။ အဒ္ဓနိယံ အဓွန့်ရှည်ကြာ တည်တံ့ရာ၏။ စိရဋ္ဌိတိကံ၊ ငါးထောင် သာသနာရှည်ကြာလေးမြင့် တည်ခွင့်ရှိသည်။ အဿ-ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။

ထံ၊ ထိုသို့သာသနာတော် အခွန့်လေးမြင့် တာရှည်တည်နေခြင်းသည်။ ဗဟုဇနဟိတာယ၊ များစွာသောသတ္တဝါ အပေါင်းတို့၏ ကောင်းကျိုးစီးပွား များအံ့သောငှါ။ ဗဟုဇနသုခါယ၊ များစွာသော သတ္တဝါအပေါင်းတို့၏ ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်ဘို့အလို့ငှါ။ လောကာနုကမ္ပာယ၊ သတ္တဝါအများအား အစဉ်သနားခြင်းငှာ။ အဿ-ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။ ဒေဝမနုဿာနံ၊ ဗြဟ္မာ နတ် လူသုံးတုံသူတို့၏။ အတ္ထာယ၊ အကျိုးငှါ။ ဟိတာယ၊ အစီးအပွားငှါ။ သုခါယ၊ ချမ်းသာခြင်းငှာ။ အဿ-ဟောတိ၊ ဖြစ်ပါ၏။

ဘိက္ခဝေ၊ သံသရာစခန်း ကန္တာလမ်းဝယ် ပင်ပန်း ကြီးစွာ အိုနာသေရေး ဒုက္ခဘေးတို့ဖြင့် တဖြေးဖြေး ဆွေးမြေ့လျက် တရွေ့ရွေ့သေကြရကုန်သော ငါ၏ချစ်သား ရဟန်းများတို့။ ယေ တေ ဓမ္မာ၊အကြင်သုံးဆဲ့ခုနစ်ပါးကုန်သော ဗောဓိပက္ခိယ ဓမ္မအမျိုးအရောင်ကြီးတို့တို့။ ဝေါ တုမှာကံ၊ သင်ချစ်သားတို့ သည်။ သာဓုကံ၊ မြဲမြဲမြန်မြန်ကောင်းမွန်စွာ။ ဥဂ္ဂဟေတွာ၊ သင်မှတ်၍။ အာသေဝိတဗ္ဗာ၊ အဖန်တလဲလဲ မှီဝဲ ထုံအပ်ကုန်၏။ ဘာဝိတဗ္ဗာ၊ ပွားများအားထုတ် အပ်ကုန်၏။ ဗဟုလီကာတဗ္ဗာ၊ အကြိမ်များစွာလေ့လာခြင်းအမှုကို ပြုအပ်ကုန်၏။

ယထာဝေံ၊ ဤသို့တဖန်တလဲလဲ မှီဝဲတုံအပ် ပွားများ အား ထုတ်အပ် အကြိမ်များစွာ လေ့လာခြင်းအမှုကို ပြုအပ်သည်ရှိသော်။ ဣဒံ ဗြဟ္မစရိယံ၊ ဤ သိက္ခာသုံးပါးဖြင့် ရေတွက်ရာ ငါဘုရားသာသနာတော်သည်။ အဒ္ဓနိယံ၊ အခွန့်ရှည်ကြာ တည် ခဲ့ရာသည်။ စိရဋ္ဌိတိကံ၊ ငါးထောင်သာသနာ တာရှည်လေးမြင့်

တည်ခွင့်ရှိသည်။ အဿ-ထဝေယျ၊ ဖြစ်ခဲ့ရာပါ၏။ တံ၊ ထိုသို့ သာသနာတော် အဓွန့်လေးမြင့် တာရှည်တည်နေခြင်းသည်၊ ဗဟုဇနဟိတာယ၊ ဗဟုဇနဟိတံ ကာတုံ၊ များစွာသော သတ္တဝါအပေါင်းတို့၏ ကောင်းကျိုး စီးပွားကို ပြုခြင်းငှါ။ ဗဟုဇနသုခါယ- ဗဟုဇနသုခံ ကာတုံ၊များစွာသောသတ္တဝါအပေါင်းတို့၏ ကောင်းကျိုးချမ်းသာ မင်္ဂလာအမှုကို ပြုခြင်းငှာ။ လောကာနု ကမ္ပာယ လောကာနုကမ္ပံ ကာတုံ၊ ဝေနေယျ သတ္တဝါအများအား အစဉ်သနားခြင်း အမှုကို ပြုခြင်းငှာ။ အဿ-ဘဝေယျ၊ဖြစ်ခဲ့ရာ၏။ ဒေဝမနုဿာနံ၊ ဗြဟ္မာနတ်လူ သုံးဘုံ သူတို့၏၊ အတ္ထာယ အတ္ထံ ကာတုံ၊ လောကီ လောကုတ္တရာ အကျိုးကိုပွားတိုးအောင်ပြုခြင်းငှါ၊ ဟိတာယ ဟိတံ ကာတုံ၊ လောကီလောကုတ္တရာ စီးပွားချမ်းသာ မင်္ဂလာအမှုကိုပြုခြင်းငှါ။ သုခါယ-သုခံ ကာတုံ၊ လောကီလောကုတ္တရာ ချမ်းသာရန်အမှုကိုပြုခြင်းငှါ။ အဿ-ဟောတိ၊ ၏။

ကတမေ၊ အဘယ်အမည်ရှိကုန်သော ဗောဓိပက္ခိယ ဓမ္မအမျိုး၊ အရောင်ကြိုးတို့ကိုလည်း။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ အဘိညာယ-ထူးမြတ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြား ထင်ထင်သိမြင်ပြီး၍၊ ဒေသိတာ၊ ဟောကြားဖော်ပြ ဆုံးမတော်မူအပ်ပါကုန်သနည်း ဟူမူကား၊ (သေယျထိဒံ-ကို ချန်၍ထား၊ ပဒါလင်္ကာရ နိပါတ်မျှသာဟုမှတ်ပါ)။

စတ္တာရော၊ သရုပ်အားဖြင့် လေးပါးပြားကုန်သော၊ သတိပဋ္ဌာန၊ သတိတသိက် ပြဋ္ဌာန်းခြင်း အရင်းရှိကုန်သော တရား

မျိုးတို့သည်၎င်း။ စတ္တာရော၊ သရုပ်သဘောအားဖြင့် လေးပါး ပြားကုန်သော။ သမ္မပ္ပဓာနာ၊ ဝီရိယစေတသိက် ပြဋ္ဌာန်းခြင်း အရင်းရှိကုန်သော တရားသဘောမျိုး တို့သည်၎င်း။ စတ္တာရော၊ သရုပ်သဘောအားဖြင့် လေးပါး ပြားကုန်သော။ ဣဒ္ဓိပါဒါ၊ မပြည့်စုံသေးသော တရားတို့ကို ပြည့်စုံနိုင်ခြင်း အရင်းရှိကုန်သော တရားမျိုးတို့သည်၎င်း။ ပဉ္စ၊ သရုပ်သဘောအားဖြင့် ငါးပါးပြားကုန်သော။ ဣန္ဒြိယာနိ၊ စိတ်ကို အစိုးရခြင်းလျှင် အရင်းရှိသောတရားမျိုးတို့သည်၎င်း။ ပဉ္စ၊ သရုပ်သဘောအားဖြင့် ငါးပါးပြားကုန်သော။ ဗလာနိ၊ စွမ်းနိုင်ခြင်းလျှင် အရင်းရှိသောတရားမျိုးတို့သည်၎င်း။ သတ္တ၊ သရုပ်သဘောအားဖြင့် ခုနစ်ပါးပြားကုန်သော။ ဗောဇ္ဈင်္ဂါ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုသိမြင်နိုင်ရန် အကြောင်းရင်းစစ်ဖြစ်ပေကုန်သော တရားမျိုးတို့သည်၎င်း။ အရိယော၊ အမြတ်စင်စစ် မှန်ပေသော။ အဋ္ဌင်္ဂိကော၊ သရုပ်သဘောအားဖြင့် အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ လောကီမဂ္ဂင်တရားမျိုး၎င်း။ ဘိက္ခဝေ၊ သံသရာစခမ်း ကန္တာလမ်းဝယ် ပင်ပန်းကြီးစွာအိုနာသေရေး ဒုက္ခဘေးတို့ဖြင့် တဖြေးဖြေး ဆွေးမြေ့လျက် တရွေ့ရွေ့ သေကြရကုန်သော ငါ၏ချစ်သားရဟန်းများတို့။ ခေါ စင်စစ်။ ဝေါ တုမှာကံ၊ သင်ချစ်သားတို့အား။ မယာ သင်တို့ဆရာ ငါဘုရားသည်။ ဣမေဓမ္မာ၊ ဤ သုံးဆဲ့ခုနစ်ပါးကုန်သော ဗောဓိပက္ခိယဓမ္မအမျိုး ရောင်စုံကြီးတို့ကို။ အဘိညာ-အဘိညာယ၊ ထူးမြတ်သော သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် ပိုင်းခြားထင်ဘင် သိမြင်အပ်ကုန် ပြီးသည် ဖြစ်၍။ ဒေသိတာ၊ ဟောကြား ဖေါ်ပြဆုံးမတော် မူအပ်ကုန်ပြီးပြီ။

တေမွာ၊ ထိုသုံးဆဲ့ခုနစ်ပါးကုန်သော ဗောဓိပက္ခိယဓမ္မအမျိုးရောင်စုံကြီးတို့ကို။ ဝေါ- တုမှေဟိ၊ သင်ချစ်သားတို့သည်။ သာဓုကံ၊ ကောင်းကောင်းမွန်မွန် မြဲမြဲမြန်စွာ။ ဥဂ္ဂဟေတွာ၊ သင်မှတ်၍။ အာသေဝိတဗ္ဗာ၊ မစွဲစွဲအောင် အဖန်တလဲလဲ မှီဝဲထုံအပ်ကုန်၏။ ဘာဝေတဗ္ဗာ၊ မထင်ထင်အောင် ပွားများအပ်ကုန်၏။ ဗဟုလီကာတဗ္ဗာ၊ မမြင်မြင်အောင် အကြိမ်များစွာ လေ့လာခြင်းအမှုကို ပြုအပ်ကုန်၏။

ယထာဝေဝံ ကရိယမာနေ၊ ဤသို့မစွဲစွဲအောင် အဖန်တလဲလဲ မှီဝဲထုံအပ်၊ မထင်ထင်အောင် ပွားများအားထုတ်အပ်၊ မမြင်မြင်အောင်အကြိမ်များစွာ လေ့လာခြင်း ပြုအပ်ကုန်သည်ရှိသော်၊ ဣဒံ ဗြဟ္မစရိယံ၊ ဤသိက္ခာသုံးပါးဖြင့် ရေတွက်ရာ ငါဘုရားသာသနာတော်သည်။ အဒ္ဓနိယံ၊ အဓွန့်ရှည်ကြာ တည်ခဲ့ရာ၏။ စိရဋ္ဌိတိကံ၊ ငါးထောင်သာသနာ တာရှည်လေးမြင့် တည်ခွင့်ရှိသည်။ အဿ-ဘဝေယျ၊ ဖြစ်တန်ရာ၏။ တံ၊ ထိုသို့သာသနာတော် အခွန့်လေးမြင့် တာရှည်တည်နေခြင်းသည်။ ဗဟုဇနဟိတာယ- ဗဟုဇနဟိတတ္ထံ၊ များစွာသော သတ္တဝါအပေါင်းတို့၏ ပစ္စုပ္ပန်တမလွန် လောကီလောကုတ္တရာ စီးပွားကောင်းကျိုးတိုးတက်ခြင်းငှါ။ ဗဟုဇနသုခါယ- ဗဟုဇနသုခတ္ထံ၊ များစွာသော သတ္တဝါအပေါင်းတို့၏ ပစ္စုပ္ပန်တမလွန် လောကီလောကုတ္တရာ ချမ်းသာတိုးပွားအကျိုး များခြင်းငှါ။ အဿ-ဘဝေယျ၊ ဖြစ်ရာပါ၏။ ဒေဝမနုဿာနံ၊ ဗြဟ္မာနတ်လူသုံးဘုံသူတို့၏။ အတ္ထာယ- အတ္ထတ္ထံ၊ ပစ္စုပ္ပန်ထက် တမလွန်လောကီထက် လောကုတ္တရာ အကျိုး တိုးပွားခြင်းအကျိုးငှါ။ ဟိတာယ ဟိတတ္ထံ၊ ပစ္စုပ္ပန်

ထက် **တမလွန်လောကီထက်** လောကုတ္တရာ **အကျိုးစီးပွား** ကောင်းကျိုးတိုးတက်ခြင်းငှါ။ ဘုခါယ-သုခတ္ထံ၊ ပစ္စုပ္ပန်ထက် **တမလွန်လောကီထက်** လောကုတ္တရာ ချမ်းသာပွားတိုးအကျိုး များခြင်းငှါ၊ **အဿ-ဟောတိ။** ဖြစ်ပါ၏။ ဣတိ၊ ဤသို့သော တရား**စကားကို**။ ဘဂဝါ-သုံးလူ့**အထွဋ်** သဗ္ဗညုမြတ်စွာဘုရား ရှင်ကြီး**က**။ **အာမန္တေသိ၊** ပြောကြားမိန့်မှာတော်မူခဲ့ပါ၏။

**အထခေါ်၊** ထိုသို့မှာတော်မူပြီးသည်မှနောက်ကာလ၌။ **ဝါ**-မှာ**တော်**မူပြီးလျှင်ပြီးခြင်း၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးရှင် ဘု**ရား**ရှင်သည်၊ ဘိက္ခူ၊ အရှင်အာနန္ဒာတို့မှစ၍ တပည့်တော် ကိုယ်တော်**တို့**မကြွင်း ရဟန်းပဉ္စင်းဟူသမျှတို့ကို။ **အာမေန္တ**သိ၊ နောက်ထပ်တဖန် မှာသားသိစေပြန်၏။ ကိံ အာမန္တေသိ၊ အဘယ်သို့သိစေပြန်ပါသနည်း။

**ဘိက္ခဝေ၊** သံသရာစခမ်း ကန္တာလမ်းဝယ် ပင်ပန်းကြီးစွာ အိုနာသေရွေး ဒုက္ခဘေးဘိုဖြင့် တခဖြေးဖြေး ဆွေးမြေ့လျက် **တ**ရွေ့ရွေ့ သေကြရကုန်သော ငါ၏ချစ်သား **ရဟ**န်းများတို့။ ဟန္ဒ ဣဒါနိ၊ ပရိနိဗ္ဗာန်မစံလွန်မီ ဤအခါ၌၊ ဝေါ တုမှာကံ၊ သင်ချစ်သားတို့**အား**။ အဟံ၊ သဲတို့သရာ ငါဘုရားသည်။ **အာ**မန္တယာမိ၊ သိသာအောင် ဟောကြားမှာထားခဲ့မည် ကိံ **အာ**မန္တယာမိ၊ အဘယ်သို့မှာသားခဲ့မည်နည်းဟု မေးလျှောက် မူကား။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့၊ သင်္ခါရာ၊ လှုပ်လှုပ်ရွရွ နှုပ်နှုပ်ပွသော ရုပ်နာမ်ဓမ္မ သင်္ခါရ တရားစုတို့သည်။ ဝယဓမ္မာ၊ ပျက်ဘက်သော သဘောတည်းဟူသော ဘင်တရား မခုဏခတ်လျှင် နောက်ဆုံးတရား ရှိကုန်၏။ (ဤဝယ ဓမ္မာဟူ

သောပါဠိဖြင့် သဝေထိုး သရေး "သေ" ကို ပြဆိုတော်မူပေ
သည်။) တေ သင်္ခါရေ၊ ထို သေမင်းခေါ်သည့် မရဏာခေတ်
ဘင်တရားစားတတ် ဝါးတတ်ဟူသမျှ ရုပ်နာမ် ဓမ္မသင်္ခါရတရား
အစုတို့ကို။ တုမှေ၊ သင်ချစ်သားတို့သည်။ အပ္ပမာဒေန၊ မမေ့
မလျော့ မပေါ့မဆသော သတိပညာတရားနှင့်။ သမ္ပာဒေထ၊
ပြည့်စုံလုံလောက်သဘောပေါက်အောင်အခေါက်ခေါက် အပြန်
ပြန် ကြံဘန်ကြည့်ရှု လုံ့လပြု၍ ပြည့်စုံ အားခဲကြကုန်လော့။
နစိရံ၊ မကြာမြင့်ခင်။ တထာဂတဿ၊ သင်တို့ဆရာ ငါဘုရား
၏။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန် စံတော်မူခြင်းသည်။ ဘဝိဿတိ၊
ဖြစ်ပါလိမ့်မည်။

ဤတော ဤသို့တော်အဦးနမင်း ပို့ကြွင်းသက္ကရာဇ် တရာ့
လေးဆဲ့ခုနှစ်ခု ရတုဂိမှာမန္တ တပို့တွဲလမှ၊ တိဏ္ဏံ မာသာနံ၊
သုံးလတို့၏။ အစ္စယေန လွန်သဖြင့်၊ တထာဂတော၊ သင်တို့
ဆရာ ငါဘုရားသည်။ ပရိနိဗ္ဗာယိဿတိ၊ ကဆုန်လပြည့်နေ့
ညဉ့်သန်းခေါင်ကျော် လင်းအားကြီး ဆည်းဆာ အချိန်တွင်
ပရိနိဗ္ဗာန် စံဝင်တော် မူပါလိမ့်မည်။ ဣတိ အဲဒီ ကဲ့သို့။
အာမန္တယာမိ၊ သိသိသာသာ မှာထားတော်မူခဲ့ပါပေတကား။
ဣတိ၊ အဲဒီလို။ အာမန္တေသိ၊ ကြေစေရန် တဘန်ဟောကြား
မှာထားတော်မူလျက်ပါဘုရား။

(ပရိနိဗ္ဗာန်ပြုတော်မူသည့်နှစ်ကား သက္ကရာဇ်ကူးပြီးသည်
မဖြစ်၍ ရှစ်ခုနှစ်ကျသည်။ သက်တော် ရှစ်ဆယ် အဝင်
ဝါတော် လေးဆဲ့ငါးဝါလုံးလုံးပြည့်။ နောတကျော
ဤတောပိ အတိရေကတရံ ကာရဏံ ပရိယေသိတဗ္ဗံ)။

ဘဂဝါ၊ ရှေ့ဘုန်းတော်ရှင် ဘုရားသခင်သည်။ ဣဒံ ဝစနံ၊ ဤသို့သောမှာတမ်းစကားကို။ ဝတွာ၊ ဟောကြားမှာထားတော်မူပြီး၍။ အထာပရံ၊ ထိုမှတပါးလည်းဖြစ်သော။ ဧတံဝစနံ၊ ဤပရိပက္ကော ဝယော မယှံ အစရှိသော ဂါထာစကားကိုလည်း။ အဝေါစ၊ ထပ်၍တဖန် ဟောကြားတော်မူခဲ့ပြန်၏။

၁။ ဘိက္ခဝေ၊ ငါ၏ချစ်သားရဟန်းများတို့။ မယှံ၊ သင်တို့ဆရာ ငါဘုရား၏။ ဝယော၊ အရွယ်တော်သည်။ ပရိပက္ကော၊ ကြီးရင့်အိုမင်း၊ ယိုယွင်းခဲ့ပြီ။ မမ၊ ငါဘုရား၏။ ဇီဝိတံ၊ ရုပ်နာမ် ဇီဝိန်ဣန္ဒြေတော်သည်။ ပရိတ္တံ၊ နည်းပါးယွင်းယို အိုတော်မူခဲ့ပြီ။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့ကို။ ပဟာယ၊ ပယ်ရှား စွန့်ခွာ၍။ ဂမိဿာမိ၊ သွားပါတော့အံ့။ မေ မယာ၊ သင်တို့ ဆရာငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့အား။ အတ္တနော၊ မိမိ၏။ သရဏံ၊ အသီးသီးသကသက ကိုးကွယ်ရာ ရကြဘို့ရာ တရားစကားကို။ ကတံ၊ ဟော ကြားခြင်း အမှုကို ပြု အပ် ပြီးပြီ။

၂။ ဘိက္ခဝေ၊ ငါ၏ချစ်သားရဟန်းများတို့။ တုမှေ၊ သင် ချစ်သားတို့သည်။ အပ္ပမတ္တာ။ မမေ့မလျော့မပေါ့ကြကုန်သည် ဖြစ်၍။ သတိမန္တော၊ သတိသမ္ပဇဉ် ယှဉ်ခြင်းရှိကြကုန်သည်ဖြစ်၍။ သုသီလာ၊ ကောင်းသောသီတင်းသီလရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သုသမာဟိတ-သင်္ကပ္ပါ၊ အလွန်တည်ကြည်

သော စိတ်အကြံ ရှိကုန်သည်ဖြစ်၍။ သစိတ္တံ၊ မိမိတို့၏စိတ်ကို။ အနုရက္ခထ၊ အစဉ်တစိုက် စောင့်ရှောက်လိုက်ကြကုန်လော့။

၃။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ယောဘိက္ခု၊ မည်သူမည်ဝါ နာမည်မဆိုသံသရာဘေးကို ရှုလေ့ရှိသောအကြင် ပုဂ္ဂိုလ်သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ် အဘိဓမ္မာ ဝိနည်း ငါဘုရား အဆုံးအမတော် တည်းဟူသော သာသနာတော်၌။ အပ္ပမတ္တော၊ မမေ့မလျော့ မပေါ့သောလုံ့လသတိရှိသည်ဖြစ်၍။ ဝိဟေဿတိ၊ နေသည်ဖြစ်ခဲ့အံ့။ သော ဘိက္ခု၊ မည်သူမည်ဝါ နာမည်မဆို သံသရာဘေးကို ရှုလေ့ရှိသော ထိုပုဂ္ဂိုလ်သည်။ ဇာတိသံသာရံ၊ အဖန်ဖန်ဖြစ်ပေါ်လာမှု တည်းဟူသော ဇာတိ သံသရာကြီးကို။ ပဟာယ ပယ်ရှားစွန့်ပြစ်တဖန်မဖြစ်မူ၍။ ဒုက္ခဿ၊ လှုပ်လှုပ်ရွရွ နှုပ်နှုင်ပွသော ရုပ်နာမ်ဓမ္မ ဒုက္ခအစု၏၊ အန္တံ၊ ဆုံးရာဧကန်စင်စစ်မှန်သော နိဗ္ဗာန်အသင်္ခတဓာတ်သို့။ ကရိဿတိ၊ ကပ်ရောက်ရပါတံ့။ ဝါ၊ အန္တံ ကရိဿတိ၊ ပရိနိဗ္ဗာန် စံဝင် ရပါလိမ့်မည်။

ဒီလိုဘုရားတရားစကားကို ကြားနာရလို့မှ လည်ချောင်းထဲ ကဆို့ပြီး မျက်ရည်များ စို့မလာပါလျှင် သုဘဒ်ရဟန်းကြီးနှင့် တူသွားမည့် အာဂ အသျှင်တွေပါပေဘုရား။ သေရာ ညောင် စောင်းတွင် ခေါင်းရင်းကနေပြီး ဘတ်ရွတ် ကြစေဘို့ မခိုမကပ် ရေးလိုက်ပါသည်။ ဘုရား အစရှိသော သူတော်ကောင်းတို့၏ သဘောတံထွာဓမ္မတာသည် သုံးကြိမ်သုံးခါ ဆုံးမရိုးစဉ်လာဖြစ် ရသည်နှင့်အညီ အာသေဝိတဗ္ဗာ စသော ပုဒ်ဝါကျတို့ဖြင့် သုံး

ကြိမ်တိုင်တိုင်မှာထားတော်မူသည်များကို မစဉ်းစား မဆင်ခြင် မကျင့်ဘဲနေခဲ့လျှင် သေရင်အပါယ်ကျပါလိမ့်မယ်။ တယ်မပေါ့ ကြနှင့်နော် ကိုယ်တော်တို့။

ထိုမှတပါးသော အပရိဟာနိယ သမဂ္ဂ သန္နိပတိတ သတ္တက န ကာမာရာမတာ သတ္တက သဒ္ဓါ ဘဝိဿန္တိ သတ္တက သတိသမ္ဗောဇ္ဈင် သတ္တက အနိစ္စသညာ ဘာဝေဿန္တိ သတ္တကမေတ္တံ ကာယကမ္မံ ပစ္စုပဋ္ဌပေဿန္တိ ဆက္က အပရိယာယ-ဒေသနာစကားတို့ကိုအသျှင်ဘုရားတို့ကိုယ်တိုင် ကြံမှုင်စဉ်းစား သတိထားတော်မူစေလိုသည့်သဘောကို မနောပဏိဓိ တောင့်တခြင်း ရှိလျက်ပါဘုရား။ အဆုံးစွန် မှာထားတော်မူသော သေတမ်းစာ စကားမျိုးတွေချည်းပါ အသျှင်မြတ်တို့ဘုရား။

စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ ကတမေသံ စတုန္နံ၊ အရိယဿ ဘိက္ခဝေ သီလဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ အရိယဿ ဘိက္ခဝေ သမာဓိဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ အရိယဿ ဘိက္ခဝေ ပညာယ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ အရိယဿ ဘိက္ခဝေ ဝိမုတ္တိယာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

တယိဒံ ဘိက္ခဝေ အရိယံ သီလံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ အရိယော သမာဓိ အနုဗုဒ္ဓေါ ပဋိဝိဒ္ဓေါ၊ အရိယာ ပညာ အနုဗုဒ္ဓါ ပဋိဝိဒ္ဓါ၊ အရိယာ ဝိမုတ္တိ အနုဗုဒ္ဓါ ပဋိဝိဒ္ဓါ၊ ဥစ္ဆိန္နာ ဘဝတဏှာ ခီဏာ ဘဝနေတ္တိ။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။ ဣဒမဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော အထာပရံ ဧတဒ ဝေါစ သတ္ထာ—

၁။ သီလံ သမာဓိ ပညာစ၊ ဝိမုတ္တိစ အနုတ္တရာ။
အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။ ။

၂။ ဣတိ ဗုဒ္ဓေါ အဘိညာယ၊ ဓမ္မမက္ခာသိ ဘိက္ခုနံ။
ဒုက္ခဿန္တကရော သတ္ထာ၊ စက္ခုမာ ပရိနိဗ္ဗုတော။ ။
(စုဏ္ဏိယအနက်တို့မှာ ဥာဏ်သက်ဝင်နိုင်လောက်၏ထင်မှတ်၍ ချန်လှပ်ခဲ့ဘော့မည်။)

၁။ သီလဉ္စ၊ အဓိသီလ သိက္ခာကိုရင်း။ သမာဓိစ၊ အဓိစိတ္တသိက္ခာကိုရင်း။ ပညာစ၊ အဓိပညာ သိက္ခာကိုရင်း။ အနုတ္တရာ၊ မိမိထက်လွန်မြတ်သောတရားမရှိသော။ ဝိမုတ္တိစ၊ အရဟတ္တဖိုလ်ကိုရင်း။ ဣမေဓမ္မာ၊ ဤတရားတို့ကို။ ယသဿိနာ၊ များသောကျော်စောခြင်း သတင်းဂုဏ် ရှိတော်မူသော။ ဂေါတမေန၊ ဂေါတမနွယ်ရိုး မင်းမျိုးစင်စစ်ဖြစ်တော်မူသော။ တထာဂတေန၊ ငါဘုရားသည်။ အနုဗုဒ္ဓါ၊ မဖေါက်မပြန် သယမ္ဘူ ဥာဏ်ဖြင့်ကောန်ထိုးထွင်း၍ သိအပ်ပြီးပြီ။

၂။ ဣတိ ဣမိနာ ဝုတ္တနယေန၊ ဤသို့ ဆိုအပ်ပြီးသော

နည်းဖြင့်၊ ဗုဒ္ဓေါ၊ သင်တို့ဆရာ ငါဘုရားသည်။ အဘိညာယ၊ ထူးမြတ်ကဲလွန်သော သဗ္ဗညုတ ဉာဏ်ဖြင့် ပိုင်းခြား ထင်သင် သိမြင်ပြီး၍။ ဘိက္ခုနံ၊ ရဟန်း သိန်းသန်း သင်ရဟန်းတို့အား။ ဓမ္မံ၊ သိက္ခာသုံးပါး မြတ်တရားကို။ အက္ခာသိ၊ ဟော ကြားတော်မူအပ်ပြီးပြီ။ အက္ခာယိတ္တာ၊ ဟောကြားတော်မူအပ် ပြီး၍၊ ဒုက္ခသ၊ လှုပ်လှုပ်ရှရှ နှုပ်နှုပ်ပ္ပသည့် ရုပ်နာမ်ဓမ္မ ဒုက္ခ အစု၏။ အန္တကရော၊ အဆုံးကို ပြုလိုသော။ သတ္တာ၊ လူနတ် ဗြဟ္မာသတ္တဝါတို့၏ ဆရာဖြစ်တော်မူသော။ စက္ခုမာ၊ သမန္တ စက္ခုသဗ္ဗညုတဉာဏ်ရှင် ငါဘုရားသခင်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံဝင်တော်မူတော့မည်။ ဝါ၊ ထက်ဝန်းကျင် ငြိမ်း ငြိမ်းအေးအေးကြီးသာ အပြီးနေတော့မည်။ ဣတိ ဣဒံ ဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ မြွက်ကြားတော်မူပြီ—

(အဲ့ဒီလို အဆုံးစွန်မှာထားခြင်းလည်း တရပ်။)

ဣတိ သီလံ ဣတိ သမာဓိ ဣတိပညာ၊ သီလ ပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော၊ သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊ ပညာ ပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။ သေယျထိဒံ-ကာမာသဝါ ဘဝါ သဝါ အဝိဇ္ဇာသဝါ တိ။ ဟုသိက္ခာသုံးပါးကို အကြိမ် များစွာဟောတော်မူသည်။ အဓိပ္ပါယ်အကျဉ်းကား လိုရင်းကြီး တရားဟူသည် သိက္ခာသုံးပါးသာလျှင်တည်းဟု သိစေလိုပေသ တည်း။ (အနက်မြန်မာကို ဟောဒီလိုအနက်သမ္ဗန်)။

သီလံ၊ အဓိသီလသိက္ခာ တရားဟူသည်၊ ဣတိ ဓွေကာ၊ ဤမျှ အတိုင်းအရှည်ရှိ၏။ ဝါ၊ ကာယဒုစရိုက် ဝစီဒုစရိုက်နှစ်ပါးကို ထိန်းသိမ်းမှုသာတည်း။ သမာဓိ၊ အဓိစိတ္တသိက္ခာဟူသည်။ ဣတိ ဧတ္တကော၊ ဤမျှအတိုင်းအရှည်ရှိ၏။ ဝါ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် ထိုးထွင်း၍ သိမြင်မှု သာတည်း။ သီလ ပရိဘာဝိတော၊ သီလဖြင့် ထုံအပ်သော။ သမာဓိ၊ မဂ်ဖိုလ်နှင့် ယှဉ်သောသမာဓိသည်။ မဟပ္ဖလော၊ ကြီးကျယ် ထွန်းလင်းသော အကျိုးရင်းရှိသည်။ ဟောတိ၊ ထင်ရှားဖြစ်၏။ မဟာနိသံသော၊ ကြီးကျယ်ထွန်းလင်းသော အကျိုးများရှိသည်။ ဟောတိ၊ ထင် ရှားဖြစ်၏။ သမာဓိ ပရိဘာဝိတာ၊ သမာဓိဖြင့် ထုံအပ်သော။ ပညာ၊ မဂ်ဖိုလ်တရားသည်။ မဟပ္ဖလာ၊ ကြီးကျယ် ပွင့်လင်းသော အကျိုးရင်းရှိသည်။ ဟောတိ၊ ထင်ရှား၏။ မဟာနိသံသာ၊ ကြီးကျယ်ပွင့်ကားသော အကျိုးဖျား ရှိသည်၊ ဟောတိ၊ ထင် ရှားသိသာ၏။ ပညာပရိဘာဝိတံ၊ ပညာဖြင့် ထုံအပ်သော။ စိတ္တံ၊ မဂ်ဖိုလ်နှင့်ယှဉ်သော စိတ်သည်၊ သမ္မဒေဝ၊ ကောင်းစွာ အသင့် အားဖြင့်သာလျှင်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စတိ၊ ကင်းလွတ်နိုင်၏။

သေယျထာ ကတမေဟိ၊ အဘယ်မည်သည်တို့မှ။ ဝိမုစ္စတိ၊ ကင်းလွတ် နိုင်ပါသနည်း။ ကာမာသဝါ၊ အာရုံငါးပါးကို တပ်တတ်သော လောဘ တရားမှုရင်း။ ဘဝါသ ဝါ၊ ရူပ အရူပဘဝကို တပ်တတ်သော လောဘတရားမှုရင်း။ အဝိဇ္ဇာသ ဝါ၊ အတက်မဂ်သုံးပါးကို ဖုံးလွှမ်းတတ်သော မောဟတရား

မှုငင်း။ ဣတိ ဣမေဟိ အာသဝေဟိ၊ ကြံမည်သော အာသဝေါ တို့မှ၊ ဝိမုစ္စတိ၊ ကင်းလွတ်နိုင်ပါ၏။

များသောသားဖြင့် သောတာပန်ဖြစ်ပြီးသား အသျှင်အနန္ဒာ စသောရဟန်းများအား ရည်သန်၍ ဟောတော်မူသော တရားအရာဖြစ်၍မို့ ဒိဋ္ဌာသဝမပါဟုမှတ်တော်မူကြပါဘုရား။ ၎င်းနောက် အကျဉ်းချုပ်တရားကိုဟောကြားတော်မူလိုသော ကိုယ်တော်မြတ်ဘုရားသည်—

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော
အာယံ ဝေါ အမှာကံ အနုသာသနီ- ဟူသောဒေသနာ

စကားကို မှာထား ဟောပြတော်မူခဲ့ပြန်ပါပြီ။ အနက်လွယ်ပြီ။ အခိပ္ပါယ်ကား- သတိသမ္ပဇဉ် အမြဲယှဉ်ရမည်ဟုဆိုလိုသည်။

ပဗ္ဗဇိတဒုလ္လဘမို့—

အဲဒီလို မြတ်စွာဘုရား စကားတော်ကို လိုက်နာ၍ ကျင့်ကြံကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပသကာယောကျ်ား ဥပသကာမိန်းမ အပေါင်းတို့တွင် နာတိက ရွာငယ်တွင်၍ သက်သက် အသျှင်အာနန္ဒာကိုယ်တော်မြတ်က လားရာဂတိရသိသောမဂ်ဖိုလ်တရားထူး အသီးသီး သကသကတို့ကို မေးလျှောက်ရာ ဖြေဆိုသော ဘုရားစကားတွင်ပါဝင်သော ပုဂ္ဂိုလ်အမေါင်းကား အနာဂါမ် ငါးဆယ်ကျော်, သကဒါဂါမ် ကိုးဆယ်ကျော် သောတာပန် ငါးရာကျော် ပေါင်းသော် အရိယာပုဂ္ဂိုလ် ခြောက်ရာ့လေးကျိပ်ကျော်ဟု ကိုယ်တော်မြတ်ဘုရား ဖြေကြား ပြတော်မူခဲ့ပါသည်။ ၎င်းအထဲတွင် လူဓတွကသာ၍များပါသည်။ ရဟန္တာ

ရဟန်းတပါး, ရဟန်းမိန်းမ အနာဂါမ်တပါးသာ ပါရှိခဲ့ပါသည်။ ဘာ့ကြောင့်လဲဆိုသော် ပဗ္ဗဇ္ဇိတဒုလ္လဘကို ရနိုင်ခဲသည့်အတွက် စိတ်ကြောင်နှင့် ကျင့်ကြရသောကြောင့်ပါဘုရား။

တရားကြေးမုံပြင်-- ၎င်းနောက် ချစ်သားအနန္ဒာ အကြင့်ကြောင့်လူဖြစ်၍ဖြစ်သောသတ္တဝါသည် စုတေခြင်းကိုပြုရာ၏၊ ထိုသို့စုတေခြင်းကို ပြုခြင်းသည် အဖန်တလဲလဲအံ့ဘွယ်သူရဲမရှိသေးသည်သာလျှင်တည်း။ ထိုလူဖြစ်သောလူသည်ပင် သေသည်ရှိသော် ငါဘုရားသို့ကပ်၍ စုတေသောအကြောင်း မဂ်ဖိုလ်တည်းဟူသော လဲလျောင်းရာကို အကြိမ်ကြိမ်အဖန်ဖန် မေးလျှောက်ခဲ့ရာ၏။ ထိုသို့မေးခြင်းသည် ငါဘုရား၏ကိုယ်တော်၏ပင်ပန်းကာမျှသာ။ တနည်း- ငါဘုရားကို ညှဉ်းဆဲသလိုသာ အကြင့်ကြောင့် ဖြစ်ခဲ့ရာ၏။ ထို့ကြောင့် ကြည်လင်စွာ ကြေးမုံအပြင်နှင့်တူသော တရားပရိယာယ် ဒေသနာကို ငါဘုရားဟောကြားပါအံ့ဟု မိန့်တော်မူ၏။

ထိုစကားကိုထောက်လျှင် မသေသေးသော အရိယာတွေ နာတိကရွာတွင် အပုံကြီးရှိရာသေးသည်။ ဘာ့ကြောင့်ဆိုသော် အသျှင်အာနန္ဒာမေးလျှောက်သည့်စကားက သေပြီးသားတွေကို မေးလျှောက်သောကြောင့်ပေတည်း။

## ဓမ္မာဒါသတရားကို ဟောကြားတော်မူပုံ။

၁။ ကထဉ္စာနန္ဒ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန
သမန္နာဂတော ဟောတိ၊ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာ
သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော
ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

၂။ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ၊
သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော
ဧဟိပဿိကော ဩပနေယိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

၃။ သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ၊
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော ဘဂဝတော
သာဝကသံဃော သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ
ဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော
ဒက္ခိဏေယျော အဉ္ဇလိ ကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ
လောကဿာတိ။

၄။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ
အခဏ္ဍေဟိ အဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာသေဟိ ဘုဇိ
ဿေဟိ ဝိညူပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟိ၊
အယံ ခေါ သော အာနန္ဒ ဓမ္မာဒါသော ဓမ္မပရိယာယော။ ယေန

သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ ခီဏနိရယောနိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယ ဒုဂ္ဂတိ ဝိနိပါတော သော တာပန္နော ဟမသ္မိ၊ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော တိ။

ဘုရားဂုဏ်တော် ကိုးပါး–

အနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဓ၊ ဤငါဘုရား သာသနာတော်၌။ အရိယသာဝကော၊ ငါ ဘုရားရှင့် တပည့်သားအပေါင်းသည်၊ ဗုဒ္ဓေ၊ မြတ်စွာဘုရားဂုဏ်တော်တွေ၌။ အဝေစ္စပ္ပသာဒေန၊ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်။ (ဩကပ္ပနသဒ္ဒါ အဓိဂမသဒ္ဒါနှစ်ပါးကို ရည်သန်၍ ဟောတော်မူသည်ဟု မှတ်ကြပါ။) သမန္နာဂတော၊ပြည့်စုံသည်။ဟောတိ၊ဖြစ်ပေ၏။ ကေန အာကာရေန၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား ဂုဏ်တော်၌ ။အဝေစ္စပ္ပသာဒေန· တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်၊ သာမန္နာဂတော၊ပြည့်စုံသည်။ ဟောတိ၊ဖြစ်နိုင်ပေသနည်း၊ ယသ္မာ အကြင့်ကြောင့်။ယော ဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့သံသရာတည်းဟူသော စက်၏အကန့်ကိုရပ်တန့်အောင်ဖျက်ဆီးတော်မူနိုင်သည်၏အဖြစ်ကြောင့်လည်း အရဟံ ၊အရဟာဟူသော ဂုဏ်တော်နာမဝိသေသကိုရတော်မူပေ၏ တသ္မာ- ထို့ကြောင့်။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ အစ္ဆရိယံဝတ၊ လွန်စွာ ကျင့်နိုင်ပေစွတကား။ ဝါ၊ အစ္ဆရိယံဝတ၊ လက်ဖျစ်တီး၍ အံ့ချီးဘွယ် ကောင်းစွတကား။ အဗ္ဘုတံဝတ၊မဖြစ်ဘူးဘဲ ထူးကဲလှစွာ ဖြစ်ပေါ်လာပေစွတကား။ မေ

မယာ၊ အကျွန်ုပ်သည်။ ဗုဒ္ဓုပ္ပါဒံ၊ ဘုရားပွင့်ရာ ခေတ်အခါကို။ သုလဒ္ဓံဝတ၊ ကောင်းစွာ ရတော်မူပေစွတကား။ မေ မယာ၊ အကျွန်ုပ်သည်၊ မနုဿတ္တံ၊ ဗုဒ္ဓဘာသာမြန်မာအစစ် လူအဖြစ်ကို၊ ဝါ၊ မနုဿတ္တဒုလ္လဘံကို။ သုလဒ္ဓံ ဝတ၊ ကောင်းစွာအရတော်ပေစွတကား။

(အဲဒီလို ထေရမနာသံပါအောင် အနက်ကို မြိုင်မြိုင်ဆိုင်ဆိုင်သမ္ဗန်။ မနုဿတ္တံ၌ ပထမအနက်ကား ယခုအခါ မြန်မာလူမျိုးကိုရည်သန်သည်။ ဒုတိယနက်ကား ရှေးအခါကို ရည်သန် ရှေးလိုက်သည်။ ဤနည်းအတိုင်း ဉာဏ်ကြီးကြစေ၊ ရှေ့ကိုမှာ ပါဠိရှိတိုင်းသာ လျှော်စွာရေးတော့မည်)။

ဣတိပိ၊ ဤသို့ သင်္ခတ အသင်္ခတအားဖြင့် ပြားသောခပ်သိမ်းသောတရားတို့ကို မဖေါက်မပြန်သယမ္ဘူဉာဏ်ဖြင့် မိမိအလိုကိုယ်တော်တိုင်သာလျှင် သိတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူပေစွတကား။

ဣတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတရားတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသည်၏ အဖြစ် ကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္န ဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူစွတကား။

ဣတိပိ၊ ဤသို့ကောင်းသော တရားစကားကို ဟောကြားတော်မူတတ်သည်၏အဖြစ်ကြောင့်လည်း၊ ဝါ၊ ကောင်းသောနိဗ္ဗာန်သို့ သွားစေတော် မူတတ်သည်၏ အဖြစ် ကြောင့်လည်း။ သုဂတော၊ သုဂတဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူစွတကား။

ဣတိပိ၊ ဤသို့သတ္တောကာသ သင်္ခါရဟု ၃ လောကသုံးခွင် ဘုံသုံးပြင်ကို အကုန်အစင်သိမြင်တော်မူနိုင်သည်၏ အဖြစ်ကြောင့်လည်း၊ လောကဝိဒူ၊ လောကဝိဒူဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူစွတကား။

ဣတိပိ။ ဤသို့ မိမိထက်လွန်မြတ်သောပုဂ္ဂိုလ်ကို ထုတ်ဆိုညွှန်ပြစရာ မရှိသည်၏ အဖြစ်ကြောင့်လည်း။ အနုတ္တရော ဝတ၊ အနုတ္တရ ဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော် မူစွတကား။

ဣတိပိ၊ ဤသို့ မယဉ်ကျေးသေးသော လူ နတ် တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော် မူတတ် သည်၏ အဖြစ်ကြောင့်လည်း၊ ပုရိသဒမ္မသာရထိ ဝတ၊ ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူစွတကား။

ဣတိပိ၊ ဤသို့ ဗြဟ္မာနတ်လူသုံးဘုံသူတို့၏ ဆရာ ဖြစ်တော်မူသောကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ ဝတ သတ္ထာဒေဝမနုဿာန ဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူစွတကား။

ဣတိပိ၊ ဤသို့သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တတ်သိမြင်စေတော် မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ ဗုဒ္ဓေါ ဝတ၊ ဗုဒ္ဓဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူစွတကား၊

ဣတိပိ၊ ဤသို့ ဣဿရိယ မေ့ ယသ သီရိ ကာမ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်လည်း။ ဘဂဝါ ဝတ၊ ဘဂဝါဟူသော ဂုဏ်တော်နာမ ဝိသေသကို ရတော်မူစွတကား။

ကွတိပိ ကွမိနာ အာကာရေန၊ ဤသို့သော အခြင်း၊ အရာအားဖြင့်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား ဂုဏ်တော်တွေ၌။ အဝေစ္စပသာဒေန၊ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်နိုင်ပေ၏။

**တရားဂုဏ်တော် ၆-ပါး—** ဓမ္မေ၊ ဆယ်ပါးသော တရားတော်တွေ၏ ဂုဏ်တော်တွေ၌။ အဝေစ္စပသာဒေန၊ တုန်လှုပ်ခြင်းမရှိသော ကြည်ညို ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပေ၏။ ကေန အာကာရေန၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ ဓမ္မေ၊ ဆယ်ပါးသောတရားတော်၌။ အဝေစ္စပသာဒေန၊ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့်၊ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်နိုင်ပေသနည်း။

ဘဂဝတာ၊ ဘုန်းတော် ခြောက်ပါးရှင် မြတ်သခင်သည်။ ဓမ္မော၊ ဆယ်ပါးသော တရားတော် မြတ်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားထားတော်မူခဲ့ပေ၏။ သေယျ ဘဂဝတာ၊ ဘုန်းတော်ခြောက်ပါးရှင် မြတ်သခင်သည်၊ ဓမ္မော၊ ဆယ်ပါးသောတရားတော်မြတ်ကို၊ သွာက္ခာတော၊ ကောင်းစွာ ဟောကြားထားတော်မူခဲ့ပေ၏။ သေယျထာပိ၊ ဥပမာမည်သည်ကား၊ နိက္ကုဇ္ဇိတံဝါ၊ မှောက်၍ထားသော အိုးကို မူ လည်း။ ဥက္ကုဇ္ဇေယျယထာ၊ ထက်အောက်ပြောင်းပြန် လှန်၍ပြဘိ သကဲ့သို့ရင်း။ ပဋိစ္ဆိန္နံဝါ၊ မြက် သစ်ရွက် နံရံ တိုက်စသည်တို့ဖြင့် ဖုံး

ဒွယ်သော ဝတ္ထုကိုမူလည်း။ ဝိဝရေယျယထာ၊ ဖွင့်လှစ်၍ပြဘိ သကဲ့သို့ငှင်း။ မူဠှဿဝါ၊ မျက်စိသည့်လမ်းမှားလျက် ခြောက်ကမ်းပါးကျသောသူအားမူလည်း။ မဂ္ဂံ၊ ဖြောင့်တန်းသောလမ်းခရီးကို။ အာစိက္ခေယျယထာ၊ လက်ကိုကိုင်ငြား ဒီသို့သွားဟု ညွှန်ကြားရာဘိ သကဲ့သို့ရင်း၊ အန္ဓကာရေဝါ၊ လကွယ်သန်းခေါင်မိုးမှောင်ဥမင် အင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်တိုက်တွင်း၌။ တေလပဇ္ဇောတံ၊ ဆီမီးတန်ဆောင်ကို။ ဓာရေယျ။ ဓာရိယမာနေ၊ ညီထွန်းပြောင်ပြောင် အောင်အပ်သည်ရှိသော်။ ရူပါနိ၊ အဖြူအနီအကြောင်အကြား ထင်ရှားရှိသော အဆင်းရူပါရုံတို့ကို။ ဒက္ခန္တိယထာ၊ မြင်ရကုန်သကဲ့သို့ရင်း။ ဧဝ မေဝ ဧဝံတထာ၊ ဤဥပမာတွေနှင့် တူစွာသာလျှင်။ ဘဂဝတာ၊ ဣဿရိယစသည်အပြား ဘုန်းတော်ခြောက်ပါးရှင် ထိပ်ခေါင်တင် အရှင်ဘုရားကြီးသည်။ အနေကပရိယာယေန၊ တပါးမကများပြားလှသော ဝေပုစ်ပရိယာယ် စကားလှယ်တရားဖြင့်။ ဓမ္မော၊ ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။

(ဤနည်းအတိုင်း ဂုဏ်တော်ခြောက်ပါးစေ့အောင် အစဉ်အားလျော်စွာ အနက်အမှန် မြန်မာပြန်တတ်ကြပါစေသား။)

ဘဂဝတာ၊ ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါးရှင် ထိပ်ခေါင်တင် အရှင်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ ကောင်းစွာဟောကြား ထားတော်မူအပ်ပေသော။ ဓမ္မော၊ လောကုတ္တရာတရားကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်ကိုယ်

ကျ ရှုအပ်မြင်အပ် သိအပ်သော သဘောသဘာ ရှိတော်မူ ပေ၏။

ဘဂဝတာ၊ ဣဿရိယစသည်အပြား ဘုန်းခြောက်ပါးရှင် ထိပ်ခေါင်တင် အရှင်မြတ်ဘုရားကြီးသည်။ သွာက္ခာတော၊ ကောင်းစွာဟောကြားတော်မူခဲ့ပေသော။ ဓမ္မော၊ မဂ်လေးပါး တရားတော်သည်။ အကာလိကော၊ အခါမလင့် မဂ်၏အခြား မဲ့၌ ဖိုလ်ဟူသော အကျိုးထူးကိုကြည်နူးဝမ်းသာ ပေးတော်မူ တတ်ပါပေ၏။

ဘဂဝတာ၊ ဣဿရိယစသည်အပြား ဘုန်းခြောက်ပါးရှင် ထိပ်ခေါင်တင် အရှင် မြတ်ဘုရားကြီးသည်။ သွာက္ခာတော၊ ကောင်းစွာဟောကြားတော်မူခဲ့ပေသော၊ ဓမ္မော၊ လောကုတ္တရာ ကိုးပါး မြတ်တရားသည်။ ဧဟိပဿိကော၊ လာလှည့် ပါ ရှုကြည့်ကြပါ တစာစာနှင့် လက်ယပ်ခေါ်ငင် ကယ်တင် ချင် သည့် အဆွေခင်ပွန်းကောင်းကြီးနှင့်သာတူပါပေ၏။

ဘဂဝတာ၊ ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါးရှင် ထိပ်ခေါင်တင် အရှင်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ ကောင်းစွာဟောကြားထားတော်မူခဲ့ပေသော။ ဓမ္မော၊ ကိုးပါး သော လောကုတ္တရာတရားမြတ်သည်၊ ဩပနေယျိကော၊ ရသည့် နေ့ကစ၍ ပရိနိဗ္ဗာန်မစံမခြင်း ဤအတွင်းဝယ် မိမိစိတ်ဖြင့် ကပ် ၍ဆောင်ခြင်းငှာ ထိုက်တော်မူပါပေ၏။

ဘဂဝတာ၊ ဣဿရိယစသည်အပြား ဘုန်းခြောက်ပါးရှင် ထိပ်ခေါင်တင်အရှင်မြတ်ဘုရားကြီးသည် သွာက္ခာတော၊ကောင်း

စွာ ဟောကြားထားတော် မူခဲ့ပေသော။ ဓမ္မော၊ ကိုးပါးသော လောကုတ္တရာ တရား တော် ကို။ ဝိညူဟိ၊ ပညာရှိအပေါင်း အရိယာ သူတော်ကောင်းတို့သည်၊ ပစ္စတ္တံ၊ အသီးသီး သက သက ကိုယ်စီကိုယ်ငှ။ ဝေဒိတဗ္ဗော သိအပ် ခံစားအပ်ပေ၏။

ဥပမာကား—လေးကျွန်းသူလူအပေါင်းတို့သည် နက္ခတ် တာ ယာ နေဝန်း လဝန်းကို မြော်တန်းလို့ ကြည့်လိုက်က မိမိတို့ မျက်စိ အကျဉ်း အကျယ် အကြည် အလင် သန့်စွမ်း သည့် အလျောက် ပေါက်ရောက်ထင်ရှား ခံစား မြင်သိကြရကုန်သကဲ့ သို့ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားအဝင်အပါ ရဟန်း ယောကျ်ား ရဟန်းမိန်းမ သီတင်းသည်ယောကျ်ား သီတင်း သည်မိန်းမအရိယာတို့သည် မိမိတို့ဉာဏ်ဝ အကျဉ်း အကျယ် အကြည်အလင်အလျောက် ပေါက်ရောက်ထင်ရှား ခံစား မြင်သိ ကြရသည်ဟု ဆိုလိုပါသည်။

ပုထုဇဉ်ဟူသမျှတို့မှာ ဝမ်းတွင်း ကဏ်းနှင့်သာ တူပါသည်။ အနုမာန မျက်မှန်းဆ၍ နိဗ္ဗာန်ကိုတောင့်တကြသော ပုထုဇဉ် တို့မှာ သူကဏ်းဈေးရောင်းသမားတွေနှင့်သာ အလားပုံစံတူတန် ပါသည်။

ဣတိပိ ဣမိနာ အာကာရေန၊ ဤသို့သော အခြင်းအရာအား ဖြင့်။ ဓမ္မော၊တရားဆယ်ပါး၏ ဂုဏ်တော်တွေ၌။ အဝေစ္စပသာ ဒေန၊ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်၊ ဟောတိ၊ ဖြစ်နိုင်ပေ၏။

သံဃာ့ဂုဏ်တော်ကိုးပါး—

၃။ သံဃေ၊ ငါဘုရား၏တပည့်သားသံဃာ အရိယာသူမြတ်တို့၏ ကျေးဇူးဂုဏ်တော်၌။ အဝေစ္စပသာဒေန၊ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပေ၏။ ကေန အာကာရေန၊ အဘယ်သို့သောအခြင်းအရာအားဖြင့်။ သံဃေ၊ ငါဘုရား၏တပည့်သား သံဃာ အရိယာသူမြတ်၏ ကျေးဇူးဂုဏ်တော်၌၊ အဝေစ္စပသာဒေန၊ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊· ပြည့်စုံသည်။ ဟောတိ၊ ဖြစ်နိုင်ပေသနည်း။

ဘဂဝတော၊ ဣဿရိယစသည်အပြား ဘုန်းခြောက်ပါးရှင်မြတ်ထိပ်တင်၏။ သာဝကသံဃော၊ တပည့်သားသံဃာ အရိယာကိုယ်တော်မြတ် အပေါင်းသည်။ သုပ္ပဋိပန္နော၊ နိဗ္ဗာန်ဆောက်ကြောင်းတရားပေါင်းကို ကောင်းကောင်းကြီး ကျင့်တော်မူနိုင်ပါပေစွတကား။

ဘဂဝတော၊ ဣဿရိယစသည်အပြား ဘုန်းခြောက်ပါးရှင်ထိပ်ခေါင်တင်၏။ သာဝကသံဃော၊ တပည့်သားသံဃာအရိယာကိုယ်တော်မြတ် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ အထက်အထက် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်အကျိုးငှာသာ လုံးလုံးကြီးအားကိုးလျက် ရိုးရိုးကြီးကျင့်တော်မူတတ်ပေစွတကား။

ဘဂဝတော၊ ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါးရှင်ထိပ်ခေါင်တင်၏ သာဝကသံဃော၊တပည့်သားသံဃာ အရိယာကိုယ်တော်မြတ် အပေါင်းသည်။ သာမီစိပ္ပဋိပန္နော၊ ဝတ လောကုတ္တရာတရား ကိုးပါးအားလျော်သော ဓမ္မပဋိပတ်အကျင့်

မြတ်ကိုသာ အရိုအသေ အလေးအမြတ်ပြု၍ ကျင့်တော်မူတတ် ပေစွတကား။

ယဒိဒံ-ယာနို တွောဂရိ ပုရိသယုဂ ါနို၊ အစုံအားဖြင့် လေးမျိုးကုန်သော အကြင်ယောကျ်ားထူးပုဂ္ဂိုလ်တို့သည်။ အဋ္ဌပုရိသပုဂ္ဂလာ။ အသီးသီးအားဖြင့် ရှစ်ပါးကုန်သော ယောကျ်ားမြတ်ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်တော်မူကြပေကုန်၏။

ဘဂဝတော၊ လောကသုံးပါး၏အရှင်ဖြစ်သော ရှိခိုးဂါရဝပြုထိုက်သော ဘုန်းတော်ကြီးမြတ်သော ဘုရားရှင်၏ သာဝကသံဃော၊ တပည့်သား သံဃာအရိယာ အရှင်မြတ် အပေါင်းသည်၊ အာဟုနေယျော ဝတ၊ အဝေးမှ ဆောင်ယူ၍ လှူအပ်သော ပစ္စည်းလေးပါးတည်းဟူသော ပူဇော်သက္ကာအထူးကို ခံတော်မူထိုက်ပေစွတကား။

ဘဂဝတော၊ လောကသုံးပါး၏အရှင်ဖြစ်သော ဘုန်းတော်ကြီးမြတ်သော ဘုရားရှင်၏ သာဝကသံဃော၊ တပည့်သား သံဃာအရိယာအရှင်မြတ်အပေါင်းသည်၊ ပါဟုနေယျော ဝတ၊ ဧည့်သည်တို့အား ရည်၍ထားအပ်သောပစ္စည်းလေးပါး အလှူပူဇော် အထူးကို ခံယူတော် မူထိုက်ပေစွတကား။

ဘဂဝတော၊ လောကသုံးပါး၏အရှင်ဖြစ်သော ဘုန်းတော်ကြီးမြတ်သော ဘုရားရှင်၏ သာဝကသံဃော၊ တပည့်သားသံဃာ အရိယာကိုယ်တော်မြတ် အပေါင်းသည်၊ ဒက္ခိဏေယျော ဝတ၊ အကျိုးတိုက် အကျိုးတန် အလှန်မြတ်သော ပစ္စည်းလေးပါးအလှူ ပူဇော်အထူးကို ခံယူတော် မူထိုက်ပေစွတကား။

ဘဂဝတော၊ ဣသိရိယစသည်အပြား ဘုန်းခြောက်ပါးရှင်မြတ်သခင် အရှင်ဘုရား၏။ သော သော သာဝကသံဃော၊ ဤတပည့်သားသံဃာ အရိယာ ကိုယ်တော်မြတ် အပေါင်းကို။ အဥ္ဇလိကရဏီယော ဝတ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းအမှုကိုပြုထိုက်ပေစွတကား။

ဘဂဝတော၊ ဣသိရိယစသည်အပြား ဘုန်းတော်ခြောက်ပါးရှင်မြတ်သခင်အရှင်ဘုရား၏။ သော သော သာဝကသံဃော၊ ဤတပည့်သားသံဃာ အရိယာကိုယ်တော်မြတ်အပေါင်းသည်။ လောကဿ၊ လူနတ်ဗြဟ္မာသတ္တဝါတွေ၏။ အနုတ္တရံ၊ အတုမရှိ အောင်ပင် အလွန်မြတ်သော။ ပုညခေတ္တံ ဝတ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းနှင့်တူတော်မူပေစွတကား။

ဣတိပိ ဣမိနာ အာကာရေန၊ ဤသို့သော အခြင်းအရာအားဖြင့်။ သံဃေ၊ ငါဘုရား၏ တပည့်သားသံဃာအရိယာ ကိုယ်တော်တွေ၌။ အဝေစ္စပသာဒေန၊ တုန်လှုပ်ခြင်းမရှိသောကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်နိုင်ပေ၏။

၄။ အရိယကန္တေဟိ၊ အရိယသူမြတ်တို့သည် နှစ်သက်အပ်ကုန်သော။ အခဏ္ဍေဟိ၊ မပြတ်ကုန်သော။ အဆိဒ္ဒေဟိ၊ မပေါက်ကုန်သော။ အသဗလေဟိ၊ နွားပြောက်အလားကဲ့သို့ မပြောက်ကုန်သော။ အကမ္မာသေဟိ၊ ကျားရေအလားကဲ့သို့ မကျားကုန်သော။ ဘုဇိဿေဟိ၊ ဖြူစင်ကုန်သော။ ဝိညူပသတ္ထေဟိ၊ ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌေဟိ၊ တဏှာ

ဒိဋ္ဌိကို့ဖြင့် မသုံးသပ်အပ်ကုန်သော။ သမာဓိသံဝတ္တနိကောတိ၊ ဥပစာရ သမာဓိ အပ္ပနာသမာဓိကို ဖြစ်စေတတ်ကုန်သော။ သီလေဟိ၊ မဂ်ဖြင့် ပယ်အပ်ပြီးသမျှ ဝါရိတ္တ သီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပေ၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ယေန ဓမ္မာဒါသေန၊ ကြည် ကြည်လင်စွာသော ကြေးမုံပြင်နှင့်တူသော တရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရား တပည့်သားသည်။ အာကင်္ခမာနော၊ မြွက်ကြားမပြောဆိုခြင်းကို အလိုရှိခဲ့သော်။ အဟံ၊ ရုပ်နာမ်နှစ်ပါး အစုမျှသာဖြစ်သောငါသည်။ ခီဏနိရယော၊ ကုန်ပြီးသော ငရဲဘေးရှိသည်။ အမှိ၊ ဖြစ်ရပေ၏။ ခီဏ တိရစ္ဆာန ယောနိ၊ ကုန်ပြီးသော တိရစ္ဆာန် တို့၏ ကိုယ်ခန္ဓာရှိသည်။ အမှိ၊ ဖြစ်ရပေ၏။ ခီဏ ပေတ္တိဝိသယော၊ ကုန်ပြီးသော ပြိတ္တာတို့၏ ဖြစ်ရာဘုံရှိသည်။ အမှိ၊ ဖြစ်ရပေ၏။ ခီဏာပါယဒုဂ္ဂတိ ဝိနိပါတော၊ ကုန်ပြီးသော အပါယ်လေးကြောင်း မကောင်းမှု အကုသိုလ် ကမ္မပထ ရှိသည်။ အမှိ၊ ဖြစ်ရပေ၏။

အဟံ၊ ရုပ်နာမ်နှစ်ပါးအစုမျှသာဖြစ်သောငါသည်။ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ အသ္မိ၊ ဖြစ်ပါ၏။ အဝိနိပါတဓမ္မော၊ အပါယ်လေးကြောင်း မကောင်းမှုအကုသိုလ် ကမ္မပထတရားမရှိသည်။ အသ္မိ၊ ဖြစ်ပါ၏။ နိယတော၊ မြဲသော ဓမ္မ မြဲသောသုဂတိဘဝရှိသည်။ အသ္မိ၊ ဖြစ်ပါ၏။ သမ္ဗောဓိပရာယနော၊ အထက်မဂ်ဖိုလ်လိုခါရကြောင်း မတိမ်းစောင်းဘဲ လည်းလျှောင်းမှီခိုရာရှိသည်။ အသ္မိ၊ ဖြစ်ပါ၏။ ဣတိ၊ ဤကဲ့သို့။

အတ္တနာ၁ဝ၊ မိမိသည်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗျာက ရေယျ၊ ပြောကြား မြွက်ဆိုရာ၏။

ဓမ္မာဒါသော၊ကြည်လင်စွာသော ကြေးမုံအပြင်နှင့်တူသော။ သော ဓမ္မပရိယာယော၊ ထိုတရားတော်၏ ဝေဝုစ် ပရိယာယ် စကားလှယ်သည်။ အယံခေါ၊ ဤသို့သောစကားမျိုးပင်တည်း။

**သစ္စာလေးပါးသရုပ်ကို ဖေါ်ထုတ်၍ ပြဆိုလိုက်ဦးအံ့။**

၁။ နိယတဗျာဒိတ်ကို ရသည့်ဘဝမှစ၍ဘုရား မဖြစ်မခြင်း ဤအတွင်းဝယ် ဘုရားလောင်းတို့၏ နှလုံး တွင်း ဝယ် ကိန်းသော သဒ္ဓါမျိုးကို အာဂမနိယ သဒ္ဓါဟု ခေါ် ပါသည်။

၂။ သောတာပန်စသောအရိယာပုဂ္ဂိုလ်တို့ နှလုံးတွင်းဝယ် ပရိနိဗ္ဗာန်မပြုမခြင်း ဘဝခပ်သိမ်းရအပ်သောသဒ္ဓါမျိုး ကို အဓိဂမသဒ္ဓါခေါ်ပါသည်။

၃။ အရိယာပုဂ္ဂိုလ်များသည် ရတနာစစ်သုံးပါးတို့၏ ဂုဏ် ကို မတုန်မလှုပ် သက်ဝင် ယုံကြည် ကြံစည်နိုင်သော သဒ္ဓါမျိုးကို ဩကပ္ပနသဒ္ဓါဟု ခေါ်ပါသည်၊ (၎င်းကို ပင် ဩကမ္ပနသဒ္ဓါအစလသဒ္ဓါဟူ၍လည်းခေါ်ဆိုကြ သေး၏။)

၄။ ဘုရားတရားသံဃာဟုဆိုသောမြန်မာသံ၊ဗုဒ္ဓ ဓမ္မ သံဃံ ဟုရွတ်ဆိုသော ပါဠိသံကိုကြား၍ ကြည်ညိုသော သဒ္ဓါမျိုးကိုပသာဒသဒ္ဓါခေါ်ပါသည်။

**အာဂမနီယသဒ္ဒါ—** ထိုလေးပါးတို့တွင်ပသာဒ သဒ္ဒါ အရာ၌ မင်္ဂဖိုလ်ကိုမရမီဖြစ်သော အနာထပိဏ် သူဌေး မဟာကပ္ပိန္နမင်းတို့ရအပ်သောသဒ္ဓါတရားသည်အင်မတန် ကြီးထွားပါပေသည်။ အဓိဂမသဒ္ဒါ သြကပ္ပန သဒ္ဒါအရာ၌ အရှင်ဝက္ကလိ အရှင်သာရိပုတ္တရာ အရှင်အာနန္ဒာတို့ ရအပ်သော သဒ္ဒါတရားကသာ၍အားကြီးလှပေသည်။ ဘုရားလောင်းများ၏ အာဂမနီယသဒ္ဒါမျိုးတို့မှာ ပြော၍ကြားဝံ့စရာမှ မရှိအောင် အားကြီးလှပါပေသည်။

သိင်္ဂရာဇ်မင်းကြီး၏ မျက်လုံးလှူဒါန်း ဝေဿန္တရာမင်းဖြစ်စဉ် အခါ ကဏှာဇိန်မင်းသမီး ဇာလီမင်းသား မဒ္ဒီမိဖုရား လှူဒါန်း များကို ဘတ်ရှုနားထောင် စမ်းဘူးကြ၏မဟုတ်ပါလား။ အဲဒီလို သဒ္ဒါတရားမျိုး နှလုံးတွင်းမှာ ကိန်းဝပ်ပြီးသား သောတာပန် စသောအရိယာပုဂ္ဂိုလ်များကို--

အဟံ ဥ သစေပိ မေ တိခိဏေန အသိနာ သီသံ ဆိန္ဒေယျ၊
နေဝ ဗုဒ္ဓံ န ဗုဒ္ဓေါတိဝ ဒါ၊ ဓမ္မံ နဓမ္မောတိဝ ဒါ၊ သံဃံ န
သံဃောတိဝ ဒါ ဝဒေယျန္တိ ဧဝံ အတ္တာ သန္နိယျာတနေန
သရဏံအာဂမာသိ။ဟူသောတေရသကဏ်ဋီကာပြသကဲ့သို့

ရတနာသုံးပါးစစ်တို့အား ဘယ်တော့မှ မပြစ်မှား မပြောဆိုဝန့် တော့ပြီ။

(အနက်မြန်မာပြန်ကို ဒီလိုသိ)။

ဟိ သစ္စံ၊ မမှားကေန် သေရမည်မှန်ပါစေတော့။ သစေပိ၊ အကယ်မလွဲ တကာထဲ။ မေ၊ ငါ့အား။ ဝါ-ငါ၏။ တိခိဏေန၊

မြမြထက်သော။ အသိနာ၊ သံလျက်သွားဖြင့်။ သီသံ၊ဦးခေါင်းကို။ ဆိန္ဒေယျ၊ ဖြတ်ခဲ့ပေကာမူ။ ဗုဒ္ဓံ၊သက်တော်ထင်ရှားမြတ်စွာဘုရားကြီးကို။ နဗုဒ္ဓေါတိဝါ၊ ဘုရားမဟုတ်ဟူ၍ငြင်း။ ဓမ္မံ၊ ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်ကို။န ဓမ္မောတိဝါ၊ တရားမဟုတ်ဟူ၍ငြင်း။ သံဃံ၊ ပရမတ္ထ အရိယာ သံဃာတော်မြတ်ကို။ န သံဃောတိဝါ၊ သံဃာမဟုတ်ဟူ၍ငြင်း။ အဟံ၊ တပည့်တော်မသည်။ နေဝ-ဝဒေယျံ၊ မပြောဝန့်ရဲပါဘုရား။

ဣတိ ဧဝံ ယထာဝုတ္တာ နယေန၊ ဤသို့ အကြောင်းအကြောင်း ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အတ္တသန္နိယျာတနေန၊ မိမိကိုယ်ကို ရတနာသုံးပါးသို့ဆောင်နှင်းခြင်းဖြင့်။ ရတနတ္တယံ၊ သရဏဂုံသုံးပါးကို။ သရဏံ၊ ကိုးကွယ်လည်းလျောင်း ပုန်း အောင်း မှီခို ဆည်းကပ်ခြင်းသို့။ အဂမာသိ၊ ရောက်ပြီးပြီ။

သည့်လောက်အမြတ်တနိုး အားကိုးအားထားပြုကြပါသတဲ့ ဘုရား။ ရတနာသုံးပါးစစ်ဂုဏ်ကို ချီးဖွဲ့ကဲ့ရဲ့ ဖျက်ဆီးဘောပုဂ္ဂိုလ်ဖြစ်ခဲ့က သိကြားမင်းကြီးကိုမှ မညှာတာ သုပ္ပဗုဒ္ဓလူနာသောတာပန်က ပြန်ဆိုလိုက်သည့် စကားကို ကြားဘူး တွေ့ဘူးကြ၏မဟုတ်ပါလား ဒီလိုပါတဲ့ဘုရား။

သုပ္ပဗုဒ္ဓ ကုဋ္ဌိဝတ္ထု—
ဝေဠုဝန်ကျောင်းဥကိန်းအောင်း မွေ့လျော်နေတော်မူစဉ်အခါ မြတ်စွာဘုရား တရားဟောတော်မူသည်ကို ပရိသတ်စွန်ကနေ၍ တရားနာနေသော သုပ္ပဗုဒ္ဓလူနာသည် သောတာပန်တည်၍ မိမိရသိသော

ဂုဏ်ကိုလျှောက်ထားပြောကြားခြင်းငှါ ကျောင်းတော်သို့အလာ တွင် သိကြားမင်းသည် သောတာပန်၏အလိုကို စမ်းခြင်းငှါ—

"သုပ္ပဗုဒ္ဓါငါသည် သင့်အား ဥစ္စာများစွာပေးအံ့။ဘုရား ကို ဘုရားမဟုတ်ဟုဆိုလော"— ဟု ပြောလိုက်၏၊လူနာ သည်လည်း သိကြားမင်းမျက်နှာကို သေသေချာချာကြည့်ပြီး—

"နင်ကား အသူနည်း၊ သိကြားလော။ အလွန်အကျုုး အထူးမိုက်စွတကား။ ဤမျှလောက်မိုက်သောသူနှင့် ငါ စကားဘက်ပြိုင်၍ မပြောလို၊ ငါ၌ သူတော်ကောင်း ဥစ္စာရတနာခုနစ်ပါးများစွာရှိ၏"-ဟု မောင်းမဲ ိုက်၏။ ဘုရားအထံသို့ရောက်လျှင် ဤအကြောင်းကိုလျှောက်ထား၍ ပြန် သွားလေ၏။

(ဓမ္မပဒပါဠိတော် အဋ္ဌကထာ သုပ္ပဗုဒ္ဓလူနာဝတ္ထု)

သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့၏သဘောသည် အမိ အဘနာခည်ကိုထုတ်ဖေါ်ပြီး ကော်လို ့ပင်ဆဲသော်လဲ တယ်ပြီး ဝမ်းမနဲလှ၊ ရတနာစစ်သုံးပါးဂုဏ်ကိုထိခိုက်ခဲ့က နဲနဲကလေးမျှ မခံသာအောင်လွန်စွာတုန်လှုပ်တတ်ပါသတဲ့။ မယုံလျှင် သုဘဒ် ရဟန်းကြီး၏ပြောဆိုပုံ အသျှင်မဟာကဿပ စသော အရိယာ ပုဂ္ဂိုလ်များကြားရသည့်အခါ အလွန်နာပုံလက္ခဏာကိုထောက် ဆ၍ သိတော်မူကြပါ။ ရတနာသုံးပါးဂုဏ်ကိုချိုးဖဲ့ ဖျက်ဆီး သောသူမှန်ခဲ့က ဘယ်ရဟန်း သူဌေး မင်းစိုးရာဇာ သိကြား ဗြဟ္မာဟူ၍မျက်နှာကြီးငယ်မငဲ့ မရွေး ခွေ၊ တိရစ္ဆာန်အရာမှာ

ထား၍ သိကြားမင်းကို သုပ္ပဗုဒ္ဓလူနာကဆိုသလို အဆိုခံရတတ်သည်။ အရိယာပုဂ္ဂိုလ်တို့ ကြားအောင် ရတနာစစ် သုံးပါး၏ အပြစ်ကိုမပြောကြားချေကြပါလင့်။ ဘယ်သို့ပင် ပြောသော်လဲ အပါယဂမနီယ အပြစ်ဒေါသကြီးမရှိတော့ဘူးဆိုဒါကို မိမိကိုယ်စိတ်နှင့်နိုင်းဆ၍သိကြပြီးသားတွေ့ဖြစ်နေကြပေပြီးပြီ။ ဘယ်လိုပင်နူရှိမဲ့တေခဲ့စေကာမူ အရိယာသူတော်မြတ်တို့ စိတ်ဖြူ ကြွယ်ဝချမ်းသာ လိမ္မာ တတ်သိပါးနပ် မြင့်မြတ်ပုံကို စုံစုံလင်လင်ဆင်ခြင်ကြည့်ရှုချင်ကြပါလျှင် ဟောဒီမှာ—

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။ ။

ပထဗျာ၊ ဇမ္ဗူဒီပါ ပတ်ချာဝန်းကျင် ကျွန်းမြေပြင်၌၊ ဧကရဇ္ဇေနဝါ၊ ဧကရာဇာ ပုထုဇဉ်မင်းကြီး၏ စည်းစိမ်ချမ်းသာ ရတနာတွေထက်ငင်း၊ သဂ္ဂဿ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့၊ ဂမနေနဝါ၊သွားရသောပုထုဇဉ်နတ်ဗြဟ္မာ သတ္တဝါ တို့၏စည်းစိမ်ချမ်းသာ ရတနာတွေထက်ငင်း။ သဗ္ဗလောကာဓိပစ္စေနဝါ အလုံးစုံအကုန်အစင် သတ္တလောကကို အစိုးရသော ပုထုဇဉ် ဗြဟ္မာမင်းကြီး၏ စည်းစိမ်ချမ်းသာရတနာတွေထက်ငင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ချမ်းသာလောကုတ္တရာ ရတနာသည်။ ဝရံ၊ အဆအရာ မကသာအောင် လွန်စွာမြတ်လှတော့သည်သာလျှင်တည်း။

ဤသည်ကား မြတ်စွာဘုရား၏ သမီးတော်စင် သားတော်စစ်တို့အား ကျေးဇူးတော်ရှင် ထိပ်ခေါင်တင်အရှင်မြတ် ဘုရား

ကြိုးက အထက်မဂ်ဖိုလ်ကို ရအောင်အားထုတ်ရင်း သုံးစားတော့ ရန် ပေးအပ်သနားကယ်မတော်မူသော ပထမ ဆုလာဘ်တော် ကလေးမျှသာတည်း။ ဒုတိယ တတိယ စတုတ္ထဆုလာဘ်တော်တို့ ကား ဒီထက်မက ဆယ်ဆထက်များသေး၏။ ကြိုးစား၍ အမှု တော်ကိုထမ်းကြပါလေ ကိုယ့်မိတ်ဆွေတို့ မသိမလိမ္မာသော ပုဂ္ဂိုလ်စားကို ပြောကြားရဒါကတော့ ခွေးကိုပတ္တမြားလုံးတွေ နှင့် ကြုံးပေါက်ရသလို ဖြစ်ချေသည်။ "ပတ္တမြား ဆန်ကျိုးက တော့ အဘိုးပြည်တန်သည်။ တရားမှန်မျိုးမတော့ ကတိုးရွှေဗာဏ် ပြည်၊ စကားဥာဏ်ပျိုးလိုက်ကပေါ့ အမျိုးတို့ကြံစည်"။

ဒီလို အရိယာတွေအပေါ်မှာ နူသည် ရွဲသည် မွဲသည် တေ သည်ဟု သွားလို့မျှား မမော်မကြွားလေကြနှင့်၊ လက်ခုပ်လက် ဝါးတီးပြီး ပရိသတ်အလယ် ငြီးငြူပြုံးရယ် လိုက်လိမ့်မည်များ ကိုသတိထားနိုင်ကြပါစေ။

**အရိယာတို့၏ အာရုံ—** သိကြားမင်းမေးမြန်းသည်မှာ စမ်း လိုလို့သာ၊ သို့မဟုတ်က အတော် လွှမ်းရမည့်နေရာ။ သည်မျှသာမကပါသေး၊ အရိယာ ပညာ ရှိမှန်က လောကုတ္တရာတရားကိုးပါးအားလျော်သော ဓမ္မာနုပဋိ ပတ် ကျင့်ဝတ်မှတပါး အခြားကို အလေးအမြတ်ပြုရိုး ကေန် မရှိ။

မယုံကြည်လျှင် ကြည့်ဘုရာ့ အနန္တနယ မည်ဆန်း သမန္တ ပဋ္ဌာန်းကျမ်းကြီးအရ ပုထုဇဉ်တို့၏ သန္တာန်၌ကိန်းသော မဟာ ကုသိုလ်စိတ်ရှစ်ခုသည် လောကီကုသိုလ် သတ္တရသ, စေတသိက်

အင္ဂုတ္တိုသကို အလေးအမြတ်ပြု၏။ အရိယာတို့၏သန္တာန်၌ကိန်းသောမဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့သည် ထိုက်သည်အားလျော်စွာ လောကုတ္တရာတရားကိုးပါးကိုသာ အလေးအမြတ်ပြုကြကုန်၏။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖိုလ်နိဗ္ဗာန်ကိုသာ အလေးအမြတ်အာရုံပြု၏။ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိ မဂ်ဖိုလ်နိဗ္ဗာန်ကိုသာအလေးအမြတ်အာရုံပြု၏။ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိ မဂ်ဖိုလ် နိဗ္ဗာန်ကိုသာ အလေးအမြတ်အာရုံပြု၏။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ကိုသာ အလေးအမြတ်အာရုံပြု၏၊ သို့အတွက် မဂ်ဖိုလ် နိဗ္ဗာန် ကိုသာ တောင့်တအားထုတ်စေရန် တိုက်တွန်း ပြောဟောလို့ မရနိုင်အောင် ခိုင်မာ ကြတာပါပေ။ ထို့ကြောင့် ရှေး ပညာ ရှိတို့လည်း—

ဗုဒ္ဓဘာသာဝင်များ သတိထားဘွယ်—

"လူမိုက်အလှူပေးပါမူကားရှယ်ချိုဖိုလ်မဂ် မပန္နက်ဘဲ မှားဘဝဂ်သို့သာ ကျင်လည်ရာသည်"ဟု စပ်ဆို ရေးသားထားကြပေသည်။ ယခုကာလအရပ်ရပ်ဒေသတို့၌ ဘုရားပွဲ ဆွမ်းတော်ကြီးတင်ရာ ဇာတ်သဘင်ခင်းကျင်းမြင်းပြိုင်ပွဲ ဖဲ ပဆစ် ကျွဲအုံထိုးအမျိုးမျိုး အဘိတိ ပလီဆန်းပြား ကျွဲ နွား ဆိတ် ဝက်ကြက် ငှက် ဘဲ စသည်တို့ကို ညှဉ်းဆဲသတ်ပုက်လျက် ပြုလုပ်ကြသည်များကိုသနားလိုက်ပါဘိတောင်း၊ နှစ်ကဲ့ ဗုဒ္ဓဘာသာ သူယုတ်မာတွေပါကလား။ ဘုရားအလိုတော်မရှိ။

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။ ။

ထိုမှ မသင်အံမိလေသလား။ ဘုရားသက်တော်ထင်ရှား ရှိစဉ်အခါ သာသနာပ မိစ္ဆာဒိဋ္ဌိအယူရှိသော တိတ္ထိ ဇာက္ကတွန်းတွေ့သော်မှ ဒီကလောက် ယုတ်မာဆိုးသွမ်းသောအမှုကို မပြုလုပ်ဝန့်ရဲကြ။ တမျိုးသာအယူဝါဒလွဲ၍ ငရဲ ကျရပါပေသည်။ ဒီလိုလုပ်ကြ သည်ထက် ဗုဒ္ဓ သရဏံ ဂစ္ဆာမိစသည်ကို ကြည်ကြည်ညိုညိုစိတ် ထားနှင့် ရတနာသုံးပါးကို ရှိခိုးလို့နေကြပါဘိ။ ပီတိကလေး များ တကြိမ်ဖြစ်သွားပါက ပတ္တမြားစစ်ကို ရသည် ထက်မက အနန္တအဘိုးထိုက်တန်ပါဘိ ပညာရှိတို့။ ဝေဘူလ ဝေဘာလ တောင်နှစ်လုံးစပ်ကြားမှာ မြခနောက် သုံးလုံးနှင့် ရှမ်းပဲချက် စားသလိုအလုပ်မှားမနေကြပါလင့်။

ရှေးအခါက ဒီလို ဘုရားရှင်ကို ပုန်ကန် ရန်ခံမိသည်အတွက် အဝီစိသော အောက်နရက်သို့ ဆင်းသက်ကြရကုန်သော တိတ္ထိ ဆရာကြီးခြောက်သောင်းကျော်တို့အား ဥဒ္ဒိ ပါဒေါ် အဝံသိရော ပါဠိတော် သဘောအတိုင်း အောက် သွား ချည်း သက်သက်။ (တိုင်းကြီးပြည်ကြီးတခုလျှင် တကုဋေမျှသော ယောကျ်ားမိန်းမ မိစ္ဆာဒိဋ္ဌိ)ချည်းသက်သက်။ အထက်သွား အရိယာတွေနှင့်တကွ စူဠသောတာပန် အရိယာ လောင်းတို့မှာ သာဝတ္ထိပြည်တွင်၍ သက်သက်။ အကြမ်းဖျင်းရေတွက်သော် ခြောက်ကုဋေနှင့် ငါး သိန်းကို အဋ္ဌကထာဆရာများက စာရင်းတင်ပြကြသည်။ ဤ နည်းအတူ ရာဇဂြိုဟ် အင်္ဂဝိ ကောသမ္ဗိ သက္ကတိုင်း ဘဂ္ဂတိုင်း စသော တိုင်းကြီးပြည်ကြီးအသီးသီးအဝင်အပါ ရှာငယ်မြို့ငယ်

တို့နှင့်တကွ မဇ္ဈိမတိုက်အားလုံး **အကုန်အစင်** သိမြင်တတ်ကြစေ၊ ဘုရားတဆူအတွင်း စာရင်းချုပ် ရေတွက်သော်ကား နှစ်ဆဲ့လေးသင်္ချေနှင့် ဗိုလ်ခြေခြောက်ဆယ် ကုဋေတသိန်းဟု အကြမ်းဖျင်းပြကြသည်။ ၎င်းစာရင်းကိုလဲ သုည တရာ့လေးဆယ်ဖြင့် ရေတွက်ရသော သေးသင်္ချေဖြစ်ခဲ့ပါမူ လူတွင်ရှိသာ ယူဆစရာရှိပါသည်၊ နတ်ပြဟ္မာတွေပါ ရေတွက်မူ ဂဏန်းချ၍ မပြနိုင်သော အသင်္ချေဟုယူသင့်ပေသည်။

အဘယ့်ကြောင့် ဆိုသော် မွေစကြာတရားကို ဟောသည့်အခါ ရဟန္တာ နတ်ပြဟ္မာပေါင်း ကုဋေ တသိန်း အောက်မဂ်အောက်ဖိုလ်ကိုရကြကုန်သောနတ်ပြဟ္မာတို့ကား အရေအတွက်အပိုင်းအခြားကားမရှိဟု ပါဠိတော်ရှင်းရှိသောကြောင့်တည်း။

လေးဆဲ့ငါးဝါကာလပတ်လုံး သိမ်းကြုံးတွက်ဆသော် ဒီထက်မကတန်ရာ။ ဘုရားပွဲဆိုတာ အဲဒီလိုမွေဘိသမယခေတ်ကိုမှ အစစ်မုချလှုနံ့ဒါးထစ်လိပ်ခဲတင်းလင်း မသေမချင်း မြဲမြဲစွဲစွဲ သဲသဲမဲမဲမှတ်။ အဝန်းယူဇနာကိုးရာရှိသော မဇ္ဈိမတိုက်ကြီးသည် ဘုရားသခင်ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ပျောက်ပျက် နဲပါးလျက် ဘီလူးတို့သိမ်းဆည်းရာတောအုပ်အတိဖြစ်ရသည့်မွေတာဟာ ဘာ့ကြောင့်ထင်မှတ်ကြပါသနည်း။ အဲ့ဒီလို ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်ကြသူတို့က အထက်သွား နိဗ္ဗာန်ဝင် ဘုရားရှင်နှင့်တကွ၊ တရားသံဃာကို ပုန်ကန်ဘုက်ပြိုင်ကြသူ မိစ္ဆာဒိဋ္ဌိသမားတို့ကတော့ အောက်ကိုအသွား သို့ကလိုကွဲပြားထူးခြားကြသည့်အတွက် ပျောက်ပျက်နဲပါးကြတာဟု ယူဘော်မူကြပါ။

န ဟိ ဓမ္မော အဓမ္မောစ၊ ဥဘောသမ ဝိပါကိနော။
အဓမ္မော နိရယံ နေတိစ္ဆ၊ ဓမ္မောပါပေတိ သုဂတိံ။ ။

ဟူသောဂါထာတော်အရနှင့် သမညီညာ မဟာသမုဒ္ဒြာ ဟိုမှာဘက်ကမ်းနှင့်ဒီမှာဘက်ကမ်းတို့ကဲ့သို့ရင်း နေထွက်ရာပုဗ္ဗဝိဒေဟကျွန်းနှင့် နေဝင်ရာအပရဂေါယာနကျွန်းတို့ကဲ့သို့ရင်း၊အထက်ကောင်းကင်နှင့် ဤမဟာပထဝီ မြေကြီးတို့ကဲ့သို့ရင်း အပုံကြီးဝေးကွာကြပါသည်။ မယုံလျှင်ဘုရားရှင်နှင့် မောင်ရင်ဒေဝဒတ္တသုပ္ပဗုဒ္ဓစသည်တို့ကိုထောက်ပါ။ ကိုယ်တော်မြတ်အရှင် ကျေးဇူးတော်ရှင် ထိပ်ခေါင်တင်ဘုရားမြတ်ကြီးကတော့ ပရိနိဗ္ဗာန်စံဝင်၊ မောင်ရင်ဒေဝဒတ် ခမည်းတော်သုပ္ပဗုဒ္ဓစသည်တို့ကတော့ အဝီစိသည့်ကလောက်ဝေးကွာသောအရာကို ရှာ၍ပင်ရရှိနိုင်ကြပါဦးမည်လား။

**သတ္တာလံ ဓမ္မာလံ သံဃာလံတွေ—** အဲဒီလို ရတနာ သုံးပါးကို ပုန်ကန်မှုအတွက်ကြောင့် အပါယ် လေးပါးသို့ ဆင်းသက်ကျရောက်သော သတ္တဝါ ဟူသမျှတို့ကိုကား သတ္တာလံ ဓမ္မာလံ သံဃာလံတွေဟူ၍သာ မှတ်တော်မူကြပါဘုရား။ယခုကာလမဇ္ဈိမတိုက်သားတွေလဲ ကကုသန်စသော မြတ်စွာဘုရားတို့အား ပြစ်မှားမိသော သတ္တာလံ စသည်တွေဘဲဟုစွဲယူရန်ကောင်းသည်။ အဘယ်အကြောင်းကိုထောက်ဆ၍ သိနိုင်ရပါမည်နည်းဟု မေးခဲ့သော် လောကီ ကြောင်းရတနာတွေကို သည့်ကလောက်ရှာဖွေနေ၂ါသျက် သားကိုးလာကုတ္တရာဘက်ရဘနာစစ်မျာကိုတော့ နဲနဲပါးပါးမျှ မရိပ်မိကြရ

အောင် ဖုံးဘိကွယ်ကာသော အဝိဇ္ဇာ မောဟတရား တည်းဟူသော အန္တရာယ် ထိုသူတို့သန္တာန်ဝယ် အလွန်အားကြီး ဖိစီးခြင်းများသည့်၏ အဖြစ်ကြောင့်ပါတည်း။

ရတနာလံ—

သို့အတွက်ကြောင့် အဲဒီလိုပုဂ္ဂိုလ်များ ဘာသာကွဲလူစားများ တို့ကိုကား ရတနာလံ ဗလချောမှန်တွေ များဟူ၍သာ မှတ်သားကြပါကုန်၊ ခေတ်ကာလ ယခုဗုဒ္ဓဘာသာဝင်ပုထုဇဉ် လူရှင်ရဟန်းများတွေလဲ ရတနာလံတွေဘဲ လုပ်ကြမည်လား သို့မဟုတ်က အာကာပြန်တွေဘဲ လုပ်ကြမည်လား၊ စောစောက ကြံစည်စဉ်းစားစေချင်ပါသည်။ အာကာပြန်တွေဖြစ်ချင်ကြက ဘာဝနာမယဉာဏ် ရင့်သန်ကြရအောင် "တယောက်ကိုတွယ် ကြရမည်၊ အနောက်ကို ဖယ်ကြရမည်၊ အပေါက်ကိုကျယ်ကြရမည်။ တယောက်ကိုတွယ်မှ တကယ် ရောက်ကြမည်။ အနောက်ကိုဖယ်မှ အကယ် ပျောက်ကြမည်။ အပေါက်ကိုကျယ်မှ အပါယ်ကြောက်ကြမည်။" ကိုယ့်မိတ်ဆွေ တို့ ဆောင်းအခါအအိပ်ကြီးတဲ့ကလေးများကို ခေါင်းရင်းမှန်း ခြေရင်းမှန်း အရှေ့အနောက် အောက်အထက်မှန်း မသိအောင် သတိလွတ်ပြီး မတွေးလိုက်ကြပါနှင့်ဘော့ အပုံကြီးဝေးကွာ၍ သွားကြပါမယ်။ ယခုပြုလုပ်ကြရင်း အအိပ်အစားမျိုးတွေဟာ ခြေရင်းမှန်း ခေါင်းရင်းမှန်း သိကြသေးရဲ့လား၊ ဥဒ္ဒိပ ဒေါ် အဝံသိရော ပါဠိတော်သဘောဖြင့် ဆောကြောလို့ လိုက်ကြစမ်းပါဦး။ မသေခင်အသျှင်ဦး ကြမှ ကျေဇူးများကို စံကြရမည်များကိုစဉ်းစားသတိ ရရှိစေချင်လှပါတော့သည် ဘုရား။

**လူ့ဘုံလောက—** တပည့်တော်ထက် သတိဝီရိယ ဉာဏ်ထက်သန်သောပုဂ္ဂိုလ်မှန် မထေရ်ကြီးတို့ကိုကား ဂုဏ်တော်ကိုရည်သန်ပြီး ဆလံသလျက် ဝန်ချလိုက်ပါ၏ဘုရား။ လူ့ပြည်လူ့ရွာဆိုတာ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ အရှင်ကောင်းတို့၏ပွင့်ရာ ဘုံဌာနဖြစ်သည့်အတွက် ဘုံအပိုင်းအခြားအားဖြင့် အထက်ကိုဘဝဂ်အထိ ဓမ္မအားဖြင့် ပရိနိဗ္ဗာနဓာတ် အမြတ်ဆုံးကိုလည်းရသိနိုင်ပါသည်၊ ဉာဏ်ပညာနဲ့ပါးခဲ့က တံငါ မုဆိုး သူခိုးဓါးပြစသော သူယုတ်မာတို့ ကျင်လည်ရာ ဖြစ်သည့်အတွက် ဓမ္မအားဖြင့် ပဉ္စာနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိကံ အရိယူပဝါဒကံများကို ကြံစည်ပြုလုပ်ပြောဆိုရန် အလွန်လွယ်တတ်သည်။ ဘုံအားဖြင့်လည်း အဝီစိကို ထုတ်ချင်းထိအောင်မြေမျိုခံရသောသူတွေလည်း အလွန်ပေါများသည်။ ဤကားသုတ္တာန်လာဒေသနာတမျိုးပေတည်း။

**ဒုစရိုက်၊ သုစရိုက်—** အဘိဓမ္မာ ဒေသနာနည်းလာ စကားအားဖြင့်ကား မိမိတို့ကိုယ်ငါကိုယ်၏ ရင်တွင်းနှလုံးတွင်းက အရင်းစ၍ သောဘဏ အသောဘဏ သုစရိုက် သုရာဇ်ဝ ဒုစရိုက် ဒုရာဇ်ဝအလျှောက် ပေါ်ပေါက်ဖြစ်ထွန်းလာကြသောကောင်းကျိုးမကောင်းကျိုး အဆိုးအကောင်းနှစ်ပါးတို့ သာလျှင်တည်း။ အာဂမယုတ္တိပါဠိတော်ကို ကြည့်လိုကြက ရေးပြလိုက်ဦးမည်နော်။ သတိပညာရှေ့သွားဖြင့် မှန်းပေးတော်မူကြပါ

ဣမေ ဝတ ဘောန္တော သတ္တာ ကာယဒုစ္စရိတေန သမန္နာဂတာ ဝစီဒုစ္စရိတေန သမန္နာဂတာ မနောဒုစ္စရိတေန သမန္နာ

ဂတာ အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မ သမာဒါနာ။ တေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ။

တဏှာပက္ခ အပါယ်လေးဘုံ တဘုံဘုံကို နှင် ဘယ်ဘုံကြိုက် ရွာစားကိုအပ်လိုက်မယ် ထိုက်ရာမှာ နားရော့လာဟယ်- ဆိုသော ပတ်ပျိုးလို စသွားပါတဲ့ဘုရား။ ကောင်းကင်သွား ပါဠိတော် အကိုးကား—

ဣမေ ဝါ ပန ဘောန္တော သတ္တာ ကာယသုစရိတေန သမန္နာဂတာ ဝစီသုစရိတေန သမန္နာဂတာ မနေ သုစရိတေန သမန္နာဂတာ အရိယာနံ အနုပဝါဒကာ သမ္မာဒိဋ္ဌိကာ သမ္မာ ဒိဋ္ဌိ ကမ္မသမာဒါနာ။ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပန္နာ။

ဇင်းအခြင်းအရာတို့ကို ဒိဗ္ဗစက္ခုဝိဇ္ဇာမှန်ပြောင်းဖြင့် တလောကလုံးကိုချောင်း၍ကြည့်ရာ ဘုရားမြတ်စွာမျက်မှောက် ထင်ထင် သိမြင်ကြောင်းသက်သေခံ ပါဠိတော်ရင်းကား ဒီသို့ပါတဲ့ဘုရား။ မြေကြီးလက်တီးမလွဲသလို မြဲမြဲစွဲစွဲ ယုံကြည်တော်မူကြပါ မသိလျှင် သူပုန် မယုံလျှင်ရန်သူစစ်။

ဣတိ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေပဿာမိ၊ စဝမာနေ ဥပပဇ္ဇမာနေ ပဏီတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ ဒုဂ္ဂတေ ယထာကမ္မူပဂေ သတ္တေ ပဇာနာမိ၊ အယံခေါ မေ ဗြာဟ္မဏ ရတ္တိယာ မဇ္ဈိမေ ယာမေ ဒုတိယာ ဝိဇ္ဇာ အဓိဂတာ၊ အဝိဇ္ဇာ ဝိဟတာ၊ ဝိဇ္ဇာ ဥပန္နာ၊ တမော

ဝိဟတော၊ အာလောကော ဥပ္ပန္နော၊ ယသာ တံ အပ္ပမတ္တဿ
အာတာပိနော ပဟိတဿ ဝိဟရတော၊

ဝိနိပါတံ ဟူသော ပါဠိဖြင့် ဖရိုဖရဲ ပြိုကွဲပျက်စီး၍ စောက်ထိုးကြီးကျတတ်သော ဝိနိပါတနဘေးကြီးကို ပြတော်မူပါသည်။ ကာယဿ ဘေဒါပရံ မရဏာဟု ဒေသနာ ရှိပေလို့ သာနော် ကိုယ်တော်တို့။ သို့မဟုတ် အကုသိုလ်စိတ်ဘင်အဆုံးတွင်သာ ကျခဲ့ပါက သုဂတိဘဝံလုံး လူနတ်ငြာဟ္မာသတ္တဝါတွေတောင်ပြုန်းတီးစရာရှိပါတယ်။ အဲဒီလိုဖြစ်ရတာဟာ အကုသိုလ်ကို ကုသိုလ်က နိုင်နင်းမှုတွက်တာ။ ဥပမာကား ကြွက်တထောင်တသောင်းကို ကြောင်တကောင်က နိုင်သကဲ့သို့တည်း။ ဒီထက် မဂ်ကုသိုလ်ကသာလို့ ပင်နိုင်နင်းသေး၏။ ဥပမာ-အဆိပ်ပြင်ကြီးကို မိုးကြိုးတချက်ထည်းမှန်က ကောန်သေရသကဲ့သို့ပါတကား။

အနက်မြန်မာပြန်မှာ— သာမညောပဒ္ဒင်းငယ်တို့ပင် ထင်လွယ်သည့်အတွက် မ ထည့် စွက် မရေး သားဘဲ ချန် ထား ခဲ့ တော့မည်။ ဤပါဠိတော်အရ ကံ သုံး ပါး ကို အ ကျဉ်း ချုံး၍ ပြသော်လဲ လိုရင်းပဋ္ဌာနမှာ “မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနော သေဋ္ဌာ မနောမယာ” ပါဠိတော်ကို ထောက်ဆလျှင် မနောကံက အမှန်အစ ပဋ္ဌာနဖြစ်ပေသည်။ သို့အတွက် ပိဋကတ်သုံးပုံ တလောကလုံးကို မနောကံတလုံးတည်းဖြင့် အကျဉ်းချုံး၍ ဆုံးမတော်မူလိုသော ကျေးဇူး တော် ရှင် ထိပ်ခေါင်တင် အရှင်မြတ် ဘုရားကြီးသည်—

၁။ ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမ နိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

၂။ သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ။

၃။ ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ၊
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

၄။ ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

၅။ ဣဓ ပုရေ စိတ္တ မစာရိ စာရိကံ၊ ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ။
တဒဇ္ဇဟံ နိဂ္ဂဟိဿာမိ ယောနိသော၊ ဟတ္ထိ ပဘိန္နံဝိယ အင်္ကုသဂ္ဂဟော။
ဝရ မဿတရာ ဒန္တာ၊ အာဇာနီယာစ သိန္ဓဝါ။
ကုဉ္ဇရာစ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။ ။

စသော ဂါထာဒေသနာတို့ကို ဟောကြားဖော်ပြမှာထားတော်မူခဲ့ပါသည်။

အဟော၊ ဩော် အံ့သြဘွယ် ရှိပါပေစွတကား၊ ယသ္မာ၊ အကြင်ကြောင့်၊ ယော ဘဂဝါ၊အကြင်ဘုရားရှိယစသည် အပြားဘုန်းခြောက်ပါးရှင် မြတ်ထိပ်တင် အရှင်မြတ်ကြီးသည်၊ ဣတိပိ၊ ဤသို့ အတုမရှိအောင် လူနတ်ဗြဟ္မာသတ္တဝါအများ တပည့်သားတို့ကို ယဉ်ကျေးစေရန် ဆုံးမ ပဲ့ပြင် သွန်သင်တော်မူတတ်

သည်၏ အဖြစ်ကြောင့်လည်း၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ၊ အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်ဘော်နာမ ဝိသေသကို ရထိုက်ပေစွတကား။ တသွာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုဣဿရိယစသည်အပြား ဘုန်းခြောက်ပါးရှင် မြတ် ထိပ်တင်အရှင်ဘုရားကြီးသည်။ အဆ္ဆရိယံ ဝတ၊ လွန်စွာ ကျင့် နိုင်ပေစွတကား။ မေ- မယှာ၊ တပည့်တော်သည်။ ဗုဒ္ဓုပ္ပါဒံ၊ ဘုရားဖြစ်ရန် ခုခေတ်အခါကို။ သုလဒ္ဓံ ဝတ၊ ကောင်းစွာ ရတော် မူစွတကား။ မေ- မယှာ၊ ကပည့်တော်သည်။ မနုဿတ္တံ၊ ဗုဒ္ဓ ဘာသာ မြန်မာအစစ် လူ့အဖြစ်ကို။ သုလဒ္ဓံ ဝတ၊ ကောင်းစွာ အရတော်ပေစွတကား။ မေ- မယှာ တပည့်တော်သည်။ ပဗ္ဗဇ္ဇိတံ၊ ဗုဒ္ဓဘာသာ သာသနာဝင် ရှင်ရဟန်းစစ်အဖြစ်ကို။ သုလဒ္ဓံ ဝတ ကောင်းစွာအရ တော်ပေစွတကား။

စိတ်ကိုဆုမ္မ ချမ်းသာရ-- ၁။ ဒုန္နိဂ္ဂဟဿ၊ အလွန်တရာ နှိမ် နင်းခြင်းငှါ ခဲယဉ်းစွာ ထ သော။ လဟုနော၊ လျင်မြန်စွာ ဖြစ်ခြင်းချုပ်ခြင်းရှိထသော။ယတ္ထကာမ နိပါတိနော၊ အကြင်အကြင် သို့သော အာရုံငါးပါးသို့ ပြေး သွားကျရောက်တတ်ထသော။ စိတ္တဿ၊စိတ်ဆိုးစိတ်မိုက်ကလေး ကို။ ဒမထော၊ ဆုံးမသောသူအား။ သာဓု၊ ကောင်းလှပါ၏။ ဒန္တံ၊ဆုံးမ၍ ယဉ်ကျေးပြီးသော။ စိတ္တံ၊ စိတ်ကောင်း ကလေး သည်။ တနည်း၊ စိတ္တံ၊ စိတ်ဆိုးစိတ်မိုက် ကလေးသည်။ ဒန္တံ၊ ဆုံးမ၍ ယဉ်ကျေးပြီးသည်ရှိသော်။ သုခါဝဟံ၊ လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို လွန်စွာဆောင်နိုင်ပါ၏။(ဘုရား မြတ်စွာ သာဓုခေါ် သည့် နေရာနော် ကိုယ်တော်တို့။)

၂။ သုဒုဒ္ဒသံ၊ အလွန်တရာမြင်နိုင်ခဲစွာထသော။ သုနိပုဏံ၊ အလွန်တရာသိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ အကြင် အကြင်သို့သော အာရုံငါးပါးသို့ ပြေးသွား ကျရောက်လေ့ရှိ ထသော။ စိတ္တံ၊ စိတ်ဆိုး စိတ်မိုက်ကလေးကို။ မေဓာဝီ၊ ကြောင်း ကျိုးမြင်သိပညာရှိအပေါင်း သူတော်ကောင်းသည်။ ဝါ၊ ဆိုး ကောင်းမြင်သိပညာရှိသည့်တပည့်သားအပေါင်းသည်။ ရက္ခေထ၊ စောင့်ရှောက်ထိန်းသိမ်းရာ၏။ စိတ္တံ၊ စိတ်ဆိုးစိတ်မိုက် ကလေး သည်။ ဂုတ္တံ၊ စောင့်ရှောက်ထိန်းသိမ်း၍ လုံခြုံခဲ့သည် ရှိသော်။ တနည်း၊ ဂုတ္တံ၊ စောင့်ရှောက်ထိန်းသိမ်း၍ လုံခြုံပြီးသော၊ စိတ္တံ၊ စိတ်ကောင်းကလေးသည်။ သုခါဝဟံ၊ လူ့ချမ်းသာ နတ်ချမ်း သာ နိဗ္ဗာန်ချမ်းသာကို လွန်စွာဆောင်တတ် ပါ၏။

**စိတ်၏ သဘော သဘာဝ—**

၃။ ဒူရင်္ဂမံ၊ ဝေးသောအရပ်၌ တည်သော အာရုံ ငါးပါးသို့ လည်း ပြေးသွားတတ်ထသော။ ဧကစာရံ၊ တခုချုပ်ပြီးမှတခု ဖြစ်ထသော။ အသရီရံ၊ ကိုယ်အထည်ဒြပ်မရှိ သိတတ်သော အမူ အရာသဘောသတ္တိကလေးသာဖြစ်ထသော။ ဂုဟာသယံ၊ ဟာဒယ ဝတ္ထုခေါ် သည့် နှလုံးဂူလိုဏ်အတွင်းဝယ် ကိန်း၍ ဖြစ်လေ့ရှိထ သော။ စိတ္တံ၊ စိတ်ဆိုးစိတ်မိုက်ကလေးကို။ ယေ၊ အကြင်ဆိုးကောင်း မြင်သိကျိုးကြောင်း၊ ထင်သိ ပညာရှိအပေါင်း သူတော်ကောင်း တို့သည်။ သံယမေဿန္တိ၊ စောင့်ရှောက် ထိန်းသိမ်းနိုင်ကြပေကုန် ၏။ တေ၊ ထိုစိတ်ကို စောင့်စည်း ချုပ်တီးနိုင်ကုန်သော သူတို့ သည်။ မာရဗန္ဓနာ၊ ကိလေသာမာရ် ကိုယ်တွင်းရန်သည် ဘယ်

နံ့မစဲ အမြဲဖွဲ့ချည်၍ထားသော သံယောဇဉ်ဆယ်ပါး တည်းဟူသော အနှောင်အဖွဲ့မှ။ မောက္ခတ္ထိ၊ လွတ်ကြရပေ ကုန်လတံ့။

၄။ ဖန္ဒနံ၊ ရူပါရုံစသည်တို့ကြောင့် တုန်လှုပ် ချောက်ချားထသော။ စပလံ၊ လျှပ်ပေါ်လော်လီစွာထသော။ ဒုရက္ခံ၊ သမထဝိပဿနာအာရုံ၌တည်အောင် စောင့်ရှောက် နိုင်ခဲစွာ ထသော ဒုန္နိဂါရဏံ၊ ဝိသဘာဂစသော အာရုံတပါးသို့ ပြေး သွား သည်ကို တားမြစ်နိုင်ခဲစွာထသော။ စိတ္တံ၊ စိတ်ကောက်ကွေးကလေးကို။ မေဓာဝီ၊ အကျိုးအကြောင်းဆိုးအကောင်းကို ကောင်းကောင်း မြင်သိ ပညာရှိသည်။ ဥဇုံကရောတိ၊ သမထ ဝိပဿနာအာရုံဖြင့် ဖြောင့်စွာပြု၏။ ကိမိဝ၊ ဥပမာဆိုယူ ဘယ်လိုလဲဟူမူကား။ ဥသုကာရော၊ မြားသမားသည်။ တေဇနံ၊ ကောက်ကျစ်သော မြားကို။ ဥဇုံကရောတိယထာ၊ ဖြောင့်အောင် ပြုသကဲ့သို့ပါတည်း။

ဆရာနည်းမရသော သူတို့မှာ ကောက်ကျစ်သည့် အမွေးကို တဖြေးဖြေးဖြောင့်လို့မှ မရသောကြောင့် ကပ်ကျေးဖြင့် ကိုက်ဖြစ်သလိုနေတတ်သည်။ ဆရာကောင်းကို ကပ်ကြလေ။

၅။ ဣဒံ စိတ္တံ၊ ဤစိတ်မိုက်စိတ်ဆိုးစိတ်တစဉ်ကျိုးကလေးသည်။ ပုရေ၊ ရှေးရှေးကာလ ဘဝများစွာ သံသရာ၌။ ဝါ- သံသရာတုံးက။ ယေနိစ္ဆိတံ၊ အကြင်အကြင်အလိုရှိတိုင်း။ ယတ္ထကာမံ၊ အကြင်အကြင်အလိုရှိရာ။ ယထာသုခံ၊ အကြင်အကြင် ကောင်းနိုးရာရာ။ စာရိကံ၊ ကျက်စားစရာ အာရုံငါးပါးကို။ အစရိ၊ မစင်ပုံသွား ပိုးလောက်စားသည့် ကျီးများအသွင် ကျင်

လည်ကျက်စားလှလေပြီ။ အင်္ကုသဂ္ဂဟော၊ ချွန်းကိုစွဲသော ဆင်
သူရဲကောင်းသည်။ ဟတ္ထိပ္ပဘိန္န၊ အမှုံရစ်သော ဆင်ပြောင်ကြီးကို။
နိဂ္ဂဏှာတိဝိယ၊ နှိပ်ကွပ်အုပ်ချုပ် ချွန်းဖြင့်ကုတ်သကဲ့သို့။ အဟံ၊
ငါသည်။ အဇ္ဇ၊ ယနေ့။ ဝါ- ယခုလိုအခါ သာသနာ၌။ တံ စိတ္တံ၊
ထိုစိတ်မိုက်စိတ်ဆိုး စိတ်တံစဉ် ကျူးကလေးကို။ နိဂ္ဂဏှိဿာမိ၊
နှိပ်စက်ဆုံးမပါတော့အံ့။ ဣတိ၊ ဤသို့သောစိတ် သဘောထား
မျိုးကို ဥဒါန်းအားကိုးလျက်။ ယောနိသော၊ အသင့် နှလုံးသွင်း
အရင်းခံသန်မာသောအားဖြင့်။ ဥဿာဟော၊ လုံ့လ ကြိုးကုတ်
အားထုတ် ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ် ပြုသင့် ပြုထိုက်
လှ၏။

၆။ အဿတရာ၊ အဿထိုရ် မြင်းတို့သည်၎င်း။ အာဇာနီ
ယာစ၊ အာဇာနည်မြင်းတို့သည်၎င်း။ ကုဉ္ဇရာ၊ ကြိုးကြာသံ မြည်
တတ်ကုန်သော။ ဝါ-တောင်ထွဋ်ကွေ့၌ မွေ့လျော် ပျော်ပါး
ကျက်စားတတ်ကုန်သော။ မဟာနာဂါစ၊ ဆင်ပြောင်ကြီးတို့
သည်လည်းကောင်း။ ဒန္တာ၊ ယဉ်ကျေးကုန်မှသာလျှင်။ ဝရာ၊
ယီးသုံးနန်းဝင် ဆင်မြတ်မြင်းမြတ် ဖြစ်ကြကုန်၏။ အတ္တဒန္တော
ယဉ်ကျေးပြီးသော ကိုယ်စိတ်ရှိသောသူသည်။ တတော၊ ထိုဆို
ခဲ့သမျှ ပြခဲ့ပြီးသောယဉ်ကျေးပြီးသော ဆင် မြင်း ရတနာများ
တို့ထက်။ ဝရံ၊ အဆတရာ မကသာအောင် လွန်စွာ မြတ်လှ
ပါ၏။

(ဝတ္ထုနှင့် အသီးအသီးစပ်ဟပ်၍ ကြည့်တတ်ကြပါစေသား)

(ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် မုံရွာမြို့ လယ်ဘီဆရာ
တော်ဘုရားကြီးရေးသားတော်မူသော နိဂ္ဂဟ ဂါထာ

တော်များကိုလည်း သာဝကဘာသိတအရာမှာထားပြီး
အားရဝမ်းသာ အခါခါ ရွတ်ဘတ်နှိုပ်ကွပ် ဆုံးမလျက်
နှလုံးသွင်းရပါသည်။ ကျေးဇူးရှင်ဘုရား။)

၁။ အနဟံ ပိအဟံ ဇာတံ၊ န မယှံ မယှ မေဝ စ။
အနတ္တာပိ အတ္တာ ဇမ္မ၊ ဂိစိတ္တာ စိတ္တ တော ဂတိ။
၂။ ဧဝံ ဝိစိတ္တရူပဿာ၊ အမှိ ဘူတဿာ ဝေရိနော။
ဝသံ တော မေ ဂစ္ဆန္တဿာ၊ ကပ္ပါ နေ ကော ဝိသီဒယုံ။
၃။ အလံ တံ့ ဒါနိ ဇာနာမိ၊ အန္တရံ မမ အာဂတံ။
ဗုဒ္ဓုပ္ပါဒေါစ မေ လဒ္ဓေါ၊ သဒ္ဓမ္မော အဇ္ဇ ဒိပ္ပတိ။

(စိတ္တနိဂ္ဂဟ သြဝါဒပြီး၏)

၁။ အနဟံ ပိ အဟံ ဇာတံ၊ န မယှံ မယှမေဝ စ။
အနတ္တာ ပိ အတ္တာ ဇမ္မ၊ ဝိ ရူပါ ရူပ တော ဂတိ။
၂။ ဧဝံ ဝိရူပ ရူပဿာ၊ အမှိ ဘူတဿာ ဝေရိနော။
ဟိတံ တော မေ ဝဟန္တဿာ၊ ကပ္ပါ နေ ကော ဝိသီဒယုံ။
၃။ အလံ တံ့ ဒါနိ ဇာနာမိ။ အန္တရံ မမ အာဂကံ။
ဗုဒ္ဓုပ္ပါဒေါစ မေ လဒ္ဓေါ သဒ္ဓမ္မော အဇ္ဇ ဒိပ္ပတိ။
၄။ ဟန္ဒ တံ သိက္ခာပေဿာမိ၊ ပရဘောဂ ဝိမောဟက။
ယံ တံ့ မံ အမှ ဝေ သေန၊ စိရံ ခိန္နတ္တ မာနယိ။

(ရူပနိဂ္ဂဟ သြဝါဒ့ပြီး၏)

၁။ ဗုဒ္ဓုပ္ပါဒေ သဒ္ဓမ္မော စေ၊ ဥဘော မမံ ဥပဇ္ဈာဂုံ။
တဒါဟံ ဝဇ္ဇိတံ ယာမိ၊ အဒ္ဓါ ဝေါ ကာမကာရိယံ။

၂။ ဟန္ဒ ဝေါ ဟံ ဝမိဿာမိ၊ ပုရေ ဂစ္ဆတိ သော ခဏော။
ဥဘော တုမှေ အမှိ ဘူတာ၊ ယတ္ထ မံ ဗာဓယိဿထ၊

(ဥဘယ နိဂ္ဂဟ ဩဝါဒပြီး၏)

၁။ ဇမ္ဗုစိတ္တ၊ မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မိစ္ဆာ အနိဋ္ဌ ဟယ်--ငါ့စိတ်။ တို့၊ နင်စိတ်သည်။ အနဟံပိ၊ ဘယ် ဂုဏ်သတ္တိမရှိလုံးလုံး အစွမ်းတုံးသား အသုံးအသွန် အခွံအကာ ဖြစ်တုံပ၍ ငါဟုမြှောက်မြှင့် မယူသင့်သည်မှန်ပါလျက်လည်း။ အဟံဇာတံ၊ ငါနှင့်မခြား မပြားမကွဲ အထင်လွဲအောင် ငါ ယောင် ငါဟန် ငါသဏ္ဌာန်ဖြစ်၍နေဘိ၏။ န မယုံပိ၊ ငါနှင့်မဆိုင် ငါပိုင်ဥစ္စာ မဟုတ်ပါဘဲလျက်လည်း။ မယှမေဝ၊ ငါ့စိတ် ငါ့ ဥာဏ် ငါ့အကြံသို့ ဖေါက်ပြန်တိမ်းပါး အထင်မှားအောင် နှင် ကာ ပြု၍နေဘိ၏။ အနုတ္တာပိ၊ ကိစ္စအမှု ဘယ်တခုမျှ ပြုစွမ်း မှုစွမ်း မှုတခြမ်းတစိ နင်မရှိပါဘဲလျက်သည်း အတ္တာ၊ ဒဿန သာနု စသည်များထု ကိစ္စစုကို အမှုတွင်ကျယ် သူခြယ်လှယ်၍ အကယ်ခြေင် သူ့စွမ်းမာန်ကြောင့် သဏ္ဌာန်ညှိကိုယ် မငြင်ပြို ဘဲ လိုရာပြီး မြှောက်ချီးရောက်ဟု မှောက်မှောက်မှားမှားအသင် ကြွားအောင် နင်ကားပြု၍နေဘိ၏။ တော၊ နင်စိတ်ဆိုး။ ဂကိ၊ လိမ်လည်ညစ်တုံ ဖြစ်ပုံအသား အမှုသွားသည်။ ဝိစိတ္တာ ကြံ နိုင်ဘွယ် အသွယ်သွယ်လျှင် အကယ်ဆန်းပြားလှ၏တကား။

၂။ ဧဝံ ဝိစိတ္တရူပဿ၊ သို့စင်ကလောက် အမြင်မှောက် အောင် ကြောက်ဘွယ် ဆန်းပြားသော သဘောရှိသည်ဖြစ်၍၊ အမှိ ဘူတဿ၊ ငါမဟုတ်ဘဲ ငါ့ရုပ် ငါ့ဟန် ငါ့သဏ္ဌာန် ဖြစ်၍ နေသော။ ဝေရိနော၊ ငါ၏ရန်သူကြီးစင်စစ် အမှန်ဖြစ်သော။ တေ၊ နင်စိတ်၏။ ဝသံ၊ အလိုနိုင်ငံအကြံအကြိုက် ခတ်စရိုက် သို့။ ဂစ္ဆန္တဿ၊ နင့်ကို ငါဘဲ အထင်လွဲ၍တလိုက်ထဲ လိုက်ခါနေ ရသော။ မေ၊ ငါ့အား။ အနေကော၊ အသင်္ချေသင်္ချေ ဆက်ရေ လည်း ဆုံးလေမရှိ များစွာသိကုန်သော။ ကပ္ပါ၊ အနမတဂ္ဂ ဘဝသံသရာ ကပ်ကမ္ဘာတို့သည်။ ဝိသီဒိံသု၊ နစ်ဆုံး မျောပါး၍ ကုန်ခဲ့လေပြီ။

၃။ ဇမ္မစိတ္တ၊ မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မိစ္ဆာ အနိဋ္ဌ ဟယ်-- ငါ့စိတ်။ တွံ၊ နင်စိတ်သည်။ အလံ၊ တော်တော့။ ဣဒါနိ၊ ယခုမူကား။ ဇာနာမိ၊ သင်တမူကား ရန်သူကြီးဟု အပြီးငါသိပြီ။ မေ၊ ငါ၏။ အန္တရံ၊ အခွင့် အလှည့်သည်။ အာဂတံ၊ ယခုမျက်မှောက် ဆိုက်ရောက်ခဲ့ပေပြီ။ ဗုဒ္ဓုပ္ပါဒေါ စ၊ ဗုဒ္ဓုပ္ပါဒ နဝမခဏကိုလည်း။ မေ၊ ငါသည်။ လဒ္ဓေါ၊ ရအပ်ပြီ။ သဒ္ဓမ္မောစ၊ ပရိယတ် ပဋိပတ် ပဋိဝေဓ မွေသုံးဖြာ သာသနာ သည်လည်း။ အဇ္ဇ၊ ယခု။ ဒိဗ္ဗတိ၊ သူရိယာဆယ်စင်း ရောင်စုံ ကျင်းသို့ ထွန်းလင်းရောက်ဆိုက် ကြုံကြိုက်ခဲ့ပေပြီ။

၄။ တမေဝရဟ၊ ကာမဂုဏ်သိုက် တောအမိုက်ဝယ် နှစ် ခြိုက်မြူးတူးအပျော်ကျူးထသော၊ မဟာစောရ၊ ငါငါအဟန် တူစွာဖန်၍ လူ့ထံနက်ရှာ ပြဟ္မာတမျိုး အတွင်ဆိုးသည့် သူခိုး ဗိုလ်ကြီးသုံးဘုံမိုး။ ယံ တွံ၊ အကြင်နင်စိတ်သည်။ အမှ ဝေ

သေန၊ ငါမဟုတ်ဘဲ ငါရုပ် ငါရောင်ပြိစွာဆောင်သဖြင့်။ စိရံ၊ အနမတဂ္ဂ အစမထင် သံသရာကာလပတ်လုံး၊ မံ၊ ငါ့ကို။ ဥပ္ပထံ။ ဘဝသုံးပါးခရီးမှားသို့။ အာနယိ၊ သွေးဆောင်ခေါ်ယူလှလေပြီ။ တံ၊ နင်စိတ်ကို၊ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ဒမေဿာမိ၊ တံတိုင်းသီလ အဇ္ဈတ္တကောင် နှောင်ကြိုးသတိ ဝီရိယကြိမ်ချက် အားကုန်နှက်၍ ရက်စက်ဆုံးမပေတော့ အံ့သတည်း။

(စိတ်ကိုနှိမ်နင်း ဆုံးမပုံအနက်ပြီး၏)

၁။ ဇမ္ဗုရူပ၊မကောင်းယုတ်မာ ဆိုးညစ်စွာသည် မိစ္ဆာအပုတ်ဟယ်·· ငါ့ရုပ်။ အနံ့ဟံပို၊ ဘယ်ဂုဏ်သတ္တိမရှိလုံးလုံး အစွမ်းတုံးသား အသုံးအသွန် အခွံအကာဖြစ်တုံပါ၍ ငါဟု မြှောက်မြှင့် မယူသင့်သည် မှန်ပါလျက်လည်း။ အဟံ ဇာတံ၊ ငါနှင့် မခြား မပြားမကွဲ အတင်လွဲအောင် ငါယောင် ငါဟန် ငါ့သဏ္ဌာန်ဖြစ်၍နေဘိ၏။ န မယှံပို၊ ငါနှင့်မဆိုင် ငါပိုင်ဥစ္စာမဟုတ်ပါဘဲလျက်လည်း။ မယှမေဝ၊ ငါပိုင် ငါ့ဟာ ငါ့ဥစ္စာ့ဟု သညာဖေါက်ပြား အထင်မှားအောင် နင်ကား ပြု၍ နေဘိ၏၊ အနတ္တာမိ၊အင်အားတခု မပြုစသာ အကာအခွံ အလွန်အသုံးအဖြုံးအဖျင်းဖြစ်ပါလျက်လည်း။ အတ္တာ၊ အမှုအားလုံးအသုံးတွင်ကျယ် အားကိုးလွယ်လျှင်း အကယ်ခိုင်မြဲ အနှစ်ဘဲဟု စွဲလန်းမှောက်မှား အထင်ကြွားအောင် နင်ကားပြု၍နေဘိ၏။ တေ၊ နင်ရုပ်၏။ ဂတိ၊လိမ်လည်ညစ်တုံ ဖြစ်ပုံအလား အမှုသွားသည်။ ဝိရူပါ၊သဘောမမှန် ထူးထွေဟန်နှင့် ဖေါက်ပြန်ဆန်းပြားလှ၏တကား။

၂။ ဧဝံ ဝိရူပ ရူပသ္သာ၊ သို့စင်ကလေ့ာက် အမြင် မှောက် အောင် ဖေါက်ပြန်ဆန်းပြားသော သဘောရှိသည်ဖြစ်၍။ အမို၊ ဘူတဿ၊ ငါမတုတ်ဘဲ ငါ့ရုပ် ငါ့နမ် ငါ့သဏ္ဍာန်ဖြစ်၍နေသော။ ဧဝရိဒ္ဒေ၊ ငါ၏ ရန်သူကြီးစင်စစ် အမှန်ဖြစ်၍နေသော။ တော၊ နှင်ရုပ်၏။ ဟိတံ၊ ကျေးရေး မွေးရေး ငွေ့ကြေးဥစ္စာ ရှာရ ကြောင်း ဆိုးကောင်းယုတ်မြတ် အရပ်ရပ်သော စီးပွားမှု ဝန် များကို။ ဟန္တဿ၊ သည်ပိုးရွက်ဆောင်ရသော။ မေ၊ ငါ့အား။ အနေကော၊ များစွာကုန်သော။ ကပ္ပါ၊အနမတဂ္ဂ ဘဝသံသရာ ကပ်ကမ္ဘာ တို့သည်။ ဝိသီဒယုံ၊ နှစ်ဆုံးမျောပါး၍ ကုန်ခဲ့ လေပြီ။

၃။ ဇမ္ဗူရူပ၊ ပိုးမျိုးရှစ်ဆယ် မှိတွယ်သွားလာ အိမ်သာပြု၊ လုပ် ဟာယ်·· ငါ့ရုပ်၊ အလံ၊တန်တော့။ ဣဒါနိ၊ ယခု၊ ဇာနာမိ နှင်တမူကား ရန်သူကြီးဟု အပြီး ငါသိပြီ။ မေ ငါ၏။ အန္တရာ၊ အခွင့်အလှည့်သည်၊ အာဂတံ၊ ဆိုက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓုပ္ပါဒေါ စ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကိုလည်း။ မေ ငါသည်။ လဒ္ဓေါ၊ ရအပ်ပြီ။ သဒ္ဓမ္မောစ၊ ပရိယတ် ပဋိပတ် ပဋိဝေဓ ဓမ္မသုံးဖြာ သာသနာသည်လည်း။ အဇ္ဇ၊ ယခု။ ဒိဋ္ဌတိ သူရိယာဆယ်စင်း ရောင်စုံ ဟုန်းသို့ ထွန်းလင်းသော အခိုက် ကြုံကြိုက်ခဲ့လေပြီ။

၄။ ပရဘောဂ၊ မုက်ခြင် သန်း ကြမ်းပိုး ပိုးမျိုးအပေါင်း သင်းနှသောင်းများစွာ ခန္ဓာတပါးတို့၏ အစာတမင်း မှိဘင်းနေ အိမ်လည်းဖြစ်ထသော။ ဝိဝေ ဟက အငိုယာမှုက်စိ မရှိသည့် အမျာ လူတို့ အယူဖေါက်ပြား အမှားတွေဝေ မိုက်မဲတေတတ် သော ဟာယ်·· ငါ့ရုပ်။ ယံ တုံ၊ အကြင် နှင်ရုပ်သည်။ အမှ

ဝေသေန။ငါမဟုတ်ဘဲ ငါရုပ် ငါယောင် ပြိတ္တာဆောင်သဖြင့်။ စိရံ။ အနမတဂ္ဂ အစမထင်သံသရာပတ်လုံး။ မံ၊ ငါ့ကို။ ခိန္နတ္တံ။ ထိန်းကျောင်းမွေးကျွေး နှင့်အရေးကြောင့် အေးခါပူခါမခန့်သဘဲ ဖွေရှာလုပ်ကြံ တရံမကင်း ပင်ပန်းခြင်းသို့။ အာနယိ၊ ဆောင်လေပြီ။ တံ၊ နင်ရုပ်ကို။ ဟန္ဒ၊ ယခုအခါ။ အဟံ၊ ငါသည်။ သိက္ခာပေယာမိ။ တောင်သူအရေးကောင်းနွားလွှန်မောင်းသို့ ခါကောင်းသမယ ဤဘဝ၌ယုတ္တယောဂီ အင်စုံညီလျက် ဈာယီပြကတေ့ ကျင့်မလေ့ဖြင့် ညဉ့်နေ့ဆက်နွယ် သက်မတွယ်ဘဲ ထက်ဝယ်စကြံနှစ်တန်ယာပိုက် ဓိဋ္ဌာန်စိုက်လျက် အမြိုက်လုလု ကိုယ်အစုဝယ် ရှုသားတွင်တွင် ဆုံးမသင်၍ လျှင်လျှင်ပြဒပအံ့သတည်း။။ (အဟောအစ္ဆရိယံ ဝတ စတုဂမ္ဘိရ ဘာဝ သမန္တာဂတော ဝတ)။

## ဥတ္တမပုရိသခေါ်သေား ယောကျ်ားမြတ်တို့၏ကြုံးဝါးချက်။

၁။ ဗုဒ္ဓုပ္ပါဒေါစ။ ဗုဒ္ဓုပ္ပါဒ နံဝမခဏသည်လည်းကောင်း။ သဒ္ဓမ္မော။ ပရိယတ်ပဋိပတ် ပဋိဝေဓ ဓမ္မသုံးဖြာသာသနာတော်သည်လည်းကောင်း၊ ဥဘော။နှစ်ပါးစုံတို့သည်၊ မမံ၊ ငါ့ကို။စေ ဥပစ္စဂုံ အကယ်လွန်၍ သွားအုန်အံ့။ တဒါ၊ ထိုသာသနာပနောက်ကာလ၌။ အဟံ၊ ငါသည်။ အဒ္ဓါ၊ မချွတ်မလွဲ အမြဲစင်စစ်။ ဝေ ။ ရုပ်နာမ်နှစ်ဖေါ် ပျက်ချော်ရိုင်းပြား နှင့် နှစ်ပါးဘို့၏။ကာမကာရိယံ၊ မလှန်ပြန်မှု လိုတိုင်း ပြုသာသော

ဝဇ္ဇျကံ၊ ကြောင်၏လက်ဝယ် ကြွက်သူငယ်သို့ နှိပ်နယ်ပင်ပန်း ခံရခန်းသို့။ ယာမိ၊ ရောက်လေတော့အံ့။

၂။ ယတ္တ၊ အဋ္ဌက္ခဏ နောက်ကာလ၌။ တုမှေ။ ရုပ်နာမ်တရား နှင့်နှစ်ပါးတို့သည်။ အမှိုဘူတာ၊ ငါမဟုတ်ဘဲ ငါရုပ်ငါ ယောင် တူစွာဆောင်၍၊ မံ၊ ငါ့ကို။ ဗာဓယိဿထ၊ သိဒ္ဓိုး အစအဝိစိကျအောင်နိရယသွယ်သွယ် သူရကာယ်နှင့်အပါယ်လေး ဘုံအလုံးစုံသို့ အကုန်မြုပ်စင်းခံနေရန် အခင်းတို့ဖြင့် ညှဉ်းပန်း ကြကုန်လတံ့။ဟန္ဒ၊ ယာဥ၊ ဧဝါ၊ အနဲနဲလျှင် ဖေါက်လွဲဖေါက် ပြန် ဖြစ်ပျက်မြန်သော ရုပ်နာမ်တရား နှင့်နှစ်ပါးတို့ကို။ အဟံ၊ ငါသည်။ ဝမိဿာမိ၊ အနမတဂ္ဂ သံသရာ၌ ခန္ဓာဆက်စပ် ဖြစ်ပျက်ခေတ်ကို ရပ်အောင်ရပ်သိမ်း ငြိမ်းအောင် သတ်ညှစ် အကုန်ပြစ်အံ့ စင်စစ်ဤတွင် အရေးတည်း။

လိမ္မာယဉ်ကျေးပါ— ကိုယ့်သားကို ဆုံးမရာ သူတပါး သား လဲ လိမ္မာသည့် ဆိုသကဲ့သို့ အတူကြား ကြား သမျှ သူတော်စင် တို့သည်လည်း လိမ္မာ ယဉ် ကျေး တော် မူကြပါဘုရား။ တပည့်တော် သည် လည်း ဤအဆုံး အမတော်ကို မကြားရမီကပင် ခုနစ်နှစ် အရွယ်မှစ၍ နှစ်ဆဲ့ကိုး နှစ်တိုင်တိုင် မြဲမြံ တည်ကြည်သော သတိဝီရိယဉာဏ် ထက်သန် ပြဋ္ဌာန်းခြင်းအရင်းရှိသည်ဖြစ်၍ ပရိယတ္တိတရားတော်ကို သင်အံ လေ့ကျက်ဆောင်ရွက်မှတ်သား သင်ကြားပြီးလျှင် ဘုရားရှင်၏ ဘောထွက်တော်မူပုံ ဒုက္ကရစရိယာ ခြောက်နှစ် တိုင်တိုင် ကျင့် တော်မူခဏ်း သတိပဋ္ဌာန်ကျမ်းပါဠိတော်အဆိုစကားတို့ကိုပူဇော် ရန် နှစ်ဆဲ့ကိုးနှစ်အတွင်း တောထွက်ပြီးလျှင် အသက်ကိုစွန့်ပစ်

သလို ငဲ့ကွက်ညှာတာခြင်းကို ကင်းစေလျက် ခြောက်နှစ်ခကျော် ခုနစ်နှစ်လုံးလုံး တကိုယ်ရေဘကာယ တထပ်ဆွမ်းဖြင့် မျှတကာ ကေစာရသီတင်းသုံးလျက် သမထ ဝိပဿနာတရားတို့ကို နှလုံးသွင်းဘူးပါ၏ဘုရား၊

ယခုအခါ၌ကား မြေစွဲလျက် ကြာကြာမထိုင်နိုင်ဘဲ ဖြစ်နေသည်အတွက် ဆေးစားကာ ရွာကျောင်းမှာ နေရပါသည်ကား သုံးနှစ်ကျော်ခန့်သာ ရှိပါသေးသည်။ တဘာဝတွင်တခါ ဝေါဟာရအသက်ကိုချင့်တွက်ခဲ့သော်ကားဘုရားပစ္စေကဗုဒ္ဓါရဟန္တာ အဆူဆူတွေ့ထက် ကြီးရင့်လျက်နေမိပါပေါ့ဘုရား။

ထိုမှတပါး လယ်တီဆရာတော်ဘုရား ရေးသားသော ဆုံးမစာကား–

ဆိုပိမ့်မညှာ စေ့စေ့နာလော၊ ဂင်္ဂါသဲမျှ ပွင့်ကုန်ကြသား ဘုရားသာသနာ ခေတ်အခါဝယ် လူ့ရွာနတ်၌ နင်ကြုံကြိုက်လည်း၊ အမိုက်မချေ အလိုက်နေ၍၊ အခြေမကြီး အချည်းနှီးလျှင်၊ ယီ.တီး ယောင်တောင် ခုတိုင်အောင်တည်း၊ သန်းခေါင်လကွယ် တောအုတ်လယ်၌ ရှစ်နယ်ပတ်ကုံး အပြည့်ဖုံ သည့် မိုးလုံးတိမ်တိုက် လျှပ်မကြိုက်သား အမိုက်အပြား အင်လေးပါးထက် နင်ကားရာဘောင် မကမှောင်၏၊ လူ့ဘောင်လူ့ရွာ သာသနာဝယ် ကြုံမွာတော်၍ ယခုတွေ့လည်း အလေ့မလွဲ အမျှားနဲ့လျှင် မိုက်မြဲနှင်နှင်မိုက်စရှင်၏။ မျက်မြင်လောက ဤဘဝကား ဒုက္ခစင်းစင်း ချမ်းသာကင်း

၏။ သေမင်းအစာ နင့်ခန္ဓာကို တဏှာဘီလူး အမှောင့်ပူး၍ အရှုပြင်ပြင် နင့်ကိုယ်ထင်၏။ နင်နှင့် မဆိုင် နင်ပိုင်မဟုတ် နင့်ရုပ်နင့်နာမ် နင့်သဏ္ဌာန်ကို နင့်ဥာဏ်မစူး အပေါ်မြူး၍ မူးမူးမေ့မေ့ အမျှားလေ့ဖြင့် နေ့ရက်အပံ့ လွန်ခဲ့တုံပြီ။ အာရုံဝတ္ထုမီးစာစုကို မှုမှုရရ နင်အားကျလည်း ဓါးပြသေမင်း သူ့လက်တွင်းက မငြင်းဆန်သာ နင့်ခန္ဓာသည် ပြာပုံအပြီး ဖြစ်လုနီးပြီ။ ယီးတီးရားတားသေ၍သွားလည်း တရားမကြွယ် အထုပ်ငယ်လျက် အပါယ်စခန်း သွားမြဲလမ်း၌တပန်းဟိုက်ဟိုက် တရှိုက်ငင်ငင် တငြင်ငြိုငြို ဆင်းရဲပိုလျက် ထိုထိုဘဝ အနန္တလျှင် အစမဆုံး အမျှားတုံးတည်း။ အနှုန်းမပျက် အောက်နရက်ငယ် တသက်နွယ်နွယ် အမြစ်တွယ်သို့ အပါယ်ထိုထို ဥဒဟိုသည် နင်လိုလူမိုက် သွား လမ်းတည်း။ ။

ထိုမှတပါးသော ပဓါနသုတ်ပါဠိတော် မာန်လည် မြို့မကျောင်းကြီးဆရာတော် မာနက်မြန်မာပြန်ဆိုသော "ဖုဿထေရဂါထာ၊ သမဏ်ပတိရူပဂါထာ၊ သမဏာဘဒြဂါထာ" များလည်းအလွန်တရာသာသနာ တော်အား ကျေးဇူးများပေသည်။ သို့အတွက် မာန်လည်ဆရာတော်ကြီးကို အသျှင်သာရိပုတ္တရာနှင့်အတူ ကြည်ဖြူ အားကိုးလောက်ပေသည်။

အထက် ရွှေကျင်ဆရာတော်ဘုရားကြီး ရေး သား သော "စူဠသိဿကောဝါဒအခန်း မဟာသိဿကောဝါဒကျမ်းများလည်း အာစာရကုလပုတ္တ အမျိုးသားတို့အပေါ် ဝယ် အတော်

ကြီးကျေးဇူးထွန်းကားပါပေသည်။ သို့အတွက် အထက်ရှေးကျင့် ဆရာတော်ဘုရားကြီးနှင့်တကွ အရှေ့ပြင် ခင်မကန် ဆရာတော် မဟာဝိသုဒ္ဓါရာမ ဆရာတော်များကို အသျှင်အာနန္ဒာနှင့်အတူ ကြည်ဖြူအားကိုးပါသည်၊ တောင်ဖီလာဆရာတော် ထွန့်ခေါင် ဆရာတော်မြတ် ဦးသီလဆရာတော် အရှင်မြတ်တို့ကိုကား အရှင် မဟာကဿပကြီးနှင့်အတူ ကြည်ဖြူအားထား ကိုးစားလောက် ပေသည်။

အဋ္ဌကထာကို မာဂဓပြန်ဆို၍အကျဉ်းချုပ်ပေသော အရှင် ဗုဒ္ဓဃောသ, ၎င်း၏အဖွင့်ဋီကာ ယောဇနာ ဂဏ္ဌိ လက်သန်း အဋ္ဌကထာမိုရ နိသျှအစောင်စောင်တို့ကို တည်ထောင်ရေးသား ကြသော ဆရာတော်တို့နှင့်တကွ ပခုက္ကူ ဆရာတော်ကြီးများ စသောစာချပုဂ္ဂိုလ်အသီးသီးတို့မှာ သင်္ဂါယနာတင် အဆင့်ဆင့် အရှင်မြတ်တွေနှင့်အတူ မှတ်ယူသင့်ပါပေသည်။

တောရဆရာတော်အရပ်ရပ် သူတော်မြတ်တွေကိုကားအရှင် ဥပသေန စသည်တို့နှင့်အတူ မှတ်ယူသင့်ကြပေသည်။ လာဘ် သပ္ပန္နာ ဘယ်ဟာမင့်ကွက် ဓမ္မဒါနသက်သက်ဖြင့် သာသနာ တော်အကျိုးကို သည်ပိုး ရွက်ဆောင်တော် မူကြပေသော ဓမ္မ ကထိကပုဂ္ဂိုလ်များကိုကား အရှင်ကုမာရ ကဿပတို့နှင့် အမျှ ထပ်တူယူသင့်ပေသည်။

သီးလုံးဆရာတော်စသော ဝိနည်းခိုရ်ပုဂ္ဂိုလ် အထက်အောက် အဆက်ဆက် ပညာရှိပုဂ္ဂိုလ်တို့ကိုကား အရှင်ဥပါလိ စသည်တို့ နှင့်အတူ မှတ်ယူသင့်လှပေသည်။ ဘုရားရှင်ကိုအစထား၍ သူ

တော်သူမြတ်ဟူသမျှတို့၏ အဆုံးအမစကားကို မှတ်သားနာခံ ကျင့်ကြံနိုင်သော သူတော်သူမြတ်ကလေးတွေကိုကား အရှင်ရာဟုလာသားတော်နှင့် တူပါပေသည်ဟု မှတ်ယူသင့်ပါသည်။

ပရိယတ် ပဋိပတ် ကျင့်ဝတ်နှစ်ပါးမှ ကင်းသော နှစ်ခုလပ်ပုဂ္ဂိုလ်စားတို့ကိုကား စာရင်းတင်ဘို့ရန် အလွန် ခဲယဉ်းပေသတည်း။ ဘာ့ကြောင့်လဲဆိုသော် ဂန္ထဓုရဝိပဿနာ ဓုရဟူ၍သော တာဝန်ကိစ္စနှစ်ပါးကို ဘုရားကိုယ်တော်မြတ် ထားတော်မူအပ်မသောကြောင့်ပါဘည်း။ ဤကား ခုကာလပုဂ္ဂိုလ်စားတို့ သတိထားကြဘို့အချက်။

စင်စစ်မှချမှာ သူငါကစ အရဟတ္တဖိုလ်တည်းဟူသောရွှေထီးကိစ္စ မပြီးစီးသေးသမျှရဟန်းအမှု မဆုံးသေးမချင်း အရှင်ရာဟုလာစသော သားတော်တို့နည်းအတိုင်း နှလုံးသွင်းအရင်းခံ သန့်သန့်မာမာနှင့် ကျင့်ကြံကြရမှာချည့်ပါဘဲ အရှင်ဘုရားတို့။ အဲဒီလိုကျင့်ကြံတော်မူလိုကြပါလျှင် ဘုရားရှင်ကိုယ်တော်မြတ် ဆုံးမအပ်သော အဆုံးအမစကား ဘုရားရှင် သွန်သင်ခဲ့သောအသွန်အသင်စကား ဘုရားရှင် ပဲ့ချောင်ကနေ၍ ပဲ့ပြင်ပေးသော ပဲ့ပြင်စကားတို့ကို မှတ်သားနာခံကျင့်ကြံကြရမည်။ ဆုံးမသွန်သင် ပဲ့ပြင်တော်မူပုံကိုကား ဒီလိုပါတဲ့ဘုရား။

ဣဓာနန္ဒ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ စိတ္တေသု စိတ္တာနုပဿီ ဝိဟရတိ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဧဝံ ခေါ အာနန္ဒ ဘိက္ခု အတ္တဒီပေါ ဝိဟရတိ အတ္တသရဏော အနညသရဏော။ ဓမ္မဒီပေါ ဓမ္မသရဏော အနညသရဏော။ ယေဟိ ကေစိ အာနန္ဒ ဧတရဟိ ဝါ မမဝါ အစ္စယေန အတ္တဒီပါ ဝိဟရိဿန္တိ အတ္တသရဏာ အနညသရဏာ၊ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။ အမတဂ္ဂေ မေ တေအာနန္ဒ ဘိက္ခူ ဘဝိဿန္တိ ယေကေစိ သိက္ခာကာမာတိ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဓ၊ ဤငါဘုရားသည် ဆုံးမသွင်သင်ပဲ့ပြင်၍ ထားအပ်သော သာသနာတော်၌။ ဘိက္ခု၊ သံသရာဘေး လေးသောဝန်ကို အလွန်ရှုတတ် ရဟန်းမြတ်သည်။ အာတာပီ၊ သမ္မပ္ပဓာန် ထက်သန်လုံ့လ ဝီရိယနှင့် အချိုးကျကျ ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရုပ်နာမ်နှစ်ပါးကိုကောင်းစွာ အပြားအားဖြင့် သိမြင်နိုင်သော ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ ရုပ်နာမ်နှစ်ပါးကို မပြတ်မလပ် အောက်မေ့တတ်သောသတိရှိသည်ဖြစ်၍။ လောကေ၊ ရုပ်နာမ်နှစ်ပါး၏ ဘင်တရားတည်းဟူသော လောကကြီး၌။ အဘိဇ္ဈာ ဒေါမနဿံ၊ လိုချင်ခြင်းနှလုံးမသာခြင်းကို။ ဝိနေယျ၊ ဝိနယိတွာ၊ကင်းအောင်ပယ်ဖျောက် အသင့်အတင့်သာအောက်မေ့၍။ ကာယေ၊ ရုပ်မှုန့်အစုတည်းဟူသောကိုယ်တုံး၌။ ကာယာနုပဿီ။ ရုပ်မှုန့်အစုကိုသာ အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝါ၊ ရုပ်မှုန့် အစုကိုသာ အနုစိတ်၍ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဝေဒနာသု၊ ဝေဒနာအစုံတို့၌၊ ဝေဒနာနုပဿီ၊ ဝေဒနာအစုကိုသာ အဖန်တလဲလဲ စွဲစွဲမြဲမြဲရှုသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။

စိတ္တေသု ၊စိတ်အစုတို့၌၊ စိတ္တာနုပဿီ၊ စိတ်အစုကိုသာ အဖန် တလဲလဲ စွဲစွဲမြဲမြဲရှုသည်ဖြစ်၍။ ဝါ၊ နာမ်မှုန့်အစုကိုသာ အနု စိတ်၍ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏၊ (ဎင်းနှစ်ဝါကျကို လည်း အပြည့်အစုံဆက်၍ အနက်ပေးကြလေ။ ကျမ်းလေးမည် စိုး၍ ကျန်သောအနက်ကို သို့ဝှက်ခဲ့တော့မည်။

ဘိက္ခု၊ သံသရာဘေး လေးသောဝန်ကိုအလွန်ရှုတတ်ရဟန်း မြှက်သည်။ အာတာပီ၊ သမ္မပ္ပဓာန် ထက်သန်လုံ့လ ဝီရိယနှင့် အညီ မသွေဖီသော ကြိုးစားမှုရှိသည်ဖြစ်၍။ သမ္ပဇာနော ရုပ် နာမ်နှစ်ပါးကို ကောင်းစွာ ပိုင်းပိုင်းခြားခြား အပြားအားဖြင့် သိမြင်နိုင်သော ဝိပဿနာပညာ အဆင်အခြင် ရှိသည်ဖြစ်၍။ သတိမာ၊ ရုပ်နာမ်နှစ်ပါးကို မပြတ်မလပ်အထပ်ထပ်အောက်မေ့ တတ်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ရုပ်နာမ် နှစ်ပါး၏ ဘင်တရားတည်းဟူသောလောကကြီးထဲ၌။ အဘိဇ္ဈာ ဒေါမနဿံ၊ လိုချင်ခြင်း နှလုံးမသာယာခြင်း စိတ်အမူအရာကို။ ဝိနေယျ၊ ဝိနယိတွာ၊ ကင်းအောင်ပယ်ဖျောက် အသင့်အတင့် အောက်မေ့၍ ဓမ္မေသု၊ သညာ သင်္ခါရတရားစုတို့၌။ ဓမ္မာ နုပဿီ၊ မှတ်သိမှု ပြုပြင်မှု အမှုန့်အစု သဘောကိုသာ အဖန် တလဲလဲ စွဲသည်ထက်စွဲ မြဲသည်ထက်မြဲအောင် အားခဲ၍ ရှုသည် ဖြစ်၍။ ဝိဟရတိ။ နေ၏။

ဤပါဠိတော် လေးဝါကျကိုထောက်ဆ၍ တခုခုဖြင့် ကိစ္စ ပြီးစီးနိုင်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်တော်မူကြ ပါ။ ပရိယတ် စာတတ်ဆရာများသည် ဤနေရာကို အသုံးအကြည် နဲတတ်လှသည်။ မယုံကြည်တတ်လျှင် ပါဠိတော်အရပ်ရပ်တို့ကို

နှိုစပ်အောင်ရှာကြလေဦး။ နည်းထူးသဲလွန်စ အနည်းငယ်ဖေါ် ပြလိုက်သော်-

**ကောဓမ္မော** ဘိက္ခဝေ **အာသေဝိတော** ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကြည့်ရှုယုံကြည်သည်မျှဖြင့် မယုံလျှင် ဉာဏ်မြင် စင်စစ် ဖြစ်အောင် ကိုယ်တိုင်စမ်း၊ ရော်ရော်ရမ်းရမ်း မငြင်း ဆန်ကြပါနှင့်၊ ဘုရားရှင်ရန်သူ ဖြစ်ကြပါမည်။

**ဒေသနာ**တော်နည်းအားဖြင့် ခန္ဓာငါးပါးကို လေးပုံလေးစု ပြု၍ ဟောတော်မူပေသည်။ သို့သော်လည်း ယခုကာလ ဉာဏ် နုသောသူများသည့်အတွက် နာမ်ခန္ဓာလေးပါးလုံးကို တပေါင်း တည်းပြု၍ နာမ်ဟုရှုလျှင် သာ၍ပင် သင့်မြတ်ပါသည်။ ဘာ့ ကြောင့်ဆိုသော်—

ကော့ပ္ပါဒ ကေနိဿေ လက္ခဏာ

တူမျှကြသော ကြောင့်ပါ။ နာမ်တရားကို ရှုကြည့်ကြရာ ပရိယတ် ကျမ်းဂန်ဆန်ခဲ့လျှင် **တယ်**ပြီး ဟန်ကျခဲလှပါသည်။ ဆရာနည်းခံယူကြပါလေ။ "ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗာ" ပါဠိတော်အရှိကို သိတော်မူကြပြီး မဟုတ် ပါလား။

**သာဝက**ပါရမီ ဉာဏ်မှန်ခဲ့ပါက ပရတော ဃောသဟုဆိုအပ် သော **သူ**တပါး ပြောဟောသံ ဆရာနည်းမခံဘဲကို သောတာ

ပတ္တိမဂ်ဖိုလ်ဉာဏ်ကိုရသည်ဟု ဘယ်တော့မှမရှိ။ မယုံလျှင် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလန်တို့နှင့်တကွ အရှင်ပေါဋ္ဌိလ အကြောင်းကိုထောက်ဆ၍သိ။

ပရိယတ်ကျွမ်းကျင်သော်လည်း ဆရာလို—

ယခုကာလခေတ်အခါ သာလို့ပင် ဆရာကောင်း လိုလှပါသည် အရှင်မြတ်တို့။ ပရိယတ်အရာ ကျွမ်းကျင် လိမ္မာသည်ထင်မှတ်၍ ဆရာလွှတ်မလုပ်ချင်ကြပါနှင့်။ အင်မတန် ကြန့်ကြာတတ်ပါသည်။ ကမ္မဋ္ဌာန်းစာအုပ် အမျိုးမျိုးတို့ကိုလည်း အပုံကြီးအားကိုးလို့ မလုပ်ကြပေသင့်။ အင်မတန် ခရီးဖင့်တတ်သည်။ ဥပမာကား- သူကန်းတို့မည်သည် မျက်မြင်လူ့တောင် ဝေးဆဲ့ကင်း၍ လမ်းမှန်မှန် တွင်တွင်မသွားနိုင်သကဲ့သို့ပါ ဆရာတော်ဘုရားတို့ စဉ်းစားတော်မူကြဘို့။

ကျမ်းဂန်အရာမှာ လိမ္မာတတ်သိသော ပညာရှိစစ် ခုနစ်နှစ် ကျင့်ကြံပါမှ သိမြင်သမျှတရားစုကို ဘုမှန်း ဘမှန်း မသိသော အတိဗာလပုဂ္ဂိုလ်တို့ ခုနစ်လ ငါးလ သုံးလ တလ နှစ်ဆဲ့ငါး ရက်နှင့်မှီအောင်လိုက်နိုင်သည်များကို ထင်ရှားစွာတွေ့မြင်ရဘူးပါသည်။ ဥပမာကား- ဘုရားရှင်နှင့် သာဝကတို့ ကဲ့သို့ပါတည်း။

ကျမ်းဂန်အရာဟူသည့် ဒေသနာစဉ်တမျိုး ကျင့်စဉ် တမျိုး ဖြစ်စဉ်တမျိုးရှိနေသည့်အတွက် အလွန်ခက်ခဲလှသည်။ လက်တွေ့နည်းလောက် နေရာမကျ။ ကျမ်းဂန်ဆိုတာ ပဋိပတ္တိအရာမှာ ဥပလက္ခဏာနိဒဿန တစိတ်တဒေသမျှ ပြဆိုသည့်အရာမျိုးလည်း

ရှိပေသည်။ ကျယ်ကျယ်ဝန်းဝန်းကြောက်ခမန်းလိလိပြဆိုသည့် အရာလည်း အင်မတန်ပေါများပါသည်။

ကာယာနုပဿီ စိတ္တာနုပဿီ နှစ်ပုဒ်ကိုလိုရင်းကြီး မှတ်တော်မူကြပါ။ ၎င်းနှစ်ပုဒ်ကို ရုပ်မှုနှင့်အစုကိုသာ နာမ်မှုနှင့်အစုကိုသာ အနုစိတ်၍ရှုသည်ဖြစ်၍ ဝါ၊ သဒ္ဒါဖြင့်သဘာဝတ္တ ထင်ရှားစေရန် မြန်မာပြန် ရေးသားလိုက်ခြင်းကား အနုပဿနာဉာဏ်သုံးပါးကိုရည်သန်လိုက်ပါသည်။ ၎င်းသုံးပါးထဲတွင် ပထမ မဂ်ဖိုလ်ကိုရလိုသူမှန်ပါက အနတ္တာနုပဿနာက လိုရင်းကြီး အစစ်ဖြစ်ပေသည်။ အကြမ်းအနုပဿနာကိုမူ သာမညာကာရသမ္မသနဉာဏ်ကို ယူစေလိုပါသည်။ ၎င်းဉာဏ်ကိုလဲ ရူပနာမပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါး၏ အထက်နားက သမ္မသနဉာဏ်ကိုရည်သန်ရင်းဖြစ်ပါသည်။ ပုတီးစိတ်ဟူသည် ရုပ်မှန်းနာမ်မှန်းအကြောင်းအကျိုး အကောင်းအဆိုးမှန်းမသိကြဘဲ "ဘိုးမြမန်းဆိုသူ ဆိမန်းမန်းသလို နူတ်ခမ်းကို လှုပ်ရုံမျှဖြင့် ပုတီးလုံးကလေးတွေကိုလက်သည်းဖြင့် နာနာဆိပ်ပြီးလျှင်နင်ပြီးလျှင် နင်ဆင်း နင်ပြီးလျှင် နင်ဆင်းနှင့် တော်ဘော်ကြာ၍ ပြင်းသောင်းတော့ ၎င်းနည်းတူဟူ၍ တမိုးချုန်း အိပ်၍ပြန်ခဲ့ကြသော သာမညအနိစ္စတု ဒုက္ခတု အနတ္တတုတို့ကိုရည်သန်၍ မညွန်ကြားလို" ၎င်းတို့ကိုကား ဘုရားသာသနာအဆုံးအမနှင့် ဘာမှုမဆိုင်၊ ပုတီးရောင်းစားသူကုန်သည်များကား ကျေးဇူး ထွန်းကားစရာ ရှိတန်ပါ၏။ ပညာမိက ဘုရားသာသနာဖြစ်သည့်အတွက် ပညာရှိတပည့်သားများနှင့်သာ သင့်လျော် တော်တန်သည့် နေရာပါတကား။

ယခုကာလ ဖွတ်ထဖာသော ပုဂ္ဂိုလ်စားတို့သည် "ပတိစိတ္တ" ပုဒ်မှဖေါင်းပြန်သော "ပုတီးစိတ်" အနက်သဘောကို မရိတ်မိကြသည့်အတွက် အသက်ခန္ဓာ သာသနာဆုံးရှုံးအောင် သည်လိုပုတီးကုံးကလေးတွေနှင့် စိတ်ဖြေ၍ နေကြတာတွေပေ။

ပတိ ပစ္စက္ခံ နာမရူပနိဗ္ဗာန ဓမ္မာရမ္မဏံ စိတ္တံ ဥပဌပီယတိ တိ ပုတီးစိတ်။

ပုတိကာရံ စိတ္တံ ဥပဌယတီတိဝါ ပုတီးစိတ်။

ဒီလိုဝိဂ္ဂဟကျင်းပ၍ နောက်ဝိကပ်လဲတော်ဘာန်စရာရှိသေး၏။ ငါတို့မှာ ရှေ့ဝိကပ်အတိုင်းသာ သဘောအယူအဆ အနှစ်သက်များပါသည်။ သာသနာကိစ္စ။

ပတိပစ္စက္ခတ္တံ၊ မျက်မှောက်ထင်ထင် မြင်ရအောင်။ ဝါ၊ မျက်စိမှအောက်နားတွင် ထင်ထင်ရှားရှား မြင်အား ရှိအောင်။ နာမရူပနိဗ္ဗာန ဓမ္မာရမ္မဏံ၊ နာမ်ရုပ်နိဗ္ဗာန်တည်းဟူသောတရားအာရုံသို့။ စိတ္တံ၊ သမာဓိပညာနှင့်ယှဉ်သောစိတ်ကို။ ဥပဌပီယတိ၊ ကပ်၍ထားအပ်၏။ ဣတိ၊ ထို့ကြောင့်။ ပုတီးစိတ်၊ ပုတီးစိပ်ခေါ်၏။

ဝါ။ တနည်းတဝ အလျော်အားဖြင့်ရပုံကား။ ပုတ်ကာရံ၊ စက်ဆုပ်ဘွယ်ရာ အသုဘဘာဝနာ အချင်းအရာသို့။ စိတ္တံ၊ ကေဂ္ဂတာ ပညိန္ဒြေစေတသိက်နှင့် ယှဉ်သောစိတ်ကို။ ဥပဌပီယတိ၊ ကပ်၍ထားအပ်၏။ ဣတိ၊ဤသို့သော အကြောင်းကြောင့်လည်း။ ပုတီးစိတ်၊ ပုတီးစိတ်ခေါ်ရသေး၏။ (ဒီလိုအနက်သမ္ဘန်)။

ကိုင်း၊ နေရာမကျပါသေးဘူးလား။ ယခုကာလ သာမည ပုဂ္ဂိုလ်စားတို့မှာ ဒီလိုနေရာကိုမဆို ထားလိုက်ပါဘိတော့။ နေ့စဉ်သုံးစွဲလို့နေသည့် ပုတီးစိတ်လေးပုဒ်ကိုသော်မှ နေရာကျကျ မဆင်ခြင်တတ်ကြ။ ဣဏာ ပရိဘောဂ ဖြစ်ကုန်ကြလိမ့်မည်နော်။ တော်တော်လဲ ရဲတင်းကြ။ အလောဘ ပြဋ္ဌာန်းခြင်း အရင်းကို ကောက်ယူလိုက်က အောက်ကိုချည်း ကြွသွားတော် မူရပါလိမ့်မည်ဘုရား။

"အရှုးကိုနှမ်းပေး၊ဆိမ့်တိုင်းလွေး" ဆိုသကဲ့သို့ပင်း၊ "လူမိုက်ကိုအဆောင်ကိုင်ထားတော့ ကိုယ့်ဟာမှတ်လို့ ရမ်းကား" ဆိုသလိုဖြစ်နေကြပါမယ်။ အသိသိ စဉ်းစားတော်မူကြပါ။ အလိုရှိသောပုဂ္ဂိုလ်တို့မှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီကာကို ကြည့်တော်မူကြပါ။စာလွတ်ပေလွတ်ရမ်းကြည့်ကြသူများမှာ တယ်ပြီး ရှမ်းကြပါပေသည်။ နောင်ခါလွမ်းကြရအောင်သာ စိုးရှည်ပါတော့။

အာနန္ဒ၊ ချစ်သားအာနန္ဒ။ ဇေ့ ခေါ၊ ဤသို့လျှင်။ ဘိက္ခု၊ သံသရာဘေး လေးသောဝန်ကိုအလွန်ရှုတတ် ရဟန်းမြတ်သည်၊ အတ္တဒီပေါ၊ မိမိကိုယ်စိတ်ကိုသာ မှီခိုရာပြုသည် ဖြစ်၍။ အတ္တသရဏော မိမိကိုယ်စိတ်နှစ်ပါးသာ ကိုးကွယ်ရာ ရှိသည်ဖြစ်၍။ အနညသရဏော၊ တပါးသောသူ ကိုးကွယ်ရာမရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဓမ္မဒီပေါ၊ တရားတော် တည်းဟူသော မှီခိုရာကိုပြုသည်ဖြစ်၍။ ဓမ္မသရဏော၊ တရားတော်သာ ကိုးကွယ်ရာရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

အနန္ဒ၊ ချစ်သားအာနန္ဒာ။ ယေကေစိ၊ ခပ်သိမ်းဥသုံ လုံးစုံ

မကြွင်း မောင်ပဥ္စင်းတို့သည်။ တေရဟိဝါ၊ ယခု ငါဘုရား သက်တော်ထင်ရှားရှိစဉ်ငင်း။ မမ၊ ငါဘုရား၏။ အစ္စယေန ဝါ၊ ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့်ငင်း။ အတ္တဒီပါ၊ မိမိ ကိုယ် စိတ်နှစ်ပါးကိုသာ မှီခိုရာပြုကြကုန်သည်ဖြစ်၍။ အတ္တသရဏာ၊ မိမိကိုယ်စိတ်နှစ်ပါးသာကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ၊ တပါးသောသူ ကိုးကွယ်ရာ မရှိ ကုန် သည် ဖြစ်၍၊ ဝိဟရိဿန္တိ၊ နေကြကုန်လတံ့။ ဓမ္မဒီပါ၊ တရားတော်ကိုသာ မှီခိုရာပြုကြကုန်သည်ဖြစ်၍။ ဓမ္မသရဏာ၊ တရားတော်ကိုသာ ကိုးကွယ်ရာရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ တရားမှတပါးသော ကိုးကွယ်ရာ မရှိကြကုန်သည်ဖြစ်၍။ ဝိဟရိဿန္တိ၊ နေကြကုန်လတံ့။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အမတဂ္ဂေ၊ အလွန်မြတ်သည်၏ အဖြစ်တည်းဟူသော အရဟတ္တ ဖိုလ် ထီးဖြူ၌။ ဘဝိဿန္တိ၊ ထင်ရှားဖြစ်ကြရကုန်လတံ့။

အာနန္ဒ၊ ညီမောင်အာနန္ဒာ။ ယေကေစိ၊ ခပ်သိမ်းဥဿုံလုံး စုံမကြွင်း မောင်ပဥ္စင်းတို့သည်။ သိက္ခာကာမာ၊ သိက္ခာသုံးပါး ကို ယခုဘင ရခြင်းငှါ အလို ရှိကြကုန်၏။ တေ ဘိက္ခူ၊ ထို အသေက္ခပုဂ္ဂိုလ် ဖြစ်လိုကြသ မောင်ပဥ္စင်း ဟူသမျှ တို့ သည်။ အမတဂ္ဂေ၊ အလွန်မြတ်သည်၏ အဖြစ် တည်းဟူသော အရဟတ္တ ဖိုလ်ထီးဖြူ၌။ ဘဝိဿန္တိ၊ ထင်ရှား ဖြစ်ကြရကုန်လတံ့။ ဣတိ ဣမိနာအာကာရေန၊ ဤသို့ အရဟတ္တဖိုလ်ထီးဖြူကို ရယူနိုင် လောက်သောအခြင်းအရာဖြင့်။ ဝိဟရထ၊ အသီးအသီး သက သက နေကြကုန်လော။

အရိယာပုဂ္ဂိုလ်များ-- အဲ့ဒီလို ပါဠိတော်မြွက် အရပ်ရပ်တို့နှင့်ညီညွတ်စွာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုအစထား၍ သားတော်တွင်လည်း ပဥ္စဝဂ္ဂီငါးပါးအစ သုဘဒ္ဒပရိဗိုဇ်အဆုံး သိမ်းကြုံးတွက်ဖွဲ့ လေးဆဲ့ငါးဝါကာလပတ်လုံး အောက်နားတွင် ဖေါ်ပြခဲ့သော နှစ်ဆဲ့လေးသင်္ချေနှင့်ဗိုလ်ခြေခြောက်ဆယ် ကုဋေ တသိန်းကျော်ပေါ်တွင် အရှင်မဟိန္ဒစသော သာဝကကျေးဇူးကြောင့် အထူးအကျွတ်တရားကိုရကြသော သီဟိုဠ်ကျွန်းသားစသော ရဟန္တာ အရှင်မြတ်တွေတို့ကား အရဟတ္တမဂ် အဟာရတ္တဖိုလ်ရွှေထီးလျှင်အဆုံးရှိသော မဂ်ဖိုလ်တည်းဟူသော ထီးဖြူတော်ကြီး ရှစ်လက်ကိုအသီးသီးဆောင်းမိုးလျက် သာဝတ္ထိပြည်သို့ ကြွသွားသည့်အခါ ဂင်္ဂါမြစ်ကို ရွှေလောင်း ငွေလောင်း တို့ဖြင့် ကူးတော်မူကြသကဲ့သို့ရင်း—

ဂေါနဒ္ဓေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ ဂါဝိ ဥဇုံ ယန္တိ၊ နေတ္တေဥဇုံ ဂတေ သတိ။

ပါဠိတော်ဖြင့် ကြည့်လိုက်ပြန်တော့ ဂင်္ဂါမြစ်ကို ကူးကြသည်ရွှေဆောင်နွားလား အမှူးရှိသော နွားကောင်းအပေါင်းတို့ကဲ့သို့ရင်း သိတင်းကျွတ်တန်ဆောင်မုန်းလသို့ ရောက်သည့်အခါဝေဟာပြင်ကောင်းကင်လမ်းဖြင့် သမုဒ္ဒရာသောင်ကျွန်းသို့အတောင်ကိုဆန့်တန်းလျက် ငှက်ကြီးတွေပျံသန်းကြသကဲ့သို့ရင်း ပရွက်နက်ကြင်နံကောင်တို့သည် မိမိတို့အာကို ကိုယ်စီ ကိုယ်ငှ ချီလျက်တကောင်နောက်ကို တကောင် မှီအောင် ဇိကာစဉ်ဏာ တွင်းပြောင်းကြသကဲ့သို့ရင်း ယုန်စန္ဒာရွှေလမင်းကြီးကို အတွင်းထား

၍ ကြွင်းသော နက္ခတ် တာယာတို့ဖြင့် ခြံရံကာ အရှေ့ လော ကဓာတ်အရပ်မျက်နှာမှ သည်အနောက် လောကဓာတ်စကြာ ဝဠာသို့ ဝင်ကြသကဲ့သို့ရင်း ပရိနိဗ္ဗာန်စံဝင်တော် မူကြလေ ကုန်ပြီ။

အနိယတဂတိ ပုထုဇဉ်မှန်သမျှ— သူသူငါငါတွေမှာ ဘာကောင်တွေနှင့် တူကြတော့သလဲဟု ခွဲဝေလို့ကြည့်။ ယခုအခါ ကြောဝဠာကုဋေတသိန်းအတွင်း နတ်ပြည် ခြောက်ထပ် ဗြဟ္မာပြည်အသွယ်သွယ်ထဲမှာ အရိယာ နတ်ဗြဟ္မာ တွေရှိကြသေး၏၊ ပုထုဇဉ်ဟူသမျှမှာ ဘယ်လိုနေ၍ ဘယ်လိုသေ ၍ ဘယ်ပြည်သို့ကျရောက်ကြရမည်ကို ဘယ်သူမှမသိ။ အနိယတ ဂတိ၊ ပုထုဇဉ်မှန်သမျှ "ကာယဿ ဘေဒါ ပရံ မရဏာ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပပန္နာ" ဟူသော ပါဠိတော်ဘေဒါသံအလိုက် "အပယ်လေးဘုံ တတုံတုံ နင်ဘယ်ဘုံကြိုက်" ဆိုသော လောကီ ပတ်လိုက်တို့နှင့်သာ လိုက်လျောသူ များတတ်ပါသည်။ ဘာ့ ကြောင့်လဲဆိုသော် ကာယဒုစရိုက်ဟူသော မယ်ယကွဲ ခြောက် ပေါက်မဇာတ် ငါးပေါက် သံဘိုကိုသာ အက အပြ အဆို အပြောများကြသည်၏ အဖြစ်ကြောင့်ပါတည်း။ သတိပြုရန်။ လ အကြောင်းကိုဆုံးအောင်ရှေ့ကိုတိုး၍မအံ့ကြပါနှင့်ကိုယ်တော် မြဘဲတို့၊ ချန်လှပ်၍သာ ခတော်မူကြပါ။ စကားသုံးရိုင်းသည်ဟု မထင်ကြပါသင့်။ အရှင်ပေါဋ္ဌိလ၏ဆရာ ရဟန္တာ သာမဏေ ကလေး၏ အသုံးအစွဲမျိုးပါ။ အရှင်ဘုရားတို့ ကျမ်းဂန်တတ်ပြီး သားတွေမို့ အရှင်ပေါဋ္ဌိလမလေ၏မြွတ်နှင့် ဆပ်တူထားလျက် မေတ္တာစကား နှုတ်ခွန်းဆက်လိုက်ပါသည်ဘုရား။

အသျှင်မြတ်တို့သည် ကျမ်းဂန်တတ်ပြီးသား ဖြစ်ကြသည်နှင့် အညီ စိတ်တို့မည်သည်မှာ "ပါပသ္မိံ ရမတိ မနော" ဟူသော ပါဠိတော်သဘောအတိုင်း သောဘဏာ သောဘဏအားလျော် စွာ ယှဉ်ပြိုင်၍ကြည့်သော် အကုသလရာသိအရကဏှပက္ခဓမ္မော ဘဒေါသ မောဟာစသော ကိလေသာဆယ်ပါးအလုပ်အားဖြင့် တဏှာဒုစရိုက်တရာ့ရှစ် အကျယ်အားဖြင့်ကိလေသာတထောင် ကိုသာမဂ်ဖြင့် မဖြတ်သမျှကာလပတ်လုံး သံသရာ မဆုံးမချင်း ပုထုဇဉ်တို့၏ ရင်တွင်းမှာ တဝင်းဝင်း ရမ်းအိုးကဲ့သလို အမြဲ လောင်ကျွမ်းလျက်နေသည်များကို စဉ်းစားဆင်ခြင်မိကြက သူ ငါကစ ပြုံးရွှင်စရာမရအောင်ပင် သေချင်မတတ် မရပ်မတည် အလီလီအားလျော့လျက် ပြော့၍သွားစရာကြီးပါဘုရား။

ဥပမာကား- အရေထူအရေပါးနှင့်တကွ တကိုယ်လုံး ရှိသမျှကို ဘဝအဆက်ဆက် လောက်စားလျက်နေသကဲ့သို့တည်း။ သို့အတွက် တပည့်တော်သဘောအရအားဖြင့် မနောကထင်သည့်အတိုင်း—

လောက်စားဒါကို   အသားမမှတ်သင့်၊
မှောက်မှားဒါကို   တရားမမှတ်လင့်၊
မြှောက်စွဲဒါကို   မကြွားမချပ်နှင့်။

ဟုရေးစပ်လိုက်ပေသည်။ ဒိဋ္ဌိကိုမြန်မြန်သတ်။ တခြားကိလေသာ ကိုခဆိုပါနှင့်ဦး၊ ငါဆိုသည့် ဒိဋ္ဌိဘလုံးထဲကမှ ကျောင်းသား တုန်းကပါ့ပုံကို လုံးမလားဟုမေးမြန်း ပြောဆိုသော လူလျှောင်

စကားကဲ့သို့ရှင်း (င)ကို ထောင်းမလားဟုမေးပြီးလျှင် သင်ပုန်းခေါင်းမြေပြင်ဝယ် (င)အက္ခရာကို ရေးတင်၍ပြသကဲ့သို့ရှင်း၊ အလွန်တရာ နှိပ်စက်ညှဥ်းဆဲ လွန်းလှပါသည် အသျှင်မြတ်တို့။ မြန်မြန်သတ်ကြမှ တော်မည်။ စောရုံတင်မကလင်းအားကြီးသော်မှထ၍ ကားတတ်ပါသည်ခင်ဗျား။ ဘုရားရှင် တည်းဟူသော ဘုန်းတော်ကြီးကလဲ နိုင်စား မောက်စွာ စော်ကားသော ကျောင်းသားကို အခါခါမခံနိုင်။ မြန်မြန် နိုင်အောင်သတ်ဟု ခွင့်လွှတ်လျက်ပါဘုရား။ ခွင့်လွှတ်ပုံကား—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဤဂါထာဖြင့် ဒိဋ္ဌိငါးစွဲဆုံးကိုသာ ငုံးငုံးတိဖြတ်ရန် သန်လျက်အပ်၍ သတ်ဟုမှာတော်မူသည်။ တဏှာငါ မာနငါ ကျောင်းသားလတ် ကျောင်းသားကြီးတို့ကိုလည်း သတ်နိုင်လျှင်သတ်သာသတ်။ သန်လျက်ရပြီးသားလူဟာဘယ်သူ့ကိုကြောက်ရမှာလဲ။ အရင်ဦးသည်သာပဓာန၊ နိုင်ပုံမရှိက အားခွန်ဗလပြည့်အောင် ငံ့အုံးတော့အရေးမကြီးလှ။ အပါယ် ငရဲသို့ကျရောက်အောင် မွဲအောင်တေအောင် လူ့ပြည်တွင်ပဋိသန္ဓေနေအောင် ရဘနာသုံးပါးနှင့် ကင်းလွဲအောင် နှောင် ကြိုး တဲလို့မ[illegible]ာ းနိုင်တော[illegible]ဘူးဟု ကြည်နူးဝမ်းသာ မှတ်တော်မူကြပါရော့ဘု[illegible]ား။

**သာသနာဆိုတာ—** သာသနာတော်ဆိုတာ သောတာပန်စသောအရိယာပုဂ္ဂိုလ်တို့၏ နေရာဟူ၍သာ မှချသတ်မှတ်တော်မူကြပါ။ မဘတ်သာလျှင် စူဠသောတာပန်ကလျာဏပုထုဇဉ် သီလဝန်ပုဂ္ဂိုလ်တို့၏ နေရာဟူ၍လည်း ဥပမာအားဖြင့် မှတ်သားတော် မူကြဦးတော့။ ၎င်းအောက်လျော့လျှင်မချော့တတ်တော့ပြီ။ ကိုယ်တော်တို့ သဘောရှိသာ သိမှတ်တော်မူကြပါရော့ဘုရား။

ဆိုခဲ့သမျှ ပြခဲ့ပြီးသား စကားအရပ်ရပ်တို့ကို အဆုံးသတ်ပြီး မြတ်စွာဘုရားသခင် ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် အရှင်မြတ်ကြီးသည် နောက်ပါတပည့်သံဃာပေါင်း ငါးရာနှင့်တကွ ကကုဓာမြစ်နားသို့ကြွသွားတော်မူ၍ ရောက်လျှင်ရေကြည်တော်များကိုသောက်ချိုးတော်မူပြီး ရွှေသို့တဘောက် ကုသိနာရုံ၏ အနီးအပါး အင်ကြင်းဥယျာဉ်ပင်စုံတို့၏အကြား နတ်တို့ကပ်လှူသော ရွှေသလွန် ညောင်စောင်းဆက်ဝယ် လုံးလုံး လျောင်းလျောင်းရွှေဆင်းတုရုပ်တော်မူ ကိုယ်တော် မြတ်ကြီး လျောင်းတော်မူသကဲ့သို့ မြောက်အရပ်သို့ ဦးခေါင်းပြုလျက် လက်ျာနံစောင်းဖြင့် လျောင်းစက်တော်မူရာတွင် အင်ကြင်းပင်စုံတို့သည်လည်း ပင်လုံးကျွတ်အကုန်ပွင့် ပတ်သဖြင့် မြတ်စွာဘုရားအား ပူဇော်ရန် ကောင်းကင်မှသွန်ချသကဲ့သို့ ကြဲဖြန့်ကြကုန်၏။ နတ်၌ဖြစ်သော စည် စောင်း ပတ်သာ ဘူရိယာသံမျိုးတို့သည်လည်း ကောင်းမွန် သာယာစွာဖြစ်လာကုန်၏။ ထိုအခါ မြတ်စွာဘုရားက သင်ပြ ဟောကြား ပြောထားတော်မူခဲ့ပုံကား— ဒီလိုပါ သကော—

ဘုရားရှင်အား ပူဇော်ပုံ—

၁။ န ခေါ အာနန္ဒ တွောဝတာ တထာဂတော သက္ကတောဝါ ဟောတိ ဂရုကတောဝါ မာနိတောဝါ ပူဇိတောဝါ အပစိတောဝါ။ ယော ခေါ အာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဓမ္မာနုဓမ္မပဋိပန္နော ဝိဟာရတိ သာမိစိပ္ပဋိပ္ပန္နော အနုဓမ္မစာရီ။

တသ္မာတိဟာနန္ဒ ဓမ္မာနုဓမ္မပဋိပန္နာ ဝိဟာရိဿာမ သာမိစိပဋိပ္ပန္နာ အနုဓမ္မစာရိနောတိ၊ ဧဝံ ဟိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗန္တိ။

၁။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တွောဝတာ၊ ဤသို့ ပန်းနံ့သာတို့ဖြင့် မြောက်ခါ ကြဲခါ တူရိယာ သံတို့ဖြင့် ဆူဆူညံညံ ငါဘုရားအား ကြည်ညိုလေဟန် ကြံစည်ကာ ပါလျက် ပစ္စယ ပူဇာ ပူဇော်ကာမျှကလေးဖြင့်။ ဘထာဂတော၊ ငါဘုရားကို။ သက္ကတောဝါ၊ အရိုအသေ ပြုအပ်သည်လည်း။ န ဟောတိ၊ မဖြစ်ပါသေး။ ဂရုကတောဝါ၊ အလေးအမြတ် ပြုအပ်သည်လည်း။ န ဟောတိ၊ မဖြစ်ပါသေး။ မာနိတောဝါ၊ မြတ်နိုးအပ်သည်လည်း။ န ဟောတိ၊ မဖြစ်ပါသေး။ ပူဇိတောဝါ၊ ပူဇော်အပ်သည်လည်း။ န ဟောတိ၊ မဖြစ်ပါသေး။ အပစိတောဝါ၊ ဆည်းကပ်အပ် သည်လည်း၊ န ဟောတိ၊ မဖြစ်ပါသေး။ တနည်း— အပစိတောဝါ၊ လောကုတ္တရာတရားကိုးပါး၊ အားလျော်သောကျင့်ဝတ်အမှုကို ပြုအပ်သည်လည်း။နဟောတိ၊ မဖြစ်ပါသေး။

အဘယ်သို့သော ကျင့်ဝတ်ကို ကျင့်သော သူသည် သာလျှင် ငါဘုရားကို အရိုအသေပြုသောသူ မည်သည် ဖြစ်ပါသနည်းဟု

မေးလျှောက်ဘွယ် ရှိသောကြောင့်ထိုအမေးကိုဖြေဆိုတော်မူခြင်း ငါ ယော ခေါ် အာနန္ဒစသော သာမုက္ကံသိက ဒေသနာစကား ကို ဟောကြားမှာထားတော်မူရပြန်ပါသည်၊ သေသေချာချာ မှတ်၊ ထိုဒေသနာ၏ အတ္ထသံဝဏ္ဏနာကား—

အာနန္ဒ၊ ညီမောင် အာနန္ဒာ။ ယော ဘိက္ခု ဝါ၊ အကြင် ရဟန်းယောကျ်ားသည်၎င်း။ ယာ ဘိက္ခုနီ ဝါ၊ အကြင်ရဟန်းမ သည်၎င်း။ ယော ဥပါသကော ဝါ၊ အကြင် သီတင်းသည် ယောကျ်ားသည်၎င်း။ ယာ ဥပါသိကာ ဝါ၊ အကြင်သီတင်း သည် ဥပါသိကာမသည်၎င်း။ ဓမ္မာနုဓမ္မပဋိပန္နော၊ လောကုတ္တ ရာတရားကိုးပါးအားလျော်သောကျင့်ဝတ်ပဋိပတ်ကိုကျင့်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရတိ၊ နေဘိ၏။ သာမိစိပ္ပဋိပန္နော။ လော ကုတ္တရာတရားကိုးပါး အားလျော်သော ကျင့်ဝတ်ပဋိပတ်ကို ရို သေစွာ ကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေဘိ၏။ အနုဓမ္မစာရီ၊ အရိယာ သူမြတ်တို့ ကျင့်ဝတ်ဖြစ်သော ကိုးပါးသော လော ကုတ္တရာတရား အားလျော်သော ကျင့်ဝတ်အမှုကို အတုလိုက် လျက် ဖြည့်ကျင့် ပြည့်စုံစေသည်ဖြစ်၍။ ဝိဟရတိ၊ နေဘိ၏။ သော ပုဂ္ဂလော၊ ထိုဆိုခဲ့သမျှ ပြခဲ့ပြီးသမျှ ပုဂ္ဂိုလ်များသည်။ ပရမာယ၊ လွန်စွာမြတ်သော။ ပူဇာယ၊ ဓမ္မာနုဓမ္မပဋိပတ်ကျင့် ဝတ်တည်းဟူသော ဓမ္မပူဇာဖြင့်။ တထာဂတံ၊ ငါဘုရားကို။ သက္ကရောတိ၊ အရိုအသေပြုသည်မည်၏။ ဂရုံကရောတိ၊ အလေး အမြတ်ပြုသည်မည်၏။ မာနေတိ၊ မြတ်နိုးသည်မည်၏။ ပူဇေတိ၊ ပူဇော်သည်မည်၏။ အပစိယတိ၊ ရိုသေစွာဆည်းကပ်ခစားတို့ ဝပ်သည်မည်၏။ တသ္မာ၊ ထို့ကြောင့်။ အာနန္ဒ၊ ညီမောင်

အာနန္ဒာ။ ဣဓ၊ ဤသို့ ဆုံးမဟောကြား၍ ထားအပ်သော ငါဘုရားသာသနာတော်၌။ မယံ၊ အာနန္ဒာစသော ဘုရားတပည့် သားသမီးမှန်သမျှတို့သည်။ ဓမ္မာနု ဓမ္မပဋိပန္နာ၊ လောကုတ္တရာ တရားကိုးပါး အားလျော်သော ကျင့်ဝတ် ပဋိပတ်ကိုသာလျှင် ကျင့်ကြံကုန်သည်ဖြစ်၍။ ဝိဟရိဿာမ၊ နေကြပါကုန်အံ့။ ဝါ၊ နေကြပါကုန်စို့။ သာမိစိပဋိပန္နာ၊ ဓမ္မာနုဓမ္မပဋိပတ်ကိုသာလျှင် ကျင့်ကြံ ကုန်သည်ဖြစ်၍။ ဝိဟရိဿာမ၊ နေကြကုန်အံ့။ ဝါ၊ နေကြကုန်စို့။ အနုဓမ္မစာရိနော၊ အရိယာသူမြတ်တို့ကျင့်ကြံအပ်သော မဂ္ဂင်လမ်းမှန်ခရီးအတိုင်းသာ အတူလိုက်၍ သွားကြကုန်သည်ဖြစ်၍။ ဝိဟရိဿာမ၊ သွားလာနေထိုင်ကြကုန်အံ့။ ဝါ၊ သွားလာနေထိုင်ကြကုန်စို့။ ဧဝံဟိ-ဧဝံဝေ၊ ဤသို့နှလုံးသွင်းပြုကုန်၍သာလျှင်။ အာနန္ဒ၊ ညီမောင်အာနန္ဒာ။ ဝေါ၊ တုမှေဟိ၊ အာနန္ဒာစသောငါဘုရားတပည့်သားသမီးမှန်သမျှတို့သည်။ သိက္ခိတဗ္ဗံ၊ သင်အံလေ့ကျက်သောင်ရွက်မှတ်သား အာ.ထုတ် ကျင့်ကြံအပ်၏။ ဝါ၊ ကျင့်ကြံသင့်၏။ ကျင့်ကြံထိုက်၏။ ကျင့်ကြံကောင်း၏။ ကျင့်ကြံရမည်။ ကျင့်ကြံပါလေ။ ကျင့်ကြံနိုင်ကြပါစေ။ ဣတိ၊ ဤသို့သော အဆုံးအမစကားသော်ကို။ အာမဏ္ဍေသိ၊ မိန့်ကြား မှာထားတော်မူခဲ့လျက်ပါတကား။ ဝါ၊ မသိမကြားကြသေးဘူးလား။ ဝါ၊ လွန်စွာမိုက်ပါ့ မိုက်လွန်းလှဘိ၏။ ဝါ၊ လွန်စွာ မိုက်ကဏ်းလှပါဘိတော့၏ကလား။

ဤပါဠိတော်စကားဖြင့် ခုကာလ ဘုရားပွဲ ဆွမ်းတော်ကြီးတင်ကို ဆင်ခြင်သိ။ ၎င်းနောက် အရှင်အာနန္ဒာကိုယ်တော်မြတ်က ဣဿရိယစသည်အပြား ဘုန်းခြောက်ပါးရှင် ထိပ်ခေါင်

တင်အရှင်မြတ်ဘုရား တပည့်တော်တို့မှစ၍ သာဝကဟူသမျှတို့သည် မြတ်စွာဘုရား၏ အလောင်းတော်တည်းဟူသော သရီရဓာတ်တော်ကြီး၌ အဘယ်ကဲ့သို့ သင်္ဂြိုဟ်ပြုလုပ် အားထုတ်ရပါကုန်အံ့နည်းဟု မေးလျှောက်သောအခါ—

"အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယ ဃဋထ တုမှေ အနန္ဒ သာရတ္ထေ အနုယုဥ္ဇထ၊ သာရတ္ထေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထ"ဟုဆုံးမတော်မူသော ဘုရားဟော ဒေသနာတရပ်။ အနက်ကား—

အာနန္ဒ၊ ညီမောင်အာနန္ဒာ။ တုမှေ၊ သင် အာနန္ဒာစသော တပည့်သား သာဝကတို့သည်။ တထာဂတဿ၊ ငါဘုရား၏။ သရီရပူဇာယ၊ သရီရဓာတ် အလောင်းတော် မြတ်ကို ပူဇော်ခြင်း၌။ အဗျာဝဋာ၊ ကြောင့်ကြမစိုက် နှလုံးမပိုက်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဃဋထ၊ ကြောင့်ကြစိုက်၍ နှလုံးပိုက်သို့ တိုက်တွန်းရန်ကား—။ တုမှေ၊ သင်ချစ်သားတို့သည်။ သာရတ္ထေ၊ အနှစ်ရှိသော မဂ်ဖိုလ်တရားထူး၌။ အနုယုဥ္ဇထ၊ သတိသမ္ပဇဉ် အမြဲယှဉ်၍ တွင်တွင်အားထုတ်ကြကုန်လော။ သာရတ္ထေ၊ အနှစ်ပြည့်ဝ မဂ်ဖိုလ်တည်းဟူသော ဂုဏ်သေသတရားထူး၌။ အပ္ပမတ္တာ၊ မမေ့မလျော့သော သတိရှိကြကုန်သည်ဖြစ်၍။ အာတာပိနော၊ မပေါ့မဖျင်း၊ မပျင်းရိသော လုံ့လဝီရိယရှိကြကုန်သည်ဖြစ်၍။ ပဟိတတ္တာ၊ ပရိနိဗ္ဗာန်ဓာတ်သို့ စေလွှတ်အပ်သော နှလုံးသွင်း တင်းတင်းမာမာ ရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော။ ဣတိ၊ ဤသို့။ အဝေါစ၊ မှာထားတော်မူခဲ့သော အဆုံးအမ သာသနာစကားတော်လည်း တရပ်။

ဘုန်းကြီးပျံပွဲများ သတိထား—

ဤပါဠိတော် စကားရပ်ဖြင့် မသေမီက တော့ တရားလက်လွတ် သေ၍အပါယ် လေးပါးသို့ လားပြီး မှ တော့ ရထား ပြာသာဒ်ဇာတ်သဘင်တွေ ငွေခွဲကြေးခွဲ သရဏဂုံတင်နည်းတွေနဲ့ ဘုရားဆက်အမြွတ် ကျွဲသတ်နွားသတ်လဲ တွဲညှပ် လိုက်သေး၏။ အဲဒီလိုလုပ်ကြသော အရာမျိုးတွေဟာ ဆိုးသလားကောင်း သလားဟု အကြောင်းအကျိုး အကောင်းအဆိုးကို ရိုးရိုးကြီး စဉ်းစားတော်မူကြပါ။ အထက်ကို တက်သွား ပျံတော်မူသော ပုဂ္ဂိုလ်များမှာလဲ ချက်စရာ။ အောက်သို့ ရှုံးတော်မူသည့် ပုဂ္ဂိုလ် စားမှာလဲ နှစ်ခါနာမနေကြသေးဘူးလား။ ဖုံးကြီးပြန်အလောင်း ကို ရင်ကိုခွဲအထဲကအူကိုထုတ်ပြီးနှုတ်နှုတ်ချေ၍ ဒုံးတိုက်ကြတာ ကတော့ မုန်းလို့လုပ်ထာသက်သက်မှတ်။

၎င်းနောက်တရပ် သုဘဒ်ပရိဗိုဇ်ကိုအရင်းထား၍ သာသနာ တော်တခုလုံးကို သိမ်းကြုံးပြီးလျှင်—

၁။ ဣဓေဝ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာ တိ—ဟု ဟောတော်မူသည် တရပ်။

၂။ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ။ ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ အဗ္ဘညာသိ။ ဟု သွန်သင်ပဲ့ပြင်ဆုံးမသြဝါဒ

ပေးတော်မူခဲ့သည် များကိုလည်း ကြပ်ကြပ်ကြီး သတိထားပြီး စဉ်းစားဆင်ခြင် သိမြင်အောင် အားထုတ်သင့်ပါသည်။

သုဘဒ္ဒ၊ သုဘဒ်ပရိဗိုဇ်။ ဣမေ၀ ဓမ္မဝိနယေ၊ ဤငါဘုရားသာသနာတော်၌သာသျှင်။ဘိက္ခု၊ ဘကျိပ် နှစ်ပါးကုန်သော ဝါပည့်သားရဟန်း တို့သည်။ သမ္မာ၊ ကောင်းစွာ။ ဝိဟာရေယျုံ၊ ကျင့်ကုန် ငြားအံ့။ လောကော၊ သတ္တလောကကြီး သည်။ အရဟန္တေဟိ၊ ကိလေသာ ကုန် ခန်း ရဟန္တာ ပုဂ္ဂိုလ်တို့မှ။ အသုညော၊ မကင်းဆိပ်ဘဲ အမြဲ သာသနာ တည်နိုင်ရာသည်။ အဿ-ဟောတိ၊ ဖြစ်နိုင်ပါ၏။ ဣတိ၊ ဤသို့သော အားပေးစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားက။ အဝေါစ၊ သူငါကာဝ သာ၀ကဟူသမျှကို ဆုံးမတော်မူခဲ့လျက်တကား။

၂။ ယဿ၊ အကြင်အရဟတ္တဖိုလ်၏။ အတ္တာယ၊အကျိုးငှါ။ ကုလပုတ္တာ၊ကောင်းသောအကျင့်ရှိကုန်သောအမျိုးသားတို့သည် သမ္မဒေဝ၊ ကောင်းစွာအသင့်အားဖြင့်သာလျှင်။အဂါရသ္မာ၊အိမ်ရာတည်တောင်လူတို့ဘောင်မှ။ အနာဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်၌၊ပဗ္ဗဇန္တိ၊ ရှင်ရဟန်းပြုကြကုန်၏။ အနုတ္တရံ၊အတုမရှိသော။ ဗြဟ္မစရိယပရိယောသာနံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၏ အဆုံးဖြစ်သော။ တံ အရဟတ္တဖလံ၊ ထိုအရဟတ္တဖိုလ်တရားတော်ကို။ ဒိဋ္ဌေဝဓမ္မေ၊ ပစ္စုပ္ပန်ကိုယ်၏ အဖြစ်၌သာလျှင် သယံ၊ စိတ်တွေ့ဉာဏ်မြင် ကိုယ်တိုင်ပင်။အဘိညာ-အဘိညာယ၊ ထူးသောပစ္စဝေက္ခဏာ ဉာဏ်ဖြင့်။ သစ္ဆိကတွာ၊ မျက်မှောက် ထင်ထင်ဆင်ခြင်၍။ ဥပသမ္ပဇ္ဇ၊ပြည့်စုံစေ၍။ ဝိဟာသိ၊နေဘိ၏။

သော ကုလပုတ္တော၊ ထို ကောင်းသောအကျင့်ကို ကျင့်သော အမျိုးသားသည်။ ဇာတိ၊ အဖန်ဖန်ပြန်၍ ပဋိသန္ဓေတည်နေမှု သည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မြတ်သော အရဟတ္တဖိုလ် အကျင့်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ ရဟန်းတို့ ပြုဘွယ်ကိစ္စ တဆဲ့ခြောက်ပါးသော မဂ်အမှုကို။ ကတံ၊ ပြုအပ် ပြီးပြီ။ အပရံ၊တပါးတခြား။ ဣတ္ထတ္တာယ၊ ဤတဆဲ့ခြောက် ပါးသော မဂ်ကိစ္စအလို့ငှါ။ သမဏကိစ္စံ၊ ရဟန်းလုပ်၍အားထုတ် ရန်ကိစ္စသည်၊ နတ္ထိ၊မရှိတော့ပြီ။ ဣတိ၊ ဤသို့။ အဗ္ဘညာသိ၊ ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား သားသားနားနားသိ၏။

သူတပါးသားသမီးတွေကတော့ အဲဒီလို ပြီးစီးကြပေရော့ သတဲ့။ သူ့သူ့ငါ့ငါ့ ငပါမွှားတို့မှာ ပျော်ပျော်ပါးပါး ဝါဝါ ကြွားကြွား စားလားသောက်လား ရယ်လားမောလားရှိကြလေ သေးငဲ့။ ၎င်းနောက်တဖန်—

ဘုရားရှင်ကိုယ်တော်စား— ၁။ သိယာ ခေါ ပနာနန္ဒ တုမှာကံ ဧဝမဿ အတီမာ တသတ္ထုကံ ပါဝစနံ၊ နတ္ထိ နော သတ္ထာတိ။ န ခေါ ပနေတံ အာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ။ ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ တိ။ ဟု ဆိုးမအားပေးတော်မူသည့် စကားလဲ အပုံကြီး အားခဲဘို့ ကောင်းသည်။

၁။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါပန၊ စင်စစ်ကေန်။ ပါဝစနံ၊ ငါဘုရားစကားတော်သည်။ အတီတသတ္ထုကံ၊ ကွယ်

လွန်ပြီးသောဘုရားရှိ၏။ နော၊ ငါတို့၏။ သတ္ထာ၊ဆရာ ဘုရားသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဣတိ-ဧဝံ၊ အဲဒီလို။တုမှာကံ၊ သင်တို့၏။ ပရိဝိတက္ကော၊ စိတ်အကြံသည်။ သိယာ၊ တရံတခါ။ အသာ-ဘဝေယျ။ ဖြစ်ခဲ့ရာ၏။ ခေါပန၊ စင်စစ်ကေန်။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တောံ ပါဝစနံ၊ ထိုငါဘုရား စကားတော်ကို။ ဧဝံ အတီတသတ္ထုကံ ဣတိ၊ ဤသို့ ကွယ်လွန်ပြီးသောဘုရားရှိ၏ဟူ၍။ န ဒဋ္ဌဗ္ဗံ၊ စင်စစ်မုချ ကေန္တ မမှတ်အပ်ပါသနည်းဟု မေးလျှောက်ခဲ့ပါမူ- အာနန္ဒ၊ ချစ်သား အာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့အား။ ယော ဓမ္မောစ၊ အကြင်သုတ် အဘိဓမ္မာကိုသော်လည်းကောင်း။ ယော ဝိနယောစ၊ အကြင် အဆုံးအမ ဝိနည်း တရားတော်ကိုလည်းကောင်း။ ဒေသိတော၊ ဟောအပ်ပြီးပြီ။ ပညတ္တော၊ ပညတ်အပ်ပြီးပြီ။ သော ဓမ္မဝိနယော၊ ထိုသုတ်အဘိဓမ္မာ ဝိနည်းတရားသည်။ မမစ္စယေန၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့်။ ဝေါ တုမှာကံ၊ သင်ချစ်သားတို့၏။ သတ္ထာ၊ ဘုရား သာသနာဆရာသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ဖြစ်၏။ တသ္မာ၊ ထိုအကြောင်းကြောင့်။ အတီတ-သတ္ထုကံ၊ ကွယ်လွန် ပြီး သောဘုရားရှိ၏ဟူ၍။ န ဒဋ္ဌဗ္ဗံ၊ စင်စစ်မုချ ကေန္တ မမှတ်သားအပ်။ ဣတိ၊ ဤသို့။ အာမန္တေသိ၊သိစေရန်ညွှန်ကြားတော်မူခဲ့ပါ၏။

ဤပါဠိတော်စကားကို ဉာဏ်သွားကြံ့ခိုင်သော သူတို့မှာသာ သက်ဝင်ယုံကြည်နိုင်ရာသည်။ ဥပမာကား- အသူရိန် နတ်မင်း၏ မျက်ခုံးတွင်းဝယ် ပုန်းတော်မူသကဲ့သို့ပါတည်း။ ၎င်းနောက်

ရဟန်းသံဃာတော်များကို အပါးသို့ခေါ်တော်မူ၍ မိန့်တော်မူပြန်သည်မှာ—

သိယာ ခေါ်ပန ဘိက္ခဝေ ဧကဘိက္ခုဿပိ ကင်္ခါ ဝါ ဝိမတိ ဝါ ဗုဒ္ဓေ ဝါ ဓမ္မေ ဝါ သံဃေ ဝါ ပဋိပဒါယ ဝါ။ ပုစ္ဆထ ဘိက္ခဝေ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။ သမ္မုခီဘူတော နော သတ္ထာ အဟောသိ။ န မယံ သက္ခိမှာ ဘဂဝန္တံ တံ သမ္မုခါ ပဋိပုစ္ဆိတုန္တိ။

ဟူ၍ သုံးကြိမ်တိုင်တိုင် မေးသော်လည်း ဘယ်ရဟန်း ကမှ မလျှောက်ထားဘဲ ဆိတ်ဆိတ်ဖြစ်နေရာတွင် အရှင် အာနန္ဒာက ရဟန်းများအား ချီးမွမ်းလိုသော သဘောထားဖြင့်—

အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ ဧဝံပသန္နော အဟံဘန္တေ ဣမသ္မိံ ဘိက္ခုသံဃေ၊ နတ္ထိ ဧကဘိက္ခုဿပိ ကင်္ခါ ဝါ ဝိမတိ ဝါ ဗုဒ္ဓေ ဝါ ဓမ္မေ ဝါ သံဃေ ဝါ မဂ္ဂေ ဝါ ပဋိပဒါယ ဝါ တိ။ ဟု လျှောက်ထားလိုက်ရာ မြတ်စွာဘုရားကတဖန်ချီးမွမ်းတော် မူ ပုံ ပြန်၍—

အငယ်ဆုံးသည် သောတာပန်— ၃။ ပသာဒါ ခေါ တွံ အာနန္ဒ ဝဒေသိ၊ ဉာဏမေဝ ဟေတ္ထ အာနန္ဒ တထာဂတဿ၊ နတ္ထိ ဣမသ္မိံ ဘိက္ခုသံဃေ ဧကဘိက္ခုဿပိ ကင်္ခါ ဝါ ဝိမတိ ဝါ ဗုဒ္ဓေ ဝါ ဓမ္မေ ဝါ သံဃေ ဝါ မဂ္ဂေ ဝါ ပဋိပဒါယ ဝါ။ ဣမေသံ ဟိ အာနန္ဒ ပဉ္စန္နံ ဘိက္ခုသတာနံ ယော ပစ္ဆိမကော ဘိက္ခု၊ သော သောတာပန္နော အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော တိ။ ဟု မိန့်

တော်မူသည်။ ထိုပါဠိရပ်တို့၏ အတ္ထသံဝဏ္ဏနာ မြန်မာပြန်ကား—

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါပန စင်စစ်မုချ ကေန္တ။ ဗုဒ္ဓေဝါ၊ ငါဘုရား၌ရှင်း။ ဓမ္မေဝါ၊ ငါဘုရားဟောကြားတော်မူသော တရားတော်၌ရှင်း။ သံဃေဝါ၊ ငါဘုရား၏ တပည့်သား အရိယာ သာဝကသံဃာ၌ရှင်း။ မဂ္ဂေဝါ၊ မဂ်ဖိုလ်တရား၌ရှင်း။ ပဋိပဒါယဝါ၊ မဂ်ဖိုလ်ရောက်ကြောင်း။ အကျင့်ကောင်း ခေါ်အပ် ပဋိပတ်ကျင့်စဉ် မဂ္ဂင်တရား၌ရှင်း။ ကေဘိက္ခုဿာပိ၊ တပါးသော ရဟန်းအားလည်း။ ကင်္ခါဝါ၊ ယုံမှားခြင်းသည်ရှင်း။ ဝိမတိဝါ၊ တွေဝေမိန်းမော ဘွေးတောခြင်းသည်ရှင်း။ သိယာ၊ ဖြစ်ခဲ့ငြားအံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ တထာဂတံ၊ ငါဘုရားကို။ ပုစ္ဆထ၊ မေးလျှောက်ကြကုန်လော။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္ထာ၊ မြတ်စွာဘုရားသည်။ နော၊ ငါတို့၏။ သမ္မုခီဘူတော၊ မျက်မှောက်ထင်ရှားရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ မယံ၊ ငါတို့သည်။ တထာဂတံ၊ မြတ်စွာဘုရားကို။ သမ္မုခါ၊ မျက်မှောက်၌။ ပဋိပုစ္ဆိတုံ၊ မေးလျှောက်ခြင်းငှါ။ နသက္ခိမှာ၊ မတတ်နိုင်ကုန်ပြီ။ ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောင်အခါ၌ ဝိပ္ပဋိသာရိနော၊ နှလုံးမသာရှိကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြပါကုန်လင့်။ ဣတိ၊ ဤသို့၊ ဘိက္ခူ၊ ရဟန်းတို့ကို။ တိက္ခတ္တုံ၊ သုံးကြိမ် တိုင်တိုင်။ အာမန္တေသိ၊ မြတ်စွာဘုရားက မေးတော်မူ၏။

၂။ ဘန္တေ၊ မြတ်စွာဘုရား။ အစ္ဆရိယံ၊ အံ့ဘွယ်ရှိစွ။ အဗ္ဘုတံ၊ မဖြစ်ဘူးသောသဘောရှိစွ။ ဘန္တေ မြတ်စွာဘုရား။ ဧဝံ၊ ဤသို့

သောအကြောင်းကြောင့်။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ဤငါးရာသော ရဟန်းသံဃာ၌။ အဟံ၊ တပည့်တော်သည်။ ပသန္နော၊ ကြည်ညိုရ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ပသန္နော၊ ကြည်ညိုသနည်း။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ဤငါးရာသော ရဟန်းသံဃာ၌။ ကောဘိက္ခုဿပိ၊ တပါးသော ရဟန်း၏သော်လည်း။ ဗုဒ္ဓေဝါ၊ မြတ်စွာဘုရား၌ရင်း။ ဓမ္မေဝါ၊ တရား၌ရင်း။ သံဃေဝါ၊ အရိယာသံဃာ၌ရင်း။ မဂ္ဂေဝါ၊ မဂ်ဖိုလ်တရား၌ရင်း။ ပဋိပဒါယဝါ၊ မဂ္ဂင်ကျင့်ဝတ် ပဋိပတ်၌ရင်း။ ကင်္ခါဝါ၊ ယုံမှားခြင်းသည်ရင်း။ ဝိမတိဝါ၊ တွေဝေမိန်းမော တွေးတောခြင်းသည်ရင်း။ နတ္ထိ၊ မရှိပါ။ တသ္မာ၊ ထိုသို့သော အကြောင်းကြောင့်။ ပသန္နော၊ ကြည်ညိုပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားလိုက်၏။

၃။ အာနန္ဒ၊ အာနန္ဒာ။ တွံ၊ သင်သည်။ ပသာဒါ၊ ကြည်ညိုသည်၏အတွက်ကြောင့်သာလျှင်။ ဝဒသိ၊ ဟာဘိ၏။ အာနန္ဒ၊ ညီမောင်အာနန္ဒာ။ ဧတ္ထ၊ ဤသို့ယုံမှားခြင်းကင်းရာ၌။ နိက္ကင်္ခဘာဝံ၊ ယုံမှားမရှိသည်၏အဖြစ်ကို။ တထာဂတဿ၊ ငါဘုရား၏။ ဉာတမေဝ၊ ပစ္စက္ခ သိပြီးသည်သာလျှင်။ ဟောတိ၊ ထင်ရှားဖြစ်၏။ သဒ္ဓ မတ္တံ၊ ယုံကြည်ကာမျှသည်သာလျှင်။ နဟောတိ၊ မထိုက်။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ဤငါးရာသော ရဟန်းသံဃာ၌။ ကောဘိက္ခုဿပိ၊ တပါးသော ရဟန်း၏လည်း၊ ဗုဒ္ဓေဝါ၊ ငါဘုရား၌ရင်း။ ဓမ္မေဝါ၊ တရား၌ရင်း။ သံဃေဝါ၊ အရိယာသံဃာ၌ရင်း။ မဂ္ဂေဝါ၊ မဂ်ဖိုလ်တရား၌ရင်း။ ပဋိပဒါယဝါ၊ မဂ္ဂင်ကျင့်ဝတ် ပဋိပတ်၌ရင်း။ ကင်္ခါဝါ၊ ယုံမှားခြင်းသည်ရင်း။ ဝိမတိဝါ တွေဝေမိန်းမော တွေးတောခြင်းသည်ရင်း။ နတ္ထိ၊

မရှိ။ ဟိကသ္မာ၊ အဘယ့်ကြောင့်။နတ္ထိ။မရှိပေသနည်း။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမေသံ ပဉ္စန္နံ ဘိက္ခုသတာနံ၊ ဤငါးရာကုန်သော ရဟန်းတို့တွင်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ပစ္ဆိမကော၊ မဂ်ဂုဏ်အားဖြင့်ငယ်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သောတာပန္နော၊ သောတာပန်တည်း။ အဝိနိပါတော၊ ဖရိုဖရဲပြိုကွဲပျက်စီး၍စောက်ထိုးကြီးကျတတ်ဝိနိပါတ်- ဘေးမရှိ။ နိယတော၊ မဂ်တည်းဟူသော နိယာမတရားရှိ၏။ သမ္ဗောဓိပရာယနော။ အထက်မဂ်သုံးပါးလျှင်သည်းလျောင်းရာရှိ၏။တသ္မာ၊ ထို့ကြောင့်။ ကေဘိက္ခုဿပိ၊ တပါးသော ရဟန်း၏လည်း။ ဗုဒ္ဓေဝါ၊ ငါဘုရား၌ရင်း။ ဓမ္မေဝါ၊ တရား၌ရင်း။ သံဃေဝါ၊ အရိယာသံဃာ၌ရင်း၊ မဂ္ဂေဝါ၊ မဂ်ဖိုလ်တရား၌ရင်း။ ပဋိပဒါယဝါ၊ မဂ္ဂင်ကျင့်ဝတ် ပဋိပတ်၌ရင်း၊ ကင်္ခါဝါ၊ ယုံမှားခြင်းသည်ရင်း။ ဝိမတိဝါ၊တွေဝေမိန်းမော တွေးတောခြင်းသည်ရင်း၊ နတ္ထိ၊မရှိပေ။ ဣတိ၊ ဤသို့။ မြတ်စွာဘုရားက ထပ်၍တဖန် ချီးမွမ်းမိန့်တော်မူပြန်၏။

အကဏ်းတယောက်
ဥာဏ်မျက်စိပေါက်လျှင်—

တယ်ကြည်ညိုဘွယ် ကောင်းပါပေ၏ ကိုယ်တော်တို့။ ယခုကာလ အဲ့ဒီလို ကိုယ်တော်တွေရဲ့နောက်က ဘိနပ် ကောက်လိုက်စမ်းချင် စမ်းပါဘိရော့တယ်။ သည့်ကလောက် မဂ်ဖိုလ်လမ်း ပေါက်ရောက်ပြီးမှ ဘယ်ဆရာလက်ထက် ဘယ်အဆက်တွင် ပျောက်ပျက် ကြပါလိမ့်မည်လဲ။ ဘုရာ မရှိနိဗ္ဗာန်စံလွန်တာထက် မဂ်ဖိုလ်လမ်းပျောက်ပျက်အောင် ဖျောက်ဖျက်လိုက်ကြတာက သာလို့မှ အလွန်အကျူး အထူး

ဝိသေသနာလိုက်လေခြင်း။ ယခုနှုယ်အခါသောတာပတ္တိမဂ်ဖိုလ်ကို စာဆိုကိုကြည့်၍ မိမိအလိုလို ဖေါ်နိုင်သော ကိုယ်တော်ကို ရဟန္တာဟု ခေါ်ဆိုထင်မှတ် ကြည်ညို အပ်သင့်ပေသည် ကိုယ်တော်မြတ်တို့။ ကြပ်ကြပ်ကြီး ကျင့်ကြံတော်မူကြပါ။ အကဏ်းတယောက် ဉာဏ်မျက်စိပေါက်ခဲ့လျှင် နောက်နောက် အကဏ်းကလေးတွေ အပုံကြီး ကျေးဇူးများပါသည်။

၎င်းနောက်တဖန် ရဟန်းများကို ထံပါးသို့ ချဉ်းကပ်စေ၍ အဆုံးစွန်စကားဖြင့် သင်ကြား ပြသ ဆုံးမ သွန်သင် ပဲ့ပြင်ခဲ့သည်မှာ—

ဘုရားရှင်၏နောက်ဆုံး စကားတော်— ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ· တဲ့ ထိုစကားအဆုံးတွင် ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် အာကာသာနဉ္စာယတနဈာန် ဝိညာနဉ္စာယတနဈာန် အကိဉ္စညာယတနဈာန် နေဝသညာ နာသညာယတနဈာန်တို့ကို အတန်ငယ် အစဉ်အတိုင်း ဝင်စားပြီး နိရောဓသမာပတ္တိတွင် ခဏမျှတန့်ရပ် ၎င်းမှထလာ၍ အနုလုံပဋိလုံ တဖန် ဝင်စားတော်မူပြန်လျက် စတုတ္ထဈာန်မှ အထတွင် သင်္ခါရတရားတို့ကို အာရုံပြု၍ သဗ္ဗညုကိုယ်တော်ရှင်သည် မီးပုံကြီးငြိမ်းသလို ဘဝ ဇာတ်သိမ်းပြီးပရိနိဗ္ဗာန် စံလွန်တော် မူပါရောတဲ့။

တကဲ့ မကြားကောင်း မနာသာ မဟာပထဝီကြီးမြေကြီးသည် တုန်ဟီးမြည်လျက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါလည်ပြီး ကြက်သီး မွေးညင်းထလျက် မခံရပ်နိုင်ဘဲ နတ်၏စည်တော်တို့

သော်မှုကွဲကြကုန်သတတ်။ သဗ္ဗညုကိုယ်တော်ရှင် ပရိနိဗ္ဗာန် စံဝင်ခြင်းအမှုကိုပြုတော့ ပုထုဇဉ်သောတာပန် သကဒါဂါမိနတ်အပေါင်းတို့နှင့်တကွ သောတာပန် သကဒါဂါမ် ရဟန်းတော်အပေါင်းတို့သည် လက်ရုံးလက်မောင်းတို့ကို ဥက္ကောင်း၌ တင်ကာ ထိုမှဤမှ လူးလဲလျက်ငိုချင်းကြီး ငိုယိုကာ တဆိုတော်မူကြသည်မှာ—

၁။ အတိခိပ္ပံ ဘဂဝါ ပရိနိဗ္ဗုတော၊ အတိခိပ္ပံ သုဂတော ပရိနိဗ္ဗုတော၊ အတိခိပ္ပံ စက္ခုမာလောကေ အန္တရဟိတော—ဟု သောကတော် အတန်တန် မခံနိုင်အောင် ဖြစ်ကြပါသတဲ့။ ထိုအခါ အရှင်အနုရုဒ္ဓါ စသောရဟန္တာအရှင်မြတ်တို့က တည်ရပ်နိုင်အောင် ချေ့တော်မူကြပြန်သည်မှာ—

၂။ အလံ အာဝုသောမာ သောစိတ္ထမာ ပရိဒေဝိတ္ထ၊ နနု အာဝုသော ဧတံ ပဋိကစ္စေဝ အက္ခာတံ၊ သဗ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ တံ ကုတေတ္ထ အာဝုသော လဗ္ဘာ၊ ယံတံ္တ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ တံ ဝတ မာပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ဒေဝတာအာဝုသော ဥဇ္ဈာယန္တီတိ—ဟု ချေ့ထားရမါသတဲ့။

၁။ ဘဂဝါ၊ ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါးရှင် မြတ်ထိပ်တင်သည်၊အတိခိပ္ပံ၊အလွန်လျင်စွာ၊ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူပြီ။ သုဂတော၊ ကောင်းသော တရားစကား

ကို။ ဟောကြားတော်မူတတ်သော မြတ်စွာဘုရားကြီးသည်။ အတိခိပ္ပံ၊ အလွန်မြန်စွာ။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူဘိ၏။ လောကေ၊ သတ္တလောကကြီးထဲ၌။ စက္ခုမာ၊ နတ်လူတို့၏ မျက်စိသဘွယ်ဖြစ်သော သမန္တစက္ခု သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဘုရားရှင်ကြီးသည်။ အတိခိပ္ပံ အလွန်လျင်မြန် ဆောစွာ။ အန္တရဟိတော၊ ကွယ်ပျောက်တော်မူခဲ့လေပြီ။ ဣတိ၊ ဤသို့သော စကားကိုဆို၍။ ကန္ဒန္တိ၊ မြေ၌လူးလဲ သဲစွာငိုယို တ-ဆိုကြပါကုန်၏။

၂။ အာဝုသော၊ ငါ့ရှင်တို့။ အလံ၊ မလင့်။ မာ သောစိတ္တ၊ မစိုးရိမ်ကြကုန်လင့်။ မာ ပရိဒေဝိတ္ထ၊ ယောင်ယမ်းတဆို မငိုယိုကြကုန်လင့်။ အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝတာ၊ မြတ်စွာဘုရားကြီးသည်။ ပဋိကစ္စေဝ၊ ရှေးဦးမဆွ စောစောကြီးကပင်လျှင်။ တံဝစနံ၊ ဤသို့သောတရားစကားကို။ အက္ခာတံနနု၊ ဟောကြားတော်မူအပ်ပြီးသည် မဟုတ်တုံပါလော။

ကိံ အက္ခာတံ၊ နည်း။ သဗ္ဗေဟေဝ၊ အလုံးစုံသာလျှင်ဖြစ်ကြကုန်သော။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ နှစ်သက်အပ်ကုန်သော။ ဉာတိအာဒိကေဟိ၊ ဆွေမျိုးမိဘ ဆရာစသည်တို့နှင့်။ နာနာဘာဝေါ၊ မဋ္ဌသန္တေနေ၍ ကွေကွင်းရခြင်းသည်ရှင်း၊ ဝိနာဘာဝေါ၊ သေဘာအားဖြင့်ကင်း၍ ရှောင်ကွင်းရခြင်းသည်ရှင်း။ အညထ ဘာဝေါ၊ ဘ တပါးခြ း၍ ကွေကွင်းခြင်းသည်ရှင်း။ ဟော တိ၊ ဖြစ်ရ ကျ်ချေ၏။ အာဝုသော၊ တို့၊ တွေ၊ ဤသခါရနဲ ်တွ ်း၌ ပရိယာပန္နံ၊ အကြုံး

ဝင်သော၊ တထာဂတသရီရံ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို။ မာ ပလုဇ္ဇိတုံ၊ မပျက်စီးစိမ့်သောငှါ၊ ကုတော၊ အဘယ်မှာ။ တုမှေဟိ, သင်တို့သည်၊ လဗ္ဘာ၊ ရအပ်ပါအံ့နည်း။

အာဝုသော၊ တို့။ ယံ ဘာ တဘာဂတသရီရံ၊အကြင်မြတ်စွာဘုရား၏ကိုယ်တော်သည်။ ဇာတံ၊ ဖြစ်တတ်သောဥပါဒ်သဘောရှိ၏။ ဘူတံ၊ မဟာဘုတ်စုသာတည်း။ သခ်တံ၊ သခ်ာ ခတ်သာသည်း။ ပလောကဓမ္မံ၊ ဖေါက်ပြန် ပျက်စီးတတ်သော သဘောရှိသေး၏။ ကံ ထထာဂတသရီရံ၊ သည်။ မာ ပလုဇ္ဇိ၊မပျက်စီးပါမူကား။ သာဓုဝတာ၊ ကောင်းစွတကား။ ဣတိ၊ ဤသို့။ ယံ့ဌာနံ၊ အကြင်မပျက်စီးခြင်း၏အကြောင်းကို။ တုမှေ၊ သင်တို့သည်။ ဣစ္ဆထ၊ အလိုရှိကြကုန်၏။ တေံ ဌာနံ၊ ထိုသို့ မပျက်စီးခြင်း၏ အကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ ဤသို့။ အက္ခာတံ၊ ၏။

အာဝုသော၊ တို့။ ဒေဝတာ နတ်ပြဟ္မာတို့သည်။ ဥဇ္ဈာယန္တိ၊ ရဟန်းတန်မဲ့ ငိုယိုချမလားဟု ကဲ့ရဲ့ရှုံ့ချစကားကိုပြောကြားကြကုန်၏၊ ဣတိ၊ ဤသို့။ ဘိက္ခူ၊ ငိုယိုသော ရဟန်းတို့ကို။ အာမန္တေသိ။ ပြောဆိုတားမြစ် နှစ်သိမ့်စေ၏။

(ဤကား အရှင်အနုရုဒ္ဓာမထေရ်မြတ်က တရားနှင့်အညီ သေရဲ့ယ်တို့အား တားမြစ်တော်မူပုံ)။

"တောမီးလောင်ပါသကို တောကြောင် လက်ပန်းပေါင်းခတ်"ဆိုသလို သုဘဒ်တောထွက် ရဟန်းကြီး တားမြစ်ပုံနည်းကတော့—

တောထွက်ရဟန်းကြီး သုဘဒ္ဒပြောပုံ—

၁။ **အလံ အာဝုသော မာ သော** စိတ္တ မာ ပရိဒေဝိတ္တ သုမုတ္တာ **မယံ** **တေန** မဟာ သမဏေန၊ ဥပဒ္ဒုတာ**စ** ဟောမ လ္လမ္ပံ ဝေါ န ကပ္ပတိ **တိ**။ ဣဒါနိ ပန မယံ ယံ ဣစ္ဆိဿာမ တံ ကရိဿာမာတိ-ဟု တားဘိသတဲ့။

၁။ အာဝုသော၊ တို့။ **အလံ**၊ မသင့်။ မာ **သော**စိတ္တ၊ မစိုးရိမ်ကြ**ကု**န်လင့်။ မာပရိဒေဝိတ္တ၊ ယောင်ယမ်းတဆို **မ**ငိုယိုကြ**ကု**န်လင့်။ မယံ၊ ငါတို့သည်။ **တေန** **မဟာ**သမဏေန၊ ထိုရဟန်း ကြီး **ဂေါ**တမ**၏**အဆုံးအမ သာသနာမှ။ သုမုတ္တာ၊ **ကောင်းစွာ** လွတ်**ကြ**ကုန်သည်။ **ဟော**မ၊ ဖြစ်ကြကုန်ပြီ။ **တေ**န **မ**ဟာ သမ ဏေန၊ ထိုရဟန်းကြီး ဂေါတမ**သည်**။ မယံ၊ ငါတို့ကို။ **ဝေါ**၊ သင်တို့အား။ ဣဒံကမ္ပံ၊ ဤကံသုံးပါးအမှုသည်**။** ကပ္ပတိ၊အပ်**၏**။ ဣဒံကမ္ပံ၊ ဤကံသုံးပါးအမှုသည်။နကပ္ပတိ၊ **မ**အပ်။ဣတိ၊ ဤသို့ ဆို၍။ ဥပဒ္ဒုတာ**စ**၊ နှိပ်စက်အပ်ကုန်သည်လည်း။ **ဟော**မ၊ ဖြစ် ဘူးကုန်ပြီ။

**အနေ**သနအမှုကိစ္စဖြင့်ရှာမှီး၍ရသော ယာဂုဆွမ်းကို**လှူ**ဒါန်း ရန် ပင့်လျှောက်ရာ မသောက်မစားလို့ ရန်ငြိုးဖွဲ့သော **စကား** တဲ့။ တကဲ့ရဟန်းပါပေ။ အဲဒီလို ရဟန်းကြီးကိုလဲ သတ္တာလံထဲ ကဟု သိမှတ်တော်မူကြပါ။

ဣဒါနိပန၊ ယခုအခါ၌ကား**။** မယံ၊ ငါ**တို့**သည်။ ယံကမ္မံ၊ **အ**ကြင်ကံသုံးပါးအမှုကို။ ဣစ္ဆိဿာမ၊ ပြုလုပ်ပြောဆို ကြံစည် ခြင်းငှာ **အ**လိုရှိကြပါကုန်၏။ တံ **က**မ္မံ၊ ထိုကံသုံး**ပါးအ**မှုကို။

ကရိယာမ၊ ကြံစည်ပြောဆို ပြုလုပ်ကြပါကုန်လတံ့။ ယံကမ္မံ၊ အကြင်ကံသုံးပါးအမှုကို။ န ကတ္တဗ္ဗံ ကြံစည် ပြောဆို ပြုလုပ်ခြင်းငှါ အလိုမရှိကြကုန်။ တံကမ္မံ၊ ထိုကံသုံးပါးအမှုကို။ နကရိယာမ၊ မကြံစည် မပြောဆို မပြုလုပ်ကြပါကုန်အံ့။ ဣတိ၊ သို့။ အဝေါစ၊ ရဟန်း တို့အား တားမြစ်ပြောကြားလိုက်၏။

ဤကား ပါဝါပြည်နှင့် ကုသိနာရုံအကြား ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူ၍ ခုနစ်ရက် ရှိပြီးသည့်အခါ အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ နောက်မှပါလာသော စတာထွက်ရဟန်းကြီး ဦးသုဘဒ်၏ပြောဆိုပုံ။

ကိုင်း ဘယ့်နှယ်လဲ ကိုယ်တော်တို့၊ "မီးလောင်ရာ ငှက်ခါး မှောက်" ဆိုသလိုသူကောင်းသားဉာဏ်သွား အကြံကိုနာခံဘွယ် ကောင်းကြသေးရဲ့လား။ သာသနာဖျက်နည်း စကား အစစ်။ ယခုခေတ်အခါ သာသနာမှာ အရှင်အာနန္ဒာစသည်ကဲ့သို့ ရဟန်း ကောင်း ရဟန်းမြတ်သားတော်စစ်တွေလဲ ရှိကြပေလိမ့်ဦးမည်။ သုဘဒ်စတာထွက်ရဟန်းကြီးနည်းကဲ့သို့ဆိုးသွမ်းသော သာသနာ ဖျက်ရဟန်းများလဲ တင်းကြမ်းပြည့်နက် အရှောင်ရ ခက်အောင် ပင် ရာထောင်သိန်းသန်း ကြောက်ခမန်းလိလိရှိကြတန်ရာသည်။ ရှိ မရှိကိုသိ ပိုလျှင်သာသနာတော်ထမ်း ရဟန်းကောင်းတကျိပ် နှစ်ဖြင့် စစ်တမ်းထုတ်ပြီး ရှုပ်တွက်ကြည့်လိုက်ကြစမ်းပါစို့။

## ရဟန်းကောင်း တကျိပ်နှစ်

၁။ သောတာပတ္တိမဂ်ဖိုလ်ကို ရနိုင်ရန် ရည်သန်၍ ကျင့်ကြံ

ဆဲဖြစ်သော စူဠသောတာပန် ကလျာဏပုထုဇဉ် သီလဝန္တရဟန်းစစ်တပါး။

၂။ သောတာပတ္တိမဂ်ဉာဏ်၌ တည်ဆဲဖြစ်သော သောတာပန်မဂ္ဂဋ္ဌာန် ရဟန်းစစ်တပါး။

၃။ သောတာပတ္တိဖိုလ်၌ တည်ဆဲဖြစ်သော သောတာပတ္တိဖလဋ္ဌာန် ရဟန်းစစ်တပါး။

၄။ သကဒါဂါမိ မဂ်ဖိုလ်ဉာဏ်ကိုရနိုင်ရန်ရည်သန်၍ ကျင့်ကြံဆဲဖြစ်သော သကဒါဂါမိ မဂ္ဂဖလပဋိပန် ရဟန်းစစ်တပါး။

၅။ သကဒါဂါမိ မဂ်၌ တည်ဆဲဖြစ်သော သကဒါဂါမိ မဂ္ဂဋ္ဌာန်ရဟန်းစစ်တပါး။

၆။ သကဒါဂါမိဖိုလ်၌ တည်ဆဲဖြစ်သော သကဒါဂါမိ ဖလဋ္ဌာန် ရဟန်းစစ်တပါး။

၇။ အနာဂါမိမဂ်ဖိုလ်ဉာဏ်ကိုရနိုင်ရန် ရည်သန်၍ ကျင့်ကြံဆဲဖြစ်သော အနာဂါမိ မဂ္ဂဖလပဋိပန် ရဟန်းစစ်တပါး။

၈။ အနာဂါမိမဂ်၌တည်ဆဲဖြစ်သော အနာဂါမိမဂ္ဂဋ္ဌာန် ရဟန်းစစ်တပါး။

၉။ အနာဂါမိဖိုလ်၌တည်ဆဲဖြစ်သော အနာဂါမိဖလဋ္ဌာန် ရဟန်းစစ်တပါး။

၁၀။ အရဟတ္တမဂ်ဖိုလ်ဉာဏ်ကို ရနိုင်ရန် ရည်သန်၍ ကျင့်ကြံ

ဆဲ ဖြစ်သော အရဟတ္တ မဂ္ဂဖလ ပဋိပန် ရဟန်းစစ် တပါး။

၁၁။ အရဟတ္တမဂ်ဥာဏ်၌ တည်ဆဲဖြစ်သော ရဟန္တာရဟန်းစစ် တပါး။

၁၂။ အရဟတ္တဖိုလ်၌ တည်ဆဲဖြစ်သော ရဟန္တာ ရဟန်းစစ် တပါး။

ကိုင်း မထင်ရှားသေးဘူးလား၊ ၎င်းတကျိပ်နှစ် ရဟန်းစစ်ထဲ တွင် ပါဝင်နိုင်ကြသေး၏လား။ အကယ်၍ ပါဝင်နိုင်သူ ရှိစေ ကာမူ ယခုခေတ်ကာလ ဘယ်ရဟန်းစစ်မျိုးက သာလွန်၍များ ကြပါမည်နည်း။ ကြပ်ကြပ်ကြီးစဉ်းစားတော်မူကြစမ်းပါ။ ပထမ သုံးမျိုးကဖြင့် လူသော်မှ တကျိပ် နှစ်ကျော်ကျော် တွေ့ဘူး ကြားဘူးရှိရပါသည်။

စူဠသောတာပန်— ရှေးဦးအစ ပထမတမျိုး၏ အချိုးအစားကို သိလိုကြက ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာရှင် သွန်သင် ဆုံးမသော နည်းအတိုင်း လိုက်နာ၍ ကြည့်တော်မူလိုက် ကြပါ။

၁။ ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠ သောတာပန္နော နာမ။အနက်ကား—

၁။ ပန၊ စူဠသောတာပန် အနေအစားကို ခြားနားသိစေ ရန် ညွှန်ပြလိုက်ပါဦးအံ့။ ဣမိနာဉာဏေန၊ ဤနာမရူပပရိစ္ဆေဒ ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံ

လုံလောက်သော။ ဝိပဿကော၊ အထူးမြင် အထူးတတ်သော ဝိပဿနာယောဂီသီလဝန်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ အဆုံးအမဘည်းဟူသောရုပ်နာမ်နှစ်ဖြာသံသရာ၌၊ လဒ္ဓဿာသော နိဗ္ဗာန်ချမ်းသာကြီးသို့ နီးပြီဟု သက်သာရာရရှိသော။ လဒ္ဓပတိဋ္ဌော၊ မြတ်စွာဘုရားသာသနာ၌ ထောက်တည်ရာရပေပြီဟု ကြည်လင်စွာအားကိုးအားထားရှိသော။ နိယတဂတိကော။ စွဲမြဲသောတရား စွဲမြဲသော သုဂတိအလားရှိသော။ စူဠ သောတာပန္နော နာမ၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး ရေအယဉ်သို့ စင်စစ်ရောက်တော့မည်မှန်သောကြောင့် စူဠသောတာပန်မည်၏။

သိက္ခာလက်ကိုင်မြဲသည့်အတွက် ပထမမဂ်သို့ ရောက်ဆဲပုဂ္ဂိုလ်ကို စူဠသောတာပန် ခေါ်ဆိုသည်။ စာကြည့်ရင်း ထင်ယောင်ထင်မှား ယီးတီးယားတားမြင်ကာ မတ္တ အမှန်းအဆကိုဆိုတာ မဟုတ်ဘူးနော်။ အထူးသိ အထူးမြင် အကွင်းကွင်း မုံ့တီဟင်းကဲ့သို့ ထင်းထင်းလင်းလင်းကြီး မိမိဉာဏ်ဝ အနီးတွင် အလုပ်ခွင်ဝင်တုန်းအခါ ဉာဏ်မြင်ကြီး အစစ်ဖြစ်သည့်ပြင် မုံ့တီစီရင်နည်းကိုလည်း သိရှိပြီး အဟုတ်အဟုတ်ကြီး ကြက်စာ၊ဘူးပါမှ ဝက်သားတုံးကြီး ဒူးလောက် ပေါင်လောက် သူများစားတာ မြင်ဘူးပါရဲ့ ဆိုသော စကားအကျနှင့်ညီမျှစွာ နေကြမဲ့ ငါလဲမြင်ပါ၏ စာထဲမှာဟူ ပညာရှိတို့အနားမှာ ပါးစပ်ဖျားကို သွားလို့များ မဟာရဲကြလေလင့်။

ဆိုခဲ့ပြီးသား ရဟန်းစစ်တကျိပ်နှစ်ပါးကို အကျဉ်းအားဖြင့် ရေတွက်သော် မဂ်၌ တည်ဆဲ ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်၌ တည်ဆဲ ပုဂ္ဂိုလ်လေးပါးအားဖြင့် အရိယာ သံဃာရှစ်ပါး ၎င်းကိုယုဂဠ နည်းအားဖြင့် ရေတွက်ပြသော် သောတာပန်မဂ်ဖိုလ် ပုဂ္ဂိုလ်နှစ်

ပါးတစုံ သကဒါဂါမိမဂ်ဖိုလ် ပုဂ္ဂိုလ်နှစ်ပါးတစုံ အနာဂါမိမဂ်ဖိုလ်ပုဂ္ဂိုလ် နှစ်ပါးတစုံ အရဟတ္တမဂ်ဖိုလ်ပုဂ္ဂိုလ် နှစ်ပါးတစုံ ဟူ၍လေးစုံလေးဗြူးရှိပြန်သည်။ ၎င်းကိုတဖန် အကျယ် အားဖြင့် ရေတွက်ပြသော် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသော သောတာပန် ပုဂ္ဂိုလ်သည်။

သောတာပန်မျိုး ၃မျိုး အကျယ် ၁၂မျိုး— ကောဝိဇ်စိ သောတာပန်၊ ကောလံကောလ သောတာပန်၊သတ္တက္ခတ္တုပရမသောတာပန်၊ဟူ၍ သုံးမျိုးသုံးစား ကွဲပြားခြားနားကြပြန်၏။ ထိုသုံးပါးတို့တွင်—

၁။ ကာမဘုံ၊ ဝါ-နတ်ပြည် ခြောက်ထပ်၌ တကြိမ်သာ ပဋိသန္ဓေနေခွင့်ရှိသောသောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ကို ကောဝိဇ်စိသောတာပန်ခေါ် ဆိုသည်။

၂။ နှစ်ကြိမ်မှစ၍ ခြောက်ကြိမ်အတွင်း ပဋိသန္ဓေ နေခွင့်ရှိသေးသော သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ကို ကောလံကောလ သောတာပန်ခေါ် ဆိုသည်။

၃။ ခုနစ်ကြိမ်တိုင်တိုင် ပဋိသန္ဓေနေခွင့်ရှိသေးသော သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ကို သတ္တက္ခတ္တုပရမ သောတာပန် ခေါ်ဆိုသည်။

၎င်းသုံးပါးကိုပဋိပဒါလေးပါးနှင့်မြှောက်ပွားသော်တကျိပ်နှစ်ပါးရသည်။ ၎င်း (၁၂)ပါးကို ဈာန် ရ/မရ အားဖြင့် ခွဲခြား၍သိ။

**သကဒါဂါမ် ၃မျိုး အကျယ် ၁၂မျိုး—** သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်ပြီးသော သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမသကဒါဂါမ်၊ ရူပသကဒါဂါမ် အရူပသကဒါဂါမ်ဟူ၍သုံးမျိုးသုံးစား ကွဲပြားခြားနားကြကုန်၏။ ထိုသုံးပါးတို့တွင်—

၁။ ကာမဘုံ နတ်ပြည်ခြောက်ထပ်သို့ ပဋိသန္ဓေ နေသောအားဖြင့်သွားလတံ့သော သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်ကို ကာမသကဒါဂါမ်ခေါ် ဆိုသည်၊ (ဈာန်မရ)
၂။ ရူပတဆဲ့ငါးဘုံတို့ပဋိသန္ဓေ နေသောအားဖြင့် သွားလတံ့သောသကဒါဂါမိဖိုလ်ပုဂ္ဂိုလ်ကို ရူပသကဒါဂါမ်ခေါ် ဆိုသည်။
၃။ အရူပလေးဘုံသို့ ပဋိသန္ဓေ နေသောအားဖြင့် သွားလတံ့သော သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်ကို အရူပသကဒါဂါမ်ခေါ် ဆိုသည်။ (၎င်းရူပ အရူပနှစ်ဦးမှာဈာန်ရ၏။

၎င်းသုံးပါးကို ပဋိပဒါလေးပါးနှင့်မြှောက်ပွားသော်တကျိပ်နှစ်ပါးရသည်၊ ၎င်းနှစ်ရပ်ကိုပေါင်းစပ်သော်ရဟန်းစစ် နှစ်ကျိပ်လေးပါးရသွားပြီ။

အနာဂါမိပုဂ္ဂိုလ်မှန်က ယုတ်စွအဆုံး သေခါနီးဆဲဆဲ၌ ဈာန်မရဟူ၍မရှိပါ။ များသောအားဖြင့် သုဒ္ဓါဝါသ ငါးဘုံသို့ အရောက်များတတ်သည်။ သုဒ္ဓါဝါသငါးဘုံတွင်လဲ သဒ္ဓါလွန်ကဲသူမှာ အဝိဟာဘုံ၊ ဝီရိယလွန်ကဲသူမှာ အတပ္ပါဘုံ၊ သတိ

လွန်ကဲသူမှာ သုဒ္ဓဿာဘုံ၊ သမာဓိလွန်ကဲသူမှာ သုဒဿီဘုံ၊ ပညာလွန်ကဲသူမှာ အကနိဋ္ဌဘုံသို့အရောက်များတတ်သည်။

**အနာဂါမ်ငါးမျိုး အကျယ် ၂၄မျိုး—** ထိုအနာဂါမ်ပုဂ္ဂိုလ်သည် အန္တရာ ပရိနိဗ္ဗာယီပုဂ္ဂိုလ် ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ အသင်္ခါရ ပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ သသင်္ခါရ ပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ဥဒ္ဓံသောတပါမိ ပရိနိဗ္ဗာယီပုဂ္ဂိုလ်ဟူ၍ ငါးမျိုး ငါးစား ထူးခြားကွဲပြားပြန်၏။ ထိုငါးမျိုးတို့တွင်—

၁။ မိမိတို့၏ဖြစ်ရာ ဘုံသက်အရေအတွက် အပိုင်းအခြား အလယ်နားသို့ မရောက်မီအကြား၌ ပရိနိဗ္ဗာန် စံယူလေ့ရှိသော အနာဂါမိဖိုလ် ပုဂ္ဂိုလ်ကို အန္တရာ ပရိနိဗ္ဗာယီ အနာဂါမ် ခေါ်ဆိုသည်။

၂။ မိမိတို့၏ ဖြစ်ရာဘုံသက်အရေအတွက် အပိုင်း အခြား အလည်နားသို့ကပ်၍ ပရိနိဗ္ဗာန် စံယူလေ့ ရှိသော အနာဂါမိဖိုလ်ပုဂ္ဂိုလ်ကို ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ် ဖိုလ်ပုဂ္ဂိုလ်ခေါ်ဆိုသည်။

၃။ လုံ့လပယောဂ ဗျာပါရမရှိဘဲ ပရိနိဗ္ဗာန် စံယူလေ့ ရှိသော အနာဂါမိဖိုလ်ပုဂ္ဂိုလ်ကိုအသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်ခေါ်ဆိုသည်။

၄။ လုံ့လပယောဂဗျာပါရ ရှိသည်ဖြစ်၍ ပရိနိဗ္ဗာန် စံယူလေ့ရှိသော အနာဂါမိဖိုလ်ပုဂ္ဂိုလ်ကို သသင်္ခါရ ပရိနိဗ္ဗာယီအနာဂါမ်ခေါ်ဆိုသည်။

၅။ အထက်အက္ကနိဋ္ဌဘုံသို့ ရောက်မှ ပရိနိဗ္ဗာန် စံယူလေ့ရှိသော အနာဂါမိပုဂ္ဂိုလ်ကို ဥဒ္ဓံသောတ အက္ကဒိဋ္ဌဂါမိ ပရိနိဗ္ဗာယီအနာဂါမ်ခေါ် ဆိုသည်။

၎င်းအနာဂါမ်အရိယာငါးဦးတို့သည် သုဒ္ဓါဝါသအောက်လေးဘုံ၌ ငါးဦးလုံးစီ ရသောကြောင့် နှစ်ကျိပ်၊ အထက်ဆုံးအက္ကနိဋ္ဌဘုံကား ဥဒ္ဓံသောတမှ ရအပ်သောကြောင့် ၎င်းကိုချန်လှပ်၍ လေးဦးပေါင်းသော် အနာဂါမ် နှစ်ကျိပ်လေးယောက်ရသည်။ အောက်နားတွင်ပြခဲ့သော သောတာပန် သကဒါဂါမ်နှစ်ကျိပ်လေးယောက်နှင့် ရောစပ် ပေါင်းထပ်သော် လေးကျိပ်ရှစ်ယောက် ဖြစ်သွားပြီဟုမှတ်။

ရဟန္တာ(၂)မျိုး - တထောင့်ငါးရာ ကိလေသာ ဟူသမျှတို့ကို အကြွင်းမဲ့ အလုံးစုံ အကုန်အစင် မက်ဖြင့်ပယ်ဖြတ်၍မြတ်သောပူဇော်အထူးကို ခံယူတော်မူထိုက်သောကြောင့် အရဟာ ဒက္ခိဏေယျ အမည်တော်ရသော သားကြီးသြရသနာမမည်တွင် ရဟန္တာသခင် ထေရ်အရှင်သည်လည်း ဈာန်ရ ရဟန္တာ ဈာန်မရ ရဟန္တာဟူ၍ နှစ်ဖြာနှစ်ပါး ထူးခြားကွဲပြားကြပြန်သည်။ ထိုနှစ်ပါးတို့တွင် --

၁။ မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ် တန်ခိုး အမျိုးမျိုးနှင့် ပြည့်စုံလုံလောက်သော ဈာနလာဘီ ရဟန္တာထေရ်ကို ဈာန်ရ ရဟန္တာခေါ် ဆိုသည်။

၂။ အတိတ်သံသရာဘဝက သမထဈာန်တရားကို ကျင့်ကြံပွားများအားထုတ်ခြင်းနဲပါးဝေးကွာလှသည့်အတွက်

အာသဝက္ခယ အဘိညာဉ်တမျိုးနှင့်သာရှိး ရှိးစိုက်စိုက် နှစ်ခြိုက်မွေ့လျော်တော်မူသောသုက္ခဝိပဿကရဟန္တာ ထေရ်မျိုးကို ဈာန်မရ ရဟန္တာဟုခေါ်ဆိုပါသည်။

အရိယာ (၁၀၈) ပါး— ခုတင်က လေးကျိပ် ရှစ်ယောက်ထဲတွင် ၎င်းနှစ်ယောက်ကိုထည့်က အရိယာ ငါးကျိပ်ဖြစ်၏။ ၎င်းငါးကျိပ်အနက် မဂ်စိတ်ခဏဉ်တည်ဆဲဖြစ်သော မဂ်ပုဂ္ဂိုလ်လေးပါးကိုလော့င်းစွက်လျှင် အရိယာ ငါးကျိပ်လေးဦးရ၏။ ၎င်းကိုတဖန် သဒ္ဓါဓူရ ပညာဓူရ နှစ်ပါးနှင့်မြှောက်ပါက အရိယာတပည့်သား တရာ့ရှစ်ပါးရရှိသည်။

ဤကား ဘုရားရှင် ချီးမွမ်းတော်မူသော အရိယာ သံဃာရဟန်းစစ်သက်သက်စာရင်းလတ်၊ သုတ္တန်ပါတ် ပါဠိတော် အဋ္ဌကထာနည်း ပါဠိတော်သုတ်ပုဒ်ကို ထုတ်ဖော်မိမိ သိလိုကြပါလျှင်—

၁။ ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသဋ္ဌာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။ ။

၁။ အဋ္ဌသတံ၊ တရာ့ရှစ်ယောက်ကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင် အရိယာပုဂ္ဂိုလ်တို့ကို။ သပ္ပုရိသေဟိ၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်။ ပသဋ္ဌာ၊ ချီးမွမ်းအပ်ကုန်၏။

(ဤကား စာရင်းလတ် အနက်သမ္ဗန် မြန်မာပြန်ပုံ။ တနည်းကား)

အဋ္ဌ၊အသီးအသီးရှစ်ယောက် မမြောက်ပွားဘဲ ရေတွက်အပ်ကုန်သော။ ယေပုဂ္ဂလာ၊ အကြင် အရိယာပုဂ္ဂိုလ်တို့ကို။ သတံ-သပ္ပုရိသာနံ၊ ဘုရား အစရှိသော သူတော်ကောင်း တို့ သည်။ ပသဋ္ဌာ၊ ချီးမွမ်းအပ်ကုန်၏။ (ဤကား စာရင်း ကျဉ်းတည်း၊ ယုဂဠနည်းကိုစာရင်းချုပ်ဟု ခေါ်ဆို)။

တေဝဲနိ ပုဂ္ဂလာနိ၊ ထိုစာရင်းလတ်အားဖြင့် တရာ့ရှစ်ပါး စာရင်းကျဉ်းအားဖြင့် ရှစ်ပါးကုန်သော အရိယာပုဂ္ဂိုလ်တို့သည်။ စတ္တာရိ ယုဂါနိ၊ စာရင်းချုပ် အားဖြင့် လေး ပါး ကုန် သော ယောကျ်ားမြတ် အစုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုဂတဿ၊ အကောင်းဆုံးသော ပရိနိဗ္ဗာန်သို့ စံလွန်တော်မူတတ်သော မြတ်စွာဘုရားသခင်ကျေးဇူးရှင်ကြီး၏။ သာဝကာ၊ တပည့်သား အစစ် ဖြစ်ကြကုန်သော။ တေ၊ ထိုအရိယာပုဂ္ဂိုလ်တို့သည်။ ဒက္ခိဏေယျာ၊ မြတ်သောအလှူကို ခံယူတော်မူထိုက်ကုန်၏။ ဧတေသု၊ ဧတေသံ၊ ထိုအရိယာပုဂ္ဂိုလ်တို့အား။ ဒိန္နာနိ၊ ပေးလှူအပ်ကုန်သည်ရှိသော်။ မဟပ္ဖလာနိ၊ အကျိုးရင်းအကျိုးဖျားကြီးပွားမြတ်ကုန်သည်။ ဟောန္တိ၊ ထင်ရှားဖြစ်နိုင်ကုန်၏။

ခုခေတ်သာသနာ့ဝန်ထမ်းများ— ဤ အရိယာ သံဃာရှစ်ပါး ထဲတွင်လည်း ရဟန္တာ နှစ်ပါးတစုံကိုသာ အလွန်တရာ ချီးမွမ်းတော်မူအပ်ပေသည်။ ယခုကာလအချို့သော မောဃပုရိသဆရာတို့ဖြင့် ယေပုဂ္ဂလာ ဂါထာတော် ဓမ္မက္ခန်ကိုအန္တရာယ်ကင်း ပရိတ်ရွတ်မှုနှင့်သာ အသက်

ခန္ဓာသာသနာတော်တခုလုံးဆုံးရှုံးအောင်နေ၍ သေလွန်ပျံလွန်တော်မူကြရသည်။ ဥပမာကား—

ဘိက္ခုနောဝါဒက အင်္ဂါကို ပညတ်တော် မူသည်မှစ၍ ဆဗ္ဗဂ္ဂိရဟန်းတို့ ကွာလှမ်း ဆုတ်နစ်ရာ သကဲ့သို့တည်း။ အချို့ပုဂ္ဂိုလ်မှာ ယေ ပုဂ္ဂလာပါဠိကို ယေပုဂ္ဂ+လာ ဟုပင် အဖြတ်ယွင်းမှား၍ သင်အံ ရွတ်ဘတ်ကြသေး၏ထင့်။

အဲဒီလိုပါဠိတော် ဋီကာအရပ်ရပ်တို့ဖြင့် စေ့စေ့စပ်စပ် ကြံစည်ကြည့်ရှုလိုက်လျှင် ခုကာလအချို့ရှင်တို့ ပရိရွတ် ဆွမ်းတင် အသုဘရှုအမှုတွေနှင့်သာ နောက်ပါတပည့်သား အသာမ်းအပိုးတို့နှင့်တကွ အားရဝမ်းသာ သာယာရှင်လန်း ထမ်းရဲပိုးရဲ စားရဲဝံ့ပေတာ။ ဒီမျှသာမက ထောင်ထုပ် သောင်းထုပ် ဥစ္စာဆောင်လုပ်ဝံ့ရဲသူများတို့ အူယားပြီး သနားအားနာ ဖြစ်နေဘိတော့ငဲ့။ ခုကာလ သာသနာတော်ကို ထမ်းပိုးပုံဟာ တမျိုးဖြစ်နေကြပြီထင်မိပါသည်။ ဒီလိုဥစ္စာမျိုးတွေကတော့—

အတ္ထာဟိ အတ္တနော နာထော၊
ကော ဟိ နာ ထော ပရော သိယာ။

ဟုဘုရားဟောဒေသနာ မှာတော်မူသောကြောင့် သူတပါးကို ရန်မရှာလျှင် ခံသာစရာရှိပါသေး၏။ သိမ်အပြင်ဝယ် သိက္ခာတင်၍ သာကီဝင်မင်းသား ဘုရားသားတော်အစစ် မဖြစ်ခဲ့လျှင်သာ ပင်သာသနာအကျိုးစီးပွား ဆုတ်ယုတ် ပျက်ပြားရှာတော့မည် သို့ဖြစ်သည့်အတွက်တာကြောင့် ဤကျမ်းစာကိုသေသေချာချာရေးသားပြုပြင် စီရင်ပါတော့သည်ဘုရား။ ၎င်းအောက်

ကြေးခိုး ငွေခိုးအမျိုးမျိုး အဝဝတို့ကြောင့် သာသနာတော်မှ လျောကျမည်များကိုလည်း အပုံကြီး သနားငဲ့ကွက် ညှာတာလျက်—

ဝိနယ ဥပဒေသကျမ်း၊

သာမဏေကျင့်လမ်း သိက္ခာကျမ်း၊

တို့ကိုပြိုးပြွမ်းပြိုးပြွမ်း တည်ထွင်လျက် ပြီးလှူပါပြီ။ ဤနှစ်ကျမ်းကား သာမဏေစစ်ရဟန်းစစ်ဖြစ်ခဲ့လျှင် ဆက်လက်ကျင့်ကြံရန်—

ဝိနယဓမ္မက္ခန် ကျမ်းစု

ပါဘုရား၊ ဆိုခဲ့သမျှပြပြီးသား ပြလတံ့ စကားအရပ်ရပ်တို့ကို—

၁။ အတ္တနာ စောဒယတ္တာနံ၊ ပဋိမံသေထ အတ္တနာ။
သော အတ္တဂုတ္တော သတိမာ၊ သုခံ ဘိက္ခု ဝိဟာသိ တိ။

၂။ အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။ ။
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ။ နာညော အညံ ဝိသောဓယေ။

ဟူသော ပါဠိတော်အတိုင်း ကိုယ့်ရှင်ကိုယ်သာ ဆရာမှတ်၍ ကြပ်ကြပ်ကြီးသတိထား။ စုံစမ်းဆင်ခြင် သိမြင်ပြီးလျှင် အပြစ်တင် စောဒနာတော်မူကြပါ။ သူတပါးက သတိပေးရတော့ သေးသေးနဲ့နာတတ်ပါသတဲ့။ ဘုရား တပည့်တော်၏သဘော ထားကား နှလုံးသွင်းပုံမှာလဲ သုံးကြိမ်ကလွန်ခဲ့လျှင်—

၃။ အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထ ပသုတော သိယာ။ ။

ဟူသော ပါဠိတော် ဒေသနာလာသည့်အတိုင်း နှလုံးသွင်းရပါလိမ့်မည်ဘုရား။

၃။ ဗဟုနာပိ များစွာလည်းဖြစ်သော။ ပရတ္ထေန၊ သူတပါးအကျိုးစီးပွားကြောင့်။ အတ္တဒတ္ထံ၊ အနည်းငယ်သော မိမိအကျိုး စီးပွား ကို။ န ဟာပယေ၊ မ ဆုတ် ယုတ် စေ ရာ။ အတ္တဒတ္ထံ၊ မိမိအကျိုးစီးပွားကို။ အဘိညာယ၊ ထူးထူးထွေထွေရှာဖွေသိမြင်. ကြံဆင်ခြင်၍။ သဒတ္ထပသုတော၊မိမိအကျိုးစီးပွားကိုသာ ပွားများလေ့လာသည်။ သိယာ၊ ဖြစ်ရာ၏။

အတ္တဒတ္ထမထေရ်— ဂုဏ်းဂါထာကို ဟောတော်မူခြင်း၏အကြောင်းရင်းအတ္ထုပ္ပတ္တိကား— ဘုရားမြတ်စွာစိန္တေယျာသည် သုံးလလွန်သဖြင့် ပရိနိဗ္ဗာန် စံတော်မူအံ့ဟု အာယုသင်္ခါလွှတ်သည့်ရှိသော် ရဟန်းတို့သည် ဖြစ်သော သံဝေဂရှိအည်ဖြစ်၍ ဘုရားထံသို့လာကြသွားကြကုန်၏၊ အတ္တဒတ္ထမထေရ်ကား သက်တော်ထင်ရှား ဘုရားရှိခိုက် တရားအမြိုက်ကိုရလိုက်အောင်ယူမည်ဟု ကြံစည်လျက် ရဟန်းတရားကိုသာ အားထုတ်ခါနေ၏။

ဘုရားအထံတော်သို့မသွားမလာကြောင်းကိုရဟန်းအပေါင်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြလေသော် ခေါ်၍မေးလျှင်စိတ်အကြံကို အမှန်လျှောက်လေ၏။ ဘုရားရှင်သည် ထိုမထေရ်အား ကောင်းချီးပေး၍ တရားဟောခြင်းငှာ ဤဂါထာကို ဟောတော်မူသည်။

ဖုတ်ထဘာသာတွေ— အဲဒီဝတ္ထုဂါထာကိုထောက်ဆသဘော ကျသည့်အတွက် ခုထက်ထိ ဖုတ်ထဖာသာလူရှင်ရဟန်းတွေနှင့် တလမ်းစီဖြစ်နေကြပြီ။ မိမိတို့ဖာသာလဝါ ဘုရားဟောဒေသနာကို မကြည့်မရှု အတွင်းဖုတ် အပြင်ဖုတ်ထအောင် ပြုလုပ်ကြသောကြောင့် ဖုတ်ထ ဖာသာတွေဟု အမည်ပေးလိုက်သည်။ တယ် လိုက်လျောပါပေ့။

မသိပိပိ ရိုးရိုးဖြင့်အကျိုးစီးပွားများအောင်လုပ်ပေးတတ်ငဲ့။ တတ်သိယောင်ကား လူ့ဝါကြွားတို့နှင့် လားလားမှမတဲ့။ယောင်လို့များမဟနှင့်။ ဝမ်းထဲကသဘောကို မပြောဘဲ သိလိုက်တဲ့။ ယခုကာလ ဖုတ်ထဖာသာသမားတွေတို့။ အဲဒီလို အပြောအဆို အရေးအသား အကျင့်အကြံ သန်မန်သည့် အတွက်တာကြောင့် စာဖြူ ယေရှုခရစ်ရန်ဟုအဆိုခံရပါသည်။ဟုတ်မှန်ပါ၏။ မယုံလျှင် သတိပြု၍ ကြည့်ရှုစမ်းကြပါလား။

အတိသက္ကစ္စံ ဝန္ဒာမိ ခမ္မမလံ။ အာပေါခါတုယေ
ဝေသာ နေတံ မမ နေ သောဟမသ္မိ၊ န မေ သော
အတ္တာ တိ၊ ဧဝ မေတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။

ယေရှုတွင်မကာ မြေရှု တေရှု လေရှုဟု ဆိုကြဦးမည်လော၊ သးဘာဥ်မနႏ သာ၍ပင်ကောင်းသေး၏။ အကြောင်းအားလျော်ပါသကော။ " တိတ်သံသရာ ာ အလွဲများသောကြောင့် အားခဲလို့ကြိတ်ရတာပါ၊ ဒီလိုခဲရ် မြဲအော ်င် လုပ်သကိုမှ အတိဘ်သံသရာကရန်မကုန်ဆုံး၍ ခ၊ စ်ယ လုံ ူးဘုးကြီးစစ်မ၊ နိုင်

မှသာ၊ ဘုရားတပည့်တော်ကို ခရစ်ယန်သန့်သန့်မာမာယူဆနိုင်ကြပါစေသား။

သုဘဒ် ၂-ပါး— အရှင်ဘုရားတို့လဲ မြတ်စွာဘုရားရဲ့ သာသနာတော်ဝယ် သုဘဒ်ရဟန်းနှစ်ပါးရှိရာဝယ် သက်တော်ထင်ရှားရှိစဉ်က နောက်ဆုံး အကျွတ်တရားကိုရသော သုဘဒ် ပရိဗိုဇ်မှဖြစ်သော ရဟန္တာအရှင်သုဘဒ်သာ ခရစ်ယန် သုဘဒ် ဗုဒ္ဓဘာသာအစစ် "နောက်မှကင်၍ အလျင်ကျက်"ဆို သကဲ့သို့ ဘုရားပရိနိဗ္ဗာန်စံဝင်မည့်ဆဲဆဲတွင် ရဟန္တာ အဖြစ်သို့ ရောက်သည်။အရှင်မဟာကဿပနှင့်တကွ ငါးရာသောရဟန်းထဲ တွင် ပါဝင်သော တောထွက်ရဟန်းကြီး ဦးသုဘဒ်ကား ဖုတ်ထ ဖာသာဖျက်ဘာဂ်သား ရဟန်းမည်ကာ မတ္တကိုဗုဒ္ဓဘာသာမဆို လို။ မယုံလျှင် ခုကာလ ဗုဒ္ဓဘာသာ သာသနာတော်ကို စွန့်ပစ် လျက် တမျိုး ယေရှုဘာဂ်သို့ သက်ဝင်နိုင်ကြသော ရဟန်းလူ ထွက် ပေါမှားတို့ကို ထောက်ထား၍သိ။

နိယတ သရဏဂုမ် တည်သူနည်း— ယခုကာလ သာသနာတော် အတွင်းမှာ ပင်နိယတ သရဏဂုမ်အဖြစ်သို့ မကပ် ရောက် နိုင်ကြ ကုန်သေ သော အညသတ္ထာရုဒ္ဒေသ သာသနာဖျက်သမားတွေလဲ အပုံကြီးပေါများ သေးသည်၊ ကြာလေပေါလေများ နေကြတော့မည်၊ မယုံလျှင် မိမိတို့အသီးအသီးသကာသက ယုံကြည် ကိုးကွယ်ကြသော သရဏ ဂုမ်သုံးပါးကို ဘဝအဆက်ဆက်နိယတလား အနိယတလားဟု ခွဲခြားဝေဖန်ကြံစည်၍ကြည့်။ မသိဘတ်သူများကို ဒါးတင်လို့

စမ်း။ ပရမ်းပတာနေစေငဲ့။ မစမ်းခင်ကပင် အနေအထိုင်အစား အသောက် အသွားအလာ အပြောအဆို အရေးအသားကို ဆင်ခြင်လျှင် အင်မတန်ထင်ရှားပါသည်။

**သောတာပန် ဖြစ်ရေးသာ ပဌာန—** လိုရင်းကြီး အကျဉ်း ချုပ် စကားမှာ သောတာပတ္တိ မဂ်ဖိုလ်ဉာဏ်သို့ ရောက်ခြင်းသာအရင်းမူလပဌာန၊ ဘာ့ကြောင့်လဲဟုဆင်ခြေလဲခဲ့သော် ''တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ'' ပါဠိတော်အရဖြင့်၊ ဒိဋ္ဌိဂတသမ္ပယုတ်နှင့် သက်ဆိုင်သမျှ သက္ကာယဒိဋ္ဌိစသော ဒိဋ္ဌိအမျိုးမျိုး၊ ဝိစိကိစ္ဆာနှင့်သက်ဆိုင်သမျှ ယုံမှားခြင်းရှစ်ပါး တဆဲ့ခြောက်ပါး မဂ္ဂင်ကျင့်ဝတ်ပဋိပတ် မှတပါး နွားခွေးစသော တိရစ္ဆာန်တို့၏ အလေ့အကျင့်တို့ဖြင့် သံသရာမှ စင်ကြယ်၏ဟုဘယ်တော့မှ အယူမရှိသောကြောင့်ပါတည်း။

သောတာပတ္တိမဂ်ဉာဏ်ကအင်မတန်ပယ်စဉ်များသည်။ အလိုရှိသောအမျိုးကောင်းသား သူတော်စင် တို့သည် တပည့်တော်စီရင်သည့် ဓမ္မာဒါသ အမည်ရသော အရိယာနုရိယ စိန္တာစစ်တမ်းစာအုပ်ငယ်မှာ ရိုက်နှိပ်ကာ ကြည့်ရှုဆင်ခြင် သိမြင်တော်မူကြပါ။

ဣမေသံ ဟိ **အာနန္ဒ** ပဉ္စန္နံ ဘိက္ခူသတာနံ ယော ပစ္ဆိမကော ဘိက္ခု၊ သော သောတာပန္နော။

စသောသုတ္တန်ဒေသနာနည်းကို ထောက်ဆလျှင် မဂ်ဖိုလ်ဂုဏ်အကြီးအငယ်သာ ပဌာန၊ သာသနာ၀င် ရှင်ရဟန်းစစ် ဖြစ်ပါ

လျက်ကိုမှ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်မျှလောက် မရောက်မှုရခဲ့ပါက "သံပုရာသီးလို ကြီးလေချဉ်လေ၊ နေမြင့်လေ အရှုးရင့်လေ၊ တောနက်လေဆင်ချေးများလေ" ဖြစ်နေတတ်ပါသည်။

မယုံလျှင် သတိထားပြီး စဉ်းစားဆင်ခြင်လို့စမ်း၊ ရဟန်းလုပ်ချင်းတူသော်လဲ "လူချင်းတူသော်လဲ အသက်ရှူခြင်း ကွဲရမြဲကေန်၊ အသံပင်တူစေကာမူ အဆံတွင်တခြား" ဟု ပြောဆိုကြသော ပေါရာဏစကားဟောင်းတို့ကဲ့သို့ သုဘဒ် ရဟန်းနှစ်ပါး အကြောင်းကို ထောက်ဆ၍ ကောင်းကောင်းကြီး သိကြပါလေ။

သုတ္တန် ဝိနည်း ဒေသနာနည်းအရကို ထောက်ဆလျှင် ရှောင်လို့လွတ်ပါက အရှင်သာရိပုတ္တရာ အရှင်ရာဟုလာ တို့လို ရှိသေကိုင်းညွတ်အပ်ပါသေးသည်။ ရှောင်လို့မှမလွတ်ခဲ့လျှင် မပြောတတ်တော့ပြီ။ ယခုကာလ အလဇ္ဇီဓမ္မ ထွန်းကား လှပေသည်။ ရဟန်းမှန်က သီလဝိသုဒ္ဓိ ဖြစ်နိုင်ရန်အလွန်ဘဲ ခဲယဉ်း တတ်ပေသည်။ အလွန်အကျူးအထူးလဲလွယ်တတ်ပေသည်။ မိမိတို့သန္တာန်ဝယ် ကိန်းသော သဒ္ဓါသတိ ဝီရိယ ပညာ သမာဓိတရားတို့သာ ပဋ္ဌာနအစစ် ဖြစ်ကြပါသတည်း။

**ဗလိဗောဓကိစ္စ များနေသူတွေမှာ--**

အချို့သော ပုဂ္ဂိုလ်စားတို့ကား ဗလိဗောဓကိစ္စမှုကြီး အနှောင့်အယှက် အားကြီးဖိစီးခြင်း များပြားသည့် အတွက် အိပ်မက်မက်သလိုမှ မမက်မော မပြောဆိုဝန့်ရဲကြရှာ။ ဥပမာကား— ဒွန်းစဏ္ဍာလ်းပန်းမှိုက်သွန်တို့သည် စကြာမင်းကြီး၏ ထီး

နန်းစည်းစိမ်ကို အမွေခံနိုင်ရန် မကြံဝန့်ရဲ သကဲ့သို့ပါတည်း၊ ထို့ကြောင့် အောက်ပါအတိုင်း ညည်းညူပြောဆိုမိပါသည်။

နဿတိ ဝတ ဘော လောကော၊ ဝိနဿတိ ဝတ ဘော လောကော၊ ယတြဟိနာမ တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ သာသနာ ပရိဟာယိ' သုစ စ၊ ပရိဟာယန္တိ စ၊ ပရိဟာယိဿန္တိ စ။ (မာဂဓပြော)။

သာမုကိဋ္ဌန သဘင်ပွဲ— မြတ်စွာဘုရားသခင် ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် အရှင်မြတ်ကြီးသည် ကဆုန် လပြည့်နေ့ ညဉ့် မိုးသောက်ယံ လင်းအားကြီး ဆည်းဆာ အချိန်တွင် ပရိနိဗ္ဗာန်ခွင် စံဝင်တော်မူ၏။ ထို့နောင် ရွှေအဆင်းနှင့် တူသော ကိုယ်တော်မြတ် သရီရ ဓာတ်အလောင်းတော်ကို စကြာဝတေးမင်းတို့၏ အလောင်းတော်ကို ပူဇော် သဂြိုဟ်သောနည်းနာ ဘုရား မှာတော်မူခဲ့သည့်အတိုင်း ပြုပြင်လျက် သံဝေဂဖြစ်ကြောင်း အမြဲမတည်ခြင်းနှင့် စပ်လျဉ်းသော ဓမ္မဂီတ သီချင်းကောင်းတို့ကို သီကုံးလျက် သာမုကိဋ္ဌန သဘင် ဆင်ယင် ကျင်းပသည်ကား ခုနစ်ရက်၊ ထို့နောင်မှ ရွှေအဆင်းနှင့်တူသော ကိုယ်တော်မြတ်သရီရ ဓာတ်အလောင်းတော်ကို အတောင်နှစ်ရာရှိသော စန္ဒကူးနံ့သာ ထင်းပုံပေါ်တင်လျက် မီးတိုက်ကြရာ မီးမလောင်ဘဲ နေသည့် အတွက် အရှင်မဟာကဿပကိုယ်တော်မြတ်ကို နတ်နှင့်တကွ ဆိုင်းငံ့လင့်လျက်နေကြသည်ကား ခုနစ်ရက်၊ ထို့နောင် ဒုတိယသတ္တာဟ ခုနစ်ရက် အတွင်း အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးသည် နောက်

ပါသံသကင်္ဂါးရာနှင့်တကွ ပါဝါပြည်မှ ဘုရားပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရုံပြည်သို့ရောက်လာ၍ မြတ်စွာဘုရား၏ ခြေတော်အစုံကြာပန်းဒုံတို့ကိုဖေါ်လျက် နဖူး ခြေဘဝါးထိရှိခိုးပူဇော်ပြီးလျှင်အလောင်းတော်ကို လက်ျာရစ် သုံးကြိမ်တိုင်တိုင် နောက်ပါသံဃာငါးရာနှင့်တကွ လက်အုပ်ချီကာလှည့်လည်ပြီးမှ တေဇောဓာတ်မီးအလိုလိုလောင်ပါသတဲ့။ ထို့နောင်မှ မင်ကွန်းဇရပ်စီရင်၍ လုံသွားတထပ် လေးမြွားတထပ်စီတင်လျက် ဓာတ်တော်ကိုပူဇော်စောင့်ရှောက်ကြသည်ကား တတိယ သတ္တာဟခုနစ်ရက်ဤတတိယသတ္တာဟအတွင်း နယုန်လဆန်း (၅)ရက် နေ့၌လျှင်ဓာတ်တော်တို့ကိုပူဇော်ဘို့ရန် ဝေဖန်ကြကုန်၏။

ဓာတ်တော်ဝေခန်း—ဤနေရာတွင် ဓာတ်တော် ဝေဖန်ခန်းကိုညွှန်ပြလိုက်ပါဦးအံ့။ ဘုရားရှင်၏သရီရဓာတ် မွေတော်ဓာတ်တို့သည် မကွဲမပြို ဘာသာနဂိုအတိုင်းတည်သော ညှပ်ရိုးတော်နှစ်ချောင်း၊ သွားတော် လေးဆယ် ဆံတော်သုံးကာဌေခြောက်သန်းမျှ မွေးညှင်း တော်ပေါင်းကိုးသိန်းကိုးသောင်းမျှသောဓာတ်တော်တို့ကို အသမ္ဘိန္န ဓာတ်တော်ဟုခေါ်ဆိုပါသည်။ ထိုမှကြွင်းသောအဆင်းသုံးပါးသဏ္ဍာန်သုံးစားပြားသော တတင်းမျှ လောက်သော သရီရဓာတ် မွေတော်ဓာတ်တို့ကို ကွဲပြိုပျက်စီး၍ အနည်းနည်း ဖြစ်ပေါ်သောကြောင့် သမ္ဘိန္နဓာတ်ဟု ခေါ်ဆိုရပါသည်။

ထိုနှစ်မျိုးတို့တွင် ဆဲ့လေးပြည်မျှလောက်သော သမ္ဘိန္နဓာတ်တော်တို့ကို ဇမ္ဗူဒိပ် ကျွန်းသူကျွန်းသားတို့သည် ကြည်ညိုမြတ်

နိုးကိုးကွယ်ပူဇော်ကြရကုန်၏။ နှစ်ပြည်မျှလောက်သော သမ္ဘိန္န ခတ်တော်တို့ကိုရာမမည်သော နဂါးပြည်၌နဂါးတို့သည် ကြည်ညိုမြတ်နိုး ကိုးကွယ်ပူဇော်ကြရကုန်၏။ အသမ္ဘိန္န လက်ဝဲညှပ်ရိုးတော်ကို တာဝတိံသာနတ်တို့သည် ကြည်ညိုမြတ်နိုး ကိုးကွယ်ပူဇော်ကြရကုန်၏။ လကျာ်ညှပ်ရိုး လကျာ် စွယ်တော် ကိုကား သိကြားမင်းတည်ထားကိုးကွယ်ပူဇော်ရ၏.ယခုအခါလကျာ်ညှပ်ရိုးတော်သည် သီဟိုဠ်ပြည်ထူပါရုံစေတီတော်အတွင်း ကိန်းဝပ်တော်မူ၏။ တချောင်းသောစွယ်တော်ကိုဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သူတို့သည် ကြည်ညိုမြတ်နိုး ကိုးကွယ်ပူဇော်ကြရကုန်၏။ တချောင်းသော စွယ်တော်ခတ်ကို ကာလိင်္ဂတိုင်း နိုင်ငံသူတို့သည် ကြည်ညိုမြတ်နိုးကိုးကွယ်ပူဇော်ကြရကုန်၏။တချောင်းသော စွယ်တော်ခတ်ကိုကား နဂါးမင်းသည် ကြည်ညို မြတ်နိုးကိုးကွယ်ပူဇော်၏။ သွားတော် ခတ်လေးဆယ် ဆံတော်သုံးကုဋေခြောက်သန်း မွေးညှင်းတော်ပေါင်း ကိုးသိန်း ကိုးသောင်း တို့ကိုကား စကြာဝဠာကုဋေတသိန်းတွင်းက နတ်ပညာရှိတို့သည် ကြည်ညိုမြတ်နိုးကိုးကွယ်ပူဇော်ရန်တဆူတဆူစီ ယူဆောင်သွားကြကုန်၏။ အချို့သော မင်းတို့သည် နောက်ကျ၍ ဓဝစု မင လိုက်ခြင်းကြောင့် ဓာတ်တော်ချင့်သောအိုးကို ကြည်ညိုမြတ်နိုးကိုးကွယ်ပူဇော်ကြရကုန်၏။အချို့သောတိုင်းနိုင်ငံက နောက်ကျန်သောမင်းတို့သည်ကား သင်္ဂြိုဟ်တော်မူရာ စန္ဒကူးနံ့သာ မီးသွေးတို့ကိုသာ ကြည်ညိုမြတ်နိုး ကိုးကွယ်ပူဇော်ကြရကုန်၏။ ဓာတ်တော်ချင့်သောအိုး မီးသွေးမျိုးလို့ မကိုးမကား မထီလေးစားမလုပ်ကြပါ။ ဓာတ်တော်စစ်နှင့်အတူပင် ကြည်ဖြူမြတ်နိုး ကိုးကွယ်ကြပါသည်။

ဒုဿစေတီတော်နှင့် စူဠာမဏိစေတီတော်– ဒီလိုဘုရားစစ်၏သရီရဇာတ်၊ဓာတ်တော်မျိုးကိုမဆိုထားဘိဦး၊ ဘုရားစင်စစ်ဖြစ်တော့မည့်ဆဲဆဲ ဝတ်လဲတော် ပုဆိုးကိုပင် ပါရမီတော်ဉာဏ်တွေ့ကို မြတ်နိုးလျက် အထက် အကနိဋ္ဌ ဗြဟ္မာဘုံမှာ အနာဂါမ် ဗြဟ္မာတို့သည် ဒုဿ စေတီတော်ဟု အကျော်ကိတ္တိပြန့်နှံ့သိအောင် ကိုးကွယ် ပူဇော်လျက်ရှိပါသည်။ ထိုမှတပါး ဘုရားစင်စစ် ဖြစ်ဘို့ရန်အကြံဖြင့် ဆံတော်ကိုပယ်ပြီးလျှင် ကောင်းကင်သို့မြှောက်လိုက်ရာ သိကြားမင်း လာ၍ယူဆောင်ကာ တာဝတိံသာ နတ်တို့ဘောင်ဝယ် စူဠာမဏိပုဆိုးတော်မြတ်ရယ်လို့ အရိယာနွယ်တို့နှင့်တကွ အရိမေတ္တေယျဘုရားလောင်း နတ်သားသိကြားမင်းတို့သည် တလလျှင် သီတင်းနေ့ စဉ်လေးကြိမ်တိုင်တိုင် ဝန္ဒနာပဏာမ တို့ဖြင့် ညွတ်ခရိုကြိုး ရှိခိုးလျက်ရှိကြောင်းကို ကျမ်းဟောင်း အစောင်စောင်တို့က ခုထက်တိုင်ညွှန်ပြလျက်· ရှိပေသေးသည်။

သည်မျှသာမကပါသေး၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်က ဒီပင်္ကရာမြတ်စွာဘုရားထံ နိယတဗျာဒိတ်ပန်းကို ပေးတော်မူ၍ ရှစ်ဆုပ်သောပန်းတို့ဖြင့် သုမေဓာရှင်ရသေ့အား ကြဲဖြန့်ပူဇော်ပြီးခါ လကျ်ာရစ် သုံးကြိမ်လှည့်လည်၍ ကွချီ တော် မူပါသည်။

ထိုနည်းတူစွာ လေးသိန်း၊ အရေအတွက်ရှိသော ရဟန္တာတို့သည်လည်း သုမေဓာအမည်ရှိသော ဂေါတမ ဘုရားလောင်းအား ကောင်းချီးပေးပြီးလျှင် နံ့သာပန်းတို့ဖြင့် ကြဲဖြန့်ပူဇော်ပြီးခါ လကျ်ာရစ်သုံးကြိမ်လှည့်လည်၍ ကွချီတော်မူကြပါသည်။

လူနတ်ပြဟ္မာတို့က ပူဇော်ကြသည်မှာ ပြောဆိုဖွယ်ရာမရှိ။ ဘာ့ကြောင့်ဆိုသော် နီယျာတဗျာဒိတ် ခံယူပြီးသောသူတို့မှာ ဘုရားဖြစ်တော့မည် ဧကန် စစ်မှန်သောကြောင့်ပါ။

သဒ္ဓါပညာညီစေရမည်— အဲဒီလို ဝတ္ထုသက်သေတွေကို သေသေချာချာထောက်ဆ၍ ဘုရားဖြစ်ပြီးမှ မီးသွေးအိုးစသောဓာတ်တော်ကို မပူဇော်ထိုက်ဘဲ နေပါဦးမည်လား။ ပညာရှိများစဉ်းစားဘို့အချက်။ ခုကာလ လက်ထက် သဒ္ဓါပညာပါးသူတို့က နိမ္မိတကိုယ်တော်စား ရုပ်ပွားဆင်းတုတော် ဓာတ်တော် မွေတော်တို့၏တည်ရာ စေတီပုထိုးတော်တို့ကိုမျှ ရှိမခိုးချင်ကြပြီ။ တယ်ပြီး ပရမတ် မဆန်ချင်ကြနဲ့ နော်အန္တရာယ်ငြိကြမယ်။ သဒ္ဓါကိုအတဲ ပညာကိုစွဲစွဲမြဲမြဲထားကြရမည်။ သဒ္ဓါလွန်ကလည်း ကွန့်တတ်သည်၊ ပညာလွန်ကလည်း ဆွံ့တတ်ပါသည်။ သဒ္ဓါ ပညာနှစ်ပါးကို နှစ်ကောင်ကနတ်မြင်းရထားနှင့်အလားပုံယူ တူစေရမည်။

သဒ္ဓါကားအတိုင် ပညာကားအဖေါက်၊ တနည်း- ပညာကားရှေ့သွား သဒ္ဓါကား နောက်လိုက်၊ တနည်း- သဒ္ဓါကားအတိုင်၊ ပညာကားအကွေ့၊ တနည်း- သဒ္ဓါကား ဘယ်ဘက် ခြေလက်မျက်စိ၊ ပညာကား ညာဘက်ခြေလက်မျက်စိ အဲဒီလိုသိ။ အဲဒီနှစ်မျိုးကို ကာကော လောကနည်းခေါ်ဆိုသည်။ နည်းလေးဆယ်, ရှစ်ဆယ် မုချဉပစာ သံဝဏ္ဏနာ သံဝဏ္ဏေတဗ္ဗနေတ္တိ အလင်္ကာသဒ္ဓါကို မကျွမ်းကျင် ပါဠိတော် အဋ္ဌကထာဋီကာ

ယောဇပ္ပာဂဏ္ဌိနည်းတို့ကို မသင်ဘဲနှင့် ပညာရှိ မလုပ်ချင်ကြနှင့် ကြည့်လိုက်ကြနော်။

၁။ ယော စေ ပူဇေယျ သမ္ဗုဒ္ဓံ၊ တိဋ္ဌန္တံ လောကနာယကံ။
ဓာတုံ သာသပမတ္တမ္ပိ၊ နိဗ္ဗုတဿပိ ပူဇယေ။

၂။ သမေ စိတ္တ ပသာဒမှိ၊ သမံ ပုညံ မဟဂ္ဂတံ။
တသ္မာ ထူပံ ကရိတ္ဝာန၊ ပူဇေဟိ ဇိနဓာတုယော။

(အပဒါန်ပါဠိတော်)

၁။ ယော၊ အကြင်အနာထပိဏ်ဝိသာခါ စသည်တို့ကဲ့သို့ သော ဒါယကာ ဒါယိကာမှသည်လည်း။ တိဋ္ဌန္တံ၊ သက်တော် ထင်ရှားရှိတော်မူသော။ လောကနာယကံ၊ လူသုံးဦးတို့၏ ခရီး ညွှန်ဖြစ်တော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ စေ ပူဇေယျ၊ အကယ်၍ ကိုးကွယ်ပူဇော်ရငြားအံ့။ ယော၊ အကြင် ယခု ကာလ သီတင်းသည်ယောကျ်ား သီတင်းသည်မိန်းမသည်လည်း။ နိဗ္ဗုတဿပိ၊ ပရိနိဗ္ဗာန်စံလွန်တော် မူပြီးသည်လည်းဖြစ်သော။ သာသပမတ္တံ၊မုံညှင်းစေ့ ခန့်မျှသော။ ဓာတုမ္ပိ၊သရီရဓာတ် မွေ တော်ဓာတ်ကိုလည်း။ စေ ပူဇယျံ၊ အကယ်၍ ကိုးကွယ်ပူဇော် ရငြားအံ့။

၂။ စိတ္တပသာဒမှိ၊လေးမြတ်သဒ္ဓါ ကြည်ညိုသော စိတ်ထား သည်။ သမေ၊ တူမျှခဲ့သည်ရှိသော်။ ပုညံ၊ စီးပွားကောင်းကျိုး လောကီကုသိုလ်မျိုးသည်။ သမံ၊ တူမျှသည်ချည်းတည်း။ ဝါ၊ အတူအမျှကုသိုလ်ရကြသည်ချည်းတည်း။ မဟဂ္ဂတံ၊ များမြတ် ကြီးကျယ် အံ့ဘွယ်သူရဲအဖြစ်သို့ ရောက်နိုင်သည် ချည်းတည်း။

တသွာ၊ ထိုသို့ ရှေးကနှင့်ခု ကုသိုလ်အကျိုး အထူးအမျှရရှိးကေန်မှန်ပါကြောင့်၊ ထူပ်၊ စေတီတော်ကို။ ကရိတ္ဗာန၊ တည်ထားပြုလုပ်၍။ ဝါ၊ ထူပံ၊ ကရိတ္ဗာန၊ ယုတ်စွအဆုံး စပါးလုံးမျှလောက် ပွတ်ဆောက်စေတီ တည်နေစေရန် ပြုစီမံ၍။ ဇီနမာတုယော၊ မြတ်စွာဘုရား၏ သရီရဓာတ် မွေတော် ဓာတ်တို့ကို။ ပူဇေဟိ၊ ပူဇော်ကြပါလေလော့။

သပ္ပတ်ခါး ပန်းပွင့်လှူရကျိုး— ဝတ္ထုကိုလိုလျှင် ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း တည်ထားကိုးကွယ်သောစေတီတော်ကို ပူဇော်မည်ကြံ စိတ်ရည်သန်၍ သပ္ပတ်ခါးပန်းလေးပွင့်ကိုကိုင်လျက် ရှေ့ရှု၍ သွားစဉ်နွားတွေ့၍သေလေလျှင် တာဝတိံသာ၌ ဖြစ်သော ဝိမာနဝတ္ထုပါဠိတော်လာ ပီသဒေဝ မိတာနတ်သမီးဝတ္ထုကို ထောက်ဆသိမြင်၊ ထိုနတ်သမီးကို နန္ဒဝန်ဥယျာဉ်သို့ထွက်ဆဲတွင် သိကြားမင်းမြင်၍မေးသော် မိမိအကြောင်း ကောင်းမှုကုသိုလ်ကံ စိတ်အကြံကို ပြန်ပြောလျှောက်ထားဧရော။

၁။ ကောသာတကီနာမ လတတ္ထိ ဘန္တေ ကတ္တိကာ အနဘိစ္ဆိကာ။
တဿာ စတ္တာရိ ပုပ္ဖာနိ ထူပံ အဘိဟာရိံ အဟံ။

၂။ သတ္ထု သရီရံ ဥဒ္ဒိဿ၊ ဝိပ္ပသန္နေန စေတသာ။
နဿ မဂ္ဂံ အဝေက္ခိဿံ၊ တဒနဂ်မနသာ သတီ။

၃။ တတော မံ အဝဓိ ဂါဝီ၊ ထူပံ အပဿမှာနသံ။
သဥ္စာဟံ အဘိ သဥ္စေယျံ၊ ဘိယျော နူန ဣတော သိယာ

၄။ တေန ကမ္မေန ဒေဝေန၊ မာဂ္ဂဝ ဒေဝကုဉ္ဇရ။
ပဟာယ မာနုသံ ဒေဟံ၊ တဝသဟဗျတမာဂမာတိ။

ဟူသောလေးဂါထာကိုရွတ်၍ သိကြားမင်းအား လျှောက်ထား ပြန်ပြောငိုက်၏။ ဤဝတ္ထုဂါထာကိုထောက်ဆ၍ ပုဗ္ဗစေတနာ ဖြင့်လည်း ပဋိသန္ဓေအကျိုးကိုပေးနိုင်သေး၏ဟု ယူဆကြရမည်။ ပုဗ္ဗစေတနာဖြစ်၍ ခုနစ်ရက်အတွင်း အကျိုးပေးသောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံဟူ၍လည်း ဆိုရန်ကောင်းသည်၊ သေပြီးမှဖြစ် ၍ ဥပပဇ္ဇဝေဒနီယကံဟူ၍လည်း ဆိုရန်သင့်သည်၊ အဋ္ဌကထာ ဆရာများကဖြင့် ပုဗ္ဗစေတနာဟူ၍သာ ဖွင့်သည်။

**စိတ်သာလျှင် ပဓာန**-- အဘယ့်ကြောင့်ဆိုသော် ပဏာမ အရာ ကဲ့သို့ ခေတ္တကိုအဇ္ဈာသယကို နှစ်ပါးလုံး ပြည့်စုံညီညာသည့်အတွက်ကြောင့်ပါ။ သိကြားမင်းသည် ၎င်း ဂါထာကိုကြားလျှင်ကြားခြင်း နန္ဒဝန်ဥယျာဉ်သို့မထွက်ဘဲ ပြန် လည်၍ စူဠာမဏိပုထိုးတော်ကိုရှိခိုးပူဇော်ပြီးလျှင် ပြလတံ့သော ဥဒါန်းဂါထာကိုရွတ်၏။

၅။ တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

၁။ ဘန္တေ၊ စာတုမဟာရာဇ်တာဝတိံသာ နတ်ရွာနှစ်ထပ် ကို နိုပ်ကွပ်အုပ်ချုပ်နတ်မင်းလုပ်သည့် ဥက္ကဋ္ဌသေဋ္ဌနင်း အရှင် သိကြားမင်း။ အဟံ၊ တပည့်မှန် ကျွန်ုတော်မသည်။ ကတ္တိကာ၊ တန်ဆောင်မုန်းလ၌ ယှဉ်ပွင့်တတ်သော။ အနဘိစ္ဆိတာ၊ လူတို့ မနှစ်သက်အပ် ခါးစပ်သော။ ကောသတကီနာမ၊ သပွတ်ခါး

အမည်ရှိသော။ လတာ၊ လူတို့ပြည်တွင်သုံးမဝင်သော နွယ်ပင် နွယ်မျိုးသည်။ အတ္ထိ၊ထင်ရှားရှိပါ၏။ တဿာ၊ ထိုသပွတ်ခါး မည်တွင် နွယ်မျိုးပင်၏။ စတ္တာရိ ပုပ္ဖာနိ၊ ပန်းလေးပွင့်တို့ကို။ ထူပံ၊စေတီတော်သို့။ အဘိဟာရိံ၊ စိတ်တည်ကြည်မှု ကောင်း စွာပြုလျက် ရှေရှုဆောင်ယူဘူးပြီ။

၂။ သတ္ထုသရီရံ၊ မြတ်စွာဘုရားတည်းဟူသောသရီရဇာတ် မွေတော်ဓာတ်ကို။ ဥဒ္ဒိဿ၊ ကြည်ညိုဆည်းကပ် စိတ်ရည်မှတ်၍။ ဝိပ္ပသန္နေန၊အထူးသဖြင့် ကြည်လင်စွာသော။ စေတသာ၊ စိတ် ထားဖြင့်။ တနည်း—ဝိပ္ပသန္နေန စေတသာ·ဝိပ္ပသန္န စေ တသော ဟုတ္စာ၊ အထူးသဖြင့် ကြည်လင်စွာသော စိတ်အားရှိသည်ဖြစ် ၍။ အဘိဟရိံ၊ ရှေရှုဆောင်ယူဘူးပါပြီ။တဒ္ဓဂ်မနသာ၊ ထိုမြတ် စွာဘုရား၏ သရီရဇာတ် မွေတော်ဓာတ်၌ ကိုင်းညွတ်သောစိတ် သည်။ သတိ၊ဖြစ်လတ်သော်။ အဿ၊ ထိုနွားအပေါင်း၏။ မဂ္ဂံ၊ သွားလာရာခရီးလမ်းကို။ န အဝေက္ခိဿံ၊ မဆင်ခြင် မကြည့်ရှု မိပါ။

၃။ တတော၊ ထိုသို့မကြည့်ရှုမိ သတိမရသောကြောင့်။ ဝါ- ထိုအခါ၌၊ ထူပံ၊စေတီတော်သို့၊ အပ္ပတ္တမာနသံ၊ မုဋ္ဌစေတနာ အဖြစ်သို့ မရောက်သေးသော ပုဗ္ဗစေတနာစိတ်သာ ရှိသေးပါ သော။ မံ၊ ဘုရားကျွန်တော်မကို။ဂါဝီ၊သားငယ်ရှိသော နွားမ သည်။ အဝမိ၊ညှဉ်းဆဲပုတ်ခတ် ဝေ့သတ်ဘူးပြီ။

တဥ္စ၊ ထိုပန်းပူဇော်ခြင်း ကုသိုလ်ကိုလည်း။ အဟံ၊ ကျွန် တော်မသည်။ အဘိသဥ္စယံ၊ စေတီ ရင်ပြင်သို့ရောက်၍ အလိုရှိ တိုင်း ပူဇော်သဖြင့် အလွန်ဆည်းပူးရငြားအံ့။ ဣတော၊ ဤနတ်

စည်းစိမ်ထက်။ ဘိယျော၊ လွန်စွာ။ သိယာနုံန၊ ဖြစ်မည့်ထင်မိပါ၏။

၄။ မာဂ္ဂဝ၊ မာဃအနွယ်ဖြစ်သော။ ဒေဝကုဉ္ဇရ၊ စာတုမဟာ ဝတိ သာနတ်တို့ဘက် မြင့်မြတ်သော။ ဒေဝိန္ဒ၊ အရှင်သိကြားမင်း။ တေန ကမ္မေန၊ ထိုသို့ပြုခဲ့ရသော ကောင်းမှုကုသိုလ်ကံကြောင့်။ မာနုသံ ဒေဟံ၊ လူ့ကိုယ်ကို။ ပဟာယ၊ စွန့်ကာပယ်ရှား နွားချိုဖျားဝယ်ထားဝံ့၍။ တဝ၊ အရှင်သိကြားမင်း၏။ သဟဗျတံ၊ အပေါင်းအသင်း အခြွေအရံ နတ်ဗိမာန်သို့၊ အဂမာ၊ ရောက်လာရပါ၏။

(ပီတ ဒေဝဓိတာ နတ်သမီးလျှောက်ထားသော ဂါထာ အနက်)

။ တိဋ္ဌန္တေစာပိ၊ သက်တော်ထင်ရှား မြတ်ဘုရား၌ရှင်း။ နိဗ္ဗုတေစာပိ၊ ပရိနိဗ္ဗာန်ခွင် စံဝင်တော်မူပြီးသော မြတ်စွာဘုရားကြီး၏ သရီရဇာတ် မွေတော်ဓာတ်၌ရှင်း။ စိတ္တ၊ လေးမြတ်သဒ္ဓါကြည်ညိုစွာသော စိတ်သည်။ သမေ၊ တူမျှခဲ့သော်။ ဖလံ၊ စီးပွားကောင်းကျိုး ကုသိုလ်မျိုးသည်။ သမံ၊ အတူအမျှရသည်ချည်းတည်း။ စေတောပဏိဓိဟေတူဟိ၊ စိတ်စေတနာကိုကောင်းစွာထားခြင်း အကြောင်းတို့ကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သုဂတိ ကောင်းသောသူတို့ ရောက်ရာ နတ်တို့ရွာ၌။ ဂစ္ဆန္တိ၊ ရောက်ကြရကုန်၏။ (သိကြားဂါထာအနက်)။

ဘုရ ဖူးသွားကြ— အဲ့ဒီလို သဒ္ဓါ ပညာ ရှေ့သွားသော စိတ်ထား မျိုးနှင့်ရိုးရိုးတန်းတန်းပန်းဝတ်ရေငတ်ဆိုင် တ်တို့ဖြင့်မပြတ်ကိုးကွယ်ဆည်းကပ်ပူဇော်ခြင်း စေတီယင်

ပြင် နိမ္မိတ ကိုယ်တော်စားထံသို့ ဆည်းကပ်ရန် သွားစဉ်အခါ လည်း သက်တော်ထင်ရှား ကိုယ်တော်မြတ်ဘုရားထံ ဆည်းကပ် ရန်သွားသော အနာထပိဏ် ဝိသာခါ အနော်ဇာမိဖုယား မဟာကပ္ပိန္နမင်းကြီးများ သွားသကဲ့သို့ ခြေဘဝါး တလှမ်းကို သိန်းလေးသိန်းတို့ကို နှစ်ရာ့ငါးဆဲ့ ခြောက်စိပ် စိပ်သော်လဲ တစိတ်စာမျှ မထိုက်မမှီအောင်ပြခဲ့ပြီးသား "သတံ ဟတ္ထီ သတံ အဿာ"စသော ဂါထာများနှင့်ညီစွာ သဘောထားလျက် သွားကြရမည်။ အဘယ့်ကြောင့်ဆိုမူ လူနတ်ပြဟ္မာ သတ္တဝါဟူသမျှ တို့ကို သက်တော် ထင်ရှားနှင့်အတူ ကယ်ဆယ်တော် မူလျက်ရှိ သေးသောကြောင့်ပါတည်း။ ဒီထက် တတ်စွမ်းပါလျှင် မဂ္ဂင် ရှစ်ပါးကို အားထုတ်ကြရမည်။

တဏှာသညာအမှားသာ— ယခုကာလဖုတ်ထဘာသာတွေကဲ့သို့ ဝါဝါကြွားကြွား ပကာသန စိတ် ထားနှင့် က-လားခုန်လား ဆိုင်းဇာတ်သဘင် ဆင်ယင် ကျင်းပ လျက် ကြက်ကောင်လုံးကြော် ဝက်ကောင်လုံးကြော် တို့ဖြင့် ပျော်ပျော်ပါးပါး ဆန်းပြားပလီ ထီထိုးမြင်းပြိုင် အနိုင်အရှုံး လုံးပွဲသတ်ပွဲ ဖဲပဆစ် ကြွေအံ အော့အန်မူးယစ် သောက်ယစ် စားဝါးလုပ်ကြသော အမှုအရာကား အပါယ် လားကြောင်း မကောင်းမှု အကုသိုလ်ကံ အာဝဇ္ဇန်ပျှံတွေသာ ဖြစ်သည်။ အာသဝက္ခယံမဟုတ်။ ဘုရားဟောဒေသနာ ဗုဒ္ဓဘာသာတို့၏ အမှုအရာဘာမျှမဆိုင်၊ သဒ္ဓါပညာ တရားစစ်မဖြစ်။ တဏှာ သညာအမှားသာဖြစ်သည်။

ဥပမာကား- ရှေးအခါက ဘုန်းတော်ကြီးတပါးသည် ကန်ဒ ကြားထဲတွင် ခေတ်တော်ကိုထား၍ နေ့စဉ်မပြတ် ဆည်းကပ်ရှိခိုး ပူဇော်သောအခါ တောထွက်ကြီးတပါးကမြင်ရာ ရှေ့နားတွင် ရှိသော ထွေးခံကိုသာရှိခိုးသည်ထင်မှတ်၍ မပြတ် ထွေးခံကို ရှိခိုး သော တောထွက်ကြီး အလားနှင့်မခြား ထပ်တူနေကြလေပြီ။ သက်သေပုံတခုမှာ ခုကာလရဟန်း ဖြစ်ကတတ်ဆန်း ပရိယတ် မကျွမ်းသော မှောင်မှန်းရမ်းသမားတို့က ခေတ်တော် များကို ဘုရားချေးဟု ပြောကြ သသို့တည်း။

"ဆရာမြှောက်လို့လဲ ဒကာမွဲတတ်သည်။ ဒကာနှောက်လို့ လဲ ဆရာလွဲတတ်သည်" မွဲမည်လွဲမည် အလီလီကို ကြံစည် စဉ်း စားသတိထားကြလေ။ထင်ရှားပါ၏။ သည်ထက်ဆင်ရှားအောင် ရေးလိုက်ရဦးမည်လား၊ ကြပ်ကြပ်ကြီးသတိထား။

**မဟာ ကာရုဏိကော နာထောဖြင့်—** အောက်ကပြောခဲ့သောမဟာကာရု ဏိကော နာထော စသော ဂါထာ ၌ မဟာကာရုဏိကော ဟူသောပုဒ် ဖြင့် ကြီးကျယ်မြင့်မြတ်သော မဟာ ကရုဏာတော်ကြီးကို ချီး မွမ်းပြဆိုတော်မူပါသည်။ နာထော ဟူသောပုဒ်ဖြင့် ထိုမဟာ ကရုဏာ တရားတော်ကြောင့် သတ္တဝါအများ၊တို့အား သနား တော်မူသောကြောင့် အပါယ်လေးခွင် သံသရာ ရေအယဉ်မှ ကယ်ဆောင်တော် မူအတတ်သော ဂုဏ်သကတ်ကြောင့် သတ္တဝါဟူ သမျှတို့၏ ကိုးကွယ်ရာကြီး အစစ်ဖြစ်လို့မို့ နာထဟူသော ဂုဏ်

ထူးဖြင့် ချီးကျူးပြန်တက်ဘဝဂ်တိုင်အောင် အကုန်လုံးသိကြပါ သည်။ သိကြပုံကား—

လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက် ဘုရားဆုကိုပန်သော နေ့ ရက်ကစ၍ မဟာပရိနိဗ္ဗာန ဓာတ်သို့ ကပ်ရောက်သည့်နေ့တိုင် အောင်။ ဤကား နိတတ္ထ၊ ဝါ- လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် အဆုံးအမ ဒေသနာ သာသနာတော် တည်နေသမျှ ကာလပတ် လုံး ဆုံးမခြင်း ကြက်ဝက်နွားကျွဲ ဘဲငါးဖားစသည်တို့ မကြွင်း ပုပ္ပုရွရွသဝိညာဏက သတ္တဝါခပင်းတို့အား မနားမရပ် သင်္ချေ လေးထပ် တသိန်းကပ်စဉ် ငြိုငြင်ပင်ပန်းစွာ မျက်စိ နား နှာ အင်္ဂါခြေလက် ကိုယ်အသက်နှင့်တကွ သားတော် သမီးတော် မယား ကြင်ဖေါ်တို့ကို စွန့်တော်မူရခြင်းကား တမည့်သား သာဝကတို့ဘက်မက တန်ရာပါ။ ပြည်ရွာ တိုင်းကား စသော ဗဟိဒ္ဓဝတ္ထု အစုစုအဝဝတို့ကိုစွန့်လွှတ်တော် မူရခြင်းတို့ကိုမှ စာ ရင်းတင်ကာ ဥပမာပြခြင်းငှာပင် အင်မတန် အလွန် ခဲယဉ်းလှ ပါသည်။

မဟာ ကရုဏာရင်— ဥပမာကား အဟုန်စီးသွင် ရေအယဉ် ဝယ် မျောသွားသော သားငယ်ကို မြင် ရသည့်မိခင်သည် ကိုယ့်အသက်ကို မငဲ့ကွက် အလွန်နက်သောရေ အယဉ်ဝယ် သားငယ်ကိုဆင်း၍ ကယ်ဆယ် ယူဆောင်ဘိသကဲ့သို့ ငင်း အလျှံပြောင်ပြောင် တောက်လောင်၍နေသော မီးပုံကြီး ၏ အတွင်းဝယ် ဆင်းရဲကြီးစွာခံနေရသော သားငယ်ကို မြင်ရ သော မိခင်၏ ကရုဏာကဲ့သို့ငင်း၊ အသူတရာ နက်လှစွာသော

နရက် ချောက်ကမ်းပါးအတွင်း ကျားခံတွင်း၌ ရောက်သော သားငယ်ကိုမြင်ရသော မိခင်၏ကရုဏာကဲ့သို့၎င်း လတ်တလော သေစေဘော်သော အဆိပ်သီးကိုစားသောက်၍ သေဘေးရောက် ဆဲချောက်သဘော သော သားငယ်ကိုမြင်ရသော မိခင်၏ကြောင့်ကြ စိုးရိမ်ခြင်းကဲ့သို့၎င်း အနာဘဒုက္ခိတ သတ္တဝါ အပေါင်းတို့အား အလွန် ကြင်နာသနားတော်မူလှသော မဟာကရုဏာ ရွှေနှလုံး တော်ရှိပေသည်။ ဤကား ဘုရားမဖြစ်ခင်။ ဘုရားဖြစ်ပြီးမှလျှင် ကား သိန်းသန်းကုဋေ အသချေ်ခကအောင်ပင် မဟာကရုဏာ ရှင် စစ်တော်မူလေ၏။

ကိုင်း ရိပ်မိကြပြီလား၊ ဘုရားနှင့် ထပ်တူထင်လျှင် ဘုရား နှင့်အတူတူကျင့်၊ မကျင့်ကြလျှင်မိစ္ဆာဒိဋ္ဌိတို့နှင့်အတူတူခံ။ သက် တော်ထင်ရှားဘုရားရှင်ကို ပုန်ကန်မှုအစစ် ဘာဖြစ်လို့လဲဟု ပါးစပ်ကိုဖွင့်၍ မေးအုံးသော။ သားရင်း သမီးရင်း မယားရင်း မကြွင်းအသက်ခန္ဓာ ကိုယ်အင်္ဂါတို့ကိုသေခြင်းဆိုးခံပြီး အငံမတန် ရွေးနုတ်ရပါသောကြောင့်တည်း။ တနည်း- သို့ကလို ပင်ပန်း သောကိုယ်တော်မြတ် အစွမ်းကို တိတ္ထိဘက္ကဒ္ဒန်းတို့လို ငြင်းပန် တော်မူကြသောကြောင့်ပါတည်း။ တနည်း- မဟာကရုဏာ တော်ရှင်၏အသဲကိုယူဆွဲလို့ နှုတ်သလို မဟုတ်မဟတ် အထပ်ထပ် လုပ်ချင်တိုင်း လုပ်သောကြောင့်ပါတည်း။

ဘုရားကိုကိုးကွယ် မှ ဘုရားသဘောကို မသိလျှင် ပညာ ရှိ လူလိမ္မာဆိုကြဦးမည်လား။ ဒီလိုလူစားများတို့ကိုကား မှား မှန်းညားမှန်းမသိ၊ လိမ်မိလျှင်မှားသောကြောင့် "လူလိမ်မှား" ဆိုရကုန်၏ အသိအလိမ္မာ အယဉ်ကျေးမျိုးမဟုတ်။ အနုတ်စုတ်

ဂုတ်စုတ် ဗာလုသုက္က အလေးအမ္ဘား ငွေခိုးကြေးခိုး အနဲနဲဖြင့် အလွဲသုံးစားမှုတွေကသာ၍လို့ ပါပေလိုက်သေး၏။

အဆိုး၀ါးဆုံးအဆိပ်— သာသနာ့နိတိကျမ်းကို တတ်စွမ်းရန် ဝေးစွ၊ လောကနီတိ ကျမ်းကိုမှ မကျွမ်းကျင်၊ မသင်အံဘူး ရူးလိုက်တဲ့အရူး မောင်သာအောင် ဦးရွှေသိန်းတို့ကတောင် ဗျာထူးရသေး၏။ ကြည့် လောကနီတိ ကျမ်းမှာအရှိ—

၁။ န ဝိသံ ဝိသမိစ္စာဟု၊ ဓနံ သံဃဿ ဥစ္စတေ။
ဒိသံ ဧကံဝ ဟနတိ၊ သဗ္ဗံ သံဃဿ ဟနတိ။

၁။ လောကေ၊လောက၌။ ဝိသံ၊ စိန်သံပုရာစသောအဆိပ် မျိုးကို။ ဝိသံဣတိ၊ အဆိပ်ဟူ၍။ န အာဟု၊ ပညာရှိတို့က မဆို ကြကုန်။ သံဃဿ၊ ဘုရား တရား သံဃာ ရတနာသုံးပါး၏။ ဓနံ၊ ဥစ္စာကို၊ ဝိသံဣတိ၊ အဆိပ်ဟူ၍။ ပဏ္ဍိတေဟိ၊ အဆိုး အကောင်းကျိုးအကြောင်းကို ကောင်းကောင်းမြင်သိ ပညာ ရှိတို့က။ ဥစ္စတေ၊ ဆိုကြ၏။ ကသ္မာ၊ ဘာ့ကြောင့်ပါလဲ။ ဝိသံ၊ စိန်သံပုရာစသော အဆိပ်မျိုးသည်။ ဧကံဝ၊ တကြိမ် တခါ တဘဝမျိုးသာလျှင်။ ဟနတိ၊ သတ်တတ်၏။ သံဃဿ၊ ရတနာ သုံးပါး၏၊ ဓနံ၊ ဥစ္စာသည်ကား။ သဗ္ဗံ၊ အကြိမ်များစွာ။ ဟနတိ၊ အသစ်ထပ် ဒလစပ် သတ်တတ်၏။

နိတိကျမ်းရှိစာငယ်ပေငယ်တို့ ညွှန်းလိုက်သည့်အတွက် မယုံ ကြည်မစွက်ဝင်ကြလျှင် ပေတ ဝတ္ထု ပါဠိတော် အဋ္ဌကထာ

သင်္ဂါယနာတင်ကျမ်းထွက် ကိုးဆဲ့နှစ်ကမ္ဘာ ဖုဿဘုရားလက်ထက်တော်အခါကစ၍ ငါတို့ဘုရား ရှေးလက်ထက်တော်အထိ ငရဲ ပြိတ္တာ အပါယ်နှစ်ဘုံတို့သာ အကြိမ်များစွာ ခံနေရသော ဗိမ္ဗိသာရမင်း၏ အဆွေခင်မွန်းဝတ္ထုကိုထောက်။

ကပ်ပီးရတွေ့ သတိ— သွားကြရော့မှောင်တို့ အောက်ကို။ ဒီလို လူစားတွေက ခုကာလကပ်ပီးရလုပ်ကြတယ်။ သာလို့ လူရာရှင့်ရာဝင်ပြီး တွင်ကျယ် လိုက်သေး၏။ အကြံကုန်လျက် ဂဠုန်ဆားချက်ခြင်လျှင် မသေခင်အမြတ်ဆုံးဟု ဆိုထုံးစကား ပြောကြားလိုက်သေး။ သံဃကပ်ပီးရထက် ဘုရားကပ်ပီးရက သာလို့ပင် စည်းစိမ်တက်လွယ်သည် ဆိုပါ့ကလား။

ဒီလိုလုပ်ကြတာကိုပင် မမြင်လေဟန် မကြားလေဟန် မသွန်သင်မဆုံးမဘဲ မိမိလဲအတူတူ သဘောကြည်ဖြူကြဦးမည်လား။ ကိုယ်တော်ကအသာသာနေ။ တပည့်တော်တို့တတွေက ဝေနိုင်သမျှဝေလိုက်မည်ဟု လက်သည်းကုတ် စကားမျိုး တွေ့ ကိုပင် ဘုရားဟောထင်သေးသလား၊ အဲဒီလို အပါးအနုပ်မျိုးတွေဟာ ဘိုကိုများလာမစမ်းကြပါနဲ့ကရို့၊ ကန်တော့ဆွမ်းပါ။

"တပည့်တော်က ဆရာ၊ ဒကာက ခင်ကြီး၊ သားသမီးက ထုံးနည်းပြသ မိနှင့်ဘဲကို ဆုံးမသွန်သင် မျက်မမြင်သည် မျက်မြင်ကို လက်ဆွဲလျက် စက်ဝဲ့သို့ချလတံ့" ဟူသော စကားတရပ်။

"နွားရှေ့ကို ထွန်ကျူးလို့၊ ခွေးရှူးက ဒုတ်ဆောင်၊ တောင်ကျောင်းနေ မယ်သီလ က ခေါင်း ပေါင်း စ ထောင်၊ တစ္ဆေကို လူကပူးသည်၊ ထူးသည့် တပေါင်၊ သည်တပေါင် လွတ်အောင် ရှောင်ကြ၊ ကြွက်ညီနောင် ကြောင်ကိုချောင်းတယ် ပြောင်းပြန်ကာလ" ဟူသော စကားတရပ်တို့နှင့် အညီအမျှဖြစ်နေကြပြီ။

သမင်မိုက်လူစား— တိုလိုပုဂ္ဂိုလ် ဟုတ်သလို ပြောတတ်တာ· များကိုတော့ အယုတ်တမာ အာခါး နှုတ်ချိုချိုနှင့် မြှုပ်သလို ပြောကြားတတ်သော လူစားကိုတော့ အမြတ်ဘဂဝါ သကာပျား၊ ကျားကိုမွေးမိခင်ထင်၍ အတွင် လိုက်မှားသော သမင်မိုက်လူစား၊ ဒီလိုများ မသိမမြင်ဟန်နှင့် မသွန်သင် မဆုံးမဘဲ နေသည့်ပြင် အိမ်ရာဝင်းခြံ ဥယျာဉ်လယ် ယာ ဘဏ္ဍာဟက်တန်ဆာ ဒွါဒရာကလေးများတောင်ဆင်ပြီး နောင် ကိုပင် ပေးချင်မှပေးဟုခွင့်ပေးလိုက်လျှင် အဂ္ဂဒက္ခိဏေယျအရှင် မြတ်ဟု မှတ်ထင်ကြသေး၏။

သာသနာကို ဖျက်ချင်တိုင်းဖျက်ပြီး ရာဇဝတ်ဘာဂ်ဆိုင်ရာ အမှုအခင်းများပေါ်လာက ရာထုပ်ထောင်ထုပ်အသပြာကိုထုတ် ၍ လုပ်ချင်သလို လုပ်ရလျှင် ဝိမုတ္တိ ဒါယကာ ဒါယိကာ အနာထပိဏ် ဝိသာခါတို့ပ ဲတဲ့။

သုဂတဂုဏ်— လူမိုက်တသောင်း ကဲ့ရဲ့ရှောင်းသော်လဲ လူ လိမ္မာ သူကောင်းတယောက် ချီးမွမ်းလျှင် ပျောက်မည်ကြောင့် ဝမ်းမြောက်ဝမ်းသာ သာသနာပြုလိုက်

ပါသည်။ ဖရုသဝါစာမထင်မှတ်လိုက်ကြပါနှင့်၊ မြတ်စွာဘုရားနှင့်တကွ အရှင်မဟာကဿပ စသော တပည့်သာဝကတို့ သာသနာ့ သောခကေပြုလုပ်ပုံ သုဂတဂုဏ်ကြီးပါ သူ တော်ကောင်းအပေါင်းတို့။

ဟုတ်သည်လဲဟုတ် မှန်သည်လဲမှန် သူတပါး နားမခံသာသော်လဲ သာသနာတော်အကျိုးရှိက ပြောဆိုရပါသည်။ ခုကာလ အလဇ္ဇီအပင်းအသင်း ပေါများခြင်းကြောင့် အရှင်မဟာကဿပ စသည်တို့လို မနိုင်နှင်းလျှင် ရှိပါစေတော့။ သေလျှင်သင်တို့ပြုစီမံသော အကုသိုလ်ကံ ငရဲထိန်းတို့က နိုင်နင်းအောင်ဆုံးမကြပေလိမ့်မည်။ ဝါ- ပေလတံ့။ သာသနာဖျက် တောထွက် ရှင်သုဘဒ္ဒဝတ္ထုကို ခုကာလ ပုဂ္ဂိုလ်တို့ ကြည့်ရှုသိသာရန် အတန်ငယ်ချုံး၍ စီကုံးရေးသား ထင်ရှားအောင် ဖေါ်ပြလိုက်ပါအံ့။

**တောထွက်ရဟန်း သုဘဒ္ဒ**— ဆတ္တာသည် အဖြစ်က ကြီး မှ ရဟန်း ခံ ရသော တော ထွက် ရဟန်းသုဘဒ်ကြီးသည် ဘုရားမြတ်စွာ စိန္တေယျာသည် နောက်ပါ သံဃာနှစ်ရာ့ငါးဆယ်နှင့်တကွ၊ ကုသိနာရုံပြည်မှ ထွက်၍ အာဆတ္တာသည်အဖြစ်က ကြီးမှရဟန်းခံသော တောထွက်သုဘဒ်ရဟန်းကြီးသည် ဘုရားမြတ်စွာစိန္တေယျာသည် နောက်ပါသံဃာနှစ်ရာ့ငါးဆယ်နှင့်တကွ ကုသိနာရုံပြည်မှ အာတုမမြို့သို့ အကြွတွင် ဘုရားသခင် ရောက်လာသည်ဟု သုဘဒ်ရဟန်းကြီး ကြားလျှင် သားနှစ်ယောက် ဆတ္တာသည် တို့ကို ခေါ်၍ ပြောသည်ကား—

"အဖေ့သားတို့၊ သင်တို့သည် အိမ်စျေး လမ်းစဉ်သို့ အစဉ်လျှောက်လျက် သင်္ကန်းဘဏ္ဍာကို ယူဆောင်ပြီးခါ ဆား ဆီ ဆန် ခဲဘွယ်ဘောဇဉ်တို့ကို ဆောင်ငင်ရုံးစု ပြုလုပ်ရှာဖွေချေကြကုန်။ ကြွလာတော်မူသော မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ယာဂုအလှူပေး၍ကျွေးမွေးအံ့" ဟု သာမဏေသားနှစ်ယောက်တို့အား ပြောကြားသတဲ့။ သာမဏေ သားနှစ်ဦးတို့လဲ အဖ ပြောဆိုသောနည်းအတိုင်း လှုမြင်တိုင်း လိုလိုကို–

ငါတို့မှာ တစုံတခုဖြင့်အလိုမရှိ၊ ငါတို့အဖသည်ကား ဘုရားကို ယာဂုဆွမ်းလှူလိုသတဲ့ဟု သင်္ကန်းအမှုကိုပြုပြီးပြောကြားကြရာ များစွာသော ခဲဘွယ်ဘောဇဉ်တို့ကို ဆောင်ငင်ထမ်းပိုးလျက် ပို့လိုက်ကြပါသတဲ့။ ကျောင်းသို့ရောက်လာကအာဟုမမြို့တွင်းသို့ ကိုယ်ချင်းကြွပြီး လူအများအား ပြောကြားသည်မှာ–

"ဥပါသကာ ဒါယကာတို့၊ သင်တို့အထံမှ တပါးသော လက်အမှုကိစ္စကိုတောင့်တပါ၏။ ငါတို့သည် ဆီစသော ဝတ္ထုတို့ကို ဆောင်ယူ ခဲ့သည်ကား သံဃာတော်အား မျှတလောက်ပြီ။ သင်တို့သည် ချက်ပြုတ်ရန်ကိစ္စအတွက် လက်အမှုကို ပေးကြကုန်လော့။ ကျမည်သော အိုးခွက်ယောက်မ စသည်ကိုလည်းယူဆောင်ခဲ့ကြပါကုန်သော" ဟုပြောပြီးအလုံးစုံသော အဆောက်အဦးတို့ကို ယူဆောင်စေခဲ့၍ ကျောင်းဝင်းတွင်ဝယ်ခုံလောက်တို့ကိုပြုလုပ်စေလျက် နက်သော သင်းပိုင် ကိုယ်ရုံတို့ကိုဝတ်ရုံလျက်–

"ဤလို ဤလို ချက်ပြုတ်ကြပါကုန်လော"ဟု

ညဉ့်သုံးယာမ်ပတ်လုံးစီစဉ်ကာ အသပြာ များစွာတို့ကိုစွန့်၍ လက်ကော်ရ ယာဂုပျားသကာတို့ကိုစီရင်စေ၍ပြီးစီးစေ၏။

ယာဂုဆွမ်းကို အလှူမခံယူခြင်း— သုံးလူ့ထီးဘဂဝါသည် နောက်ပါ သံဃာ များစွာနှင့်တကွ၊ ဆွမ်းခံရန်အလို့ငှါ အာတုမမြို့သို့ရွှေရှုကြွသွားတော်မူ၏။ လူအများ ကို ဘုရားဆွမ်းခံကြွသွားတော်မူပြီဟု ပြောကြား သော အခါ အပန်းကြီးစွာ မဲနက်သော သက်နုံးတို့ဖြင့် လက်တဘက်က ယောက်မကို တဘက်က ဟောက်ချိုင့်နှုန်းကို ကိုင်ထမ်းလျက် အပြေးအလွှား လာကာ ဗြဟ္မာအဟန် လကျာ ပုဆစ်ဒူးဝန် တဘက်ကို မြေ၌ထောက်လျက်ရှိခိုးပြီးခါ—

"ပဋိဂ္ဂဏှာတု မေ ဘန္တေ ဘဂဝါယာဂုံ"

ပင့်လျှောက်လေ၏။ သိလျက်သားနှင့်ဘုရားတို့မေးတာ မေးရာ သည်အတိုင်း ငံ့ဆိုင်းကာမေးစစ်ရာ မအပ်သောအဖြစ်ကို ထင် ရှားစေပြီးမှ ကဲ့ရဲ့ရှုတ်ချ မအပ်သော အမှုကို ပြုလုပ်စေရာ— "အကပ္ပိယသမာဒါန သိက္ခာပုဒ်" (ဆတ္တာသည် ဖြစ်ဘူးသော ရဟန်းအား သင်ဓုန်းဘဏ္ဍာကို မဆောင်ရဟူသော သိက္ခာပုဒ်) တို့ကို ပညတ်အုပ်ချုပ်လျက်—

"ငါ့ချစ်သားရဟန်းများတို့ များစွာသော ကမ္ဘာကုဋေ သို့တိုင်တိုင် ဘောဇဉ်အစာအဟာရကို ရှာဖွေရကုန်လျက် လွန်ခဲ့ကြကုန်ပြီ၊ ဤဘောဇဉ်သည် သင် ချစ်သားတို့ အားမစားအပ်၊ မတရားသဖြင့်ဖြစ်သော ဤဘောဇဉ်

များကို စားကုန်သော သူတို့အား များစွာကုန်သော အတ္တဘော အထောင်တို့ပတ်လုံး အပါယ်လေးဘုံတို့၌ သာလျှင်ဖြစ်ကြရကုန်လတံ့။ ဆုတ်ခွါဖယ်ရှားသွားကြကုန်၊ အလှူမခံကြကုန်လင့်”--ဟု

မိန့်တော်မူ၍ ဆွမ်းခံရာသို့ရှေ့ရှုကြွသွားတော်မူ၏။ တပါးသော ရဟန်းမျှလည်း တစုံတခုကို မခံမယူ၊ ခုကာလအလဇ္ဇီပုဂ္ဂိုလ်များ လိုဖြင့် ဂုဏ်ပြိုင်အားကျ ဘယ့်ကလောက် စားလိုက်ဝါးလိုက် ကြမယ်လို့ပလေ။

ပရိယာယ်ကထာ ရှောင်ရှား—

ယခုကာလလို ကြက်သား ဝက်သား ကျွဲသတ်နွားသတ် ဇာတ်သဘင်စသည် မပါသေး၊ဘုရားနှော်၊မတရားသဖြင့်ရှာကြံ ၍ရသော ဆီ ဆား ဆန် ပျားရည်တင်လဲတို့ ပါသေး။ ဆံမုတ် ဆိတ်ကျင်စွယ်တို့ကို ရိတ်ပယ်ခံရသော ရဟန်းပစ္စည်းဥစ္စာ အသ ပြာများစွာလဲပါသေး၏၊ ခုကာလလို မြင်သားကြွားသား ယုံ မှားသားတို့ကိုထင်ရှားစွာသိသာလျှင်ချင်“အနုဇာနာမိဘိက္ခဝေ တိ ကောဋိပရိသုဒ္ဓံ မစ္ဆမံသံ ဒ္ဒါဒီတုံ” ဟူသော ပါဠိတော်မှ ပြန်၍သိ။ မည်သူခေါင်း(တစုံတယောက်၏ဦးဆောင်မှုအောက် တွင် စုပေါင်းဖွဲ့စည်းထားသော အဖွဲ့ငယ်၊ ဥပမာ- ဦးဖြူ၏ ဦးဆောင်မှုအောက်တွင်ရှိသော အဖွဲ့ကို ဦးဖြူခေါင်း- စသည်ဖြင့် ခေါ်ဆိုရသည်)က ကြက်သားကြော်တယ်ကောင်း စသောပရိ ယာယ်ကထာ ဩဘာသ်နိမိတ် အချိတ်အဆက် များ ကိုလည်း သေသေချာချာစဉ်းစား၊ အဲဒီလိုပစ္စည်းမျိုးတွေကြောင့် “ဆရာ မြှောက်လို့လဲ ဒကာမွဲတတ်သည်၊ ဒကာနှောက်လို့လဲ ဆရာလွဲ

တတ်သည်၊ မဲ့မည်လဲ့မည်အလိလိကို ကြံစည်စဉ်းစား သတိထားထင်ရှားပါ၏”ဟု အောက်နားက သတိပေးခဲ့တာ။ မယုံကြသေးဘူးလား။ မယုံလျှင် မယုံကြည်သည့်အတွက်ကြောင့် နေ့ရက်ကမ္ဘာ များစွာတိုး၍ တံပိုးပြန်လျက် အောက်နရက်သို့ သက်ဆင်းကြွတော်မူကြဦး။ “မသိလျှင်သူပုန်၊ မယုံလျှင်ရန်သူ” ဟု သောစကားအရ စတုတ္ထပါရာဇိကဏ် ပါဠိတော်လာ စာမျက်နှာနံပါတ် (၁၂၆)၊ကြောင်းရေ(၂၄)အရ ပုဒ်မစွဲချက် အာဏာစက်။

**အပိစာ**ဟံ န ဗျာကသိ၊ အဟံ **စေ**တံ ဗျာ**က**ရိ၊
ပရေ **စ မေ** န သဒ္ဒဟေယျုံ။ ဟေ **မေ** န သဒ္ဒဟေယျုံ၊
တေ သန္တံ အဿ **ဒီ**ဃရတ္တံ အဟိတာယ ဒုက္ခာယ။

သူဘာဒ်ရဟန်းကြီး နောက်လိုက်များ— သာသနာဖျက် တောထွက် သုဘာဒ်၏ တပည့်သားတွေ အပုံကြီး ပေါများ စည်ကားလှကြလေပြီ။ သည်လိုအမုန်းခံ၍ ပယ်လှန်ခဲ့သော ကိုယ်တော်မြတ်ဘုရားကြီးဟာ ခုကာလ ပြုလုပ်ပုံလို အကုန်အစင်မြင်ပြီးသားမို့ အချို့ပုဂ္ဂိုလ်များက မအပ်ဆိုသောစကားကို သွားကြား ညှပ်သလောက်မျှအားမနာ၊ သွားကြရှာရော့မောင်တို့ အောက်ကို။ အမျှဝေပါ၏။ မကောင်းတာတွေကိုသာသနာဖျက် တောထွက်ရဟန်းကြီးသည် မအပ်သော ယာဂုဆွမ်းကို မလှူဒါန်းရဲသည့်နေ့ရက်ကစပြီး အမျက်ဒေါသ ခုခံလျက်မနှစ်သက်ဘဲဖြစ်နေရာ ဘုရားပရိနိဗ္ဗာန်စံလွန်၍ ခုနစ်နှစ်ရှိပြီဟုကြားမှ “အလံ အာဝုသော

မှာ သောစိတ္တမှာ" စသောရန်ငြိုးစကား အမျက်ပေါ်ပါရော့။ ၎င်းစကားကို အရှင်မဟာကဿပကြီး ကြားသော် နှလုံးသည်းပွတ်ကို ပုတ်ခတ်ရိုက်နှိပ်သကဲ့သို့၎င်းထိပ်ထက်၌ လောင်မီးမိုးကြိုးကျသကဲ့သို့ ၎င်းထင်မှတ်လျက် မရပ်မတည်နိုင်၊ ကြံမှိုင်တွေးတောကာ ဆင်းရဲငြိုငြင်စွာ ပေါ်ထသားအပ်သော မြတ်စွာဘုရားသာသနာတော်၌ ဤလို လူမိုက်စားတပါးမက ထွန်းကားခဲ့က မြတ်စွာဘုရား သာသနာတော်သည် မကြာခင် ဆုတ်ယုတ်ပျက်ပြားရာ၏။

ဤနေရာတွင် လူဝတ်လဲ့ဧေပြိုး ပြာမြေကြီးဖြစ်ကြဲသုတ်စေ၍ သာသနာတော်မှ နှင်ထုတ်ရလျှင် ကောင်းမည်လားဟု စဉ်းစားဆင်ခြင်ပြီး တော်မည်မထင်၍ သင်္ဂါယနာတင်ရန် ဓမ္မသံဝေဂများ ဉာဏ်အကြံထုတ်ပြီး ကုသိနာရုံပြည်သို့ ကြွချီတော် မူခဲ့ရသတဲ့။

မြင်းမြီးဆွဲမောင်ဆန်— ဒီလိုရဟန်းငါးရာကြားက မြင်းမြီးဆွဲဦးဆန္ဒလိုပုဂ္ဂိုလ်စား မပါပေလို့သာ၊ အကယ်၍ပါခဲ့လျှင် ဤနေရာတွင်ရှင်သုဘဒ်ကဖြင့် နှစ်လဘပဘ်ဂွကျသွားရော့မှာဘဲ။ မြင်းမြီးဆွဲ ဦးဆန္ဒကတော့ ဘုရားမှတပါး ဘယ်သူ့စကားကိုမျှ မနာခံ၊ လကျာရုံလက်ဝဲရုံတို့မှစ၍ သာဝကဟူသမျှကို ဘုရားကျွန်ဟု အပြောအဆို ခံကြရသော အာဏာဆန်တဦး အာဇာနည် ပုဂ္ဂိုလ်ထူးပါတကား။ ဤတွင် စကားတရပ်အပြီးသတ်။

ပထမသင်္ဂါယနာတင်ရန်— အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးသည် ဓာတ်တော် ဝေဖန်ရာ သံဃာတော်အစည်းအဝေးခုနစ်သိန်းကျော် အလယ်တွင် ရှင်သုဘဒ်ပြောဆိုသောစကားကို အရင်းထား၍ ပထမ သင်္ဂါယနာတင်ရန် နယုန်လဆန်း(၅)ရက်နေ့ သံဃာတော် တို့အား ပြောကြားတိုင်ပင်တော်မူလေသတည်း။ ပြောဆိုပုံကား—

"အရှင်ဘုရားတို့၊ တပည့်တော်တို့သည် နောက်ပါ သံဃာငါးရာနှင့်တကွ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ လာခဲ့ရာ ခရီးအကြားတွင်နားနေခိုက် အာဇီဝကတက္ကဒွန်းသည် မန္ဒာဝရနတ်ပန်းကိုယူလျက် ရှေ့မှ ရောက်လာရာ ငါတို့ဆရာမြတ်စွာဘုရားကိုသိပါ၏လား"လို့ မေးလိုက်သောအခါ—

"သိပါသည်၊ ပရိနိဗ္ဗာန်စံလို့ ခုနစ်ရက်ရှိပြီ၊ ဤနတ်ပန်းကား ရှင်ဂေါတမ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ ပြည်က ယူခဲ့တာ" ဟု

ပြောဆိုလိုက်သောစကားကို များစွာသော သောတာပန် သကဒါဂါမ် ရဟန်းတို့ကြားလျှင် ပင်ပန်းကြီးစွာ မြေ၌လူးလဲလျက်သည်းစွာငိုကြွေးကြရှာ၏။

ထိုအခါ သုဘဒ်မည်သော တောထွက်ရဟန်းကြီးက—

အလံ အာဝုသော မာသောစိတ္ထ မာပရိဒေဝိတ္ထ စသောစကားဖြင့်၊ ငါ့ရှင်တို့ အကျိုးမရှိ၊ မစိုးရိမ် ကြပါကုန်လင့်၊ မငိုကြွေးကြကုန်သင့်၊ ငါတို့သည် ရဟန်းကြီး

ဂေါတမမှ ကောင်းစွာလွတ်ကြကုန်ပြီ၊ထိုရဟန်းကြီးရှင်ဂေါတမသည် ဤအမှုသည်သင်တို့အားအပ်၏။ဤအမှုကား သင်တို့အားမအပ်ဟူ၍ နိုပ်စက် ကုန်သည်လည်းဖြစ်ဘူးလေကုန်ပြီ။ ယခုအခါ၌ကား ငါတို့သည် အလိုရှိရာအမှုကိုပြုကြရပါကုန်တော့အံ့ဟူ၍ သုဘဒ်ရဟန်းကြီး ပြောဆိုသောစကားကို အစဉ်လျှောက်လျက် အောက်မေ့ သဖြင့်သင်္ဂါယနာတင်ရန် အကြောင်းသည် ထင်ရှား ရှိသည်သာလျှင်တည်း။

အကြင့်ကြောင့် ယုတ်မာသောအလိုရမ္မက် နှိပ်စက် ဖိစီးသောရဟန်းတို့သည် ကွယ်လွန်ပြီးသော ဘုရားရှိ၏ဟူ၍ မှတ်ထင်ကုန်လျက် အလဇ္ဇီ အသင်းအပင်းကိုရ၍ မကြာမြင့်မီသာလျှင် သူတော်ကောင်းတရား တည်းဟူသော ပိဋကတ် သုံးပုံကို ကွယ်ပျောက်စေကုန်ရာ၏၊ အကြင်မျှလောက်သော ကာလပတ်လုံး သုတ် အဘိဓမ္မာ ဝိနည်းတည်းဟူသော ပိဋကတ်သုံးပုံသည် တည်နေနိုင်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားစကားတော်သည် မကွယ်လွန်သေးသော ဘုရားရှိသည် ထင်ရှားဖြစ်ပါ၏။ ထိုစကားသည် မမှားကေန်စင်စစ်မှန်ပါ၏။

ဘုရားမရှိသောအခါ တို့ဆရာ— ချစ်သား အာနန္ဒာ၊ လေးဆဲ့ ငါး၀ါကာလပတ်လုံး သုတ် အဘိဓမ္မာ ဝိနည်း တရားတော်ကို ငါဘုရားသည် ဟောကြားအပ်ပြီးပြီ၊အာနန္ဒာစသော တပည့်သားတို့၏နှလုံး၌ ထားလဲထားအပ်ခဲ့ပြီးပြီ။ ငါဟောသောသုတ် အဘိဓမ္မာ ဝိနည်းသည်

ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ရှိ၏။ ထို ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်ဘုရားရှင်ရှစ်သောင်းလေးထောင် ပင်တည်း။ ယခုအခါ ငါဘုရားတပါးတည်းသာ ပရိနိဗ္ဗာန်ပြုလိမ့်မည်။ ငါကွယ်လွန်သော် ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်တည်းဟူသောဘုရား ရှစ်သောင်း လေးထောင်တို့သည် အာနန္ဒာစသောတပည့်သားတို့အား ဆုံးမ သွန်သင် ပဲ့ပြင်ပေတတ်သော ဆရာဖြစ်ပေလိမ့်မည် ဟု ဟောကြားမှာထားတော်မူပါ။

အရှင် မဟာကဿပ ကြွေးမြီ— ဘုရားတပည့်တော်သည် သုတ်အဘိဓမ္မာ ဝိနည်းတည်းဟူသော ပိဋကတ် သုံးပုံကို အကယ်၍ သင်္ဂါယနာ တင်အပ်သည်ရှိသော် ဤမြတ်စွာဘုရားအဆုံးအမ စကားတော်သည် အဓွန့်ရှည်ကြာတည်ရာသည်။ ငါးသောင်းကြာရှည် တာရှည်လေးမြင့် တည်ခွင့်ရှိသည်ဖြစ်ခဲ့ရာ။ တပည့်တော်သည် ကြံစည် အောက်မေ့အပ်သည်ကား တပါးသော တပည့်သား အရှင်မဟာသာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့နှင့် မဆက်ဆံစေဘဲဒုကုဋ်တော်သင်္ကန်းကို ဆင်မြန်းစေရန် ငါ့အားသာ လဲလှယ်၍ ချီးမြှောက်တော်မူခြင်းကိုခံရခြင်းတရပ်၊ ကိုးပါးသောသမာပတ်ကို အစဉ်အတိုင်း ဝင်စားတော်မူနိုင်သောအရာများ၌ ကိုယ်တော် မြတ်ဘုရားနှင့် ထပ်တူထား၍ ပြောကြား ချီးမြှင့်တော်မူခြင်းတရပ် ဤသို့စသည်ဖြင့် ချီးမြှောက်တော်မူအပ်သမျှသည်။ တပည့်တော်အား ကြွေးမြီဖြစ်၍နေခဲ့လေပြီ။ သင်္ဂါယနာ တင်ခြင်းမှတပါး မြီကင်းရန် အဖြစ်သည် အဘယ်မှာဖြစ်နိုင်ပါအံ့နည်း။

ပမာကား— စကြာဝတေး မင်းကြီးသည် မိမိ၏ချပ်ဝတ်

တန်ဆာ စည်းစိမ်ချမ်းသာကိုပေးသဖြင့် မိမိ၏ အမျိုးအနွယ်ကို တည်စေတတ်သောသားကြီးကို ချီးမြှောက်သကဲ့သို့ ကဿပသည် ငါဘုရား၏သူတော်ကောင်းတည်းဟူသော အနွယ်တော်ကို တည်စေရစ်လိမ့်မည်ဟု သိတော်မူ၍ သူတပါးတို့နှင့် မဆက်ဆံသော ချီးမြှင့်ခြင်းကိုခံရသည်မဟုတ်ပါတုံလော။ ဤသို့ကြံလျက် သင်္ဂါယနာတင်ရန်အကျိုးငှါ ရဟန်းတို့အား အားထုတ်ခြင်းကို ဖြစ်စေ၏။

သင်္ဂါယနာတင်ချိန် ရောက်ပြီ— ဖြစ်စေပုံကား- ငါ့ ရှင်တို့၊ ယခုအခါ ငါတို့သည် ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်ကြကုန်စို့၊ မသူတော်တရား မထွန်းကား မတောက်ပမီ သူတော်ကောင်းတရားမဆုတ်ယုတ် မပျက်ပြားမီ ဝိနည်းမဟုတ်သောတရားသည် မထွန်းကား မတောက်ပမီ ဝိနည်းတရားမပျက်ပြားမီ အဓမ္မဝါဒီ အလဇ္ဇီ မတောက်ပမီ ဝိနည်းတရားမပျက်ပြားမီ အဓမ္မဝါဒီ ဆလဇ္ဇီသူယုတ်များ အားမရှိမီ ဓမ္မဝါဒီ လဇ္ဇီသူမွန်များ အားမနည်းမီ ဝိနည်းမဟုတ်သည်ကို ပြောဆိုပြုလေ့ရှိသော သူယုတ်မာများ မထွန်းကားမီ ဝိနည်းဟုတ်သည်ကိုသာ ပြောဆိုလေ့ရှိသော လဇ္ဇီသူမွန် သီလဝန်များ အားမနည်းမီ ပိဋကတ်သုံးပုံကို သင်္ဂါယနာ တင်ကြကုန်စို့။ ဤသို့သော စကားများဖြင့် ရဟန်းများကို ပြောကြားသိစေ၏။

ထိုအခါ ရဟန်း သံဃာတော် တို့က လျှောက် ထား ကြသည်မှာ—

အရှင်မဟာကဿပ ထိုသို့ သင်္ဂါယနာတင်လိုမူကား အရှင်

ဘုရားသာ သင်္ဂါယနာတင်ခြင်း၌ ရွေးကောက်ပတ်သော ရဟန်းတို့ကို စိစစ်ရွေးကောက်တော်မူပါလော''—ဟုလျှောက်ထားကြကုန်၏။

ရဟန်းတော် ၄၉၉ ပါး ရွေးချယ်ခြင်း—

ထိုအခါ ရှင်မဟာကဿပ မထေရ်သည် အလုံးစုံသော ပိဋကတ် သုံးပုံကို ဆောင်နိုင် ကြကုန်သော အရာအထောင်သိန်းသန်းကုဋေ မရေတွက်နိုင်ကုန်သော ပုထုဇဉ်သောတာပန် သကဒါဂါမိ အနာဂါမိ သုက္ခဝိပဿကရဟန္တာတို့ကို ကြဉ်ရှောင်၍ အလုံးစုံ ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါမဂ္ဂတော ဒါက်ရမဟာနုဘာဝ တေဝိဇ္ဇာဂုဏ်စသော ဂုဏ်တို့နှင့် ပြည့်စုံသော တပါးယုတ်ငါးရာ ရဟန္တာ တို့ကိုသာ ရွေး ကောက်လေ၏။

ထိုအခါ ရဟန်းများက ရှင်မဟာကဿပအားလျှောက်ထားကြသည်ကား—

''အရှင်မဟာကဿပ၊ ရှင်အာနန္ဒာသည် အကယ်၍ သေက္ခ သောတာပန် ဖြစ်သော်လည်း ဂတိလေးပါးကို မလိုက်စား၊ များစွာမြတ်စွာ ဘုရားအထံတော်၌ သုတ် အဘိဓမ္မာ ဝိနည်းတရားတော်ကို သင်ကြားပါ၏။ ထို့ကြောင့် အရှင် မဟာကဿပ မထေရ်မြတ်သည် အရှင်အာနန္ဒာကို ရွေးကောက်စေချင်ပါ၏''ဟု တောင်းပန်

ကြကုန်၏။ ထိုအခါအရှင်အာနန္ဒာပါ ငါးရာပြည့် ရွှေကောက် ပါသတည်း။

**သင်္ဂါယနာတင်ရာဌာန—** ထို့နောက်မှဘယ်ပြည် ဘယ်အရပ်၌ ပိဋကတ်သုံးပုံကို သင်္ဂါယနာ တင်ကြရကုန်အံ့နည်းဟုကြံစည်မေးမြန်းပြီး ရာဇဂြိုဟ်ပြည်ကြီး စရိုးပင်ရောက်ရာလိုဏ်ဝ၌ သင်္ဂါယနာတင်ကြကုန်အံ့ဟု ပိုင်းခြားပြီး တပါးသော ရဟန်းများ ရာဇဂြိုဟ် ပြည်မှာ ဝါမဆိုရန် ဥတ္တိဒုတိယ ကမ္မဝါစာတို့ ရွတ်ဘတ်၍ ရှင်မဟာကဿပ အရှင်အနုရုဒ္ဓါမထေရ်ကြီးနှစ်ပါးတို့သည် ထက်ဝက်စီ သံဃာပိုင်းခြားလျက်တလမ်းတပါး ရာဇဂြိုဟ်ပြည်သို့ ဝါဆိုအမှီလာကြကုန်၏။

**အရှင်အာနန္ဒာ၏သောက—** အရှင်အာနန္ဒာထေရ်ကား မြတ်စွာဘုရား၏ သပိတ် သင်္ကန်းတော်ကို လွယ်ယူကာ သာဝတ္ထိပြည်သို့ လာခဲ့လေ၏။ အရှင်အာနန္ဒာ ရောက်ရာရောက်ရာအရပ်၌ ဒကာ ဒကာမပရိသတ်တို့သည် "အရှင်အာနန္ဒာ မြတ်စွာဘုရားကိုအဘယ်အရပ်မှာ ထားခဲ့၍ တပါးထဲကြွလာတော်မူပါသလဲ" ဟုဝမ်းနည်းကြီးစွာ ငိုကြွေးကြကုန်သောသူတို့အား တရားဟောကာ သက်သာရာကို ရစေလျက် ဇေတဝန်ကျောင်းဘုရားနေရာ ဂန္ဓကုဋိ တိုက်တော်ကို ဖွင့်ပြီး သက်သေ်ထင်ရှားရှိစဉ်အခါကဲ့သို့ တံမြက်တလင်း ရှင်းလင်းသုတ်သင်ခြင်း သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း မျက်နှာသစ်ရေနှင့် တံပူကပ်လှူခြင်းစသော ဝတ်ကို မချွတ်ပြု၍ ချီးရေတည်ရ ာအခါ ဂန္ဓကုဋိတိုက်တော်သို့ သွား၍ ရှိခိုးလျက်—

"ကျေးဇူးတော်ရှင်အရှင်မြတ်ဘုရား၊ဤကားရေသပ္ပါယ်တော် မူအံ့သောအခါ တန်ပြီတကား၊ ဤအခါကား တရား ဟောတော်မူအံ့သောအခါ တန်ပြီတကား၊ ဤအခါကား တပည့်သားတို့အား ဆုံးမအံ့သောငှါ အခါ တန်ပြီတကား၊ ဤအခါကား ခြင်္သေ့မင်း၏ အိပ်ခြင်း ကဲ့သို့ လက်ျာနံတောင်းဖြင့် စောင်းလျက် လျောင်းစက်တော်မူအံ့သောအခါတန်ပြီတကား"

ဤသို့သောစကားကိုဆို၍ ဆို၍ ငိုကာငိုကာပြုသတဲ့။ ထိုသို့ပြုသော အမူအရာကို နတ်တယောက်မြင်လျှင် အရှင် အာနန္ဒာကား ဤသို့ပြုဘိ၏။ တပါးသောသူတို့မှာ ဘယ်သို့လျှင် သက်သာရာကို ရနိုင်ကုန်အံ့နည်းဆိုမှ သံဝေဂတရားကို ဖြစ်ပွားစေသတဲ့။

ဤနေရာတွင် သက်တော်ထင်ရှားရှိသော ရှင်အာနန္ဒာ ကိုယ်တော်မြတ်အလားကဲ့သို့ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို မဖယ်မရှားပြုကျင့်ပုံများလဲ တပည့်သားဟူသမျှတို့ အတုယူကြဘို့ အပုံကြီးသင့်တော်သည်။ ငိုသော်ကားမငိုရ၊ အကယ်၍ ငိုသော်လဲ ကဏ္ဍိကမြင်း ပလဲလဆင်မင်းတို့၏ ဝတ္တုကိုထောက်လျှင်နတ်ပြည်ခြောက်ထပ်ကျိုးကိုဖြင့် ဖိုးဖိုး မောက်မောက် အကျိုးပေးလောက်စရာရှိပါ၏။ ဘာ့ကြောင့်လဲဆိုသော်လဲ—

အမေ အဖေ ဆွေမျိုးဉာတိတဦးဦးသေ၍ ငိုတာနှင့်မတူပေ။ အမေ အဖေစသည်တို့ထက်လဲ အပုံကြီးမြတ်ပေသည်။ သို့အတွက် ဆွေမျိုးသင်္ဂဟ သေတာကို မငိုကြပါနှင့်၊ ဘုရားတွေ့ပရိနိဗ္ဗာန်

ပြုတာကို ငိုကြ။ တနည်း ဘုရားရဟန္တာတွေမှာ မြတ်လွန်းလို့သာ နှမြောသည့်အတွက်ကြောင့် ငိုစရာရှိသည်။ ပရိနိဗ္ဗာန်စံယူပြီးသောပုဂ္ဂိုလ်တို့မှာ ဒုက္ခိတ သတ္တဝါမဟုတ်။ သူသူ ငါငါတွေသာ သေလို့မဆုံး၊ ဒုက္ခိတသတ္တဝါတုံးတွေဖြစ်သောကြောင့် ချုံးချ၍ငိုစရာကောင်းသည်။ ငိုလို့လဲသံသရာဝဋ်မှ မလွတ်သောကြောင့် မဂ္ဂင်ကျင့်များကိုသာ အားထုတ် ဖြည့်ကျင့်ကြပါလေ သူတော်ကောင်းတွေတို့။

အရှင်မဟာကဿပ အတုယူကြ—

တကြောင်းမှာ- အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက ကြွေးမြီတင်သည်ဟုတွေးပုံ၊ ကြွေးမြီဆပ်ပုံ စကားလည်း ယခုကာလတပည့်သားတို့ အားကျဘို့ အပုံကြီး ကောင်းသည်။ အကြောင်းကိုရှာသော် အရှင်မဟာကဿပစသော သာမိ ပရိဘောဂ အင်္ဂဒက္ခိနေယျ ရဟန္တာသားတော်ကြီးတွေမှ သည့်ကလောက်ကျေးဇူးတင်သေးတာကိုး။ သူသူငါငါတွေမှာပြောဆိုစရာမရှိဟု သတိသံဝေဂဉာဏ် ရင့်သန်စေပြီးလျှင် အရှင်မဟာကဿပစသောတပည့်ကြီး သာဝကတို့ နည်းအတိုင်း မမွှာနဲ့မမွေ ကျင့်ဝတ်ပရိယတ်ပဋိပတ်တို့ဖြင့် မပြတ် ပူဇော်ကြရမည်။

ဩြော်— သာသနာတော်မှာ လိမ္မာယဉ်ကျေးသော သူတော်ကောင်းများကတော့လဲ ဝတ်ကိုထိုးလို့ မိုးကိုပျံ ပရိနိဗ္ဗာန်စံယူ။ မိုက်မဲရိုင်းစိုင်းသော မသူတော်တို့မှာလဲ မြေကိုရှိုး၍ မိုးကိုလှန် ကမ္ဘာကိုရက်တွက်လျက် အဝီစိကိုထုတ်ချင်းထိအောင် ထောင်တသက်ခံကြရသည်။ မိမိတို့အရင်းခံ ဥာတိ သတိ ဝိရိယတို့သာ

ဥစ္စာကြီးအစစ် အမြစ်မူလပဌာနဖြစ်ပါတော့သည်တကား သုံးလူ့ထွဋ်ထား မြတ်စွာဘုရား။ ကောင်းရာကိုသာတုကြရော့လေ၊ ဘယ်သူ့ကိုမျှ ကယ်နိုင်မည်မဟုတ်လှချေ။ ယထာဘူတ သံဝေဂ ဉာဏ်ရင့်သန်ဘို့အချက်။

(စကားပြင်မျှကို သိလွယ်ရုံသာ ရေးမည်၊ ပါဠိဘာသာသို့မလိုက်နာ၊ ပါဠိလျှောက်မဟုတ်)။

**သင်္ဂါယနာတင်ရန် ပြင်ဆင်ခြင်း—** အရှင်အာနန္ဒာ မထေရ်သည် သာဝတ္ထိပြည်၌ ကျိုးပဲ့ ပျက်စီးသော ကျောင်းဟောင်းတို့ကို ပြုပြင် စေပြီးခါ ဝါဆိုချိန်နီးလတ်သော် ရာဇဂြိုဟ်ပြည်သို့ ချဉ်းကပ်ကြွလာ၏။ အရှင်မဟာကဿပ အရှင်အနုရုဒ္ဓါ မထေရ်ကြီးနှစ်ပါးတို့သည်လည်း အသီးအသီးရွေးကောက်ပြီးသော ရဟန်းသံဃာကို ခေါ်၍သာ ရာဇဂြိုဟ်ပြည်ဘက်သို့ကြွတော်မူ၏။ ရောက်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ တဆဲ့ရှစ်ရပ်သောကျောင်းတို့ဝယ် မစင်ကြယ်သောအမှိုက်သရိုက်တို့ကိုစွန့်ပစ်၍ အဟောင်းဖြစ်သောကျောင်းတို့ကိုပြုပြင်စေရန်အလို့ငှာ ဝါဆိုလပြည့်ကျော်(၂)ရက် နံနက်စောစော မင်းနန်းတော်တံခါးသို့သွား၍ ရပ်ကြကုန်၏။ အဇာတသတ်မင်းသည် လာရောက် ရှိခိုးပြီးခါ "အရှင်ဘုရားတို့သည် အဘယ်ကိစ္စကြောင့်ကြွလာတော်မူကြပါသနည်း"ဟုမိမိပြုဘွယ်ကို မေးလျှောက်ရာ မထေရ်မြတ်တို့က—

"တဆဲ့ရှစ်ရပ်သောကျောင်းတို့ကို ကောင်းမွန်စွာပြုပြင်စေခြင်းငှာ လက်မှုပညာတတ်သော သူတို့ကို အလိုရှိ၏"

ဟုပြောကြားသိစေကုန်၏။ ထိုအခါ အဇာတသတ်မင်းသည်—

"အရှင်မြတ်တို့ ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် လက်မှုပညာတတ်သော လက်သမားတို့ကို ခေါ်၍ မထေရ်မြတ်တို့ထံ ပေးအပ်လေ၏။ မထေရ်မြတ်တို့သည်တဆဲ့ရှစ်ရပ်သောကျောင်းတို့ကို ကောင်းစွာ ပြုပြင်စေပြီး၍ တဖန် သင်္ဂါယနာတင်ရန် မဏ္ဍပ်အလို့ငှါ ပြောကြား ကြပြန်၏၊ ထိုအခါ အဇာတသတ်မင်းက—

"အရှင်မြတ်တို့၊ အဘယ်အရပ်၌ လျောက်ပတ်စွာပြုရပါအံ့နည်း"ဟု မေးလျှောက်လေသော်မထေရ်မြတ်တို့က—"ဝေဘာရတောင်ယံ၏အနီး စရိုးပင်ရောက်ရာလိုဏ်ဝ၌ ပြုခြင်းငှါ သင့်မြတ်လျောက်ပတ်၏"ဟုပြန်ပြောတော်မူကြကုန်၏၊ထိုအခါ ကောင်းပါပြီဟုဝန်ခံပြီးလျှင် အဇာတသတ်မင်း စီရင်ခင်းကျင်းပုံကား—

**အဇာတသတ်မင်း၏တာဝန်—** ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်သောအလားကဲ့သို့ကောင်းစွာဝေဘန်အပ်သော နံရံတံတိုင်းစောင်းတန်း လှေကားနှင့်တကွ အထူးထူးအပြားပြားသော ခြူးပန်း တို့ဖြင့်လည်း ဆန်းကျယ်ပြည့်စုံစွာ မင်းနန်းတော်၏ တင့်တယ်ခြင်း ဂုဏ်အသရေကို ပြက်ရယ်ပြုဘိသကဲ့သို့ငင်း၊ ကြက်သရေဂုဏ်တို့၏ စုပုံတည်နေရာကဲ့သို့ငင်း နတ်လူတို့၏ မျက်စိ တည်းဟူသောငှက်အပေါင်းတို့၏ တပေါင်းတည်းဆုံကြရာ ရေဆိပ်ကဲ့သို့ငင်း၊လူတို့၏ မွေ့လျော်ဘွယ်အပြစ်ဟူသမျှကို တပေါင်းတည်း စုပုံလျက် ပြည့်စုံစွာထားဘိသကဲ့သို့ငင်း ရှုဘွယ်ဘနန်း ထူးဆန်းတင့်ဘယ်သော တန်ဆာတို့

ဖြင့် ဆင်ယင်အပ်သော မင်္ဂလာမဏ္ဍပ်ကို ဆောက်လုပ်စေ၍ အထူးထူးအပြားပြားတွဲရရှိဆွဲထားအပ်သောဆွဲပန်းတို့ဖြင့်ပြိုးပြိုး ပြက်ပြက် တခဲနက် ထွက်သစ် နေဝန်းကဲ့သို့ရင်း တင့်တယ်နှစ် သက်ဘွယ် ထူးဆန်းသော ဝိတာန် မျက်နှာကြက်တို့ဖြင့်လည်း ကူးယှက်သော ရတနာတို့ဖြင့် ဆန်းကျယ်စွာခင်းကျင်းအပ်သော ပတ္တမြားအပြင်ကဲ့သို့ အထူးထူး အပြားပြားသော ပန်းပူဇော် ခြင်းတို့ဖြင့် ဆန်းကျယ်ကောင်းမွန်စွာ ပြီးစေအပ်သောမြေအပြင် ဗြဟ္မာမင်း၏ဗိမာန်နှင့်တူသော မဟာမင်္ဂလာမဏ္ဍပ်ကို တန်ဆာ ဆင်လျက် ထိုမင်္ဂလာမဏ္ဍပ်၌ငါးရာကုန်သော သင်္ဂါယနာတင် ရဟန်းတို့အား အပ်ကုန်သော အဘိုး အတိုင်းမသိ ထိုက်ကုန် သော အခင်းတို့ကိုခင်းကျင်းစေ၍ တောင် အရပ်ကို ကျောပြု မြောက်အရပ်ကိုရှေ့ရှုကာ မထေရ်တို့၏ နေရာကို ခင်းကျင်းပြီး ထိုမဏ္ဍပ်အလယ် တင့်တယ်ဘွယ် မြတ်စွာဘုရား တည်းဟူသော တရားမင်းတို့သာ နေခြင်းငှါ ထိုက်သော တရားဟော ပလ္လင်ကို အရှေ့အရပ်ကို ရှေ့ရှုပြင်ဆင်လျက် ထိုပလ္လင်ဝယ် ဆင်စွယ်ဖြင့် စီ ခြယ်အပ်သောယပ်ကို ကိုင်ထားပြီး၍-

"အရှင်ဘုရားတို့အကျွန်ုပ်ပြုလုပ်အပ်သောကိစ္စပြီးပါပြီ" ဟု ရဟန်းသံဃာအား လျှောက်ထားလေ၏။ ထိုအခါ အချို့ သော ရဟန္တာတို့သည် အရှင်အာနန္ဒာကို သတိပေးလို၍—

"ငါ့ရှင် အနန္ဒာ၊ နက်ဖန်ခါ ရဟန္တာ မထေရ်မြတ် ပရိသတ် အစည်းအဝေးသည် ဖြစ်လတံ့၊ သင်သည်သာ ချွင် သောတာပန် သေက္ခ ပါဝင်သည်၊ ပြုအပ်သော

အထက်မဂ်ကိစ္စရှိသေး၏၊ ထို့ကြောင့် အရှင်အာနန္ဒာအား ရဟန္တာအစည်းအဝေးပရိသတ်သို့ ချဉ်းကပ်ခြင်ငှါ မသင့်မြတ်လှ၊ မမေ့မလျော့ မပေါ့သော လုံ့လဝီရိယသည်ဖြစ်ဘိလော့”ဟု သတိပေးစကားပြောကြားကြကုန်၏။ ထိုအခါအရှင်အာနန္ဒာသည် နက်ဖန်ရဟန္တာမထေရ်မြတ် ပရိသတ်အစည်းအဝေးဖြစ်လတ့်၊ ငါသည် သောတာပန် သေက္ခသာဖြစ်လျက် ရဟန္တာပရိသတ် ကပ်ခြင်းငှါ မသင့်မြတ်။

**ဝီရိယလွန်သော အရှင်အာနန္ဒာ——** ဤသို့ကြံပြီးကာ များစွာသော နေ့ညဉ့်ပတ်လုံး ကာယဂတာ သတိပဋ္ဌာန်ဖြင့် နေ့ညဉ့်ကို လွန်စေ၍ စင်္ကြံသွားလျက် အားထုတ်ပါသော်လည်း အထက်မဂ်ဖိုလ်ဘုရားထူးသို့ကူးမြောက်ခြင်းငှါ မစွမ်းနိုင်ရကား ဤသို့ကြံစည်စဉ်းစား၏။

“ငါတို့မြတ်စွာဘုရားသည် ချစ်သားအာနန္ဒာ သင်ကား ပြုဘူးခဲ့သော ကောင်းမှုကုသိုလ်ထူးရှိ၏။ ကမ္မဋ္ဌာန်းကို သာစီးဖြန်းပွားများ အားထုတ်ပါလော၊ လျင်မြန်စွာ ရဟန္တာဖြစ်လတ့်”ဟူသောစကားကို မှာထားတော်မူခဲ့၏။ မြတ်စွာဘုရားတို့၏ စကားတော်ဟူသည် ချွတ်ချော် မှားယွင်းသည်ဟူ၍ ဘယ်တော့မှ မရှိ။ ငါ့အား အားထုတ်လွန်သောဝီရိယရှိ၏။ ထို့ကြောင့် ငါ၏ စိတ်သည် ပျံ့ လွင့်သတည်း။ ယခုအခါ ငါသည် ဝီရိယနှင့် သမာဓိ မျှအောင်သာ အားထုတ်ပါအံ့”ဟု ကြံ၍—

စကြံမှသက်ဆင်း၍ခြေဆေးရာ အင်ပျဉ်၌ရပ်လျက် ခြေနှစ်ဘက်တို့ကိုရေဆေးပြီးခါ ကျောင်းတွင်းသို့ဝင်လာ၍ ညောင်စောင်း ခုတင်ထက်ဝယ် ထိုင် လျက် အတန်ငယ် အပန်းဖြေအံ့ဟုကြံ၍ ကိုယ်တော်ကို စောင်းညွှတ်လိုက်လေ၏။

ရဟန္တာဖြစ်ပုံထူး— ခြေတော်နှစ်ဘက်တို့သည် မြေမှအလွတ် ဦးခေါင်းတော်သည်လည်း ခေါင်းအုံးသို့မကျရောက်မီ ဤအကြား၌ အရိယာပုတ်လေးပါးမှလွတ်ကင်းလျက် ရဟန္တာဟူသော ကေရာဇ်မင်းအဖြစ်သို့ရောက်လေ၏။

အရှင်အာနန္ဒာ ရဟန္တာအဖြစ်သို့ရောက်သည်ကား ဝါခေါင်လပြည့်ကျော် (၄)ရက် ကြာသပတေးနေ့တည်း။ (၅)ရက်သောကြာနေ့သို့ ရောက်လျှင် စည်းဝေး၍ သင်္ဂါယနာတင်၏။ ဝါခေါင် လပြည့်ကျော် (၅)ရက်နေ့သို့ရောက်လျှင် သင်္ဂါယနာတင်ရန် ငါးရာ့တပါးယုတ်ကုန်သော ရဟန္တာ မထေရ်မြတ်တို့သည် ဆွမ်းဘုဉ်းပေးပြီးသော် စည်းဝေးတော်မူကြကုန်၏။

အရှင် အာအနန္ဒာ မထေရ်မြတ် သည်ကား မိမိ ကိုယ်ကို အရဟတ္တဖိုလ်သို့ရောက်သည်၏အဖြစ်ကို သိစေလို၍ ရဟန္တာတို့နှင့်အတူ ကြွတော်မမူ ကြွင်းသော ရဟန္တာ မထေရ်မြတ်တို့သည် သိတင်းကြီးစဉ်အတိုင်း ထိုင်နေတော်မူကြကုန်လတ်သော် အရှင်အာနန္ဒာ၏နေရာကို ချန်ထားတော်မူကြကုန်၏။

အရှင်အာနန္ဒာမထေရ်ကား အဘယ်သို့ သွား သ နည်း ဟု အချို့သော မထေရ်ကြီး တို့က မေး ကြ လတ် သည်။ အရှင်အာနန္ဒာသည် သွားအံ့သောအခါ တန်ပြီဟု ကြံစည်တော်မူ၍

မြေ၌ဝပ်လျှိုးပြီးခါ မိမိနေရာ၌ပေါ်လာလေ၏။ ဤသို့ အရှင်အာနန္ဒာသည် မိမိနေရာ၌ရောက်လာလတ်သော် အရှင်မဟာကဿပမထေရ်မြတ်ကြီးက ကြွင်းသော ရဟန္တာမထေရ်မြတ်တို့အား ပြောကြားသိစေအပ်သည်ကား—

**အရှင်မဟာကဿပ ကောင်းချီးပေး—** ငြေဩ်- အရှင်အာနန္ဒာ၏ ရဟန္တာ ဖြစ်ခြင်းကား အလွန်တင့်တယ် လျောက်ပတ်ပေစွတကား၊ ဥပမာအားဖြင့် အညာမှလွတ်သောထန်းသီးမှည့်ကဲ့သို့ရင်းကမ္ဗလာနီအပြင်၌တင်ထားအပ်သော ပတ္တမြားအစစ်ကဲ့သို့ရင်း တိမ်တိုက် ကင်းသော ကောင်းကင်ဝယ်တင့်တယ်စွာထွန်းလင်းသော လမင်းကဲ့သို့ရင်း နေရောင်ခြည်ထိသဖြင့် ပွင့်ဘိသော ဝတ်ဆံဝတ်မှုန်တို့ဖြင့် ပြည့်စုံသော ပဒုမ္မာကြာပန်းကဲ့သို့ရင်း ထွန်းလင်း တောက်ပပေ၏။

အကယ်၍ဘုရားမြတ်စွာသည် သက်တော်ထင်ရှားရှိပါမူကား အရှင်အာနန္ဒာအား မချွတ်ကေန်ကောင်းချီးပေးရာ၏။ယခုအခါ အရှင်အာနန္ဒာအား ဘုရားမြတ်စွာပေးတော်မူအပ်သောကောင်းချီးကို ငါလျှင်ပေးအံ့ဟုဆို၍ သုံးကြိမ်တိုင်တိုင်ကောင်းချီးသာဓုချီးမွမ်းခြင်းကိုပြုတော်မူသတတ်။ အရှင်အာနန္ဒာသည် ရဟန္တာမဖြစ်မီကပင် ပရိသတ်လေးပါး အလယ် အလွန် တင့်တယ်သော ယောကျ်ားထူးဖြစ်ပါသည်။ ထိုအခါ အရှင်မဟာကဿပမထေရ်ကြီးက မထေရ်မြတ်အပေါင်းတို့အား—

"ငါ့ရှင်တို့၊ သုတ္တန် ဝိနည်း အဘိဓမ္မာဟု ပိဋကတ်သုံးပါးရှိရာ အဘယ်တရားကို ရှေးဦးစွာသင်္ဂါယနာတင်ကြကုန်အံ့နည်း"—ဟုမေးရာတွင်ကြွင်းသောရဟန္တာမထေရ်တော်မြတ်တို့က—

ဝိနည်းသည် သာသနာတော်၏အသက်--

"ငါ့ရှင်ကဿပ၊ဝိနည်းတရား မည်သည်ကား သာသနာတော်၏အသက်တည်း၊ ဝိနည်းပိဋကတ်သည် တည်သည်ရှိသော် သာသနာသည် ရှည်မြင့်စွာ တည်ရာပါ၏။ ထို့ကြောင့်ဝိနည်းဒေသနာကို ရှေးဦးစွာ သင်္ဂါယနာ တင်ကြကုန်စို့" ဟုလျှောက်ထားကြကုန်၏။ ထို့နောင် တဖန် "အဘယ်ပုဂ္ဂိုလ်ကို အကြီးပြု၍ ဝိနည်းကို သင်္ဂါယနာတင်ရအံ့နည်း"ဟု ရှင်မဟာကဿပမထေရ်ကြီးက မေးတော်မူပြန်သော်—

"ဥပါလိထေရ်အရှင်သည် ဘုရား ရှိတော် မူစဉ် ဝိနည်းတေဒဂ်ရတော်မူသည်နှင့်အညီ အရှင် ဥပါလိမထေရ်ကို အကြီးအမှူးဥက္ကဋ္ဌ ပြုလုပ်မေးမြန်း၍ ဝိနည်း ပိဋကတ်ကျမ်းဝင်ဟူသမျှကို သင်္ဂါယနာ တင်ကြကုန်စို့" ဟု လျှောက်ထားကြကုန်၏။ ထို့နောင်မှ—

အရှင်မဟာကဿပ မထေရ်ကြီးသည် မေးအံ့သောငှါ ဉတ္တိဒုတိယကမ္မဝါစာဖြင့်မိမိကိုယ်ကိုသမုတ်၏။ အရှင်ဥပါလိမထေရ်သည်လည်း ဝိနည်းကိုဖြေဆိုအံ့သောငှါ ဉတ္တိဒုတိယကမ္မဝါစာဖြင့်ပင်မိမိကိုယ်ကိုသမုတ်၏။ သမုတ်ပြီးမှ အရှင်ဥပလိကိုယ်တော်

ဝတ်စမွေါယ်ရုံတင်သည်ကို ပြုလျက် မထေရ်ကြီးတို့ကို ရှိသေစွာ ဖြင့်ပြီးသောယပ်ကိုကိုင်ကာ တရားဟောပလ္လင်ထက်၌ထက်ဝက် မြတ်သည် နေရာမှထလတ်၍ လက်ဝဲတဘက်ပခုံးထက်၌ ကိုယ် တင်ပြင်ခေ့ထိုင်နေလေ၏။

ဝိနည်း၊ပိဋကတ် သင်္ဂါယနာတင်ခြင်း— ထိုအခါအရှင်မဟာကဿပမထေရ်သည် သံဃာတေရ်နေရာဝယ် ရှိသေစွာ ထိုင်နေလျက်အရှင်ဥပါလိမထေရ်ကိုပထမသိက္ခာပုဒ်၏ ဝတ္ထု၊နိဒါန်းပုဂ္ဂိုလ်မူလပညတ် အနုပညတ်အာပတ္တိဝါရ အနာပတ္တိဝါရတို့ကိုမေး၏။ မေးတိုင်းမေးတိုင်းကို အရှင်ဥပါလိ မထေရ်ကဖြေဆို၏။ ထိုနည်းတူစွာ ဒုတိယ တတိယ စတုတ္ထ သိက္ခာပုဒ်တို့ထိုမေး၏၊ မေးတိုင်းမေးတိုင်းကိုဖြေဆိုပြီးလျှင် ဤ လေးပါးသော သိက္ခာပုဒ်ကို ပါရာဇိကကဏ္ဍဟု ရည်မှတ်ပိုင်းခြား တသတ်ထား၍ ငါးရာကုန်သော ရဟန္တာတို့သည် တပြိုင်နက် ပေါင်းဆုံပြီးခါ ညီညီညာညာရွတ်ဘတ်မှတ်ထားကြကုန်၏။

၁။ ဤနည်းတူစွာ မေးကာဖြေကာ တဆဲ့သုံးပါး သော သံဃာဒိသိသ်သိက္ခာပုဒ်တို့ ထေရသကဏ္ဍဟု ရည်မှတ် ပိုင်းခြား ရွတ်၍ထားကြကုန်၏။

၂။ နှစ်ပါးသောသိက္ခာပုဒ်တို့ကို အနိယတတို့ဟူ၍ ရွတ်ဆို ပိုင်းခြားသားကြကုန်၏။

၃။ သုံးဆယ်သော သိက္ခာပုဒ်တို့ကို နိဿဂ္ဂိယပါစိတ်တို့ဟူ၍ ရွတ်ဆိုပိုင်းခြားထားကြကုန်၏။

၄။ ကိုးဆဲ့နှစ်ပါးသော သိက္ခာပုဒ်တို့ကို သုဒ္ဓပါစိတ်တို့ဟူ၍ ရွတ်ဆိုပိုင်းခြားထားကြကုန်၏။

၅။ လေးပါးသော သိက္ခာပုဒ်တို့ကို ပါဋိဒေသနီတို့ ဟူ၍ ရွတ်ဆိုပိုင်းခြားထားကြကုန်၏။

၆။ ခုနစ်ဆဲ့ငါးပါးသော သိက္ခာပုဒ်တ်ကိုသေခိယ တို့ဟူ၍ ရွတ်ဆိုပိုင်းခြားသားကြကုန်၏။

၇။ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထတို့ဟူ၍ ရွတ်ဆိုပိုင်းခြားထားကြကုန်၏။

ဤသို့သောနည်းလမ်းဖြင့် မဟာဝိဘင်းကျမ်းသည် ဆုံးခန်းတိုင်မြောက်ပြီးဆုံးခြင်းသို့ရောက်သတည်း။ ဤနည်းတူစွာ မေးကာဖြေကာ ငါးရာကုန်သော ရဟန္တာတို့သည် ညီညီညာညာ သာသာယာယာ တပြိုင်နက် ရွတ်လျက် ဘိက္ခုနီ ဝိဘင်း ကျမ်း မဟာဝဂ္ဂခန္ဓက စူဠဝဂ္ဂခန္ဓက ပရိဝါခန္ဓက တည်းဟူသော ဝိနည်းပိဋကတ်အဝင်အပါ သင်္ဂါယနာတင် ကျမ်းတို့ ကိုလည်း ဆုံးခန်းတိုင်မြောက် အပြီးသို့ ရောက်စေကုန်သတည်း။

ဤသို့ဝိနည်းပိဋကတ်ကို သင်္ဂါယနာ တင်ပြီးသည်၏အဆုံး၌ အရှင်ဥပါလိမထေရ်သည် တရားဟောသလ္လင်ထက်မှ ဆင်းသက်၍ မထေရ်ကြီးတို့ကိုရှိခိုးပြီးခါ မိမိနေရာ၌ထိုင်နေလေ၏၊ထို့နောက် တဖန် သုတ် အဘိဓမ္မာကို သင်္ဂါယနာတင်ဘို့ရာ အရှင်မဟာကဿပမထေရ်ကြီးက မေးတော်မူသည်မှာ—

"ငါ့ရှင်တို့၊ သုတ် အဘိဓမ္မာတရားကို သင်္ဂါယနာ တင်ရာ၌ အဘယ်ပုဂ္ဂိုလ်ကို အကြီးထား၍ သင်္ဂါယနာ တင်လိုကြသနည်း— ဟု မေးမြန်းတိုင်ပင်ရာ အရှင်အာနန္ဒာကို ညွှန်ကြားကြကုန်၏။

ထိုအခါ အရှင်မဟာကဿပမထေရ်ကြီးသည်သုတ်အဘိဓမ္မာကိုမေးရန် မိမိကိုယ်ကို ဉတ္တိ ဒုတိယကမ္မဝါစာဖြင့်သမုတ်၏၊ ပြီးသောအခါ နေရာမှထ၍ လက်ဝဲဘက်ပခုံးထက်၌ ကိုယ်ဝတ်သင်္ကန်းရုံစမ္ပါယ်တင်လွှမ်းလျက် မထေရ်ကြီးတို့ကိုရိုသေစွာ ရှိခိုးပြီးခါ တရားဟောနေရာဝယ် ဆင်စွယ်ယပ်ကို လိုင်လျက် ထိုင်နေလေ၏။

သုတ္တန် ပိဋကတ် သင်္ဂါယနာ တင်ခြင်း— ထိုအခါ ရှင်မဟာ ကဿပမထေရ်ကြီးက ဗြဟ္မဇာလသုတ်၏ နိဒါန်းကိုရင်း၊ ပုဂ္ဂိုလ်ကိုရင်း ဝတ္ထုကိုရင်းမေး၏။ မေးတိုင်းမေးတိုင်းလည်း အရှင်အာနန္ဒာက ဖြေဆိုတော်မူ၏၊ ဤနည်းတူစွာ သာမညဖလသုတ်စသော နိကာယ်ငါးရပ်ပိဋကတ်နှစ်ပုံကိုစုံစုံလင်လင်စီကာစဉ်ကာ တသတ်တသတ် ပိုင်းခြားလျက် ငါးရာကုန်သော ရဟန္တာတို့သည် ညီညီညာညာ သာသာ ယာယာ သင်္ဂါယနာတင်ကြကုန်၏။

ဒီဃနိကာယ်အဝင်အပါ ကျမ်းကား သုတ်သီလက္ခန် ပါဠိတော်သုတ် ပါထေယျပါဠိတော် သုံးကျမ်းတို့ပါတည်း။ သုတ်ပေါင်းအရေအတွက် အပိုင်းအခြားအားဖြင့် သုံးဆဲ့လေးသုတ်ရှိ၏။

၁။ မဇ္ဈိမနိကာယ်အဝင်အပါကျမ်းကား–
မူလပဏ္ဏာသပါဠိတော်၊ မဇ္ဈိမပဏ္ဏာသပါဠိတော် ဥပရိပဏ္ဏာသပါဠိတော် သုံးကျမ်းတို့သာတည်း။ သုတ်ပေါင်းအရေအတွက် အပိုင်းအခြားအားဖြင့် တရာ့ငါးဆယ့်နှစ်သုတ် ရှိသည်။

၂။ သံယုတ်နိကာယ်အဝင်ပါကျမ်းကား–
သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မဟာဝဂ္ဂ သံယုတ် ပါဠိတော် ငါးကျမ်းတို့သာလျှင်တည်း။ သုတ်ပေါင်း အရေအတွက်အပိုင်း အခြား အားဖြင့် ခုနစ်ထောင့် ခုနစ်ရာခြောက်ဆယ့်နှစ်သုတ် ရှိသည်။

၃။ အင်္ဂုတ္တရနိကာယ်အဝင်အပါကျမ်းကား-
ဧကင်္ဂုတ္တရနိကာယ်ပါဠိတော်၊ ဒုက၊တိက၊စတုက္က၊ပဉ္စက ဆဋ္ဌ၊ သတ္တ၊ အဋ္ဌက၊ နဝ၊ ဒသ၊ဧကာဒသင်္ဂုတ္တရနိကာယ်ပါဠိတော်အားဖြင့် တဆဲ့တကျမ်း တို့သည်သာလျှင်တည်း။ သုတ်ပေါင်းအရေအတွက် အပိုင်း အခြား အားဖြင့် ကိုးထောင့်ငါးရာ ဆယ်ခုနစ်သုတ် ရှိသည်။

၄။ ခုဒ္ဒကနိကာယ် အဝင်အပါကျမ်းကား–
ခုဒ္ဒကပါဌပါဠိတော်၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ် သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ (ထေရဂါထာ+ထေရီဂါထာ)ပါဠိဇာတ် (မဟာနိဒ္ဒေသ+စူဠနိဒ္ဒေသ)

ပဋ္ဌိသမ္ဘိဒါမဂ်၊ (ထေရာပဒါန်+ထေရပဒါန်)၊ ဗုဒ္ဓဝင်၊စရိယာပိဋကတ်၊ ပေဋကောပဒေသ ပါဠိတော်ဟူ၍ ပါရာဇိကကဏ်အဋ္ဌကထာအရ တဆဲ့ငါးကျမ်း၊ (နေတ္တိကျမ်းကို ချန်လိုဟန်ရှိသည်)။ မိလိန္ဒပညာ ပါဠိတော်မှာ နောက်မှ ရှင်နာဂသိန် ရဟန္တာဟောသော ကျမ်း၊ နေတ္တိပါဠိတော်ကား ဘုရား ရှိစဉ် အခါ ရဟန္တာရှင်ကစ္စည်းဟောသောကျမ်း။

၅။ ထို့နောင် ဓမ္မသင်္ဂဏီပါဠိတော်၊ ဝိဘင်း၊ မာတိကာ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ဆယ်ကျမ်း၊ ပဋ္ဌာန်းပါဠိတော် နှစ်ဆဲ့လေးကျမ်းတို့ကိုလည်း—

မေးကာဖြေကာ အရှင်မဟာကဿပနှင့် အရှင်အာနန္ဒာတို့ပြုပြီးမှ တတတ်တသတ် ပိုင်းခြားမှတ်သားလျက် ငါးရာကုန်သော ရဟန္တာအရှင်မြတ်တို့ တညီတညွတ်ရွတ်ဆိုကာ သင်္ဂါယနာတင်ကြသည်ကား ခုနစ်လတိုင်မှ သင်္ဂါယနာတင်ခြင်းကိစ္စ ပြီးစီးကြပါသတဲ့။

မြေငလျင်လှုပ်ခြင်း— နှစ်သိန်းလေးသောင်း အတုရှိသော ဤမဟာမြေကြီးသည် ကောင်းချီး သာဓုခေါ်ဝေါ်ခြင်းအမှုကို ပြုသကဲ့သို့ အကြိမ်များစွာ အောက်ရေအပြင်ထိအောင် ခုန်၍ခုန်၍တုန်လှုပ်ခြင်း အောက်သို့လည်းကောင်း အထက်သို့လည်းခုန်လျက် တုန်လှုပ်ခြင်း ယောဉ်ပုခက်လွဲသကဲ့သို့ အရှေ့အနောက် တောင်မြောက် မျက်နှာ လကျာ လက်ဝဲ

နဲ့ကာနဲ့ကာတုန်လုပ်ရပါသတဲ့။ ထိုမှတပါး များစွာ ကုန်သော အံ့ဘွယ်သူရဲတို့ကိုလဲ **မ**ဖြစ်ဘူးမြဲထူးကဲလှစွာ ထင်ရှား ဖြစ်ပေါ် လာကြပါသတဲ့။ ဤကား ပထမ သင်္ဂါယနာတင်ခြင်းနှင့် စပ် လျဉ်းသောစကား အမြွက်မျှ သာလျှင်တည်း။

ယခုကာလ ပရိတ်ရွတ်ပုံ **သ**ရဏဂုံပေးရာ ကမ္မဝါဘတ်ကြ ဒါ့ထက် ဆထက်ကုဋေအသင်္ချေမက အပုံကြီး ကောင်းကြပါ **မ**ည်လို့ **နော်**။ **ဩော်**- မဖြစ်ဘူးမြဲ ထူးကဲလှ**စွာ** ရင်မ**လက်**တီး အံ့ချီးဘွယ်ကောင်းလေစွ၊ သာဓု သာဓု သာဓု။ ကြွင်း ကျန် သောစကားရပ်ကို ဆက်စပ်၍ ဖော်ပြလိုက်ပါဦးအံ့။

ခုဒ္ဒကနိ**ကာ**ယ်-- နိကာယ်ငါးရပ်တို့တွင် **ခု**ဒ္ဒကနိကာ**ယ်**အဝင် အပါကျမ်းစုကား ဝိနည်း ငါးကျမ်း အဘိ ဓမ္မာခုနစ်ကျမ်း၊ပြခဲ့ပြီးသော ခုဒ္ဒကပါဌစသော သင်္ဂါယနာတင် ကျမ်းတို့ကိုပါအစိတ်အစိတ်ယူ၍ နေတ္တိ မိလိန္ဒပဉှာ ကျမ်းနှစ် **ကျ**မ်းတို့နှင့်တကွ ကျမ်းပေါင်း သုံးဆဲ့သုံးကျမ်းရှိသည်။

ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်— ပိဋကတ်အားဖြင့်လည်း သုတ္တန်ပိဋကတ် က သာ၍များသည်။ ဓမ္မက္ခန္ဓာအားဖြင့် ရေတွက် ပိုင်းခြား သော်ကား ဝိနည်း ပိဋကတ်အရာ၌ **မ**ာတိကာ ပဒဘာဇနီဝတ္ထု **အ**န္တရာပတ္တိဝါရ အနာပတ္တိဝါရ တိကိစ္ဆေဒဟူ၍ပြား**ရာ**— ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော စသော အကျဉ်း သင်္ခေပ

မာတိကာမျိုးကို ဓမ္မက္ခန္ဓာတပါးစီယူ၊ ယောပနာတိ- ယောယာဒိသော စသော ပဒဘာဇနီမျိုးကို ဓမ္မက္ခန္ဓာတပါးစီယူ၊ ရှင်သုဒိန် ရှင်ဓနိယစသော ဝတ္ထုစကားပြင်မျိုးကို ဓမ္မက္ခန္ဓာတပါးစီယူ။ ပညတ်ရင်းသိက္ခာပုဒ်သို့မရောက်မီ အကြားအကြား၌ဖြစ်သော ပဋိလာဘံ ဥက္ခိပတိ အာပတ္တိ ဒုက္ကဋဿစသော အန္တရာပတ္တိ ဒုက္ကဋ္ဌဝါရစသည်ကို ဓမ္မက္ခန္ဓာ တပါးစီယူ အနာပတ္တိ အဇာနန္တဿ စသော အနာပတ္တိဝါရမျိုးကို ဓမ္မက္ခန္ဓာ တပါးစီယူ။

ဒသာဟာတိက္ကန္တေ အတိက္ကန္တသညီ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ဒသဟာတိက္ကန္တေ ဝေမတိကော နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ဒသာဟာတိက္ကန္တေ အနတိက္ကန္တသညီ နိဿဂ္ဂိယံ ပါစိတ္တိယံ စသော တိကပါစိတ္တိ တိကဒုက္ကဋဝါရမျိုးကို ဓမ္မက္ခန္ဓာတပါးစီယူ။ အဘိဓမ္မာပိဋကတ်၌ တခုတခုသောကိတ် ဒုက်ကိုဝေဘန်ရာ စိတ္တုပ္ပါဒကဏ္ဍစသောအပြားကို ဓမ္မက္ခန္ဓာတပါးစီယူ။ သုတ္တန် ပိဋကတ်အရာ၌ကား ဧဝံ မေသုတံ အစ အဇ္ဈာဘာသိ အဆုံးရှိသော တခုသောနိဒါန်း၊ တောဒိသာနိကတ္ဘာနစသောနိဂုံးဖြင့် သိမ်းကြုံး ရေတွက်အပ်သောတသုတ်တသုတ်ကို ဓမ္မက္ခန္ဓာ တပါးစီယူ။ နိဒါန်းနိဂုံးဟူသမျှကိုပထမ သင်္ဂါယနာတင် အရှင်ဥပါလိ အရှင်အာနန္ဒာမထေရ်မြတ်တို့ အကြောင်းအကျိုးစပ်အောင်ရွတ်ဆို ထည့်ထားကြသည်။ ဘုရားဟောမဟုတ်။ ဘုရားဟောကား အသေဝနာစ ဗာလာနံကစ၍ဖုဋ္ဌဿလောကဓမ္မေဟိ ဂါထာအဆုံးဆယ်ဂါထာသာတည်း။ ဗဟူဒေဝါ ဂါထာကား နတ်သားက တရားဟောတောင်းသောဂါထာ။ ဂါထာကား—

၁။ ကတိစ္စိဒ္ဒေ ကတိဇဟေ၊ ကတိစုတ္တရိ ဘာဝယေ။
ကတိသင်္ဂါတိ ဂေါဘိက္ခု၊ ဩတိဏ္ဏောတိ ဝုစ္စတိတိ။
စသည်ကဲ့သို့အခမေးပုစ္ဆာ တဂါထာကို မမ္မကွန္ဒာတပါး
စီယူ။

၂။ ပဥ္စဆိဒ္ဒေ ပဥ္စဇဟေ၊ ပဥ္စ စုတ္တရိ ဘာဝယေ။
ပဥ္စသင်္ဂါတိ ဂေါ ဘိက္ခု၊ ဩဃတိဏ္ဏောတိ ဝုစ္စတိတိ။
စသည်ကဲ့သို့အဖြေဂိသဇ္ဇနာဂါထာကို မမ္မကွန္ဒာတပါး
စီယူ။

ဤသို့သောနည်းဖြင့် ရေတွက် လတ်သော်မမ္မကွန္ဒာပေါင်းရှစ်သောင်းနှင့်ဈေးသောင်ရှိသည်။ သာဓကေ အထောက်သက်သေကား လျှောက်ရသော်—

ဒွါသီတိ ဗုဒ္ဓတောဂဏှိံ၊ ဒွေ သဟဿာနိ ဘိက္ခုတော။
စတုရာသီတိ သဟဿာနိ၊ ယေ မေဓမ္မာ ပဝတ္တိနော‌တိ။

ဟူသော အရှင်အာနန္ဒာ ဖြေဆိုသောဂါထာကို ထောက်၍သိ။ ၎င်းဂါထာကို ဂေါပကအမည်ရှိသောပုဏ္ဏားသည် ရှင်အာနန္ဒာကား ဗဟုသုတများသည်ဟု ကျော်စောသင်ရှား၏။ အဘယ်မျှလောက်သောတရားတို့ကို အရှင်အာနန္ဒာ၏ ဆရာဘုရားသည် ထားခဲ့သနည်းဟုမေးရကား အရှင်အာနန္ဒာက ဖြေကြားသော ဂါထာ။ အနက်မြန်မာပြန်ကား—

ဘော့ာပြဟ္မဏ၊ ဂေါပကဟု နာမထင်ငြား အိုပုဏ္ဏား။ ဒွါသီတိ သဟဿာနိ၊ ရှစ်သောင်းနှစ်ထောင်ကုန်သော မမ္မကွန္ဒာတို့ကို။

ဗုဒ္ဓတော၊ မြတ်ဘုရားအထံတော်မှ။ အဟံ၊ ငါ အာနန္ဒာဆရာသည်။ ဂဏှိ - ဥဂ္ဂဏှိ၊ သင်ယူဘူးပြီ။ ဒွေ သဟဿာနိ၊ နှစ်ထောင်ကုန်သော ဓမ္မက္ခန္ဓာတို့ကို။ ဘိက္ခုတော၊ အရှင်သာရိပုတ္တရထံတော်မှ၊ အဟံ၊ သည်။ ဥဂ္ဂဏှိ ၊သင်အံနှုတ်တက်ဆောင်ရွက်မှတ်သား သင်ကြား ဘူးပြီ။ ယေ ဓမ္မာ၊ စတုရာသီတိသဟဿာနိ၊ ဓမ္မက္ခန္ဓာနိ၊ အကြင်ရှစ်သောင်း လေးထောင်ကုန်သော ဓမ္မက္ခန္ဓာတရားစုတို့ကို။ မေ၊ ငါ အာနန္ဒာ၏။ဟဒယေ၊ နှလုံးတွင်း။ ပဝတ္တိနော၊ ထင်ရှားဖြစ်အောင် နှုတ်တက်အာဂုမ်ဆောင်အပ်ကုန်ပြီ။ ဣတိ၊ သို့။ ဝိသဇ္ဇေသိ၊ ဖြေကြား ပြန်ပြောလိုက်၏။ (ဤကား ဓမ္မက္ခန္ဓာအားဖြင့် ပိုင်းခြား ရေတွက်ပုံ)။

အင်္ဂါအားဖြင့် ကိုးပါး— ၎င်းဓမ္မက္ခန္ဓာတရားတို့ကို ကိုးပုံ ပိုင်းခြားလျက် အင်္ဂါအားဖြင့် ရေတွက်သော်ကား သုတ္တ၊ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ-ဟူ၍ အင်္ဂါအားဖြင့် ကိုးပါးရှိ၏။ ထိုကိုးပါးတို့တွင်—

၁။ ဥဘတောဝိဘင်း နိဒ္ဒေသ မဟာဝါ စူဠဝါ ပရိဝါ ခန္ဓက မင်္ဂလသုတ် ရတနသုတ် နာဠကသုတ် တုဝဋ္ဋက သုတ် ထိုမှတပါး သုတ်အမည်ရသော မြတ်စွာဘုရား၏ စကားတော်ကို သုတ္တခေါ်ပါသည်။

၂။ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်ကဲ့သို့သော ဂါထာစုဏ္ဏိယနှစ်ပါး ရောယှက်၍ ဟောကြားသော ဘုရားစကားတော်ကိုဂေယျခေါ်ပါသည်။

၃။ အမေးပုစ္ဆာထုတ်ပြီးခါမှ ထိုအမေးကို ဖြေဆိုခြင်းငှါ စုဏ္ဏိယ သက်သက်ဖြင့်သာ ဟောတော် မူအပ်သော အဘိဓမ္မာခုနစ်ကျမ်း ဓမ္မစကြာ စသည်တို့ကဲ့သို့သော ဘုရားဟောဒေသနာကို ဝေယျာကရိုင်းဟုလည်း ခေါ်သေး၏။

၄။ ဓမ္မပဒ ထေရဂါထာ ထေရီဂါထာ သုတ္တနိပါတ်၌လာသော သုတ္တိကဂါထာစသည်တို့ကို ဂါထာ ခေါ်ပါသည်။

၅။ ဝမ်းမြောက်သောဉာဏ်ဖြင့် ပြီးသော အနေကဇာတိ သံသာရံ စသောဂါထာကဲ့သို့ ရှစ်ဆယ်သော သုတ္တန် ဂါထာ ဒေသနာမျိုးကို ဥဒါန်းခေါ်ပါသည်။

၆။ ဝုတ္တံ ဟေတံ ဘဂဝတာ စသောနည်းဖြင့် လာသော တရာ့နှစ်ပါးသောသုတ်တို့ကို ဣတိဝုတ်ခေါ်ပါသည်။

၇။ အပဏ္ဏကဇာတ်အစရှိသော ငါးရာ့ငါးဆယ်ဇာတ်ငယ် တို့ကို ဇာတကခေါ်ပါသည်။

၈။ အံ့ဘွယ်သူရဲ မဖြစ်ဘူးမြဲသော ကျေးဇူးဂုဏ်နှင့် ယှဉ် သဖြင့် ချီးမွမ်းစကား ဟောကြားသမျှ တရားတို့ကို အဗ္ဘုတဓမ္မခေါ်ပါသည်။

၉။ စူဠဝေဒလ္လသုတ် မဟာဝေဒလ္လသုတ် သမ္မာဒိဋ္ဌိသုတ် သက္ကပဉှာသုတ် သင်္ခါရဘာဇနီယသုတ် မဟာပုဏ္ဏမ သုတ် စသည်တို့ကဲ့သို့သော အဘိဉာဏ် နှစ်သက်ခြင်းကို

ရ၍ မေးအပ်ဖြေအပ်သမျှ သုတ္တန်ဒေသနာကို ဝေဒလ္လ ခေါ်ပါသည်။ ဤကား အင်္ဂါကိုးပါး ပိုင်းခြားရေတွက်ပုံ။

## နိကာယ်ငါးရပ်

၎င်းအင်္ဂါကိုးပါးကို ငါးပုံ ပိုင်းခြားလျက် နိကာယ်အားဖြင့် ရေတွက်ပုံကား— ဒီဃနိကာယ်၊ သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒနိကာယ်ဟူ၍ ငါးပါးရှိ၏။ ထိုငါးပါးတို့တွင်—

၁။ သုတ်သုံးကျမ်းကို ဒီဃနိကာယ်ခေါ်သည်။
၂။ ပဏ္ဏာသသုံးကျမ်းကို မဇ္ဈိမနိကာယ်ခေါ်သည်။
၃။ သံယုတ်ငါးကျမ်းကို သံယုတ္တ နိကာယ်ခေါ်သည်။
၄။ အင်္ဂုတ္တရဆဲ့တစ်ကျမ်းကို အင်္ဂုတ္တရ နိကာယ်ခေါ်သည်။
၅။ ကြွင်းကျန်သမျှ ပြခဲ့ပြီးသား သုံးဆဲ့သုံးကျမ်းကို ခုဒ္ဒ နိကာယ်ခေါ်သည်။

(ဤကား နိကာယ်အားဖြင့်ပိုင်းခြားရေတွက်ပုံ)

**ပိဋကတ်သုံးပုံ**

ပိဋကတ်အားဖြင့် ရေတွက်ပိုင်းခြားသော်ကား—

ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်၊ သုတ္တန်ပိဋကတ် ဟူ၍ သုံးပါးသာရှိ၏။ ထိုသုံးပါးတို့တွင်—

၁။ ဝိနည်းငါးကျမ်းကို ဝိနည်းပိဋကတ်ခေါ်သည်။
၂။ အဘိဓမ္မာခုနစ်ကျမ်းကို အဘိဓမ္မာ ပိဋကတ်ခေါ်သည်။
၃။ ဝင်းဆဲ့နှစ်ကျမ်းမှ ကြွင်းကျန်သမျှ နိကာယ်ငါးရပ်လုံးကို သုတ္တန်ပိဋကတ်ခေါ်သည်။

(ဤကား ပိဋကတ်အားဖြင့်ပိုင်းခြားရေတွက်ပုံ)

**ပထမ ဗုဒ္ဓဝစန**

တနည်း- ပထမဗုဒ္ဓဝစန၊ မဇ္ဈိမဗုဒ္ဓဝစန၊ ပစ္ဆိမဗုဒ္ဓဝစနအားဖြင့် သုံးပုံခွဲခြား တွက်ပြသော်ကား။

အနေကဇာတိ သံသာရံ- သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။ ဟူသော ဥဒါန်းဂါထာတော်ကို ရှေးဦးစွာ ဘုရားဖြစ်လျှင်ဖြစ်ခြင်းကျူးရင့်သောစကားမို့ ပထမ ဗုဒ္ဓဝစနခေါ်ပါသည်။

**ပစ္ဆိမ ဗုဒ္ဓဝစန**

ပရိနိဗ္ဗာန်စံဝင်မည့်ဆဲဆဲတွင် အကျဉ်းချုပ်စကား မှာထားခဲ့သော—

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ ဟူသော စကား

တော်ကို အဆုံးစွန် ဟောကြားသော စကားတော် ဖြစ်လို့မို့ ပစ္ဆိမဗုဒ္ဓဝစန ခေါ်ပါသည်။

၎င်းစကား နှစ်ပါးကို ချန်ထား၍ လေးဆဲ့ငါးဝါကာလ ပတ်လုံး ဟောကြားသမျှ ဘုရား စကားတော်ကို မဇ္ဈိမဗုဒ္ဓဝစန ခေါ်ပါသည်။

၁။ ယသ္မာ၊ အကြင်ကြောင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲငြိုငြင် ပင်ပန်းလှ၏။ တသ္မာ၊ ထို့ကြောင့်။ ဂဟကာရံ၊ ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်လာသော တဏှာယောကျ်ား လက်သမားကို။ ဝဝေသန္တော၊ ဉာဏ်ဖြင့်မွေ့၍ ရှာဖွေသော ငါဘုရားလောင်းသည်၊ အနိဗ္ဗိသံ—အနိဗ္ဗိသန္တော၊ နင့်ကိုမြင်နိုင် သဗ္ဗညုတဉာဏ်မဏ္ဍိုင်ကို မပိုင်ရသေးသော ကြောင့်သာလျှင်။ အနေကဇာတိသံသာရံ၊ ဘဝများစွာ သံသရာကာလပတ်လုံး။ သန္ဓာဝိဿံ—သံသရိံ၊ တပြောင်းပြန်ပြန် ကြိမ်ဖန်ခါများ မရပ်နားဘဲ ပြေးသွားကျင်လည်ရလေပြီ။

၂။ ဂဟကာရက၊ ခန္ဓာအိမ်ကို အကြိမ်များစွာ ပြုပြင်လာသော ဟယ်— တဏှာယောကျ်ားလက်သမား။ တံ၊ နင့်ကို။ ဒိဋ္ဌော၊ ပညာစက္ခု သဗ္ဗညုဖြင့် ယခု မြင်အပ်ပြီးသည်။ အသိ၊ ဖြစ်လတ်ပြီ။ ပုန၊ တဖန်။ ဂေဟံ၊ အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို။ နကာဟသိ၊ နင်မပြုရလတံ့။ တေ၊ နင့်ကို။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဖာသုကာ၊ အချင်နံရံ အမာခံပမာ ကိလေသာတို့ကို။ ဘဂ္ဂါ၊ အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် ချိုးဖဲ့ ဖျက်

ဆီးအပ်ကုန်ပြီးပြီ။ မေ၊ ငါဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ ဝိသင်္ခါရံ၊ ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့။ ဂတံ၊ အာရုံပြုသောအားဖြင့်ရောက်ပြီ။ တဏှာနံ၊ တဏှာဟုဆိုအပ်ကုန်သော ကိလေသာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ၊ ရောက်ပြီ။ တနည်း ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ရပြီ သိပြီ။

ဤဂါထာတော်ဝယ် အဓိပ္ပါယ်အကျဉ်းမှုရင်းကား သံသရာဒုက္ခတပါး၊ဝိမုတ္တိရသခေါ်သော အရဟတ္တဖိုလ်ချမ်းသာတပါး။

၃။ ဘိက္ခဝေ၊ သံသရာစခန်းကန္တာလမ်းဝယ် ပင်ပန်းကြီးစွာ အိုနာသေရေး ဒုက္ခဘေးတို့ဖြင့် တဖြေးဖြေး ဆွေးမြေ့၍ တရွေ့ရွေ့ သေဆုံး ကြရကုန်သော ဘုန်းကြီးကလေးတွေတို့။ ဟန္ဒ ဒါနိ၊ ယခုပရိနိဗ္ဗာန်စံဝင်မည့်ဆဲဆဲအခါ၌။ ဝေါ၊ သင်တို့အား။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ အာမန္တယာမိ၊ သိကြစေရန် အဆုံးစွန်မှာ တရားစကားကို မှာထားတော် မူခဲ့မည်။ ကိံ အာမန္တယာမိ၊ အဘယ်ပုံမှာထားသိစေအံ့နည်းဟူမူ။ သင်္ခါရာ၊ရုပ်နာမ်နှစ်ဖြာ သင်္ခါရတရားဟူသမျှတို့သည်။ ဝယဓမ္မာ၊ မရဏဓာတ် သေမင်းခေါ်သည့်သေခြင်းတရား ဘင်္ဂက္ခဏတပါးသာ အဆုံးရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့သော သတိဝီရိယဉာဏ်ပညာ အဆင်အခြင်နှင့်။ တုမှေ၊ သင်တို့သည်။ သမ္ပာဒေထ၊ပြည့်စုံလုံလောက် သဘောပေါက်အောင် အခေါက်အပြန်ပြန် ကြံဖန်ကြည့်ရှု သတိပြု၍ ဖြည့်စုအားထုတ် ရစ်ကြကုန်လော။

ဤဒေသနာဝယ် ဝယဓမ္မာဖြင့် သဝေထိုး သရေသေကိုပြဆို

တော်မူသည်။ ဥဘဏ်အားဖြင့် ဘင်္ဂဥဘဏ်ကို လက်ညှိုးညွှန်တော်မူသည်။

ပိဋကတ်သုံးပုံ အလယ်သားကိုမဆိုထားပါဘိ။ အာဒိ အန္တ စကားတော်နှစ်ခွန်းဖြင့်ပင် ရှင်ရဟန်းကိစ္စ ပြည့်စုံ လုံလောက်သဘောပေါက်နိုင်စရာရှိပါသည်။ ဘာ့ကြောင့်ဆိုသော် သာသနာတော်ကို အကျယ် ဟောကြား၍ ထားတော် မမူကြသော ဝိပဿီ သိခီ ဝေဿဘူမြတ်စွာဘုရားသုံးဆူတို့မှာ—

## ဩဝါဒပါတိမောက် (၃) ဂါထာ

၁။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

၂။ ခန္တီပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

၃။ အနူပဝါဒေါ အနူပဃာတော ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

ဟူသောဩဝါဒပါတိမောက် ဂါထာဖြင့်ပင် ရဟန်းကိစ္စ ပြီးစီးကြသောကြောင့်ပါ။ ပိဋကတ်သုံးပုံကို နှစ်ပုံခွဲ ပိုင်းခြားရေတွက်ပြန်သော် ဓမ္မ+ဝိနယဟူ၍ နှစ်ပါးသာ ရှိသည်။ ထိုနှစ်ပါးတို့တွင်—

ဝိနည်းငါးကျမ်းပါဠိတော်တည်းဟူသော ဝိနည်း ပိဋကတ်ကို ဝိနယခေါ်သည်။ ကြွင်းကျန်သော ပိဋကတ်တော်နှစ်ပုံကို ဓမ္မခေါ်ပါသည်။

ဆိုခဲ့သမျှ ပြခဲ့ပြီးသား ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်းလေးထောင် အင်္ဂါအားဖြင့်ကိုးပါး နိကာယ်အားဖြင့်ငါးပါး ပိဋကတ်အားဖြင့် သုံးပါး အာဒိမဇ္ဈ အဝသာန စကားအားဖြင့် သုံးပါး ဓမ္မဝိနယအားဖြင့် နှစ်ပါး တရားဟူသမျှတို့သည် ဝိမုတ္တိ ရသခေါ်သော အရဟတ္တဖိုလ်ချမ်းသာတပါး။ စိတ်လုံးကို ထိန်းသိမ်းဆုံးမမှုတပါးဟူ၍သာ မှတ်သားကြရာသည်၊ ဤနှစ်ပါးမှ လွတ်ပေလျှင် "သေ" အတိုင်းသာ ခံကြစို့။

အကျဉ်း အဓိပ္ပါယ်ကား— သဝေထိုးကြီး သေခြင်း ဆိုး အတိုင်းသာခံကြစို့ဟု ကိုယ်တော်တို့ကို တိုင်ပင် ညှိနှိုင်းလိုက်ပါသည်ဘုရား။ သဘောတူကြပြီး မဟုတ်ပါလား။ သင်ပုန်းကြီး စာထဲမှာ "သေ"ဟူသော အက္ခရာနှစ်လုံးဟာအဆိုးဆုံး၊ မတတ်သာလျှင် "လံ၊ လား"တို့ကမှ ကမ္ဘာဝေလျှင် လွတ်ပေသေး၏။

၁။ ယဿတ္ထာယ ကုလပုတ္တာ ပဗ္ဗဇန္တိ အဂါရသ္မာ။
တဒတ္ထံ လဗ္ဘမာနာယ အာရာဘိဿာမ ပဓာနံ။

၁။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ အတ္ထာယ၊ အကျိုးငှါ။ ကုလပုတ္တာ၊ အာစာရကုလပုတ္တ၊ အမျိုးကောင်းသား မြတ်စွာဘုရားသားတော် တို့သည်။ အဂါရသ္မာ၊ အိမ်ရာ တည်ထောင်လူတို့ဘောင်မှ။ နိက္ခမိတွာ၊ ရှောင်ထွက်ပြီး၍။ ပဗ္ဗဇန္တိ၊ ရှင်ရဟန်းပြုကြကုန်၏။ တဒတ္ထံ၊ ထိုအရဟတ္တဖိုလ်အကျိုးကို။ လဗ္ဘမာနာယ၊ ရကြဘို့အလို့ငှါ။ ပဓာနံ၊ အရဟတ္တဖိုလ်ကိုရကြောင်း

ကမ္မဋ္ဌာန်း ကောင်းတခုကို၊ မယံ၊ ငါတို့သည်။ (တပည့်တော်တို့သည်) အာရဘိဿာမ။ ပွားများအားထုတ်ကြကုန်စို့။

သာသနာတော်ကိုမှီ၍ အထက်နတ်ပြည် ဗြဟ္မာ့ပြည်၌ တည်နေဆဲဖြစ်သော သောတာပန်စသောအရိယာ နတ်ဗြဟ္မာတွေက တပည့်တော်တို့ ကိုယ်တော်မြတ်တို့ကို နတ်ဗြဟ္မာဘုံမှာ တွေ့ဆုံဇာတ်ပေါင်းကြရန် အတန်တန်ခေါ်ဝေါ်ပြောဆိုသော အာလပိတ မန္တနဂါထာစုတို့ကား-

၁။ အဘိဿုံခံ အတိဿန္တံ၊ နိဗ္ဗာနံ အဘယံဌာနံ။
ဧထ ဂမ္ဘာမ မာရိသာ၊ မဂ္ဂနာဝါယ သံသာရာ။

၂။ အဇာတိ မဇရာဗျာဓိ၊ အမတံ နိဗ္ဗာနံ ဌာနံ။
ဧထ မုတ္တာမ မာရိသာ ဟတ္ထန္တရာ မရဏဿ။

၃။ လာပါ လာကြပါ ဉာတကာ၊ သာထာ သာထာပါ ခုချက်ခြင်း။
စိတ်ကြံခိုင်ဌာန်လို့ မနေရာ၊ နိဗ္ဗာန် နိဗ္ဗာန်သို့လိုက်ခဲ့စမ်း။

ဘုရားဟော ဒေသနာတော်၌သော်မှ သာမည ဂါထာတွေပါသေးသည့်အတွက် အနက်ကိုပဋ္ဌာနထား၍ သာမညသာ ရေးသားလိုက်ပါသည်။

အပ္ပံဝါ ဗဟုံဝါ ဘာသသား၊ အတ္ထံ ဃေဝ မေ ဗြူဟိ။
အတ္ထေနေဝ မေ အတ္ထော၊ ကိံ ကာဟသိ ဗျဥ္ဇနံ ဗဟုံတိ။

ဟုလျှောက်ထားသော အရှင် သာရိပုတ္တရာ စကားနှင့်အလားထပ်တူ မှတ်ယူတော်မူကြပါ။ အဘိမ္မော ဘာဝနာ အရာမှာ အနက်သာလျှင်ပဋ္ဌာန။

၁။ မာရိသာ၊ ငါနှင့်အတူ ကျွတ်တမ်းယူမည့် အို-သူတော်ကောင်းအပေါင်းတို့။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်ပြည်မြတ်ကြီးသည်ကား။ အဘိဿုခံ၊ အလွန်တရာ ချမ်းသာလှပါပါ၏။ အတိဿန္တံ၊ အလွန်တရာ ငြိမ်သက် ငြိမ်းအေးလှပါ၏။ အဘယံ၊ ဘေးခပ်သိမ်းတို့မှ ကင်းဝေးရာ ဖြစ်ပါသော။ ဌာနံ၊ ဓာတ်ထူး ဓာတ်မြတ် အရပ်တသီး ဌာနကြီး တခုပါပေတည်း။ မာရိသာ၊ ငါနှင့်အတူ ကျွတ်တန်းယူမည့် အို— သူတော်ကောင်းအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ ဧထ၊ လာလိုက်ခဲ့ကြပါကုန်။ သံသာရာ၊ ခန္ဓာအာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာမှ။ မဂ္ဂနာဝါယ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော သင်္ဘောလှေဖေါင်ဖြင့်။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်ပြည်မြတ်သို့။ မယံ၊ ငါတို့သည်။ ဂမ္မာမ၊ သွားကြကုန်စို့။

၂။ မာရိသာ၊ တို့။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်ပြည်မြတ်ကြီးသည်ကား။ အဇာတိံ၊ ပဋိသန္ဓေနေခြင်းမှ ကင်းရာအစစ်လည်းဖြစ်တော်မူပါပေ၏။ အဇရံ၊ အိုရခြင်းမှ ကင်းရာ အစစ်လည်းဖြစ်တော်မူပေ၏။ အဗျာဓိံ၊ ဖျားနာခြင်းမှကင်းရာ အစစ်လည်းဖြစ်တော်မူပါ၏။ အမတံ၊ သေခြင်းကင်းရာ ဖြစ်တော်မူပါသော။ ဌာနံဓာတ်ထူးဓာတ်မြတ် အရပ်တသီး ဌာနကြီး တခုပေတည်း။ မာရိသာ၊ တို့။ တုမှေ၊ တို့သည်။ ဧထ၊ လာလိုက်ခဲ့ကြပါကုန်။ မရဏဿ၊ သေရခြင်းတည်းဟူသောမရဏမင်းကြီး၏။ ဟတ္ထန္တရာ၊ လက်အတွင်းမှ။ မယံ၊ ငါတို့သည်။ မုတ္တာမ၊ လွတ်အောင်ပြေး၍ ဝေးကြပါကုန်စို့။

(မြန်မာဘာသာဂါထာမှာ သီသာထင်ရှားပါပြီ။)

**ဒုတိယသင်္ဂါယနာ—** အရှင်မဟာကဿပ အစရှိသောရဟန္တာမထေရ်ငါးရာတို့သည် ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်ပြီး၍ သူတော်ကောင်း တရားတော်ကို ခပ်သိမ်းသောအရပ်မျက်နှာတို့၌ ထွန်းလင်းစေပြီးလျှင် မိမိတို့ အသက်အပိုင်းအခြားအတိုင်းတည်နေတော်မူကြကုန်လျက် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော ပရိနိဗ္ဗာန်ဓာတ်ဖြင့် ဆီမီးဇာ ဆီကုန်ခန်းမီးလျှံကဲ့သို့ ပရိနိဗ္ဗာန်စံဝင်တော် မူကြကုန်၏။ (ဤကားပထမသင်္ဂါယနာတင်နှင့် စပ်သောစကား) ထို့ နောင် သာသနာသက္ကရာဇ် အနှစ်တရာ လွန်သော် ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် ဆယ်ပါးသော အဓမ္မဝတ္ထုတို့ကို ပြုလုပ်ပြောဆိုကြကြသောကြောင့် သုသုနာဂမင်း၏သား ကာလာသောကမင်းလက်ထက် အရှင်ယသ ရဟန္တာ မထေရ်ကို အကြီးထား၍ ခုနစ်ရာသောရဟန္တာ မထေရ်မြတ်တို့သည် အရှင်မဟာ ကဿပတို့နည်းတူ ဝေသာလီပြည် ဝါဠုကာရုံ၌ သင်္ဂါယနာတင်၍ သာသနာတော်ကို သုတ်သင်ခြင်းကား ရှစ်လတိုင်မှ ကိစ္စတုံး၍ ပြီးဆုံးကြကုန်လတံ့။ (ဤကား ဒုတိယသင်္ဂါယနာတင်ခြင်း)

**ရှင်မဟာမောဂ္ဂလိပုတ္တတိဿလောင်း--** ဤသို့ ဒုတိယ သင်္ဂါယနာတင်ပြီးလျှင် ရဟန္တာအရှင်မြတ်တို့သည် နောင်အခါ ဤသို့သဘောရှိသော သာသနာ တော်ဘေးရန်သည်ဖြစ်လတံ့ လောဟု အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုပြန်သော်ဤဒုတိယသင်္ဂါယနာတင်သောနှစ်မှတရာ့တဆဲ့ရှစ်နှစ်မြောက်ရောက်သောအခါပါဋ္ဌလိပုတ်ပြည်၌သီရိဓမ္မာသောကမင်းသည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို သိမ်းကြုံး၍ ကေရာဇ်မင်းပြု

လုပ်လတံ့။ ထိုအခါလာဘ်ပူဇော်သကာကို တောင့်တကြကုန်လျက် သာသနာတော်၌ ရဟန်းပြုပြီးလျှင် တိတ္ထိတို့သည် မိမိတို့၏ အယူကိုပြောပြကြကုန်လတံ့။

ထိုအခါသာသနာတော်၌ ကြီးမားသောဘေးရန်သည် ဖြစ်လတံ့ဟူသောအကြောင်းကို ကောင်းကောင်းကြီး မြင်တော်မူကြကုန်သည်ဖြစ်၍ သာသနာတော်ကို သုတ်သင်နိုင်လောက်သော ပုဂ္ဂိုလ်ထူးကိုခြောက်ထပ်နတ်ရွာဗြဟ္မာပြည်နှစ်ဆယ်တွင် အဘယ်သူစွမ်းနိုင်အံ့နည်းဟု စုံစမ်းရှာဖွေ ကြည့်ရှုတော် မူကြကုန်လေသော် တိဿအမည်ရှိသော မဟာဗြဟ္မာကြီးကို မြင်ကြကုန်ပြီး၍ ရဟန္တာမထေရ်များတို့သည် ဗြဟ္မာပြည်သို့ ကြွသွားပြီး တိဿဗြဟ္မာကြီးအား လူ့ပြည်သို့ဆင်း၍သုံးလူ့မင်းသာသနာကိုကြာရှည်စွာတည်စေပြီး ချီးမြှောက်ရန် အလို့ငှါ ဝန်ခံပါမည့်အကြောင်းတောင်းပန်သည့်ကာလ ဝန်ခံချက်ရပြီးမှ လူ့ပြည်သို့ဆင်းကြွတော်မူကြသတဲ့၊

ထိုအခါ ပဋိသမ္ဘိဒါပတ္တတိပိဋကရေ ဆဠာဘိညာတော်ဝိဇ္ဇာဂုဏ်တို့နှင့်ပြည့်စုံသောအရှင်သိဂ္ဂဝ အရှင်စန္ဒဝဇ္ဇိတရဟန္တာပဥ္စင်းငယ်ကလေးနှစ်ပါးတို့အား တိဿမဟာ ဗြဟ္မာမင်းကြီးသည် လူ့ပြည်သို့ဆင်းပြီး မောဂ္ဂလိပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေမှီးလျက်ကြီးရင့်လာသောအခါ ထိုသတိုးသားကို တပါးက ရှင်ရဟန်းပြုတပါးက မြတ်စွာဘုရားစကားတော်ကို သင်ပေးရမည်ဟူသောစကား ဖြင့်ဒဏ်ထားကြပြီးမှ ခုနစ်ရာကုန်သော ရဟန္တာမထေရ်တို့သ ၌လည်း မိမိတို့အသက်အတိုင်း တည် နေ တော် မူကြပြီး

မိုးပုံကြီးတွေငြိမ်းသကဲ့သို့ ဘ၀ဇာတ် သိမ်းတော်မူခြင်းငှါ ပရိ နိဗ္ဗာန်ခွင်စံ၀င်တော်မူကြ ပါကုန်တော့တယ်။

တတိယသင်္ဂါယနာ— ၎င်းနောက် သာသနာတော်နှစ် နှစ်ရာသုံးဆဲ့ ခြောက်နှစ်အတွင်း သိရိမေ့ာသောကမင်းကြီးလက်ထက် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ရဟန္တာမထေရ်၏အသက် ခုနစ်ဆဲ့နှစ်နှစ် ရောက်လာသောအခါ ပါဋ္ဋလိပုတ်ပြည် အသောကာရုံ ကျောင်းတော်ကြီး၀ယ် သာသနာတော်မှတပါးသော အယူရှိကုန်သောတိတ္ထိပေါင်း ခြောက်သောင်းတို့ကို သာသနာတော်မှ နှင်ထုတ်ပြီး ကြွင်းကျန်သော သာသနာတော်ထမ်း ရဟန်းစစ် ခြောက်သန်းထဲက တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇစသော ဂုဏ်တို့နှင့်ပြည့်စုံလုံလောက်တော်မူကြကုန်သော ပါမောက္ခသခင်ရဟန္တာ အရှင် တထောင်တို့ကို ရွေးကောက်၍ ပိဋကတ်သုံးပုံကို အရှင်မဟာကဿပ အရှင်ယသ တို့နည်းအတူ သင်္ဂါယနာတင်တော်မူကြ သည်ကား ကိုးလတိုင်မှ ကိစ္စတုံးပြီးဆုံးခြင်းသို့ ရောက်တော်မူကြကုန်လေကုန်၏။

(ဤကား တတိယသင်္ဂါယနာတင်ခြင်း)။

သင်္ဂါယနာတင်ခြင်းသည် ပထမ သင်္ဂါယနာ ဒုတိယ သင်္ဂါယနာ တတိယသင်္ဂါယနာဟူ၍ သုံးကြိမ်၊ ၎င်းတွင်ပထမ သင်္ဂါယနာအရှင်မဟာ ကဿပ အမှူးရှိသော ရဟန္တာ၅၀၀ ငါးရာတို့ တင်သောကြောင့် ပဉ္စသတိက သင်္ဂါယနာဟုခေါ်သည်။ ဒုတိယကို အရှင်ယသအမှူးရှိသောရဟန္တာ၇ခုနစ်ရာတို့ တင်သောကြောင့် သတ္တသတိကသင်္ဂါယနာဟုခေါ်သည်။တတိယကို အရှင်မောဂ္ဂလိပုတ္တတိဿအမှူးရှိသော ရဟန္တာတထောင်တို့ တင်သောကြောင့်

သဟာယ်ကသင်္ဂါယနာဟုခေါ်သည်။ (သင်္ဂါယနာ တင်ခြင်းဟူသည်ပေါင်းဆုံ၍တပြိုင်နက် တချက်တည်းညီညီညာညာသာသာယာယာရွတ်ခြင်းပင်တည်း။)

ကိုးတိုင်း ကိုးဌာန သာသနာပြု—

တတိယ သင်္ဂါယနာ တင်ပြီးနောက် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ရဟန္တာသည် နောင်အခါ သာသနာတော်သည် အဘယ်အရပ်၌ကောင်းစွာတည် ပါမည်နည်းဟု ရှာမှီးကြံစည်ပြန်သော် ပစ္စန္တရစ်ဇနပုဒ်တို့၌ တည်အံ့သောအကြောင်းကို ကောင်းစွာမြင်လတ်သော်— ရဟန္တာမထေရ်တို့ကိုခေါ်၍ ကိုးတိုင်း ကိုးဌာနသို့ အသီးအသီး သကသက သာသနာ တည်စေရန် စေလွှတ်တော်မူ၏။ ထိုဌာနတို့တွင်—

၁။ မဇ္ဈန္တိကထေရ်ကိုအကြီးထား၍ငါးပါးသော ရဟန္တာထေရ်တို့ကိုကသ္မီရမည်သော ဂန္ဓာရတိုင်း တရုပ်ပြည်သို့စေလွှတ်တော်မူ၏။

၂။ မဟာရေဝတထေရ်ကို အကြီးထား၍ ငါးပါးသော ရဟန္တာထေရ်တို့ကို မဟိံသ မည်သော အန္ဓကတိုင်း အပြင် ကျေးကုလားပြည်သို့ စေလွှတ်တော်မူ၏။

၃။ ရက္ခိတထေရ်ကိုအကြီးထား၍ ငါးပါးသော ရဟန္တာတို့ကို ဝနဝါသီအရပ်သို့ စေလွှတ်တော်မူ၏။

၄။ ယောနကဓမ္မရက္ခိတထေရ်ကို အကြီးထား၍ ငါးပါးသောရဟန္တာတို့ကို အပရန္တတိုင်းသို့စေလွှတ်တော်မူ၏။

၅။ မဟာဓမ္မရက္ခိတထေရ်ကိုအကြီးထား၍ ငါးပါးသော ရဟန္တာထေရ်တို့ကို မဟာရဋ္ဌတိုင်းသို့ စေလွှတ်တော်မူ၏၊

၆။ ဓမ္မရက္ခိတထေရ်တို့အကြီးထား၍ ငါးပါးသောရဟန္တာ တို့ကိုယုန်းသေးပြည်သို့ စေလွှတ်တော်မူ၏။

၇။ မဇ္ဈိမထေရ်ကိုအကြီးထား၍ ငါးပါးသော ရဟန္တာတို့ ကို ဟိမဝန္တာအရပ်သို့ စေလွှတ်တော်မူ၏။

၈။ သောဏထေရ် ဥတ္တရထေရ်နှစ်ပါးကို အကြီးထား၍ ငါး ပါးသော ရဟန္တာတို့ကို သထုံပြည်သို့ စေလွှတ်တော် မူ၏။

၉။ သီရိဓမ္မာသောကမင်းကြီး၏သား အရှင် မဟိန္ဒထေရ်ကို အကြီးဥက္ကဋ္ဌဦးစီးနာယကထား၍ ဣဋ္ဋိယထေရ် ဥတ္တိယ ထေရ် သမ္ဗလထေရ် ဘဒ္ဒသာလထေရ် ရဟန္တာ ငါး ပါးတို့ကိုတမ္ဗပဏ္ဏိမည်သော သီဟိုဠ်ကျွန်းသို့ သာသ နာပြုစေလွှတ်တော် မူ၏။

အသီးအသီးသောရဟန္တာထေရ်တို့သည် ပါဋ္ဌလိပုတ် ပြည်မှ ကောင်းကင်သို့ပြန်တက်လျက် ထိုထိုသောအရပ်မျက်နှာသို့ရှာန် ဖြင့် ကြွသွားတော်မူကြကုန်သတဲ့။

**တရုပ်နဂါးနှင့် ဗုဒ္ဓသာသနာ—** ၁။ မဇ္ဈန္တိကထေရ် အမှူးရှိသော ရဟန္တာ ငါးပါးတို့သည် ကသ္မီရ ကန္ဒာရတိုင်း နာါး ပြည် ဟိမဝန္တာအစပ်သို့ ရောက်လျှင် တန်ခိုး တော်ကိုဖန်ဆင်းလျက် ကောင်းကင်ကနေပြီး ရွှစ်သောင်း လေး

ထောင်သော နဂါးတို့နှင့်တကွ၊ ကုမ္ဘာန်ယက္ခ ဂန္ဓဗ္ဗ နတ်တို့ကို တရားဟောချွတ်လျက် သရဏဂုမ်သုံးပါး ငါးပါးသီလ၌ တည်စေ၏။

ပဉ္စကမည်သောဘီလူးလင်မယား သားငါးရာတို့အား ပဌမသောတာပတ္တိမဂ်ဖိုလ်၌တည်နိုင်ကြကုန်လတံ့။ ထိုအခါမင်းနှင့်တကွ နဂါးကုမ္ဘန် ယက္ခ ဂန္ဓဗ္ဗနတ်တို့သည် မထေရ်တို့၏အဆုံးအမ၌တည်၍ ကြည်ညိုသဖြင့် ရတနာဖြင့်ပြီးသော တရားဟောပလ္လင်ကိုခင်း၍ မထေရ်တို့အား ပေးကြကုန်လတံ့။ မထေရ်တို့လည်း ဆင်းသက်ပြီးခါ ပလ္လင်ထက်မှာထိုင်ကြကုန်၏။ နဂါးမင်းသည် ယပ်ခပ်ပြီးအနီး၌တည်နေစဉ် ကသ္မီရ ဂန္ဓာရတိုင်းသားတရုပ်များတို့သည် နဂါးမင်းကို ပူဇော်ရန် လာကြသည့်အခါမြင်လေသော် ငါတို့ ရှင်နဂါးမင်း ထက်သော်လည်း မထေရ်တို့သည် တန်ခိုးကြီးအံ့သည်ဟုကြံပြီး မထေရ်ဘို့ကိုသာ မှိခိုရာထိုင်နေကြကုန်သတဲ့။ ထိုအခါ ထိုသူတို့အား အာသီဝိသောပမသုတ္တန်ဒေသနာတော်ကို ဟောတော်မူသည်၏အဆုံး၌ရှစ်သောင်းသော သတ္တဝါတို့သည် မဂ်ဖိုလ်တရားထူးကို ရှင်မြူး ဝမ်းသာကြခုကုန်သတဲ့။ တသောင်းသော အမျိုးကောင်းသား တို့ သည် ရှင်ရဟန်းပြုကြကုန်၏ဟူ၍ ယနေ့ထက်တိုင် သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းလျက် သာသနာတော် ထွန်းလင်း တောက်ပသည်ဟု အဋ္ဌကထာ အဆိုရှိပေသည်။

ဤအလိုသော် အရှေ့ဟိမဝန္တာနှင့် ကသ္မီရ ဂန္ဓာရ တိုင် အဝင်အပါ တရုပ်ပြည်ကြီး သည် နီးစပ်ပုံရှိသည်။ အသွား

နှသည် ဥတုကောင်းသည်၊ တက္ကသိုလ် နည်းနာ လက်သမား ပညာအတတ်ကို ကမ်းခတ်အောင်တတ်သည်။

၂။ မဟာရေဝတထေရ် တို့သည်လည်း မဟိံသက တိုင်း အပြင် ကျေးကုလားပြည်သို့ရောက်ကြ၍ ဒေဝဒူတသုတ္တန် ဒေ သနာကို ဟောတော်မူကြသည်၏အဆုံး၌ လေးသောင်းသော သတ္တဝါတို့သည် အောက်မင် အောက်ဖိုလ်သုံးပါးကို ထင်ရှား စွာသိကြရကုန်၏။ လေးသောင်းသော သတ္တဝါတို့သည်ကား ရှင်ရဟန်း ပြုကြကုန်သတဲ့။

၃။ ရက္ခိတထေရ်တို့သည်ကား ဝနဝါသိတိုင်းသို့ ရောက် လျှင် အနမတဂ္ဂိယသာရသုတ်ကို ဟောတော်မူကြသည်၏အဆုံး ၌ ခြောက်သောင်း ကုန်သော သတ္တဝါတို့ကို သောတာပတ္တိ မဂ်ဖိုလ်၌တည်စေ၏။ ခုနစ်သောင်းသော သတ္တဝါတို့သည် ရှင် ရဟန်းပြုကြကုန်၏။ ငါးရာသော ကျောင်းတို့ကို တည် ထား ဆောက်လုပ်ကြကုန်သတဲ့။

၄။ ယောနကမဟာဓမ္မရက္ခိတထေရ်တို့သည်လည်း အပရန္တ တိုင်းသို့ရောက်၍ အဂ္ဂိခန္ဓောပမ သုတ္တန်ဒေသနာကို ဟောတော် မူသည်၏အဆုံး၌ ခုနစ်သောင်းသောသတ္တဝါတို့ကိုအမြိုက်နိဗ္ဗာန် တရားကိုသောက်စေ၏။ တသောင်မျှလောက်သော ယောကျ်ား တို့သည် ရှင်ရဟန်းပြုကြကုန်၏တဲ့။

၅။ မဟာဓမ္မရက္ခိတထေရ်တို့သည်လည်း မဟာရဋ္ဌတိုင်းကြီး သို့ရောက်ကြ၍ မဟာနာရဒ ကဿပ ဇာတ်ဒေသနာကို ဟော

တော်မူသည်၏အဆုံး၌ရှစ်သောင်းလေးထောင်ကုန်သောသတ္တဝါတို့ကို မင်္ဂဖိုလ်၌တည်စေ၏။ တသောင်း သုံးထောင် ကုန်သောသတ္တဝါတို့သည်ကား ရှင်ရဟန်းပြုလုပ်၍ အားထုတ်ကုန်သတဲ့။

၆။ မဟာဓမ္မရက္ခိတထေရ် တို့သည်လည်း ယောနကတိုင်းပန်းသေးပြည်သို့ ရောက်ကြ၍ ကာဠာရာမ သုတ္တန်ဒေသနာတိုဟောတော်မူသည်၏အဆုံး၌ တသိန်းခုနစ်သောင်းသောသတ္တဝါများအား မဂ်ဖိုလ်တည်းဟူသော တန်ဆာကို ပေးကြကုန်၏။ တသောင်းသောသူတို့သည် ရှင်ရဟန်းပြုကြကုန်သတဲ့။

၇။ မဇ္ဈိမထေရ်တို့သည်လည်း ဟိမဝန္တာအရပ်တို့သို့ရောက်ကြ၍ ဓမ္မစက္ကပဝတ္တန သုတ္တန် ဒေသနာကို ဟောတော်မူသည်၏အဆုံး၌ ကုဋေရှစ်ဆယ်သော နတ်ဗြဟ္မာတို့ကို မဂ်ဖိုလ်ကို ရစေကြကုန်၏။ ထိုမထေရ်ငါးပါးတို့သည် ငါးပါးသော တိုင်းတို့သို့ အသီးအသီးကြွသွား၍ တပါးတပါးသော မထေရ်၏ အထံ၌ တသိန်းတသိန်းမျှလောက်သောသူတို့သည် ရှင်ရဟန်း ပြုကြကုန်သတဲ့။

၈။ အရှင်သောနထေရ် ဥတ္တရ ထေရ်တို့သည်လည်း သထုံပြည်သို့ရောက်ကြ၍ ဗြဟ္မဇာလသုတ္တန်ဒေသနာကြောင့် အချို့သောသူတို့ကို သရဏဂုံပဉ္စသီလတည်စေ၍ ခြောက်သောင်းသောသတ္တဝါတို့အား အကျွတ်တရားကိုရစေ၏။ သုံးသောင်းငါးရာကုန်သော အမျိုးသားတို့သည် ရဟန်းပြုကြကုန်၏။ တထောင့်ငါးရာကုန်သော အမျိုးသမီး တို့သည် ရှင်ရဟန်း ပြုကြကုန်၏တဲ့။

သီဟိုဠ်သာသနာ— အရှင်မဟိန္ဒထေရ်သည်ကား နောက်ပါ သံဃာတော်လေးပါးနှင့်မရှင်းသဃမိတ္တာ ထေရီမ၏ သား အဘိဉာဏ်ခြောက်ပါးကို ရပြီးသော သုမန သာမဏေလောင်း ဘဏ္ဍုကမည်သော အနာဂါမ်သည် ဥပါ သကာနှင့်တကွ မယ်တော်ရှိရာ ဝေဒိသပြည်သို့ ပြန်တက်၍ သီဟိုဠ်ကျွန်းအနုရာဓပြည်၏ အရှေ့မျက်နှာ မိဿက မည်သော တောင်ထက်ဝယ် ငှက်ကဲ့သို့ ပျံကြွတော်မူကြကုန်၏။ ထိုအခါ သာသနာတော်နှစ် နှစ်ရာ့ သုံးဆဲ့ခြောက်နှစ် မြောက် ရောက်ပြီတဲ့။ လအားဖြင့်ကား ဇေဋ္ဌမူလ နက္ခတ်နှင့်ယှဉ်သော နယုန်လပြည့်နေ့ဟူလို၏။

ထိုအခါ ဒေဝါနံပိယတိဿမင်းသည် တောကစားခြင်းငှါ မင်းချင်းယောကျ်ားပေါင်း လေးသောင်း ခြံရံလျက် အနုရာဓ ပြည်မှ ထွက်ခဲ့၍ စေတိယတောင်သို့ရောက်လာရာ ရဟန္တာအရှင် မြတ်တို့နှင့်တွေ့လတ်သဖြင့် မေးလျှောက်သောအခါ—

“ဒေဝါနံပိယ တိဿ မင်းမြတ်၊ တရားမင်း ဘုရား၏ တပည့်သားဖြစ်ကုန်သော ရဟန်း ငါတို့သည် သင်မင်း ကြီးအား အစဉ်သနားသောကြောင့် သာလျှင် ဇမ္ဗူဒိပ် ကျွန်းမှ ဤသီဟိုဠ်ကျွန်းသို့ လာကြကုန်၏” ဟုပြော ဆို၏။ ထိုအခါ ဒေဝါနံပိယတိဿမင်းနှင့် သီရိဓမ္မာသောက မင်းတို့ ရှေးအတိတ်ကလည်း ညီအကိုအရင်း ယခုအခါ နေရပ် ပင်ကွာသော်လဲ လက်ဆောင်ပဏ္ဏာ သတင်းစကား ကြားလျက် ချည့်ဖြစ်သည်နှင့်အညီ အရှင်မြတ်တို့လာပြီဟုထင်မှတ်၍ တုံ့ဝပ်

ရှိသေစွာထိုင်၏။ နှစ်လိုဝမ်းသာ အကျိုးစီးပွားနှင့် စပ်သော စကားကိုပြောဆိုရှိနေကြစဉ် မင်းချင်းယောကျ်ား လေးသောင်း တို့လည်း အနားသို့ကပ်ရောက်လာကြကုန်၏။ အရှင်မဟိန္ဒထေရ် သည်လည်းကြွင်းမြောက်ဦးသားတို့ကိုသင်ရှားဖော်ပြပေ၏။

ထိုအခါ ဒေဝါနမ္ပိယ တိဿမင်းသည် ကြွင်းသောဤသူတို့ ကား "အဘယ်အခါ၌ လာကြကုန်သနည်း" ဟုမေး၏။ "မင်းကြီး ငါနှင့်တကွလာကြကုန်သည်သာ" ဟုပြော၏။ ယခုဇမ္ဗူဒိပ်ကျွန်း ၌ ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါး တန်ခိုးတော်အပြား၌ လိမ္မာကုန်သော ရဟန္တာအရှင်မြတ် မြတ်စွာဘုရား၏ တပည့် သားတို့သည် များစွာရှိကုန်သေး၏ဟု ပြေဆို၏။ အဘယ် ခရီး ကြောင်းဖြင့် အရှင်ကောင်း တို့ သည် ကြွလာ ကြ ပါ သ နည်းဟုမေးမြန်းသော်– သင်မင်းကြီး ရေကြောင်းခရီးဖြင့်လည်း ငါတို့မလာကုန်၊ ကုန်းကြောင်းခရီးဖြင့်လည်း ငါတို့မလာဟု ပြောဆိုလိုက်ရာ ကောင်းကင်ခရီးဖြင့်လာကြောင်းကိုသိလေ၏။

ထိုအခါ ထံရားဟောဘို့ရန် ပညာဉာဏ်ရှိမရှိဟုသိလို၍ သစ် ပင်ပြဿနာ ဆွေမျိုးပြဿနာ တို့ဖြင့် မေးမြန်း စမ်းသပ်ပြီးမှ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ တတိယဝဂ်၌ ရှိသော စူဠဟတ္ထိ ပဒေါပမသုတ်ကိုဟော၏။ အဆုံး၌ မင်းနှင့်တကွ လေး သောင်း သောသတ္တဝါတို့သည် သရဏဂုံတည်လျက် ရတနာသုံးပါးကို ကြည်ညိုကြပေကုန်၏။

ကိုအခါမင်းကြီးဘို့ စားတော်အုပ်ကို ဆောင်ခဲ့ရာ မင်းကြီး သည် "ဝိရတော ဝိကာလဘောဇနံ" ဟူသော" သုတ္တန်တရား

ကိုကြားနာရ၍ သခင်ကောင်းတို့အား နေလဲ့သောအခါဆွမ်း စားခြင်းငှါ မအပ်ဟုသိမှတ်ပြီးသော်လည်း မနေ့ဦးဘဲ စားခြင်း ငှါမသင့်မြတ်ဟုကြံစည်လျက် သခင်တို့ ဘုဉ်းပေးကြကုန်အံ့လော ဟုမေး၏။ ထိုအခါ မအပ်ကြောင်း/အပ်ကြောင်းကို ကောင်း ကောင်းကြီးပြောဆိုပြီးမှ အရှင်ဘုရားတို့ မြို့သို့ သွားကြကုန်စို့ ဟု မင်းကလျှောက်ထား၏။ ငါတို့မှာ ဤအရပ်မှာသာနေကြ ကုန်အံ့ဟု ပြောဆိုသည့်အခါ အရှင်ဘုရာ တို့မှာရှိပါစေ ဤသတိုး သားငယ်ကို စေလွှတ်ပါဟု လျှောက်ထားရာဤဒါယကာကား အနာဂါမိဖိုလ်သို့ရောက်ပြီး၍ သိပြီးသော အဆုံးအမ သာသနာ ရှိ၏။ ရှင်ရဟန်းအဖြစ်ကို ငံ့သောသူတည်း။ ယခု မကြာခင် ရှင်ပြုအံ့ဟုပြောဆိုလိုက်၏။ ထိုသို့ဖြစ်မူနက်ဖန်ခါ ရထားကိုစေ လွှတ်ပါအံ့။ ရထားစီး၍ ကြွလာတော်မူကြပါကုန်ဟု လျှောက် ထား၍ ရှိခိုးပြီးခါ မြို့သို့ပြန်လာသတဲ့။

သမန သာမဏေ-- မင်းကြီးပြန်သွား၍ မကြာမြင့်မီပင် အရှင် မပိန္ဒမထေရ်သည် သုမနသာမဏေကို ခေါ် လျက် နတ်ပြဟ္မာတွေအား တရားနာအံ့သောအခါကို ကြွေး ကြော်စေ၏။ ထိုအခါ သုမန သာမဏေကလေးက အဘယ်မျှ လောက်ကြာအောင် ကြွေးကြော် ရပါမည် နည်းဘုရား ဟု လျှောက်သားရာ သိဟိုဠ်တကျွန်းလုံးကြားအောင် ကြွေးကြော် လော့ဟု စေခိုင်းရာ ကောင်းပါပြီဘုရားဟု ဝန်ခံ၍ စတုတ္ထဈာန် ကိုဝင်စား၍အပြီးမှ သုံးကြိမ်တိုင်တိုင် ဟစ်အော် ကျော်ကြား လိုက်၏။ ထိုအသံကိုအဆင့်ဆင့်ကြား၍ များစွာကုန်သော နတ် ပြဟ္မာအစည်းအဝေးဖြစ်သည့်အခါ သမစိတ္တ သုတ္တန် ဒေသနာ

ကို ဟောတော်မူသောအဆုံး၌ အသင်္ချေ မကကုန်သော နတ်ဗြဟ္မာတို့သည် ဓမ္မာဘိသမယ အကျွတ်တရားကို ရကြပါကုန်သတဲ့။ များစွာကုန်သော နဂါး ဂဠုန်တို့မှာ သရဏဂုံတည်ကြကုန်သတဲ့။

**နန်းတွင်းတရားပွဲ—** နယုန်**လ**ပြည့်ကျော် (၁)ရက် အာရုဏ်တက်လျှင် ရထားထိန်းကို စေလွှတ်ပြီး နန်းတော်တွင်း၌ ကြီးကျယ်စွာသော မဏ္ဍပ်ကို ဆောက်လုပ်စေပြီး မြေကြီးအပြင်ဝယ် ဖျာသင်ဖြူး ကော်ဇောတို့ကို ခင်းစေကုန်၏။ ထိုအခါ ရဟန္တာမထေရ်မြတ်တို့သည် ရထားမစီးဘဲ ကောင်းကင်ခရီးဖြင့်လာ၍ မြို့နားသို့ရောက်သည့်အခါ ခါးပန်းကြိုးကိုပန်း သင်္ကန်းနှင့်ကောင်းစွာရုံလျက် စင်္ကြံ့ခြေပြု၍ ကြွလာသည်ကို မြင်လျှင် အရှင်မဟိန္ဒလက်မှ သပိတ်ကို မင်းကြီးကိုယ်တိုင် လှမ်းယူကာ မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ဖြင့်ရောင့်ရဲအောင် ကျွေးမွေးလျက် အနုရာ ဒေဝီမိဖုယားအမှူးရှိသော ငါးရာသော မောင်းမမိဿံခြွေရံပရိသတ်တို့က မထေရ်မြတ်တို့အားအရိုအသေ ရှိခိုးခြင်း ပူဇော်ခြင်းအမှုတို့ကိုပြုလုပ်ကြကုန်ဟုစေလွှတ်ပြီးကာ သင့်တင့်စွာထိုင်နေလေ၏။ အရှင်မဟိန္ဒထေရ်သည် ဆွမ်းစားပြီးသော် မင်းနှင့်တကွ များစွာကုန်သော ပရိသတ်တို့အား တရားရတနာတည်းဟူသော မိုးကိုသွန်းဖြိုးရွာစေရန် ပေတဝတ္ထုသုတ္တန် ဝိမာနဝတ္ထုသုတ္တန် သစ္စသံယုတ် ဒေသနာတို့ကိုဟောတော်မူသည်၏အဆုံး၌ ငါးရာကုန်သော မောင်းမမိဿံတို့သည် သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ကြကုန်သတဲ့။

ထိုအခါ မင်းရင်ပြင်နန်းတော်တွင်း၌ ပရိသတ် ကျဉ်း ကြပ်သဖြင့် ဆင်တင်းကုတ်ကို ပြင်ဆင်စေ၍ ပြောင်းရွှေ့စေပြီးလျှင် ၎င်းဆင်တင်းကုတ်အပြင်ဝယ် ထိုင်နေလျက် မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသသုညကဝဂ်၌လာသော ဒေဝဒူတသုတ်ကို ဟောသောအခါ တသိန်းသောသတ္တဝါတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏၊ ထိုအခါဆင်တင်းကုတ်အပြင်ဝယ် အလွန်ကျဉ်းပြန်သဖြင့် နန္ဒဝန်ဥယျာဉ်၌တရားဟောနေရာပြင်ဆင်စေပြီးခါ မဇ္ဈိမနိကာယ်လာ အာသီဝိသော ပမသုတ္တန်ဒေသနာကိုဟောတော်မူသောအခါ တထောင်သောသတ္တဝါတို့သည်သောတာပတ္တိဖိုလ်ကိုရကြကုန်၏။ ထိုနန္ဒဝန်ဥယျာဉ်ဝယ် လာတိုင်းလာတိုင်းသောပရိသတ်တို့ကို ဟောချွတ်ပြောဆို၍နေစဉ် နေဝင်သောကြောင့် မိဿကမည်သော စေတိယတောင်ပေါ်သို့ ကြွတော် မူကြပါသတဲ့။

**မဟာဝိဟာရကျောင်းတိုက်—** ထိုအခါ ဒေဝါနမ္ပိယ တိဿ မင်းကြီးအကြံဖြစ်သည်မှာမေဃဝန်ဥယျာဉ်နေရာသည် အဘ၏ ဥစ္စာဖြစ်သော နေရာတည်း။ အလားအလာနှင့်ပြည့်စုံ၏ဟုကြံပြီး မထေရ်မြတ်တို့နေရန်မေဃဝန်ဥယျာဉ်အရံကိုရေစက်သွန်းချလျက် လှူသောအခါ ရှေးဦးစွာရေပေါက်ကျသည်နှင့် တပြိုင်နက် မြေလှုပ်၏။

(ဤကား မဟာဝိဟာရဝါသီ သမာနဝါဒီ လဇ္ဇီသူတော်ကောင်းတို့၏ ကျောင်းအရံနေရာဖြစ်ကြောင်း သာ

သာသနာတော်တည်ကြောင်း ပုဗ္ဗနိမိတ် ကောင်းကြီး ပေတည်း)။

ဤကားနယုန်လပြည့်ကျော် (၂) ရက်နေ့တည်း။ နန္ဒဝန်ဥယျာဉ် မေဃဝန်ဥယျာဉ် အတူတူပင်။ နောင် သာသနာထွန်းကားသည့်အခါ ဇောတဝန်ဟူ၍လည်းခေါ်ဆိုကြသေး၏။ လပြည့်ကျော် (၃)ရက်နေ့အခါ ဇမ္ဗူဒိပ် ရာဇဂြိုဟ်ပြည်သို့ သာလျှင် ဆွမ်းဘုဉ်းပေးကြွလာပြီး၍အပြန် နန္ဒဝန်ဥယျာဉ်၌ အနမတဂ္ဂသုတ္တန်ဒေသနာကိုဟော၏။ (၄)ရက်နေ့၌ အဂ္ဂိခန္ဓောပမသုတ်ကိုဟော၏။ ဤသို့သောနည်းဖြင့် နေ့ရက် ဆက်ခါဆက်ခါ ဟောရာ ရှစ်ထောင့်ငါးရာကုန်သော သတ္တဝါတို့အား ဓမ္မာဘိသမယ အကျွတ်တရားကို ရကြကုန်သတဲ့။ (၇)ရက်နေ့၌ကား နန်းတော်တွင်းငယ် မင်းကြီးအား အင်္ဂုတ္တရ နိကာယ် လာ ရာဇောဝါဒ အပ္ပမာဒသုတ်ကို ဟောဆောင်၍စေတီယ မည်သော မိဿကတောင်သို့သာလျှင် ကြွတော်မူကြကုန်၏။

**ကျောင်းဆောက် စေလိုခြင်း—**

ထိုအခါ ဒေဝါနမ္ပိယတိဿ မင်းသည် ငါတို့အား ပြင်းစွာ ဆုံးမ၏။ ဇမ္ဗူဒိပ်သို့ကြွတော်မူလို ကြသလောဟု ကြံပြီးလျှင် လျင်မြန်စွာရထားသက်၌ တက်စီးလျက် ပင်ပန်းကြီးစွာ ရောက်လာသတဲ့။ ထိုအခါ ပင်ပန်းကြီးစွာ အဘယ့်ကြောင့် လာသနည်းဟုမေးသော် အရှင်မြတ်တို့ကြွတော်မူလိုသည် ထင်မှတ်၍ သိခြင်းငှာ လာပါသည် ဘုရားဟု လျှောက်ထားသော အခါ ငါတို့ကား မသွားလို ဝါဆိုခါနီးသောအခါ၌ ရဟန်း

တို့မည်သည်မှာ ဝါဆိုအံ့သောအရပ်ကို သိခြင်းငှါသင့်မြတ်၏ဟု ပြောဆို၏။

ဤနေရာ၌ မင်းကြီးသည် အပုန်ကြီး(ဏ)သည်၊ ကျောင်းဆောက်ရမည်ကိုမျှမသိ၊ သတိမရ ထိုခုနစ်ရက် နေ့၌ ပင်လျှင် အရိုအမတ်နှင့်တကွ ငါးကျိပ် ငါးယောက်ကုန်သော ညီအကိုသားချင်းတို့သည် မထေရ်ထံသို့ ရဟန်းပြုလုပ်ခြင်းငှါ မင်းကြီးအား ခွင့်ပန်ကြကုန်၏။ မင်းကြီးလည်း ကောင်းပြီဟု သာကြည်စွာ ခွင့်ပေး၏၊ ထိုနေ့ပင်လျှင် ရှင်ရဟန်းပြုရန် ဆံရိတ်သည်၏အဆုံး၌ အကုန်လုံး ရဟန္တာချည်းဖြစ်ကြကုန်၏။ မင်းကြီးသည် ထိုခဏ၌ပင်လျှင် ခြောက်ဆဲ့နှစ်ဆူကုန်သော လိုဏ်ဂူတို့ကို ပြုလုပ်စေရန် စီမံ၍ မြို့သို့ပြန်လေ၏။ ထိုအခါ စေတိယတောင်၌ ဝါကပ်ကြကုန်သော ရဟန္တာအရှင်မြတ်တို့ကား ခြောက်ကျိပ် နှစ်ပါးဖြစ်သတည်း။ ဝါကျွတ်ပြီး၍ မဟာပဝါရဏာနေ့၌ ပဝါရဏာပြုပြီးလျှင် တန်ဆောင်မုန်းလပြည့်ဥပုသ်နေ့ဝယ် ရှင်မဟိန္ဒထေရ်က မင်းကြီးအား ပြောကြားသည်ကား သင်မင်းကြီး၊ ငါတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသည်ကား ကြာမြင့်ခဲ့ပြီ ကိုးကွယ်ရာမဲ့သောနေခြင်းဖြင့် နေရကုန်၏။ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွခြင်းငှာ အလိုရှိကုန်၏ဟု ပြောဆိုပန်ကြား၏။ ထိုအခါ မင်းကြီးက လျှောက်ထားသည်ကား အရှင်ဘုရား တပည့်တော်သည်အရှင်မြတ်တို့ကိုပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးရပါလို၏။ ဤလူများအပေါင်းသည်လည်း အရှင်တို့ကိုမှီ၍ သရဏဂုံတို့၌ တည်နေရပါ၏။ အဘယ့်ကြောင့် အရှင်မြတ်သည် ကြွတော်မူလိုကြပါကုန်သနည်းဟု လျှောက်ထားရာ မင်းကြီး ငါတို့အား

အရှိအသေရှိခိုးစရာခရီးဦးကြိုဆိုလင့်စရာ လက်အုပ်ချီစရာ ရှိသေမြတ်နိုး ပြုစရာအရပ်သည်မရှိ။ ထိုသို့ ဖြစ်သည့်အတွက်သွား လိုသည်ဟုပြောဆို၏။ ထိုအခါမင်းကြီးက အရှင်ဘုရား မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံပြီ။ ဤသို့လျှင် အရှင်တို့ ဆိုဘူးသည်မဟုတ်ပါတုံလောဟု ပြောဆိုလျှောက်ထား၏။ ထိုအခါ အရှင်မဟိန္ဒထေရ်က သင်မင်းကြီး မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည်ကား ဟုတ်မှန်ပါ၏။ ထိုသို့ပင် ပရိနိဗ္ဗာန်စံသော်လည်း ကြွင်းကျန်သော သရီရဓာတ် ဓာတ်တော်တို့သည် တည်သေး၏ဟုပြောဆို၏။ ထိုအခါ မင်းကြီးက အရှင်မြတ်တို့သည် စေတီပုထိုး ကိုးကွယ် တည်ထားခြင်းကို အလိုရှိကုန်၏ဟုသိပြီး စေတီပုထိုးကို ကိုးကွယ်တည်ထားပါအံ့။ အဘယ် အရပ်၌ လျှောက်ပတ်ပါမည်နည်း။ စင်စစ်အားဖြင့် ဓာတ်တော် များကို အဘယ်မှာရပါအံ့နည်းဟု မေးလျှောက်ရာ သုမန သာမဏေနှင့် တိုင်ပင်ကြကုန်လောဟု ပြောဆိုလွှဲအပ်လိုက်၏။

**ဓာတ်တော် ရရှိရေး ရှင်သုမန တာဝန်ပေး—**

ထိုအခါ သုမန သာမဏေ ကလေးထံချည်းကပ်၍ လျှောက်ထား အပ်သည်ကား သခင်သာမဏေ အဘယ်အရပ်မှာ ဓာတ်တော်တို့ကိုရအပ်ပါသနည်းဟု မေးလျှောက်၏။ ထိုအခါသုမနသာမဏေကလေးက သင်မင်းကြီး ကြောင့်ကြမဲ့သာဖြစ်ပါလော့၊ ဓာတ်တော်တို့ကို ရပါလတံ့ဟု ပြောဆိုပြီးမှ စေတီတည်ရန် စီမံခဲ့ပြီးလျှင် ဦးရီးတော် အရှင်မဟိန္ဒထေရ်နှင့် တိုင်ပင်၍ သပိတ်သင်္ကန်းကို လွယ်ယူကာ ကောင်းကင်သို့ ပြန်တက်လျက် ပါဋလိပုတ်ပြည်၏ တံခါးအနီးအပါးတွင် သက်ဆင်း

ပြီးလျှင် ဘိုးတော်သီရိမဟာသောကမင်းကြီး၏ နန်းတော်သို့ဝင်လေ၏။ ဘိုးတော်သည် မြင်လျှင် အလွန်ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ သာမဏေလက်မှသပိတ်ကိုလှမ်းယူလေ၏။ ထိုအခါ အကြောင်းမျိုးစုံကို အကုန်အစင် ပြောပြီး ဓာတ်တော်များကို အလှူခံရာ ဝမ်းမြောက်ရွှင်လန်း သပိတ်တော်ကို နံ့သာတို့ဖြင့် လိမ်းကြံလျက်မြတ်သော ပုလဲအဆင်းရှိသော ဓာတ်တော်တို့ဖြင့် ပြည့်အောင်ထည့်၍ လှူလိုက်ပါ၏။ ပါဠလိပုတ်ပြည်မှတဖန် ပြန်တက်၍ အထက်သိကြားမင်းထံ လက်ျာညှပ်ရိုးတော်ကို အလှူခံပြီး သီဟိုဠ်သို့တဖန်ပြန်ခဲ့လေ၏။ အရှင်မဟိန္ဒထေရ်အမှူးရှိသော ရဟန္တာမထေရ်တို့သည် သီရိမဟာ သောကမင်းကြီးက လှူလိုက်သော ဓာတ်တော်တို့ကို စေတိယတောင်၌သာ ထားခဲ့၍ ဆွမ်းစားပြီးသော် လက်ျာညှပ်ရိုးတော်ကိုယူလျက် မဟာနာဂဝန် ဥယျာဉ်သို့ ထွက်တော်မူကြကုန်၏။ မင်းကြီးသည် သာမဏေ ပြောဆိုသည့်အတိုင်း သက္ကာကိုစိရင်လျက် မင်္ဂလာရှိသော ဆင်တက်စီးပြီး ထီးဖြူဆောင်းလျက် မဟာနာဂဝန် ဥယျာဉ်သို့ တက်ခဲ့၏။

ဘုရားဓာတ်တော် မှန်မမှန်-- ထိုအခါ အရှင်မဟိန္ဒထေရ်၏ လက်တော်၌ ပါသော ဓာတ်တော်ပန်းတောင်းကိုမြင်၍ အဓိဋ္ဌာန်ကြံစည်သည်ကား အကယ်၍ ဤဓာတ်တော်သည် မြတ်စွာဘုရား ဓာတ်တော် အစစ်ဖြစ်ခဲ့မူကား ထီးသည်ညွှတ်စေသတည်း။ မင်္ဂလာဆင်သည် ပုဆစ်ဒူးနှစ်ဘက်တို့ဖြင့်မြေ၌ တုပ်ဝပ် စေသတည်း၊ ဓာတ်တော်ပန်းတော ်င်းသည် ငါ၏ ဦးခေါင်း ထက်ဝယ် တည်နေပါစေ

သတည်းဟု အဓိဋ္ဌာန် ကြံစည်သည်နှင့်တပြိုင်နက် စိတ်အကြံ အတိုင်းဖြစ်သည့်အခါ အမြိုက်ရေဖြင့် သန့်ဘိသကဲ့သို့ မွန်မြတ် သောနှစ်လိုဖွယ်ဝမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်ရကား—အရှင်ဘုရား တို့ဓာတ်တော်ကို အဘယ်မှာထားရပါအံ့နည်းဟုမေး၏။ ထိုအခါ ဆင်ဦးကင်း၌သာထားဟု ပြောကြားလိုက်ရာ မင်္ဂလာဆင်သည် အလွန်ပင်ဝမ်းမြောက်ရကား ကြိုးကြာသံနှင့်တူသော အသံကို ဟစ်အော်ကြွေးကြော်လေ၏။ မိုးတိမ်အပြင်ချက်ခြင်း ဆင်လျက် ကြာဖက်ခန့်မျှလောက်ရှိသော မိုးရေမိုးပေါက်တို့ဖြင့် ရွာသွန်း၍ စွတ်လိုသော သူတို့ကိုသာစွတ်စေ၏။ ရေသည် အဆုံးရှိသည် ကိုသာပြုလျက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ မြေလှုပ်၏။ ထိုအခါ မင်္ဂလာဆင်သည် နာဂဝန်ဥယျာဉ်မှ အနုရာဓပြည်၏ အရှေ့တံခါးရောက်အောင် နောက်ဆုတ်သွားပြီးမှ အရှေ့တံခါး ဖြင့်ဝင်၍ တောင်တံခါးမှထွက်လျက် အနောက်မျက်နှာအရပ်သို့ သွားပြီးမှ အနုရာဓပြည်၏ အနောက်တောင်ထောင့် ထူပါရုံရှိရာ အရှေ့သို့တခါပြန်လာလေ၏။ ထူပါရုံစေတီ တည်ထားရာကား ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂစေတီတည်နေရာဖြစ်သတဲ့။

ဓာတ်တော်နှင့် ထူပါရုံစေတီ—

ထိုသို့ ထူပါရုံစေတီတည်ရာသို့ ဆင်ဖြူတော် ရောက်သည့်အခါ များစွာသော မင်းချင်း ယောကျ်ားတို့သည် လက်ဝါးပြင်နှင့်တူစွာ ညီညီညာညာမြေကိုသုတ်သင်ကြကုန်၏။ ထိုထူပါရုံ စေတီတည် ရာသို့မျက်နှာရှေ့ရှုပြုလျက် အနောက်မျက်နှာ ဒက္ခိဏသာခါ ဗောဓိပင်၏အရှေ့ကို စိုက်ပျိုးရာအရပ်၌ တံ့ရပ်လေ၏။ ဆင် ဦးကင်းထက်မှ ဓာတ်တော်ကိုချရန် ကြံစည်အားထုတ် ကြကုန်

သော်လည်း မင်္ဂလာဆင်က ချတ္တိုရာအခွင့်ကို မပေးသဖြင့် မေး မြန်းလျှောက်ကားလေသော် တင်ပြီးသောခေတ်တော်ကို ချတ္တိုရန်မသင့်မြတ်ဟု နှလုံးသွင်း၍ ခွင့်မပေးသတည်းဟု ပြောဆို၏။ ထိုအခါ အဘယရောကန်မှ မြေစိုင်ကိုယူလျက် ဆင်ဦးကင်းပမာ ဏလောက် အကျဉ်မြောက်လျက် ထိုခဏ္ဍ၌သာလျှင် အုတ်လုပ် ကြကုန်၏၊ အကြွင်တရက်နှစ်ရက်အတွင်း အုတ်လုပ်ခြင်း အမှု မပြီးသေး၊ ထိုအတွင်း၌ မင်္ဂလာဆင်မင်းသည်နေ့အခါမှာဗေဒမိ ပင်တောင်ကိုင်းကို စိုက်ပျိုးရာ၌ ရပ်တည်၏၊ ညဉ့်အခါ၌ကား ထူပါရုံစေတီတည်အံ့သော အကြည်ကိုလှည့်လည်၍နေ၏၊ အုတ် လုပ်မှုကိစ္စပြီး၍ ဆင်ဦး ကင်းထက်မှချလျက် ကြီးစွာသော ပူဇော် သက္ကာရတို့ပြုကြရန်လူအများတို့ စည်းဝေး ရောက်လာ ကြကုန် သည်။

ခေတ်တော်တန်ခိုးပြခြင်း— မြတ်စွာဘုရား၏ လကျ်ာ ညှပ် ရိုးတော်သည် ဆင်ဦးကင်းထက် မှ ထန်းခုနစ်ဆင့် အတိုင်းအရှည် ရှိအောင် ကောင်းကင်သို့ ပြန် တက်လျက် ရေမီးအစုံအစုံသော တန်ခိုး ပြာဋိဟာတို့ကို ပြတော် မူခြင်း ထိုသို့အော ခေတ်တော်အစိုင်တို့မှ ခြောက်ဆယ်သော ရောင်ခြည်တော်တို့သည်လည်း တပြောင်ပြောင်တောက်ပလျက် သာဝတ္ထိပြည်၏ အနီးအပါးသရက်ပင်ရင်း၌ သုံးလူ့ မြတ်စွာ စိန္တေယျာသည် ရေအစုံ မီးအစုံသော ဘန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်နှင့် အတူ ဖြစ်ဘူးသတဲ့။ ထို တန်ခိုးပြာဋိဟာ သည် မထေရ်တို့၏ တန်ခိုး အာနုဘော်ကြောင့်လည်း မဟုတ် စင်စစ်မှုချ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ခါ

ငါဘုရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူသည်ရှိသော် သီဟိုဠ်ကျွန်း အနုရာဓပြည်၏အနောက်တောင်ဒေါင့်ဝယ် ရှေးဘုရားသုံးဆူတို့ ၏ ပရိဘောဂစေတီတည်ရာအရပ်၌ ငါဘုရား၏ လကျာ ညှပ်ရိုး တော်ဓာတ်ကို ပူဇော်တည်ထားသောနေ့၌ ရေမိုးအစုံအစုံသော တန်ခိုးပြာဋိဟာတို့ကိုပြလျက် ခြောက်သွယ်သော ရောင်ခြည် တော်တို့ဖြင့် တင့်တယ်ထွန်းပစေသတည်းဟု အဓိဋ္ဌာန်ပြုပြီးထား တော်မူခဲ့သတဲ့။

ဘုရားရှင်နှင့် သီဟိုဠ်ပြည်— ဤကဲ့သို့ သာသနာ တည် အံ့ သော အကြောင်းကို ကောင်းစွာမြော်မြင် တော်မူသော ကိုယ်တော်မြတ်ဘုရားသည် လင်္ကာဒီပ သီဟဠနှင့် တမ္ဗပဏ္ဏိသုံးမည်ရှိသော ထိုသည့်ကျွန်းသို့ သုံးကြိမ်တိုင်တိုင် ကြွ သွားတော်မူဘူးသတဲ့။ ပထမအကြိမ်ကား ဘုရားဖြစ်၍ ကိုးလ မြောက်တခေါက်၊ ဒုတိယအကြိမ်ကား ငါးနှစ်မြောက်တခေါက်၊ တတိယအကြိမ်ကားရှစ်နှစ်မြောက်တခေါက် ရောက်တော်မူသည့် အခါ ဒီဃဝါပီစေတီတည်ရာ, မုဒင်္ဂဏစေတီတည်ရာ, ကလျာဏီ ယ စေတီထည်ရာ, ဒက္ခိဏသာခါဗောဓိပင်စိုက်ရာ, ထူပါရုံစေတီ တည်ရာ, မဟာစေတီတည်ရာ, ခြောက်ဌာန၌ နိရောဓသမာပတ် ဝင်စား တံ့ ရပ်တော်မူဘူးသတဲ့။ ရှေးအခါသုံးခေါက်က ဘီးလူး ကျွန်းသာဖြစ်သေးသည်။ လူနေမရှိသေး။ ပရိနိဗ္ဗာန်စံသည့်နေ့က စ၍ ဝိဇယမင်းသား တည်ထောင်သောဟူ၏။

ယခုအခါ ညှပ်ရိုးတော်ရောက်သည်နှင့်ကား၊ လေးခေါက်ရှိ

ပေသည်။ ညှပ်ရိုးတော်မြတ် ဓာတ်တော်သည် သီဟိုဠ်ကျွန်းသူ လူအများတို့၏ ပင်ပန်းခြင်းကို ငြိမ်းအေးစေလျက် ဆင်းသက် တော်မူခဲ့ပြီးမှ မင်းကြီး၏ထိပ်ထက်၌ တည်နေတော်မူသတဲ့။ မင်း ကြီးကား လူ့အဖြစ်ကိုကောင်းစွာအရတော်စွတကားဟု အားရ ဝမ်းသာပူဇော်သက္ကာရပြု၍ ဌာပနာတိုက်အတွင်းသို့ ထည့်သွင်း ကိုးကွယ်လိုက်သည့်အခါ ဤမဟာပထဝီမြေကြီး တုန်ဟီး မြည် ကာ စေတီတည်ပြီးကြပါရော။

သာသနာထွန်းကားခြင်း— ဓာတ်တော်၏ တန်ခိုးတော်ကိုမြင်၍ ကြည်လင် နှစ်သက် ခြင်း ဖြစ် ရာ အဘယမင်းသားသည် မင်းချင်းယောကျ်ား တထောင်နှင့် တကွ ရှင်ရဟန်းပြု၏။ စေတရဋ္ဌရွာမှ ဒါယကာငါးရာ ဒွါရမဏ္ဍလ စသော ရွာတို့မှထွက်၍ရဟန်းပြုကြသည်လည်း ငါးရာ ငါးရာစီ မြို့တွင်းမြို့ပမှထွက်၍ ရှင်ရဟန်း ပြုကြသည်ကား သုံးသောင်း အနုရာဓေဝီ မိဖုယားကြီးသည်လည်း မင်းသမီးငါးရာ မောင်းမ ငါးရာတို့နှင့်တကွ ဆယ်ပါးသီလကိုဆောက်တည်လျက် ဖန်ရည် စွန်းသောသင်္ကန်းကိုဝတ်ရုံကာ မြို့၏အစိတ်အရပ်ဝယ် ဘိက္ခုနီမ ကျောင်းကို ဆောက်လုပ်စေ၍ နေလေ၏။

ထိုသူမတို့သည် သင်္ဃမိတ္တာထေရီမ ဇမ္ဗူဒိပ်ကျွန်းမှ ဒက္ခိဏာ သာခါ ဗောဓိညောင် တောင်ကိုင်းနှင့်တကွ ရောက်လာသည့် အခါ သင်္ဃမိတ္တာထေရီမထံ သိက္ခာမှန်အကျင့်ဖြင့် အကုန်လုံး ရဟန္တာဖြစ်ကြကုန်၏။ ထိုအခါသီဟိုဠ်ကျွန်းမှာ ရဟန္တာ မထေရ် ပေါင်း ခြောက်ကျိပ်ချစ်ပါး ရဟန်းပေါင်း ခြောက် သောင်း

ရှစ်ထောင်အပိုင်းအခြားရှိ၏။ ထိုအခါ အရှင်ရိဋ္ဌ ရဟန္တာထေရ်ကို အကြီးဥက္ကဋ္ဌလုပ်အပ်၍ ပိဋကတ်တော်ကို ချပို့တော်မူပြီးလျှင် မိမိတို့အသက်အပိုင်းအခြားအတိုင်းတည်နေပြီး မီးပုံ ရွှေတောင်ကြီးတွေငြိမ်းပြိုသလို ပရိနိဗ္ဗာန်ခွင်ခိုဝင်တော်မူကြကုန်၏။

စတုတ္ထသင်္ဂါယနာတင်ခြင်း— သာသနာတော်အနှစ် လေးရာ ငါးဆယ် တိုင် အောင် ပိဋကတ်တော် သုံးပုံကို နှုတ်ငုံဆောင်၍ ပဋိပတ် ပဋိဝေဓသာသနာ နှစ်ပါးကိုလည်း တပည့်သား စဉ်ဆက် ဆင်းသက်စဉ်လာ နည်းနာ မပျက်စေရန် သွန်သင်သုံးမသြဝါဒပေး၍ယဉ်ကျေးစေကြသတဲ့။ ၎င်းနောက်သီဟိုဠ်ကျွန်း၌ မင်းဆက်တကျိပ်ရှစ်ယောက် မြောက်သောအခါ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်ကျမှ နှုတ်တက် မဆောင်နိုင်အံ့သည်ကိုမြင်၍ သာသနာတော်တာရှည် တည်အံ့သောငှာ ရဟန္တာထေရ်တို့သည် စတုတ္ထသင်္ဂါယနာ တင်ပြီးလျှင် ပေတွင့်ရေးသားထားကြကုန်၏ဟုဆို၏။

၎င်းနောက် သာသနာတော်နှစ် ကိုးရာ့သုံးဆယ် လွန်သောအခါ သီဟိုဠ်ဘာသာဖြင့် ရေးထားသောရှေးအဋ္ဌကထာကို မာဂဓမူလဘာသာဖြင့် ပြန်အံ့သောငှါ မဟာနာမ်မင်း လက်ထက် ဇမ္ဗူဒိပ်ကျွန်းမှ သီဟိုဠ်ကျွန်းသို့ အရှင်ဗုဒ္ဓဃောသ ရောက်လေသတည်း။ ဤအခါတွင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ရေးဦးစွာ ရေးသည်ဟူ၏။ ဝိနည်းအဋ္ဌကထာကြီးငါး ကျမ်းတို့ကိုသည်းအကျဉ်းချုံးပြီး အဋ္ဌကထာဟူသမျှကို ရေးကူးယူလာခဲ့သည်ဟူ၏။ ငါတို့ မြန်မာနိုင်ငံသို့ကား—

မြန်မာနှင့်သာသနာ— သထုံပြည်မှအရှင်ဓမ္မဒဿီမည်သော ပုဂံပြည်သို့ ရောက်မှ ရှင်အရဟံ တွင်သော ရဟန္တာထေရ်ရောက်လာပြီးနောက် အနော်ရထာမင်းလက်ထက် သထုံပြည်မှာ မနုဟာနှင့်မင်းပြိုင်နိုင်အောင်တိုက်ဖျက်၍၊ ပိဋကတ်တော်ကိုယူဆောင်ပြီးမှ သင်ကြားလေ့ကျင့်ရသည်များကို ထင်ရှားသိသာကြားဘူးရပါသည်။

ပစ္စန္တရစ်သား သူသူငါငါ သတ္တဝါ ဟူသမျှတို့ကား ဤသို့သောတရားကိုကြားနာ တွေ့ရှိရသောကြောင့် ရတနာစစ် အနှစ်နှင့်တကွ နတ်ပြည်နှစ်ဆယ် အပါယ်လေးဘုံတို့ကို သုံးကြည့်စွာ သိရပေသည်။

ဥပမာ ဥပမေယျ— ဥပမာကား မြတ်စွာဘုရားသည် လေးကျွန်းသေဌ္ဌနင်းစကြာမင်းကြီးနှင့်တူ၏။ တရားတော်သည် စကြာရတနာနှင့် တူ၏။ သတ္တဝါ အပေါင်းသည် စကြာရတနာ၏အစွမ်းဖြင့် ရွှေငွေမျက်ရှဲပုလဲသန္တာစသော ရတနာဆယ်ပါးကိုရ၍ ငြိမ်းချမ်းသာယာ ကောင်းမွန်စွာ ပြန့်ပွားသော လေးကျွန်းသား အပေါင်းနှင့်တူ၏။

တနည်း— မြတ်စွာဘုရားသည် နေမင်းနှင့်တူ၏။ တရားတော်သည် နေရောင်နှင့်တူ၏။ သံဃာတော်သည်နေ၏အရောင်ဖြင့် ပွင့်သောပဒုမ္မာကြာအပေါင်းနှင့်တူ၏။ ဝေနေယျသတ္တဝါ အပေါင်းသည် ပဒုမ္မာကြာ၏ ပန်းဝတ်ရည်ကို သုံးဆောင် ခံစားရသော ပျားပိတုံးအပေါင်းနှင့်တူ၏။

တနည်း— မြတ်စွာဘုရားသည် သဘော်သူကြီးနှင့် တူ၏။ တရားတော်သည် သဘော်လှေဖေါင်နှင့်တူ၏၊ သံဃာတော်သည် မာလိမ်မှူး သဘော်သား ယောကျ်ား တို့နှင့် တူ၏။ သတ္တဝါ အပေါင်းသည် သဘော်၏အထက်၌နှစ်သက်ရွှင်လန်း ချမ်းမြေ့ သာယာကောင်းစွာစီး၍သမုဒ္ဒရာထိုမှာဘက်ကမ်းသို့ ရောက်ကြရသော သဘော်သူ လူအပေါင်းတို့နှင့်တူ၏။

တနည်း— မြတ်စွာဘုရားသည် တဘာဝ် ဆည်ကန်ကြီး နှင့် တူ၏။ တရားတော်သည် ရေနှင့်တူ၏။ သံဃာတော်သည် ရေ၌ ပေါက်ရောက်သော ပဒုမ္မာကြာအပေါင်းနှင့်တူ၏။ ဝေနေယျ သတ္တဝါအပေါင်းသည် ရေကိုရင်း ကြာကိုရင်း သုံးဆောင်ခံစားရသော ပျားပိတုံးအပေါင်းနှင့်တူ၏။

တနည်း— မြတ်စွာဘုရားသည်ဆေးဆရာ၏အရာအလွန်လိမ္မာသောဆေးသမားနှင့်တူ၏။ တရားတော်သည် အလွန်ထက်သော အာနုဘော်ရှိသော အလွန် ချိုမြိန်သောဆေးနှင့်တူ၏။ သံဃာတော်သည် သူနာပြုအရာအလွန်လိမ္မာသော မိခင်ဘခင် စသော သူအပေါင်းနှင့်တူ၏။ သတ္တဝါအပေါင်းသည် ဆေးသမား၏အစွမ်း ဆေး၏အစွမ်း သူနာပြုတို့၏အစွမ်းဖြင့် ရောဂါအနာမှ ထမြောက်သောသူအပေါင်းနှင့်တူ၏။ သို့အတွက် ရတနာစစ်သုံးပါး ကိုအစိဋ္ဌေယျဂုဏ်ချည်းသာ နှလုံးထားကြပါလေ၊သာဓကဂါထာကား—

၁။ ဧဝံ အစိန္တိယျာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယျာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၂။ ဧဝံ အစိန္တိယျာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယျာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ **အစိန္တိယော**။

၃။ ဧဝံ **အစိန္တိယျာ** သံဃာ၊ သံဃဂုဏာ အစိန္တိယျာ၊
**အစိန္တိယေ** ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဤဆိုအပ်ပြီးခဲ့သောနည်းဖြင့်။ ဗုဒ္ဓါ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးကုန်သော ဘုရားရှင်တို့သည်။ အစိန္တိယျာ၊ မဟာသမုဒ္ဒရာ ဂင်္ဂါမြစ်ထဲ သဲလုံးအမျှ ရေတွက်ဆသော်လဲ ကျနသချာ မသိနိုင်ရာကုန်။ ဗုဒ္ဓဂုဏာ၊ အသင်္ချေယျာနိ နာမာနိ၊ သဂုဏေန မဟေသိနော—ဟု ဟောပြ မကုန် အလုံးစုံသောဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော် တို့သည်။ အစိန္တိယျာ၊ မဟာကမ္ဘာ တာရှည်ကြာအောင် ထုတ်ယူဆောင်၍ ကုန်စင်အောင်ဟောရသော်လဲ ဟောပြ၍ မကုန်နိုင်ကုန်။ အစိန္တိယေ၊ မကြံစည်အပ် မကြံစည်နိုင်အောင် မြားမြောင်လှစွာ မြတ်စွာဘုရားရှင်ကိုယ်၏ ဂုဏ်တော်အထူးကျေးဇူးတော်၌။ ပသန္နာနံ၊ တကြိမ်တခါ ဖရဏာပီတိ ဆီထိဝါဂွမ်း ကိုယ်လုံးချမ်းမျှ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါပိုမို ကြည်ညိုကုန်သောသူတို့အား။ **အစိန္တိယော**၊ဤရွေ့ဤမျှ ဤသည်ပဟု တွက်ဆခြင်းငှာ မတတ်ရာသော။ ဝိပါကော၊ လူ့ရော နတ်ရော ပြဟ္မာ ရောနှင့် ကောင်းသောချမ်းသာမင်္ဂလာသည်။ ဟောတိ၊ထင်ရှား ဖြစ်နိုင်ပါ၏။ (ကျန်နှစ်ပါဒ နည်းမှီး၍သိ)

အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော၊ အပ္ပမာဏော သံဃော—ဟူသော ပါဠိတော်ကိုလည်း ထောက်ထားကြလေဦး။

အဓိပ္ပါယ်ကား- ရတနာသုံးပါး၏ ဂုဏ်တော်များသည် အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ ဖြစ်ကြသည်ချည်း ဗင်ဟုဆိုလိုသည်။

**အသက်နှင့်ထပ်တူ ကိုးကွယ်ကြ—**

သို့အတွက် နာဠာဂိရိဆင် ပလာလဲဆင် သီဟိုဠ်ပြည်တွင် ညှပ်ရိုးတော်ခတ် တင်သော မင်္ဂလာဆင်တို့ကစ၍ နဂါးဂဠုန် ဂုမ္ဘန်ယက္ခ ဂန္ဓဗ္ဗမကြွင်း လူမင်းနတ်မင်း ဗြဟ္မာမင်းတို့နှင့်တကွ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဥကျောင်းကို ဖြတ်၍ လူ့ရက်မဝတ် ဆည်းကပ်ကိုးကွယ်ကြတော့ပေ။ အရိယာပုဂ္ဂိုလ်တွေမှာ ပြောဆိုဘွယ်ရာမရှိ။ အဘိ အတိရေက ဝိသေသ တရတမ သိကိယိဋ္ဌပသန္န ဘာ့ကြောင့်ဆိုသော် မဟာကမ္ဘာ ကုဋေ အသင်္ချေ လွန်လေပြီးသော်လဲ ဘုရား တရား သံဃာ ဟူသော အသံကိုမျှ ကြားရခဲရန အလွန်အကြူး အထူးဝိသေသ ခဲယဉ်းလှသောကြောင့်သာ။ သို့တွက်တာကြောင့် တွေ့ကြုံ ရသည့် အခိုက်အခါ အရေးထူးအရေးပါ အသားအကြော အရိုး ရိုးတွင်းချဉ်ဆီ မကြွင်းမွေးညှင်း ဆံပင်တို့ဖြင့်ရှင်း ဦးခေါင်းတည် ဟူသော ရတနာ ပန်းတောင်း၊ မျက်နှာတည်းဟူသော ဆီမီးခွက်၊ မျက်လုံးနှစ်ဘက် ဘည်းဟူသော ဆီမီးအလျှံ၊ လက်ဆယ်ချောင်း တည်းဟူသော ပျားဖယောင်းတိုင် တို့ဖြင့်ရှင်း မြဲခိုင်

တည်ကြည်စွာ ကိုးကွယ်ရာ လဲလျောင်းရာ ပုန်းအောင်းရာ မှီခိုရာဟူ၍ ရှိခိုးပူဇော်ဖူးမြှော်, မာန်လျော့ ကန်တော့ ဆည်းကပ်လိုက်ကြပါကုန်။

**သရဏဂုံအဆုံး—** ဤသို့ပြဆိုခဲ့ပြီးသည်ကား ရွှေတောင်နားကို ကပ်လျှင် ရွှေရောင်ဟပ်သကဲ့သို့အစလက်မှန်ညွှန်ပြလိုက်သော ပထမ စကား၊ အဆုံးစွန်ဆည်းကပ်လိုသော် အရဟတ္တဖိုလ်ကို အဆုံးထား၍ လူသီလ ရှင်သီလ အလျောက်စောင့်ရှောက်ထိန်းသိမ်းပြီး လက္ခဏာရေး သုံးတန် အနုပဿနာဉာဏ်တို့ကိုလည်း သန်သန်မာမာ ယထာဘူတ ကျကျ ဂဃနဏ မြင်ရအောင် အားထုတ် ဆည်းကပ်တော်မူကြပါဦး။ သရဏဂုံဆည်းကပ်မှုကားအရဟတ္တဖိုလ်သို့ကျမှ ကိစ္စတုံးသည်၊ သောတာပတ္တိမဂ်ဖိုလ်သို့ကျမှ စွဲမြဲဖြူစင်သည်။ ပုထုဇဉ်ဟူသမျှတို့မှာ ဒီဘဝ ဟိုဘဝ စွဲမြဲရန်ဝေးစွ ဖြူစင်ယုံမျှပင် အပုံကြီး ခဲယဉ်း လှသည်။

**ကုဋ္ဌဒန္တပုဏ္ဏားနှင့် ယဇ်ပူဇော်မှု—** နည်းယူရန်အချက်ကို ဝတ္ထု[ ဘက်သေခံ ညွှန်ပြလိုက်ပါဦးအံ့။ တရံရောအခါ သုံးလူ့မြတ်စွာ စိန္တေယျာသည် နောက်ပါ သံဃာငါးရာနှင့်တကွ မဂဓတိုင်းတို့၌ ဒေသစာရီ ကြွချီဖြန့်သန်း လှမ်းသော်မူလတ်သော် ခါဏုမတ မည်သော ပုဏ္ဏားရွာသို့ အစဉ်ရောက်တော်မူ၍ သရက်ဥယျာဉ်၌နေတော်မူ၏။ ထိုအခါ ကုဋ္ဌဒန္တပုဏ္ဏားသည် ယဇ်ကြီးပူဇော်ရန်စီမံလျက် နွားလားဥသဘ

ခုနစ်ရာ နွားထီးခုနစ်ရာ နွားမငယ်ခုနစ်ရာ ဆိတ်ခုနစ်ရာ သိုးခုနစ်ရာတို့ကိုယဇ်တိုင်သို့ ဆောင်ယူချည်ထားအပ်ကုန်၏။

ဤကဲ့သို့ အစီရင်ကို သာသနာပဥ္စကား အလွန် သဒ္ဓါတရားအားကြီးသောသူဟု လူအပေါင်းတို့ ကောင်းချီးသာခု အနုမောဒနာပြုကြရသတဲ့။ ယခုအခါသာသနာပ သားချင်း လူမျိုးများတုံးချီသည်ဟုခေါ်သော အလှူပေးပုံ အမူအရာနှင့် အပုံကြီးတူသည်။

ထိုအခါကူဋဒန္တပုဏ္ဏားသည် များစွာသောပုဏ္ဏားအပေါင်းတို့နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက်လျှောက်ပတ်စွာထိုင်နေပြီးလျှင်—

အရှင်ဂေါတမ၊ ရဟန်းဂေါတမသည် သုံးပါးသောယဇ်၏ပြည့်စုံခြင်း တဆဲ့ခြောက်ပါးသော အဆောက်အဦကို သိ၏ဟုအကျွန်ုပ်ကြားဘူးပါ၏။ ထိုအပြားကို ဟောကြားတော်မူပါ၊ အကျွန်ုပ်သည် ယဇ်ကြီးပူဇော်လိုပါ၏—ဟု တောင်းပန်လျှောက်ထားသောအခါ-

“ကောင်းစွာ နာလော့၊ ငါဘုရားဟောကြားမည်”ဟု ဝန်ခံပြီးလျှင် ဤသို့သောစကားကို ဟောကြား၏။

ရှေးအခါ မဟာဝိဇိတမင်းသည် အမတ်ရင်းပညာရှိနှင့်တိုင်ပင်၍ နိဂုံးဇနပုဒ်ပြည်သူများတို့၏ ကူညီထောက်ပံ့ လာသောကြေးငွေအသပြာ ရတနာတို့ကိုလည်း မခံမယူ တစုံတခုသောနွား ဆိတ်မြန်မာ ဆိတ်ကုလား ကြက်ဝက်စသော အားဖြင့်အထူးထူးအပြားပြားကုန်သော သတ္တဝါဟူသမျှတို့ကိုလဲ မညှဉ်း

ဆဲ၊ ယဇ်တိုင်အလို့ငှါ သစ်ပင်ကိုသော်မှလည်း မဖြတ်၊ ကျွန် အစေအပါးအမှုလုပ်သူတို့ဟူ၍ ဘေးဒဏ်ရန်မာန်ပြုလျက် မျက်ရည်မကျ မယိုစေ၊ လုပ်လိုကူလိုသူတို့ကားကူ၊ မကူညီလိုသူမှာလည်းနေပါစေ၊ ဆီဥထောပတ် ပျားရည် တင်လဲ တို့ဖြင့်သာ ပြီးစေလျက် မျက်နှာကြီးငယ် အယုတ်အလတ်အမြတ်စသည်တို့ကိုလည်း မချယ်မရွေး များစွာသော ငါ၏ဥစ္စာ အစု တို့သည် ကုန်လတံ့ ကုန်ဆဲ ကုန်ခဲ့ပြီးဟု ဘယ်သောအခါကာလမှ နှောင့်နှောင့်နှေးနှေးမကြံတွေး၊ ရောက်လာသမျှ ပုဂ္ဂိုလ်တို့ကို အလိုရှိတိုင်း ကျွေးမွေးပြီး မဟာယဇ်ကြီးကိုပူဇော်ဘူးပြီ၊

အဲဒီအခါတုန်းက ငါဘုရားသည် ပုရောဟိတ်ပုဏ္ဏား စိရင်သမားပညာရှိအမတ်ဖြစ်ဘူးပြီ၊ ထိုအခါ အလှူ ဝမ်းမြောက်ဝမ်းသာစေတနာထက်သန်သောကြောင့် သေလွန်သည်မှ နောက်၌ နတ်ပြည်သို့ရောက်ဘူးပြီဟု ဟောတော်မူ၏။

**အကောင်းဆုံး ယဇ်ပူဇော်နည်း—** သည်ယဇ်ပူဇော်ခြင်း စည်းကမ်း ထက်လွန်မြတ်သော နည်းလမ်း ရှိပါသေးသလော—ဟု ပုဏ္ဏားက မေး ပြန် သော် ရှိသေး၏၊ အမြဲမပြတ်သီလရှိသော ရသေ့ ရဟန်းတို့ကိုရည်မှတ်၍ ပေးလှူရခြင်း ဒါနတရားသာတည်း။ ၎င်းတို့ထက်လွန်မြတ်သော ဒါနကား သံဃိကကျောင်းအလှူသာတည်း၊ ၎င်းတို့ထက် လွန်မြတ်သောတရားကားကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ သရဏဂုံသုံးပါးကို ဆောက်တည်ခြင်းသာတည်း။

၎င်းတို့ထက်လွန်မြတ်သောတရားကား ငါးပါးသီလကိုမကျိုးမပေါက် မပြောက်မကြား စောင့်ရှောက်ခြင်းပင် သာလျှင်တည်း။

၎င်းတို့ထက်လွန်မြတ်သောတရားကား ဈာန်သမာပတ်တရားတို့ကို အဆင့်ဆင့်ကျင့်သုံးပွားများ အားထုတ်ဝင်စားပြည့်စုံစေ၍ နေရခြင်းပင်သာလျှင်တည်း။

၎င်းတို့ထက်လွန်မြတ်သော တရားကား မဂ်ဖိုလ်အဆင့်ဆင့်တရားတို့ကို ထင်ရှားရသိ ပြည့်စုံစေရခြင်းပင် သာလျှင်တည်းဟု အရဟတ္တဖိုလ် တရားကို အဆုံးထား၍ ဟောကြားတော်မူသည်။

ဤသို့သောတရားစကားကိုကြားနာရသော ကုဋဒန္တ ပုဏ္ဏားသည် သရဏဂုဏ်သုံးပါးကိုဆောက်တည်၍ ယဇ်ပူဇော်ရန်ချည်ထားသော နွား ဆိတ် အကောင်ရေ သုံးသောင်းငါးရာ တို့ကိုဘေးမဲ့ချမ်းသာပေး၍ လွှတ်ပါတော့မည်ဟု မြတ်စွာဘုရားထံ အာမခံလေ၏။

၎င်းနောက်တဘန် ဒါန၊ သီလ၊ သဂ္ဂ၊ကာမာနံအာကာဒီနဝ တရားစကားကိုဟောကြားတော်မူပြန်သော် သောတာပန် တည်လေ၏။ထိုတရားအပေါင်းတို့တွင်မိမိအလိုလိုပင်ကိုယ်အတိုင်းလွန်မြတ်သော တရားကား သရဏဂုဏ်သုံးပါး သာလျှင်တည်း။

ဝေနေယျတို့ အသီးသီးမြတ်လိုကြမှုကား ဘုရား ဟောစဉ်အတိုင်းပင် အဆင့်ပေါင်းကို ရေတွက်သော်—

၁။ သာသနာပ စင်ကြယ်သောမဟာဒါန၊
၂။ သာသနာတွင်းနိစ္စဘတ်စသော ဆွမ်းဝတ်ဒါနမျိုး၊
၃။ သံဃိက ဝိဟာရဒါန၊
၄။ သရဏာသမာဒါန၊
၅။ ပဉ္စသီလသမာဒါန၊
၆။ ပဌမဈာန်၊
၇။ ဒုတိယဈာန်၊
၈။ တတိယဈာန်၊
၉။ စတုတ္ထဈာန်၊
၁၀။ ပဉ္စမဈာန်၊
၁၁။ အာကာသာနဉ္စာယတနဈာန်၊
၁၂။ ဝိညာနဉ္စာယတနဈာန်၊
၁၃။ အာကိဉ္စညာယတနဈာန်၊
၁၄။ နေဝသညာနာသညာယတနဈာန်၊
၁၅။ သောတာပတ္တိမဂ်ဖိုလ်၊
၁၆။ သကဒါဂါမိ မဂ်ဖိုလ်၊
၁၇။ အနာဂါမိမဂ်ဖိုလ်၊
၁၈။ အရဟတ္တမဂ်ဖိုလ်၊

၎င်းအဆင့်အတိုင်းသာ မိမိကိုယ်ကို ချင့်ရှုသိကြတော့၊ သာသနာပ သာသနာတွင်းကို စဉ်းစားချင်လည်း ဤနည်းအတူပင်။ မစင်ကြယ်သောဒါနမျိုးမှန်က ဘုရား အဆုံးအမတော်နှင့် မညီသောကြောင့် သာသနာပမည်လေသည်။ စင်ကြယ်သည် မစင်ကြယ်သည်ဟုသိလိုကြကပြုလုပ်ဆဲအခါ ပုဗ္ဗ၊မုဉ္စ၊ပရ စေတနာ

သုံးတန်အတွင်း အကုသိုလ်ခြံရံသည် မခြံရံသည်ကိုရင်း၊ နိဗ္ဗာန်ကိုတောင့်တသည် မတောင့်တသည် ကိုရင်း၊ ကြံစည်ခဲ့ဝေ၍ ကြည့်။ သိသာထင်ရှားပေလိမ့်မည်။

ကုဋဒန္တပုဏ္ဏားလိုသောတာပတ္တိမဂ်ဖိုလ်ကို ရသူတို့မှာက ဆဲငါးပါဆင့် မြင့်မြတ်လျက် သာသနာတွင်းသို့ ချဉ်းကပ်ရောက်လာခဲ့ပြီ။ ထိုသူတို့ထက်မြင့်မြတ်သော သူတို့ကား သုံးစားသာရှိပါတော့သည်။

(သရဏဂုဏ်ကျေးဇူးအချက်ကို အမြွက်မျှပြဆိုခဏ်းပြီး၏။)

## ဒုလ္လဘအကြောင်းကိုလောင်းစွက်ချက် ပြဆိုခဏ်း

ဒုလ္လဘဟူသည်--

သံသရာရှည်သမျှ ကာလအတွင်းဝယ် မဟာကမ္ဘာ ကုဋေအသင်္ချေလွန်မှတကြိမ် တဘန်တွေ့ကြုံရသော သဘောမျိုးကို ဒုလ္လဘခေါ်ဆိုသည်။ ထိုသဘောများသရုပ်ကား—

ဘုရားဖြစ်ရာ ခေတ်အခါကို တွေ့ကြုံနိုင်ခဲခြင်း— ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတပါး။

လူ့ဘဝကိုရနိုင်ခဲခြင်း— မနုဿတ္တဒုလ္လဘတပါး။

ရှင်ရဟန်းစစ်အဖြစ်ကို ရနိုင်ခဲခြင်း— ပဗ္ဗဇ္ဇိတ ဒုလ္လဘတရားတပါး။

ရတနာသုံးတန် ကံကံ၏အကျိုးကို မြတ်နိုး ယုံကြည်နိုင်ခဲခြင်း— သဒ္ဓါသမ္ပတ္တိ ဒုလ္လဘတပါး။

သူကော်ကောင်းတရားဟူသော ဘုရားဟော ဒေသနာ ရုပ်နာမ်နှစ်ဖြာ-လက္ခဏာ ရေးသုံးပါး သစ္စာ လေးချက် မဂ္ဂင်ရှစ်တန် မဂ်ဉာဏ် နိဗ္ဗာန်တရားတို့ကို အလွန်ကြား နိုင်ခဲခြင်း– သဒ္ဓမ္မသဝန ဒုလ္လဘတပါး။

ဤသို့အားဖြင့် ငါးပါး ပြား၏။ ထိုငါးပါးတို့တွင် ပထမ ဒုလ္လဘကို ဘုရားတို့မပွင့်သော မဟာကမ္ဘာ အသင်္ချေ မရေတွက်နိုင် သော လေးသင်္ချေနှင့် ကမ္ဘာတသိန်း တဆဲ့ ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းတို့အပေါ် ဝယ်နိုသတပျာဒိတ်ကို မရမီက စိတ်ဖြင့် ကြံစည်ကာမတ္တာခုနစ်သင်္ချေနှုတ်ဖြင့် တောင့်တတာမျှကိုးသင်္ချေတို့ ကိုလည်း လောင်းစွက်ပြီးသည့်ကမ္ဘာတို့ဖြင့် စိတ်ဖြာ၍ကြည့်။

ဘုရားပွင့်ရာ မပွင့်ရာ စကြာဝဠာကျွန်းမဇ္ဈိမဒေသ ပစ္စန္တရာဇ် အရပ်တို့ဖြင့်လည်း ပိုင်းခြားသတ်မှတ်၍ကြည့်။ အာဠာရဉဒက ရသေ့တို့လို ရက်တပတ် ခုနစ်ရက်မျှဖြင့်လည်း ဝေးခြင်းကြီး ဝေးကြသည်များကိုလည်း စဉ်းစားသတိရှိ။

၂။ ဒုတိယ ဒုလ္လဘကို ၃၁ဘုံသုံးဆယ်သားများကို ချန်လှပ်၍ လူသား တဘုံတည်းဖြင့်၎င်း၊ လူမျိုးဘာသာကွဲတရားများ တို့ကို ချန်ထား၍ ဗုဒ္ဓဘာသာ ဝင်လူစားဖြင့်၎င်း၊ ၎င်းတွင်လဲ အတု အစစ်နှစ်ပါးဖြင့် ခွဲခြားလျက်ကြည့်။ သိသာထင်ရှားပါ၏။

၃။ တတိယဒုလ္လဘကို သာသနာပ သာသနာတွင်း ပဉ္စင်း ရှင်သာမဏေ ရသေ့ ရေပိုဇ် ဘိုးသူတော် မယ်သီလမကြွင်း စာရင်းကောက်ယူ၍ ကြွင်းကျန် ဟူသမျှတို့ဖြင့် တွက်ဆ၍ကြည့်၊ ၎င်းတွင်လဲအတုအစစ်နှစ်ပါးတို့ဖြင့် ပိုင်းခြားဝေဘန် ဉာဏ်ပညာ ရှိ သိကြပါလိမ့်မည်။

၄။ စတုတ္ထဒုလ္လဘကို သုပ္ပဗုဒ္ဓမင်းကြီးမှစ၍ မိစ္ဆာဒိဋ္ဌိဟူသမျှ စကြာဝဠာအနန္တသမားတို့ပါ-

၅။ ပဉ္စမဒုလ္လဘကို ဓမ္မသုန္ဒရမင်းကြီးဝတ္ထုကို ထောက်ဆ၍ ငုဝ်း ခုကာလပုဂ္ဂိုလ်စား ရုပ်နာမ်နှစ်ဖြာ လက္ခဏာရေးသုံးပါး သစ္စာလေးပါး လောကုတ္တရာကိုးပါး အနုံဗောဓ မဟာကုသိုလ်ကို အနုလုံဂေါတြဘူဉာဏ်တို့ဖြင့် လျော်လျော်ကန်ကန် ယထာဘူတကျကျ မသိသမျှတွေ့ကို အကုန်လုံးကောက်၊ ဤကား သာမညသာ။

ဝိသေသအားဖြင့်ကား ဘုရားသာသနာနှင့်တွေ့ကြုံခိုက် ဘယ်တော့မှ ဘုရားကိုမဖူးမမြော်ရမရှိအောင်၊ လူ့ဘဝကို ရခိုက် အပါယ်လေးပါးကို ဘယ်တော့မှ မကျရောက်ရအောင်၊ ရဟန်းဖြစ်ခိုက်ရဟန်းကိစ္စပြီးစီးအောင်၊ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်ခိုက် ဘယ်တော့မှ သရဏဂုံသုံးပါး ငါးပါးသီလ မကင်းအောင်၊ သစ္စာလေးပါးကိုကြားနာရိပ်မိခိုက် တယ်တော့မှ သစ္စာလေးပါး မကင်းရအောင် ယုတ်စွအဆုံး သောတာပတ္တိမဂ်ဖိုလ်ဉာဏ်လောက်အထမြောက်အောင် ကောင်းစွာအားထုတ်လိုက်ရခြင်းလျှင် ဒုလ္လဘအစစ်သာတည်း။

သို့လိုရလိုက်ကြမှ နဝမခဏကို တွေ့ကြုံရကျိုး နပ်ပါသည်။ သို့မဟုတ်ပါက အဌက္ခဏတွင်းသို့သက်ဆင်း ကျရောက်တတ်သေးသည်၊ ယခုဘဝ၌ပင် စူဠ သောတာပန် မဟာ သောတာပန်အဖြစ်မှကင်းသော အန္ဓပုထုဇဉ်ဟူသမျှတို့သည် အရပ်ပြစ် ရှစ်ပါးမှလွတ်သည်ဟု ထင်မှတ် ကြသလား၊ စင်စစ်မူချ ပရမတ္ထသဘာဝအားဖြင့်မမှတ်အပ်။ သက္ကာယဒိဋ္ဌိမကင်းသမျှကို မိစ္ဆာဒိဋ္ဌိကောက်၊ သစ္စာလေးပါးတရားကို မြင်နိုင် ကြားနိုင်သော

ဉာဏ်မျက်စိဉာဏ်နားမရှိက ဝိကလင်္ဂခေါ်ဆို၊ ၎င်းမှကင်းဝေး လျှင် ပဉ္စန္တရာဇ်၊ အရှုပ်၊ အသည်တွင်းသို့သွင်း မင်္ဂဖိုလ်မှဖီလာ ကျင့်ကြံ၍အပါယ် ဂမန ဝိယကမ္မပထ မြောက်သဖြင့် အောက်သို့ စုန်ဆင်းမည့် ပုဂ္ဂိုလ်တွေကို ငရဲသား တိရစ္ဆာန် ပြိတ္တာဟူ၍ သာ ကောက်ယူကြရ၏။

ဤကား ပရမတ္ထသဘာဝ လိုရင်းတည်း။

လိုရင်းကြီးအကျဉ်းချုပ်လျက် နိဂုမ်းတဘန် အုပ်လိုက်ပြန် တော့ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ကိုမရသမျှ သံသရာ ကာလ ပတ်လုံး ဒုလ္လဘအစစ်ကိုရသည်ဟူ၍၎င်း၊ မုချဆတ်ဆတ် မဆို အပ်။ အရပ်ပြစ်နှစ်ပ ါးမှ လွတ်ပြီဟူ၍လည်း စင်စစ်ကေန် အမှန် မမှတ်သင့်။ သို့ကလို ရခဲလွတ်ခဲသော အရာဌာနသဘာဝ မျိုး မို့ နေ့ဝဥ်သတိရအောင် ဆုံးမ သွန်သင် ပဲ့ပြင်တော်မူလိုသော အစိန္တေယျ၊အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တဂုဏ်တို့နှင့်ပြည့်စုံတော်မူ သောကျေးဇူးတော်ရှင်ထိပ်ခေါင်တင်အရှင်မြတ်ဘုရားကြီးသည်-

> အပ္ပမာဒေန ဘိက္ခဝေ သမ္ပါဒေန၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ပဗ္ဗဇ္ဇိတ ဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓမ္မသ ဝဏံ အတိဒုလ္လဘံ။ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ ဟု ဟောကြား သိစေ၏။

(ဒုလ္လဘအကြောင်းကို လောင်းစွက်လျက် ပြဆိုခဏ်းပြီး၏။)

---

**မြဲဝေါယာ ဆရာတော်**

**ရေးသားပြုစုစီရင်အပ်သော**

**ဝိနယ မမ္မက္ခန္ဓာကျမ်းစု ပြီး၏။**

ဒုလ္လဘတရား ငါးပါးတွင် မိမိတို့သည်၊ မနုဿတ္တဘာဝ ဒုလ္လဘ၊ လူမှန်စင်စစ် လူအဖြစ်ကို၊အမှန်မုချ ရရှိရောက်ရှိခဲ့ပေပြီ။ သည်တွင်မကသေး၊ ဗုဒ္ဓုပ္ပါဒ ခေတ်ကာလခေါ်၊ သစ္စာလေးပါးမြတ်တရားကိုပိုင်းခြားထင်ထင်၊ သိမြင် နားလည်နိုင်ပေသော ဘုရားပွင့်ရာခေတ်ကာလကို၊ ကြုံကြိုက်ခဲရပြန်ပေသည်။

ထိုသို့ ရတောင့်ရခဲလှစွာသော၊ လူ့အဖြစ်ကို၊ ဘုရား ပွင့်ရာခေတ်နှင့်ကြုံကြိုက်ရပါ၍ ပေါ့ပေါ့တန်တန်၊ မဟန်သော အမူအကျင့်တို့ဖြင့်၊ အချိန်ကုန်မခံသင့်ပေ။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၌—

ယော စ ဝဿသတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံသေယျော၊ ပဿတော ဥဒယဗ္ဗယံ၊ ဟု မြတ်စွာဘုရားက မိန့်ချေတော်မူခဲ့ပေသည်။

ရင်းပါဠိတော်၏ဟောလိုချက် အဓိပ္ပါယ်ကား—

အကြင်ပုဂ္ဂိုလ်သည်၊ ခန္ဓာငါးဝ၊ ရုပ်နာမ်ဓမ္မတို့၏၊ ဖြစ်ကမလွဲပျက်မြဲမှန်လှ သင်္ခါရ ဓမ္မကို၊ ရှုဆင်ခြင်မှတ်၊ သတိချုပ်မူ၍၊ အသက်ရာထောင်ပင်နေရ၍၊ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံ ရသော်လည်း၊ တွေ့ကြုံရကျိုးမနပ် မမြတ်သော အဖြစ်သာလျှင်တည်း။ အကြင်ပုဂ္ဂိုလ်သည်၊ ခန္ဓာငါးဝ၊ ဓမ္မအစုံတို့၏၊ ဖြစ်က မလွဲပျက်မြဲမှန်လှသင်္ခါရသဘောကို ရှုဆင်ခြင်မှတ်၊ သတိချုပ်လျက်၊ နေပါမူကား၊ အာယုကပ်ပျက်၊တရက်မျှပင်၊ အသက် ရှင်ရငြား

သော်လည်း၊ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံရကျိုးနပ်ခါ လူ့အဖြစ်မြတ်လှပါပေ၏ဟုဆိုသည်။ ထို့ကြောင့် မနုဿတ္တဘာဝ လူ့အဖြစ်နှင့် သာသနာခေတ် ကြုံဆုံတွေ့ရသောပုဂ္ဂိုလ်ထူးတို့သည်၊ မိမိ၏သာသနာနှင့်တွေ့ကြုံရခါ မြတ်သည်၏အဖြစ်ကိုချစ်မိသော် ငှါ အောက်ပါ အခြေခံမွေသဘာဝတို့ကို နားလည် သင့်ပေသည်။

ထို့ကြောင့်—

ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ကောင်းကင်ပြင်ဝယ် လျှပ်စစ်လျှပ်နွယ်တို့ကဲ့သို့ ဖြစ်ပြီးက ပျက်သည်ကို မျက်ဝါးထင်ထင် ရှုမြင်နားလည်သဘောပေါက်၍ မဂ်ဖောက်ဖိုလ်ဝင် လမ်းစဉ်အမှန်ကိုရဘို့ အခြေခံသဘော စရိုက်နှောသည့် ကမ္မဋ္ဌာန်းလေးဆယ်ကို အကျဉ်းချုပ်၍ ပြဆိုပေဦးအံ့။

## စရိုက် (၆) ပါးကို ပြဆိုခက်း

စရိုက်ဟူသည်စရိတ တနည်း စရိယ သဒ္ဒါမှ ဆင်းသက်လာသော ပါဠိပျက်စကားလုံးဖြစ်၏၊ စရိတပုဒ်ကို၊စရတိအဘိဏှံ ပဝတ္တတိတိ စရိတာဟူသော စနက္တနှင့်အညီ ထူပြောခြင်း မပြတ်မလပ်ဖြစ်ခြင်း- အဖြစ်များခြင်းသဘောကြောင့်၊ စရိတ စရိုက်ဟုဆိုပါသည်။ (ဌာနူပစာရ) ကတ္တုသာဓ်၊

တနည်း--

စရိယာ။ စရဏံ ပဝတ္တနံ စရိယာ၊ စရဏံ ပဝတ္တနံ၊ မပြတ် မလပ်ဖြစ်ခြင်းသည်။ စရိယာ စရိယမည်၏။ (ဝါ) စရိုက်မည်၏ (ဘာဝသာဓ်) စရိဘာ၊ စရိယာ ပကတိဟုဆရာများဖွင့်ဆိုကြလေသည်။

ပင်ကိုယ်ရိုး သူရာတကာဖြစ်နေကြထက် လွန်ကဲပိုမို၍ အဖြစ်များခြင်းကို စရိုက်ဟုခေါ်သည်။

ဥပမာ။ ရာဂစရိုက်အဖြစ်များသူသည်၊ ဒေါသမောဟဖြစ်လောက်သည့်အာရုံမျိုး၌ ချုပ်တည်းနိုင်သော်လည်း ရာဂဖြစ်လောက်သည့်အာရုံ၌ကား မချုပ်တည် နိုင်တော့ပေ။ အခြားစရိုက်များ၌လည်း ဤသဘောပင်ဖြစ်သတည်း။

## စရိုက်အပြား (၆) ပါးကား

၁။ ရာဂစရိတာ —ရာဂစရိုက်ရှိပုဂ္ဂိုလ်သည် လောကီ အာရုံ ကာမဂုဏ် ဘက်၌၊ မပြတ်မလပ်၊ မချက်မကြောက်၊ ဖြင်လျက် တည်နေ၏။

၂။ ဒေါသစရိတာ —ဒေါသစရိုက်ရှိပုဂ္ဂိုလ်သည်၊ နေရာတိုင်းလိုပင်ရှုံးရှုံးရှဲရှဲ၊မချုပ်တည်းနိုင် စိတ်တိုလေသည်။

၃။ မောဟစရိတာ —မောဟ စရိုက်ရှိ ပုဂ္ဂိုလ် သည်၊ ထိုင်းမှိုင်း ဖျင်းအာ အောက် ကျ နောက်ကျရှိ၏။

၄။ သဒ္ဓါစရိတာ —သဒ္ဓါစရိုက်ရှိ ပုဂ္ဂိုလ်သည် ရတ နာသုံးတန် မှန်ကန် တည့် မတ် ဓမ္မသဘာဝတို့၌ ယုံ ကြည် လေ သည်။ အသိပညာ နည်းပါက အလွဲကိုလည်း ယုံ ကြည် တတ် သည်။

၅။ ဗုဒ္ဓိ(ပညာ)စရိတာ —ဗုဒ္ဓိခေါ် ပညာစရိုက်ရှိ ပုဂ္ဂိုလ် သည် စူးစမ်းဆင်ခြင် ထက်မြက် သော ဉာဏ်ပညာဖြင့် အရာရာ တို့၌ စဉ်းစားဆင်ခြင်ခါပြုလေ့ ရှိ၏။ သူများ ပြောတိုင်း မယုံ တတ်ပေ။

၆။ ဝိတက္ကစရိတာ —ဝိတက်စရိုက်ရှိပုဂ္ဂိုလ်သည် စိတ် ကူးစိတ်သန်း များပြီး အရာခပ် သိမ်း၌ အမှုကိစ္စ မပြီးမပြတ်ဖြစ် တတ်လေသည်။

ဤကား အကျဉ်းချုပ်အားဖြင့် စရိတာစရိုက်ကိုဖေါ်ပြခြင်း ဖြစ်သည်။ သံယောဂ မိဿကအစုံအလင်ကို (ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသည်၌) ယူကြပါကုန်။

ကမ္မဋ္ဌာန်း (၄၀)အပြားကို ပြဆိုဦးအံ့

၁။ ကသိုဏ်း (၁၀) ပါး

၂။ အသုဘ (၁၀) ပါး

၃။ အနုဿတိ (၁၀) ပါး

၄။ အပ္ပမညာ (၀၇)ဗြဟ္မဝိဟာရ (၄)ပါး

၅။ အာရုပ္ပ (၄) ပါး

၆။ သညာ (၁) ပါး

၇။ ဓာတ်ကြီးလေးပါးကို ပိုင်းခြား၍ရှုမှတ်မှု (၁) ပါး အားလုံးပေါင်း (၄၀)ပါး ရှိလေသည်။ ၎င်းကို ကမ္မဋ္ဌာန်း (၄၀)ဟုခေါ်ပါသည်။ (တနည်း) သမထ ဘာဝနာ ပေါင်း (၄၀)ဟုလည်း ခေါ်ပါသည်။

## ကသိုဏ်း (၁၀)ပါး ဟူသည်မှာ

၁။ ပထဝီကသိုဏ်း —မြေကသိုဏ်း
၂။ အာပေါကသိုဏ်း —ရေကသိုဏ်း
၃။ တေဇောကသိုဏ်း —မီးကသိုဏ်း
၄။ ဝါယောကသိုဏ်း —လေကသိုဏ်း
၅။ နီလကသိုဏ်း —ညိုသော အဆင်းကသိုဏ်း
၆။ ပီတကသိုဏ်း —ရွှေသော အဆင်းကသိုဏ်း
၇။ လောဟိတကသိုဏ်း —နီသောအဆင်းကသိုဏ်း
၈။ ဩဒါတကသိုဏ်း —ဖြူသောအဆင်းကသိုဏ်း
၉။ အာကာသကသိုဏ်း —ကောင်းကင် အပေါက်ကသိုဏ်း
၁၀။ အာလောက ကသိုဏ်း—အလင်းရောင်ကသိုဏ်း

ဤသို့အားဖြင့် ကသိုဏ်း (၁၀)ပါး ဖြစ်လေသည်။

~~~~~~~~~~~~~~~~~~~~~~

## အသုဘ (၁၀) ပါး

၁။ သေသည်မှ အထက် ၂ရက်- ၃ရက် ကူးသဖြင့် ဖူးဖူး ရောင်ပုပ် စက်ဆုပ်ဘွယ်ရာ မသာအလောင်းကောင်ဟု ဆိုအပ်သော ဥဒ္ဓုမာတက အသုဘ။

၂။ ဖြူနီသဘော ရောနှောစပ်တွဲ၊ ညိုမဲမဲပုပ်၊ စက်ဆုပ်ဘွယ် ရာ မသာအလောင်းကောင်ဟု ဆိုအပ်သော ဝိနီလက အသုဘ။
~~~~~~~~~~~~~~~~~~~~~~

၃။ ပြည်တစိုစို ပေါက်ကွဲယိုလျက်၊စက်ဆုပ်ဘွယ်ရာ၊မသာ အလောင်းကောင်ဟု ဆိုအပ်သော ဝိပုဗ္ဗက အသုဘ။

၄။ ထက်အောက်နှစ်ရပ်၊ မဆက်စပ်အောင် ပြတ်အပ်ပြီးလျက် စက်ဆုပ်ဘွယ်ရာ၊ မသာ အလောင်းကောင်ဟု ဆိုအပ်သော၊ ဝိစ္ဆိဒ္ဒက အသုဘ။

၅။ ငှင်းတ,ခွေး,ကျီး၊ အကောင်သီးတို့ နည်းမျိုးစုံပြား၊ ဖုံနှံအားဖြင့် ခဲစားအပ်လျက်၊ စက်ဆုပ်ဘွယ်ရာ မသာ အလောင်းကောင်ဟု ဆို အပ် သော၊ ဝိက္ခာယိတက အသုဘ။

၆။ လက်ခြေ ခေါင်းကိုယ်၊ဖရိုဖရဲ ထိုထိုကျဲသဖြင့် ပစ်လွှင့် အပ်လျက်၊ စက်ဆုပ်ဘွယ်ရာ၊ မသာအလောင်းကောင် ဟု ဆိုအပ်သော၊ ဝိက္ခိတ္တကအသုဘ။

၇။ စိပ်မွှာချို့ယွင်း၊ ဒါးဖြင့်မွှင်း၍၊ ညှင်းအပ်ထိုထို၊ လက်ခြေကိုယ်တို့ ဖရိုဖရဲ၊ထိုထိုကျဲသဖြင့်၊ ပစ်လွှင့်အပ်လျက် စက်ဆုပ်ဘွယ်ရာ၊ မသာအလောင်းကောင်ဟု ဆိုအပ်သော ဟတဝိက္ခိတ္တက အသုဘ။

၈။ သွေးများထွက်ယို၊ တကိုယ်လုံးပေ လိမ်းကျံနေသော မသာအလောင်းကောင်ဟု ဆိုအပ်သော၊လောဟိတက အသုဘ။

၉။ လောင်းကောင်ပျက်ပြား၊ ပိုးသောက်စားလျက် စက်ဆုပ်ဘွယ်ရာ မသာအလောင်းကောင်ဟု ဆိုအပ်သော၊ ပုဠုဝက အသုဘ- ဤသို့အားဖြင့် အသုဘကမ္မဋ္ဌာန်း (၁၀)ပါး ဖြစ်ပါသည်။

## အနုဿတိ (၁၀) ပါး

၁။ ဘုရားဂုဏ်တော်များကို အဖန်ဖန်အောက် မေ့ခြင်း ဗုဒ္ဓါနုဿတိ

၂။ တရားတော်မြတ်၏ ဂုဏ်တော်ကိုအဖန်ဖန်အောက်မေ့ခြင်း ဓမ္မာနုဿတိ။

၃။ အရိယာ သံဃာတော်များ၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊ သံဃာနုဿတိ။

၄။ မိမိစောင့်ထိန်းသော သီလအမျိုးမျိုး မကျိုးမပေါက် မပြောက်မကြားပုံကိုအဖန်ဖန်အောက်မေ့ခြင်းသီလာ နုဿတိ။

၅။ ဂုဏ်ပကာသနကိုလည်း မမျှော်၊ မော်မော် မောက် မောက်လည်းမပြု၊ ဝန်တိုမှုလည်း မဖက်၊ ရက်ရက် ရောရော သန့်ရှင်းစင်ကြယ်သော မိမိ၏ စွန့်ကြဲ ပေး ကမ်းလှူဒါန်းသမျှဂုဏ်ကိုအာရုံပြု၍ အဖန်ဖန်အောက် မေ့ခြင်း၊ စာဂါနုဿတိ။

၆။ ဒေဝတာတို့ကိုသက်သေပြု၍ မိမိ၏ကုသိုလ် ကောင်း မှုတွေ့ကိုပင် အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း ဒေဝ တာ နုဿတိ။

၇။ နိဗ္ဗာန်၏ငြိမ်းအေးပုံကိုအာရုံပြု၍ အဖန်ဖန် အောက် မေ့ခြင်း၊ ဥပသမာနုဿတိ။

၈။ သေရခြင်းသဘောကိုအဖန်ဖန်တွေးတောအောက်မေ့လျှင် သတိသံဝေဂရခြင်း၊ မရဏာနုဿတိ။

၉။ ဆံပင်စသော ၃၂-ပါးသော ကောဋ္ဌာသ အပေါင်း၌ အာရုံပြုသော သတိတရားဟု ဆိုအပ်သော ကာယဂတာ သတိ။

၁၀။ ထွက်သက်ဝင်သက်ကို မှတ်ရှုဆင်ခြင်နေသော သတိဟု ဆိုအပ်သောအာနာပါန သတိ။
ဤသို့အားဖြင့် (၁၀)ပါး ဖြစ်ပါသည်။

---

**အပ္ပမညာ -ဝါ- ဗြဟ္မဝိဟာရတရား(၄)ပါး ဟူသည်ကား**

၁။ သတ္တဝါများကို ကောင်းစေလိုခြင်း၊ ချစ်ခင်မြတ်နိုးခြင်း သဘောဖြစ်သော အဒေါသ စေတသိက်တည်းဟူသော မေတ္တာတရား။

၂။ ဆင်းရဲမှုကြုံတွေ့နေသော သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘော ဖြစ်သောကရုဏာဥင်း။

၃။ ရွှင်လန်းနှစ်သက်မှုပြည့်စုံနေသော သတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက် ခြင်း သဘော ဖြစ် သော မုဒိတာဥင်း။

၄။ ထိုထိုသတ္တဝါကို အာရုံပြု၍ သင့်တင့်အောင် ရှုမှတ်မှု လျစ်လျူ သဘောဖြစ်သော ဥပေက္ခာရင်း (တတြမဇ္ဈတ္တတာ စေတသိက်) ဤသို့အားဖြင့် ၄-ပါး ဖြစ်ပါသည်။

〰〰〰〰〰

## သညာ (၁)ပါး ဟူသည်

၁။ စားသောက်ဘွယ်ရာ အစာအာဟာရ၌ ရွံဘွယ်ဟု ထင်မှတ်လာအောင် ရှု ဆင်ခြင် တတ် သော သညာရင်းတည်း၊ ဓာတ်ကြီး ၄-ပါးကို ပိုင်းခြား၍ ရှုမှတ်မှု ၁-ပါး ဟူသည်မှာ—

၁။ မိမိခန္ဓာကိုယ်၌၊ ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်ကြီး ၄-ပါးကို ပိုင်းခြားထင်ထင်ရှုဆင်နေသော၊ သတိပဋ္ဌာန်ဟူသော စတုဓါတုဝ ဝတ္ထာန်ရင်းတည်း။

ဤသို့အားဖြင့် အားလုံးပေါင်းသော် ကမ္မဋ္ဌာန်း (၄၀)သို့ မဟုတ် သမထ(၄၀)ဖြစ်သတည်း။ အကျယ်ကို ဝိသုဒ္ဓိမဂ်စသော ထိုထိုကျမ်းတို့၌ ယူကြပါကုန်။

သပ္ပါယခေါ် စရိုက် ၆-ပါးနှင့် ကမ္မဋ္ဌာန်း ၄၀ကို ယူရာ ယူကြောင်း ကျမ်းဂန်တို့မှ ထုတ်နုတ်၍တွဲဖက်ခါ ရှုမှတ်ပုံ အကျဉ်းကိုပြဆိုဦးအံ့ မည်သည့်စရိုက်ရှိသူသည် မည်သည့် ကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများရမည်ကိုပြဆိုခြင်း။

## ကမ္မဋ္ဌာန်း(၄၀)ခေါ် သမထ(၄၀)

၁။ ရာဂစရိုက်ခေါ် ရာဂအဖြစ်များသော ပုဂ္ဂိုလ်တို့သည် ထိုရာဂအဖြစ်မှ ငြိမ်းအေးဘို့ရာ အသုဘ ကမ္မဋ္ဌာန်း ၁၀-ပါး၊ ကာယဂတာ သတိခေါ်သော ကောဋ္ဌာသ ကမ္မဋ္ဌာန်း ၁-ပါး၊ ပေါင်း ၎င်း ၁၁-ပါးသော ကမ္မဋ္ဌာန်းတပါးပါးကို ရှုဆင်ခြင်ပါက ရာဂအပူမီးမှ ငြိမ်းအေးနိုင်ပါသည်။

စရိတာ သုပနဒသ အသုဘာ၊ ကာယဂကာသတိသဉ်္ဂါတာ ကောဋ္ဌာသဘာဝနာစရာဂစရိတဿ သပ္ပါယာ ဟု အဘိဓမ္မတ္ထသင်္ဂဟာ မိန့်ဆိုသည်။

၂။ ဒေါသစရိုက်ခေါ် ဒေါသစိတ်အဖြစ်များသောပုဂ္ဂိုလ်တို့သည် ထိုဒေါသအဖြစ်မှ ငြိမ်းအေးဘို့ရာ မေတ္တာစသော အပ္ပမညာ၄-ပါး၊နီလ၊ပီတ၊လောဟိတ၊ဩဒါတ ကသိုဏ်း၄-ပါး၊ ပေါင်း၈-ပါးသော ကမ္မဋ္ဌာန်း တပါးပါးကို ရှုဆင်ခြင်ပါက၊ ဒေါသပူမီးမှ ငြိမ်းအေးနိုင်ပါသည်။

စတဿောအပ္ပမညာယော၊ နီလာဒိနိစ စတ္တာရိက သိဏာနိဒေါသစရိတဿဟု အဘိဓမ္မတ္ထသင်္ဂဟပါဠိ မိန့်ဆို လေသည်။

၃။ မောဟသည် ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စတို့နှင့် ယှဉ်ခါ ပြန့်လွင့်တုန်လှုပ်သည် ဝိတက်သည်လည်း အကြံစိတ်ကူး၊စိတ်သန်းများသဖြင့် ပြန့်လွင့်လေသည်။ ထို့ကြောင့် မော

ဟာစရိုက်နှင့် ဝိတက်စရိုက်ခေါ် မောဟဝိတက်အဖြင့်များသောပုဂ္ဂိုလ်တို့သည်၊ ထိုမောဟဝိတက်တို့မှ ငြိမ်းအေးဘို့ရာ အာနာပါန သတိခေါ် ထွက်သက် ဝင်သက်ကိုအချက်ကျကျ ရှုမှတ် ဆင်ခြင်ရမည်။
အာနာပါနံ မောဟစရိတဿဝိတက္ကစရိတဿစ (၎င်းအဘိ ဓမ္မတ္ထသင်္ဂဟဆိုင်၏။)

၄။ သဒ္ဓါစရိုက်ခေါ် သဒ္ဓါအဖြစ်များသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ ဟူသော ခြောက်ပါးသော ကမ္မဋ္ဌာန်းတို့ကိုရှုမှတ်ဆင်ခြင်ရပေမည်။
ဗုဒ္ဓါနုဿတိအာဒယော ဆသဒ္ဓါစရိတဿဟု (အဘိဓမ္မတ္ထသင်္ဂဟပါဠိဆို၏)

၅။ ဗုဒ္ဓိစရိုက်ခေါ် ပညာအဖြစ်များသော ပုဂ္ဂိုလ်တို့သည် မရဏာနုဿတိ၊ ဥပသမာနုဿတိ အာဟာရေ ပဋိကူလသညာ၊ စတုဓါတုဝဝတ္ထာန် ဟူသော ၄-ပါးသော ကမ္မဋ္ဌာန်းကို ရှုမှတ်ဆင်ခြင်ရမည်။
မရဏ ဥပသမ သညာဝဝတ္ထာနိ ဗုဒ္ဓိစရိတဿ ဟု အမှိဓမ္မသင်္ဂဟပါဠိမိန့်၏။

၆။ သေသာနိပန သဗ္ဗာနိပိကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိဟု အဘိဓမ္မတ္ထသင်္ဂဟပါဠိ မိန့်ဆိုအပ်သည်ဖြစ်၍ ဆိုအပ်ခဲ့ပြီးသည်မှကြွင်းကျန်ကုန်သော ပထဝီကသိုဏ်း အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း

ဟူသော ကသိုဏ်း ၆-ပါးနှင့် အရူပ လေးပါးပေါင်း ၁၀-ပါးသောကမ္မဋ္ဌာန်းတို့သည်၊ မည်သည့်စရိုက် ရှိသူမဆိုသင့်လျော် လျောက်ပတ်သည်။

ဤမျှလောက်သောစကားအစဉ်ဖြင့်စရိယ၊စရိတခေါ် စရိုက်နှင့်ကမ္မဋ္ဌာန်း(၄၀)တို့ကိုဖေါ်ပြ၍၊ စရိုက် ၆-ပါးနှင့် ကမ္မဋ္ဌာန်း (၄၀)တို့ တွဲဖက်၍ ရှုမှတ်ရန် အကျဉ်းချုပ် ရေး သား ဖေါ်ပြပါသည်။ အကျယ်ကို အလိုရှိပါမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာစသည်တို့မှ အပြည့်အစုံ ရှု၍လေပြီး၊ ကြည့်ရှု မှတ်သား ရာ သတည်း။

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ-
ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ-

(သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ်)

၂၆ ၄-၇၈

# မြဂေါယာ ဆရာတော်ကြီး၏

## ( ထေရုပတ္တိ အကျဉ်း )

ဆရာတော်ဘုရားကြီးသည်၊ ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် မင်းရွာ မြောက်ပိုင်းနေ၊ ခမည်းတော် ဦးရွှေငြိမ်း၊ မယ်တော် ဒေါ်ရှန်းတို့၏ သားဦးရတနာတပါး ဖြစ်သည်။ ငယ်နာမည်မှာ မောင်မြလှိုင် ဖြစ်သည်။

၎င်းရွာ အဘယာရာမ ကျောင်းကြီးတိုက်၏ ပဓာန နာယက ဂိုဏ်းချုပ်ဆရာတော် ဦးပညာ၏ထံတော်တွင် (၁၅)နှစ်သားအရွယ်မှာ ရှင်သဒ္ဒမ္မဇောတိပါလ အမည်ဖြင့် ရှင်သာမဏေ ဖြစ်ခဲ့သည်။ ရဟန်းပြုရန် အသက်အရွယ် စုံညီကြွယ်သော နှစ်ဆယ်နှစ်တွင် ဆရာတော်ဦးပညာကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်း ဖြစ်ခဲ့သည်၊ ရဟန်းဖြစ်သည်အထိ ၎င်းဆရာတော်၏ ထံပါးမှာပင် အခြေခံသဒ္ဒါသင်္ဂြိုဟ်စသော နေ့စာ/ညစာတို့ကို သင်ယူခဲ့သည်။ သင်ကြားရာတွင် လွယ်လင့်တကူ နှုတ်သွက်ချက်ချာသောကြောင့် ရှင်သာလိကာဟု အမည်သစ်ဖြင့် ချီးမြှောက်ခြင်းကို ခံယူရခဲ့၏။

ရဟန်း(၂)ဝါ အရမှာ မန္တလေးမြို့ အနောက်ပြင် ပုဂံတိုက်၌ပိဋကတ်စာများကို ကြိုးစားအားထုတ်၍ သင်ယူရာတွင်လဲ

ဦးသဒ္ဓမ္မဇောတိပါလ၏ စာဆိုပုံရှုတ်ပုံတို့ကို ၎င်းတိုက်အုပ်ဆရာတော်က အလွန် နှစ်သက်ဘော်မူလှ၍ ဦးသာလိကာဟုပင်ထပ်ဆင့်ဘွဲ့မည်ကိုအည်တံ့စေခဲ့ပါသည်။ ၎င်းတိုက်၌ပိဋကတ်စာပေတို့ကို စွမ်းနိုင်သမျှ သင်အံလေ့လာပြီး မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏ထံတော်သို့သွားရောက်၍လည်း နှစ်ဝါ-သုံးဝါခန့်နေထိုင်သီတင်းသုံးပြီး ပိဋကတ်အရာရာမှာ လိမ္မာကျွမ်းကျင်သည်ထက် လိမ္မာရန် သင်အံလေ့လာခဲ့ပါသေးသည်။

စာပေပိဋကတ် ပရိယတ်သင်ကြားလေ့လာမှုများ ပြည့်စုံသင့်သလောက်ပြည့်စုံပြီးသောအခါ သထုံမြို့သို့သွားပြီးပဋိပတ်အားထုတ်နည်းလုပ်ငန်းစဉ်များကို ကိုယ်တွေ့ကျကျအားရကျေနပ်လောက်အောင် ကြိုးပမ်းခဲ့သည်။ ၎င်းမှ မိခိရပ်ရွာသို့ပြန်ပြီး (၂)နှစ်ခန့်မျှလောက် ကိုယ်တွေ့ ပဋိပတ်လုပ်ငန်းများကိုသာ ဦးတည်၍ အားထုတ်တော်မူပြီးခါ တပည့်ဒကာ ဒကာမတို့ကိုလည်း သနားငဲ့ညှာတော်မူသည့်အတွက် (၁၂၇၅)ခုနှစ်လောက်မှစပြီး ဝိပဿနာအလုပ်ဘာဝနာများကို သေချာဂဏ ပြတော်မူခဲ့သည်၊ (၁၂၈၇)ခုနှစ်မှာ ဇေဝင်န်းရောဂါပြင်းထန်စွာဖြစ်ပေါ်လာရာ တပည့် ဒကာဒကာမတို့၏ စောင့်ရှောက် ကုသပေးမှုကြောင့် ရောဂါအနည်းငယ်သက်သာတော် မူလာရာ ပဋိပတ်လုပ်ငန်းတရားများကို ဆက်လက်၍ ပြသတော် မူပြန်ပါသည်။ ဆရာတော်ဘုရား၏ပဋိပတ်လုပ်ငန်းတရားသည် တိုးတက်အောင်မြင်လာခဲ့ရာ (၁၀)နှစ်လောက်အကြာတွင် ရန်ကုန်မြို့မှ သာသနာပြုဒကာကြီးများက ပဋိပတ္တိသာသနာပြု ရိပ်သာကြီးတခု ဖွဲ့စည်းတည်ထောင်ခါ သာသနာပြုပေးတော်မူပါရန်လာရောက်၍လျှောက်ထားကြသည်။ ခန္ဓာကိုယ် ကျန်းမာရေး အခြေအနေ

များအရ ချက်ခြင်း လက်ခံတော်မမူသေးဘဲ သာသနာ့ရေးရာ စုံလင်စွာ စွမ်းဆောင်နိုင်မည့်အခြားသောပုဂ္ဂိုလ်ထူး တပါးပါးကို ရှာကြံရန်အတွက် အကြံဉာဏ်ပေးလိုက်သည်။ များမကြာမီ ပင်လျှင် ၎င်း သာသနာပြုဒကာများထံမှ မဟာစည်ဆရာတော်ဘုရားကို ဆည်းကပ်ခွင့် ရပြီဖြစ်ကြောင်း ပြန်ကြားသည်၊ ၎င်းနောက် ဂန့်ဂေါမြို့နယ်အတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူ အများပြည်သူတို့၏ ကျောက်ထီးတန်း အားကိုးပြုလောက်သောအရာမှာ ကည်တော်မူ၍ သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်တော် မူသွားသည်။

~~~~~~~~~~~~
~~~~~~~~~~~~

# သံဝေဇနီယ-သံပေါက်လင်္ကာများ

၁။ ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။

၂။ တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်။

၃။ ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွါသွားရမည်။

၄။ တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်သွေးဘယ်သား
မကယ်ပြီ။

၅။ ငါနှင့်ရှယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ
များလှပြီ။

၆။ ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လည်းသေဘက်နီးခဲ့ပြီ။

၇။ ဇရာမီးတောင်၊ ကိုယ်ထည်းလောင်၊ သေအောင်
မြိုက်တော့သည်။

၈။ မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ။

၉။ ဒါန-သီလ-ဘာဝနာ၊ လမ်းသာထွင်လိမ့်မည်။

၁၀။ မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊ ခရီးထွက်တော့မည်။